ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်

တရားစီရင်ထုံးဖျာ

၁၉၉၄ ခုနှစ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်

ပြည်ထောင်စုမြန်မာနိုင်ငံတော်



တရားရုံးချုပ်

တရားစီရင်ထုံးများ

ပြည်ထောင်စုတရားလွှတ်တော် ချုပ်ရုံး
စာကြည့်တိုက်

၁၉၉၄ ခုနှစ်

တရားရုံးများထောက်ခံ အဝိုဒ်ဥပဒေ ပုဒ်မ ၂၃(၁)
ရက်သတ္တပတ်(၃)ပတ်အတွက်မသိုမဆောင်ရ

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တရားရုံးချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

ပထမအကြိမ်
၁၉၉၆၊ မတ်လ
အုပ်ရေ-၆၀၀၀

မြဝတီစာပေတိုက်၊ အမှတ် ၁၈၁-၁၈၃၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်တွင်
စာတည်းမှူးချုပ် ဒုတိယဗိုလ်မှူးကြီးချစ်နိုင်၊ ထုတ်ဝေသူ မှတ်ပုံတင်အမှတ် (၃၇၀၂)က၊
ထုတ်ဝေရှိ စာတည်းမှူး ဦးမြင့်ကြွယ် ပုံနှိပ်သူ မှတ်ပုံတင်အမှတ် (၀၂၂၅၁) က
ပုံနှိပ်သည်။

ပြည်ထောင်စုပြန်ဟာနိုင်ငံတော်
တရားရုံးချုပ်၊ တရားသူကြီးချုပ်နှင့် တရားသူကြီးများ

၁။	ဦးအောင်တို့ B.A., B.L.	တရားသူကြီးချုပ်
၂။	ဦးကျော်ငင်း B.A.	တရားသူကြီး
၃။	ဦးအောင်မြင့် B.A., R.L.	တရားသူကြီး
၄။	ဦးသန်းဈေ B.A., B.L.	တရားသူကြီး
၅။	ဦးတင်ဆုံး B.A., B.L., Advocate	တရားသူကြီး
၆။	ဦးတင်ထွတ်နိုင် B.A., B.L.	တရားသူကြီး

မြည်ဆောင်ရပြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတရားစီရင်ထုံး စီစဉ်ထုတ်ဝေရေးအဖွဲ့

၁။	ဦးတင်ဆုံး B.A., B.L., Advocate တရားသူကြီး၊ တရားရုံးချုပ်	ဥက္ကဋ္ဌ
၂။	ဦးစိုးမြင့် B.Sc., B.L. ညွှန်ကြားရေးမှူးချုပ်၊ တရားဝံးချုပ်	အဖွဲ့ဝင်
၃။	ဦးဘသန်း B.A., B.L. ညွှန်ကြားရေးမှူး၊ ပြစ်မှုဌာန	အဖွဲ့ဝင်
၄။	ဦးဘသန်းဆောင် B.A., B.L. ညွှန်ကြားရေးမှူး၊ တရားမဌာန	အဖွဲ့ဝင်
၅။	ဦးသေးမောင် B.A., B.L. ညွှန်ကြားရေးမှူး၊ စီမံဌာန	အတွင်းရေးမှူး

ပြည်ထောင်စုမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံတရားစီရင်ထုံး စီစစ်ထုတ်ဝေရေးအဖွဲ့

၁။	ဦးတင်အုံး B.A., B.L., Advocate တရားသူကြီး၊ တရားရုံးချုပ်	ဥက္ကဋ္ဌ
၂။	ဦးဘသန်း B.A., B.L. ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် (၆-၁၀-၉၄ မှစ၍)	အဖွဲ့ဝင်
၃။	ဦးတင်အေး B.A., H.G.P., R.L. ညွှန်ကြားရေးမှူး၊ ပြစ်မှုဌာန (၁၂-၁၀-၉၄ မှစ၍)	အဖွဲ့ဝင်
၄။	ဦးဘသန်းအောင် B.A., B.L. ညွှန်ကြားရေးမှူး၊ တရားမဌာန	အဖွဲ့ဝင်
၅။	ဦးအေးမောင် B.A., B.L. ညွှန်ကြားရေးမှူး၊ စီမံဌာန	အတွင်းရေးမှူး

‘တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကို စီရင်ကြောင်း အများပြင်စေရာသည်”

(ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် မောင်ရွှေ (စ) မောင်ရှုပါ - ၂၀၁၅)

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး (တရားရုံးချုပ်) စာ-၆၁၆။

"တရားရုံးဆိုတာ နိုင်ငံသားတစ်ဦးတစ်ယောက်ရဲ့ ဥပဒေအရ နစ်နာဆုံးရှုံးမှုကို ကူညီဖြေရှင်းပြီး သက်သာခွင့် ရှာကြံပေးရတဲ့ နေရာဌာနတစ်ခု ဖြစ်ပါတယ်။ တချို့ကိစ္စတွေမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို သာမက လူ့ဘောင်အဖွဲ့အစည်းကိုပါ ထိပါးအန္တရာယ်ဖြစ်စေနိုင်တဲ့ မှားယွင်းမှုတွေကို အပြစ်ပေးပြုပြင်စေရတဲ့ နေရာတစ်နေရာ ဖြစ်ပါတယ်။ တစ်နည်းပြောရရင် တရားရုံးဆိုတာ ပြည်သူအများ ဥပဒေအရ နစ်နာဆုံးရှုံးမှုမဖြစ်ရလေအောင် ကူညီစောင့်ရှောက်ရတဲ့ ပြည်သူအများ ယုံကြည်ကိုးစား အားထားရမယ့် သစ္စာ သမာဓိရှိသူများ စုဝေးကြတဲ့ နေရာတစ်နေရာ ဖြစ်ရပါမယ်။"

JJ-၈-၉၄ ရက်နေ့တွင် သူနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ တရားရုံးချုပ်နှင့် ပြည်နယ်နှင့်တိုင်း၊ ခရိုင်တရားသူကြီးများ၊ ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် နိုင်ငံတော်ဥိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က လမ်းညွှန် အမှာစကား ပြောကြားသည့် မိန့်ခွန်းမှ ကောက်နှုတ်ချက်။

ပြည်နယ်၊ တိုင်း၊ ခရိုင်တရားသူကြီးများနှင့် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်ပြောကြားသည့် လမ်းညွှန်အမှာစကား

ဒီနေ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို တက်ရောက်လာကြတဲ့ နိုင်ငံတော် တရားသူကြီးချုပ် အမှူးပြုတဲ့ တရားရုံးချုပ်တရားသူကြီးများ၊ ပြည်နယ်၊ တိုင်းနဲ့ခရိုင် တရားသူကြီးများ၊ နိုင်ငံတော် ရှေ့နေချုပ်အမှူးပြုတဲ့ ဗဟို၊ ပြည်နယ်၊ တိုင်းနဲ့ခရိုင် ဥပဒေ အရာရှိများ၊ တရားစီရင်ရေးနဲ့ ဆက်နွယ်နေတဲ့ဌာနဆိုင်ရာများက အရာရှိများနဲ့ ဧည့်သည် တော်များအားလုံး "သီလ သမာဓိ သိက္ခာပြည့်စုံစွာနဲ့ နိုင်ငံတော်အကျိုး သယ်ပိုးထမ်းရွက် နိုင်သူတွေ ဖြစ်ကြပါစေ" လို့ ဆုမွန်ကောင်း တောင်းလိုက်ပါတယ်။

ဒီလို ညှိနှိုင်းအစည်းအဝေးတိုင်းမှာ နိုင်ငံတော်ရဲ့ တရားစီရင်ရေးဆိုင်ရာ ရည်မှန်း ချက်တွေ၊ ဒီရည်မှန်းချက်တွေကို အကောင်အထည်ဖော်ရာမှာ ထားရှိရမယ့် သဘောထားနဲ့ ခံယူချက်တွေ၊ လိုက်နာစောင့်ထိန်းရမယ့် ကျင့်ဝတ်သိက္ခာနဲ့ ဝန်ထမ်းစည်းမျဉ်းစည်းကမ်း တွေနဲ့ ပတ်သက်ပြီး ရှင်းလင်းမှာကြားခဲ့ပါတယ်။

မှာကြားခဲ့တာတွေအနက် အဓိကအချက်တွေအနေနဲ့-

- တရားရေးမဏ္ဍိုင် မတိမ်းစောင်းစေရေးအတွက် မှန်ကန်ခြင်း၊ တရားမျှတခြင်း၊ စာနာထောက်ထားခြင်းတို့ကို အခြေပြုပြီး ဥပဒေနဲ့အညီ တရားစီရင်ကြဖို့၊
- တရားစီရင်ရေးကို အထောက်အကူပြုရတဲ့ အဖွဲ့အစည်းတွေအနေနဲ့ အမှုတွေ မှန်ကန်မြန်ဆန်စေရေးအတွက် တရားရုံးကို ကူညီပံ့ပိုးကြဖို့၊
- လာဘ်ပေးလာဘ်ယူ ကင်းရှင်းပြီး ကျင့်ဝတ်သိက္ခာ စောင့်ထိန်းကြဖို့နဲ့ စောင့် ထိန်းခြင်း ရှိ မရှိ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲကြဖို့၊ ကျင့်ဝတ်သိက္ခာ ဖောက်ဖျက်သူများကိုလည်း လက်မတွန့်ဘဲ အရေးယူကြဖို့၊
- တရားရုံးပတ်ဝန်းကျင်က အနီဌာ ရုံတွေ ပပျောက်အောင် ဆောင်ရွက်ကြဖို့၊

စတဲ့ အချက်တွေကို အဓိကထား မှာကြားခဲ့ပါတယ်။

တရားဥပဒေ စိုးမိုးရေးဟာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးအတွက် အဓိက လိုအပ်ချက်ဖြစ်တဲ့အတွက် တရားဥပဒေစိုးမိုးရေး အပြည့်အဝ ရရှိအောင် တာဝန်ယူ ဆောင်ရွက်နေရတဲ့ အဖွဲ့အစည်းတွေ၊ ဝန်ထမ်းတွေအနေနဲ့

ရည်မှန်းချက်ရှိရှိ ဆောင်ရွက်စေလိုတဲ့အတွက် အခုလို ညှိနှိုင်းအစည်းအဝေးတိုင်းမှာ မှာကြားနေတာ ဖြစ်ပါတယ်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်ရဲ့တာဝန်ကို ရယူခဲ့ရတဲ့ အကြောင်းတွေမှာ နိုင်ငံတော်မှာ တရားဥပဒေ စိုးမိုးမှု ပျက်ပြားပြီး မင်းမဲ့စရိုက်တွေ ကြီးစိုးခဲ့တဲ့ အကြောင်းဟာ အဓိကအကြောင်းရင်းတစ်ခုအဖြစ် ပါဝင်တယ်ဆိုတာ အားလုံး သိကြပြီး ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အနေနဲ့ အဓိကလုပ်ငန်းတာဝန်ကြီးလေးရပ် သတ်မှတ်ဆောင်ရွက်ခဲ့ရာမှာ တရားဥပဒေစိုးမိုးရေးနဲ့နယ်မြေ အေးချမ်းသာယာရေးတာဝန်ကို ပထမအချက်အဖြစ် အလေးထား သတ်မှတ်ခဲ့ခြင်း ဖြစ်ပါတယ်။

တရားစီရင်ရေးစနစ်ကိုလည်း ပြောင်းလဲလာမယ့် နိုင်ငံရေး၊ စီးပွားရေးအခြေခံများနဲ့ လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲနိုင်ဖို့ လိုအပ်တဲ့ အခြေခံများ ချမှတ်ပေးခဲ့ပါတယ်။

ယခင်က ပြည်သူ့ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ တရားသူကြီးအဖွဲ့တွေက အဖွဲ့နဲ့ တရားစီရင်ခဲ့တဲ့ စနစ်ကို ကျင့်သုံးခဲ့ပေမယ့် ပါတီစုံ ဒီမိုကရေစီစနစ်နဲ့ လိုက်လျောညီထွေဖြစ်အောင် နိုင်ငံတော်ဝန်ထမ်းဖြစ်တဲ့ တရားသူကြီးများက တစ်ဦးထိုင် တရားရုံးများနဲ့ တရားစီရင်တဲ့စနစ်ကို ပြောင်းလဲကျင့်သုံးစေခဲ့ပါတယ်။

တရားစီရင်ရေးဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီး တရားရုံးချုပ်ရဲ့ စီရင်ပိုင်ခွင့်အာဏာနဲ့ လုပ်ပိုင်ခွင့်တွေ ပြည်နယ်၊ တိုင်း၊ မြို့နယ်များရဲ့ စီရင်ပိုင်ခွင့်အာဏာနဲ့ လုပ်ပိုင်ခွင့်တွေကို သတ်မှတ်အပ်နှင်းခဲ့ပါတယ်။ စကားရပ်များ အစားထိုးသည့် ဥပဒေကို ပြဋ္ဌာန်းပြီး တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များမှာ ပါဝင်တဲ့ "ပြည်သူ့တရားသူကြီးအဖွဲ့ သို့မဟုတ် ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ" ဆိုတဲ့ စကားရပ်ကို "တရားသူကြီးချုပ်" ဆိုတဲ့ စကားရပ်နဲ့ အစားထိုးပေးခဲ့ပါတယ်။

တရားစီရင်ရေးဥပဒေမှာပဲ ပြုပြင်ပြောင်းလဲ တည်ရှိလာမယ့် ပါတီစုံ ဒီမိုကရေစီနိုင်ငံတော်ကို ရည်မှန်းပြီး ဆီလျော်တဲ့ တရားစီရင်ရေးစနစ် ဖြစ်ပေါ်လာစေဖို့ တရားစီရင်ရေးဆိုင်ရာ အခြေခံမူ ခုနှစ်ချက်ကို သတ်မှတ်ပြဋ္ဌာန်းပေးခဲ့ပါတယ်။

ပြဋ္ဌာန်းပေးခဲ့တဲ့ တရားစီရင်ရေးဆိုင်ရာ အခြေခံမူတွေကို သတိရအောင် ပြန်ပြောရမယ်ဆိုရင်–

(၁) ဥပဒေနဲ့အညီ လွတ်လပ်စွာ တရားစီရင်ဖို့၊

(၂) ပြည်သူတွေရဲ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပြီး တရားဥပဒေ စိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေး တည်ဆောက်ရာမှာ အထောက်အကူ ဖြစ်စေဖို့၊

(၃) ဥပဒေကို ပြည်သူများကနားလည်လိုက်နာကျင့်သုံးလာစေရေးအတွက် ပညာပေးဖို့နဲ့ ပြည်သူများက ဥပဒေကို လိုက်နာတဲ့ အလေ့အကျင့် ပျိုးထောင်ပေးဖို့၊

(၄) အမှုကိစ္စများကို ဥပဒေခွင့်ပြုချက်ဘောင်အတွင်းက ဥပဒေနဲ့အညီ ကျေအေးပြီးပြတ်စေရေးအတွက် ဆောင်ရွက်ဖို့၊

(၅) ဥပဒေအရ တားမြစ်ထားချက်မှအပ ပြည်သူ့ရှေ့မှောက်မှာ တရားစီရင်ဖို့၊

(၆) အမှုမှာ ခုခံချေပခွင့်နဲ့ ဥပဒေအရ အယူခံနိုင်ခွင့်ပေးဖို့၊

(၇) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာမှာ အကျင့်စာရိတ္တ ပြုပြင်မှုကို ဦးတည်ဖို့။

ဆိုတဲ့ အခြေခံမူများပဲ ဖြစ်ပါတယ်။

ဒီအခြေခံမူတွေကိုကြည့်ရင် တရားစီရင်ရာမှာ ဥပဒေနဲ့အညီ ဖြစ်စေရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ နယ်မြေအေးချမ်းသာယာရေး၊ ပြည်သူတွေကို မနစ်နာရအောင် ဥပဒေအရ အကာအကွယ်ပေးရေးနဲ့ ပြည်သူလူထုအနေနဲ့ ဥပဒေကို နားလည်ပြီး လိုက်နာကျင့်သုံးလာစေရေးဆိုတဲ့ အချက်တွေကို ဦးတည်ထားတာ တွေ့ရမှာ ဖြစ်ပါတယ်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဟာ တရားစီရင်ရေးစနစ်ကိုသာမက နိုင်ငံရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ လူမှုရေးအခြေခံအားလုံးကို နောင်အခါမှာ ပေါ်ထွန်းလာမယ့် ပါတီစုံ ဒီမိုကရေစီနိုင်ငံတော်နဲ့ လိုက်လျောညီထွေ ဖြစ်အောင် ပြုပြင်လမ်ခင်းပေးလျက် ရှိပါတယ်။

ဒီလိုခင်းပေးတဲ့ လမ်းအတိုင်း အေးချမ်းတည်ငြိမ် သာယာဝပြောတဲ့ ခေတ်မီနိုင်ငံတော်ဆိုတဲ့ ပန်းတိုင်ကို လျှောက်လှမ်းရောက်ရှိနိုင်အောင် ခိုင်မာတဲ့ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ် ဖြစ်ပေါ်လာဖို့ စိမ်ဆောင်ရွက်ပေးလျက်ရှိတာ အားလုံးအသိပဲ ဖြစ်ပါတယ်။

အမျိုးသားညီလာခံကြီးကနေ ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရာမှာ ပထမလုပ်ငန်းအဖြစ် ပါရှိသင့်တဲ့ အခန်း အလိုက် ခေါင်းစဉ်များနဲ့ အခန်းအလိုက် ခေါင်းစဉ်များရဲ့ ရှေ့နောက်အစီအစဉ်တွေကို လျာထားသတ်မှတ်ခဲ့ပြီး ဖြစ်ပါတယ်။ ဒီအခန်းအလိုက် ခေါင်းစဉ်တွေမှာ နိုင်ငံတော်အာဏာရဲ့ ခက်မသုံးဖြာကို ခွဲဝေကျင့်သုံးနိုင်ဖို့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးဆိုတဲ့ ခေါင်းစဉ်များလည်း ပါဝင်ခဲ့ပြီး ဖြစ်ပါတယ်။

ဒုတိယလုပ်ငန်းအနေနဲ့ နိုင်ငံတော်ရဲ့ အခြေခံမူများ သတ်မှတ်ရေးအတွက် အခြေခံရမယ့် မူ(၁၀၄) ချက်ကို သတ်မှတ်ရရှိခဲ့ပြီးလည်း ဖြစ်ပါတယ်။ အဲဒီမူတွေအနက် တရားစီရင်ရေးနဲ့ ပတ်သက်ပြီး အခြေခံရမယ့် မူတွေအဖြစ်-

(၁) နိုင်ငံတော်ရဲ့ တရားစီရင်ရေးအာဏာကို ပြည်ထောင်စု တရားလွှတ်တော်၊ တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနဲ့

ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စု တရားရုံးများ အပါအဝင် အဆင့်ဆင့်သော တရားရုံးများကို ခွဲဝေအပ်နှင်းဖို့၊

(၂) ပြည်ထောင်စုမှာ ပြည်ထောင်စု တရားလွှတ်တော်တစ်ရပ် ထားရှိဖို့နဲ့ ပြည်ထောင်စု တရားလွှတ်တော်ဟာ နိုင်ငံတော်ရဲ့ အမြင့်ဆုံး တရားရုံး ဖြစ်စေဖို့၊

(၃) ပြည်ထောင်စု တရားလွှတ်တော်မှာ စာရွက်တော်အမိန့်များ ထုတ်ပိုင်ခွင့် အာဏာများ ရှိစေဖို့၊

(၄) တိုင်းဒေသကြီးတိုင်းမှာ တိုင်းဒေသကြီး တရားလွှတ်တော်တစ်ရပ်စီနဲ့ ပြည်နယ်၊ တိုင်းမှာ ပြည်နယ်တရားလွှတ်တော်တစ်ရပ်စီ ထားရှိဖို့၊

(၅) ဥပဒေနဲ့အညီ လွှတ်လပ်စွာ တရားစီရင်ရေး၊ ဥပဒေအရ ကန့်သတ်ချက်များမှ အပ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်ရေး၊ အမှုများမှာ ဥပဒေအရ ခုခံချေပခွင့်နဲ့ အယူခံပိုင်ခွင့် ရရှိရေးတို့ကို တရားစီရင်ရေးဆိုင်ရာ အခြေခံမူများ အဖြစ် သတ်မှတ်ဖို့ဆိုတဲ့အခြေခံရမယ့်မူများကို သတ်မှတ်ရရှိပြီး ဖြစ်ပါတယ်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အနေနဲ့ ပါတီစုံ ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာမှာ တရားစီရင်ရေးကဏ္ဍအတွက် အဲဒီလို လမ်းခင်းဆောင်ရွက်ပေးလျက် ရှိပါတယ်။

ဒါကြောင့် တရားစီရင်ရေးဆိုင်ရာ အရာရှိများဖြစ်တဲ့ တရားသူကြီးတွေ၊ ဥပဒေအရာရှိတွေ၊ ရှေ့နေရှေ့ရပ်တွေ၊ ရဲအရာရှိတွေ၊ ဓာတုဗေဒ ကျွမ်းကျင်သူတွေ၊ မှုခင်းဆရာဝန်တွေစတဲ့ ပုဂ္ဂိုလ်အားလုံးက ဒီလိုပြုပြင်တည်ဆောက်နေတဲ့ တရားစီရင်ရေးစနစ်ရဲ့ ရည်မှန်းချက်တွေ၊ ဦးတည်ချက်တွေကို သိရှိသဘောပေါက်ပြီး အကောင်အထည် ပေါ်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ တာဝန်ရှိကြပါတယ်လို့ ပြောကြားလိုပါတယ်။

အထူးသဖြင့် နိုင်ငံတော်ရဲ့ တရားစီရင်ရေး အာဏာကို အပ်နှင်းထားခြင်း ခံရတဲ့ တရားသူကြီးများအနေနဲ့ တရားရေးမဏ္ဍိုင် မတိမ်းစောင်းရအောင် ထိန်းသိမ်းဖို့ တာဝန်အရှိဆုံးဖြစ်ကြပါတယ်။ နိုင်ငံတော်က အပ်နှင်းထားတဲ့ တရားစီရင်ပိုင်ခွင့်ကို ကိုယ်ကျိုးအတွက် အလွဲမသုံးကြဖို့ အလွန်ပဲ အရေးကြီးပါတယ်။

ဒါပေမယ့် တရားသူကြီးတချို့ဟာ နိုင်ငံတော်က အလေးထားပြီး နှိမ်နင်းဆောင်ရွက်နေတဲ့ မူးယစ်ဆေးဝါးဆိုင်ရာ အမှုတွေ၊ သစ်၊ ရေနံ၊ ရေထွက်ပစ္စည်း၊ သယံဇာတ၊ သတ္တုအပါအဝင် နိုင်ငံတော်ရဲ့ သယံဇာတပစ္စည်းတွေကို ဥပဒေမဲ့ မတရား ထုတ်ယူခိုးထုတ်တဲ့ အမှုတွေမှာတောင် ကိုယ်ကျိုးကို ရှေ့တန်းတင်ပြီး ဖောက်လဲဖောက်ပြန် လုပ်ဆောင်နေကြတာတွေ တွေ့နေပါတယ်။

တရားစီရင်ပိုင်ခွင့်ကို ကိုယ်ကျိုးအသုံးပြုပြီး ဆောင်ရွက်ကြတဲ့ သာဓကအချို့ကို ပြောရမယ်ဆိုရင်-

- ဘိန်းဖြူချက်လုပ်ရာမှာ အသုံးပြုကဲ့ အက်စစ်ရည်များနဲ့ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိတဲ့ အမှုမှာ တရားခံက ဝန်ခံထွက်ဆိုခဲ့ပါလျက်နဲ့ လာဘ်ငွေ ရယူပြီး တရားခံကို လွှတ်ပေးခဲ့ပါတယ်။ ဒီအမှုမှာ တရားသူကြီးနဲ့ သက်ဆိုင်ရာ ဥပဒေအရာရှိနှစ်ဦးစလုံးဟာ တရားခံရှေ့နေထံက တစ်ဆင့် လာဘ်ငွေများ ရယူခဲ့တာကို အရပ်ဆိုး အကျည်းတန်စွာ ဖော်ထုတ်တွေ့ရှိခဲ့ပါတယ်။
- ငွေစက္ကူအတုများ လက်ခံဖြန့်ပေတဲ့ အမှုတစ်ခုမှာ ငွေစက္ကူအတုအချို့ မြေမြှုပ်ဖျောက်ဖျက်ထားတာကို သိမ်းဆည်းရမိတဲ့အပြင် ငွေစက္ကူအတုအချို့ကို မီးရှို့ဖျက်ဆီးထားတဲ့ အထောက်အထားနဲ့ တရားခံ သုံးဦးရဲ့ဖြောင့်ချက်တို့ ရှိပါလျက်နဲ့ တရားခံများကို လွှတ်ပစ်ခဲ့တာ တွေ့ရပါတယ်။
- မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌတစ်ဦးက မြို့နယ်အတွင်း အဆောက်အအုံ ဖျက်သိမ်းရေးနဲ့ ပတ်သက်ပြီး လာဘ်ငွေထောင်းခံခဲ့တဲ့အမှုမှာ ပြည်သူ့ရဲမှခင်းတပ်ဖွဲ့ရဲ့ အစီအစဉ်နှင့် နံပါတ်မှတ်သားပြီး ဆေးမှန်ဖြူးထားတဲ့ လာဘ်ငွေကို ပေးဆပြီးမှ သက်သေနှင့်တကွ ရှာဖွေသိမ်းဆည်းရမိခဲ့တဲ့ အထောက်အထားတွေ ရှိပေမယ့် မှားယွင်းမှုအဖြစ် လွှတ်ပစ်ခဲ့တာ တွေ့ရပါတယ်။
- ကျွန်းသစ်ခွဲသား၈၅ ချောင်းကို မော်တော်ယာဉ်ပေါ်မှာ ဖမ်းဆီးရရှိမှုနဲ့ ကျွန်းသစ်လုံး ၆၈ လုံးကို တောတွင်းမှာ ဖမ်းဆီးရမိမှုမှာ တရားခံတွေကို ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁) နဲ့ တရားစွဲဆိုတင်ပို့ ခဲ့ပါတယ်၊ ဒါကို သစ်တောဥပဒေပုဒ်မ၄၃(က)နဲ့ ပြောင်းပြီး ဒဏ်ငွေကျပ် ၂၅၀၀ နဲ့ ထောင်ဒဏ် တစ်လစီသာ အမှုနှစ်မှုလုံးအတွက် တစ်ပေါင်းတည်း ချမှတ်ခဲ့တာ တွေ့ရပါတယ်။
- ကျောက်စိမ်းအရိုင်းတုံး ကျပ်တစ်သိန်းကျော်ဖိုး ဖမ်းဆီးရမိတဲ့ အမှုမှာ လာဘ်ငွေ ရယူပြီး တရားခံတွေကို ထောင်ဒဏ် ၁၅ ရက်နဲ့ ဒဏ်ငွေကျပ် ၃၀၀၀ ချမှတ် ခဲ့တာလည်း ရှိပါတယ်။
- ရေကြောင်းဦးစီးဌာနရဲ့ ခွင့်ပြုချက်မရှိဘဲ ရေယာဉ်တည်ဆောက်တာကို စီမံချက်နဲ့ အရေးယူတဲ့ အမှုမှာ လေ့တစ်စင်းကို ကျပ် ၅၀၀ နှုန်း လာဘ်ငွေယူခဲ့တာ လည်း တွေ့ရပါတယ်။
- ခဲ့ထီထိုးနေတုန်း သက်သေခံစာရွက်စာတမ်း ငွေကြေးတွေနဲ့အတူတွေ့ရှိဖမ်းမိတဲ့ အမှုတစ်မှုမှာ ခဲ့ထီထိုးသူကိုသာယောင်ဒဏ်ချမှတ်ခဲ့ပြီး ခဲ့ထီဒိုင်ကို လွှတ်ပစ်ခဲ့ တာ တွေ့ရပါတယ်။

ဒါတွင်မက တရားသူကြီးအချို့ရဲ့ ကျင့်ဝတ်သိက္ခာနှင့် မလျော်ညီဘဲ အများအမြင် မတင့်တယ်အောင် ဆောင်ရွက်နေတဲ့ သာဓကအချို့ကိုလည်း တွေ့ရှိရပါတယ်။

ဒါတွေကတော့-

- အာမခံရရှိရေး၊ ဒါမှမဟုတ် အာမခံ မပေးရေးအတွက် လာဘ်ငွေ တောင်းခံတာတွေ၊ အာမခံကိစ္စ၊ စွဲချက်ကိစ္စနဲ့ အပြီးသတ် အမိန့်ချမှတ်ရာမှ အဆင့်အလိုက် လာဘ်ငွေ တောင်းခံတာတွေ၊ အမှုကျေအေးပေးဖို့အတွက် အများအမြင်မရှင်းဖွယ် ဝင်ရောက်စေ့စပ် ဆောင်ရွက်ပေးတာတွေ၊
- သက်သေခံပစ္စည်းကို ခံဝန်နဲ့ ပြန်လည်ထုတ်ပေးရာမှာ ရုံးပိတ်ရက်မှာ ထုတ်ပေးတဲ့အတွက် အများအတွက် သံသယရှိစရာ ဖြစ်ရတာတွေ၊
- သက်သေခံအဖြစ် သိမ်းဆည်းထားတဲ့ မော်တော်ယာဉ်ကို တရားသူကြီးက မောင်းနှင်အသုံးပြုတာတွေ၊
- ဥပဒေအရ စီရင်ပိုင်ခွင့်မရှိတဲ့ အမှုတွေကို တရားလက်လွတ် လက်ခံစီရင်နေတာတွေ၊
- အမှုသည်တွေ၊ ပြင်ပရှေ့နေတွေနဲ့ အများပြည်သူအမြင်မရှင်းဖွယ်ရာ ပေါင်းသင်းဆက်ဆံသွားလာ စားသောက်နေကြတာတွေ၊
- ပြစ်မှုနဲ့ ပြစ်ဒဏ်လျော်ညီအောင် မချမှတ်ဘဲ တရားသူကြီးနဲ့ ဥပဒေအရာရှိ ပူးပေါင်းပြီး ပြစ်ဒဏ်လျော့နည်းသက်သာအောင် ဖန်တီးတာတွေ။

စတဲ့ အဖြစ်အပျက်တွေကို ကြုံတွေ့နေရပါတယ်။

ဒါ့အပြင် တချို့အမှုတွေမှာ ဥပဒေ၊ ကျင့်ထုံး၊ လုပ်ထုံးလုပ်နည်းတို့အရ ချို့ယွင်းအားနည်းချက် အနည်းအကျဉ်းရှိနေတာကို အခွင့်ကောင်းယူပြီး လိုရာဆွဲယူ ဆုံးဖြတ်တာတွေလည်း ရှိနေပါတယ်။ ဥပမာအနေနဲ့ ပြောရရင်-

- မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိမှုများမှာ ရာဖွေပုံ အနည်းငယ် နည်းလမ်းမကျတာကို အကြောင်းပြုပြီး လက်ဝယ်တွေ့ရှိသူကို လွှတ်ပစ်တာတွေ၊
- ပြည်သူပိုင်ပစ္စည်းဖြစ်ကြောင်း ပေါ်ပေါက်နေပါလျက် သက်ဆိုင်ရာ ဌာနက မိမိတို့ပစ္စည်း ပျောက်ဆုံးမှု မရှိဘူးလို့ ထွက်ဆိုရုံနဲ့ တရားမဝင် လက်ဝယ်တွေ့ရှိထားသူကို လွှတ်ပစ်တာတွေ၊
- တရားရုံးရှေ့မှာ သက်သေတွေက ကွယ်ဝှက်ထွက်ဆိုတာ၊ ရှေ့နောက်မညီအောင် တမင်လုပ်ကြံ ထွက်ဆိုတာကို အခွင့်ကောင်းယူပြီး ယုံကြည်ထိုက်တဲ့ သက်သေခံချက်မရှိဘူးလို့ ဆုံးသပ်ပြီး လိုရာဆွဲ ဆုံးဖြတ်တာတွေလည်း တွေ့ရှိနေရပါတယ်။

တရားမမှုများမှာလည်း တရားဥပဒေ နည်းလမ်းအတိုင်း ဖြစ်သင့်ဖြစ်ထိုက်တာတွေ ဖြစ်မလာတဲ့အတွက် မကျေနပ်မှုတွေ၊ တိုင်ကြားမှုတွေ၊ အမြော်အမြင်များ ရှိနေတာကို ကြည့်ခြင်းအားဖြင့် တရားစီရင်ရေးကို အများက ယုံကြည်ကိုးစားမှု နည်းပါးလာနေတယ်လို့ ကောက်ချက်ချနိုင်ပါတယ်။

ဒါကြောင့်လည်း အယူခံမှုတွေ၊ ပြင်ဆင်မှုတွေ တင်သွင်းနေရသလို အထက်တရားရုံးကနေ မူလတရားရုံးရဲ့ ဆုံးဖြတ်ချက်ကို ပြင်ဆင်ဆုံးဖြတ်ခဲ့ရတာတွေ များပြားနေခြင်းဖြစ်တယ်လို့ ပြောရမှာ ဖြစ်ပါတယ်။

တရားသေလွတ်မိန့် အယူခံဝင်တဲ့အမှု၊ ပြင်ဆင်မှုတက်တဲ့ အမှုတွေနဲ့ ပတ်သက်ပြီး မနှစ်က ညှိနှိုင်းအစည်းအဝေး ကျင်းပခဲ့တဲ့ ၁-၅-၉၃ နေ့ကနေ ၃၀-၆-၉၄ နေ့အထိ တစ်နှစ်တာကာလအတွင်း တရားသေလွတ်မိန့် အမှုပေါင်း ၂၇၇ မှုကို ဆုံးဖြတ်ခဲ့ရာမှာ အမှု ၂၃၆ မှုကို ပြစ်ဒဏ်စီရင်ခဲ့တဲ့အတွက် ၈၅ ဒဿမ ၂ ရာခိုင်နှုန်းကို ပြန်ပြီး အပြစ်ပေးရကြောင်း တွေ့ရှိနိုင်ပါတယ်။

ဒါကိုကြည့်ခြင်းဖြင့် မြို့နယ်တရားရုံး၊ ပြည်နယ်/တိုင်းတရားရုံးတွေ အဆင့်ဆင့်မှာ တရားစီရင်ရေး မတိမ်းစောင်းစေဖို့အတွက် ဦးတည်ဆောင်ရွက်ဖို့ လိုနေသေးတယ်လို့ ကောက်ချက်ချနိုင်ပါတယ်။ အမှုလိုက် ဥပဒေအရာရှိများအနေနဲ့လည်း မူလရုံးမှာပဲ ပြစ်ဒဏ်ချမှတ်သင့်တဲ့အမှုတွေကို တရားရုံးက ပြစ်ဒဏ်ချမှတ်တဲ့အထိ ထိထိရောက်ရောက် ဆောင်ရွက်ဖို့ လိုနေသေးတယ်လို့ ပြောကြားလိုပါတယ်။

ဒါ့အပြင် ပြင်ဆင်မှု တင်သွင်းတာနဲ့ ပတ်သက်လို့လည်း ခုနပြောခဲ့တဲ့ကာလအတွင်းမှာ တရားရုံးချုပ်က ပြင်ဆင်မှုပေါင်း ၈၂ မှုကို ဆုံးဖြတ်ရာမှာ ၇၂ မှု ပြင်ဆင်ခဲ့ရတဲ့အတွက် ပြင်ဆင်ရတဲ့ အမှုဟာ ၉၀ ရာခိုင်နှုန်း ရှိနေတာကို တွေ့ရပါတယ်။ ဒီအတိုင်းအတာအထိ တရားရုံးချုပ်က ပြင်ဆင်ပေးနေတာကို တွေ့ရတဲ့အတွက် မြို့နယ်တရားရုံးတွေ၊ ပြည်နယ်နဲ့ တိုင်းတရားရုံးတွေဟာ တရားရုံးရဲ့သိက္ခာကို မငဲ့ကွက်ဘဲ လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုပြီး ကိုယ်ကျိုးရှာနေကြတယ်ဆိုတာကို ခန့်မှန်းလို့ ရနေပါတယ်။

တရားသူကြီးများဟာ နိုင်ငံတော်က ပေးအပ်ထားတဲ့ စီရင်ပိုင်ခွင့်ကို ကိုယ်ပိုင်အာဏာလို သဘောထားပြီး ပြည်သူများအပေါ် နှိပ်စက်ညှဉ်းပန်းတဲ့လက်နက်လို ပြည်သူတွေအပေါ် ညစ်နိုင်တဲ့၊ ညှစ်နိုင်တဲ့ လိုင်စင်လို အသုံးမပြုမိဖို့ အထူးပဲ အရေးကြီးပါတယ်၊ စီရင်ပိုင်ခွင့်ကို မသမာတဲ့စိတ်နဲ့ ဟလွဲအသုံးချခြင်းဟာ လာဘ်လာဘ ရယူတာနဲ့မခြားပြစ်မှုကျူးလွန်ရာ ရောက်ပါတယ်။ ဒါကြောင့် တရားသူကြီးများအနေနဲ့ တည်တည်ငြိမ်ငြိမ်၊ ရိုးရိုးဖြောင့်ဖြောင့်၊ သမာဓိရှိရှိ ဆောင်ရွက်ကြဖို့ အထူးသတိပေးလိုပါတယ်။

ယနေ့ရရှိတဲ့ သတင်းတွေနဲ့ တွေ့ကြုံရတဲ့ ဖြစ်ရပ်အချို့ကို ကြည့်လိုက်ရင် တရားသူကြီးအချို့ဟာ ဆင်ခြင်တုံတရားရှိတဲ့ ဝန်ထမ်းတစ်ဦးအနေနဲ့ ကျူးလွန်ဖို့ ခက်ခဲတဲ့

အမှုမျိုးကိုပင် လွယ်လွယ်ကူကူးလွန်နေတာကို စိတ်မချမ်းမြေ့ဖွယ်ရာ တွေ့မြင်ကြားသိနေရပါတယ်။

ဥပမာအနေနဲ့ ပြောရရင်-

- မူးယစ်ဆေးဝါးသုံးစွဲတာ၊ ပြည်သူ့ဘဏ္ဍာငွေ အလွဲသုံးစား လုပ်တာတွေ၊
- တရားရုံးက ထုတ်တဲ့ ဝရမ်းစာမျိုး လိမ်လည်ပြုလုပ်ပြီး ငွေညှစ်တာတွေ၊
- တရားခံကို လွှတ်ပေးမယ်လို့ တရားခံရဲ့အစ်မကို သွေးဆောင်ခေါ်ယူပြီး ရုံးခန်းအတွင်းမှာတင် မတရားပြုကျင့်တာတွေ၊

တခြားကြီးဓလေးတဲ့ လူမှုရေးပြစ်မှုမျိုး ကူးလွန်တာတွေ စတဲ့ တရားသူကြီး တစ်ဦးရဲ့ ကျင့်ဝတ်သိက္ခာနဲ့ ဘယ်လိုမှ မလျော်ကန်တဲ့ စက်ဆုပ်ရွံရှာဖွယ်ရာ အပြစ်မျိုးတွေ လုပ်ဆောင်လာတဲ့အထိ လွန်ကဲလာကြတာ တွေ့နေရပါတယ်။

ဒါကြောင့်လည်း တရားရုံးရှုပ်အနေနဲ့ တရားရုံး လုပ်ထုံးလုပ်နည်းများနဲ့ ဖြစ်စေ၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနဲ့ဖြစ်စေ၊ တရားသူကြီးများကို လိုအပ်သလို ထိန်းကျောင်းပြုပြင်အရေးယူခဲ့တာတွေ တွေ့ရှိခဲ့ရပါတယ်။ တရားစီရင်ရာမှာ ဥပဒေနဲ့ ညီညွတ်မှုမရှိခြင်း၊ လုပ်ထုံးလုပ်နည်းများကို အလေးမထားဘဲ လွဲမှားစွာ ဆောင်ရွက်ခြင်း၊ ဆင်ခြင်သုံးသပ်ပုံ မှားယွင်းပြီး ချွတ်ချော်စွာ ဆုံးဖြတ်ခြင်းများ တွေ့ရှိနေရတဲ့အတွက် အရေးယူခဲ့ရသလို၊ ပေးအပ်တဲ့ တာဝန်ဝတ္တရားတွေကို ကျေပွန်စွာ ထမ်းဆောင်ခြင်းမရှိလို့ အရေးယူရတာတွေလည်း ရှိနေပါတယ်။ ဒါ့အပြင် အပ်နှင်းထားတဲ့ စီရင်ပိုင်ခွင့်ကို ကိုယ်ပိုင်အာဏာသဖွယ် ကျင့်သုံးကြတဲ့အတွက် အရေးယူရတာတွေ၊ အကျင့်စာရိတ္တ ဖောက်ဖျက်တဲ့အတွက် အရေးယူရတာတွေ၊ တရားသူကြီးတစ်ဦးမှာ ရှိရမယ့် သိက္ခာကို စောင့်ထိန်းခြင်းမပြုတဲ့အတွက် အရေးယူရတာတွေ၊ ထုတ်ပြန်တဲ့ ညွှန်ကြားချက်အမိန့်များကို တိကျစွာမလိုက်နာတဲ့အတွက် အရေးယူရတာတွေ၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများ လိုက်နာမှုမရှိတဲ့အတွက် အရေးယူရတာတွေ၊ လာဘ်ပေးလာဘ်ယူမှုများ ပြုလုပ်ခဲ့တဲ့အတွက် အရေးယူခဲ့ရတာတွေ စသည်ဖြင့် ပြစ်မှုအတိုင်းအတာအရ အရေးယူခဲ့ရတာတွေဟာ မနည်းတော့တာတွေ့ရပါတယ်။

ဒီလို တရားသူကြီးများအပေါ်မှာ အကြောင်းကြောင်းကြောင့် အရေးယူခဲ့တာတွေကြည့်မယ်ဆိုရင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်ထက်မှာ ရာထူးမှထုတ်ပယ်ခြင်းခံရသူ ၂၁ ဦး၊ ဝန်ထမ်းအဖြစ်က ထုတ်ပယ်ခံရသူ ၂၀ ဦး၊ တရားရေးဝန်ထမ်းအဖြစ် ဆက်လက်တာဝန်ပေးဖို့ မသင့်တော့လို့ အငြိမ်းစားပေးခြင်းခံရသူ ၅၄ ဦး ရှိခဲ့ပြီး သတိပေးခြင်း၊ နှစ်တိုးလစာ ရပ်ဆိုင်းခြင်း၊ ရာထူး တိုးမြှင့်ခြင်းကို ရပ်ဆိုင်းခြင်း စတဲ့ ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခံရသူ ၃၃၉ ဦးရှိတဲ့အတွက် စုစုပေါင်းတရားရေးဝန်ထမ်း ၄၃၄ ဦးကို အပြစ်ပေး အရေးယူခဲ့ရကြောင်း တွေ့ရှိရပါတယ်။

ဒီလောက် အရေးယူအပြစ်ပေးနေပေမယ့် လက်ရှိတွေ့ကြုံ ကြားသိနေရတဲ့ အခြေအနေတွေအရ အရေးယူ အပြစ်ပေးမှုဟာ ထိရောက်မှု မရှိလှသေးဘူးလို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။

တရားစီရင်ရေးမဏ္ဍိုင် မတိမ်းစောင်းရေးမှာ တရားသူကြီးများသာမက တရားရုံးကို အထောက်အကူပြုရတဲ့ တရားစွဲအဖွဲ့အစည်းများဖြစ်တဲ့ ပြည်သူ့ရဲအရာရှိတွေ၊ အထူးစုံစမ်းစစ်ဆေးရေးအရာရှိတွေ၊ ဓာတုဗေဒ ကျွမ်းကျင်သူတွေ၊ ဥပဒေအရာရှိတွေ၊ မှုခင်းဆရာဝန်တွေမှာလည်း များစွာ တာဝန်ရှိတဲ့အတွက် တရားစွဲ အဖွဲ့အစည်းများဘက်က ချို့ယွင်းရင်လည်း တရားရုံးများရဲ့ ဆုံးဖြတ်ချက်များ မှားယွင်းနေဦးမှာ ဖြစ်တယ်လို့ ပြောလိုပါတယ်။

ဓာတုဗေဒ ကျွမ်းကျင်သူတွေကနေ သက်သေခံပစ္စည်းများကို တိတိကျကျ၊ စစ်ဆေးအဖြေရှာပေးဖို့ လိုအပ်သလို ပြည်သူ့ရဲအရာရှိများကလည်း အမှုမှန် ပေါ်ပေါက်ရေးဦးတည်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။ မှုခင်းဆရာဝန်တွေအနေနဲ့လည်း စစ်ဆေးတွေ့ရှိချက်ကို မှန်မှန်ကန်ကန် တင်ပြကြဖို့ လိုအပ်ပါတယ်။ သက်သေအထောက်အထားခိုင်လုံအောင် မရှာဖွေဘဲ ပေါ့လျော့စွာ ဆောင်ရွက်နေတာတွေ၊ တချို့ကိစ္စတွေမှာ သက်သေမခိုင်လုံအောင်၊ အမှုပေါ်အောင် တမင်ဖန်တီးတာတွေ ရှိနေတယ်လို့ သိနေရပါတယ်။

ရှာဖွေပုံစံနဲ့ သက်သေခံပစ္စည်း သိမ်းဆည်းတဲ့အခါမျိုးမှာ လုပ်ထုံးလုပ်နည်းမကျတာတွေ၊ ရှာဖွေတွေ့ရှိမှ သက်သေရှာပြီး လက်မှတ်ရေးထိုးခိုင်းတာတွေ စတဲ့ သဲသယဖြစ်ဖွယ်ကိစ္စတွေ လုပ်နေကြတယ်လို့ ကြားသိနေရဆဲ ဖြစ်ပါတယ်။

အချို့ကိစ္စတွေမှာ စုံစမ်းထောက်လှမ်းဆဲကာလမှာ တရားခံတစ်ဦးကို ဖမ်းဆီးချုပ်နှောင်ထားဖို့ လိုပါတယ်လို့ တရားသူကြီးထဲ အမိန့်တောင်းခံပြီးမှ ဒီတရားခံကို အာမခံပေးဖို့ ကန့်ကွက်ရန် မရှိကြောင်း ထောက်ခံတာတွေမျိုးတွေလည်း ရှိနေပါတယ်။

အမှုခိုင်လုံအောင် တည်ဆောက်ပြီး တရားစွဲဆိုမှုသာ တရားစီရင်မှု မှန်ကန်မြန်ဆန်နိုင်မှာဖြစ်တဲ့အတွက် လိုအပ်တဲ့ စုံစမ်းဖော်ထုတ်မှုတွေ၊ သက်သေ အထောက်အထား ရှာဖွေမှုတွေမှာ အဓိကတာဝန်ရှိတဲ့ ပြည်သူ့ရဲအရာရှိများအနေနဲ့ အဂတိတရား ကင်းကင်းစင်စင်နဲ့ တရားရုံးကို အထောက်အကူပြုကြဖို့ တိုက်တွန်းလိုပါတယ်။

တရားစီရင်ရေးမဏ္ဍိုင်တည့်မတ်အောင်ထိန်းသိမ်းရေးမှာ ဥပဒေအရာရှိများရဲ့ အခန်းကဏ္ဍဟာလည်းအလွန်ပဲအရေးပါပါတယ်။ နိဂုံးတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဟာ ရှေ့နေချုပ်ဥပဒေကို ပြဋ္ဌာန်းပေးပြီး ရှေ့နေချုပ်ရဲ့တာဝန်များကို သတ်မှတ်ပေးခဲ့ရာမှာ-

- ပြည်သူတွေရဲ့ ဥပဒေနဲ့အညီ ရပိုင်ခွင့်နဲ့ အခွင့်အရေးများကို အပြည့်အဝ ခံစားနိုင်ရေးအတွက် ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်ပို့ဆိုတဲ့ အချက်နဲ့

- တရားရုံးအဆင့်ဆင့်ရဲ့ ဆောင်ရွက်ချက်များဟာ ဥပဒေနဲ့ ညီညွတ်ခြင်းမရှိပါက တရားရုံးချုပ်သို့ လိုအပ်တဲ့ အယူခံမှု သို့မဟုတ် ပြင်ဆင်မှု တင်သွင်းဖို့ဆိုတဲ့ အချက်တို့လည်း ပါဝင်ပါတယ်။

ဒီတာဝန် သတ်မှတ်ချက်တွေအရ ဥပဒေအရာရှိတွေဟာ တရားရုံးအဆင့်ဆင့်ရဲ့ ဆောင်ရွက်ချက်တွေဥပဒေနဲ့ ကိုက်ညီဖို့ ပြည်သူများ ဥပဒေကြောင်းအရ မနစ်နာစေဖို့ ကာကွယ်ထိန်းသိမ်းပေးရမှာ ဖြစ်ပါတယ်။

တရားရုံးများနဲ့ ပတ်သက်လို့ ဥပဒေအရာရှိများရဲ့ လုပ်ငန်းတာဝန်တွေအနေနဲ့-

- တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံဉာဏ်ပေးဖို့၊
- တရားစွဲဆိုရေးအတွက် တရားရုံးကို တင်ပို့မယ့် အမှုပြည့်စုံခြင်းရှိမရှိ စိစစ်ဖို့၊
- တရားရုံးမှာ အမှုလိုက်ပါဆောင်ရွက်ဖို့၊
- တရားရုံးက ချမှတ်တဲ့ အမိန့်အပေါ် တရားသေလွတ်တဲ့အခါ လိုအပ်ရင် အယူခံဝင်ဖို့၊ ပြစ်ဒဏ်နည်းရင် ပြစ်ဒဏ်တိုးရေးအတွက် ပြင်ဆင်မှု ဝင်ရောက်ဖို့၊ စွဲဆိုချက်တင်တဲ့ ဥပဒေပုဒ်မ လွဲမှားနေရင် ပြင်ဆင်မှု ဝင်ရောက်ဖို့၊
- အမှုပိတ်သိမ်းဖို့၊
- အမှု ရုပ်သိမ်းဖို့ စသည်တို့ ဖြစ်ပါတယ်။

တရားစွဲဆိုခြင်းမပြုမီ ဥပဒေအကြံပေးခြင်း၊ တရားစွဲဆိုဖို့ တရားရုံးတင်ပို့မယ့် အမှုများ ပြည့်စုံမှု ရှိမရှိ၊ ဥပဒေနှင့် ညီညွတ်မှု ရှိမရှိ၊ စိစစ်ခြင်းတို့ဟာ အမှုတည်ဆောက်ရေး အပိုင်းနဲ့ အကျုံးဝင်ပါတယ်။ အမှုတည်ဆောက်ရေး ပြည့်စုံမှု ခိုင်မာမှုဟာ ရဲအရာရှိများမှာ သာမက ဥပဒေအရာရှိများမှာပါ တာဝန်ရှိကြပါတယ်။

အမှုခိုင်ခိုင်မာမာ တည်ဆောက်ရေးနဲ့ ပတ်သက်၍ ယခင်အပတ် ညှိနှိုင်းဆွေးနွေးပွဲတွေမှာ အကြိမ်ကြိမ် ပြောခဲ့ပြီးဖြစ်ပေမယ့် ချွတ်ယွင်းချက်များ ရှိနေသေးတာကို တွေ့ရှိနေရပါတယ်။ အမှုတော်တော်များများမှာ တရားရုံးချုပ်က အယူခံမှု/ပြင်ဆင်မှုတို့ကို ကြားနာပြီး၊ အပြီးသတ်အမိန့်မချနိုင်ဘဲ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ အရ နောက်ထပ် သက်သေခံချက်၊ သက်သေထွက်ချက်တွေ ရယူနေရတာတွေ တွေ့နေရပါတယ်။

ဒီလို မူလတရားရုံးနဲ့ ပြည်နယ်၊ တိုင်းတရားရုံးအမှုတွဲတွေ ရှိနေပါလျက်နဲ့ နောက်ထပ် သက်သေခံချက် ရယူနေခြင်းဟာ အမှုတွဲမှာ သက်သေခံချက်ပြည့်ပြည့်စုံစုံ မရှိဘူးလို့ အဓိပ္ပာယ် ကောက်ယူနိုင်ပါတယ်။ တစ်နည်းအားဖြင့် နောက်ထပ် သက်သေခံချက် ရယူခြင်းဟာ အမှုတည်ဆောက်ခြင်း၊ အမှုစစ်ဆေးခြင်း မပြည့်စုံတဲ့အတွက် တရားရုံးချုပ်က ဖြည့်ပေးရတဲ့ သဘောဖြစ်ပြီး အမှုများ မကြန့်ကြာသင့်ဘဲနဲ့ ကြန့်ကြာနေရတဲ့အတွက် မှန်မှန်နဲ့ မြန်မြန် တရားစီရင်ရေးကို ထိခိုက်လျက်ရှိကြောင်း တွေ့နေရပါဟယ်။

ဒီလိုဖြစ်ရတာဟာ ဥပဒေ အကြံပေးခြင်း မပြည့်စုံမှု၊ အမှုတွဲ စစ်ဆေးခြင်း မပြည့်စုံမှု၊ တရားရုံးရှေ့ အမှုစစ်ဆေးတဲ့နေရာမှာ သက်သေခံချက် အပြည့်အစုံ ဖော်ထုတ် စစ်ဆေးခဲ့ခြင်း မရှိမှုတို့ကြောင့်ဘဲဖြစ်တယ်လို့ သုံးသပ်ရမှာ ဖြစ်ပါတယ်။

ဒါကြောင့် တရားမစွဲမီ ဥပဒေအကြံဉာဏ်ကို ထိထိရောက်ရောက် ပေးနိုင်ဖို့အတွက် ဥပဒေအရာရှိများဟာ တရားပွဲဆိုမယ် ဥပဒေပုဒ်မပါ ပြစ်မှုအင်္ဂါရပ်များကို အသေအချာ နားလည်ဖို့ လိုပါတယ်။ စုံစမ်းစစ်ဆေးလို့ ပေါ်ပေါက်နေတဲ့ သက်သေတွေရဲ့ ထွက်ဆို ချက်၊ သိမ်းဆည်းထားတဲ့ စာရွက်၊ စာတမ်း၊ သက်သေခံပစ္စည်းတွေဟာ တရားခံ ပြစ်မှု ကျူးလွန်ကြောင်း ဆုံးဖြတ်နိုင်ဖို့ လုံလောက်ပြည့်စုံခြင်း ရှိမရှိ ဦးစွာ စိစစ်ရမှာ ဖြစ်ပါ တယ်။ အမှုဖွင့် ဆောင်ရွက်တဲ့အခါမှာလည်း ဆီလျော်တဲ့ ဥပဒေပုဒ်မ အရသာ အမှုဖွင့် ရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ဥပဒေအရာရှိအချို့ဟာ လိုရာဆွဲပြီး ဥပဒေအကြံဉာဏ် ပေးနေတာတွေ၊ အမှုပေါ်အောင်၊ ဒါမှမဟုတ် အမှုပိုကြီးလေးအောင် ဥပဒေပုဒ်မ ပြောင်း တပ်တာတွေလည်း တွေ့နေရပါတယ်။

ဒါကြောင့် ဥပဒေရုံးများနဲ့ ပြည်သူ့ရဲတပ်ဖွဲ့တို့ဟာ ထောက်လှမ်းစုံစမ်း ရရှိသမျှ အချက်အလက်တွေအပေါ်မှာ အမှုမှန် ပေါ်ပေါက်ရေးအတွက် ဆီလျော်တဲ့ ဥပဒေပုဒ်မနဲ့ ဘရားစွဲဆို တင်ပို့နိုင်အောင် ပူးပေါင်းဆောင်ရွက်ကြဖို့နဲ့ အဓိက တရားခံကို ထိထိ ရောက်ရောက် ပြစ်မှုထင်ရှား စီရင်နိုင်ရေးအတွက် ဥပဒေနဲ့အညီ အမှုကို ခိုင်ခိုင်မာမာ တည်ဆောက်ကြဖို့ မှာကြားလိုပါတယ်။

တရားရုံးရှေ့ အမှုလိုက်ပါ စစ်ဆေးနေတဲ့အချိန်မှာလည်း အမှုစစ်အရာရှိနဲ့ ဥပဒေ အရာရှိတို့ ဆက်သွယ်မှု မပျက်စေဘဲ ညှိနှိုင်းဆောင်ရွက်နေဖို့ လိုပါတယ်။ ဒါပေမယ့် ရဲအမှုစစ်အရာရှိကလည်း အမှုကို စွဲတင်ပြီးတာနဲ့ မိမိတာဝန်ကျေပြီလို့ သဘောထားပြီး အမှုလိုက် ဥပဒေအရာရှိနဲ့ ဆက်သွယ်မှု မလုပ်တော့သလို အမှုလိုက် ဥပဒေအရာရှိက လည်း အမှုလိုက်ရာမှာ တွေ့ကြုံရတဲ့ ပြဿနာတွေကို ရဲအမှုစစ်အရာရှိနဲ့ ဆက်သွယ် ညှိနှိုင်းမှု မပြုလုပ်ကြဘဲကို တွေ့ရတဲ့အတွက် အမြဲမပြတ် ညှိနှိုင်းဆောင်ရွက်ခြင်းအားဖြင့် တရားရုံးကို ထိရောက်စွာ အထောက်အကူပြုကြဖို့ မှာကြားလိုပါတယ်။

ဥပဒေအရာရှိများဟာ ပြင်ဆင်မှုနဲ့ပတ်သက်လို့လည်း နိုင်ငံတော်ရဲ့ မူဝါဒ လက်ရှိ ဖြစ်ပေါ်နေတဲ့ အခြေအနေစတဲ့အချက်အလက်တွေကို ပြည့်ပြည့်စုံစုံ သုံးသပ်ပြီး တင်ပြဖို့ လိုအပ်ပါတယ်။ မူးယစ်ဆေးဝါးအမှု၊ ကျောက်စိမ်းခိုးထုတ်မှု၊ သစ်တောဥပဒေနဲ့စွဲဆိုတဲ့အမှု တွေမှာ ထိထိရောက်ရောက်အရေးယူဆောင်ရွက်ဖို့လိုအပ်တဲ့အတွက် ထိရောက်တဲ့ ပြစ်ဒဏ် များ ချမှတ်နိုင်ရေးကို ဥပဒေအရာရှိများက ကြိုးစားဆောင်ရွက်ကြဖို့နဲ့ ပြစ်ဒဏ်နည်းတဲ့ကိစ္စမှာ ပြစ်ဒဏ်တိုးမြှင့်ရေးအတွက် ပြင်ဆင်မှုဝင်ဖို့တင်ပြသင့်ပါတယ်။ဘဏ္ဍာငွေစက္ကူအတုပြုလုပ်မှု၊ ငွေစက္ကူအတု တင်သွင်းမှု၊ ငွေစက္ကူနဲ့ ပတ်သက်လို့ ဘဏ်ဝန်ထမ်းအချို့ရဲ့ မသမာမှုတွေဟာ

အစိုးရ စီးပွားရေးစနစ်နဲ့ ငွေကြေး စနစ်အပေါ်မှာ ပြည်သူတွေရဲ့ ယုံကြည်မှု လျော့ပါးနိုင်စေတဲ့ အတွက် သာမန်ပြစ်မှုလို သဘောမထားသင့်ဘဲ ဒီလိုအမှုမျိုး ကျူးလွန်သူအပေါ် ထိရောက် ဟန့်တားလောက်တဲ့ ပြစ်ဒဏ်ချမှတ်ဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ ဒီလိုဘဲ နိုင်ငံတော်လုံခြုံရေးနဲ့ ပတ်သက်တဲ့အမှုတွေ နိုင်ငံတော်စီးပွားရေး အဖွဲ့အစည်းများရဲ့ပစ္စည်း၊ ငွေကိုခိုးမှု၊ လိမ်လည်မှု၊ အလွဲသုံးစားပြုတဲ့ အမှုတွေဟာလည်း မှုံ့ဖြိုးဖို့ အရှိန်ရနေတဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးစနစ်ကို ထိခိုက်စေတာကြောင့် ချမှတ်တဲ့ ပြစ်ဒဏ်ဟာ ထိရောက် ဟန့်တားနိုင်မှု မရှိတာကို တွေ့ရင် ပြင်ဆင်မှု တင်သွင်းဖို့လိုအပ်မှာ ဖြစ်ပါတယ်။

အမှု ပိတ်သိမ်းတဲ့ကိစ္စနဲ့ ပတ်သက်ပြီး အမှုစုံစမ်းစစ်ဆေးတဲ့ အဖွဲ့အစည်းရဲ့ တင်ပြချက်အပေါ် ဆောင်ရွက်ရမယ့် နည်းလမ်းတွေကို ရှေ့နေချုပ်ရုံးက ညွှန်ကြားထားတာ ရှိပေမယ့် ဒီညွှန်ကြားချက်တွေနဲ့ ညီညွတ်မှုမရှိတဲ့ အမှုပိတ်သိမ်းခြင်းများကို တွေ့ရှိနေရပါ တယ်။ တချို့မြို့နယ်တွေမှာ အမှုတွေ ရာနဲ့ချီ ပိတ်နေတာ တွေ့ရပါတယ်။ အမှုကို စုံစမ်းစစ်ဆေးခြင်းမရှိဘဲ လအတန်ငယ်ထားပြီး နှစ်ကုန်လို့ အမှုလက်ကျန်စာရင်းကောက် တဲ့အခါကျမှ အမှုလက်ကျန်နည်းအောင် ဆောင်ရွက်တဲ့နည်းလမ်းတစ်ရပ်အနေနဲ့ ပိတ်သိမ်း မှုတွေ လုပ်နေတာတွေဟာ မဖြစ်ထိုက်ဘူးလို့ ပြောလိုပါတယ်။ သက်သေအထောက်အထား လုံးဝရှာမတွေ့လို့ စွဲတင်နိုင်တဲ့ အခြေအနေမရှိမှသာ အမှုအမျိုးအစား ခွဲခြားသတ်မှတ်ပြီး ပိတ်သိမ်းရမှာ ဖြစ်ပါတယ်။

အလားတူပဲ အမှုရုပ်သိမ်းတဲ့နေရာမှာလည်း အမှုလက်ကျန်လျော့နည်းရေး နည်းလမ်း တစ်ရပ်အနေနဲ့ မရုပ်သိမ်းသင့်သလို အမှုသည်အချင်းချင်း သဘောတူ ကျေအေးကျေနပ် ရုံနဲ့လည်း မရုပ်သိမ်းသင့်ကြောင်း ပြောလိုပါတယ်။ အမှုရုပ်သိမ်းတာဟာ အုပ်ချုပ်ရေး ရွှေ့ောင့်အမြင်နဲ့ ဆောင်ရွက်တာ ဖြစ်ပါတယ်။ လိုအပ်မှသာ အမှုတစ်ခုလုံး ရုပ်သိမ်းတာတို့ တစ်စိတ်တစ်ဒေသ ရုပ်သိမ်းတာတို့၊ တရားခံတစ်ဦးဦးကို ရုပ်သိမ်းတာတို့ကို အမှုအလိုက် လိုအပ်သလို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် အမှုရုပ်သိမ်းရာမှာ လက်ရှိ ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေနဲ့အညီ ဆောင်ရွက်ကြဖို့ မှာကြားလိုပါတယ်။

တရားရုံးရှေ့မှာ အမှုလိုက်ပါ ဆောင်ရွက်ရတဲ့ ရှေ့နေရှေ့ရပ်များဟာလည်း အစိုးရဝန်ထမ်းမဟုတ်ပေမယ့် တရားရုံးကို အကူအညီပြုရတဲ့ အကျိုးဆောင်များ ဖြစ်တာ ကြောင့် ရှေ့နေရှေ့ရပ်များရဲ့ ဆောင်ရွက်မှုများ မူမမှန်ရင် တရားရေးမဏ္ဍိုင် ယိမ်းယိုင် နိုင်တာကို သတိပြုကြရမှာ ဖြစ်ပါတယ်။

၁၉၉၄ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ထိ တရားရုံးချုပ်ရှေ့နေအဖြစ် ဝင်ခွင့်ပြုပြီး လိုင်စင်ထုတ်ပေးခဲ့တဲ့ တရားရုံးချုပ်ရှေ့နေ ၆၀၉၀ ဦးရှိပြီး အထက်တန်းရှေ့နေ ၂၀၂၄၇ ဦးရှိတဲ့အတွက် တရားရုံးအရာရှိများအဖြစ် အမှုလိုက်ပါ ဆောင်ရွက်ခွင့်ရှိတဲ့ ရှေ့နေ ရှေ့ရပ်များရဲ့ အရေအတွက်ဟာ မနည်းလှကြောင်း တွေ့မြင်နိုင်ပါတယ်။

ရှေ့နေလုပ်ငန်းဟာ ဂုဏ်သိက္ခာရှိပြီး ရှေ့နေများရဲ့ ထုံးတမ်းစဉ်လာအရ မွန်ခင်းဖြစ်ပွားနေသူကို ကူညီရတဲ့ ကုသိုလ်ရပြီး ဝမ်းဝတဲ့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းတစ်ခုဖြစ်တယ်လို့ ယုံကြည်ထားပါတယ်။ ထုံးတမ်းစဉ်လာနဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းဆောင်ရွက်နေကြတဲ့ ရှေ့နေကြီးများရှိသော်လည်း အမှုသည်အပေါ် သစ္စာမတည့် တရားရုံးကိုလည်း အကူအညီမပေးတဲ့ ရှေ့နေအတော်များများ ရှိနေတာကိုလည်း တွေ့မြင်နေရပါတယ်။ အချို့ရှေ့နေများဟာ ကိုယ့်အမှုသည်အတွက် တရားဥပဒေနဲ့အညီဆောင်ရွက်ပေးရတဲ့ တာဝန်များကိုတောင် တမင်လစ်ဟင်း ပျက်ကွက်တဲ့အတွက် အမှုသည်များ နစ်နာကြရတာတွေလည်းရှိနေပါတယ်။ကိုယ်လိုက်ပါဆောင်ရွက်တဲ့အမှုရဲ့ အနိုင်အရှုံး ကိုတောင် အမှုသည်ကို အချိန်မီအသိပေးဖို့ ပျက်ကွက်တဲ့အတွက် တရားလမ်းကြောင်းအရ အချိန်တွေဆက်လက်ဆောင်ရွက်ဖို့ ရှိတာတွေကို ဆောင်ရွက်ခွင့် ဆုံးရှုံးရတဲ့ အမှုသည်များလည်း ရှိနေရပါတယ်။

တရားသူကြီးနာမည်ကိုသုံးပြီး ငွေတောင်းနေတဲ့ ရှေ့နေတွေ၊ တိုင်စာ၊ ပစ်စာရေးပေးလေ့ရှိတဲ့ ရှေ့နေတွေလည်း အတော်များများ ရှိနေပြီဖြစ်တယ်လို့ သိရှိနေပါတယ်၊ တရားရုံးကို မကူညီတဲ့အပြင် တရားရုံးကို မထိမဲ့မြင်ပြုတဲ့ ရှေ့နေတွေ အမှုဆုံးဖြတ်ဖို့ အချိန်နီးပြီဆိုရင် ပစ်စာရေးပြီး ခြောက်လှန့်တဲ့ ရှေ့နေတွေလည်း ရှိနေပါတယ်။ အမှုစစ်ဆေးရာမှာ တစ်ဖက်အမှုသည်ရဲ့သိက္ခာ၊ ဆန့်ကျင်ဘက်သက်သေရဲ့ သိက္ခာကို ကျစေတဲ့ မေးခွန်းများ တမင်မေးမြန်းပြီး တရားရုံးကိုပါ အနောင့်အယှက်ပြုနေတဲ့ ရှေ့နေများလည်း ရှိနေတယ်လို့ သိနေပါတယ်။

ဒီလို ကျင့်ဝတ်သိက္ခာ မစောင့်ထိန်းတဲ့ ရှေ့နေများရဲ့ ဖောက်ပြန်မှုတွေကို သာမက အနေနဲ့ ပြောရမယ်ဆိုရင်-

- အမှုကြန့်ကြာအောင် နည်းအမျိုးမျိုးဖြင့် တမင်ပြုလုပ်တာတွေ၊ ငွေအင်အားသုံးလို့ဖြစ်စေ၊ အထက်လူကြီးများရဲ့ အမည်ကို သုံးစွဲလို့ဖြစ်စေ၊ အမှုပျက်ပြားအောင် ဆောင်ရွက်တာတွေ၊
- တရားခံကို တရားလိုဖြစ်အောင် လုပ်ခိုင်းပြီး အမှုကို အပြန်အလှန် မမှန်မကန် စွဲဆိုစေတာကွေ၊
- အမှုများကို ပိုမိုရှုပ်ထွေးအောင် လုပ်ကြံဆောင်ရွက်တာတွေ၊ နည်းမျိုးစုံနဲ့ စည်းရုံးဖြားယောင်းပြီး လိမ်လည်ထွက်ဆိုစေတာတွေ၊ လက်မှတ်ရေးထိုးစေတာတွေ၊
- တရားရုံးချုပ်က အမိန့်မချရသေးပေမယ့် အမိန့်ချပြီးပြီဆိုပြီး မမှန်မကန် လိမ်လည်တင်ပြတာတွေ၊
- ကိုယ့်လူသူဘက်ခံအဖြစ် တစ်ဖက်အမှုသည်နဲ့ ပူးပေါင်းပြီး ဆောင်ရွက်တာတွေ၊

– အမှုလက်ခံပြီးပေမယ့် အမှုစွဲဆို တင်ပို့မပေးတာတွေ၊

စတဲ့ ကျင့်ဝတ်သိက္ခာ ဟောက်ဖျက်မှုမျိုးကွေကို ပြောင်ပြောင်တင်းတင်း ဆောင်ရွက်နေကြ
တာတွေ အထင်အရှား ရှိနေတာကို တွေ့နေရပါတယ်။

ဒီလို ရှေ့နေများရဲ့ ကျင့်ဝတ်သိက္ခာ ဟောက်ဖျက်မှုတွေကို သုံးသပ်ကြည့်ရင်
တရားရုံးချုပ်ရှေ့နေအဖြစ် ဝင်ခွင့်ရရှိရေးကိစ္စအတွက် တာဝန်ရှိကြတဲ့၊ အလုပ်သင်ပေးရတဲ့
ရှေ့နေကြီးများက ပုဂ္ဂိုလ်ရေး ခင်မင်ရင်းနှီးမှုကို ထောက်ခွပြီး ရှေ့နေအတတ်ပညာကို
စနစ်တကျ သင်ကြားပေးမှု မရှိတာတွေ၊ တရားရုံးကိုတောင် မရောက်ဘူးတဲ့ အလုပ်သင်
ရှေ့နေများကို အလုပ်သင်ပြီးဆုံးကြောင်း လွယ်လွယ်ကူကူ ထောက်ခံပေးနေတာတွေ
တရားစီရင်ရေးမှာ အမှန်တရား ပေါ်ပေါက်ရေးအတွက် ရုံးတော်သဟာယများအဖြစ်
တရားရုံးနဲ့ ပူးပေါင်းဆောင်ရွက်ရမဲ့အစား ဆွေနဲ့ အမှုသည်ရဲ့မျက်နှာကိုကြည့်ပြီး လွှဲမှားကဲ့
နည်းလမ်းနဲ့ အမှုလိုက်ပါတတ်အောင် သင်ကြားပို့ချပေးနေတာတွေကြောင့်လည်း ဖြစ်တယ်လို့
သုံးသပ်ရရှိပါတယ်။

ဒါကြောင့် အလုပ်သင်ရှေ့နေများရဲ့ အလုပ်သင်ကာလ တိုးမြှင့်သတ်မှတ်ရေး၊
တရားရုံးချုပ်ရှေ့နေအဖြစ် လျှောက်ထားဖို့ လိုအပ်တဲ့ အထက်တန်းရှေ့နေ လုပ်သက်ကို
တိုးမြှင့်သတ်မှတ်ရေး အထက်တန်းရှေ့နေအဖြစ် ဝင်ခွင့်ပြုရာအတွက် စီစစ်မှုပြုလုပ်တဲ့
နည်းလမ်းများကို ပိုမိုပြည့်စုံအောင် ပြဋ္ဌာန်းနိုင်ရေးတို့အတွက် တရားရုံးချုပ်နှင့် တရားရုံးချုပ်
ရှေ့နေများကောင်စီတို့ ညှိနှိုင်းရေးဆွေးနွေးတဲ့ လုပ်ငန်းကို အမြန်အကောင်အထည်ပေါ်အောင်
ဆောင်ရွက်ကြဖို့ တာဝန်ရှိသူများကို တိုက်တွန်းလိုပါတယ်။

တကယ်တော့ တရားရုံးဆိုတာ နိုင်ငံသားတစ်ဦးတစ်ယောက်ရဲ့ ဥပဒေအရ နစ်နာ
ဆုံးရှုံးမှုကို ကုညီဖြေရှင်းပြီး သက်သာခွင့် ရရှိကြေးရတဲ့ နေရာဌာနတစ်ခု ဖြစ်ပါတယ်။
တချို့ကိစ္စတွေမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုသာမက လူ့ဘောင်အဖွဲ့အစည်းကိုပါ
ထိပါး အန္တရာယ်ဖြစ်စေနိုင်တဲ့ မှားယွင်းမှုတွေကို အပြစ်ပေး ပြုပြင်စေရတဲ့ နေရာတစ်နေရာ
ဖြစ်ပါတယ်။ တစ်နည်းပြောရရင် တရားရုံးဆိုတာ ပြည်သူအများ ဥပဒေအရ နစ်နာ
ဆုံးရှုံးမှုမဖြစ်ရလေအောင် ကုညီစောင့်ရှောက်ရတဲ့၊ ပြည်သူအများ ယုံကြည်ကိုးစား
အားထားရမယ့် သစ္စာသမာဓိ ရှိသူများ စုဝေးကြတဲ့ နေရာတစ်နေရာ ဖြစ်ရပါမယ်၊
ဖြစ်ဖို့လည်း ကြိုးစားကြရမှာ ဖြစ်ပါတယ်။

ပြည်သူအများက ယုံကြည်ကိုးစားရတဲ့၊ ဒုက္ခဖြစ်တဲ့အခါမှာ အားကိုးတစ်ခုအဖြစ်
လှမ်းမျှော်ကြည့်ရမယ့်နေရာအဖြစ်က ပြည်သူအများ ရုံရှုပ်မှုန်းတီးကြောက်ရွံ့စရာ နေရာ
တစ်နေရာ ဖြစ်နေရတာဟာ တရားရုံးဝန်းကျင်မှာ ရှိနေတဲ့ မသမာမှု၊ လာဘ်ပေးလာဘ်ယူမှု
အနိဋ္ဌာ ရုံတွေကြောင့်ပဲဆိုတာ ထင်ရှားစေပါတယ်။

ဥပဒေ၊ ကျင့်ထုံး စတာတွေဟာ အမှန်တရားကို ရှာဖွေဖော်ထုတ်ရေးမှာ အလွန်အသုံးဝင်တဲ့ တန်ဆာပလာများ ဖြစ်ပါတယ်။ ဒါပေမယ့် မသမာသူများရဲ့ လက်ဝယ်မှာ ဥပဒေကျင့်ထုံးတို့ဟာ လိုသလိုဆွဲအသုံးချခံရပြီး မဖြစ်သင့်တာတွေ ဖြစ်လာရပါတယ်။ အမှန်တရား ရှာဖွေဖော်ထုတ်ခြင်းဆိုတဲ့ တရားရုံးရဲ့ ပင်မတာဝန်ဟာ မှေးမှိန်သွားပြီး ဥပဒေကို လက်တစ်လုံးခြားလုပ်ပြီး ကပ်တာ၊ ညစ်တာ၊ လိမ်တာ၊ ညာတာတွေ ရှေ့တန်းရောက်လာတာ တွေ့ရပါတယ်။

ဒီလို ဥပဒေ၊ ကျင့်ထုံးတို့ရဲ့ ရည်ရွယ်ချက်နဲ့ အနှစ်သာရကို ဖျက်ဆီးပျက်ယွင်းစေပြီး ကိုယ်ကျိုးအတွက် အသုံးချမှုများဟာ ဥပဒေ၊ ကျင့်ထုံးတို့ကို နားလည်ကျွမ်းကျင်မှုသာ လုပ်နိုင်တာဖြစ်တဲ့အတွက် "သံကို သံဖျက် သံချေးတက်" ဆိုသလို တရားရုံးအသိုင်းအဝိုင်းက မသမာသူများကသာ ပြည်သူတို့ အားကိုးခိုလှုံစရာ တရားရုံးကို ဖျက်ဆီး နေသူများဖြစ်တယ်လို့ ပြောလိုပါတယ်။

ဒီလိုမသမာမှုတွေကို ဖယ်ရှားပြီး သိက္ခာ၊ သမာဓိ တည်ကြည်တဲ့အပြင် သမာသမတ်ရှိတဲ့ ပုဂ္ဂိုလ်တွေ တိုးပွားလာမှသာ မှန်ကန်မှုတတဲ့ တရားစီရင်ရေး ဖြစ်ထွန်းလာမှာ ဖြစ်ပါတယ်။ ကျင့်ဝတ်သိက္ခာဟာ ဒွန်တွဲနေတဲ့အတွက် တရားသူကြီးများ အပါအဝင် တရားစီရင်ရေးမှာ ပါဝင်ပတ်သက်နေတဲ့ အရာရှိအားလုံးက ကျင့်ဝတ်ကို မြဲမြံမြဲမြံစောင့်ထိန်းကြဖို့လိုမှာ ဖြစ်ပါတယ်။

ကန်တော်မင်းကျောင်းဆရာတော်ကြီးက လောကသာရ ဆုံးမစာမှာ ညွှန်ပြဆုံးမထားသလို "လူမှုဆုံးဖြတ်၊ ဓမ္မသတ်နှင့် ညီညွတ်မယွင်း၊ စောင့်စည်းခြင်းဖြင့် မပင်းမျက်နှာ၊ မနာအားပါ၊ နှစ်ဖက်သား၏၊ အကြားလည်းမှန်၊ ချိန်ခွင်ဟန်သို့" ဆိုတဲ့ ဆုံးမစကား အတိုင်း ညီညွတ်မှုတမှုရှိဖို့ အထူးလိုအပ်နေပြီ ဖြစ်ပါတယ်။

မှန်ကန်ခြင်း၊ တရားမှုတခြင်း၊ စာနာထောက်ထားခြင်းဆိုတဲ့ တရားတွေရှိမှ မှန်ကန်မှုတတဲ့ တရားစီရင်ရေးစနစ် ဖြစ်ထွန်းပြီး တိုင်းကားပြည်ရှာ သာယာဝပြောလာမှာ ဖြစ်ပါတယ်။ ဒီလို မှုတညီညွတ်မှုကြောင့် တိုင်းပြည်သာယာဝပြောမှုလည်း နိုင်ငံသားအားလုံးက နိုင်ငံတော်အစိုးရကိုရော၊ နိုင်ငံတော်ဝန်ထမ်းများကိုပါ ယုံကြည်ကိုးစားချစ်ကြည်လာကြမှာ ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

ရှေးအစဉ်အလာအရ မြန်မာလူမျိုးတို့ရဲ့ ဓလေ့မှာ သိက္ခာ သမာဓိ တည်ကြည်ပြီး ရပ်ရွာက လေးစားကြည်ညိုတဲ့ ပညာရှိများကို တရားသူကြီးအရာ ပေးကြပြီး တရားသူကြီးများ လိုက်နာရမည့် ကျင့်ဝတ်အင်္ဂါများကိုလည်း သတ်မှတ်ပေးထားခဲ့ပါတယ်။ တရားသူကြီးအင်္ဂါ ငါးပါး၊ တရားသူကြီး မမည်ရာသူ ခုနစ်ဦး၊ အဂတိတရားလေးပါး၊ စတဲ့ ဂုဏ်အရည်အချင်းတွေ၊ ရှောင်ကြဉ်ရမယ့် တရားတွေကို ပြဆိုထားတာ တွေ့ရပါတယ်။

ယုံကြည်အပ်နှံခံရတဲ့ တရားသူကြီးများကလည်း မိမိတို့မှာ ရှိရမယ့် ဂုဏ်အင်္ဂါ အရည်အသွေးများနဲ့ ကိုက်ညီအောင် ကျင့်ကြံနေထိုင်ကြရသလို ရှေးဥပဒေ၊ ဓမ္မသတ်တွေနဲ့ မလွတ်စေဘဲ တရားစီရင်ခဲ့ကြတဲ့ သာဓကတွေ အထင်အရှား ရှိခဲ့ပါတယ်။ သက်ဦးဆံပိုင်ဖြစ်တဲ့ ဘုရင်မင်းများမှာတောင် ဘုရင်မင်းတို့ လိုက်နာရမယ့် မင်းကျင့်တရား ၁၀ ပါး၊ ရာဇဂုဏ် ရှစ်ပါး၊ နာယကဂုဏ်ခြောက်ပါး၊ အပရိဟာနိယတရားခုနစ်ပါး စတဲ့ ကျင့်ဝတ်တွေနဲ့အညီသာ နေထိုင်ကျင့်ကြံ ဆောင်ရွက်ကြရပါတယ်။

ဒီ မြန်မာ့ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းနဲ့အညီ ယခုခေတ် တရားသူကြီးများ၊ ဥပဒေအရာရှိများဟာ ကျင့်ဝတ်၊ သိက္ခာ၊ သမာဓိ ပြည့်စုံပြီး အဂတိတရား တံစိုးလက်ဆောင်တို့နဲ့ ကင်းရှင်းဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများလည်း စောင့်ထိန်းလိုက်နာဖို့ တာဝန်ရှိကြပါတယ်။ နိုင်ငံ့ဝန်ထမ်းများဖြစ်တဲ့အတွက် ဝန်ထမ်းကျင့်ဝတ်၊ ဝန်ထမ်းတို့ရဲ့ စည်းမျဉ်းစည်းကမ်း၊ သစ္စာအဓိဋ္ဌာန်တွေကိုလည်း လိုက်နာကြရမှာ ဖြစ်ပါတယ်။

ဒီလို ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်း၊ သစ္စာတို့ကို လိုက်နာစောင့်ထိန်းဖို့တာဝန်ဟာ ဝန်ထမ်းအားလုံးမှာ ရှိကြောင်းကို အခါအခွင့်သင့်တုန်း တစ်ဆက်တည်း ဝန်ထမ်းများအားလုံးနှင့်ပတ်သက်ပြီး ပြောကြားလိုပါတယ်။ ဝန်ထမ်းကျင့်ဝတ်၊ သိက္ခာစောင့်စည်းရမယ့်သူတွေဟာ နိုင်ငံတော်တာဝန်၊ နိုင်ငံက ပေးအပ်တဲ့တာဝန်ကို အထက်ပိုင်းကအစ၊ အလယ်ပိုင်းမကျန်၊ အောက်ပိုင်းအဆုံးအထိ ထမ်းဆောင်နေသူတွေအားလုံး ပါဝင်ကြတယ်ဆိုတာ ပြောလိုပါတယ်။

နိုင်ငံတော် ဒီမိုကရေစီပြုပြင်ပြောင်းမှု တည်ဆောက်ရေးအဖွဲ့ လက်ထက်မှာ နိုင်ငံတော်အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးယန္တရားတွေကို ပြင်ဆင်ဖွဲ့စည်းခဲ့ရာမှာ တာဝန်ခံပုဂ္ဂိုလ်များကို တာဝန်ရော လုပ်ပိုင်ခွင့်တွေပါ တိုးမြှင့်ပေးအပ်ခဲ့တာ အားလုံးသတိပြုကြမှာ ဖြစ်ပါတယ်။ စီးပွားရေးကဏ္ဍမှာလည်း ပုဂ္ဂလိကလုပ်ငန်းရှင်များကို လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကား ရင်းနှီးမြှုပ်နှံခွင့်တွေပေးပြီး ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲကျင့်သုံးလျက် ရှိပါတယ်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတွေ ခွင့်ပြုပြီး ပြည်ပနဲ့ လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားခွင့်ပြုတဲ့အတွက် မြန်မာ့စီးပွားရေးနယ်ပယ်နဲ့ နိုင်ငံတကာ စီးပွားရေးနယ်ပယ်တို့ ဆက်စပ်ကူးလူး ဆက်သွယ်မှုတွေ ရရှိနေပြီဖြစ်ပါတယ်။

ဒီလို စီးပွားရေးလုပ်ငန်းတွေ တွင်ကျယ်လာတာနဲ့အမျှ အရင်းအနှီးတွေ တိုးတက်များပြားလာကြပြီး မိမိတို့ ကိုယ်ကျိုးစီးပွားအတွက် လုပ်ပိုင်ခွင့်ရှိတဲ့ ဝန်ထမ်းတွေ၊ ဝန်ထမ်းအကြီးအကဲတွေ၊ တာဝန်ရှိ ပုဂ္ဂိုလ်ကြီးတွေကို မသမာတဲ့ လုပ်ငန်းရှင်များနှင့် စီးပွားရေးသမားများက နည်းမျိုးစုံနဲ့ ချဉ်းကပ်လာကြတာတွေ အများအပြား ရှိလာတာကိုတွေ့ရပါတယ်။

အခွင့်အရေး ပိုမိုရလာလို့ လက်ဆောင်ပဏ္ဏာပေးပြီး မိတ်ဖွဲ့ရာကနေ နောက်တစ်ဆင့် တက်လို့ လာဘ်လာဘပေးတဲ့ အဆင့်အထိ ရောက်လာပြီး အပေးအယူသဘောတွေ တွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းနေကြတယ်ဆိုတဲ့ သတင်းတွေ ကြားသိနေရပါတယ်။

တချို့ဌာနတွေမှာဆိုရင် တည်ဆောက်ရေးလုပ်ငန်းများနဲ့ လုပ်ငန်းဦးစားပေးမှုများ ရရှိအောင် ဆောင်ရွက်နိုင်ဖို့အတွက် လာဘ်ငွေ ပေးရတာတွေ၊ ကော်မရှင်ပေးရတာတွေ ရှိနေတယ်လို့ ကြားသိနေရပါတယ်။ တည်ဆောက်ရေးပစ္စည်းနဲ့ လုပ်ငန်းသုံးပစ္စည်းတွေကို ဌာနဆိုင်ရာက နိုင်ငံခြားက ဝယ်ယူဖို့ လိုအပ်တဲ့အခါ တင်ဒါခေါ်ယူကြရပါတယ်။ အဲ့ဒီအခါမှာ ပုဂ္ဂလိက လုပ်ငန်းရှင်များက ရောင်းနိုင်တဲ့ဈေး အပြိုင်တင်ပြကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ပစ္စည်းလဲကောင်း၊ ဈေးလည်း သက်သာမှုရှိတဲ့ပစ္စည်းကိုသာ စိတ်ကြိုက်ရွေးကြရမှာ ဖြစ်ပါတယ်။ ဒီလိုအခါမျိုးမှာ ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်အချို့ဟာ ပစ္စည်းအရည်အသွေးကလဲကောင်း၊ ဈေးနှုန်းကလည်း သက်သာတဲ့ ပစ္စည်းမျိုးကိုမရွေးဘဲ ရောင်းသူနဲ့ အပေးအယူလုပ်ပြီး ဈေးနှုန်းမြင့်မားတဲ့အပြင် ပစ္စည်းအမျိုးအစားလည်း ညံ့တာကိုမှရွေးပြီး မိမိဌာနအတွက် ဝယ်ယူနေကြတာတွေ ရှိနေတယ်လို့ ကြားသိနေရပါတယ်။ ဒါတွေဟာ တိုင်းပြည်ရဲ့အကျိုးထက် မိမိရဲ့ကိုယ်ကျိုးစီးပွားကို ဦးစားပေးတဲ့ နိုင်ငံကို သစ္စာဖောက်တဲ့ မသမာမှုတွေပဲဆိုတာ ထင်ရှားနေပါတယ်။

တချို့ တာဝန်ရှိ ပုဂ္ဂိုလ်တွေ ပြည်ပကို တာဝန်နဲ့ သွားကြတဲ့အခါမှာ ပြည်ပကုမ္ပဏီများနဲ့ ပြည်တွင်းကုမ္ပဏီများ၊ လုပ်ငန်းရှင်များက နိုင်ငံခြားရောက်ရင် သုံးစွဲဖို့ နိုင်ငံခြားငွေကို အထုပ်လိုက် လာပေးနေကြတယ်ဆိုတဲ့ သတင်းတွေကိုလည်း ကြားသိနေရပါတယ်။ တချို့ပုဂ္ဂလိက လုပ်ငန်းရှင်တွေ၊ တချို့ မသမာတဲ့ ဝန်ထမ်းတွေဟာ အာဏာနဲ့ လုပ်ပိုင်ခွင့်ရှိတဲ့ ပုဂ္ဂိုလ်တွေကို ဂါရဝပြု လက်ဆောင်ပေးတယ်ဆိုပြီး၊ ပုဆိုး၊ အင်္ကျီ စတဲ့ အဝတ်အထည်ပစ္စည်းများကြားမှာ ရွှေထည်နဲ့လက်ဝတ်ရတနာ ပစ္စည်းလို အဖိုးတန်ပစ္စည်းတွေ ထည့်ပေးနေတာလည်း ရှိနေတယ်လို့ ကြားသိနေရပါတယ်။ ဒီလို အပေးခံရတဲ့ ပုဂ္ဂိုလ်တွေအနက် အဲ့ဒီအဖိုးတန် ပစ္စည်းကို ပြန်ပေးတဲ့ ပုဂ္ဂိုလ်တွေ ရှိသလို မသိဟန်ဆောင်ပြီး ယူထားလိုက်တဲ့ ပုဂ္ဂိုလ်တွေလည်း ရှိတယ်ဆိုတဲ့ သတင်းတွေ ရရှိနေပါတယ်။ အဲ့ဒီပစ္စည်း ယူမိတဲ့ပုဂ္ဂိုလ်များအဖို့တော့ သူ့ဆန်စားမီပြီးဖြစ်တဲ့အတွက် ကိုယ်ပိုင်တဲ့ အာဏာကို သုံးစွဲပြီး ပစ္စည်းပေးသူကို ပြန်လည်အကျိုးပြုကြရမှာ ဓမ္မာတာပဲ ဖြစ်ပါတယ်။

ဒီလို အဖိုးတန်ပစ္စည်း ပေးကမ်းတဲ့လူရော လက်ခံတဲ့လူပါ လက်ရဲဇက်ရဲ ဖြစ်လာတဲ့အခါ ပေးကမ်းတဲ့ အလေ့အထတွေ အုပ်ချုပ်ရေး ယန္တရားအတွင်းမှာ တွင်ကျယ်လာပြီး နိုင်ငံတော်ရဲ့ဝန်ထမ်းများ အကျင့်စာရိတ္တ ယိုယွင်းမှုတွေ ပိုမိုဖြစ်ထွန်းလာမှာ မလွဲဧကန်လို့ ပြောလိုပါတယ်။ တချို့ တာဝန်ရှိ ပုဂ္ဂိုလ်တွေဟာ ကိုယ်တိုင်က မသိပေမယ့် ဇနီးသားသမီး

တွေက လာဘ်လာဘ ရယူပြီး ဌာနဆိုင်ရာ လုပ်ငန်းတွေမှာ စွက်ဖက်နေကြတယ်လို့လည်း သတင်းတွေ ရနေပါတယ်။ တချို့လဲ တပည့်တပန်းက ကိုယ့်ကို လက်ညှိုးထိုး အသုံးချပြီး ကိုယ်ကျိုးရှာနေကြတယ်ဆိုတဲ့ သတင်းဆိုးတွေလဲ ကြားသိနေရပါတယ်။

လာဘ်ပေးလာဘ်ယူ အလေ့အထနဲ့အတူ လုပ်ငန်းမှာ စွက်ဖက်တဲ့ အလေ့အထ ကျယ်ပြန့်လာတဲ့အတွက် တာဝန်ရှိ ပုဂ္ဂိုလ်တွေရဲ့ အရှိန်အဝါတွေကို လူလိမ်လူညာများက သုံးစွဲပြီး အခွင့်အရေး တောင်းလာတဲ့အခါမှာ အောက်ခြေဌာနဆိုင်ရာတွေက အားနာလို့ မလိမ့်တပတ်နဲ့ ဆောင်ရွက်ပေးလိုက်ရတယ်ဆိုတာတွေကိုလဲ မကြာခဏ ကြားသိနေရပါတယ်။

အခုဆိုရင် ပြည်ပလုပ်ငန်းရှင်တွေ၊ ပြည်ပစီးပွားရေးအုပ်စုများရဲ့ ကိုယ်စားလှယ်တွေ မြန်မာနိုင်ငံထဲကို တဖွဲဖွဲ လာရောက်နေကြပြီး ဌာနဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ၊ လုပ်ငန်းကမ်းလှမ်းမှုတွေ လုပ်နေကြပြီ ဖြစ်ပါတယ်။ အဲဒီလို အခါမျိုးမှာ ဘယ်ပုဂ္ဂိုလ်နဲ့ တွေ့လိုရင် ဘယ်လောက်ပေးရမယ်ဆိုပြီး ပွဲစားလုပ်တဲ့ လူမျိုးတွေလဲ ပေါ်ပေါက်နေတယ်လို့ သိရပါတယ်။ တကယ် လာဘ်ငွေပေးမှ အတွေ့ခံတဲ့ ပုဂ္ဂိုလ်မျိုးရှိကောင်း ရှိနိုင်သလို လက်အောက်အရာရှိတွေနဲ့ ပွဲစားတွေက လက်ညှိုးထိုးရောင်းစားခံရတဲ့ ပုဂ္ဂိုလ်တွေလဲ ရှိမှာ ဖြစ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီသတင်းတွေဟာ ပြည်ပအထိ ပျံ့နှံ့နေပြီး မြန်မာနိုင်ငံကို လာရောက် ရင်းနှီးမြှုပ်နှံမယ့် စီးပွားရေးလုပ်ငန်းရှင်များလောကမှာ ဒီသတင်း အနံ့ဆိုးတွေ ဖြစ်ပေါ်နေခြင်းဟာ မြန်မာနိုင်ငံနဲ့ မြန်မာလူမျိုးတို့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေရဲ့ သာမက မြန်မာနိုင်ငံရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုပါ အဟန့်အတား အနှောင့်အယှက် ဖြစ်စေတဲ့အတွက် တာဝန်ရှိသူအသီးသီးက ဂရုပြု ရှောင်ကြဉ်ကြဖို့လိုမှာ ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

လူတိုင်းလူတိုင်းဟာ ကိုယ့်သမိုင်းကို ကိုယ်ရေးနေကြတာပဲ ဖြစ်ပါတယ်။ ဒီလို ကိုယ့်သမိုင်းကိုယ် ရေးကြတဲ့နေရာမှာ နိုင်ငံတော်ရဲ့ ကောင်းကျိုးဆိုးကျိုးကိုဖြစ်စေနိုင်တဲ့ အထိုက်အလျောက် ကြိုးလေးတဲ့တာဝန်ကို ယူထားတဲ့ ပုဂ္ဂိုလ်များအဖို့ကတော့ သူ့ရဲ့သမိုင်းဟာ နိုင်ငံတော်ရဲ့သမိုင်းနဲ့ပါ ယှဉ်တွဲပြီး ကောင်းရင်ကောင်းသလို ဆိုးရင်ဆိုးသလို ကမ္ဘည်းထိုးခံရမှာ ဖြစ်ပါတယ်။

"မင်းပင်ကောင်းလျက် မင်းမြောင်ဖျက်" ဆိုတဲ့စကားလို "ငါးခုံးမတစ်ကောင် ကြောင့် တစ်လှေလုံးပုပ်" ဆိုတဲ့ စကားလို နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်တွေကအစ ဌာနဆိုင်ရာ အကြီးအကဲတွေအလယ်၊ သာမန်ဝန်ထမ်းတွေအဆုံး ဝန်ထမ်းအားလုံးရဲ့ကောင်းသတ္တင်း၊ ဆိုးသတင်းတွေဟာ နိုင်ငံတော်အစိုးရရဲ့ ဂုဏ်သတင်းနဲ့ ဆက်စပ်နေတဲ့အတွက် ကိုယ့်အသိနဲ့ကိုယ် ဆင်ခြင်ကြဖို့ အချိန်တန်နေပါပြီလို့ ပြောလိုပါတယ်။ နိုင်ငံတော်

ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အနေနဲ့တော့ သမိုင်းမှာ အမည်းစက်တင် မကျန်ရစ်ရအောင် ကြိုးပမ်းဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

တချို့ကိစ္စတွေမှာ လက်အောက်ဝန်ထမ်းက ကိုယ့်အမည်ကို တလွဲသုံးနေတာ ဖြစ်တဲ့အတွက် ဒီလိုအဖြစ်မျိုးတွေ မပေါ်ပေါက်ရအောင် တာဝန်ရှိသူတိုင်းက မိမိပတ်ဝန်းကျင်ကို ဂရုပြု ကြပ်မတ်ကြဖို့ လိုမှာဖြစ်ပါတယ်။

ဒီလို တာဝန်ရှိ ပုဂ္ဂိုလ်အချို့ရဲ့ လုပ်ငန်းအတွင်း အကျင့်ပျက်မှု စွက်ဖက်မှုများဟာ တရားစီရင်ရေးနယ်ပယ်မှာလည်း စိမ့်ဝင်လာနေတာ တွေ့ရပါတယ်။ အထူးသဖြင့် တရားမမှုတွေမှာ ဝင်ရောက်အာဏာသုံး စွက်ဖက်နေတာ တွေ့ရှိနေရပါတယ်။ ဒီလို အခါမျိုးမှာ တရားသူကြီးများအနေနဲ့ အဂတိတရားလေးပါးမှာပါတဲ့ ဘယာဂတိကို မကျူးလွန်ဘဲ သတ္တိရှိရှိ ရဲဝံ့တည်ကြည်စွာ တရားနည်းလမ်းအတိုင်း ဆုံးဖြတ်ကြပါလို့ အလေးအနက် မှာကြားလိုပါတယ်။

တချို့ ဒေသဆိုင်ရာ တာဝန်ရှိ ပုဂ္ဂိုလ်တချို့ကလည်း ကိုယ့်နယ်မြေဒေသအတွင်း အမှုလျော့နည်းအောင်ဆိုတဲ့ ဆန္ဒနဲ့ အမှုအခင်း လျော့နည်းကျဆင်းအောင် တရားနည်းလမ်းတကျ မကြိုးပမ်းဘဲ အမှုတွေကို ဖိအားပေး ကျေအေးခိုင်းနေတာမျိုးဟာလည်း တရားစီရင်ရေးမှာ ဝင်ရောက်စွက်ဖက်ခြင်းတစ်မျိုးဖြစ်တယ်လို့ သတိပေး ပြောကြားလိုပါတယ်။

အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ဥပဒေပြုရေးတို့ဟာ အပြန်အလှန် ဆက်စပ်နေရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် ကဏ္ဍတစ်ခုက အခြားကဏ္ဍတစ်ခုကို ဝင်ရောက်စွက်ဖက်လွှမ်းမိုးတဲ့အဆင့်အထိ မရောက်စေဖို့ လိုပါတယ်။ တစ်ဖက်ကလည်း တရားသူကြီးများဟာ တရားစီရင်ရေး ရှုထောင့်သက်သက်ကသာ မကြည့်ဘဲ နိုင်ငံတော်က ကျင့်သုံးနေတဲ့ မူဝါဒတွေ၊ စီမံကိန်းတွေ၊ စီမံခန့်ခွဲရေးလုပ်ငန်းတွေကိုပါ ထည့်သွင်းစဉ်းစားဆုံးဖြတ်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်လို့ မှာကြားလိုပါတယ်။ နိုင်ငံတော် လုံခြုံရေးကို ထိပါးတဲ့၊ အမျိုးသား ယဉ်ကျေးမှုကို ပျက်ယွင်းစေတဲ့၊ လူငယ်တွေရဲ့ အကျင့်စာရိတ္တကို ယိမ်းယိုင်စေတဲ့ နိုင်ငံတော်ရဲ့စီးပွားရေးကို ပျက်စီးယိုယွင်းစေတဲ့ ပြစ်မှုမျိုးတွေကို ထိရောက်ဟန့်တားလောက်တဲ့ ပြစ်ဒဏ်မျိုးတွေ ချမှတ်ပေးဖို့ လိုမှာ ဖြစ်ပါတယ်။

အထူးသဖြင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အနေနဲ့ ခေတ်မီတိုးတက်ဖွံ့ဖြိုးတဲ့ နိုင်ငံတော်ကြီး ပေါ်ထွန်းလာအောင် ကဏ္ဍပေါင်းစုံက အရှိန်အဟုန်နဲ့ ဆောင်ရွက်နေချိန်မှာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးကဏ္ဍတို့နဲ့ ဟန်ချက်ညီညီ တရားစီရင်ရေးကဏ္ဍအနေနဲ့ ပြောင်းလဲတိုးတက်ဖွံ့ဖြိုးလာဖို့၊ တာဝန်ရှိသူ အသီးသီးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

ပြည်သူလူထုအနေနဲ့ တရားရုံးကို ယုံကြည်ကိုးစားလာမှသာ ပြည်သူအတွင်း ဖြစ်ပွားတဲ့ အရေးအရာဇတွေကို တရားရုံးမှာ တရားနည်းလမ်းတကျ ငြိမ်းချမ်းစွာ ဖြေရှင်း

တဲ့ အလေ့အထ ဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် တရားရဲ့ အဓိကတာဝန် ဖြစ်တဲ့ ဥပဒေအရ နစ်နာသူကို နစ်သိမ့်မှု ပေးနိုင်ရေးကို မျက်ခြည်ပြတ်မခံဘဲ တရား မျှတအောင် ကြိုးပမ်းဆောင်ရွက်ကြဖို့ လိုပါတယ်လို့ မှာကြားလိုပါတယ်။

နိဒါန်းတော် အာဏာတစ်ရပ်ဖြစ်တဲ့ တရားစီရင်ရေးအာဏာကို တိုက်ရိုက်ကျင့်သုံး ဆောင်ရွက်နေရတဲ့ ပုဂ္ဂိုလ်တွေဖြစ်လို့ တရားသူကြီးများဟာ အမှန်တရားကို ချင့်ချိန် ဖော်ထုတ်နိုင်စွမ်းရှိဖို့၊ ဉာဏ်ပညာ၊ အမျှော်အမြင် ကြီးမားဖို့ လိုအပ်သလို ရိုးသားကြပြီး ဖြူစင်တဲ့ အကျင့်သီလနဲ့လည်း ပြည့်စုံရမှာ ဖြစ်ပါတယ်။ ဒါကြောင့် တရားသူကြီးများ အနေနဲ့ မိမိနဲ့တကွ တရားရေးဝန်ထမ်းများရဲ့ စာရိတ္တပိုင်း၊ ခံယူချက်ပိုင်း နိုင်မာအောင် စိတ်ပိုင်းဘဝ ပြုပြင်ပြောင်းလဲရေးကို ဝီရိယစိုက်ထုတ် ကြိုးပမ်းကြဖို့ လိုအပ်မှာ ဖြစ်ပါ တယ်။

တရားစီရင်ရာမှာ ပြစ်မှုထင်ရှားတဲ့အတွက် အပြစ်ဒဏ် ချမှတ်ပေးလိုက်ရုံမျှနဲ့ တာဝန်ကုန်ဆုံးပြီလို့ မှတ်ယူလို့ မရပါဘူး၊ အဘက်ဘက်က ချင့်ချိန်ပြီး မျှတတဲ့ အပြစ်ဒဏ် ချမှတ်နိုင်ဖို့ လိုအပ်ပါတယ်။ ဒါ့အပြင် တရားစီရင်ရေးဥပဒေပုဒ်မ ၁၈ မှာ အကျဉ်းစခန်းတွေ၊ ရဲတပ်ဖွဲ့ အချုပ်စခန်းတွေမှာ အပြစ်ကျများနဲ့ အချုပ်ခံနေရသူများအနေနဲ့ မူဝင်းများနဲ့ ပတ်သက်ပြီး ဥပဒေနဲ့အညီ ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ခံစားနိုင်ရေး၊ အမှုစစ်ဆေးရာမှာ ကြန့်ကြာမှု မရှိစေရေးတို့အတွက် လိုအပ်သလို စစ်ဆေးကြည့်ရှုဖို့ တာဝန်ပေးအပ်ထားတဲ့အတိုင်း တရားသူကြီးများအနေနဲ့ အခါအားလျော်စွာ သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်တာတွေကို ညွှန်ကြားဆောင်ရွက်ပေးကြဖို့ မှာကြားလိုပါတယ်။

တရားစီရင်ရေးနဲ့ ဆက်စပ်နေတဲ့ ဥပဒေအရာရှိတွေ၊ ပြည်သူ့ရဲတပ်ဖွဲ့ အထူးစုံစမ်း စစ်ဆေးရေး ဦးစီးဌာနနဲ့ အကျဉ်းဦးစီးဌာနက တာဝန်ရှိသူတွေအနေနဲ့လည်း တရားရေး မဏ္ဍိုင် မယိမ်းယိုင်ရေးဦးတည်ပြီး ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာကတော့

- နိဒါန်းတော်ရဲ့ တရားစီရင်ရေး ရည်မှန်းချက်တွေ၊ တရားစီရင်ရေးဆိုင်ရာ အခြေခံမူတွေကို သိရှိသဘောပေါက်ပြီး အကောင်အထည်ပေါ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြပါ၊
- မှန်ကန်ခြင်း၊ တရားမျှတခြင်း၊ စာနာထောက်ထားခြင်း တရားများ ထွန်းကား လာအောင် တရားဥပဒေ စိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးအတွက် အားထုတ် ကြိုးပမ်းဆောင်ရွက်ကြပါ၊
- တရားသူကြီးတို့ရဲ့ သိက္ခာ၊ သမာဓိ၊ ကျင့်ဝတ်နဲ့အညီ တဲစိုးသုံးပါး၊ အဂတိ လေးပါးတို့ကို ရှောင်ကြဉ်ပြီး တရားရေးမဏ္ဍိုင် မယိမ်းယိုင်ရအောင် ခံယူချက် ရှိရှိနဲ့ စောင့်ထိန်းကာကွယ်ကြပါ၊

- တရားစီရင်ရေးကို ပြည်သူများက ယုံကြည်ကိုးစားလာသလို ဥဖဒေ ချီးဖောက် သူများက ကြောက်ရွံ့ရိုသေလာရအောင် အမှန်တရား ဖော်ထုတ်ရေးကို ရဲဝံ့ တည်ကြည်စွာ မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ကြပါ၊
- နိုင်ငံဝန်ထမ်းများပီပီ၊ နိုင်ငံ့ဝန်ထမ်းကတိသစ္စာနဲ့ ကျင့်ဝတ် စည်းမျဉ်းစည်းကမ်း များကို လိုက်နာကျင့်ကြံ ဆောင်ရွက်ကြပါ၊
- နိုင်ငံဝန်ထမ်းအားလုံးအနေနဲ့လဲ မိမိတို့ရဲ့ လုပ်ပိုင်ခွင့်ကို အလွဲသုံးစား မပြုဘဲ လာဘ်ပေးလာဘ်ယူမှုများ ကင်းကင်းနဲ့ နိုင်ငံတာဝန်များကို ဦးလည်မသုန် ထမ်းရွက်ကြပါ၊
- နိုင်ငံသားတစ်ဦးအနေနဲ့ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တာဝန်များကို ဦးလည်မသုန် ထမ်းရွက်ရင်း၊ အမျိုးဘာသာ သာသနာအကျိုး သယ်ပိုးထမ်း ဆောင်ကြပါလို့ မှာကြားရင်း နိဂုံးချုပ်ပါတယ်။

၁၉၉၄ ခုနှစ်
ပြစ်မှုဆိုင်ရာအမှုများ

စီရင်ထုံးပြုသောပြစ်မှုများ

စာမျက်နှာ

ကိုစိုး ဝင်းညွန့်အောင်	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ ပြည်ထောင်စုမြန်မာနိုင်ငံတော်	၁
ကိုစိုးလွင်	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်	၆
စိုင်းမျိုးဝင်းသန့်	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်	၁၃
ဆူရင်ဒတ်ကူးမား	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်	၂၃
မညွန့်ညွန့်သန်း	နှင့်	ကိုမြင့်သိန်း	၂၈
မောင်ညွန့်ဟန်	နှင့်	မအေးနု	၃၃
မောင်ဌေးအောင် (ခ) ဝမ်မင်းကွက်	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်	၃၆
ဒေါ်တီပါ-၂	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂	၄၀
မောင်တင်ထွန်းနိုင်	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်	၄၅
မောင်ထွဋ်	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်	၅၀
ဦးပန်းညွန့်ပါ-၂	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂	၅၅
ပြည်ထောင်စုမြန်မာနိုင်ငံတော်	နှင့်	ဦးကျော်ရင်ပါ-၃	၆၂
ပြည်ထောင်စုမြန်မာနိုင်ငံတော်	နှင့်	ချစ်မောင်	၇၀
ပြည်ထောင်စုမြန်မာနိုင်ငံတော်	နှင့်	မကျမိလာ (ခ) မာမာချို	၇၇
ပြည်ထောင်စုမြန်မာနိုင်ငံတော် တင်ကြူပါ-၄	နှင့်	တင်ကြူပါ-၄ ပြည်ထောင်စုမြန်မာနိုင်ငံတော်	၈၃
ပြည်ထောင်စုမြန်မာနိုင်ငံတော်	နှင့်	ကိုတင်ရွှေပါ-၃	၉၄
ပြည်ထောင်စုမြန်မာနိုင်ငံတော်	နှင့်	ထွန်းမောင်	၉၈
ပြည်ထောင်စုမြန်မာနိုင်ငံတော်	နှင့်	ဒေါ်နီလာဘာရာဒွါဂျာပါ-၃	၁၀၃
ပြည်ထောင်စုမြန်မာနိုင်ငံတော်	နှင့်	ဦးမန်းရာကရာပိုး	၁၁၂
ပြည်ထောင်စုမြန်မာနိုင်ငံတော်	နှင့်	ဦးမြင့်သိန်းပါ-၂	၁၁၇
ပြည်ထောင်စုမြန်မာနိုင်ငံတော်	နှင့်	ဝင်းမင်း (ခ) ညီညီ (ခ) ဝင်စတန်ခင်မောင်ကြီး	၁၂၁
ပြည်ထောင်စုမြန်မာနိုင်ငံတော် မောင်မင်းအောင်	နှင့်	မောင်သက်ထွန်း (ခ) ဂန်ဂေး ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂	၁၃၆ ၁၄၀

မောင်မောင် (စ) ဟာရွှန်	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်	၁၄၄
ကိုမေ:	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်	၁၄၉
ဦးရမ်းမကို	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၆	၁၅၅
ရွှေသန်းပါ-၅	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်	၁၆၁
မောင်လှမြင့်	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂	၁၆၇
ဦးဆလွင်	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂	၁၇၄
ဦးသောင်းမြင့်	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်	၁၈၀
ဒေါ်သန်းဝင်း	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂	၁၈၅
ဦးသိန်းအောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ ဦးသိန်းအောင်ပါ-၂	၁၉၀
ဟန်ချိုပါ-၂ နှင့် ကျော်ဦး	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်	၁၉၈
မောင်အောင်စိုးလွင် (စ) ဆန်နီ	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂	၂၀၄
ဦးအောင်သာဌေး	နှင့်	ပြည်ထောင်စုမြန်မာနိုင်ငံတော်	၂၀၉

စာမျက်နှာ

ပြစ်မှုဆိုင်ရာအမှုများ

ဥပဒေများ–

- ပြစ်မှုဆိုင်ရာဥပဒေ
- ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
- လောင်းကစားဥပဒေ
- သက်သေခံဥပဒေ
- ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေ
- ၁၉၄၇ ခုနှစ်၊ သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေ
- ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်အက်ဥပဒေ
- ၁၉၆၂ ခုနှစ်၊ မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ
- ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေ

**ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅၊ ပုဒ်မ ၃၂၀၊ ဆရာဝန်၏ထွက်ချက်နှင့် စာမျက်နှာ
သက်သေခံ (၈) ဆေးစာတို့အရ မောင်စိုး၏နှာခေါင်းကို ဓာတ်မှန်
ရိုက်ကြည့်ရာ နှာခေါင်းရိုး ကျိုးနေခြင်း၊ အရိုးမကျိုးလျှင် မည်သည့်
အရိုးကျိုးသည်ဖြစ်စေ၊ ပြင်းထန်စွာ နာကျင်စေမှုဟုပင် ယူဆရခြင်း
ပြစ်ဒဏ် တိုးမြှင့်သင့် မသင့်စဉ်းစားရာတွင် တရားခံ၏အသက်ကို
သေချာစွာ စိစစ်ရန် လိုအပ်ခြင်း။**

ဆုံးဖြတ်ချက်။ ။ ညွန့်စိုးအောင်မှာ ဝင်းညွန့်အောင်၏ညီဖြစ်ပြီး၊ အသက် (၁၈) နှစ်ဟု ၎င်း၏ထွက်ဆိုချက်၌ ဖော်ပြပါရှိ၍ အစ်ကိုဖြစ်သူ ဝင်းညွန့်အောင်၏အသက်မှာ (၁၇) နှစ် မဖြစ်နိုင်ပေ၊ ရဲစွဲချက်တွင် ဝင်းညွန့်အောင်၏အသက်ကို (၁၀) နှစ်ဟု ဖော်ပြထားခြင်းမှာလည်း မှန်ကန်မှုမရှိပေ။ မူလမှုတွင် ပေါ်ပေါက်ချက်များအရ မောင်စိုးမှာ နို့ပို့သမားဖြစ်ပြီး၊ ဝင်းညွန့်အောင်မှာ နို့ဆီစက်ပိုင်ရှင်ဖြစ်သည်။ မောင်စိုး၏ တိုင်ချက်အရ ဝင်းညွန့်အောင်က နွားနို့ဈေးပိုပေးပြီး ဝယ်ယူသဖြင့် မောင်စိုးနှင့် မပြေမလည်ဖြစ်ကာ ဝင်းညွန့်အောင်က နှစ်တစ်လက်မ ပျဉ်ချောင်းဖြင့် ရိုက်ခြင်းဖြစ်သည်။ မောင်စိုး၏နှာခေါင်းရိုးကျိုးသွားခြင်းကြောင့် မောင်စိုးတွင် ပြင်းထန်သော ဒဏ်ရာကို ဝင်းညွန့်အောင်က အလိုအလျောက်ပြုခြင်းဖြင့် ရစေခြင်းဖြစ်သည်ဟု ဆိုရပေမည်။

$$\frac{\text{ကိုစိုး}}{\text{ဝင်းညွန့်အောင်}} \quad \text{နှင့်} \quad \frac{\text{ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ–၂}}{\text{ပြည်ထောင်စုမြန်မာနိုင်ငံတော်}} \quad \ldots \quad ၁$$

**ကင်းသမားတစ်ဦး၏ တာဝန်ဝတ္တရားများ၊ ထိုတာဝန်နှင့်ဝတ္တရားကို
ထမ်းဆောင်သည့် အနေဖြင့် မသင်္ကာသူတစ်ဦးကို တွေ့ရှိ၍ သေနတ်ဖြင့်
တစ်ချက်ပစ်ခတ်ရာ တစ်နေရာတွင် အိပ်ပျော်သူတစ်ဦး ထိမှန်၍ ထိုသူ
သေဆုံးခြင်း၊ ယင်းကင်းသမား၏ အပြုအမူအတွက် ပုဒ်မ ၃၀၂ (၂)
အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ ဥပဒေနှင့် ညီ မညီ။**

ဆုံးဖြတ်ချက်။ ။ အယူခံတရားလိုတပ်သားစိုင်းမျိုးဝင်းသန့်၏ အပြုအမူ၊ ကင်းသမားတစ်ဦး၏ တာဝန်နှင့်ဝတ္တရား၊ အချင်းဖြစ်ပွားရာနယ်မြေ အခြေ

အနေနှင့်အနေအထား၊ မကြည်ကြည်မာ၏ သေနတ်ကျည်ထိမှန် သေဆုံးမှု စာမျက်နှာ
စသည့်အကြောင်းခြင်းရာများကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၇၉ နှင့် ၈၀ ပါ
ပြဋ္ဌာန်းချက် အသီးသီးတို့နှင့် ဆက်စပ်၍ စုပေါင်းသုံးသပ်ပါက အယူခံတရားလို
၏ ပြုမူချက်သည် တာဝန်အရ ဆောင်ရွက်ရာ၌ ဥပဒေကို အယူအဆလွဲခြင်း
ကြောင့်မဟုတ်ဘဲ၊ အကြောင်းခြင်းရာကို အယူ အဆလွဲခြင်းကြောင့် ဥပဒေ
အရ ပြုပိုင်သည်ဟုသဘောရိုးနှင့် ပြုလုပ်သည်ဟု လည်းကောင်း၊ မကြည်
ကြည်မာ သေဆုံးမှုမှာလည်း မတော်တဆ သို့မဟုတ် ကံဆိုး၍ဖြစ်သည်ဟု
လည်းကောင်း သုံးသပ်ရရှိသည်ဖြစ်၍ မူလရုံးက အယူခံတရားလို စိုင်းမျိုး
ဝင်းသန့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုထင်ရှား
စီရင်ခဲ့ခြင်းမှာ ဥပဒေနှင့် ညီညွတ် မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်
ပေ။

စိုင်းမျိုးဝင်းသန့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၁၃

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ စွဲဆိုမှု၊ သက်သေတစ်ဦး၏ ကြိုတင်ထွက်ဆိုချက်နှင့် ရုံးရှေ့ထွက်ချက် ကွဲလွဲသည့်အခါတွင် ရုံးရှေ့ထွက်ချက်ကိုသာ လက်ခံအသုံးပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ ကြိုတင်ထွက်ချက်သည် တရားခံ၏ ရှေ့မှောက်၌ ထွက်ဆိုချက် မဟုတ်ခြင်း၊ တရားခံက ပြန်လှန်မေးမြန်းခွင့်မရခြင်းတို့ကြောင့် ယင်းထွက်ချက်ကို တရားခံအား အပြစ်ပေးနိုင်ရန် အသုံးပြုနိုင်သည် မဟုတ်ပေ။ တရားရုံးရှေ့ထွက်ချက်သည်သာလျှင် တရားခံက ပြန်လှန် စစ်မေးခွင့်ရှိ၍ သက်သေခံအဖြစ် အသုံးပြုနိုင်သည်၊ ကြိုတင်ထွက်ချက် ရယူထားခြင်းသည် ယင်းသက်သေကတ်ရားရုံးရှေ့တွင် လွယ်လင့်တကူ တမျိုးတမည် ထွက်ဆိုခြင်း မပြုနိုင်စေရန်အတွက် ရည်ရွယ်ခြင်းသာ ဖြစ်သည်။

မောင်ထွဋ် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၁၀

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၃၊ ၁၀၄–ပစ္စည်းကိုကာကွယ်ခုခံပိုင်ခွင့်၊ သက်သေထွက်ချက်များကို စိစစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ သေသူသည် ဆိုက်ကားကိုထား၍သူ့အားလိုက်၍

ရန်မူသောသူများအား တုတ်နှင့်လိုက်ရိုက်ကြောင်း၊ စိုးမြင့်အရိုက်ခံရကြောင်း စာမျက်နှာ
ထင်ရှားသည်။ သို့ဖြစ်ရာ ဆိုက္ကားပြန်ရသည်ထိပစ္စည်းကို ကာကွယ်နိုင်သည်
ဆိုစေဦး၊ ဆိုက္ကားကို သေသူက လက်လွတ်သွားချိန်တွင် ပစ္စည်းနှင့်စပ်လျဉ်း၍
ဦးကျော်ရင်တို့မိသားစုအနေဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၃၊ ၁၀၄ အရ
ကာကွယ်ခုခံနိုင်ခွင့် မရှိတော့ချေ။ သေသူသိန်းဝင်းသည် အရူးပင် ဖြစ်လင့်
ကစား စိုးမြင့်အား ရိုက်သောကြောင့် ခုခံပိုင်ခွင့်ရှိသည်မှာမှန်သည်။ သို့ရာတွင်
လိုအပ်သည်ထက် ကျော်လွန်ပြုလုပ်ခွင့်မရှိချေ။ လိုပြသက်သေများ၏
ထွက်ချက်အရ သေသူကစိုးမြင့်အား ရိုက်သောကြောင့် တရားခံဇော်လွင်
သည် သေသူအားတွန်းလိုက်ရာ မြောင်းထဲကျသွားသည်။ ထိုအခါ ဇော်လွင်
သည် သေသူလက်ဝယ်ရှိ တုတ်ကိုလုု၍ တစ်ချက်ရိုက်သည်ဟုဆိုသည်။
သေသူ၏လက်တွင် တုတ်ရှိလျှင် နောက်ထပ်မရိုက်တော့ဟု မဆိုနိုင်သေး
သောကြောင့် တုတ်ကိုလုု၍ တစ်ချက်ရိုက်သည်ဆိုခြင်းကို လက်ခံရမည်
ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ သေသူသည်ရရှိသော ပထမဒဏ်ရာကြောင့်
သေဆုံးရသည်မှာ ထင်ရှားသည်။ ရိုက်သောတုတ်မှာ ၂" x ၁" သစ်သားချောင်း
ဖြစ်ရာ ဦးခေါင်းကို အင်အားသုံး၍ ရိုက်လျှင် ပထမဒဏ်ရာရနိုင်သည်။
ဒုတိယဒဏ်ရာမှာ မျက်ခုံးတွင် ၁ စင်တီမီတာ သာရှိသော သာမန်ဒဏ်ရာ
ဖြစ်သဖြင့်မြောင်းထဲသို့ကျ၍ဖြစ်စေ၊ ပထမဒဏ်ရာရရှိအောင် ရိုက်လိုက်သည့်
အရှိန်ကြောင့်ဖြစ်စေ ဖြစ်ပေါ်နိုင်သည်ဟု ယူဆရသည်။ သီးခြားတစ်ချက်
ရိုက်လျှင် ၁ စင်တီမီတာမကသောဒဏ်ရာ ရနိုင်ဖွယ်ရှိသည်။ သို့ဖြစ်ရာ
တရားခံဇော်လွင်က တစ်ချက်ရိုက်ပြီးနောက် တစ်ဦးဦးက ရိုက်သေးသည်ဟု
ယူဆရန် သင့်မည်မဟုတ်ပေ။ လိုပြသက်သေများ၏ ထွက်ချက်အရ
အယူခံတရားခံဦးကျော်ရင်၊ ဒေါ်သန္တာသီး၊ စိုးမြင့်တို့ တုတ်နှင့် ဝိုင်းရိုက်
ကြသည်မှာ မှန်လျှင် သေသူ၏ဒဏ်ရာ များစွာရရှိမည်ဖြစ်သည်။ သေသူ၌
မုချသေစေသော ဒဏ်ရာတစ်ချက်နှင့် မျက်ခုံး၌ ၁ စင်တီမီတာခန့်ရှိ
ဒဏ်ရာတစ်ချက်သာလျှင် တွေ့ရသောကြောင့် လိုပြသက်သေများ၏
ထွက်ချက်မှာ သေသူရရှိသော ဒဏ်ရာအနေအထားနှင့် ဆရာဝန်၏ သက်သေခံ
ချက်အရ ယုံကြည်လက်ခံရန် ခဲယဉ်းသည်။ သက်သေများမှာ အမျိုးမျိုး
ကွဲလွဲနေကြသည်ဟူ၍လည်း မူလရုံးက သုံးသပ်ထားသည်။ မည်သည့်သက်သေ
ကို ယုံကြည်ရမည်၊ ပယ်ရမည်ဟူ၍ ပုံသေကားချမရှိ။ သက်သေထွက်ချက်များမှ

ယုံကြည်ရန်သင့်သောအကြောင်းများကို အမှုဖြစ်ရပ်နှင့် ဆက်စပ်ဆင်ခြင်၍ စာမျက်နှာ
လက်ခံရန်သာဖြစ်သည်။ ဤအခြေအနေတွင် အယူခံတရားခံ ဦးကျော်ရင်၊
ဒေါ်သန္ဓားသီးနှင့် မောင်စိုးမြင့်တို့ သားအဖသုံးဦးအပေါ် ယုံကြည်စိတ်ချ
လောက်သော သက်သေခံချက်မရှိဘဲ အပြစ်ပေးလျှင် ထင်ကြေးဖြင့်ဆုံးဖြတ်
ရာ ရောက်မည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးကျော်ရင်ပါ-၃ ... ၆၂

**ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၈ ပါ အင်္ဂါရုပ်အတွင်း အကြိုးဝင်လျှင်
ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ အရ စွဲချက်တင်ရန် လိုအပ်ခြင်း၊ ကတိ
စာချုပ်အရ အချင်းဖြစ်ခဲ့ခြင်းမှာ တရားလို၏ လက်ဝယ်သို့ရောက်ရှိနေ
ချိန်၌ တရားခံနှင့်အပေါင်းပါများက အဆိုပါ ခဲခြဲထဲမှ ခဲပင်များကို
ခုတ်ယူခဲ့ကြောင်း ပေါ်ပေါက်နေခြင်း၊ ပိုင်ဆိုင်မှုကို အတည်မပြုနိုင်သည့်
တိုင်အောင် တရားလို၏ လက်ဝယ်ရှိနေကြောင်း ပေါ်ပေါက်လျှင်
အခြားသူက အချင်းဖြစ်ခဲခြဲထဲမှ ခဲပင်များကို ခုတ်ယူခြင်းကြောင့်
နိုးမှုဖြင့် စွဲချက်တင်ရန် လိုအပ်ခြင်း။**

ဆုံးဖြတ်ချက်။ ။ သက်သေခံ (၁-၁) ကတိစာချုပ်အရ အချင်းဖြစ်ခြံမှာ
ဒေါ်အေးကြည်လက်ဝယ်သို့ ရောက်ရှိနေချိန်၌ မန်းရာကရာပိုးတို့က အချင်းဖြစ်
ခြံထဲမှ ခဲပင်များကို ခုတ်ယူကြောင်း ပေါ်ပေါက်နေသဖြင့် ပိုင်ဆိုင်မှုကို
အတည်မပြုနိုင်သည့် တိုင်အောင် အချင်းဖြစ် ခဲပင်၊ ခဲပျစ် များမှာ
ဒေါ်အေးကြည်၏ လက်ဝယ်တွင်ရှိသည်ဟု ကောက်ယူရမည်ပင် ဖြစ်သည်။
ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၈ ၏ ဥပမာ (က) တွင် အောက်ပါ အတိုင်း
ဖော်ပြထားသည်-

> "(က) မောင်ဖြူသည် မရိုးမဖြောင့်သောသဘောနှင့် မောင်မဲ၏
> လက်ရှိသစ်ပင်ကို မောင်မဲသဘောမတူဘဲယူရန်အကြံဖြင့်
> မောင်မဲ၏ မြေပေါ်မှ သစ်ပင်တစ်ပင်ကို ခုတ်လှဲ၏။ ဤတွင်
> မောင်ဖြူသည် ထိုသို့ယူရန် အလို့ငှာ သစ်ပင်ကို ဖြတ်ပစ်
> သည်နှင့်တပြိုင်နက် မောင်ဖြူသည် နိုးမှုကို ကျူးလွန်၏။"

ဆိုခဲ့သည့် ဥပမာ (က) အရ မန်းရာကရာပိုး၏ လုပ်ဆောင်ချက်များမှာ
နိုးမှုမြောက်သည်ဟု ယူဆနိုင်မည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးမန်းရာကရာပိုး ... ၁၁၂

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄။ သေသူကစတင်၍ တုတ်ဖြင့်ဝင်ရိုက်ကာ အိမ်ဝိုင်းထဲလှည့်ပတ်ပြေးရာမှ တွေ့ရှိသည့်ပေါက်ပြားဖြင့် (၃) ချက် ခုခံခဲ့ခြင်းကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၁၀ အရ သေစေသည်အထိ ခုခံကာကွယ်ပိုင်ခွင့်မရှိခြင်း၊ ယင်းအခြေအနေတွင် သေသူအား တရားခံက တမင်ရက်စက်စွာ နာကျင်စေမှု ပြုခဲ့သည်ဟု ကောက်ယူခြင်း ပြုနိုင်မပြုနိုင်၊ ပြစ်ဒဏ်တိုးမြှင့်သင့် မတိုးမြှင့်သင့်။ စာမျက်နှာ

ဆုံးဖြတ်ချက်။ ။ ဖြောင့်ချက်တွင် "ဦးအေးကို ကျနော်က ပြန်လည်ခုခံသည့် ပေါက်ပြားမှာ ရုံးရှေ့ရှိ သက်သေခံပေါက်ပြားဖြစ်ပါသည်။ ဦးအေးက ကျနော်အား ရိုက်နှက်ရာတွင် အသုံးပြုသည့်တုတ်မှာ ရုံးရှေ့ရှိ တုတ်ဖြစ်ပါသည်" ဟုပါရှိပြီး သက်သေခံပစ္စည်း ဝါးရင်းတုတ်နှင့် ပေါက်ပြား ပေါ်တွင် လူသွေးရှိကြောင်း၊ ဓာတုဗေဒပြန်ကြားစာ (သက်သေခံ-စ) အရ ထင်ရှားပေါ်ပေါက်၍ သေသူဦးအေးက ဝင်းညွန့်ကို ဝါးရင်းတုတ်ဖြင့်ရိုက်၍ ဝင်းညွန့်က ပေါက်ပြားဖြင့် ပြန်ခုတ်ရပါသည်ဆိုသော ထွက်ဆိုချက်ကို လက်ခံစဉ်းစားရမည် ဖြစ်သည်။သို့ရာတွင် သေသူ၏ဦးခေါင်းထိပ် တည့်တည့်နှင့်နဖူးတို့တွင် အရိုးကွဲအက်ကြေမွသွားသည့်အထိ ပြုလုပ်ခဲ့သော ဝင်းညွန့်၏ နာကျင်စေမှုများမှာ ခုခံကာကွယ်ပိုင်ခွင့်ကို လိုသည်ထက် များစွာ ပိုမို သည်ဟု ယူဆ၍ ပြစ်ဒဏ်ကို တိုးမြှင်းသင့်သည်ဟု သဘောရရှိသည်။

မောင်မင်းအောင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ ... ၁၄၀

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲချက်တင်ခြင်း။ အချင်းဖြစ်ပစ္စည်းမှာ အမွေဆိုင် မောင်နမများပိုင်ဖြစ်၍ အမွေကိစ္စဖြစ်သောကြောင့် တရားမကြောင်းအရသာ စွဲဆိုရမည်ဟု တိုင်းတရားရုံးက ဆုံးဖြတ်ခဲ့ခြင်း၊ အမွေမခွဲဝေရသေးသော ပစ္စည်းများကိစ္စအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ တရားစွဲဆိုခြင်းမပြုနိုင်သော ယူဆချက်ကို အမှုတိုင်းတွင် တရားသေကျင့်သုံးရန် မသင့်မြတ်ခြင်း။

ဆုံးဖြတ်ချက်။ ။ ခိုင်းနွားတစ်ရှဉ်းမှာ မောင်လှကြိုင်နှင့်မသန်းဝင်းတို့ ပူးတွဲပိုင်ဆိုင်ကြောင်းနှင့် ထိုနွားတစ်ရှဉ်းဖြင့် လယ်ယာလုပ်ငန်းလုပ်ကိုင်၍ ထွက်ရှိသည့်စပါးများအနက် တင်း (၁၀၀) ကို ဝမ်းစာအဖြစ် မောင်လှကြိုင်က မသန်းဝင်းကို နှစ်စဉ်ထောက်ပံ့ရန် တာဝန်ရှိသည်၊ မောင်လှကြိုင်နှင့် မသန်းဝင်းတို့၏အစ်ကို ဦးကျော်နှစ် (လိုပြ-၂) နှင့်ကိုခင်အေး (လိုပြ-၃)

တို့၏ ထွက်ဆိုချက်များအရ အချင်းဖြစ်နွားထီး (၂) ကောင်ကို မသန်းဝင်းနှင့် စာမျက်နှာ
မောင်လှကြိုင်တို့ ပူးတွဲပိုင်ဆိုင်ကြောင်း ပေါ်ပေါက်နေ၍ ထိုအခြေအနေတွင်
မောင်လှကြိုင်က နွားတစ်ကောင်ကို ရောင်းစားလိုက်ခြင်းမှာ ပြစ်မှုဆိုင်ရာ
ဥပဒေမပုဒ်မ ၄၀၅ ၏ ဥပဒေ (က) ပါအရ ပစ္စည်းထိန်းသိမ်းစီမံခန့်ခွဲရန်
ညီအစ်ကိုမောင်နှမအား လုံး၏ သဘောတူညီချက်ကို ဆန့်ကျင်၍ မိမိကိုယ်ကျိုး
အတွက် သုံးစွဲလိုက်ကြောင်း ထင်ရှားပေါ်လွင်သည်။

ဒေါ်သန်းဝင်း နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ ... ၁၅၈

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၇ တွင် အားပေးကူညီမှုမြောက်ရန် လိုအပ်သောအင်္ဂါရပ် (၃) ခု ပြဋ္ဌာန်းထားရှိရာ လူတစ်ဦးတစ်ယောက်အား လှုံ့ဆော်ခြင်း သို့မဟုတ် ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် တမင်ကူပံ့ခြင်း ဖြစ်ကြောင်း ထင်ရှားရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၇ ၏ ရှင်းလင်းချက် (၂) တွင် "မည်သူမဆို ပြုလုပ်မှုတစ်ခုကို မပြုလုပ်မိဖြစ်စေ၊ ပြုဆဲအခါ တွင်ဖြစ်စေ ထိုပြုလုပ်မှု ဖြစ်မြောက်လွယ်ကူစေခြင်းငှာ အရာတစ်ခုခုကိုပြု၍ ထိုသို့ပြုခြင်းဖြင့် ပြုလုပ်မှုဖြစ်မြောက်ရန် လွယ်ကူစေလျှင် ထိုသူသည် ထိုပြုလုပ်မှုကိုပြုရန် ကူပံ့သည်မည်၏" ဟူ၍ ပြဋ္ဌာန်းပါရှိသည်၊ မူလအမှုဌ ဘခင်ဖြစ်သူ ဦးဟန်ချိုသည် သားဖြစ်သူ ကျော်ဦးက သေသူ တင်ငွေအား ရိုက်ရန် ဓားဖြင့်ထိုးရန် တနည်းနည်းဖြင့် လှုံ့ဆော်ခြင်း၊ တမင်ကူပံ့ခြင်းတို့ ပြုခဲ့ကြောင်း မည်သည့်သက်သေခံချက်မျှ မရှိချေ သို့အတွက် တင်ငွေအား ကျော်ဦးက တုတ်ဖြင့်ရိုက်၊ ဓားနှင့်ထိုးနေသည့် အနီးအနားတွင် ဘခင် ဦးဟန်ချို ရှိနေယုံမျှဖြင့် ဦးဟန်ချိုအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)/၁၁၄ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းသည်။

ဟန်ချိုပါ-၂ / ကျော်ဦး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၁၉၈

ဖြောင့်ချက်-ဖြောင့်ချက်၌ အယူခံတရားလိုက ဓားနှင့်ထိုးခဲ့ကြောင်း မပါဘဲ ဖြောင့်ချက်အရ ပြစ်မှုထင်ရှားစီရင်ခြင်း ပြုနိုင် မပြုနိုင်၊ လူသတ်မှု ကျူးလွန်စဉ် သေဆုံးခြင်း။

ဆုံးဖြတ်ချက်။ ။ မူလရုံးသည် ဖြောင့်ချက်ကို အဓိက အခြေပြု၍

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရလည်းကောင်း၊ ယင်းဥပဒေပုဒ်မ စာမျက်နှာ
၃၉၂ အရ လည်းကောင်း ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဖြောင့်ချက်၌ ဦးနေတင်အား အယူခံတရားလိုက ဓားနှင့်ထိုးခဲ့ကြောင်း တစ်လုံးတစ်ပါဒမျှ မပါရှိချေ။ လုယက်မှုကျူးလွန်ရာတွင် လူသတ်ခဲ့လျှင် သတ်ဖြတ်ရန် ကြိုတင် ပူးပေါင်းကြံစည်ခဲ့သည့်အထောက်အထားမရှိခြင်းကြောင့် အယူခံတရားလိုအပေါ်မူလရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုထင်ရှား စီရင်ထားခြင်းသည် မှန်ကန်သည်ဟုမဆိုနိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၄ တွင် လုယက်မှုကျူးလွန်ရာ၌ တစ်ဦးတစ်ယောက်ကို နာကျင်စေလျှင် လုယက်မှု ကျူးလွန်ရာ၌ ဖက်စပ်ပါဝင်သူတို့ကိုလည်း ပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အယူခံတရားလို၏ ဖြောင့်ချက်အရဆိုလျှင် နန်းထွေးနှင့်အတူ လုယက်ခဲ့ရာ၌ နန်းထွေးသည် ဦးနေတင်အား ဓားနှင့်ထိုးခဲ့၍ ဦးနေတင် သေဆုံးခဲ့ရာ အယူခံတရားလိုလည်း တာဝန်ရှိပေသည်။ **မောင်လှရွှေပါ–၃နှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု**[၁] ကို ရည်ညွှန်းသည်။ သို့ဖြစ်ရာ မူလရုံးက အယူခံတရားလိုအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ ပြစ်မှုထင်ရှား စီရင်ထားခြင်းသည်လည်း မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ကိုစိုးလွင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၆

ရာဇသတ်ကြီးဥပဒေပုဒ်မ ၈၄ အရ ပြစ်မှုကျူးလွန်စဉ်က စိတ်ပေါ့သွပ်ကြောင်း အကာအကွယ်မယူစေကာမူ ယင်းသို့ပေါ်ပေါက်ခဲ့ခြင်း ရှိ မရှိ ပြည့်ပြည့်စုံစုံ စီစစ်ရန် လိုအပ်ခြင်း တရားခံ လူသတ်မှု ကျူးလွန်သည်ဆိုသောနေ့မှာ တရားခံအား စိတ်ရောဂါအထူးကုဆေးရုံသို့ ပြန်လည်ပြသရန် ချိန်းဆိုထားသည့်ရက်ထက် ကျော်လွန်နေခြင်း၊ တရားခံသည် ဆက်ဖိုဖရိုးနီးယားဆေါ် ကြမ်းတမ်းသည့် စိတ်ရောဂါ ဝေဒနာခံစားခဲ့ရခြင်း၊ ယင်းအခြေအနေမျိုးတွင် တရားခံအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၄ ၏ အကာအကွယ်ကို မပေးသင့် ပြည့်ပြည့်စုံစုံ စစ်ဆေးရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။ ဆရာဝန် ဦးတင်အောင်သန်း (လို့ပြ–၇) က အယူခံတရားလို ခံစားနေရသည့် စိတ်ရောဂါမှာ (ဆက်ဖိုဖရိုးနီးယား) စိတ်ရောဂါဖြစ်ပြီး စိတ်ရောဂါများတွင် အကြမ်းတမ်းဆုံးဖြစ်ကြောင်း၊ ရုံးရှေ့တွင် ပြသခဲ့သည့် ဆေးမှတ်တမ်းစာအုပ်အရ ဆေးရုံမှဆင်းခဲ့သည့် ၁၂–၆–၉၂

နေ့မှ (၆) လကြာတွင် စိတ်ရောဂါအထူးကုဆေးရုံသို့ ပြန်လည်ပြသရန် စာမျက်နှာ
ဖြစ်ကြောင်း ထွက်ဆိုထားသည်။ သို့ဖြစ်၍ အချင်းဖြစ်ချိန်က အယူခံ
တရားလို၏ စိတ်ဖောက်ပြန်မှု ရှိနိုင် မရှိနိုင် ဆုံးဖြတ်ရန်အတွက် ထိုစဉ်က
အယူခံတရားလိုဘက်မှ ပြသမေးမြန်းသည့် မြောက်ဥက္ကလာပ စိတ်ရောဂါ
အထူးကုဆေးရုံကြီး၏ ဆေးကုမှတ်တမ်းအမှတ်စဉ်–၀၇၂၅၉၇ ကိုဖြစ်စေ၊
ယင်းမှတ်တမ်း၏ တရား၀င်မိတ္တူကိုဖြစ်စေ သက်ဆိုင်ရာမှ တင်ပြစေရန်
ဆင့်ဆိုပြီးနောက် စစ်ဆေးမေးမြန်းရန် အယူခံတရားလို ထောင်ကျခံနေရသည့်
သက်ဆိုင်ရာ တောင်ငူမြို့အကျဉ်းထောင်တာ၀န်ခံအရာရှိကိုခေါ်ယူကာ အယူခံ
တရားလို ဆူရင်ဒတ်ကူးမား၏ လက်ရှိစိတ်ပိုင်းဆိုင်ရာ အခြေအနေကို
ပြည့်ပြည့်စုံစုံ စစ်ဆေးမေးမြန်းရန် ပဲခူးတိုင်းတရားရုံး (တောင်ငူခရိုင်)
အား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ အရ ညွှန်ကြားလိုက်သည်။

ဆူရင်ဒတ်ကူးမား နှင့်ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၂၃

**ကလေးစရိတ်အမှုများတွင် စွပ်စွဲခံရသူသည် သန္ဓေသားပေးစွမ်းနိုင်အားရှိသူ
မဟုတ်ဟု ထုချေရာ၌ ပြင်ပဆေးခန်းဆရာ၀န်၊ ဓာတ်ခွဲခန်း စမ်းသပ်ချက်
မှတ်တမ်း တင်ပြရုံမျှဖြင့် စွပ်စွဲသူနှင့် စွပ်စွဲခံရသူတို့မှ ရရှိသော
ကလေးမဟုတ်နိုင်ဟု တစ်ထစ်ချကောက်ယူသုံးသပ်ရန် မဟုတ်ခြင်း။**

ဆုံးဖြတ်ချက်။ ။ သက်သေခံ (၁) ဆေးစာမှာ ကျန်းမာရေး၀န်ကြီးဌာနက
တရား၀င်ဖွင့်လှစ်ထားသည့်ဆေးရုံ၊ ဆေးပေးခန်း၏ ဆေးဘက်ဆိုင်ရာ
ဆရာ၀န် သို့မဟုတ် သမားတော်အနေဖြင့် စစ်ဆေးစမ်းသပ်ပေးထားသည့်
တရား၀င် ဆေးစာမဟုတ်ဘဲ "မေတ္တာရောဂါရှာဖွေရေးဓာတ်ခွဲခန်း" အနေဖြင့်
ထုတ်ပေးထားသည့် ဆေးစစ်ချက်မှတ်တမ်းသာလျှင်ဖြစ်သည်။ ယင်းဆေးစာ
ကို ရေးပေးသည့် ဆရာ၀န်ဒေါ်ခင်စိန်၀င်း (လိုပြ–၂) ၏ ထွက်ဆိုချက်အရ
ကိုမြင့်သိန်းနှင့် မညွန့်ညွန့်သန်းတို့၏ အိမ်ထောင်ရေးကိစ္စကို ပြောမပြဘဲ
ကိုမြင့်သိန်းက ၎င်း၏ သုတ်ရည်ကို လာရောက်စစ်ဆေးခိုင်းကြောင်းလည်း
တွေ့ရှိရသည်။ ထိုဆေးစာကို အမှန်ဟု လက်ခံသည့်တိုင်အောင် ကိုမြင့်သိန်း
၏ဇနီး ဒေါ်မြိုင်ကိုဖြစ်စေ မညွန့်ညွန့်သန်းကိုဖြစ်စေ သန္ဓေသားကိစ္စနှင့်
စပ်လျဉ်း၍ ကိုမြင့်သိန်းနှင့် တွဲဖက်၍ တရား၀င် စစ်ဆေးခဲ့ကြောင်း မပေါ်
ပေါက်သောကြောင့် ကိုမြင့်သိန်းနှင့် တရား၀င်ဇနီးဒေါ်မြိုင်တို့မှ သားသမီး
မရရှိခဲ့ယုံမျှဖြင့် ကိုမြင့်သိန်းနှင့် မညွန့်ညွန့်သန်းတို့ သံ၀ါသပြုရာမှ

သားသမီးမရရှိနိုင်ဟု မယူဆနိုင်ပေ။ ထိုအခြေအနေတွင် မူလရုံးက ကလေး စာမျက်နှာ
စရိတ်ပေးစေရန် ကိုမြင့်သိန်းအပေါ် အမိန့်ချမှတ်ခြင်းမှာ မှန်ကန်သည်။
မညွန့်ညွန့်သန်း နှင့် ကိုမြင့်သိန်း ... ၂၀

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁)–မိမိ၏ကလေးဖြစ်ပါက စားစရိတ်ထောက်ပံ့ရန် တာဝန်ရှိခြင်း–သက်သေခံဥပဒေပုဒ်မ ၁၁၂ ပြဋ္ဌာန်းချက်မှာ တရားဝင်ကလေးများနှင့်စပ်လျဉ်း၍သာ အကျုံးဝင်ခြင်း။

ဆုံးဖြတ်ချက်။ ။ ကလေးစရိတ်ပေးရန် တာဝန်ရှိခြင်းနှင့်စပ်လျဉ်း၍ တရားဝင်ကလေးဖြစ်စေ၊ တရားမဝင်ကလေးဖြစ်စေ မိမိ၏ကလေးဖြစ်ပါက စားစရိတ် ထောက်ပံ့ရန် တာဝန်ရှိသည်။ သက်သေခံဥပဒေပုဒ်မ ၁၁၂ မှာ တရားဝင်ကလေးနှင့်စပ်လျဉ်း၍သာ အကျုံးဝင်သဖြင့် ယင်းပြဋ္ဌာန်းချက်မှာ ဤအမှုတွင် အဓိက စဉ်းစားရန် လိုမည် မဟုတ်ပေ။

မောင်ညွန့်ဟန် နှင့် မအေးနု ... ၂၃

ပြစ်မှုဆိုင်ရာ မူလမှုများတွင် စွပ်စွဲခံရသူကို ဒုတိယအကြိမ် အရေးယူ သင့်မသင့် ချင့်ချိန်ရန် လိုအပ်ခြင်း၊ ကုမ္ပဏီရှိစာရင်းရှင်းလင်းဖျက်သိမ်းဆဲကာလတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ ခွင့်ပြုချက်ဖြင့် ကုမ္ပဏီရှယ်ယာဝင်သူက အစောင့်အဖြစ်ထားရှိခြင်းကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၇ အရ အရေးယူရန် သင့် မသင့် ချိန်ဆစီစစ်ရန်လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။ ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်) က ယခင်ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၈၀၄/၉၂ တွင် လျှောက်ထားသူ ဒေါ်တီနှင့် ဒေါ်စုတို့ကို နောက်တိုးတရားခံများအဖြစ် ရာဇဝတ်မကင်းသော ကျော်နင်းမှုဖြင့် အရေးယူရန် မလိုအပ်ကြောင်း အမိန့်ချမှတ်ထားပြီး ဖြစ်ပါလျက် ဗဟန်းမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၅၁/၉၃ ဖြင့် ထပ်မံ၍ ယင်းယခင်ဖြစ်ရပ်ပါ ပြစ်မှုဖြင့် အရေးယူဆောင်ရွက်ခဲ့ခြင်းမှာ တရားစီရင်ရေးယန္တရားကို လွဲမှားစွာ အသုံးပြုရာရောက်ကြောင်း ထင်ရှားသည်။

ဒေါ်တီပါ–၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ–၂ ... ၄၀

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၄၊ ၄၁၃–ပြင်ဆင်မှုတင်သွင်းရမည့် အစား အယူခံဝင်ရောက်လျှင် ပြင်ဆင်မှုအာဏာကို ကျင့်သုံးခြင်း ပြုနိုင်မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၄ တွင်

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့်တည်ဆဲဥပဒေတွင် ပြဋ္ဌာန်းချက်မှတစ်ပါး စာမျက်နှာ
ပြစ်မှုဆိုင်ရာ တရားရုံး၏ စီရင်ချက် သို့မဟုတ် အမိန့်ကို အယူခံခွင့်မရှိစေရဟု ပြဋ္ဌာန်း၍ အယူခံခွင့်ကို တရားဥပဒေအရ သတ်မှတ်ထားသည်၊ ယင်း ဥပဒေပုဒ်မ ၄၁၃ တွင် ပထမတန်းအာဏာရ တရားသူကြီးက တစ်လထက် မပိုသော ထောင်ဒဏ်၊ ကျပ်တစ်ရာထက်မပိုသော ဒဏ်ငွေကို ချမှတ်လျှင် အယူခံခွင့်မရှိဟု ပြဋ္ဌာန်းထားသည်၊ မူလရုံးတရားသူကြီးမှာ ပထမတန်း အာဏာရရှိသဖြင့် ထောင်ဒဏ်တစ်လချမှတ်သည့်အမိန့်ကို အယူခံခွင့်မရှိ၊ ယင်းသို့အယူခံခွင့်မရှိဘဲ အယူခံတင်သွင်းမှု၌ မှားယွင်းကြောင်း တင်ပြခဲ့ပြီး ပြင်ဆင်မှုအနေဖြင့်အဆုံးအဖြတ်ပေးရန် တင်ပြခဲ့သည့်အတိုင်း တိုင်းတရားရုံးက ဆုံးဖြတ်ခြင်းဖြစ်သည်၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၅) တွင် အယူခံဝင်ခွင့်ရှိပါလျက် အယူမခံဘဲ ပြင်ဆင်မှုအဖြစ် တင်သွင်းလာသည့် မူခင်းကိစ္စကို စဉ်းစားနိုင်ရန် လက်မခံရဟု ပြဋ္ဌာန်းထားသော်လည်း အယူခံဝင်ခွင့်မရှိသောအမှုကို ပြင်ဆင်မှုအနေဖြင့် လက်ခံဆောင်ရွက်ခြင်း မပြုရဟု ပိတ်ပင်တားမြစ်ခြင်းမရှိချေ။ ထို့ကြောင့် မှားယွင်း၍ အယူခံ တင်မိကြောင်း ဝန်ခံပြီး ပြင်ဆင်မှုအဖြစ် အဆုံးအဖြတ် ခံယူလိုပါကြောင်း တင်ပြသည့်အတိုင်း အမှု၏ အရည်အသွေးအရ တိုင်းတရားရုံးမှ လက်ခံ၍ ဆုံးဖြတ်ခြင်းသည် မှားယွင်းမှုမရှိဟု ဆိုရပေမည်။

ဦးပန်းညွန့်ပါ–၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ–၂ ... ၁၁

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ဂ)/၃၄–မည်သို့သော အခြေအနေမျိုးတွင် အမှုအတိမ်အနက်ကို နားမလည်၍အပြစ်ရှိကြောင်း ဝန်ခံခဲ့ခြင်းဖြစ်သည်ဟု တရားခံ၏ တင်ပြချက်ကို လက်ခံဖွယ်ရာမရှိခြင်း–မည်သည့်အခါတွင် ခိုးမှုမှ လုယက်မှုအဆင့်သို့လည်းကောင်း၊ လုယက်မှုမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ)/၃၄ အရ ပြစ်မှုသို့လည်းကောင်း တစ်ဆက်တည်း ဆက်တိုက် ကျူးလွန်ရာရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ)/၃၄ အရ စွဲချက်ကို ဖတ်ကြားရှင်းလင်းပြောပြရာ တရားခံတို့က သိရှိကြောင်းနှင့် စွဲချက်ပါပြစ်မှုအရ အပြစ်ရှိကြောင်း ဝန်ခံခဲ့ခြင်းဖြစ်သည်၊ တရားခံ (၄) ဦးစလုံးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၀ (၁) နှင့် တရားရုံးများ လက်စွဲအပိုဒ် ၄၅၇ တို့အရ ဥပဒေတတ်ကျွမ်းသူ ရှေ့နေ ရှေ့ရပ်ဖြင့် ခုခံချေပခွင့်နှင့်တရားလိုပြသက်သေတို့အား ပြန်လှန် စစ်မေး

ခွင့်တို့ကို ရရှိခဲ့ပြီးဖြစ်သောကြောင့် အမှုအတိမ်အနက်ကို နားမလည်၍ စာမျက်နှာ
အပြစ်ရှိကြောင်းဝန်ခံခဲ့သည်ဟု တင်ပြချက်ကို လက်ခံဖွယ်ရာ မရှိပေ။
တရားခံတို့သည် ခါးပိုက်နှိုက်ယူ၍ ရရှိသော ငွေများကို ယူဆောင်ထွက်ပြေး
လွတ်မြောက်နိုင်စေရန် ရန်းကန်ကြိုးစားအားထုတ်နေစဉ် ငွေအနှိုက်ခံရသော
သေသူနှင့်အပေါင်းပါတို့အား မားမြှောင့်ဖြင့် ထိုး၍ နှိမ်နင်းဟန့်တားထားခဲ့ပြီး
ထွက်ပြေးလွတ်မြောက်သွားခဲ့ကြခြင်းဖြစ်သည်။ ယင်းသို့ တရားခံတို့၏
ကျူးလွန်မှုမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ အရ ခိုးမှုမှ ယင်းဥပဒေပုဒ်မ
၃၉၂ အရ လုယက်မှုအဆင့်သို့လည်းကောင်း၊ လုယက်မှုမှ ယင်းဥပဒေပုဒ်မ
၃၀၂ (၁) (ဂ)/၃၄ အရ ပြစ်မှုကျူးလွန်သည့်အဆင့်သို့လည်းကောင်း၊
လုယက်မှုမှ ကူးပြောင်း၍ တစ်ဆက်တည်း ဆက်တိုက်အောင်မြင်ထမြောက်စွာ
ကျူးလွန်ခဲ့ရာရောက်သည်။

$$\frac{\text{ပြည်ထောင်စုမြန်မာနိုင်ငံတော်}}{\text{တင်ကြူပါ-၄}} \text{ နှင့် } \frac{\text{တင်ကြူပါ-၄}}{\text{ပြည်ထောင်စုမြန်မာနိုင်ငံတော်}} \cdots$$ ၈၃

လက်အောက်ခံမူလတရားရုံး တစ်ရုံးရုံးတွင် တရားစွဲဆိုထားသည့် ပြစ်မှုတစ်ရပ်ရပ်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-ကအရ ချေဖျက်ပေးရန် လျှောက်ထားလာသည့် အထွေထွေလျှောက်ထားမှုအပေါ် ပထမအကြိမ် ဆုံးဖြတ်ပြီးကာမှ အခြေအနေအပြောင်းအလဲဖြစ်ရပ်အပေါ် အခြေပြုပြီး ဒုတိယအကြိမ် တရားရုံးချုပ်သို့ ယင်းအမှုကိုပင် ချေဖျက်ပေးရန် အထွေထွေမှု ထပ်မံတင်သွင်းခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ အမှုကို ချေဖျက်ပေးရန် ပထမအကြိမ် အထွေထွေလျှောက်လွှာတင်သွင်းပြီးနောက်မှ ဒုတိယအကြိမ် ထပ်မံ၍ အမှု ချေဖျက်ပေးရန် အထွေထွေလျှောက်ထားမှု တင်သွင်းခြင်းကို တရားဥပဒေ အရ ပိတ်ပင်တားမြစ်ထားခြင်းမရှိသဖြင့် ယင်းအချက်နှင့်စပ်လျဉ်း၍ တရားခံ တို့၏ ထုချေချက်ကို လက်ခံနိုင်သော်လည်း ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှု အမှတ် ၅၀၆/၉၂ အရ ဒေါ်နီလာဘာရာဒွါဂျာက ဦးတိုနီဆင်းပါ (၂) ဦးတို့အပေါ် တရားမမှုစွဲဆိုထားသည့်အပြင် ဒုတိယအကြိမ် ချေဖျက် ပေးရန် လျှောက်ထားသည့်အခါ အမှုအခြေအနေမှာ အယူခံတရားခံ (၂) နှင့် (၃) တို့က အလွဲသုံးစားပြု ရောင်းစားထားသည်ဟု စွပ်စွဲခံထားရသည့် ပစ္စည်းများ အားလုံးကို စာရင်းအတိုင်း မူလရုံးရှေ့သို့ မှန်ကန်စွာ တင်ပြ နိုင်ခဲ့ပြီးဖြစ်သောကြောင့် တရားရုံးချုပ်က အမှုတွဲကို ချေဖျက်ထားခြင်းသည်

မှန်ကန်ကြောင်းဖြင့် တရားခံ ဦးတိုနီဆင်းပါ (၂) ဦးတို့၏ တင်ပြချက်ကို စာမျက်နှာ လက်ခံနိုင်မည် မဟုတ်ပေ။

သို့ဖြစ်၍ ယင်းအခြေအနေမျိုးတွင် အမှုအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁–က အရ ချေဖျက်လိုက်သည့်အမိန့်သည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဒေါ်နီလာဘာရာဒွါဂျာပါ–၃ ... ၁၀၃

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၄၇ နှင့် ပုဒ်မ ၂၅၉ ပြဋ္ဌာန်းချက်များမှာ အခြေခံအားဖြင့်ခြားနားခြင်း – တရားရုံးချုပ်၏ ညွန်ကြားချက်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပြဋ္ဌာန်းချက်များကို လွှမ်းမိုးပယ်ဖျက်နိုင်စွမ်း မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ မြို့နယ်တရားရုံးက စွပ်စွဲခံရသူ ဦးမြင့်သိန်းတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၃ အရ အရေးယူဆောင်ရွက်ခဲ့ရာ ယင်းပုဒ်မ အရ ပြစ်မှုမှာ ဝရမ်းမှုအမျိုးအစားတွင် အကျုံးဝင်သောအမှုဖြစ်သည်။ ထို့ကြောင့် မူလမှုတွင် တရားလိုရုံးချိန်းနေ့၌ လာရောက်ရန်ပျက်ကွက်ချက်ကို အကြောင်းပြု၍ မိမိတို့အား အမှုမှ ပြန်လွှတ်ပေးစေရန် အစွပ်စွဲခံရသူတို့၏ လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်တရားရုံးက ဝရမ်းမှုနှင့်သက်ဆိုင်သော ပြဋ္ဌာန်းချက်ဖြစ်သည့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၅၉ အရ အမိန့်ချမှတ်ရန်ဖြစ်သော်လည်း ယင်းဥပဒေပုဒ်မ ၂၄၇ အရ အစွပ်စွဲခံရသူအား အမှုမှ အပြီးအပြတ်လွှတ်ရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ် မှားယွင်းချွတ်ချော်သည်။

ထပ်မံဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၄၇ အရ အမိန့်ချမှတ်ရာတွင် အစွပ်စွဲခံရသူအား အမှုမှအပြီးအပြတ်လွှတ် (တရားသေလွှတ်) ရန်ဖြစ်ပြီး ယင်း ဥပဒေပုဒ်မ ၂၅၉ အရ အမိန့်ချမှတ်ရာတွင် စွဲချက်မတင်မီ အဆင့်၌ အစွပ်စွဲခံရသူအား အမှုမှ ပြန်လွှတ် (တရားရှင်လွှတ်) ထားရန်ဖြစ်ရာ အခြေခံအားဖြင့် ခြားနားမှုရှိနေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ဦးမြင့်သိန်းပါ–၂ ... ၁၁၇

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆–စွဲချက်တင် ဖြေရှင်းစေသည့်အမိန့်ကို ပယ်ဖျက်သည့်ကိစ္စ။

ဆုံးဖြတ်ချက်။ ။ ပဲခူးတိုင်းတရားရုံး (ပဲခူးခရိုင်) ၏ အမိန့်တွင် မူလရုံးမှ စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်၍ ထပ်မံစုံစမ်းစစ်ဆေးရန် ပြစ်မှုဆိုင်ရာ

ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ညွှန်ကြားထားသည်၊ ယင်းဥပဒေပုဒ်မ ၄၃၆ စာမျက်နှာ
မှာ မူလရုံးက စွဲချက်မတင်မီ လွတ်သည့်အမှုများတွင် ထပ်မံ စုံစမ်း
စစ်ဆေးရန် ကျင့်သုံးသည့်လုပ်ပိုင်ခွင့်ဖြစ်သည်၊ ယခုကဲ့သို့လျှောက်ထား
ခံရသူများအား စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်ရန်နှင့်မသက်ဆိုင်ကြောင်း
ဖော်ပြလိုပေသည်။

ဦးရမ်းမဂျီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၆ ... ၁၅၅

**မူလရုံးရှေ့တွင် အပြစ်ရှိကြောင်း ဝန်ခံသည့်တရားခံကို ပြင်ဆင်မှုကြားနာ
သည့် တရားရုံးက အပြီးအပြတ် လွတ်ခွင့်မရှိခြင်း၊ တရားရုံးချုပ်အနေဖြင့်
အောက်ရုံး၏အမိန့်များကို ပြင်ဆင်ခြင်း၊ ကုစားပေးခြင်းစသည်များကို
အဆုံးအဖြတ် ပြုရာတွင် တရားဥပဒေကျင့်ထုံးနှင့်လည်းညီစေ၊ မှန်ကန်
မျှတမှုကိုလည်း ပေးစွမ်းစေနိုင်သည့်အမိန့်မျိုးကို ချမှတ်ရန် လိုအပ်ခြင်း။**

ဆုံးဖြတ်ချက်။ ။ အပြစ်ရှိကြောင်း ဝန်ခံခြင်းဖြင့် တရားခံသည် မိမိအား
ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှန်ကန်မှုရှိ မရှိ စောဒ ကတက်ခွင့်ကို ပိတ်ပင်စေ
နိုင်သော်လည်း အဆင့်မြင့်သော တရားရုံးက တရားမျှတမှု ရှိ မရှိ
စိစစ်ခွင့်ရှိသည်။ စိစစ်ရန်လည်း ဟာဝန်ရှိသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
ပုဒ်မ ၄၃၉ ပါ ပြဋ္ဌာန်းချက်များအရ အဆင့်မြင့်သော တရားရုံးသည်
တရားဥပဒေ တိမ်းစောင်းမှုကို တားဆီးခွင့်ရှိသည်။

မောင်လှမြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ ... ၁၆၇

**စွဲချက်နှင့်အမှုကို ချေဖျက်ရန် လျှောက်ထားခြင်း - မူလမြို့နယ်တရားရုံးက
စွဲချက်မတင်မီ လွတ်သောအမိန့်ကို တိုင်းတရားရုံးက ပယ်ဖျက်ပြီးနောက်
မြို့နယ်တရားရုံးက စွဲချက်တင်ဖြေရှင်းစေသည့်အမိန့်ကို ချမှတ်ခြင်းသည်
မိမိဘာသာချမှတ်သောအမိန့်ကို ပယ်ဖျက်ရာရောက် မရောက်။**

ဆုံးဖြတ်ချက်။ ။ မြို့နယ်တရားရုံး၏ ၃၀-၁၁-၉၂ ရက်စွဲဖြင့်
ဦးဝေလွင်အား စွဲချက်မတင်မီ လွတ်ခဲ့သည့်အမိန့်ကို တိုင်းတရားရုံးက
ပယ်ဖျက်ခဲ့ပြီးဖြစ်၍ ၃၀-၁၁-၉၂ ရက်စွဲပါအမိန့်မှာ ပျက်ပြယ်ခဲ့ပြီးဖြစ်သည်။
တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်ပါက ပယ်ဖျက်ပေးရန် အခွင့်အရေး
ရှိပါလျက် တရားရုံးချုပ်သို့ မတက်ရောက်ခဲ့သောကြောင့် တိုင်းတရားရုံး၏
အမိန့်မှာ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ အတည်ဖြစ်လျက်ရှိသည်။
မြို့နယ်တရားရုံးသည် တိုင်းတရားရုံး၏ အမိန့်အရ ဦးဝေလွင်အပေါ် ပြစ်မှု
ဆိုင်ရာဥပဒေပုဒ်မ ၄၁၇ အရ စွဲချက်တင်၍ ဥပဒေနှင့်အညီ စစ်ဆေးလျက်

ရှိသည်။ ယင်းသို့ စွဲချက်တင်ခြင်းသည် ပယ်ဖျက်ပြီးသော ၃၀-၁၁-၉၂ စာမျက်နှာ ရက်စွဲပါ အမိန့်နှင့်ဆန့်ကျင်ပါသည်ဟု မည်သို့မျှ ပြောဆိုရန်အကြောင်း မရှိကြောင်း အထူးရှင်းပြရန် မလိုချေ။ ထို့ပြင် ၃၀-၁၁-၉၂ ရက်စွဲပါအမိန့်မှာ တရားခံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၆ အရ စွဲချက်တင်ရန်အကြောင်း မရှိဟု သုံးသပ်၍ လွှတ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် စွဲဆိုသော ဥပဒေပုဒ်မအရ အရေးယူရန် ထင်ရှားခြင်းမရှိ၍ စွဲချက်မတင်မီ လွှတ်ခဲ့ခြင်း ဖြစ်သည်။ မည်သို့ပင်ဆိုစေ ပယ်ဖျက်ခဲ့ပြီးသော အမိန့်ပါ စကားရပ်ကို ကွက်၍ ကောက်ယူကာ လုပ်ထုံးလုပ်နည်းနှင့် ဆန့်ကျင်ကြောင်း၊ မိမိ ချမှတ်သော အမိန့်**ကို မိမိ**ဘာသာ ပယ်ဖျက်**ရာရောက်**ကြောင်း တင်ပြချက်မှာ မည်သို့မျှ လက်**ခံရန်** အကြောင်းမရှိချေ။

ထပ်မံဆုံးဖြတ်ချက်။ ။ ဒုတိယမြို့နယ်တရား**သူကြီး**က လျှောက်ထားသူ အပေါ် ပြစ်**မှု**ဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ **အရ စွဲ**ချက်တင်သည့်အမိန့်ကို ၅-၇-၉၃ **ရက်**နေ့က ချမှတ်ထားခြင်းဖြစ်**သော်လည်း** လျှောက်ထားသူသည် တိုင်းတရားရုံးသို့ ပယ်ဖျက်ရန် လျှောက်ထား**ခဲ့**ခြင်း မပြုခဲ့ချေ။ တိုင်းတရားရုံး၏ ပြင်ဆင်မှုတွင် ချမှတ်ခဲ့သောအမိန့်၊ မြို့နယ်တရားရုံးမှ စွဲချက်တင်သော အမိန့်များအပေါ် လျှောက်ထားသူသည် ဆင်းရဲသောကြောင့် မတက်ရောက်ခဲ့ရပါဟူသော အကြောင်းပြချက်ကို လက်ခံရန်သင့်ကြောင်း၊ ထုံးသာကေ မရှိခဲ့ဘူးချေ။ စင်စစ်အားဖြင့် ကာလစဉ်းကမ်းသတ် ကျော်လွန်ခဲ့ပြီးနောက်မှ လျှောက်ထားသူအပေါ် စွဲချက်ကို ပယ်ဖျက်ပေးရန်အတွက် ကုစားသည့်အနေဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ လျှောက်ထားလာခြင်း ဖြစ်ကြောင်း ပေါ်ပေါက်သည်။ စွဲချက်ကို ပယ်ဖျက်ရန်ဆိုလျှင် တိုင်းတရားရုံးသို့သာ လျှောက်ထားရမည်ဖြစ်သည်။ တရားရုံးချုပ်က အခြေတကျ ကျင့်သုံးသော မူတစ်ရပ်မှာ အလားတူသက်သာခွင့်မျိုးကို အောက်ရုံးများတွင် ရရှိနိုင်ပါကယင်းသို့သောသက်သာခွင့်မျိုး တောင်းဆိုသည့်လျှောက်လွှာများဖြင့် တရားရုံးချုပ်အား ဝန်ထုပ်ဝန်ပိုးမဖြစ်စေသင့်ဟူ၍ဖြစ်သည်။

ဦးဝေလွင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂ ... ၁၇၄

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) ပါ ပြဋ္ဌာန်းချက်အရ တရားရုံးတစ်ရုံးတွင် အမှုရင်ဆိုင်နေကြသည့်အမှုသည်တစ်ဦးက အဆိုပါ အမှုတွင်တင်ပြသည့် သို့မဟုတ် သက်သေခံချက်ပေးထားသည့် စာတမ်း အမှတ်အသားတစ်ခုနှင့်စပ်လျဉ်းပြီး လိမ်လည်အတုပြုသည်ဟု စွပ်စွဲ

**သည့်အခါ အဆိုပါ တရားရုံးက သို့မဟုတ် ယင်းတရားရုံး၏ အထက် စာမျက်နှာ
တရားရုံးက စာဖြင့်ရေးသားတိုင်တန်းချက်အရ မဟုတ်လျှင် အရေးယူ
ဆောင်ရွက်မှု မပြုနိုင်ခြင်း။**

ဆုံးဖြတ်ချက်။ ။ အမှုတွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၇၁ အရ အရေးယူရန် စာဖြင့် ရေးသားတိုင်တန်းချက် တစ်စုံတစ်ရာရှိကြောင်း မတွေ့ရပေ။ လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းသာဖြစ်၍ ပြင်ဆင်မှု တရားရုံးအနေဖြင့် မူလရုံး၏အမိန့်ကို ပယ်ဖျက်ရန် သို့မဟုတ် အတည်ပြုရန် အမိန့်ချမှတ်ရန်သာရှိမည်ဖြစ်သည်။ သို့ပါလျက် မူလရုံး၏ စွဲချက်တင်သည့်အမိန့်ကို အတည်ပြုသည့်အပြင် နောက်ထပ်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၁ အရ ထပ်မံ၍ စွဲချက်တင်ရန် ညွှန်ကြားခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁)(ဂ) ပါ ပြဋ္ဌာန်းချက်များအရ ဥပဒေနှင့်အညီ ချမှတ်ခဲ့သည့်အမိန့်ဖြစ်သည်ဟု မဆိုနိုင်ပေ။

ဦးသိန်းအောင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ–၂ ဦးသိန်းအောင်ပါ–၂ ၁၉၀

**ရုံးပြောင်းလျှောက်ထားမှု–တစ်ရုံးတည်းတွင် တာဝန်ထမ်းဆောင်နေကြသူ
များဖြစ်၍ အများအမြင်တွင် ဖြစ်နိုင်ခြေရှိသော သဲသယပင်ဖြစ်ခြင်း။**

ဆုံးဖြတ်ချက်။ ။ တရားလိုသည် အမှုစစ်တရားသူကြီး၏ လက်အောက်တွင် တာဝန်ထမ်းဆောင်နေသူ ဖြစ်သဖြင့် သြဇာအရှိန်အဝါ မရှိနိုင်သည်မှာ မှန်သော်လည်း တစ်ရုံးတည်းတွင်တာဝန်ထမ်းဆောင်နေကြသူများဖြစ်ပြီး သဲသယဖြစ်ဖွယ်အပြောအဆို ဆောင်ရွက်ချက်များလည်း ရှိနေကြောင်း ကတိသစ္စာပြုလွှာတွင်ပါရှိသဖြင့် အများအမြင်တွင်ဖြစ်နိုင်ခြေရှိသော သဲသယပင်ဖြစ်သည်။

မောင်အောင်စိုးလွင် (ခ) ဆန်နီ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ–၂ ၂၀၄

**လောင်းကစားဥပဒေပုဒ်မ ၁၃ (က)၊ ၁၄ (က)–ရှာဖွေဝရမ်းဖြင့် နေအိမ်ကို
ဝင်ရှာရာ အယူခံတရားခံများကိုတွေ့ခြင်း၊ လောင်းကစားကိရိယာ
များကိုတွေ့ခြင်း၊ လောင်းကစားလုပ်ကိုင်နေကြောင်း သတင်းရှိခြင်း၊
လောင်းကစားအိမ်တွင် ရောက်ရှိနေကြသူများသည် မိမိတို့ လောင်းကစား
ရန်အလို့ငှာ ရောက်ရှိနေခြင်း မဟုတ်ကြောင်း သက်သေပြရန် တာဝန်**

ရှိခြင်း၊ အယူခံတရားခံများက စက်ဘီးအရောင်းအဝယ်ဖြင့် ရောက်နေကြောင်း စက်ဘီးအရောင်းအဝယ် စာချုပ်ကို တင်ပြခဲ့ချက်ကို လက်ခံနိုင်မနိုင်။ စာမျက်နှာ

ဆုံးဖြတ်ချက်။ ။ သက်သေခံ (၁) စာချုပ်အရ စက်ဘီးအရောင်းအဝယ်လုပ်ကြောင်းကိုသာ သက်သေခံနိုင်သည်။ လောင်းကစားအိမ်သို့ ထိုကိစ္စသက်သက်အတွက် ရောက်နေကြောင်းကိုမူ ပေါ်လွင်အောင် သက်သေထူနိုင်ခြင်း မရှိပေ။ လောင်းကစားကြောင်း သတင်းအရ ဝရမ်းဖြင့် သွားရောက်ဖမ်းဆီးရာ လောင်းကစားကိရိယာများနှင့်အတူ အယူခံတရားခံများအားမိခြင်း၊ ထိုသို့ဝင်ရောက်ဖမ်းဆီးစဉ်က ရုတ်ရုတ်သဲသဲဖြစ်ကြောင်း တွေ့ရခြင်းတို့ကို ကျော်လွှားပြီး စက်ဘီးအရောင်းအဝယ်စာချုပ်ကို အကြောင်းပြုပြီး အယူခံတရားခံများအား မူလရုံးက အပြီးအပြတ်လွှတ်ခြင်းမှာ မှားယွင်းသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကိုတင်ရွှေပါ - ၃ ... ၉၄

ပထမသတင်းပေးတိုင်ချက်–တရားရုံးရှေ့ အစစ်ခံချက်နှင့် ပထမသတင်းပေးတိုင်ချက်ကွဲလွဲနေ၍ သံသယကင်းရှင်းစွာဖြင့် တရားခံအား အပြစ်ပေးရန်သင့် မသင့်။

ဆုံးဖြတ်ချက်။ ။ ပထမသတင်းပေးတိုင်ချက်မှာ ကျမ်းသစ္စာပြုထားသော ထွက်ချက်မဟုတ်၊ ပြန်လှန်မေးခွန်းထုတ်ရန်လည်း အခွင့်အရေးမရသည့် တိုင်ချက် မှတ်တမ်းတစ်ခုသာဖြစ်၍ အခြေခံ အထောက်အထားအဖြစ် အသုံးမပြုနိုင်ချေ။ ရုံးရှေ့ထွက်ချက်ကို သက်သေခံဥပဒေပုဒ်မ ၁၅၇ အရ ထောက်ခံသည့်အနေဖြင့်လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၄၅ အရ ဆန့်ကျင်သည့်အနေဖြင့်လည်းကောင်း အသုံးပြုနိုင်သည်။ **မောင်တင်လှိုင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု** [၁] တွင် တိုင်ချက်ကို ဖွင့်လှစ်ရေးသားရာ၌ တိုင်တန်းသူတစ်ဦးသည် ဖြစ်ပွားပုံ အပြည့်အစုံထည့်သွင်းရန် လိုမည်မဟုတ်။ အဓိကအချက်ကိုသာ ဖော်ပြရန်လိုသည်။ ရုံးတွင် ထွက်ဆိုသောအခါ၌ အချက်အလက် အပြည့်အစုံကို မေးမြန်းသော မေးခွန်းများအပေါ် မူတည်၍ ဖြေကြားထွက်ဆိုရမည်ဖြစ်ကြောင်း ထုံးဖွဲ့ထားသည်။

မောင်မြဟန်ပါ–၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှုတွင်လည်း ထိုသို့ ပထမသတင်းပေးတိုင်ချက်၌ အမှုအသေးစိတ်အချက်အလက်များ ပါဝင်ရန် မလိုအပ်ကြောင်း၊ တရားရုံး၌ သက်သေစစ်ဆေးသည့်အတိုင်းအတာအထိ

ရဲအရာရှိက မှတ်တမ်းမတင်ရကြောင်း သုံးသပ်ထားပြီး **မောင်စိန်ထွန်းပါ–၁ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု**တွင်လည်း အလားတူ သုံးသပ်ထားသည်ကို တွေ့ရသည်။ မူလရုံးတွင် အယူခံတရားခံ၏ ရှေ့နေက မစပယ်ဖြူအား အသေးစိတ် မေးမြန်းခဲ့၍ မစပယ်ဖြူကလည်း အရှက်ကိုမငဲ့ကွက်ဘဲ မေးသမျှ ဖြေကြားခဲ့ပြီးဖြစ်သည်ကို တွေ့ရသည်။ မစပယ်ဖြူ၏ ရုံးရှေ့ထွက်ချက် နှင့် ပထမ သတင်းပေးတိုင်ချက်တို့ သိသာထင်ရှားစွာ ကွဲပြားခြားနားမှု မရှိကြောင်း တွေ့ရသည်။ စာမျက်နှာ

ထပ်မံဆုံးဖြတ်ချက်။ ။ ဦးဝင်းမင်းသည် မစပယ်ဖြူ၏ အစ်မဖြစ်သူ မမွန်မွန်ဝင်း ပဲခူးမြို့မှ ဖုန်းဆက်ခေါ်သည်ဟု လိမ်လည်ပြောဆို၍ ခေါ်ဆောင်ခဲ့ခြင်းသည် မစပယ်ဖြူအား အတင်းအဓမ္မပြုရန်အကြံနှင့်သော်လည်းကောင်း၊ အနိုင်အထက်ပြု၍ မတရားကာမစပ်ယှက်ရန်သော် လည်းကောင်း ပဲခူးမြို့သို့ သွေးဆောင်ခေါ်ယူခဲ့ကြောင်း သုံးသပ်ရပေမည်။ ထိုကဲ့သို့သော အကြံမရှိဆိုလျှင် သက်သေခံ အက်ဥပဒေပုဒ်မ ၁၀၆ ဥပမာ(က)အရ ဦးဝင်းမင်းက သက်သေထင်ရှားပြသရန် တာဝန်ရှိသည်။ **မောင်တင်အောင်ပါ–၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု**ကို ရည်ညွှန်းသည်။ ယုတ်စွအဆုံး ဦးဝင်းမင်းသည် ပြောသည့်အတိုင်း ယခင်က မစပယ်ဖြူနှင့် ကာမစပ်ယှက်ခဲ့ဖူးသည်ဆိုစေဦး အချင်းဖြစ်ပွားသောနေ့က မစပယ်ဖြူအား သွေးဆောင်ခေါ်ယူကာ ကာမစပ်ယှက်ခြင်းသည် ကာမသွေးဆောင် အကျင့် ဖျက်ဆီးခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆ အရ ပြစ်မှုကျူးလွန်ရာရောက်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဝင်းမင်း(ခ)ညီညီ (ခ) ဝင်စတန်ခင်မောင်ကြီး ၁၂၁

ပြည်သူပိုင်ပစ္စည်းနှင့်ပတ်သက်၍ ကျူးလွန်သောအမှုများတွင် စတီပြစ်ဒဏ် ချမှတ်ရန် မသင့်မြတ်ခြင်း။ ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ ၆ (၁) အရ စွဲဆိုသည့်အမှုတွင် (၂) ပိဿာငါးဆယ်ကျပ်သား ရှိသည့် သက်သေခံကျောက်စိမ်းအရိုင်းတုံး၏ တန်ဖိုးမှာ ကျပ် ၁၀၀/- သာ ရှိခြင်းကို အကြောင်းပြု၍ စတီအပြစ်ဒဏ် ချမှတ်ရန် မသင့်။

ဆုံးဖြတ်ချက်။ ။ ကျောက်စိမ်းအရိုင်းတုံးမှ ရရှိသော ကျောက်မျက်ရတနာမှာ ရောင်းပန်းလှသော တွင်းထွက်ရတနာကုန်ပစ္စည်းပင်ဖြစ်၍ အဖိုးတန်တွင်းထွက် ပစ္စည်းဖြစ်ခြင်းကြောင့် နိုင်ငံတော်ကသာ ယင်းကျောက်စိမ်းရိုင်းများ တူးဖော်ခြင်း၊ တွင်းထွက်ရတနာပစ္စည်းအဖြစ် ပြုပြင်

ထုတ်လုပ်ရောင်းချခြင်းများပြုလျက်ရှိသည်။ဤအခြေအနေတွင်လျှောက်ထားသူ စာမျက်နှာ
အပေါ် စတီအပြစ်ဒဏ်ကိုသာ ချမှတ်ရန် မူလရုံးက ဆုံးဖြတ်ခြင်းမှာ
မှန်ကန်မှု မရှိချေ။

မောင်ဌေးအောင် (ခ) ဝမ်မင်းကွက် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၃၆

သက်သေခံအက်ဥပဒေပုဒ်မ ၁၆၇ ဖြောင့်ချက်ရေးမှတ်ယူသည့်တရားသူကြီးက အမှုကို စစ်ဆေးဆုံးဖြတ်ကိစ္စ၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၇၊ ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး ဥပဒေပုဒ်မ ၆ (၂) အရ သက်သေပြရန်တာဝန်။

ဆုံးဖြတ်ချက်။ ။ လျှောက်ထားသူအား အရေးယူသည့်မူလအမှုစစ်ဆေးသော တရားသူကြီးသည် လျှောက်ထားသူ၏ ဖြောင့်ချက်ကို ရယူခဲ့သဖြင့် ၎င်းဖြောင့်ချက်အပေါ် အခြေခံ၍ အပြစ်ပေးလျှင် လျော်ကန်သင့်မြတ်မှု မရှိဟု ဆိုနိုင်သည်။ သို့ရာတွင် ဖြောင့်ချက်ကို (သက်သေခံ–ဂ) အဖြစ် မူလရုံးက လက်ခံထားသည်ကို တွေ့ရသည်။ သက်သေခံ အက်ဥပဒေပုဒ်မ ၁၆၇ တွင် သက်သေခံချက်ကိုမသင့်လျော်စွာလက်ခံခြင်း သို့မဟုတ်ငြင်းပယ်ခြင်းကြောင့်အမှုကို အသစ်မစစ်ဆေးရကြောင်း xx x မူလရုံးအမှု စစ်ဆေးသော တရားသူကြီးသည် ဦးမှေး၏ဖြောင့်ချက်ကို (သက်သေခံ–ဂ) အဖြစ် လက်ခံထားသော်လည်း ယင်းသက်သေခံ–ဂ ဖြောင့်ချက်ကို ထုတ်ပယ်လျှင်၊ အခြားသက်သေခံချက်များအရ မူလရုံး၏ စီရင်ချက်မှာ မှန်ကန်သည်ဟု ယူဆရန်အကြောင်းရှိလျှင် စီရင်ချက်ကို ပယ်ဖျက်ခြင်း မပြုနိုင်ပေ။ ထိုအချက်ကို မူလရုံးအမှုတွဲပါ အခြားသက်သေခံချက်များဖြင့် စိစစ်ရန်လိုအပ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ ပြစ်မှုများ၌ တရားမျှတမှု ဆုံးရှုံးနစ်နာစေခြင်းမရှိလျှင်မှားယွင်းခြင်း၊ ပျက်ကွက်ခြင်း၊ လုပ်ထုံးလုပ်နည်းလွဲမှားခြင်းကြောင့် ပြစ်ဒဏ်စီရင်ခြင်းကို ပယ်ဖျက်ပြောင်းလဲခြင်း မပြုရကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ တွင် ပြဋ္ဌာန်းထားသည်ကိုလည်း တွေ့နိုင်သည်။ ဦးမှေးသည် သူ၏ အိမ်ခြံဝင်းအတွင်းမှတွေ့ ရသော ကျွန်းသစ်နှစ်လုံးသည် ပြည်သူ့ပိုင်ပစ္စည်းဖြစ်သဖြင့် အခွင့်အာဏာအရ လက်ရှိထားကြောင်း သက်သေထင်ရှားပြသရန်တာဝန်သည် ကျွန်းသစ်လက်ဝယ်ထားသော ဦးမှေးအပေါ် ကျရောက်ကြောင်း၊ ၁၉၄၇ ခုနှစ်၊ ပြည်သူ့ပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး

အက်ဥပဒေ ပုဒ်မ ၆ (၂) ၌ ပြဆိုထားသည်။ ထိုတာဝန်ကို ဦးမှေးအနေဖြင့် စာမျက်နှာ အလျဉ်းမတင်ပြနိုင်ခဲ့ပေ။

ကိုမှေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၁၄၉

ပြည်သူ့ဝန်ထမ်းမဟုတ်သူကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၉ အရ တစ်မှုတွင် စွဲချက်တင်ပြီး အခြားတစ်မှုတွင် ယင်းအား ၁၉၄၇ ခုနှစ် ပြည်သူ့ပိုင် ပစ္စည်းကာကွယ်ရေး အက်ဥပဒေ ပုဒ်မ ၆ (၁) အရ စွဲချက်တင်ခြင်း၊ ပြည်သူ့ဝန်ထမ်း မဟုတ်သူကို ၁၉၄၇ ခုနှစ် ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ စွဲချက်တင်ရန် လိုအပ်ခြင်း၊ စွဲချက်များကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၂၁ ၊ ၂၂၂ တို့နှင့်အညီ ရေးသားရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။ မူလအမှုများတွင် ဦးသောင်းမြင့်သည် ပြည်သူ့ဝန်ထမ်း တစ်ဦး မဟုတ်ကြောင်း ပေါ်လွင်သည်။ ဇောတိကဆန်စက်ပိုင်ရှင်အနေဖြင့် မိမိထံသို့ကြိတ်ခွဲရန် ပေးပို့ထားသည့်ကုန်သွယ်လယ်ယာ ဌာနပိုင် စပါးများ အနက် ၁၉၈၇–၈၈ခုနှစ်နှင့် ၁၉၉၁–၉၂ခုနှစ်များတွင်ဆန်အဖြစ်ကုန်သွယ် လယ်ယာ ဌာနသို့ ပြန်လည်ပေးသွင်းရန်ပျက်ကွက်ခဲ့ကြောင်း ပေါ်ပေါက်သည်။ ထိုသို့ပျက်ကွက်ခဲ့သည့် စပါးများကို တန်ဖိုးသင့်၍ လျော့နည်းမှု လျော်ကြေး ငွေအဖြစ် ပေးသွင်းစေခဲ့ရာ အမှုစွဲဆိုခံရပြီးနောက်မှဦးသောင်းမြင့်က အချို့ အဝက်ကိုသာ ပြန်လည်ပေးသွင်းသည်ကိုတွေ့ရှိရသည်။ ကျန်စပါးဖိုးငွေများကို ဆက်လက်ပေးသွင်းရန် ပျက်ကွက်ခြင်းသည်၁၉၄၇ခုနှစ် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) ကို ကျူးလွန်ရာရောက်မည်ဖြစ်သည်။ ထို့ကြောင့်ဦးသောင်းမြင့်တင်သွင်းသည့် ပြင်ဆင်မှုအမှတ် ၂၃၀ (ခ)နှင့် ၂၄၈ (ခ) တို့ကို ပလပ်လိုက်သည်။ စွဲချက်များကို ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၂၁၊ပုဒ်မ ၂၂၂တို့နှင့်အညီပြုပြင်ရေးသားရန်မြို့နယ်တရားရုံးအားညွှန်ကြားသည်။

ဦးသောင်းမြင့် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၁၈၀

၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) ပါ ပြစ်မှုဖြင့် စွပ်စွဲခံရသူတွင် အပြစ်မရှိကြောင်း သက်သေ ထင်ရှားပြသရန် တာဝန်မှာ ၎င်းတရားခံအပေါ်တွင်သာရှိခြင်း။

ဆုံးဖြတ်ချက်။ ။ လျှောက်ထားသူများသည် ငါးပိသာချိန် (၂၀၀၀) ခန့်နှင့်အတူ အချင်းဖြစ်နေ့ နံနက် (၅) နာရီခန့်က ကော့သောင်းမြို့နယ်

အတွင်း တွေ့ရှိရခြင်းမှာ ငါးခိုးထုတ်ရန် ဖြစ်သည်ဟု ယူဆရန်သာရှိသည်။ စာမျက်နှာ လျှောက်ထားသူများဘက်မှ ငါးပိသာချိန် (၂၀၀၀) ကို ငါးကဲ့လှေဖြင့် တရားဝင် တင်ယူသယ်ဆောင်ခွင့်ရှိကြောင်း ခိုင်မာစွာ မတင်ပြနိုင်သည့်အပြင် ထိုငါးပိသာ (၂၀၀၀) မှာ တစ်ဖက်နိုင်ငံသို့ ခိုးထုတ်ရန်မဟုတ်ကြောင်း လည်း ခိုင်ခိုင်မာမာ တင်ပြနိုင်ခြင်း မရှိသောကြောင့် မူလရုံးနှင့် တိုင်း တရားရုံးတို့က လျှောက်ထားသူများသည် တစ်ဖက်နိုင်ငံသို့ ငါးခိုးထုတ်ရန် ပြုမူဆောင်ရွက်သည်ဆိုသော ကောက်ယူသုံးသပ်ချက်မှာ ဥပဒေအရ မှားယွင်းမှု မရှိချေ။

ရွှေသန်းပါ–၅ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၁၆၁

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၃၊ ၁၉၅၅ ခုနှစ် ကလေးသူငယ်အက်ဥပဒေ– မိမိပြုလုပ်မှု၏ သဘောနှင့် အကျိုးအပြစ်ကို သိလျက်နှင့်ပြုခြင်း ဟုတ် မဟုတ် ခံဝန်ချုပ်ဆို၍ စည်းကမ်းအတိုင်း ကျင့်ကြံနေထိုင်စေလျှင် လျော်ကန်သင့်မြတ်မှု ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၃ အရ ပြုလုပ်သူသည် အသက် (၇) နှစ်အထက် (၁၂) နှစ်အောက်အရွယ်ရှိပြီး ပြုလုပ်မှု၏သဘောနှင့် အကျိုးအပြစ်ကို သိနားလည်လောက်အောင် အမြော်အမြင်အဆင်အခြင်နှင့် မပြည့်စုံသေးကြောင်း ထင်ရှားရန် လိုအပ်သည်။ ယင်းအချက်ကို စဉ်းစားရာ၌ ပြုလုပ်သူက မိမိပြုလုပ်မှုသည် မည်သို့သော သဘောနှင့် အကျိုးအပြစ်ရှိသည် ကို မသိကြောင်း ထုချေသည့်အပြင် ထိုသို့ အသိဉာဏ်မရှိကြောင်း ထင်ရှား အောင် အထောက်အထား တင်ပြရန် လိုအပ်သည်။ မူလရုံးက ဂျမီလာအား စွဲဆိုသော ဥပဒေပုဒ်မများအရ စွဲချက်တင် ဖြေရှင်းစေသောအခါ မိမိ၏ လွယ်အိတ်မဟုတ်သဖြင့် ပြစ်မှုကျူးလွန်ခြင်းမရှိဟု ထုချေထားကြောင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ဘိန်းဖြူတွေ့ရှိသည်မှာ ဂျမီလာ ကိုယ်တိုင် လွယ်ထားသော လွယ်အိတ်အတွင်းမှဖြစ်ကြောင်း၊ ၎င်း ကိုယ်တိုင် ထွက်ဆိုထားသည်။ ဘိန်းဖြူများမှာ ဒေါ်စန်းချစ်၏ပစ္စည်း ဖြစ်သည်ဟု ဆိုသည်။ ဂျမီလာ၏ထွက်ဆိုချက်ကိုကြည့်လျှင် ဘိန်းဖြူ တွေ့ရှိခြင်းသည် ပြစ်မှုဖြစ်သည်ဆိုသော အချက်ကို ကောင်းစွာသိကြောင်း ပေါ်ထွက်သည်။ ဒုရဲအုပ် အောင်ကျော်မြင့်နှင့် သက်သေများနှင့်တွေ့သောအခါ ဂျမီလာ ငိုနေ၍ မေးမြန်း၍မရခဲ့ပါဟု ထွက်ဆိုထားသဖြင့်လည်း ဂျမီလာသည် မိမိ ပြုလုပ်မှု၏သဘောနှင့် အကျိုးအပြစ်ကိုသိလျက်နှင့် ပြုခဲ့သည်ဟု ယူဆနိုင်

သည်။ ဤအခြေအနေတွင် မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၃ နှင့် စာမျက်နှာ အကျုံးဝင်သည်ဟူသော သုံးသပ်ချက်ကို လက်ခံရန် ခဲယဉ်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ။ ဂျမီလာသည် ပြစ်မှုကျူးလွန်စဉ်က အသက် (၁၀) နှစ်သာ ရှိသဖြင့် ၁၉၅၅ ခုနှစ်၊ ကလေးသူငယ်အက်ဥပဒေပုဒ်မ ၂ (ခ) အရ ကလေးသူငယ်ဖြစ်သည်။ အမှုပေါ်ပေါက်ချက်အရ ဂျမီလာသည် မည်သည့်နည်းနှင့်မျှ ထိန်းသိမ်း၍ မရလောက်အောင် အကျင့်စာရိတ္တ လွန်ကဲစွာ ပျက်စီးဆိုးသွမ်းသူဖြစ်ကြောင်း သက်သေခံချက်အလျဉ်းမရှိချေ။ (၁၀) နှစ်အရွယ်သာရှိပြီး ဒုတိယတန်းဌ ပညာသင်ကြားနေသူဖြစ်သည်။ မိဘအုပ်ထိန်းသူတို့၏ ပေါ့လျော့မှု ပျက်ကွက်မှုတို့ကြောင့် တစ်ကြိမ်တစ်ခါ ပြစ်မှုကျူးလွန်ခဲ့သည်မှာ မှန်သော်လည်း နောင်တွင် အကြိမ်ကြိမ် အလားတူ ပြစ်မှုမျိုး ကျူးလွန်လိမ့်မည်ဟု တထစ်ချ ယူဆရန် မသင့်ချေ။ ၁၉၅၅ ခုနှစ် ကလေးသူငယ်အက်ဥပဒေပုဒ်မ ၂၆ (၁) (ဂ) အရ ကလေးသူငယ် ကျူးလွန်သော ပြစ်မှုသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ ကလေးသူငယ်သည် အကျင့်စာရိတ္တ ပျက်ပြားခြင်း မရှိသေးလျှင် နောက်ထပ်ပြစ်မှု ကျူးလွန်ခြင်းကို ဟန့်တားနိုင်ရန် ထိုကလေးသူငယ်ကို ၃ နှစ်ထက် မပို သောကာလအတွင်း ခံဝန်ချုပ်ပါ စည်းကမ်းအတိုင်း ကောင်းမွန်စွာ နေထိုင် ကျင့်ကြံစေရေးအတွက် မိဘ၊ အုပ်ထိန်းသူအား ခံဝန်ချုပ်ဆိုစေပြီး ပြန်လည် အပ်နှံနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ဂျမီလာသည် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၆–က (ခ) အရ ပြစ်မှုကျူးလွန်သော်လည်း ၁၉၅၅ ခုနှစ် ကလေးသူငယ် အက်ဥပဒေပုဒ်မ ၂၆ (၁) (ဂ) အရ ၃ နှစ်ထက် မပိုသောကာလအတွင်း ခံဝန်ချုပ်ဆို၍ စည်းကမ်းအတိုင်း ကောင်းမွန်စွာ နေထိုင်ကျင့်ကြံနေစေလျှင် လျော်ကန်သင့်မြတ်၍ ကလေး၏ကောင်းရာကောင်းကျိုး ဖြစ်ထွန်းစေပေလိမ့်မည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မဂျမီလာ (ခ) မာမာချို ... ၇၇

၁၉၆၂ ခုနှစ် မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၁၉၆၂ခုနှစ် တော်လှန်ရေးကောင်စီ ဥပဒေအမှတ် ၅) ပုဒ်မ ၁၆–က အရ မည်သူမျှ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးဝန်ရုံးက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိလျှင် ဆေးကုသခြင်းလုပ်ငန်း မလုပ်ကိုင်ရ ခြင်း ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံ ဆေးဘက်ဆိုင်ရာ အက်ဥပဒေကိုဒုတိယ

အကြိမ် ပြင်ဆင်သည့်ဥပဒေပုဒ်မ ၂၇ အရ မှတ်ပုံတင်ဆရာဝန်မဟုတ်ဘဲ မှတ်ပုံတင်ဆရာဝန်အယောင်ဆောင်ခြင်းကြောင့် တစ်ပါးသူ အလိမ်ခံရသည် ဖြစ်စေ၊ မခံရသည်ဖြစ်စေ ပြစ်မှုထင်ရှား စီရင်ခံရမည် ဖြစ်ခြင်း။ စာမျက်နှာ

ဆုံးဖြတ်ချက်။ ။ ၁၉၅၃ ခုနှစ် တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေတွင်ဖြစ်စေ၊ ၁၉၆၂ ခုနှစ် တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေတွင်ဖြစ်စေ၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (၁၉၈၇ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၈) တွင်ဖြစ်စေ "တိုင်းရင်းမြန်မာဆေးဆရာ" ဟုသာ သုံးနှုန်းထားကြောင်း တွေ့ရှိရသည်၊ သို့အတွက် ဦးအောင်သာဌေးက မိမိကိုယ်ကိုမိမိ "မျက်စိကုသမားတော်ကြီး ဦးအောင်သာဌေးဟု" လက်ကမ်းကြော်ငြာတွင် ထည့်သွင်းခဲ့ခြင်း၊ ဆရာဝန်များ ဝတ်စုံဝတ်ဆင်၍ မျက်စိကုသခြင်း၊ မျက်စိကို မိုးကြိုးသွားဖြင့် ခွဲစိတ်ကုသခြင်းတို့မှာ မျက်စိရောဂါကို အထူးကုသခွင့်ရသည့်မှတ်ပုံတင်ဆရာဝန်မဟုတ်ဘဲ ကုသရာရောက်သည်။ တစ်ချိန်တည်းတွင်ပင် မျက်စိကုသမားတော်ကြီးဘွဲ့လက်မှတ်မရှိဘဲ မျက်စိကုသမားတော်ကြီးအဖြစ် အယောင်ဆောင်ရာရောက်သည်။

ဦးအောင်သာဌေး နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၂၀၉

၁၉၇၄ ခုနှစ် မူးယစ်ဆေးဝါးများဥပဒေပုဒ်မ ၆ (ခ)၊ ၁၄ (ဃ) ဟီးနိုးဘတ်စ်ကားကို ရှာဖွေစဉ် တံခါးပေါက်ဝ အနီးရှိတိုင်ခံအောက်သို့ ယင်းတိုင်ခံနောက်နားတွင် ရပ်နေသည့် လျှောက်ထားသူ တင်ထွန်းနိုင်က ခြေထောက်ဖြင့်တစ်ခုတစ်ရာတိုးသွင်းနေသည်ကိုတွေ့ရခြင်း။ မည်သည့်ပစ္စည်းဖြစ်ကြောင်း တက်ကြည့်ရာ တိုင်ခံအောက်တွင် သွေးစပါသော ဆေးထိုးပိုက်တစ်ခုကို အပ်မပါဘဲ လျှောက်ထားသူ၏ ခြေထောက်အနီးတွင် တွေ့ရပြီး ယင်းပိုက်တွင် ဟီးရိုးအင်းအာနိသင် ပါရှိခြင်း။ လျှောက်ထားသူ၏ လက်ဝဲဘက်လက်ဖျံ၌ သွေးစို့အပ်ရာတွေ့ရ၍ ဆေးစစ်ရာ မူးယစ်ဆေးဝါး သုံးစွဲသည့်လက္ခဏာများ တွေ့ရှိရခြင်းတို့ကြောင့် လျှောက်ထားသူအား ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဆေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆ (ခ) နှင့် ပုဒ်မ ၁၄ (ဃ) တို့ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှန်ကန်မှု ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ တင်ထွန်းနိုင်က ၎င်း၏ ဦးလေးတော်သူ ဦးအောင်သန်းကို သက်သေထူပြသော်လည်း ဦးအောင်သန်းက တင်ထွန်းနိုင်

သည် သူ၏ဆန္ဒအရ မူးယစ်ဆေးစွဲရောဂါကုဌာနဌ် ကုသမှုခံယူနေကြောင်းကို စာမျက်နှာ
သာ ထွက်ဆိုနိုင်ပြီးနောက်ပိုင်းတွင် မူးယစ်ဆေးဝါး သုံးစွဲခြင်းမရှိသည်ကိုမူ
ၾကည့်အား ထောက်ခံသည့် သက်သေများ မတင်ပြနိုင်ပေ။ အမှုတွင် ပေါ်
ပေါက်သော သက်သေခံချက်များအရ မူလရုံးနှင့် တိုင်းတရားရုံးတို့က
လျှောက်ထားသူ၏ လက်ဝဲဘက် လက်ဖျံတွင် သွေးစို့အပ်ရာ တွေ့ရခြင်း၊
သက်သေခံဆေးထိုးပိုက်ထဲတွင်လည်း သွေးစများ တွေ့ရှိရပြီး ၎င်းပိုက်တွင်
ဟီးရိုးအင်းအာနိသင်ရှိကြောင်း ပေါ်လွင်ခြင်း စသည့်အချက်များကြောင့်
လျှောက်ထားသူ၏ လက်ဝယ်မှ အချင်းဖြစ် မူးယစ်ဆေးဝါးကို တွေ့ရှိရ
သည်ဟု တညီတညွတ်တည်း ကောက်ယူခဲ့ကြခြင်းဖြစ်သည်။

မောင်တင်ထွန်းနိုင် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၄၅

သူတစ်ပါးအပြစ်ရစေရန် ဆေးခြောက်ကိုဝှက်၍ ပစ်စာဖြင့် တိုင်ကြားခြင်း–
ပစ်စာပေးပို့သူအား အပြစ်ပေးရန် သင့် မသင့်။

ဆုံးဖြတ်ချက်။ ။ ဦးချစ်မောင်သည် ဆယ်အိမ်မှူးဖြစ်သဖြင့်
ဆေးခြောက်ရောင်းဝယ်ထားသိုသောနေရာကိုသိလျှင် သက်ဆိုင်ရာ (ရဝတ)
အဖွဲ့သို့ ပြောသင့်သည်။ ပြောကြစမြဲလည်းဖြစ်သည်။ ပစ်စာပစ်၍ ရဲစခန်းသို့
စာတိုက်မှတစ်ဆင့် ထည့်ရန်ပင်မလိုချေ။ ဆေးခြောက်ကို မည်သို့ထုပ်ပိုး၍
မည်သည့်နေရာ၌ ထားသည်ကို သိနေခြင်းကလည်း မသက်ဖွယ်ရာ ဖြစ်
စေသည်။ သက်သေလူကြီးများမှာ ရွာခံဖြစ်၍ ရွာသားရွှေရင်မိသားစု
အခြေအနေကို ကောင်းစွာ သိကြသည်။ ယမန်နှစ်က ဦးခင်မောင်ဆိုသူက
အိမ်နီးချင်း မပြိုးကို ချစ်ရေးဆိုခဲ့ရာမရသဖြင့် ဆေးခြောက်ပစ်၍ ပစ်စာ
ရေးသားခဲ့ဘူးကြောင်း၊ ရဲအရာရှိနှင့် သက်သေများအားလုံးက ထွက်ဆိုခဲ့
ခြင်းနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ပြန်လှန်မေးမြန်းခဲ့ခြင်း မရှိချေ။ ယင်းအချက်
များကို ခြုံ၍ စဉ်းစားလျှင် ရွှေရင် အိမ်ရှေ့ပန်းအိုးအောက်မှ ဆေးခြောက်
များသည် ရွှေရင်၏ပစ္စည်း မဟုတ်ကြောင်း မူလရုံး ဆုံးဖြတ်ချက်သည်
မှန်ကန်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ချစ်မောင် ... ၇၀

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ နည်းဥပဒေ
၄၃ (က) အရ တမင်ထိန်ချန်ခြင်းသည် အားပေးကူညီရာ ရောက်ခြင်း
အမာခံ သတင်းပေးတစ်ဦးထံမှ အိမ်ရှင်ဦးထွန်းမောင်အိမ်တွင် မူးယစ်ဆေးဝါး

ရောက်ရှိနေကြောင်း သတင်းရရှိခြင်း၊ သက်သေခံ ဘိန်းထုပ်အား စည်သည်သည်က စာမျက်နှာ
အိမ်ရှင် မီးလှုံနေသည့် မီးဖိုအောက်တွင် ဝှက်သိမ်းသည်ကို အိမ်ရှင်ကသိလျက်
နှင့် သက်ဆိုင်ရာ ရဲအရာရှိများကို အမှန်အတိုင်း မပြောပြခဲ့သည်မှာ
စည်သည်၏ လက်ဝယ်တွင် မူးယစ်ဆေးဝါးထားရှိမှုကို ထိန်ချန်ရာရောက်၍
အားပေးကူညီရာရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ ရဲအရာခံ ဦးခင်မောင်ညိုက အထောက်တော်တစ်ဦး၏ သတင်းပေးချက်အရ ဦးထွန်းမောင်အိမ်တွင် ဘိန်းကုန်သည် ရောက်ရှိနေကြောင်း သတင်းရရှိ၍ ယင်းအိမ်သို့ တက်ရောက်ကြကြောင်း ထွက်ဆိုထားပြီး အိမ်ရှင်ဦးထွန်းမောင်က စည်သည်မောင်မောင် တက်လာပြီး (၁၀) မိနစ် (၁၅) မိနစ်ခန့်အကြာတွင် ရဲများ ရောက်ရှိလာကြောင်း ထွက်ဆိုထားသည်။ ၎င်း၏ ထွက်ဆိုချက်နှင့် ရဲအရာခံဦးခင်မောင်ညိုတို့၏ ထွက်ဆိုချက်နှစ်ရပ်ကို ဆက်စပ်ကြည့်ပါက သက်သေခံဘိန်းထုပ်အား မောင်မောင်က ဦးထွန်းမောင် မီးလှုံနေစဉ် မီးဖိုအောက်တွင် ဝှက်သိမ်းသည်ကို ဦးထွန်းမောင် သိရှိသည်ဟုသာ သုံးသပ်ရပေမည်။ သို့အတွက် သက်သေခံ ဘိန်းထုပ်အား စည်သည် ဦးမောင်မောင်၏ လက်ဝယ်ထားရှိမှုကို အိမ်ရှင်ဦးထွန်းမောင် သိပါလျက်နှင့် သက်ဆိုင်ရာ ရဲအရာရှိများသို့ အမှန်အတိုင်း ဦးထွန်းမောင်က မပြောပြခဲ့သည်မှာ မောင်မောင်၏ လက်ဝယ်ထားရှိမှုကို ထိန်ချန်ရာရောက်သည်။ ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဆေးဖြစ်စေတတ်သော ဆေးဝါးများ နည်းဥပဒေ ပုဒ်မ ၄၃ (က) တွင် အားပေးကူညီခြင်းဆိုသည်မှာ ဥပဒေအရ ပြစ်မှုတစ်ခုခုကို ကျူးလွန်စေရန် လှုံဆော်ခြင်း၊ တမင်ကူပံ့ခြင်း သို့မဟုတ် တမင်ထိန်ချန်ခြင်း တို့ကို ဆိုလိုသည်ဟု ပြဋ္ဌာန်းထားသည်။ သို့အတွက် အိမ်ရှင်ဦးထွန်းမောင်သည် စည်သည်ဖြစ်သူ မောင်မောင်က ဘိန်းထုပ်ဝှက်သိမ်းမှန်းသိလျက်နှင့် တမင်ထိန်ချန်သည့်သဘော ပေါ်လွင်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ထွန်းမောင် ... ၉၈

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဆေးဖြစ်စေတတ်သောဆေးဝါးများ ဥပဒေပုဒ်မ ၁၄ (ဃ)–ဓာတုဗေဒ ပြန်ကြားချက်၌ ဆီးနမူနာတွင် မော်ဖင်းတွေ့ရှိခြင်း၊ ယင်းတွေ့ရှိချက်သည် တာဝန်ရှိဆရာဝန်၏ ဆောင်ရွက်ချက်ဖြစ်ခြင်း၊ ပြင်ပဆေးခန်းဆရာဝန်မှာ ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဆေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ၊ နည်းဥပဒေ ၂၂ အရ မှတ်ပုံတင်

ဆရာဝန်မဟုတ်၍ ယင်းဆရာဝန်၏ထောက်ခံချက်၊ ထွက်ဆိုချက်ကို စာမျက်နှာ
လက်ခံခြင်း ပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ။ သက်သေခံ (၄) ပါ ဓာတုဗေဒ ပြန်ကြားစာအရ မောင်သက်ထွန်း၏ ဆီးနမူနာတွင် မော်ဖင်းတွေ့ရှိကြောင်း ပေါ်ပေါက်ရာ တာဝန်ရှိဆရာဝန်များ၏ တာဝန်အရ ဆောင်ရွက်ချက်ဖြစ်၍ လက်ခံယုံကြည်ထိုက်သည်။ တစ်ဖက်တွင် သက်သေခံ (၁) ရေးသူဆရာဝန်မှာ ပြင်ပဆေးခန်းဆရာဝန်ဖြစ်ပြီး မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများနည်းဥပဒေပုဒ်မ ၂၂ အရ မှတ်ပုံတင်ကို တင်ပြ ထွက်ဆိုမထား၍ မောင်သက်ထွန်း၏ ခုခံချက်ကို လက်ခံရန် အကြောင်းမရှိပေ။

ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်သက်ထွန်း (ခ) ဂန်ဂေး... ၁၃၆

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဥပဒေပုဒ်မ ၁၄ (ဃ) တရားခံက သက်သေပြရန်တာဝန်–မူးယစ်ဆေးဝါး သုံးစွဲနေသူဟု ပေါ်လွင်နေသောအမှုတွင် ဖော်ပြပါဥပဒေ၏ နည်းဥပဒေ ၂၃ နှင့် ၆၅ ဟိုအရ တရားခံ၏ ချေပချက်ကို လက်ခံရန် အကြောင်းမရှိခြင်း။

ဆုံးဖြတ်ချက်။ ။ သက်ဆိုင်ရာ မူးယစ်ဆေးစွဲရောဂါကုဆေးရုံ၌ မှတ်ပုံတင်၍ ဆေးဝါးကုသမှုခံယူနေစဉ်အတွင်း ဆီးတွင် ဟယ်ရိုးအင်းတွေ့ရှိခြင်းအတွက် မည်သည့်အကြောင်းကြောင့် အပြစ်မရှိသည့်အချက်ကို တရားခံက သက်သေခံဥပဒေပုဒ်မ ၁၀၄ နှင့် ၁၀၆ တို့အရ သက်သေထင်ရှားပြသရန် တာဝန်ကျရောက်သည်။ သက်ဆိုင်ရာဆေးရုံမှ ဆရာဝန်၏ခွင့်ပြုချက်မရှိဘဲ မူးယစ်ဆေးဝါးသုံးစွဲနေသူဖြစ်သည်ဟု ပေါ်လွင်နေသော အမှုတွင် ၁၉၇၄ ခုနှစ်မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၂၃ နှင့် ၆၅ တို့အရ မိမိအနေဖြင့် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိသုံးစွဲခွင့်ရှိသည်ဟုလည်းကောင်း၊ ဆေးကုသမှုခံယူနေစဉ် မိမိ၏သွေးသားထဲ၌ ယင်းဆေးဝါးအာနိသင် တွေ့နေဦးမည်ဟုလည်းကောင်း တရားခံ၏ တင်ပြချက်ကို လက်ခံရန် အကြောင်းမရှိပေ။

မောင်မောင် (ခ) ဟာရွန် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ... ၁၄၄

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်တရားသူကြီး ဦးတင်ထွတ်နိုင် ရှေ့တွင်

ကိုစိုး

ဝင်းညွန့်အောင်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂*

ပြည်ထောင်စု မြန်မာနိုင်ငံတော်

+၁၉၉၄

ဧပြီလ ၈ရက်

ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၅၊ ပုဒ်မ ၃၂၀။ ဆရာဝန်၏ ထွက်ချက်နှင့် သက်သေခံ (၈) ဆေးစာတို့အရ မောင်စိုး၏ နာခေါင်းကို ဓာတ်မှန်ရိုက်ကြည့်ရာ နာခေါင်းရိုးကျိုးနေခြင်း။ အရိုးမကျိုးလျှင် မည်သည့် အရိုးကျိုးသည် ဖြစ်စေ၊ ပြင်းထန်စွာနာကျင်စေမှုဟုပင်ယူဆရခြင်း ပြစ်ဒဏ် တိုးမြှင့်သင့် မသင့် စဉ်းစားရာတွင် တရားခံ၏ အသက်ကို သေချာစွာ စီစစ်ရန်လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ညွန့်စိုးအောင်မှာ ဝင်းညွန့်အောင်၏ ညီဖြစ်ပြီး၊ အသက် (၁၈) နှစ်ဟု ၎င်း၏ ထွက်ဆိုချက်၌ ဖော်ပြပါရှိ၍ အစ်ကိုဖြစ်သူ ဝင်းညွန့်အောင်၏ အသက်မှာ (၁၇) နှစ် မဖြစ်နိုင်ပေ။ ရဲစွဲချက်တွင် ဝင်းညွန့်အောင်၏ အသက်ကို (၁၈) နှစ်ဟု ဖော်ပြထားခြင်းမှာလည်း မှန်ကန်မှုမရှိပေ။ မူလမူတွင် ပေါ်ပေါက်ချက်များအရ မောင်စိုးမှာ နို့ပို့သမား ဖြစ်ပြီး၊ ဝင်းညွန့်အောင်မှာ နို့ဆီစက်ပိုင်ရှင်ဖြစ်သည်။ မောင်စိုး၏ တိုင်ချက်အရ ဝင်းညွန့်အောင်က နွားနို့ဈေးပိုပေးပြီး ဝယ်ယူသဖြင့် မောင်စိုးနှင့် မပြေမလည်ဖြစ်ကာ ဝင်းညွန့်အောင်က နှစ်တစ်လက်မ ပျဉ်ချောင်းဖြင့် ရိုက်ခြင်းဖြစ်သည်။ မောင်စိုး၏ နာခေါင်းရိုးကျိုးသွားခြင်းကြောင့် မောင်စိုးတွင် ပြင်းထန်သော ဒဏ်ရာကို ဝင်းညွန့်အောင်က အလိုအလျောက်ပြုခြင်းဖြင့် ရစေခြင်း ဖြစ်သည်ဟုဆိုရပေမည်။

---

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၂ (ခ) နှင့် ၈၆ (ခ)

\+ ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၁တွင် ချမှတ်သော (၂၆-၂-၉၃) ရက်စွဲပါ မန္တလေး (မိတ္ထီလာ ခရိုင်) တရားရုံး၏ အမိန့်ကို လျှောက်ထားမှု

လျှောက်ထားသူအတွက် – ဒေါ်ခင်သန်းနွဲ့၊ တရားရုံးချုပ်ရှေ့နေ
ဦးလွန်းမောင်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်– ၁။ဦးသန်းကျော်၊လက်ထောက်
ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
၂။ ဦးလွန်းမောင်၊တရားရုံးချုပ်
ရှေ့နေ
ဦးသန်းကျော်၊ လက်ထောက်ညွှန်
ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

မိတ္ထီလာမြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၉၈၉/၉၂ တွင် ဝင်းညွန့်အောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃ အရ ထောင်ဒဏ် (၁) ရက်နှင့် ဒဏ်ငွေကျပ် ၂၀၀/–ပေးဆောင်စေရန်၊ဒဏ်ငွေ ဆောင်ရန် ပျက်ကွက်ပါက ထောင် (၁) လထပ်မံကျခံစေရန် အမိန့်ချမှတ်ခဲ့ သည်ကို တရားလိုမောင်စိုးက ပြစ်ဒဏ်တိုးမြှင့်ပေးရန် ပြင်ဆင်မှု တင်သွင်း ရာ မန္တလေးတိုင်း တရားရုံး (မိတ္ထီလာခရိုင်)က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃ အရ ထောင် (၁)လသို့ တိုးမြှင့် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ယင်းအမိန့် ကို မောင်စိုးနှင့် ဝင်းညွန့်အောင်တို့ နှစ်ဦးစလုံးက မကျေနပ်ကြ၍ ဤ ပြင်ဆင်မှု အသီးသီးကို တင်သွင်းကြသည်။

အမှုမှာ မိတ္ထီလာမြို့၊ ရန်မျိုးအောင် ရပ်ကွက်၊ ရေဝေအုတ်ကျင်းရပ်နေ မောင်စိုးအား ဝင်းညွန့်အောင်နှင့် မဝင်းစိန်တို့သားအမိက ကိုစံအောင်နှင့် မဝင်းစိန်အိမ်ဝိုင်းရှေ့ လမ်းပေါ်တွင် ဝိုင်းဝန်းရိုက်နှက်ကြစဉ် မြင့်စိုးအောင်၊ မျိုးလှိုင်၊ နိုင်ဦး၊ ကျော်စွာ တို့ကလည်း တုတ်ဖြင့် ဝိုင်းရိုက်ကြပြန်၍ မောင်စိုး၏ နာခေါင်းရိုး ကျိုးအက်သောဒဏ်ရာအပြင်၊ ကိုယ်ပေါ်တွင် အခြားဒဏ်ရာများရရှိခဲ့သောကြောင့် မောင်စိုးက မိတ္ထီလာအမှတ်(၂) ရဲစခန်းတွင် တိုင်ချက်ဖွင့်ခဲ့သော အမှုဖြစ်သည်။

ဤပြင်ဆင်မှု (၂) မှုမှာ မူလမှုတစ်မှုတည်းမှ ပေါ်ပေါက်လာသည့် အမှုများဖြစ်၍ ဤစီရင်ချက်သည် ပြင်ဆင်မှု (၂) မှုစလုံးနှင့် သက်ဆိုင်သည်။

မြို့နယ်တရားရုံးက မောင်စိုး၏ နာခေါင်းတွင် ရရှိသော ဒဏ်ရာမှာ အရိုးကျိုးရုံသာရှိပြီး အရိုးအနိမ့်အမြင့်မရှိဘဲ ပုံမှန်သာရှိကြောင်း သုံးသပ် ကာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃ အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်သည်။ အပြန်အလှန်စွဲဆိုမှုရှိပြီး ဝင်းညွန့်အောင်မှာ အသက် (၂၁) နှစ်မျှသာရှိသေး သည်ဟုသုံးသပ်ကာပြစ်ဒဏ်ကိုသက်ညှာစွာချမှတ်ထားကြောင်းတွေ့ရှိရသည်။

တိုင်းတရားရုံးက ဝင်းညွန့်အောင်၏ အသက်မှာ (၁၇) နှစ်မျှသာရှိသည်ဟု သုံးသပ်ပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ ထောင်ဒဏ် (၁) လသို့ တိုးမြှင့်ချမှတ်ခဲ့ကြောင်း တွေ့ရှိရသည်။

မောင်စိုး၏ ရှေ့နေက ဝင်းညွန့်အောင်၏ အသက်သည် (၁၇) နှစ်သာရှိသေးသည်ဟု သုံးသပ်ကာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ ထောင်ဒဏ်တစ်လသာ သတ်မှတ်ခြင်းမှာ လွန်စွာနည်းကြောင်း အဓိက တင်ပြသည်။

ဝင်းညွန့်အောင်၏ရှေ့နေက မောင်စိုး၏ နှာခေါင်းရိုးကျိုးသည့် ဒဏ်ရာမှာ အပြန်အလှန်ရန်ဖြစ်ပွားစဉ်က ရရှိသည့်ဒဏ်ရာဖြစ်ကြောင်း ပေါ်လွင်ပါလျက် ၎င်းအပေါ် ပြစ်ဒဏ်ချမှတ်သည်မှာ မှားယွင်းကြောင်း၊ နှာနရိုးကျိုးခြင်းမှာ အခြားအရိုးကျိုးခြင်းမျိုး မဟုတ်ကြောင်း ဆရာဝန်၏ ထွက်ဆိုချက်ကို ထည့်မစဉ်းစားသည်မှာ မှားယွင်းကြောင်း အဓိက တင်ပြသည်။

ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွန်ကြားရေးမှူးက မူလမှုရှိ ဆေးစာ (သက်သေခံ-၈) တွင် မောင်စိုး၏ နှာခေါင်းပိုင်းကို ဓာတ်မှန်ရိုက်ကြည့်ရာ နှာခေါင်ရိုးကျိုးနေသည်ဟု ဖော်ပြထားကြောင်း၊ ရုံးခေါ် သက်သေ ဒေါက်တာမြင့်မြင့်သန်းကလည်း နှာခေါင်းရိုးကျိုးနေသည်ဟု ထွက်ဆိုထားကြောင်း အရိုးမာကွင် ကျိုးနေခြင်းဖြစ်သည်ဟု ထင်မြင်ချက်ပေးထားကြောင်း၊ သို့အတွက် မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ ဝင်းညွန့်အောင်ကို ပြစ်မှုထင်ရှား စီရင်ခြင်းမှာ မှားယွင်းမှုမရှိကြောင်း၊ သို့အတွက် ပြင်ဆင်မှုအမှတ် ၈၆ (ခ) ၉၃ ကို ပလပ်၍ ပြစ်ဒဏ်ကို တိုးသင့်မသင့်စဉ်းစားရန်ဖြစ်ကြောင်း တင်ပြသည်။

မောင်စိုး၏ တိုင်ချက်အရ မဝင်းစိန်နှင့် ဝင်းညွန့်အောင်တို့ မိသားစုနှစ်ယောက်မှ ဝင်းညွန့်အောင်ကို နှစ်တစ်ပျဉ်ချောင်းကိုင်လျက် လမ်းတွင် တွေ့ရှိကြောင်း၊ ဝင်းညွန့်အောင်က မောင်စိုးအား "နွားနို့ ဈေးပိုပေးကောက်တော့ ဘာဖြစ်သလဲ" ဟု ပြောပြောဆိုဆို လက်တွင် အသင့်ကိုင်ထားသော နှစ်တစ်ပျဉ်းချောင်းဖြင့်ရိုက်ရာ မောင်စိုးနှာခေါင်းကို ရိုက်မိကြောင်း ပေါ်ပေါက်သည်။ ရုံးရှေ့တွင်လည်း ထိုအချက်များကို မောင်စိုးက ထွက်ဆိုထားသည်။

မသန်းနု (လိုပြ-၃) နှင့် မလှစန်းကြည် (လိုပြ-၄) တို့က မဝင်းစိန်၏ အိမ်ဝင်းတံခါးပေါက်နားတွင် မောင်စိုးနှင့် မဝင်းစိန်တို့ စကားများသံကြားရကြောင်း၊ မောင်စိုးက ပြောပြီး ပြန်သွားစဉ် ဝင်းညွန့်အောင်က မောင်စိုး၏ နောက်မှ ၂" x ၁" ပြားနှင့် လိုက်ရိုက်ရာ ပထမတွင် ကိုမောင်စိုး၏

၁၉၉၄
ကိုစိုး
ဝင်းညွန့်အောင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ-၂
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

လက်ကိုရိုက်မိကြောင်း၊ ဆက်၍ မောင်စိုး၏ မျက်နှာကို ရိုက်ရာ မောင်စိုး၏ မျက်နှာမှ သွေးထွက်သဖြင့် ၎င်းတို့က "ကိုစလင်း သေပါပြီ သေပါပြီ" ဟုအော်ကြောင်း ထိုစဉ်မှာပင် ညွန့်စိုးအောင်က ထပ်၍ ဝါးရင်းတုတ်နှင့် ရိုက်ကြောင်း၊ လေးငါးခြောက်ချက်ရိုက်ကြောင်း၊ ကိုစလင်းက ကိုမောင်စိုးအား ချိုင်းမှမခေါ်သွားကြောင်း ထွက်ဆိုထားသည်။

ဝင်းညွန့်အောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ လည်းကောင်း၊ ညွန့်စိုးအောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၃ အရ လည်းကောင်း စွဲချက်တင်ရာ မောင်စိုးကို ၎င်းတို့က မရိုက်ရကြောင်း ငြင်းဆိုကြသည်။

ဝင်းညွန့်အောင်က အချင်းဖြစ်နေ့ညနေတွင် မောင်စိုးငှင်း၏ နေအိမ်ဝိုင်းထဲရောက်လာပြီး ၎င်းအား နွားနို့လုကောက်သည်ဟု ပြောကြောင်း၊ ၎င်းက ရဝတတွင် ရှင်းရန် ပြောသော်လည်း ဒီမှာတင်အပြတ်ရှင်းမယ်ဟုပြောကာ ၎င်းအား ဆွဲ၍ထိုးကြောင်း၊ မောင်စိုးက ခါးကြားထဲရှိ ဓားကို ဆွဲထုတ်၍ ထိုးမည်အပြုတွင် ညီဖြစ်သူမျိုးလှိုင်က ဝါးလုံးဖြင့် မောင်စိုး၏ လက်ကိုရိုက်ချလိုက်၍ ဓားလွင့်စင်သွားကြောင်း၊ မျိုးလှိုင်၏ လက်ထဲမှ ဝါးလုံးကို မောင်စိုးက လုယူပြီး ၎င်းအားရိုက်ရာ ၎င်း၏ လက်ယာဘက်မျက်စိနှင့် လက်နှစ်ဖက်တို့တွင် ထိခိုက်မိကြောင်း ခုခံထွက်ဆိုထားသည်။ သို့ရာတွင် ၎င်းအား ထောက်ခံသည့် သက်သေခံချက်မရှိပေ။

တရားလိုပြ သက်သေ မသန်းနှုန့် မလှစန်းကြည်တို့၏ ထွက်ဆိုချက်များအရ မောင်စိုးအား ဝင်ညွန့်အောင်နှင့် ညွန့်စိုးအောင်တို့က တုတ်ဖြင့်ရိုက်ကြောင်း၊ ဝင်းညွန့်အောင်၏ ရိုက်ချက်ကြောင့် မောင်စိုး၏ လက်နှင့် နှာခေါင်းတို့ကို ထိကြောင်း၊ နှာခေါင်းမှ သွေးများကျလာကြောင်း ပေါ်ပေါက်သည်။

ဆရာဝန် ဒေါ်မြင့်မြင့်သန်း (လိုပြ-၈) ၏ ထွက်ဆိုချက်နှင့် သက်သေခံ (၇) ဆေးစာအရ မောင်စိုး၏ နှာခေါင်းကို ဓာတ်မှန်ရိုက်ကြည့်ရာ နှာခေါင်းရိုးကျိုးနေကြောင်း ဖော်ပြပါရှိသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၀ အရ အရိုးကျိုးလျှင် မည်သည့်အရိုးကျိုးသည်ဖြစ်စေ၊ ပြင်းထန်စွာ နာကျင်စေမှုဟုပင် ယူဆရမည်ဖြစ်သည်။

သို့အတွက် ဝင်းညွန့်အောင်အား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၃ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှန်ကန်သည်။

ညွန့်စိုးအောင်မှာ ဝင်းညွန့်အောင်၏ ညီဖြစ်ပြီး အသက် (၁၈) နှစ်ဟု ၎င်း၏ထွက်ဆိုချက်၌ ဖော်ပြပါရှိ၍ အစ်ကိုဖြစ်သူ ဝင်းညွန့်အောင်၏

အသက်မှာ အသက် (၁၇) နှစ် မဖြစ်နိုင်ပေ။ ရဲစွဲချက်တွင် ဝင်းညွန့်အောင်၏ အသက်ကို (၁၈) နှစ်ဟု ဖော်ပြထားခြင်းမှာလည်း သဘာဝမကျပေ။

သို့အတွက် ဝင်းညွန့်အောင်၏ အသက်ကို (၁၇) နှစ်ဟု မိတ္ထီလာ ခရိုင်တရားရုံးက သတ်မှတ်ဖော်ပြခြင်းမှာ မှန်ကန်မှုမရှိပေ။

မူလမှုတွင် ပေါ်ပေါက်ချက်များအရ မောင်စိုးမှာ နို့ပို့သမားဖြစ်ပြီး ဝင်းညွန့်အောင်မှာ နို့ဆီစက်ပိုင်ရှင်ဖြစ်သည်။ မောင်စိုး၏ တိုင်ချက်အရ ဝင်းညွန့်အောင်က နွားနို့ဈေးပိုပေးပြီး ဝယ်ယူသဖြင့် မောင်စိုးနှင့် မပြေမလည်ဖြစ်ကာ ဝင်းညွန့်အောင်က နှစ်တစ်လက်မပျဉ်ချောင်းဖြင့် ရိုက်ခြင်းဖြစ်သည်။ မောင်စိုး၏ နာခေါင်းရိုးကျိုးသွားခြင်းကြောင့် မောင်စိုးတွင် ပြင်းထန်သော ဒဏ်ရာကို ဝင်းညွန့်အောင်က အလိုအလျောက်ပြုခြင်းဖြင့် ရစေခြင်းဖြစ်သည်ဟု ဆိုရပေမည်။

ထို့ကြောင့် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၈၆ (ခ) ၉၃ ကို ပလပ်၍ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၂(ခ)ကို ခွင့်ပြုပြီး ဝင်းညွန့်အောင်အပေါ် မန္တလေးတိုင်း တရားရုံး (မိတ္ထီကာ ခရိုင်) က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၅ အရ ထောင်ဒဏ် (၁) လ ချမှတ်သည့်အမိန့်အစား ထောင်ဒဏ် (၆) လ ကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးသန်းဖေ ရှေ့တွင်

+ ၁၉၉၄
သြဂုတ်လ
၃၁ ရက်

စိုးလွင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်*

ဖြောင့်ချက်–ဖြောင့်ချက်၌ အယူခံတရားလိုက ဓားနှင့်ထိုးခဲ့ကြောင်း၊ မပါဘဲ ဖြောင့်ချက်အရ ပြစ်မှုထင်ရှား စီရင်ခြင်းပြုနိုင် မပြုနိုင်၊ လုယက်မှု ကျူးလွန်စဉ် သေဆုံးခြင်း။

ဆုံးဖြတ်ချက်။ မူလရုံးသည် ဖြောင့်ချက်ကို အဓိကအခြေပြု၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)အရ လည်းကောင်း၊ ယင်း ဥပဒေပုဒ်မ ၃၉၂ အရ လည်းကောင်း ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် ဖြောင့်ချက်၌ ဦးနေတင်အား အယူခံ တရားလိုက ဓားနှင့်ထိုးခဲ့ကြောင်း တစ်လုံးတစ်ပါဒမျှ မပါရှိချေ။ လုယက်မှု ကျူးလွန်ရာတွင် လူသတ်ခဲ့လျှင် သတ်ဖြတ်ရန် ကြိုတင်ပူးပေါင်း ကြံစည်ခဲ့သည့် အထောက်အထားမရှိခြင်းကြောင့် အယူခံ တရားလိုအပေါ် မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုထင်ရှား စီရင်ထားခြင်းသည် မှန်ကန်သည်ဟုမဆိုနိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၄ တွင် လုယက်မှု ကျူးလွန်ရာ၌ တစ်ဦးတစ်ယောက်ကို နာကျင်စေလျှင် လုယက်မှုကျူးလွန်ရာ၌ ဖက်စပ်ပါဝင်သူတို့ကိုလည်း ပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အယူခံတရားလို၏ ဖြောင့်ချက်အရဆိုလျှင် နန်းထွေးနှင့်အတူ လုယက်ခဲ့ရာ၌ နန်းထွေးသည် ဦးနေတင်အား ဓားနှင့်ထိုးခဲ့၍ ဦးနေတင် သေဆုံးခဲ့ရာ အယူခံတရားလိုလည်း တာဝန်ရှိပေသည်။ **မောင်လှရွှေပါ–၃နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အမှု**[၁]ကို ရည်ညွှန်းသည်။ သို့ဖြစ်ရာ

---

* ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၅၈

\+ ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၇၅ တွင် ချမှတ်သော (၂၇–၁၀–၉၃) ရက်စွဲပါ တနင်္သာရီတိုင်း (မြိတ်ခရိုင်) တရားရုံး၏ အမိန့်ကို အယူခံမှု

မူလရုံးက အယူခံတရားလိုအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ ပြစ်မှုထင်ရှား စီရင်ထားခြင်းသည်လည်း မှန်ကန်သည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုအတွက် – မြိတ်အကျဉ်းထောင် တာဝန်ခံမှူး တစ်ဆင့် တင်သွင်းသည်။

အယူခံတရားခံအတွက် – ဦးမျိုးချစ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

တနင်္သာရီတိုင်း တရားရုံး (မြိတ်ခရိုင်) ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၇၅/၉၁ တွင် အယူခံတရားလို စိုးလွင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂(၂) အရ ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံစေရန်နှင့် ယင်း ဥပဒေပုဒ်မ ၃၉၂ အရ ထောင်ဒဏ် (၅) နှစ်ကျခံစေရန်၊ ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပြိုင်တည်းကျခံစေရန် ချမှတ်သည့်အမိန့်ကို မကျေနပ်၍ စိုးလွင်က တရားရုံးချုပ်သို့ အယူခံမှုတင်သွင်းသည်။

အမှုမှာ ၂၅-၁၁-၉၁ ရက်နေ့ည (၁၀) နာရီခန့်တွင် ကျွန်းစုမြို့နယ်လအဲရွာနေ ဦးနေတင်၊ ဒေါ်မြင့်တို့၏ အိမ်ကို လူဆိုးနှစ်ဦးဝင်ရောက်လာကြောင်း၊ တစ်ဦးက ဒေါ်မြင့်နှင့် သမီး မဝင်းအေးတို့ကို မှောက်ခိုင်းပြီး သေနတ်နှင့် ချိန်ထားကြောင်း၊ ကျန်တစ်ဦးက ဦးနေတင်အား နိုင်လွန်ကြိုးဖြင့် တုပ်၍ သော့တောင်းယူကာ နေအိမ်အတွင်း ရှာဖွေလုယက်ပြီး ပြန်ထွက်သွားပြီးနောက် ဒေါ်မြင့်၏ ခင်ပွန်း ဦးနေတင်မှာ ရင်အုံတွင် ဓားဒဏ်ရာနှင့် သေဆုံးနေသည်ကိုတွေ့ရကြောင်း၊ လူဆိုးများ အိမ်ခန်းအတွင်းက သေတ္တာကို သော့ဖွင့်ပြီး ထိုသေတ္တာအတွင်းမှ ရွှေလက်ကောက်တစ်ကွင်း၊ တစ်မတ်သားရှိ ရွှေလော်ကတ် တစ်ပြား၊ ရွှေလက်စွပ်နှစ်ကွင်းတို့ကို ယူသွားကြောင်း၊ ကျေးရွာလူကြီးများက ခေါ်ခိုင်း၍ ဒေါ်မြင့်သည် သမက်ဖြစ်သူ စိုးလွင်နှင့်အတူ သွားရောက်ရာ လမ်းတွင် စိုးလွင်က "နင်တို့အိမ်ပေါ် တက်ပြီး လုယက်သူနှစ်ဦးအနက် နင့်ကို ခြေနှင့်နင်းထားသူမှာ ငါဖြစ်တယ်၊ ဘယ်သူမှမပြောနဲ့" ဟုပြောကြောင်းဖြင့် ဒေါ်မြင့်က ရဲစခန်း၌ သက်သေခံ (ခ) တိုင်ချက် ရေးဖွင့်ခဲ့ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

အယူခံတရားလို စိုးလွင်က လုယက်မှုတွင် ပါဝင်ကြောင်း မိမိကိုယ်တိုင်က ပြောသည်ဆိုသည်မှာ ယုတ္တိမရှိကြောင်း၊ ပြန်လည်ရုပ်သိမ်းသောဖြောင့်ချက်ဖြင့် အပြစ်မပေးသင့်ကြောင်း၊ အခြားသက်သေခံ အထောက်အထားလည်း မရှိကြောင်း ထုချေတင်ပြသည်။

မူလရုံးအမှုတွင် ပူးတွဲတရားခံ နန်းထွေးပါဝင်ခဲ့သည်။ နန်းထွေးက ၎င်းသည် ဥယျာဉ်လုပ်ငန်း လုပ်ကြောင်း၊ ကွမ်းသီးများ သိမ်းသည့်ကာလ (၄)လဖြစ်၍ မိမိနေထိုင်ရာ စလွန်အော်ကြီးရွာတွင် ကွမ်းသီးများ သိမ်းနေကြောင်း၊ အချင်းဖြစ် အောက်လအဲရွာသို့ တစ်ကြိမ်မျှသွားရောက်ခဲ့ခြင်း မရှိကြောင်း၊ စိုးလွင်နှင့် သိသော်လည်း မရင်းနှီးကြောင်း၊ အချင်းဖြစ် အောက်လအဲရွာ လုယက်မှုတွင် ပါဝင်ကျူးလွန်ခဲ့ခြင်း မရှိကြောင်း၊ မိမိလုပ်ငန်းခွင်၌ရှိနေစဉ် ဇယောရဲစခန်းမှလာရောက်ရန် အကြောင်းကြား သဖြင့် (၈၀၄) လူကြီး ဦးထွန်းဝင်းနှင့် သွားရောက်ခဲ့ရာတွင် ဖမ်းဆီးခြင်း ခံရကြောင်းဖြင့် သက်သေတင်ပြ ထုချေခဲ့သည်။

မူလရုံးစီရင်ချက်တွင် နန်းထွေးအပေါ် ပူးတွဲတရားခံ စိုးလွင်၏ ဖြောင့်ချက်ပါ ထွက်ဆိုချက်တစ်ခုသာရှိကြောင်း၊ ဆက်စပ်ထောက်ခံသည့် အခြား ပတ်ဝန်းကျင် သက်သေခံအထောက်အထားရှိမှသာလျှင် ပူးတွဲ တရားခံ၏ ဖြောင့်ချက်ကို ယင်းအထောက်အထားများနှင့် ဆက်စပ်ပြီး ကျန်တရားခံအပေါ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ နန်းထွေးသည် စွဲချက်ပါ ပြစ်မှုကို ကျူးလွန်သူအဖြစ် ထင်ရှားရှိရန် အထောက်အထား ခိုင်လုံမှုမရှိကြောင်း သုံးသပ်ပြီး အမှုမှအပြီးအပြတ် လွှတ်ခဲ့ကြောင်းတွေ့ရသည်။

လုယက်မှုဖြစ်ပွားစဉ်က မီးအလင်းရောင်မရှိသဖြင့် လူဆိုးများကို မြင်တွေ့မှတ်မိခဲ့သူမပေါ်ပေါက်ချေ။ အဓိက သက်သေအနေဖြင့် ဒေါ်မြင့် (လိုပြ–၂) နှင့် မဝင်းအေး (လိုပြ–၃) တို့ သားအမိဖြစ်သည်။ ၎င်းတို့၏ ထွက်ချက်အရ လူဆိုးတစ်ဦးသည် ၎င်းတို့နှစ်ဦးအား မှောက်ခိုင်းစေပြီး ဒေါ်မြင့်အား သေနတ်နှင့်တေ့ထားကြောင်း၊ လူဆိုးကိုမမြင်ရဘဲ ကျန်လူဆိုး တစ်ဦးက ဦးနေတင်အား ကြိုးနှင့် တုပ် သော့တောင်းပြီး ပစ္စည်းများကို ယူဆောင်သွားကြကြောင်း၊ လူဆိုးများထွက်သွားသောအခါမှသာ ဦးနေတင် ရင်အုံတွင် ဓားဒဏ်ရာနှင့် သေဆုံးနေသည်ကို တွေ့ရခြင်းဖြစ်ကြောင်း၊ စိုးလွင်က အချင်းဖြစ်သည် လုယက်ရာ၌ ဒေါ်မြင့်အား ခြေနှင့်နင်းထားသူဖြစ်သည်ဟု ဒေါ်မြင့်အားပြောကြောင်းပေါ်ပေါက်သည်။

လူဆိုးများ လုယက်သွားသော ရွှေထည်ပစ္စည်းများမှ ပြန်မရခဲ့ချေ။ စိုးလွင်၏ ဖြောင့်ချက် (သက်သေခံ–က) အရ စိုးလွင်သည် ဦးနေတင်၊ ဒေါ်မြင့်တို့၏ သမီးမထွေးတင်နှင့် အိမ်ထောင်ကျခဲ့၍ သမက်ကော်စပ်ကြောင်း၊ ဒေါ်မြင့်သည် ဦးနေတင်နှင့် အဆင်မပြေ၍ (၃) လခန့် စိုးလွင်

တို့နှင့်အတူနေစဉ် စိုးလွင်နှင့် ဒေါ်မြင့်တို့ ဖောက်ပြန်ခဲ့ဖူးကြောင်း၊ တစ်နေ့တွင် နန်းထွေးငွေလိုချ် စိုးလွင်ထံငွေချေးဌာန စိုးလွင်က ဦးနေတင်၊ ဒေါ်မြင့်တို့အိမ်ကို လုယက်ရန်ပြောခဲ့ကြောင်း၊ ထို့နောက် အချင်းဖြစ်ညတွင် စိုးလွင်နေထိုင်ရာ စလွန်အော်ငယ်ရွာမှ ဦးနေတင်တို့ နေထိုင်ရာ လအဲရွာသို့ လှေဖြင့်သွားရောက် လုယက်ခဲ့ကြကြောင်း၊ စိုးလွင်က ဒေါ်မြင့်အား မှောက်ခိုင်းပြီး သေနတ်နှင့် ချိန်ထားကြောင်း၊ နန်းထွေးက ဦးနေတင်အား ကြိုးတုပ်ကြောင်း၊ ဦးနေတင်ထံမှ သော့တောင်းပြီး သေတ္တာကိုဖွင့်၍ ရွာသော်လည်း ဘာမျှမတွေ့ရကြောင်း၊ သို့ဖြင့် ထရံတွင် ချိပ်ထားသည့် လွယ်အိတ်အတွင်းရှာရာ ရွှေထည်များတွေ့သဖြင့်ယူ၍ပြန်ထွက်ခဲ့ကြကြောင်း၊ လမ်းတွင် နန်းထွေးက ဦးနေတင်ကို ဓားနှင့်ထိုးခဲ့သည်ဟု စိုးလွင်အားပြောကြောင်း၊ လုယက်၍ရသော လက်စွပ်နှစ်ကွင်းနှင့်ငွေ ၈၀/-ကို နန်းထွေးယူသွားကြောင်းဖြင့် ထွက်ဆိုဖြောင့်ချက်ပေးခဲ့ကြောင်းတွေ့ရသည်။

ဒေါက်တာနန်းယုထွေး (လိုပြ-၆)က အလောင်းစစ်ဆေးရာတွင် သေသူ၏ လက်နှစ်ဖက်မှာ ကြိုးတုပ်လျက်တွေ့ရကြောင်း၊ ယာဘက်ရင်အုံတွင် ထိုးဖောက်ဒဏ်ရာသည် အစာအိမ်၊ အဆုတ်တို့ကို စူးဝင်ထိခိုက်သွားကြောင်း ထွက်ဆိုထားသည်။

စိုးလွင်က ၎င်းသည် အချင်းဖြစ်နေ့ ညနေပိုင်းက ပိုက်ယူရန်အတွက် လှေဖြင့် အောက်လအဲရွာသို့သွားခဲ့ကြောင်း၊ နေအိမ်ရောက်သည့်အခါ ဒေါ်မြင့်ဆင်းပြေးလာပြီး သူ့ယောကျ်ားသေသွားပြီ၊ ဘယ်သူသတ်သလဲမသိဘူးဟုပြော၍ လိုက်ကြည့်ရာ ဦးနေတင်အား နေအိမ်တွင် သေနေသည်ကို တွေ့ရကြောင်း၊ ထို့နောက် ဦးနေတင်၏ အစ်ကို ဦးရွှေတင်ထံသို့ ဒေါ်မြင့်နှင့်အတူသွားရောက်ပြောကြားခဲ့ကြောင်း၊ မိမိသည် ဒေါ်မြင့်အား မိမိ ၎င်းပါဝင်ပြုမူခဲ့သည်ဟု ဘာမျှမပြောခဲ့ကြောင်း၊ ရဲများကနှိပ်စက်ခဲ့သဖြင့် သာ ဖြောင့်ချက်ကို ပါးစပ်ထဲရှိတွေ့ရာ ပြောခဲ့ခြင်းသာဖြစ်ကြောင်း၊ နန်းထွေးအား ထောင်ထဲရောက်မှ သိကြောင်း၊ ဒေါ်မြင့်နှင့် ရန်ငြိုးမရှိကြောင်း၊ သို့သော် ဒေါ်မြင့်သည် အိမ်နီးချင်း တစ်ဦးနှင့် ဖောက်ပြန်နေသည်ကိုမြင်တွေ့ဖူးသဖြင့် အနေအထိုင်ဆင်ခြင်ရန် ဒေါ်မြင့်အား သတိပေးခဲ့ဖူးကြောင်း၊ ဖြောင့်ချက်ကို အဖမ်းခံရပြီး နောက်တစ်နေ့ တရားရုံးတွင် ပေးခဲ့ကြောင်း ချေပထားသည်ကိုတွေ့ရသည်။

မူလရုံးတရားခံ နန်းထွေးကမူ စိုးလွင်အား သိကြောင်း၊ သို့သော် မရင်းနှီးကြောင်း၊ စိုးလွင်နှင့်အတူ ဦးနေတင်၊ ဒေါ်မြင့်တို့ အိမ်သို့

ဝင်ရောက်ပြီး လုယက်ခဲ့ခြင်း မရှိကြောင်း၊ စိုးလွင်ထံငွေချေးယူးခြင်း လည်းမရှိကြောင်း ချေပရာ စိုးလွင်၏ ထွက်ချက်နှင့် ဆန့်ကျင် ကွဲလွဲနေသည် ကို တွေ့ရသည်။

အမှုတွင် မျက်မြင်သက်သေမရှိပေ။ ဒေါ်မြင့် (လိုပြ-၂)၊ မဝင်းအေး (လိုပြ-၃) တို့ ထွက်ချက်နှင့် အယူခံတရားလို စိုးလွင်၏ ဖြောင့်ချက် (သက်သေခံ-က)အရ စိစစ်ရန်သာရှိနေပေသည်။ ဒေါ်မြင့်နှင့် မဝင်းအေးတို့ စိုးလွင်နှင့် ရန်ငြိုးရှိသူများ မဟုတ်ပေ။ သမီးဖြစ်သူ မထွေးတင်နှင့် စိုးလွင်တို့ လင်မယားအဖြစ် ပေါင်းသင်းလျက်ရှိနေ၍ စိုးလွင်သည် ဒေါ်မြင့်၏ သမက်ဖြစ်ရာ လိဆယ်စွပ်စွဲရန်အကြောင်း မရှိနိုင်ကြောင်း ယူဆနိုင်သည်။ ထို့ပြင် ဒေါ်မြင့်သည် စိုးလွင်နှင့်အတူ ဦးနေတင်၏အစ်ကို ဦးရွှေတင်ထံတွင် သွားရောက်ခဲ့ခြင်း၊ စိုးလွင်က ဦးနေတင်၏ အလောင်းကို ထမ်းပိုး၍ သယ်ပေးခြင်းစသော အမှုတွဲတွင် ပေါ်ပေါက်ချက်အရ ထောက်ရှုလျှင် စိုးလွင် အဖမ်းခံရသည်အထိ တစ်ဦးနှင့်တစ်ဦး အခင်မင် မပျက်ရှိနေကြကြောင်း ပေါ်လွင်သည်။ ထိုသို့သော အခြေအနေတွင် ဒေါ်မြင့်သည် စိုးလွင်အား လုယက်မှုကျူးလွန်ရာ၌ ပါဝင်ကြောင်း လုပ်ကြံစွပ်စွဲရန်ခဲယဉ်းသည်ဟု ယူဆရပေသည်။ ထို့အပြင် သမီးဖြစ်သူ မထွေးတင်အား ထောက်ထားရန်ရှိနေပေမည်။ ဒေါ်မြင့်သည် အိမ်နီးချင်း တစ်ဦးနှင့် ဖောက်ပြန်ခဲ့၍ စိုးလွင်က အနေအထိုင်ဆင်ခြင်ရန် သတိပေး ခဲ့ဖူးသည်ဆိုရာ ယင်းအချက် သက်သက်ကြောင့် အငြိုးထားကာ စိုးလွင်အား မတရားစွပ်စွဲရန် အကြောင်းဖြစ်သည်ဟု ယူဆရန်မှာလည်း စိုးလွင်၏ ဖြောင့်ချက်နှင့် ဆက်စပ်မှုရှိနေသည်ကို သုံးသပ်ရပေသည်။

ရှေ့နေချုပ်ရုံးကိုယ်စားလိုက်ပါ ဆောင်ရွက်သည့် ၎င်းရုံးဥပဒေအရာရှိက မူလရုံးတရားခံ စိုးလွင်က တရားသူကြီးထံ ဖြောင့်ချက်ပေးခဲ့ပြီး ရုံးရှေ့ အစစ်ခံသည့်အခါတွင် ယင်းဖြောင့်ချက်ကို ပြန်လည် ရုပ်သိမ်းခဲ့ကြောင်း၊ ယင်းသို့ ပြန်လည်ရုပ်သိမ်းသည့် ဖြောင့်ချက်ကို အထောက်အထားများရှိ မရှိ သုံးသပ်သည့်အခါတွင် ဒေါ်မြင့်(လိုပြ-၂)နှင့် မဝင်းအေး (လိုပြ-၃) တို့၏ ထွက်ချက်အရ "ညကမောင်းပြတိုက်ရာတွင် နှင့်ကို ခြေဖြင့်နင်းထား သူ ငါဖြစ်သည်" ဟု စိုးလွင်ကပြောကြောင်း ပေါ်ပေါက်ကြောင်း၊ ယင်းသို့ စိုးလွင်က ပြောကြောင်း ရဲစခန်းသို့ ဒေါ်မြင့်က တိုင်ကြားသည့် အခါ ကြောဆိုတိုင်ကြားခဲ့သည်ကိုတွေ့ရကြောင်း၊ ရဲစခန်းကလည်း ကျွန်းစုမြို့သို့ ဦးနေတင်၏အလောင်း လာပို့စဉ်ကပင် စိုးလွင်အား ဖမ်းဆီး

ခဲ့ကြောင်း သက်သေခံချက်ရှိကြောင်း၊ စိုးလွင်က မူလရုံးတွင် ချေပရာ၌ ၎င်းအပေါ် တင်စွဲသည့်ပြစ်မှုအား ကျူးလွန်ခြင်းမရှိကြောင်း၊ အချင်းဖြစ်သည့် နေ့ရက်အချိန်များက ၎င်း၏ နေထိုင်ရာ ရွာ၌ပင်ရှိနေခဲ့ကြောင်း၊ ရဲကအမျိုးမျိုး နှိပ်စက်သဖြင့် ဖြောင့်ချက်ပေးခဲ့ရပါသည်ဟု ထုချေထားကြောင်း၊ ယင်း ထုချေချက်မျိုးမှာ အလွယ်တကူထုချေချက်သာဖြစ်၍ လက်ခံရန်မသင့် ကြောင်း၊ ဖြောင့်ချက်ကို ရုပ်သိမ်းခဲ့သော်လည်း ယင်းဖြောင့်ချက်နှင့် ဆက်စပ်ထောက်ခံသော သက်သေခံအထောက်အထားများရှိနေပါသဖြင့် မူလရုံးက ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ မှန်ကန်သည်ဟု ယူဆပါကြောင်း တင်ပြလျှောက်လဲသည်။

မူလရုံးသည် ဖြောင့်ချက်ကို အဓိက အခြေပြု၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရလည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၃၉၂ အရ လည်းကောင်း ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင်ဖြောင့်ချက်၌ ဦးနေတင်အား အယူခံတရားလိုက ဓားနှင့် ထိုးခဲ့ကြောင်း တစ်လုံးတစ်ပါဒ မျှ မပါရှိချေ။ လုယက်မှု ကျူးလွန်ရာတွင် လူသတ်ခဲ့လျှင် သတ်ဖြတ် ရန်ကြိုတင်ပူးပေါင်းကြံစည်ခဲ့သည့် အထောက်အထားမရှိခြင်းကြောင့် အယူခံ တရားလိုအပေါ် မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)အရ ပြစ်မှု ထင်ရှား စီရင်ထားခြင်းသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၄တွင် လုယက်မှုကျူးလွန်ရာ၌ တစ်ဦး တစ်ယောက်ကို နာကျင်စေလျှင် လုယက်မှုကျူးလွန်ရာ၌ ဖက်စပ် ပါဝင်သူ တို့ကိုလည်း ပြစ်ဒဏ်ချမှတ်ရန် ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် အယူခံ တရားလို၏ ဖြောင့်ချက်အရဆိုလျှင် နန်းထွေးနှင့်အတူ လုယက်ခဲ့ရာ၌ နန်းထွေးသည် ဦးနေတင်အား ဓားနှင့် ထိုးခဲ့၍ ဦးနေတင် သေဆုံးခဲ့ရာ အယူခံတရားလိုလည်း တာဝန်ရှိပေသည်။ **မောင်လှရွှေပါ-၃ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အမှု** [၁] ကို ရည်ညွှန်းသည်။ သို့ဖြစ်ရာ မူလရုံးက အယူခံတရားလိုအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၂ အရ ပြစ်မှုထင်ရှားစီရင်ထားခြင်းသည်လည်း မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ဤနေရာတွင် မူလရုံးက ပူးတွဲ တရားခံ နန်းထွေးအား သက်သေ အထောက်အထား အခိုင်အလုံမရှိကြောင်းဖြင့် အမှုမှအပြီးအပြတ်လွှတ်လိုက် သောကြောင့် စိုးလွင်အား ပြစ်မှုထင်ရှားစီရင်ရန် သက်သေအထောက်အထား အခိုင်အလုံမရှိဟု ဆွဲယူ၍ မရနိုင်သည်ကို သတိပြုရာသည်။ အချင်းဖြစ်ပွားရာ

၁။ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်)၊ စာ-၆၈၆။

၁၉၉၄ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံတော်

အိမ်ရှင်ဦးနေတင်အသတ်ခံခဲ့ရာတွင် နန်းထွေးပါဝင်သည်မဟုတ်စေဦး စိုးလွင်နှင့်အတူ ပါဝင်သူက သတ်ခဲ့ခြင်းဖြစ်သည်ဟု ကောက်ယူနိုင်ခြင်းကြောင့် ဖြစ်သည်။

အယူခံတရားလိုအပေါ် မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂) အရ လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၃၉၂ အရလည်းကောင်း စွဲချက်တင်ခဲ့သဖြင့် အယူခံတရားလိုသည် ယင်းဥပဒေပုဒ်မ နှစ်ရပ်အပေါ် ခုခံချေပခွင့်ရရှိခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၄ အရ ပြစ်မှုထင်ရှားစီရင်ခြင်းက သက်ဆိုင်အကျုံးဝင်မည်ဖြစ်သည်။ ယင်းသို့စီရင်ခြင်းဖြင့် ပိုမိုကြီးလေးသော ပြစ်မှုသို့ပြောင်းလဲအပြစ်ပေးသည့် သဘောသက်ရောက်သည်မဟုတ်ပေ။

အထက်ပါ အကြောင်းများကြောင့် အယူခံတရားလို (မူလရုံးတရားခံ) မောင်စိုးလွင်အပေါ် ပြစ်မှုထင်ရှား စီရင်သည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂) နှင့် ပုဒ်မ ၃၉၂ တို့ကိုလည်းကောင်း၊ ယင်းပုဒ်မများအရ ချမှတ်သည့် ပြစ်ဒဏ်ကိုလည်းကောင်း ပယ်ဖျက်၍ ၎င်းအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၄ အရ ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

မောင်စိုးလွင် တင်သွင်းသော ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးတင်အုံး ရှေ့တွင်

စိုင်းမျိုးဝင်းသန့်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

+၁၉၉၄
စက်တင်ဘာလ
၁၅ ရက်

ကင်းသမားတစ်ဦး၏ တာဝန်နှင့်ဝတ္တရား၊ ထိုတာဝန်နှင့် ဝတ္တရားကို ထမ်းဆောင်သည့်အနေဖြင့် မသင်္ကာသူတစ်ဦးကိုတွေ့ရှိ၍ သေနတ်ဖြင့် တစ်ချက်ပစ်ခတ်ရာ တစ်နေရာတွင် အိပ်ပျော်သူတစ်ဦးကိုထိမှန်၍ ထိုသူသေဆုံးခြင်း၊ယင်းကင်းသမား၏ အပြုအမူအတွက် ပုဒ်မ ၃၀၂(၂) အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ ဥပဒေနှင့် ညီ မညီ။

ဆုံးဖြတ်ချက်။ အယူခံတရားလို တပ်သား စိုင်းမျိုးဝင်းသန့်၏ အပြုအမူ၊ ကင်းသမားတစ်ဦး၏ တာဝန်နှင့် ဝတ္တရား၊ အချင်းဖြစ်ပွားရာ နယ်မြေ အခြေအနေနှင့် အနေအထား၊ မကြည်ကြည်မာ၏ သေနတ်ကျည် ထိမှန်သေဆုံးမှု စသည့်အကြောင်းခြင်းရာများကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၉နှင့် ၈၀ ပါပြဋ္ဌာန်းချက်အသီးသီးတို့နှင့် ဆက်စပ်၍ စုပေါင်းသုံးသပ်ပါက အယူခံ တရားလို၏ ပြုမူချက်သည် တာဝန်အရဆောင်ရွက်ရာ၌ ဥပဒေကို အယူအဆလွဲခြင်းကြောင့်မဟုတ်ဘဲ၊ အကြောင်းခြင်းရာကို အယူအဆ လွဲခြင်းကြောင့် ဥပဒေအရ ပြုပိုင်သည်ဟု သဘောရိုးနှင့် ပြုလုပ်သည်ဟု လည်းကောင်း၊ မကြည်ကြည်မာ သေဆုံးမှုမှာလည်း မတော်တဆ သို့မဟုတ် ကံဆိုး၍ ဖြစ်သည်ဟုလည်းကောင်း သုံးသပ်ရရှိသည်ဖြစ်၍ မူလရုံးက အယူခံတရားလို စိုင်းမျိုးဝင်းသန့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းမှာ ဥပဒေနှင့် ညီညွတ်မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

---

* ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၅၃၁

\+ ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၁ တွင် ချမှတ်သော (၁၆-၈-၉၃) ရက်စွဲပါ ကရင်ပြည်နယ် (ဘားအံခရိုင်) တရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၄
စိုင်းမျိုးဝင်းသန့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

အယူခံတရားလိုအတွက် – ခမရ (၃၃၈) အချုပ်မှတင်သွင်းသည်။

အယူခံတရားခံအတွက် – ဒေါ်သင်းသင်းမြ၊ ဥပဒေအရာရှိ ရှေ့နေချုပ်ရုံး

ကရင်ပြည်နယ် တရားရုံး (ဘားအံခရိုင်) ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၁/၉၃ တွင် စိုင်းမျိုးဝင်းသန့် အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)အရ အလုပ်နှင့် ထောင်ဒဏ် (၇) နှစ်ကျခံစေရန် အမိန့်ချမှတ်လိုက် သောကြောင့် စိုင်းမျိုးဝင်းသန့်က မကျေနပ်၍ ဤအယူခံကိုတင်သွင်းသည်။

အမှုမှာ ၁၀–၇–၉၂ နေ့နံနက် ၀၂၀၀ နာရီအချိန်ခန့်တွင် လှိုင်းဘွဲ့မြို့၊ အမှတ် ၃၃၈ ခြေမြန်တပ်ရင်း၌ တပ်သား စိုင်းမျိုးဝင်းသန့်သည် ကင်းတာဝန်ကျနေစဉ် မသက်သာတစ်ဦးတွေ့ရှိရ၍ ရပ်ဟုပြောရာ မရပ်ဘဲ ကင်းသမား စိုင်းမျိုးဝင်းသန့် ထံသို့ ဆက်တိုးလာသောကြောင့် သေနတ် ဖြင့် တစ်ချက် ပစ်လိုက်သည်။ ထိုသေနတ်ကျည်သည် အမှတ် ၃၃၉ ခြေမြန်တပ်ရင်း အိမ်ထောင်သည်လိုင်းတွင် အိပ်နေသော မကြည်ကြည်မာ၏ ဦးခေါင်းကို ထိမှန်ပြီး မကြည်ကြည်မာ သေဆုံးသွားသဖြင့် ပြည်နယ် တရားရုံးမှ စစ်ဆေးခဲ့သော အမှုဖြစ်သည်။

စစ်သည်တစ်ဦးသည် ပြစ်မှုကျူးလွန်ပါက တပ်မတော်အက်ဥပဒေပုဒ်မ ၇၂ ပါ ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေဘဲ ပုဒ်မ ၇၁ အရ စစ်တရားရုံး ဖြင့် စစ်ဆေးစီရင်ခြင်းခံရမည်ဖြစ်သည်။ ပြစ်မှုကျူးလွန်သည့် စစ်သည်တစ်ဦး အား နယ်ဘက် တရားရုံး သို့မဟုတ် စစ်ဘက်တရားရုံးဖြင့် စစ်ဆေးစီရင် ခြင်းနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၄၉၊ တပ်မတော် အက်ဥပဒေပုဒ်မ ၁၂၈ နှင့် နည်းဥပဒေ ပုဒ်မ ၂၂၆ တို့တွင် ပြဋ္ဌာန်းထားရှိ ပေသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် ထွန်းကြည် အမှု (၁) တွင် ပြစ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၄၉ နှင့် အညီ စစ်ဆေးစီရင်ကြားနာခြင်းနှင့် စပ်လျဉ်း၍ ထုံးပြုထားပေသည်။

ယခုအမှုတွင် သက်ဆိုင်ရာမှ တပ်သား စိုင်းမျိုးဝင်းသန့်၏ အမှုကို စစ်ဆေးစီရင်ရန် လွှဲအပ်ပေးသဖြင့် ပြည်နယ်တရားရုံးမှ စစ်ဆေးခဲ့သည်ကို တွေ့ရသည်။

---

(၁) ၁၉၅၈ ခု၊ မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်) စာ ၂၃၁

အယူခံတရားလို စိုင်းမျိုးဝင်းသန့်က အယူခံအတွက် အဓိက အကြောင်းပြရာတွင် အချင်းဖြစ်နေရာ အရပ်သည် အကြမ်းဖက်သောင်းကျန်းသူများ လူပ်ရှားတတ်သည့် နယ်မြေဖြစ်သည့်အပြင် အချင်းဖြစ်ညက ကင်းကတုပ်ဆီသို့တဟုန်ထိုးတိုးဝင်လာသူကို အယူခံတရားလိုက နှစ်ကြိမ်တိုင်မေးမြန်းရပ်တန့်စေခဲ့သော်လည်း ရုပ်တန့်ခြင်းမရှိဘဲ ဆက်လက် ဝင်လာသဖြင့် ၁၅ ကိုက်ခန့် ကွာဝေးသည်တွင် ကင်းမှူးထံသို့ သတင်းပို့ရန် အချိန်မရတော့သည့် အလျောက် တပ်ရင်းမှူးနှင့်တကွ မိမိတို့၏ အန္တရာယ်ကို စိုးရိမ်ရ၍ သေနတ်ဖြင့် တစ်ချက်ပစ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ကင်းမှူးနှင့်အဖွဲ့က ထိုနေရာသို့ သွားကြည့်ရာ အဆိုပါသူထွက်ပြေးသွားသည့် အနေအထားကို တွေ့ရကြောင်း၊ သေသူမကြည်ကြည်မာ၏ နေအိမ်လိုင်း အိပ်ခန်းသည် ကင်းကတုပ်နှင့် ကိုက် ၃၀၀ ခန့်အကွာအဝေးတွင် တည်ရှိပြီး အလယ်တွင် သစ်ပင်တောအုပ်များခြားလျက်ရှိနေကြောင်း၊ ကံအကြောင်းမလှ၍ မကြည်ကြည်မာ သေဆုံးရခြင်းအတွက် ၎င်းအပေါ် တာဝန်ပုံချခြင်းမှာ မှားယွင်းကြောင်း၊ ၎င်းမှာ စစ်သက်နှနယ်သေးသည့် တပ်သားသစ်ဖြစ်၍ တာဝန်ကို တိကျစွာ ထမ်းဆောင်စဉ် ဖြစ်ပွားခြင်းကို ကြိုးလေးသော ပြစ်ဒဏ်ချမှတ်ခြင်းမှာ မှားယွင်းကြောင်း တင်ပြသည်။

ရှေ့နေချုပ်ရုံးအတွက် ဆောင်ရွက်သည့် ဥပဒေအရာရှိက တင်ပြရာတွင် စိုင်းမျိုးဝင်းသန့်သည် ညဉ့်(၁) နာရီကျော်ခန့်တွင် သေနတ်ပစ်ခတ်မှုမှာ ကင်းစောင့်စဉ် ခြံစည်းရိုးနားသို့ တိုးလာသူအား ရပ်ခိုင်းရာမှ မရသဖြင့် ထိုသူအား ကြံရွယ်ကာ ပစ်ခဲ့ခြင်းဖြစ်ကြောင်းတွေ့ရသော်လည်း ယင်းမှာ ကျည်ဆံသည် ကိုက် ၃၀၀ အကွာရှိ အိမ်ထောင်သည်လိုင်း၌ အိပ်နေသူ မကြည်ကြည်မာ၏ ဦးခေါင်းကိုထိမှန် သေစေရန်ကြံရွယ်ခြင်းမရှိသော မကြည်ကြည်မာ သေဆုံးရခြင်းဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၁ ပါ ပြဋ္ဌာန်းချက်ကို ကျူးလွန်ရာရောက်ကြောင်း တွေ့ရှိရကြောင်း၊ ထိုပုဒ်မ ၃၀၁၏ ရှင်းလင်းချက်အရ ဆိုသော် အယူခံ တရားလိုသည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၄-က ကိုသာ ကျူးလွန်ရာ ရောက်ကြောင်း ထို့ကြောင့် ပုဒ်မ ၃၀၂ (၂) မှ ၃၀၄-က သို့ ပြောင်းလဲ၍ ပြစ်မှုထင်ရှားစီရင်သင့်ကြောင်း တင်ပြသည်။

ဤအယူခံတွင် နှစ်ဖက်တင်ပြချက်များအရ အယူခံတရားလိုသည် ညဉ့်အချိန် တပ်ရင်းလုံခြုံရေးအတွက် ကင်းစောင့်စဉ် လူတစ်ဦးတိုးဝင်လာသည်ကို ရပ်ခိုင်းရာ အဆိုပါ သူက မရပ်ဘဲ ရှေ့ဆက်တိုးလာသောကြောင့်

၁၉၉၄
စိုင်းမျိုးဝင်းသန့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

ကင်းစောင့်သူ အယူခံတရားလိုက သေနတ်ဖြင့် တစ်ချက်ပစ်သည်။ ထိုသေနတ်ကျည်သည် တခြားတပ်ရင်း၏ အိမ်ထောင်သည်လိုင်းတွင် အိပ်နေသူ မကြည်ကြည်မာဆိုသူကို ထိမှန်သေဆုံးသည်မှာ ထင်ရှားပြီးဖြစ်သည်။ သို့သော် အယူခံတရားလို၏ ကင်းစောင့်တာဝန်နှင့် ဝတ္တရား၊ လူတိုးဝင်လာပုံ၊ အချိန်ကာလဒေသ အခြေအနေ၊ ပထဝီ အနေအထား၊ အယူခံတရားလိုတွင် သတိလက်လွတ်အရမ်းပေါ့လျော့စွာ ပြုမူခဲ့ခြင်း ရှိမရှိ၊ ၎င်း၏ အပြုအမူမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) သို့မဟုတ် ၃၀၄–က အရ ပြစ်မှုမြောက်မမြောက်စသည့် အချက်များကို ပြည့်ပြည့်စုံစုံ လေ့လာရန်ရှိသည်။

မူလရုံးအမှုတွဲကို လေ့လာရာ (က၀/၅၀၂၂၀၆) တပ်ကြပ် ချစ်မောင် (လိုပြ–၁) သည် ကင်းမှူးဖြစ်၍ ၎င်းက ၉–၇–၉၂ နေ့ ည ၁ နာရီကျော်ခန့် သေနတ်သံတစ်ချက်ကြားသဖြင့် ကင်းစောင့်တာဝန်ကျသူအယူခံတရားလို စိုင်းမျိုးဝင်းသန့်ကို ခေါ်မေးကြောင်း၊ ၎င်းက တပ်ရင်းမှူးနေအိမ်ဘက်သို့ လူတစ်ယောက်ပြေးတက်လာသဖြင့် ရပ်ဟု ပြောရာ မရပ်ဘဲဆက်ပြေးတက်လာ၍ သေနတ်ဖြင့် ပစ်ခတ်ခြင်းဖြစ်သည်ဟု ပြောကြောင်း ထွက်ဆိုပြီး မိမိတို့ တပ်ရင်းမှာ လှိုင်းဘွဲ့မြို့ အပြင်တွင်ရှိပြီး ရှေ့တန်းတပ်ရင်းဖြစ်ကြောင်း၊ တပ်ရင်းအနီးတွင် မကြာခဏ တိုက်ပွဲဖြစ်ကြောင်း၊ ထိုနေ့ညကပင် တိုက်ပွဲ (၁) ကြိမ် မိမိတို့ တပ်ရင်းအနီးတွင် ဖြစ်ပွားခဲ့သေးကြောင်း၊ ကင်းတာဝန်ကျ နယ်မြေမှာ အနက်ရောင် နယ်မြေဖြစ်၍ ထိုညက ကင်းတာဝန်ကျသူ စိုင်းမျိုးဝင်းသန့် အနေဖြင့် မသင်္ကာဖွယ်ရာ ရန်သူဖြစ်နေလျှင် သေနတ်ဖြင့် ပစ်ပိုင်ခွင့်ရှိကြောင်း ထွက်ဆိုထားသည်။

(က/ပ ၇၅၄၁၈၇) တပ်သား အောင်လွင် (လိုပြ–၂).က တပ်သား စိုင်းမျိုးဝင်းသန့် ကင်းတာဝန်ကျနေစဉ် သေနတ်သံကြား၍ မေးရာ ကင်းတာဝန်ကျရာ ဘက်သို့ လူတစ်ယောက်ပြေးထွက်လာရာ ချဲလင်း (၂) ကြိမ်တောင်း၍ အရပ်ခိုင်းသော်လည်း ရပ်တန့်ခြင်းမရှိ၍ သေနတ်ဖြင့် ပစ်ကြောင်းသိရှိရကြောင်း၊ ပြေးတက်လာသူဆိုသူ၏ လမ်းကြောင်းကို လိုက်ကြည့်ရာ ခြံစည်းရိုးကိုတိုး၍ တောထဲ ပြေးဝင်သွားသည့် လက္ခဏာတွေ့ရကြောင်း၊ ထိုနေ့ညက မိမိတို့ တပ်ရင်းနှင့် ၃ မိုင်ခန့်အကွာ ဝင်းစိန်ကျေးရွာတွင် တိုက်ပွဲများဖြစ်ပွားကြောင်း၊ အမှတ် ၃၃၉ ခြေမြန် တပ်ရင်းနှင့် မိမိတို့အမှတ် ၃၃၈ ခြေမြန်တပ်ရင်းအကြား ကိုက် ၃၀၀ ခန့် ကွာဝေးပြီး ကိုက် ၂၀၀ ခန့်မှာ တောအုပ်ဖြစ်၍ ရန်သူလာမည်ဆိုက

ခို၍လာနိုင်ကြောင်း၊ ကင်းရုံမှာ တပ်ရင်းမှူး၏ နေအိမ်အပြင်ဘက်ဖြစ်၍ နယ်မြေမှာ အနက်ရောင်နယ်မြေဖြစ်ကြောင်း၊ ထိုညက ကင်းစောင့်ခြင်းမှာ စစ်မြေပြင်ကင်းဖြစ်၍ ယင်းကင်း၌ တည်မြဲအမိန့်အရ ကင်းသမားသည် သေနတ်ပစ်ပိုင်ခွင့်ရှိကြောင်း ထွက်ဆိုသည်။

ဒုရဲအုပ် စခန်းမှူး ဦးတင်မြင့် (လိုပြ–၃)၏ ထွက်ဆိုချက်အရ တပ်ရင်းနှစ်ခုအကြား ဖောင်ကုန်းငယ်နှင့် တောအုပ်ရှိကြောင်းပေါ်လွင်ပြီး အချင်းဖြစ်သောနေရာမှ တပ်ကြပ်အောင်ဇော်ဦး(သေဆုံးသူမကြည်ကြည်မာ အိပ်နေသော) နေအိမ်ကို လှမ်း၍မြင်နိုင်ကြောင်းနှင့်ဒေါ်သူဇာ (လိုပြ–၄)က သေနတ်သံကြားရသည့်အချိန်မှာညဝ၁၄၅ နာရီခန့်ဖြစ်ကြောင်းထွက်ဆိုသည်။

မူလရုံးတွင် စိုင်းမျိုးဝင်းသန့်က ၎င်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) ဖြင့် စွဲချက်တင်သည်ကို အပြစ်မရှိကြောင်း ထုချေရာ၌ အချင်းဖြစ်ညက ကင်းစောင့်နေစဉ် မသက်ဘွယ် လူတစ်ယောက်ကို ၁၅ ကိုက် အကွာတွင် တွေ့၍ ရပ်ရန်ပြောသော်လည်း မရပ်ဘဲရှေ့ဆက်တိုးဝင်လာသဖြင့် သေနတ်ဖြင့် တစ်ချက် ပစ်လိုက်ကြောင်း သေနတ်ဖြင့် မပစ်ပါက ၎င်းကို သတ်ဖြတ်ပြီး တပ်ရင်းမှူးအိမ်သို့ ဝင်နိုင်ကြောင်း၊ ၎င်းနှင့် (၁၀) ကိုက်ခန့် အကွာရောက်နေပြီဖြစ်၍ ကင်းမှူးထံ သတင်းမပို့နိုင်တော့ကြောင်း ထွက်ဆိုထုချေသည်။

အချင်းဖြစ်ကာလ၌ တပ်ရင်းတွင် ထောက်လှမ်းရေး အရာရှိ တာဝန်ထမ်းဆောင်ရသည့် ကြည်း–၂၀၇၁၇ ဗိုလ်ကြီး အောင်မိုး (ခံပြ–၂) က တပ်သား စိုင်းမျိုးဝင်းသန့်သည် စစ်စည်းကမ်းဖောက်၍ မဟုတ်ဘဲ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ခြင်းသာ ဖြစ်ကြောင်း ထွက်ဆိုပြီး (ကပ/ ၁၃၇၅၁၃) အရာခံဗိုလ်လှအောင် (ခံပြ–၃) ကလည်း စိုင်းမျိုးဝင်းသန့်သည် စစ်စည်းကမ်းဖောက်ဖျက်၍ မဟုတ်ဘဲ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခြင်းသာဖြစ်ကြောင်းနှင့် အချင်းဖြစ်ညက နံက် ဝ၁၄၅ နာရီခန့်တွင် ခမရ ၃၃၈ တပ်ရင်းနှင့် မလှမ်းမကမ်းတွင် ရှိသော ရွာတစ်ရွာ၌ ပစ်ခတ်မှုဖြစ်၍ တပ်ရင်းကို တပ်လှန့်ပြီး ၎င်းကိုယ်တိုင် ကင်းများလိုက်စစ်ခဲ့ကြောင်း၊ ထိုကင်းစစ်သည့်အချိန်တွင်မှ အချင်းဖြစ်ည (၁) နာရီကျော်လောက်တွင် စိုင်းမျိုးဝင်းသန့်က မသက်ဘွယ်ရာသူကို သေနတ်ဖြင့် ပစ်ခတ်ကြောင်း သိရပါသည် ဟု ထွက်ဆိုသည်။

အထက်ပါ သက်သေခံချက်များအရ အယူခံ တရားလို ကင်းစောင့်သည့် နေရာသည် လှိုင်းဘွဲ့မြို့အပြင်ဘက် အမှတ် ၃၃၈ ခြေမြန်တပ်ရင်း၊

၁၉၉၄
စိုင်းမျိုးဝင်းသန့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

တပ်ရင်းမှူး၏ နေအိမ်အပြင်ဘက်ကင်းဖြစ်ကြောင်း၊ နယ်မြေမှာ လုံခြုံရေး အတွက် အစဉ်ဂရုပြုရသော နယ်မြေဖြစ်ကြောင်း၊ အချင်းဖြစ်ညတွင် ထိုတပ်ရင်းနှင့် ၃ မိုင်ခန့်အကွာ၌ တိုက်ပွဲဖြစ်ကြောင်း၊ ကင်းစောင့်သည့် အချင်းဖြစ်အချိန်မှာ ည ၁ နာရီခွဲကျော်ခန့်ဖြစ်ကြောင်း၊ ညအချိန်မတော် ကင်းစောင့်သည့် နေရာသို့ လူတစ်ယောက်တိုးဝင်လာကြောင်း၊ တိုးဝင်လာသူအား ကင်းသမားအယူခံတရားလိုက ရုပ်ရန်ပြောသည်ကို မရုပ်ဘဲ ရှေ့ဆက်တိုးလာသောကြောင့် ကင်းသမားအယူခံတရားလိုက သေနတ်ဖြင့် တစ်ချက်သာပစ်ကြောင်း၊ လူတိုးဝင်လာသည့်ဆိုသော နေရာတွင် ခြံစည်းရိုး အကာများလဲနေပြီး မြေမှာပျော့နေ၍လူတိုးဝင်လာသည့်အရာများ ပေါ်ပေါက်ကြောင်း၊ တပ်ကြပ် ချစ်မောင် (လိုပြ-၁) က ခြံကို တိုးသွားသည့်အသံကိုပင် ကြားရသည်ဟု ထွက်ဆိုထားသည်။ ကင်းသမားသည် မသက်သာသူတွေ့လျှင် ရုပ်တန့်ရန်မေးမြန်းရပြီး မရုပ်တန့်ဘဲ ရန်မူသည့်အထိ ပြေးလာပါက ကင်းမှူးထံ သတင်းပို့ချိန်မရလျှင် ကင်းသမားက ရန်မူလာသူကို သေနတ်ဖြင့် ပစ်ပိုင်ခွင့်ရှိကြောင်း စသည့်အချက်များ ပေါ်ပေါက်သည်။

အထက်ပါ ပေါ်ပေါက်သည့်အချက်များအရဆိုလျှင် ကင်းစောင့်သူ အယူခံတရားလို စိုင်းမျိုးဝင်းသန့်သည် ၎င်း၏ ကင်းစောင့်သည့် တာဝန်ဝတ္တရားအရ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်မှာ မြင်သာသည်။

တဖန် စိုင်းမျိုးဝင်းသန့်၏ တာဝန်ဝတ္တရားအရ ဆောင်ရွက်သည်ဟု ပေါ်ပေါက်သည့် ထိုပြုမူချက်သည် အရမ်း သို့မဟုတ် ပေါ့လျော့သော ပြုလုပ်မှုကို ပြုလုပ်သည့် ပြုမူချက် ဟုတ်မဟုတ် ထပ်မံ စိစစ်သည့်အခါ သက်သေထွက်ချက်များအရ မသက်သာဖွယ် တိုးဝင်လာသူကို ရုပ်ရန်ပြောသည် ဆိုသော အချက်မှာ အငြင်းမထွက်ပေ။ တိုးဝင်လာသည့်အချိန်မှာလည်း ည၌နက်အခါကာလ ရန်ပြုလိုသူတို့ လှုပ်ရှားရန်ကောင်းသည့် ည၌ ဝ၁၄၅ နာရီ ခန့်ဖြစ်သဖြင့် သာမန်လူကောင်း သူကောင်းတို့ သွားလာသည့် အချိန်မျိုး မဟုတ်ပေ။ ထို့ပြင် အချင်းဖြစ် ညက တပ်သား စိုင်းမျိုးဝင်းသန့် ကင်းစောင့်သည့် တပ်ရင်းနှင့် ၃ မိုင်ခန့်အကွာတွင် တိုက်ပွဲဖြစ်ပွားနေပြီး၊ နယ်မြေမှာ အနက်ရောင်နယ်မြေဖြစ်သည့်ပြင် လုံခြုံရေးအတွက် ကင်းဖြစ်ကြောင်းလည်း ပေါ်ပေါက်သည်။ အယူခံတရားလို၏ ထုချေချက်အရ သေနတ်ဖြင့် မပစ်ပါက ၎င်းကို သတ်ဖြတ်နိုင်သည့်ပြင် တပ်ရင်းမှူးအိမ်ကိုလည်း ဝင်နိုင်သည်ဆိုသော အချက်ရှိပေရာ ထိုအချိန်အခါ၌ အယူခံတရားလို စိုင်းမျိုးဝင်းသန့်၏ ကြောင့်ကျစိုးရိမ်မှုသည် ကင်းစောင့်သူ တစ်ဦး၏

ထိုက်သင့်သော သတိဝိရိယရှိမှုကို ညွှန်ပြနေသည်။ ထိုအခြေ အနေမျိုးတွင် အယူခံတရားလိုသည် ၎င်း၏ ကင်းစောင့် တာဝန်အရ ရပ်တန့်ရန်ပြောရာ မရပ်ဘဲ ဆက်တိုးဝင်လာသဖြင့် သေနတ်ဖြင့် တစ်ချက် သာ ပစ်ခဲ့ခြင်းဖြစ်ပေရာသေနတ်ပစ်ခြင်းမှာ တစ်ချက်သာဖြစ်သောကြောင့် ယင်းပြုမှုမှာ အရမ်း သို့မဟုတ် ပေါ့လျော့သော ပြုလုပ်မှုဟု မပေါ်ပေါက်ပေ။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၁ တွင်-

"တစ်ဦးတစ်ယောက်သောသူသည် သေစေရန် မိမိကြံရွယ်သော်၊ သို့တည်း မဟုတ် သေစေတန်ရာသည်ဟု မိမိသိသော အရာတစ်ခုခုကို ပြုခြင်းဖြင့်၊ သေစေရန် မိမိကမကြံရွယ်သောသူ၏ သေခြင်းကို ဖြစ်စေလျက်၊ သို့တည်းမဟုတ် သူတစ်ဦး၏ သေခြင်းကိုဖြစ်စေ တန်ရာသည်ဟု မိမိကိုယ်တိုင် မသိသော ထိုသူ၏ သေခြင်းကိုဖြစ်စေ လျက်၊ ပြစ်မှုတစ်ခုခုကို ကျူးလွန်လျှင်၊ ထိုသူကျူးလွန်သော ပြစ်မှုသည် သေစေရန် မိမိကကြံရွယ်သည့်သူကို သေစေသော ပြစ်မှုနှင့်သော်လည်းကောင်း၊ သေခြင်းကို ဖြစ်စေတန်ရာသည်ဟု မိမိကိုယ်တိုင်သိသည့် သေခြင်းကိုဖြစ်စေသော ပြစ်မှုနှင့်သော်၎င်း၊ မခြား ထပ်တူဖြစ်သည်" ဟု ပြဋ္ဌာန်းထားသည်။

အထက်ပါ ပုဒ်မ ၃၀၁ ၏ ရှင်းလင်းချက်တွင် ပြစ်မှုဆိုသည်မှာ ပုဒ်မ ၂၉၉ ၌ သို့မဟုတ် ပုဒ်မ ၃၀၀ သို့မဟုတ် ပုဒ်မ ၃၀၄-က၌ ပြဆိုသော "ပြစ်မှု" ကို ဆိုလိုသည်ဟု ထပ်မံရှင်းလင်းဖော်ပြထားသည်။

ပုဒ်မ ၃၀၁ ၏ ရှင်းလင်းချက်အရ ဆိုလျှင် ပုဒ်မ ၂၉၉ သို့မဟုတ် ပုဒ်မ ၃၀၀ သို့မဟုတ် ၃၀၄-ကတွင် ပါရှိသည့် "ပြစ်မှု"ကို ရည်ညွှန်းသည်။ ထို "ပြစ်မှု" ဟူသော အပြုအမူများတွင် "တစ်ဦး တစ်ယောက်သော သူကို သေစေရန်အကြံ" ပါရှိရန် ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၃၀၄-က မှာ အရမ်း သို့မဟုတ် ပေါ့လျော့စွာ ပြုခြင်းဖြင့် လူကိုသေစေသည့် ပြုလုပ်မှုဖြစ်သည်။

ယခု စိုင်းမျိုးဝင်းသန့်၏ အပြုအမူသည် အထက်ပိုင်းတွင် သုံးသပ်ခဲ့သည့် အတိုင်း ကင်းစောင့်သူတစ်ဦး၏ တာဝန် ဝတ္တရားအရ တာဝန်ထမ်းဆောင်စဉ် ပြုမူသည့် ဆောင်ရွက်ချက်သာဖြစ်သည်ကို တွေ့ရှိရသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၉ တွင်-

"ဥပဒေအရ ပြုပိုင်သူကသော်လည်းကောင်း၊ ဥပဒေကို အယူအဆ လွဲခြင်းကြောင့် မဟုတ်ဘဲ အကြောင်းခြင်းရာကို အယူအဆ လွဲခြင်း ကြောင့် ဥပဒေအရပြုပိုင်သည်ဟု သဘောရိုးနှင့်ယုံကြည်သူကသော်

လည်းကောင်း ပြုလုပ်လျှင်ထိုပြုလုပ်မှုသည်ပြစ်မှုမမြောက်" ဟူ၍ လည်းကောင်း၊

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၀ တွင်–

"ဥပဒေနှင့်ညီသော ပြုလုပ်မှုကို ဥပဒေနှင့်ညီသော နည်းလမ်းအတိုင်း ဥပဒေနှင့် ညီသော အပြုအမူဖြင့် သတိကောင်းစွာ ထား၍ ပြုရာတွင် မတော်တဆ သို့တည်းမဟုတ် ကံဆိုး၍ ပြုသည်လည်းဖြစ်၍၊ ရာဇဝတ်မကင်းသော အကြံ သို့တည်းမဟုတ် အသိဉာဏ်မရှိဘဲနှင့် ပြုသည်လည်းဖြစ်သော ပြုလုပ်မှုသည် ပြစ်မှုမမြောက်"

ဟူ၍ လည်းကောင်း အသီးသီးပြဋ္ဌာန်းထားသည်။

အယူခံတရားလို စိုင်းမျိုးဝင်းသန့်မှာ၊ တာဝန်အရည်ဉီအချိန် ကင်းစောင့်သည့် ၎င်းထံ တိုးဝင်လာသူအား ရပ်တန့်ရန်ပြောဆို၍မရသဖြင့် တာဝန်အရ ကိုင်ဆောင်ထားသော သေနတ်ဖြင့် တစ်ချက်သာ ပစ်ခတ်ခြင်းဖြစ်သည်ကို တွေ့ရသည်။ ထိုသို့ပြုလုပ်ရာတွင် သစ်တောအုပ်နှင့် တောင်ကုန်းငယ်ခြားနေသည့်ကိုက် ၃၀၀ ခန့်အကွာ အိမ်ထောင်သည်လိုင်းအတွင်း၌ ခလေးငယ်နှင့်အတူ အိပ်နေသော မကြည်ကြည်မာ၏ ဦးခေါင်းကို သေနတ်ကျည်ထိမှန်၍ သေဆုံးခဲ့သည်ဟု မတော်တဆဟူ၍သော်လည်းကောင်း၊ ကံဆိုး၍သော်လည်းကောင်း ဖြစ်သည်ဟု **ယူဆရပေမည်။**

ဦးညိမ်း၊ ဦးပန်းညှာ၊ ဒေါ်တင်တင်နှင့် ဦးကျင်ဝက် အမှု[၂] **တွင်**

"သေသူနှင့်တကွ လျှောက်ထားခံရသူအယောင်းပါတို့သည် တောလိုက်သွားကြရာ၊ ဂျီတစ်ကောင် တောထဲမှထွက်လာသည်အထင်နှင့် လျှောက်ထားခံရသူက သေနတ်ဖြင့် ပစ်ခတ်ရာတွင် ထွက်လာသည့် အကောင်မှာ ဂျီမဟုတ်ဘဲဂျီကဲ့သို့ အရောင်ရှိသည့် ခွေးတစ်ကောင်ဖြစ်နေသည်။ ထိုခွေးကို ကျည်သင့်၍ သေနေသည်ကို တွေ့ကြရသည်။ သေသူလည်းခေါင်းတွင် သေနတ်ဒဏ်ရာတစ်ချက်နှင့် မလှမ်းမကမ်းတွင် လဲကျနေသည်ကို တွေ့ရသည်။"

"အမှုအဖြစ်အပျက်များအရ တောလိုက်ရာတွင် မတော်တဆထိမှန်ခဲ့ခြင်းဖြစ်သည်မှာ ထင်ရှားသည်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၀ အရ ပြစ်မှုမမြောက်"

ဟူ၍ လမ်းညွှန်ထုံးဖွဲ့ထားသည်။

---

(၂) ၁၉၆၅ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး (ရုံးချုပ်) စာ ၅၆၇

တဖန် **မောင်စန်းမောင်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု**(၃)တွင်

"အယူခံတရားလိုသည် တောထဲ၌ အမဲလိုက်ရင်း အမဲကောင်ကို သေနတ်နှင့်တစ်ချက်ပစ်ခဲ့၏။ ယင်းသို့အမဲကောင်ကိုပစ်ခဲ့သော အယူခံတရား လို၏ ပြုမူချက်မှာ ဥပဒေနှင့် မညီသော ပြုလုပ်မှုဟု မဆိုနိုင်ပေ။ ဥပဒေနှင့် မဆန့်ကျင်သည့် အပြုအမူကို ပြုလုပ်ရာ၌ အယူခံတရားလိုသည် မောင်ကျောက်ကိုဖြစ်စေ၊ အခြားလုပ်သားပြည်သူတစ်ဦးကိုဖြစ်စေ သေစေရန်၊ သို့မဟုတ် နာကျင်စေရန် ပြစ်မှုမကင်းသည့်အကြံ၊ အသိဉာဏ်ဖြင့် ပြုလုပ်ခဲ့ခြင်းမရှိသည့်အလျောက် ၎င်း၏ ပြုမူချက်သည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၈၀ အရ ပြစ်မှုမမြောက်"

ဟူ၍ ထုံးဖွဲ့ထားသည်။

ထို့ကြောင့် ဤအယူခံတွင် အယူခံတရားလို တပ်သားစိုင်းမျိုးဝင်းသန့်၏ အပြုအမူ၊ ကင်းသမားတစ်ဦး၏ တာဝန်နှင့် ဝတ္တရား၊ အချင်းဖြစ်ပွားရာ နယ်မြေအခြေအနေနှင့် အနေအထား၊ မကြည်ကြည်မာ၏ သေနတ်ကျည်ထိမှန်သေဆုံးမှုစသည့် အကြောင်းခြင်းရာများကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၇၉ နှင့် ၈၀ ပါပြဋ္ဌာန်းချက် အသီးသီးတို့နှင့် ဆက်စပ်၍ စုပေါင်းသုံးသပ်ပါက အယူခံတရားလို၏ ပြုမူချက်သည် တာဝန်အရ ဆောင်ရွက်ရာ၌ ဥပဒေကို အယူအဆလွဲခြင်းကြောင့် မဟုတ်ဘဲ အကြောင်းချင်းရာကို အယူအဆလွဲခြင်းကြောင့် ဥပဒေအရ ပြုပိုင်သည်ဟု သဘောရိုးနှင့်ပြုလုပ်သည်ဟုလည်းကောင်း၊ မကြည်ကြည်မာ သေဆုံးမှုမှာလည်း မတော်တဆ သို့မဟုတ် ကံဆိုး၍ ဖြစ်သည်ဟုလည်းကောင်း သုံးသပ်ရရှိသည်။

သို့ဖြစ်၍ မူလရုံးက အယူခံတရားလို စိုင်းမျိုးဝင်းသန့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုထင်ရှား တွေ့ရှိသည်ဟု သုံးသပ်ပြီး အလုပ်နှင့် ထောင်ဒဏ် (၇) နှစ်ကျခံစေရန် စီရင်ခဲ့ခြင်းမှာ ဥပဒေနှင့် ညီညွတ်မှန်ကန်သည်ဟု ဆိုနိုင်မည် **မဟုတ်ပေ**။

---

(၃) ၁၉၆၆ ခု၊ မြန်မာနိုင်ငံ စီရင်ထုံး (ရုံးချုပ်) စာ ၆၂၉

၁၉၉၄
စိုင်းမျိုးဝင်းသန့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

အထက်ပါ အကြောင်းများကြောင့် ဤအယူခံကို ခွင့်ပြု၍ ကရင်ပြည်နယ် တရားရုံး (ဘားအံခရိုင်) ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၃၁/၉၃ တွင် တရားခံ စိုင်းမျိုးဝင်းသန့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ ပြစ်မှုထင်ရှားတွေ့ရှိမှုနှင့် ယင်းပြစ်မှုအရ အလုပ်နှင့် ထောင်ဒဏ်(၇)နှစ် ကျခံစေရန် ချမှတ်သည့် အမိန့်ကို ပယ်ဖျက်လိုက်ပြီး အယူခံတရားလို စိုင်းမျိုးဝင်းသန့်အား အမှုမှ အပြီးအပြတ်လွှတ်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးတင်ထွတ်နိုင် ရှေ့တွင်

ဆူရင်ဒတ်ကူးမား
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်*

၁၉၉၄
မေလ
၁၂ ရက်

ရာဇသတ်ကြီး ဥပဒေပုဒ်မ ၈၄ အရ ပြစ်မှုကျူးလွန်စဉ်က စိတ်ပေါ့သွပ်ကြောင်း အကာအကွယ်မယူစေကာမူယင်းသို့ပေါ်ပေါက်ခဲ့ခြင်းရှိမရှိ ပြည့်ပြည့်စုံစုံ စီစစ်ရန်လိုအပ်ခြင်း။ တရားခံ လူသတ်မှုကျူးလွန်သည်ဆိုသောနေ့မှာ တရားခံအား စိတ်ရောဂါ အထူးကု ဆေးရုံသို့ ပြန်လည်ပြသရန် ချိန်းဆိုထားသည့် ရက်ထက်ကျော်လွန်နေခြင်း၊ တရားခံသည် ဆက်ဖိုဖရီးနီးယားခေါ် ကြမ်းတမ်းသည့် စိတ်ရောဂါ ဝေဒနာခံစားခဲ့ရခြင်း၊ ယင်းအခြေအနေမျိုးတွင် တရားခံအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ ၏ အကာအကွယ်ကို ပေးသင့် မပေးသင့် ပြည့်ပြည့်စုံစုံစစ်ဆေးရန်လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ဆရာဝန် ဦးတင်အောင်သန်း (လိုပြ–၇)က အယူခံတရားလို ခံစားနေရသည့် စိတ်ရောဂါမှာ (ဆက်ဖိုဖရီးနီးယား) စိတ်ရောဂါဖြစ်ပြီး စိတ်ရောဂါများတွင် အကြမ်းတမ်းဆုံးဖြစ်ကြောင်း၊ ရုံးရှေ့တွင် ပြသခဲ့သည့် ဆေးမှတ်တမ်းစာအုပ်အရ ဆေးရုံမှဆင်းခဲ့သည့် ၁၂–၆–၉၂ နေ့မှ (၆) လအကြာတွင် စိတ်ရောဂါ အထူးကုဆေးရုံသို့ ပြန်လည်ပြသရန် ဖြစ်ကြောင်း ထွက်ဆိုထားသည်၊ သို့ဖြစ်၍ အချင်းဖြစ်ချိန်က အယူခံတရားလို ၏ စိတ်ဖောက်ပြန်မှုရှိနိုင်မရှိနိုင် ဆုံးဖြတ်ရန်အတွက် ထိုစဉ်က အယူခံတရားလိုဘက်မှ ပြသမေးမြန်းသည့် မြောက်ဥက္ကလာပ စိတ်ရောဂါအထူးကု ဆေးရုံကြီး၏ ဆေးကုမှတ်တမ်းအမှတ်စဉ်– ၀၇၂၅၇ ကိုဖြစ်စေ၊ ယင်းမှတ်တမ်း၏ တရား၀င် မိတ္တူကိုဖြစ်စေ သက်ဆိုင်ရာမှ တင်ပြစေရန် ဆင့်ဆိုပြီးနောက် စစ်ဆေးမေးမြန်းရန်၊ အယူခံတရားလို ထောင်ကျခံနေရ

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၄၂၈

\+ ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅ တွင် ချမှတ်သော (၁၂–၄–၉၃) ရက်စွဲပါ ပဲခူးတိုင်း (တောင်ငူခရိုင်) တရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၄ ဆူရင်ဒတ်ကူးမား နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်

သည့် သက်ဆိုင်ရာ တောင်ငူမြို့အကျဉ်းထောင် တာဝန်ခံအရာရှိကို ခေါ်ယူကာ အယူခံတရားလို ဆူရင်ဒတ်ကူးမား၏ လက်ရှိ စိတ်ပိုင်းဆိုင်ရာ အခြေအနေကို ပြည့်ပြည့်စုံစုံ စစ်ဆေးမေးမြန်းရန် ပဲခူးတိုင်း တရားရုံး (တောင်ငူခရိုင်) အား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၂၈ အရ ညွှန်ကြားလိုက်သည်။

အယူခံတရားလိုအတွက် – ဦးကျန်းချန်း၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားခံအတွက် – ဦးမြညိမ်း၊ ဥပဒေ အရာရှိ၊ ရှေ့နေ ချုပ်ရုံး

ပဲခူးတိုင်း တရားရုံး (တောင်ငူခရိုင်) ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၅/၉၃ (ဖြူး)တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂(၂)အရ ထောင် (၁၀)နှစ် နှင့် ထိုဥပဒေပုဒ်မ ၃၂၆ အရ ထောင် (၃) နှစ်တို့ကို တစ်ပြိုင်တည်း ကျခံစေရန် ပြစ်ဒဏ်ချမှတ်ခြင်းခံရ၍ ဆူရင်ဒတ်ကူးမားက ဤအယူခံမှုကို တရားရုံးချုပ်သို့ တင်သွင်းသည်။

အမှုမှာ ၂၀-၁၂-၉၂ ရက်နေ့ ညဉ့် (၇) နာရီခန့်တွင် ဖြူးမြို့နယ် ကြူအင်းရွာနေ ရသီးကူးမားက ၎င်း၏ ဖခင် ဦးရမ်းအော်ဒေး အိမ်ဖက်မှ ဆူညံသံများကြားရ၍ သွားရောက်ကြည့်ရှုရာ ရမ်းအော်ဒေးမှာ သွေးအိုင်ထဲ လဲနေသည်ကိုတွေ့ရကြောင်း၊ ၎င်းအား မေးရာ ၎င်း၏အတူနေထိုင်သည့် သားဖြစ်သူ ဆူရင်ဒတ်ကူးမားက ဓားဖြင့်ခုတ်သည်ဟု ပြောပြသိရှိရကြောင်း ဖော်ပြလျက် ဖြူးရဲစခန်းတွင် တိုင်ချက်ဖွင့်ခဲ့သော အမှုဖြစ်သည်။

ဆူရင်ဒတ်ကူးမား၏ ရှေ့နေက ဆရာဝန် သက်သေ ဦးတင်အောင်သန်း၏ ထွက်ဆိုချက်အရ ဆူရင်ဒတ်ကူးမားတွင် (ဆက်ဇိုဖရီးနီးယား) စိတ်ဖောက်ပြန် ရောဂါရှိပြီး ၁၂-၁၂-၉၂ ရက်နေ့တွင် စိတ်အထူးကုဆေးရုံသို့ ပြသရန် ချိန်းဆိုထားချိန်ဖြစ်ကြောင်း၊ ပေါ်လွင်သဖြင့် အချင်းဖြစ်ချိန်တွင် စိတ်မဖောက်ဟု သုံးသပ်သည်မှာ မှားယွင်းကြောင်း၊ ၁၅-၃-၉၃ နေ့က ၎င်းအား တရားရုံးမှ စွဲချက်တင်ပြီး အပြစ်ရှိမရှိ မေးမြန်းရာ "မပြောတတ်ပါ" ဟု ဖြေကြား၍ ၎င်းစိတ်ဖောက်ပြန်နေသည်မှာ ထင်ရှားကြောင်း၊ မူလရုံးက တရားခံပြ သက်သေများကို ပယ်ခြင်းမှာလည်း တရားမျှတမှုမရှိကြောင်း၊ ၎င်းသည် ၎င်း၏ဖခင်ကွယ်လွန်သွားသည်ကို ယနေ့ထိမသိကြောင်း ပေါ်လွင်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၄ နှင့် ဆန့်ကျင်ကြောင်း အဓိကထား တင်ပြသည်။

ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက အချင်းဖြစ်သည့် ၂၀-၁၂-၉၂ နေ့ညက သေသူ ရမ်းအော်ဒေးနှင့် ဟာရီဆံကားတို့သည် တရားခံ ဆူရင်ဒတ်ကူးမားအား ရန်ကုန်စိတ်ရောဂါကုဆေးရုံသို့ပို့ရန် ပြောဆိုနေကြစဉ် ဆူရင်ဒတ်ကူးမားက ဓာတ်မီးယူပြီး နွားတင်းကုတ်သို့ သွားကြောင်း၊ "ကွမ်းယာစားမလား" ဟု ဆူရင်ဒတ်ကူးမားက ဟာရီဆံကားကို ခေါ်သဖြင့်၊ ထသွားရာ အနီးနားအရောက်တွင် ဓားဖြင့်ခုတ်လိုက်၍ ဟာရီဆံကား၏ ဦးခေါင်းနှင့် နားထင်တို့တွင် ဒဏ်ရာရရှိခဲ့ကြောင်း၊ ရမ်းအော်ဒေးကဓားခုတ်သံကြား၍သွားကြည့်ရာ ၎င်းကိုပါဆူရင်ဒတ်ကူးမားက ဓားဖြင့်ခုတ်ကြောင်း၊ ၎င်းဒဏ်ရာကြောင့် (၁၅) ရက်ခန့်အကြာတွင် ဆေးရုံ၌ ရမ်းအော်ဒေး ကွယ်လွန်ခဲ့ကြောင်း၊ ၎င်းဖြစ်စဉ်များကို ထောက်ရှုလျှင် ဆူရင်းဒတ်ကူးမားမှာ ထိုစဉ်က စိတ်ကောင်းသည်ဟု ယူဆရန်ပင်ဖြစ်ကြောင်း၊ ၎င်းအား ပြန်လှန်စစ်မေးရာ၌ ဟာရီဆံကားလာသည်ကိုသိကြောင်း၊ ထိုစဉ်က ၎င်း၏ စိတ်၌ တစ်စုံတစ်ရာ မမြင်ခဲ့ကြောင်း ထွက်ဆိုထားသဖြင့် မူလရုံးက ဆူရင်ဒတ်ကူးမားအား ပြစ်မှုဆိုင် ဥပဒေပုဒ်မ ၃၀၂ (၂) နှင့် ပုဒ်မ ၃၂၆ တို့အရ ပြစ်မှုထင်ရှားသဖြင့် ထောင်ဒဏ်ချမှတ်ခဲ့သည်မှာလည်း မှားယွင်းမှုမရှိကြောင်း တင်ပြသည်။

ပရသီးကူးမား (လိုပြ-၁)က ၎င်း၏ လက်ထဲတွင် ပါလာသည့် ဓာတ်မီးဖြင့် ထိုးကြည့်ရာ ဆူရင်ဒတ်ကူးမား၏ လက်ထဲ၌ ခုတ်ဓားကိုင်ထားသည်ကို တွေ့ရပြီး ၎င်းရပ်နေသည့်နေရာနှင့် နှစ်တောင်ခန့်အကွာတွင် လူနှစ်ယောက်လဲနေသည်ကိုတွေ့ရကြောင်း၊ ဆူရင်ဒတ်ကူးမားက ၎င်းကိုင်ထားသည့်ဓားနှင့် မိမိကိုလှမ်းပစ်ရာ ရှောင်လိုက်၍ မထိကြောင်း ထွက်ဆိုထားသည်။ ဦးအာကျေကူးမား (လိုပြ-၂) က ယင်းအချက်များကို ထောက်ခံထားသည်။

မဟင်ဒရာဒတ်စ် (လိုပြ-၄) မှာ ဆူရင်ဒတ်ကူးမား၏ ဇနီးဖြစ်ပြီး ၎င်းက အချင်းဖြစ်နေ့ ည(၇) နာရီခန့်တွင် သူမ၏ ယောကျ်ားမရမ်းအော်ဒေးနှင့် ခင်ပွန်းဆူရင်ဒတ်တို့ကို ထမင်းကျွေးနေစဉ် ယင်းအချိန်တွင် ဟာရီဆံကား ရောက်ရှိလာပြီး ဆူရင်ဒတ်အား ဦးနှောက်ရောဂါနှင့် ပတ်သက်၍ ရန်ကုန်ဆေးရုံပို့ရန် ရမ်းအော်ဒေးနှင့် ဆွေးနွေးကြကြောင်း၊ ယင်းဆွေးနွေးသံကြားရပြီးနောက် ဆူရင် ဒတ်သည် ထမင်းဆက်မစားတော့ဘဲ နွားတင်းကုတ်ရှိရာဘက်သို့ ဆက်ထွက်သွားကြောင်း၊ ဆူရင်ဒတ်က နွားတင်းကုတ်ဘက်မှနေ၍ ဟာရီဆန်ကားအား အကိုကွမ်းယာစားမလားဟု လှမ်းခေါ်ကြောင်း၊

ဟာရီဆန်ကား ဆူရင်ဒတ်ဘက်သို့သွားပြီးနောက် လဲကျသည့်အသံကြား ရကြောင်း၊ "ရမ်းအော်ဒေးအား လဲကျသံကြားတယ် သွားကြည့်ပါဦး" ဟု သူကပြောလိုက်၍ ဖခင်ဖြစ်သူ ရမ်းအော်ဒေးလည်း နွားတင်းကုတ်ဘက်သို့ ထလိုက်သွားကြောင်း၊ သူမအပြင်ရောက်သည့်အချိန်တွင် ဟာရီဆန်ကားနှင့် ရမ်းအော်ဒေးတို့ နှစ်ဦးလဲနေသည်ကိုတွေ့ရပြီး ဆူရင်ဒတ်က သူမကို လိုက်သဖြင့် ကြောက်ပြီး တွက်ပြေးသွားရကြောင်း ထွက်ဆိုထားရာယင်း အချက်များကို ဟာရီဆန်ကား (လိုပြ–၆) က ထောက်ခံထွက်ဆိုထားသည်။

ဒေါက်တာဦးတင်အောင်သန်း (လိုပြ–၇) ၏ ထွက်ဆိုချက်အရ ရမ်းအော်ဒေး၏ ဦးခေါင်းနောက်စေ့တွင် ၄" x ၁" ရှိ အလျားလိုက်ပြတ်ရှဒဏ်ရာတစ်ခု၊ ဦးခေါင်းခွံအလျားလိုက်ပြတ်ရှနေသည့် ၃½" x ၀" ရှိ ဦးနောက်အသားစများထွက်နေသော ဒဏ်ရာတစ်ခု၊ လက်ဝဲဖက်နားထင်တွင် ၃" x ½" ရှိ ပြတ်ရှဒဏ်ရာတစ်ခုတွေ့ရှိရပြီး (၁၅) ရက်အကြာတွင် ဆေးရုံ၌ သေဆုံးသွားကြောင်း ပေါ်ပေါက်သည်။

ဆူရင်ဒတ်ကူးမားအား ပြစ်မှုဆိုင်ရာပုဒ်မ ၃၀၂(၂) နှင့် ၃၂၆ တို့အရ စွဲချက်တင်ရာ မပြောတတ်ကြောင်း၊ အပြစ်မရှိကြောင်း ထုချေခဲ့သည်။ ရုံးရှေ့စစ်ဆေးရာ၌မူ၎င်း၏ ဖခင်ရမ်းအော်ဒေးမှာ ကျောင်းဆရာဖြစ်ပြီး ၎င်းတို့တွင် ညီအစ်ကို (၃) ယောက်ရှိကြောင်း၊ အကြီးဆုံးမှာ ပရသီးကူးမား၊ ၎င်းနောက် အဂျစ်ကူးမားတို့ဖြစ်ကြောင်း၊ ၎င်း၏ မိဘနှင့် ညီဖြစ်သူတို့ အတူနေထိုင်ကြကြောင်း၊ လွန်ခဲ့သော (၉) နှစ်ခန့်က ကြိုကန်ရွာနေ အင်ဒရာဝတီနှင့် လက်ထက်ထိမ်းမြားပြီး (၇) နှစ်အရွယ် သားတစ်ယောက်ရခဲ့ကြောင်း၊ ယခင်က ၎င်းနေမကောင်းဖြစ်၍ ရန်ကုန်ဆေးရုံသို့ ၃–၄ ကြိမ်ခန့် ဆေးကုသရန်သွားရောက်ခဲ့ကြောင်း၊ လွန်ခဲ့သောနှစ်ကလည်း ရန်ကုန်ဆေးရုံသို့ ဆေးကုသွားခဲ့ရာ ကော်င်းသွား၍ ပြန်လာခဲ့ရကြောင်း၊ ၎င်း၏ ဖခင်ကျောင်းဆရာ ရမ်းအော်ဒေးမှာ ဒဏ်ရာရရှိ၍ ဆေးကုသွားကြောင်း၊ ၎င်းအား အစ်ကိုဖြစ်သူ ပရသီးကူးမားက ဖြူးရဲစခန်းသို့ ခေါ်သွားကြောင်း ထွက်ဆိုထားသည်။

ဆံရာဝန် ဦးတင်အောင်သန်း (လိုပြ–၇) အား ပြန်လှန်စစ်မေးရာ၌ အယူခံတရားလိုမှာ ရန်ကုန်မြို့မြောက်ဥက္ကလာပရှိ စိတ်ရောဂါ အထူးကု ဆေးရုံကြီးတွင် လူနာအမှတ်စဉ် ၀၇၂၅၉၇ အဖြစ် ၂၀–၄–၉၂ နေ့မှ ၁၂–၆–၉၂ နေ့ထိတက်ရောက်ဆေးကုသခံခဲ့ဘူးကြောင်း၊ ၎င်းခံစားနေရသည့် စိတ်ရောဂါမှာ (ဆက်ဇိုဖရီးနီးယား) ခေါ် စိတ်ရောဂါဖြစ်ပြီး၊

စိတ်ရောဂါများတွင် အကြမ်းတမ်းဆုံးဖြစ်ကြောင်း၊ ရုံးရှေ့တွင် ပြသခဲ့သည့် ဆေးမှတ်တမ်းစာအုပ်အရ ဆေးရုံမှဆင်းခဲ့သည့် ၁၂-၆-၉၂ နေ့မှ နောက် (၆) လအကြာတွင် စိတ်ရောဂါအထူးကု ဆေးရုံကြီးသို့ ပြန်လည်ပြသရန် ဖြစ်ကြောင်း ထွက်ဆိုထားသည်။

သို့ဖြစ်၍ အချင်းဖြစ်ချိန်က အယူခံတရားလို၏ စိတ်ဖောက်ပြန်မှုရှိနိုင် မရှိနိုင် ဆုံးဖြတ်ရန်အတွက် ထိုစဉ်က အယူခံတရားလိုဘက်မှ ပြသမေးမြန်း သည့် မြောက်ဥက္ကလာပ စိတ်ရောဂါအထူးကု ဆေးရုံကြီး၏ ဆေးကု မှတ်တမ်း အမှတ်စဉ် ၀၇၂၅၉၇ ကိုဖြစ်စေ၊ ၎င်းမှတ်တမ်း၏ တရားဝင် မိတ္တူကိုဖြစ်စေ သက်ဆိုင်ရာမှ တင်ပြစေရန် ဆင့်ဆိုပြီးနောက် စစ်ဆေး မေးမြန်းရန်၊ အယူခံတရားလိုထောင်ကျခံနေရသည့် သက်ဆိုင်ရာ တောင်ဂူမြို့ အကျဉ်းထောင်တာဝန်ခံအရာရှိကို ခေါ်ယူကာ၊ အယူခံ တရားလို ဆူရင် ဒတ်ကူးမား၏ လက်ရှိ စိတ်ပိုင်းဆိုင်ရာ အခြေအနေကို ပြည့်ပြည့်စုံစုံ စစ်ဆေးမေးမြန်းရန် ပဲခူးတိုင်းတရားရုံး (တောင်ဂူခရိုင်) အား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ အရ ညွှန်ကြားလိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့် ရှေ့တွင်

+ ၁၉၉၄ ...
စက်တင်ဘာလ
၃၀ ရက်

မည္ဥန့်ညွန့်သန်း
နှင့်
ကိုမြင့်သိန်း *

ကလေးစရိတ်အမှုများတွင် စွပ်စွဲခံရသူသည် သန္ဓေသားပေးစွမ်းနိုင်အား ရှိသူမဟုတ်ဟုထုချေရာ၌ ပြင်ပဆေးခန်းဆရာဝန်မှတ်ခွဲခန်း စမ်းသပ်ချက် မှတ်တမ်းတင်ပြရုံမျှဖြင့် စွပ်စွဲသူနှင့် စွပ်စွဲခံရသူတို့မှ ရရှိသော ကလေးမဟုတ်နိုင်ဟု တစ်ထစ်ချ ကောက်ယူသုံးသပ်ရန် မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ သက်သေခံ (၁) ဆေးစာမှာ ကျန်းမာရေး ဝန်ကြီးဌာနက တရားဝင် ဖွင့်လှစ်ထားသည့် ဆေးရုံ၊ ဆေးပေးခန်း၏ ဆေးဘက်ဆိုင်ရာ ဆရာဝန် သို့မဟုတ် သမားတော်အနေဖြင့် စစ်ဆေးစမ်းသပ်ပေးထားသည့် တရားဝင် ဆေးစာမဟုတ်ဘဲ "မေတ္တာရောဂါရှာဖွေရေး ဓာတ်ခွဲခန်း" အနေဖြင့် ထုတ်ပေးထားသည့် ဆေးစစ်ချက်မှတ်တမ်းသာလျှင် ဖြစ်သည်။ ယင်းဆေးစာကို ရေးပေးသည့် ဆရာဝန် ဒေါ်ခင်စိန်ဝင်း (လိုပြ-၂) ၏ ထွက်ဆိုချက်အရ ကိုမြင့်သိန်းနှင့် မည္ဥန့်ညွန့်သန်းတို့၏ အိမ်ထောင်ရေးကိစ္စကို ပြောမပြဘဲ ကိုမြင့်သိန်းက ၎င်း၏ သုတ်ရည်ကို လာရောက်စစ်ဆေးခိုင်းကြောင်းလည်းတွေ့ရှိရသည်။ ထိုဆေးစာကို အမှန်ဟု လက်ခံသည့်တိုင်အောင် ကိုမြင့်သိန်း၏ ဇနီး ဒေါ်မြိုင်ကိုဖြစ်စေ၊ မည္ဥန့်ညွန့်သန်းကိုဖြစ်စေ သန္ဓေသားကိစ္စနှင့် စပ်လျဉ်း၍ ကိုမြင့်သိန်းနှင့် တွဲဖက်၍ တရားဝင် စစ်ဆေးခဲ့ကြောင်း မပေါ်ပေါက်သောကြောင့် ကိုမြင့်သိန်းနှင့် တရားဝင် ဇနီး ဒေါ်မြိုင်တို့မှ သားသမီးမရရှိခဲ့ရုံမျှဖြင့် ကိုမြင့်သိန်းနှင့် မည္ဥန့်ညွန့်သန်းတို့ သံဝါသပြုရာမှ သားသမီးမရရှိနိုင်ဟု မယူဆနိုင်ပေ၊ ထိုအခြေအနေတွင် မူလရုံးက ကလေး စရိတ်ပေးစေရန် ကိုမြင့်သိန်းအပေါ် အမိန့်ချမှတ်ခြင်းမှာ မှန်ကန်သည်။

---

* ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၄၆ (ခ)

\+ ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၄၁ တွင် ချမှတ်သော (၂၂-၉-၉၃) ရက်စွဲပါ မန္တလေးတိုင်း (မန္တလေး ခရိုင်) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

လျှောက်ထားသူအတွက် – ဦးထိန်လင်း၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူအတွက် – ဦးတင်ဆောင်၊ တရားရုံးချုပ်ရှေ့နေ

မန္တလေးအနောက်မြောက်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၈၄/၉၂ တွင် တရားလို မည္သန့္ညြန့္သန်းက လျှောက်ထားခံရသူ ကိုမြင့်သိန်းအပေါ် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁) အရ ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့ရာ မူလရုံးက ကိုမြင့်သိန်းအပေါ် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ (၁) အရ အမိန့်ချမှတ်သည့် နေ့မှစ၍ တစ်လလျှင် ကလေးစရိတ် ၁၀၀/–ကို မည္သန့္ညြန့္သန်းအား လစဉ်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ကိုမြင့်သိန်းက မကျေနပ်၍အယူခံဝင်ရောက်ရာ မန္တလေးတိုင်း တရားရုံး (မန္တလေးခရိုင်) က အယူခံမှုအမှတ် ၄၁/၉၃ တွင် မူလရုံးအမိန့်ကို ပယ်ဖျက်ခဲ့သည်။ ယင်းအမိန့်ကို မူလရုံးတရားလို မည္သန့္ညြန့္သန်းက မကျေနပ်ပြန်၍ ဤပြင်ဆင်မှုကို တရားရုံးချုပ်သို့ တင်သွင်းသည်။

အမှုမှာ ကိုမြင့်သိန်းသည် မည္သန့္ညြန့္သန်းအား လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းမည်ဟု ယုံကြည်အောင်ပြော၍ ကာမပြုကျင့်ခဲ့ရာမှ သမီးတစ်ဦးရရှိသည့်တိုင်အောင် သားမယားအဖြစ် ကျွေးမွေးပြုစောင့်ရှောက်ရန် ပျက်ကွက်၍ ကိုမြင့်သိန်းအား အရေးယူပေးရန် မည္သန့္ညြန့္သန်းက ဦးတိုက်လျှောက်ထား တရားစွဲဆိုရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။ မန္တလေးအနောက်မြောက်မြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၆၀/၉၂ တွင် တရားခံ ကိုမြင့်သိန်းက လျော်ကြေးပေးသဖြင့် ထိုအမှုကို မည္သန့္ညြန့္သန်းက ကျေအေးပေးခဲ့သည်။ မည္သန့္ညြန့္သန်းက ကိုမြင့်သိန်းနှင့် ရရှိသော ကလေးအတွက် ကလေးစရိတ်ရလိုကြောင်း မန္တလေးအနောက်မြောက်မြို့နယ် တရားရုံးတွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁) အရ လျှောက်ထားခဲ့ခြင်းဖြစ်သည်။

ပြင်ဆင်မှုလျှောက်ထားသူ၏ ရှေ့နေကြီးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ ကိုမြင့်သိန်းအပေါ် တရားစွဲဆိုခဲ့သည့်အမှုတွင် မည္သန့္ညြန့္သန်းအား နစ်နာကြေးငွေကျပ် ၁၀၀၀၀/–ပေးသဖြင့် ထိုအမှုကို ရုပ်သိမ်းပေးခဲ့ကြောင်း၊ တိုင်းတရားရုံးက ကလေးမှာ ကိုမြင့်သိန်းနှင့် ရရှိသော ကလေးမဟုတ်ဟု သုံးသပ်ပြီး ကလေးစရိတ်လျှောက်ထားမှုအား ပယ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ အယူခံရုံးသည် ဥပဒေနှင့်အညီစီရင်ပြခြင်းမဟုတ်သည့် ဆေးစာအပေါ်တွင် ကိုမြင့်သိန်းသည် ကလေးမရနိုင်ကြောင်း ကောက်ယူ

ခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ ကိုမြင့်သိန်းဘက်မှ တင်ပြသော သက်သေများမှာ ဆွေမျိုးသားချင်းအရင်းအချာများနှင့် ဇနီးတို့သာ ဖြစ်ကြောင်း၊ အယူခံရုံးက ကိုးကားသည့် **မောင်လှစိုး** နှင့် **မတင်တင်ဝင်းအမှု** [၃] ပါဖြတ်ထုံးသာဓက အရပင်လျှင် မည္ကန့်ည္ကန့်သန်းလျှောက်ထားသည့် ကလေးစရိတ်ကို ခွင့်ပြုသင့်ကြောင်း အဓိကထားလျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ ကိုမြင့်သိန်း၏ ရှေ့နေကြီးက မည္ကန့်ည္ကန့်သန်းနှင့် ဦးမြင့်သိန်းတို့သည် တစ်ဦးနှင့်တစ်ဦး ငြိစွန်းခဲ့ခြင်းမရှိကြောင်း၊ ၎င်းတို့ (၂) ဦးမှ ရရှိသောကလေးဖြစ်သည်ဟု မည္ကန့်ည္ကန့်သန်းဘက်မှ မတင်ပြနိုင်ကြောင်း၊ကိုမြင့်သိန်းဘက်မှ တင်သွင်းထားသည့်ဆေးစာ (သက်သေခံ–၂) မှာ သားဖွားနှင့်မီးယပ် ပါရဂူကို(ဒ်တိုင် သက်သေခံ၍ တင်ပြထားခြင်းဖြစ်ကြောင်း၊ အယူခံရုံးအနေဖြင့် မောင်လှစိုးနှင့် မတင်တင်ဝင်း အမှုကို ကိုးကားတင်ပြခြင်းသည် ကိုမြင့်သိန်းနှင့် မည္ကန့်ည္ကန့်သန်းတို့မှာ တရားဝင်အကြင်လင်မယားမဟုတ်ဆိုသော အချက်ပင်ဖြစ်ကြောင်း၊ သက်သေခံ (၂) အဖြစ် ကိုမြင့်သိန်း၏ ဇနီးနှင့် မိခင်တို့၏ ထွက်ဆိုချက်များ အရ ကိုမြင့်သိန်းမှာ သန္ဓေသားပေးစွမ်းနိုင်သည့် သုတ်ပိုးသုတ်ရည် အင်အား မရှိသည်မှာ ထင်ရှားကြောင်း၊ တို့ကြောင့် မည္ကန့်ည္ကန့်သန်းက ကလေးစရိတ် တောင်းခံနေသောကလေးမှာ ကိုမြင့်သိန်းနှင့် မည္ကန့်ည္ကန့်သန်းတို့မှ ရရှိသော ကလေးဖြစ်သည်ဟု မပေါ်လွင်သောကြောင့် အယူခံရုံး၏ အမိန့်ကို ပယ်ဖျက်ရန်မသင့်ကြောင်း လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲကို လေ့လာသောအခါ လျှောက်ထားသူမည္ကန့်ည္ကန့်သန်း (လိုပြ–၁)၊ ဒေါက်တာ ခင်စိန်ဝင်း (လိုပြ–၂)၊ ဒေါ်မြမေ (လိုပြ–၃)၊ လျှောက်ထားခံရသူကိုမြင့်သိန်း (ခံပြ–၁)၊ ဒေါ်ခင်ဆွေ (ခံပြ–၂)၊ ဒေါ်မြိုင် (ခံပြ–၃) တို့အား စစ်ဆေးထားကြောင်း တွေ့ရှိရသည်။ ယင်းသက်သေများ၏ ထွက်ဆိုချက်များကို သုံးသပ်ပါက လျှောက်ထားသူမည္ကန့်ည္ကန့်သန်းနှင့် လျှောက်ထားခံရသူ ကိုမြင့်သိန်းတို့သည် တရားဝင်အကြင်လင်မယားအဖြစ် လက်ထပ် ပေါင်းသင်းခဲ့ကြကြောင်း ပေါ်ပေါက်ခြင်း မရှိသော်လည်း ကိုမြင့်သိန်းက လက်ထပ်ယူပါမည်ဟု လိမ်လည် လှည့်ဖြားပြောဆိုပြီး မည္ကန့်ည္ကန့်သန်း၏ ကာမကိုရယူခဲ့ကြောင်း ပေါ်လွင်သည်။

မူလရုံးအမှုတွဲ၏ ပေါ်ပေါက်ချက်များအရ လျှောက်ထားသူနှင့် လျှောက်ထားခံရသူ ကိုမြင့်သိန်းတို့သည် တရားဝင်အကြင်လင်မယားဖြစ်ကြောင်း

(၃ ၁၉၇၆ ခုနှစ် မြန်မာနိုင်ငံ တရားစီရင်ထုံးများ (ဗဟိုတရားရုံး) စာ–၁၂၃။

ပေါ်ပေါက်ခြင်းမရှိပေ။ သို့ရာတွင် ကိုမြင့်သိန်းဘက်မှတင်ပြသည့် သက်သေခံ (၃) ၌ မူ ကိုမြင့်သိန်းသည် မည္ကန့်ညွန့်သန်းကို တရားဝင် လက်ထပ်ပါမည်ဟု ပြော၍ မည္ကန့်ညွန့်သန်းထံမှ အကြိမ်များစွာ ကာမကိုရယူကာ သံဝါသပြုခဲ့ကြောင်း ပေါ်လွင်သည်။ ယင်းစာသက်သေခံ (၃) မှာ မည္ကန့်ညွန့်သန်းက ကိုမြင့်သိန်းကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရစွဲဆိုသည့် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၇၆၀/၉၂ ၌ မည္ကန့်ညွန့်သန်း၏ ထွက်ဆိုချက်များပင်ဖြစ်သည်။ ယင်းထွက်ဆိုချက်ထဲတွင် ကိုမြင့်သိန်းနှင့် မည္ကန့်ညွန့်သန်းတို့ အကြိမ်ကြိမ် ကာမဆက်ဆံရာမှ မည္ကန့်ညွန့်သန်းတွင် ကိုယ်ဝန် (၄) လရှိ၍ ဖွင့်ပြောသည်အခါ ကိုမြင့်သိန်းက "တကယ်ယူပါမည်၊ မွေးပစ်လိုက်စမ်းပါ ယောကျ်ားလေး" ဟု ပြောကြောင်း၊ ကိုယ်ဝန် (၅) လအရတွင် သူမ၏ မိခင်ကိုပြောပြသဖြင့် မိခင်က ကိုမြင့်သိန်းကို ခေါ်ပြောရာ ဟုတ်မှန်သည်ဟု ဝန်ခံခဲ့ကြောင်း၊ ကိုမြင့်သိန်းက အိမ်တစ်ဆောင် မီးတစ်ပြောင်ထားပါမည်ဟု ပြောပြီး ပခုက္ကူသို့အရောင်ခိုင်း၍ ပခုက္ကူရှိ အဒေါ်၊အစ်မများရှိရာသို့ သွားရောက်နေထိုင်ခဲ့ရကြောင်း၊ မီးဖွားစရိတ် ၁၀၀၀/-ကို မိခင်အားလည်းကောင်း၊ မင်္ဂလာဆွမ်းကျွေးရန်ငွေ ၆၂၅/-ကိုလည်းကောင်း ပေးပြီး ဘုန်းကြီးဆွမ်းကပ်ရာသို့ ကိုမြင့်သိန်းမလာ၍ အရှက်တကွဲဖြစ်ခဲ့ရကြောင်း ထွက်ဆိုထားသည်။ ထိုအခြေအနေအထိ ကိုမြင့်သိန်းသည် ၎င်း၌ သန္ဓေသားပေးစွမ်းနိုင်သော သုတ်ပိုးသုတ်ရည်မရှိကြောင်းကို ဆေးစာပြသ၍ ငြင်းဆိုခဲ့ခြင်းမရှိဘဲ အနောက်မြောက်မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ရုံးနှင့် ရပ်ကွက် (ရဝတ) ရုံးတွင် နှစ်ဖက်ညှိနှိုင်းသည့်အခါတွင်မှ သက်သေခံ (၁) ဆေးစာကို ထုတ်ပြခြင်းမှာ ကိုမြင့်သိန်းသည် နောက်မှအကြံရ၍ ငြင်းဆိုခဲ့ကြောင်းမြင်သာသည်။

သက်သေခံ (၁) ဆေးစာမှာ ကျန်းမာရေးဝန်ကြီးဌာနက တရားဝင် ဖွင့်လှစ်ထားသည့် ဆေးရုံဆေးပေးခန်း၏ ဆေးဘက်ဆိုင်ရာ ဆရာဝန်သို့မဟုတ် သမားတော်အနေဖြင့် စစ်ဆေးစမ်းသပ်ပေးထားသည့် တရားဝင် ဆေးမဟုတ်ဘဲ "မေတ္တာရောဂါရှာဖွေရေး ဓာတ်ခွဲခန်း" အနေဖြင့် ထုတ်ပေးထားသည့် ဆေးစစ်ချက်မှတ်တမ်းသာလျှင်ဖြစ်သည်။ ယင်းဆေးစာကို ရေးပေးသည့် ဆရာဝန် ဒေါ်ခင်စိန်ဝင်း (လိုပြ-၂) ၏ ထွက်ဆိုချက်အရ ကိုမြင့်သိန်းနှင့် မည္ကန့်ညွန့်သန်းတို့၏ အိမ်ထောင်ရေး ကိစ္စကို ပြောမပြဘဲ ကိုမြင့်သိန်းက ၎င်း၏ သုတ်ရည်ကိုလာရောက်ဆေးစစ်ခိုင်းကြောင်းလည်း တွေ့ရှိရသည်။ ထိုဆေးစာကိုအမှန်ဟု လက်ခံသည့်တိုင်အောင် ကိုမြင့်သိန်း၏

၁၉၉၄
မည္ကန့္ညွန့္သန်း
နှင့်
ကိုမြင့်သိန်း

ဇနီး ဒေါ်မြိုင်ကိုဖြစ်စေ၊ မည္ကန့္ညွန့္သန်းကိုဖြစ်စေ သန္ဓေသားကိစ္စနှင့် စပ်လျဉ်း၍ ကိုမြင့်သိန်းနှင့် တွဲဖက်၍ တရားဝင် ဆေးစစ်ခဲ့ကြောင်း မပေါ်ပေါက်သောကြောင့် ကိုမြင့်သိန်းနှင့် တရားဝင်ဇနီး ဒေါ်မြိုင်တို့မှ သားသမီးမရရှိခဲ့ရုံမျှဖြင့် ကိုမြင့်သိန်းနှင့် မည္ကန့္ညွန့္သန်းတို့ သံဝါသပြုရာမှ သားသမီးမရရှိနိုင်ဟုမယူဆနိုင်ပေ။ ထိုအခြေအနေတွင် မူလရုံးက ကလေးစရိတ်ပေးစေရန် ကိုမြင့်သိန်းအပေါ် အမိန့်ချမှတ်ခြင်းမှာ မှန်ကန်သည်။

ထို့ကြောင့် မည္ကန့္ညွန့္သန်း၏ လျှောက်လွှာကို ခွင့်ပြုသည်။ မန္တလေးတိုင်းတရားရုံး (မန္တလေးခရိုင်) က အယူခံမှုအမှတ် ၄၁/၉၃ တွင် ချမှတ်ခဲ့သည့် အမိန့်ကို ပယ်ဖျက်၍ ကိုမြင့်သိန်းက မည္ကန့္ညွန့္သန်းသို့ ကလေးစရိတ်ပေးစေရန် ချမှတ်ခဲ့သည် မန္တလေးအနောက်မြောက်မြို့နယ် တရားရုံး၏ အမိန့်ကို ပြန်လည် အတည်ပြုလိုက်သည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့် နှင့် ဦးတင်ထွတ်နိုင် ရှေ့တွင်

မောင်ညွန့်ဟန်
နှင့်
မအေးနု *

+ ၁၉၉၄
မတ်လ ၂၂ ရက်

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၈၈ (၁)- မိမိ၏ ကလေးဖြစ်ပါက စားစရိတ်ထောက်ပံ့ရန် တာဝန်ရှိခြင်း-သက်သေခံ ဥပဒေပုဒ်မ ၁၁၂ ပြဋ္ဌာန်းချက်မှာ တရားဝင် ကလေးများနှင့် စပ်လျဉ်း၍သာ အကျုံးဝင်ခြင်း။

ဆုံးဖြတ်ချက်။ ကလေးစရိတ်ပေးရန် တာဝန်ရှိခြင်းနှင့် စပ်လျဉ်း၍ တရားဝင် ကလေးဖြစ်စေ၊ တရားမဝင် ကလေးဖြစ်စေ မိမိ၏ ကလေးဖြစ်ပါက စားစရိတ်ထောက်ပံ့ရန် တာဝန်ရှိသည်၊ သက်သေခံ ဥပဒေပုဒ်မ ၁၁၂ မှာ တရားဝင် ကလေးနှင့် စပ်လျဉ်း၍ အကျုံးဝင်သဖြင့် ယင်းပြဋ္ဌာန်းချက်မှာ ဤအမှုတွင် အဓိကစဉ်းစားရန်လိုမည်မဟုတ်ပေ။

လျှောက်ထားသူအတွက် - ဦးဝင်း၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူအတွက် - ကိုယ်တိုင်၊ မလာ

အမှုမှာ ရေစကြိုမြို့နယ် ဆင်မရဲကျေးရွာနေ မအေးနုက မိမိသည် တစ်ရွာတည်းနေ မောင်ညွန့်ဟန်၏ မိဘများအိမ်တွင် သူရင်းငှားအဖြစ် ဝင်ရောက်လုပ်ကိုင်စဉ် မောင်ညွန့်ဟန်နှင့် ချစ်ကြိုက်ကျူးလွန်မှုရှိခဲ့ကြပြီး ၁၃၅၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော်ဂရက်နေ့၌ သားဖြစ်သူ မောင်ဖြိုးဇင်အောင်အတွက် ၎င်း၏ ဖခင်ဖြစ်သူ မောင်ညွန့်ဟန်ထံမှ ကလေးစရိတ်ထောက်ပံ့ကြေးရလိုကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၈၈ (၁) အရ ရေစကြိုမြို့နယ် တရားရုံး၌ လျှောက်ထားခဲ့သော အမှုဖြစ်သည်။

---

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေ (အထူးအယူခံ) လျှောက်လွှာအမှတ် ၁၁၄

\+ ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၁ (ခ) တွင် ချမှတ်သော (၁၅-၉-၉၃) ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ အမိန့်ကို အထွေထွေ (အထူးအယူခံ) လျှောက်ထားမှု

၁၉၉၄
မောင်ညွန့်ဟန်
နှင့်
မအေးနု

ယင်းအမှုကို ရေစကြိုမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ အထွေထွေ အမှုအမှတ် ၅၃/၉၂ အရ လက်ခံ စစ်ဆေးပြီးနောက် မောင်ညွန့်ဟန်သည် ကလေးမိခင်ဖြစ်သူ မအေးနအား ၂၆-၆-၉၂ နေ့မှစ၍ ကလေးစရိတ် ထောက်ပံ့ကြေးငွေ ၁၀၀/-ကျပ်ကို လစဉ် ထောက်ပံ့စေရန် အမိန့်ချမှတ်ခဲ့သည်။ မြို့နယ်တရားရုံး၏ အမိန့်ကို မောင်ညွန့်ဟန်က အယူခံမှုတင်သွင်းရာ၌ မကွေးတိုင်းတရားရုံး (ပခုက္ကူခရိုင်)က မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်ရာ အဆိုပါ တိုင်းတရားရုံး၏ အမိန့်ကို မအေးနုက မကျေနပ်၍ ပြင်ဆင်မှုတင်သွင်းရာ၌ တရားရုံးချုပ်က တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ မြို့နယ်တရားရုံး၏ အမိန့်ကို ပြန်လည် အတည်ပြုခဲ့သည်။ မူလရုံးတရားခံ မောင်ညွန့်ဟန်က တရားရုံးချုပ်၏ အမိန့်အပေါ် မကျေနပ်၍ တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံခွင့်ရရှိရန် အတွက် ဤအထွေထွေလျှောက်လွှာကို တရားရုံးချုပ်ကို တင်သွင်းခြင်းဖြစ်သည်။

မောင်ညွန့်ဟန်၏ ရှေ့နေက အဓိက တင်ပြထားရာ၌ မောင်ညွန့်ဟန်သည် ကလေး၏ဖခင်ဖြစ်သည်ဆိုသောအချက်ကို မအေးနဘက်မှ သက်သေအထောက်အထား ထင်ရှားမပြနိုင်ခဲ့ကြောင်း၊ မအေးနသည် ၁၃၅၀-၅၁ ခုနှစ်တွင် မောင်ညွန့်ဟန်၏ ဖခင် ဦးပြေအေးထံတွင် အလုပ် ဆက်မလုပ်တော့ကြောင်း ဦးမြသန်း၏ ထွက်ချက်အရ ပေါ်လွင်သဖြင့် ၎င်းက ၁၃၅၂ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် မွေးဖွားခဲ့သော ကလေးမှာ မောင်ညွန့်ဟန်နှင့် ရသောကလေးမဖြစ်နိုင်ကြောင်း၊ မအေးနအား ငွေ ၂၅၀၀/-ကျပ်ပေး၍ စာချုပ်ချုပ်ခဲ့ခြင်းမှာ ၎င်း၏ မောင်များက အန္တရာယ်ပြုမည်ကို စိုးရိမ်ရခြင်းကြောင့်ဖြစ်ပြီး ထိုသို့ ပြုလုပ်ခဲ့သည့် ကိစ္စတွင် မောင်ညွန့်ဟန် ပါဝင်ခဲ့ခြင်း မရှိသောကြောင့် ၎င်းက ဝန်ခံရာ မရောက်နိုင်ကြောင်း၊ တရားရုံးချုပ်က အမိန့်ချမှတ်သော အချိန်မှာ ကလေးစရိတ် ပေးရန် ကျရောက်သည့်အချိန်ဖြစ်သောကြောင့် တရားရုံးချုပ်၏ အမိန့်တွင် မည်သည့်နေ့ကစ၍ ပေးစေရန် အမိန့်မပါရှိခြင်းမှာ မှားယွင်းကြောင်း ထို့ကြောင့် ဤအခွင့်ထူး အယူခံလျှောက်လွှာကို ခွင့်ပြုသင့်ကြောင်း တင်ပြသည်။

တရားရုံးချုပ်၏စီရင်ချက်တွင် အဓိက အချက်များအဖြစ် မောင်ညွန့်ဟန်တို့ မိဘဆွေမျိုးများဘက်မှ ၎င်း ၂၅၀၀/-ကျပ်ပေးခဲ့ခြင်းမှာ မောင်ညွန့်ဟန်နှင့် မအေးနတို့ ဗိုက်ကိစ္စ နောင်ကို ဘာမျှမပြောတော့ပါဟု မအေးနတို့

ဘက်မှပြောစကားအရ ပေးခဲ့ခြင်းဖြစ်သည်ဟု သက်သေခံ (က) စာချုပ်ချုပ်ပေးရာတွင် ပါဝင်သူဦးချစ်၏ ထွက်ဆိုချက်အပြင် အဆိုပါ သက်သေခံ (က) အရ နှစ်ဘက်သဘောတူ စာချုပ်ကို အခြေခံ၍ (ရဝတ) ဥက္ကဋ္ဌက ကလေးစရိတ်ဆုံးဖြတ်ပေးရန် မြို့နယ်တရားရုံးသို့ ပေးပို့ခဲ့သည့် သက်သေခံ (ခ)စာတို့အရ အငြင်းပွားသည့် ကလေး၏ဖခင်မှာ မောင်ညွန့်ဟန်၏ ကလေး ဖြစ်သည်ဟု ယူဆရမည်ဖြစ်ကြောင်း၊ မအေးနုနှင့် မောင်ညွန့်ဟန် တို့မှာ တရားဝင်လက်ထပ်ထိမ်းမြားခြင်းမရှိကြသေး၍ မောင်ညွန့်ဟန် အနေဖြင့် သက်သေခံ ဥပဒေပုဒ်မ ၁၁၂၏ အကာအကွယ်ကိုရနိုင်မည် မဟုတ်ကြောင်းသုံးသပ်ပြီး တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ ကလေးစရိတ်ပေးစေရန် ချမှတ်ထားသည့် မြို့နယ် တရားရုံး၏ အမိန့်ကို ပြန်လည်အတည်ပြုခဲ့သည်ကိုတွေ့ရသည်။

မအေးနု မွေးဖွားခဲ့သည့် ကလေးမှာ မောင်ညွန့်ဟန်နှင့်ရသော ကလေး ဟုတ်မဟုတ် အငြင်းပွားချက်မှာ အမှုကြောင်းခြင်းရာ ပြဿနာရပ်သာ ဖြစ်သဖြင့် စုံညီခုံရုံးဖြင့် ကြားနာရလောက်အောင် အရေးယူလောက်သည့် ပြဿနာမဟုတ်ပေ။

ကလေးစရိတ်ပေးရန် တာဝန်ရှိခြင်းနှင့် စပ်လျဉ်း၍ တရားဝင် ကလေး ဖြစ်စေ၊ တရားမဝင်ကလေးဖြစ်စေ မိမိ၏ ကလေးဖြစ်ပါက စားစရိတ် ထောက်ပံ့ရန် တာဝန်ရှိသည်။ သက်သေခံအက်ဥပဒေပုဒ်မ ၁၁၂ မှာ တရားဝင် ကလေးနှင့် စပ်လျဉ်း၍သာ အကျုံးဝင်သဖြင့် ယင်းပြဋ္ဌာန်းချက် မှာ ဤအမှုတွင် အဓိက စဉ်းစားရန်လိုမည်မဟုတ်ပေ။

ထိုကြောင့် ဤအထူး အယူခံဝင်ခွင့် လျှောက်လွှာကို ပလပ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်တရားသူကြီး ဦးတင်ထွတ်နိုင် ရှေ့တွင်

+၁၉၉၄
ရှုလိုင်လ
၁ရက်

မောင်ဌေးအောင် (ခ) ဝမ်မင်းကွက်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်*

ပြည်သူ့ပိုင်ပစ္စည်းနှင့် ပတ်သက်၍ ကျူးလွန်သော အမှုများတွင် စတီပြစ်ဒဏ်ချမှတ်ရန် မသင့်မြတ်ခြင်း။ ၁၉၄၇ ခုနှစ် ပြည်သူ့ပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)အရစွဲဆိုသည့် အမှုတွင် (၂) ပိဿာ ငါးဆယ်ကျပ်သား ရှိသည့် သက်သေခံ ကျောက်စိမ်းအရိုင်းတုံး၏ တန်ဖိုးမှာ ကျပ် ၁၀၀/-သာရှိခြင်းကို အကြောင်းပြု၍ စတီအပြစ်ဒဏ် ချမှတ်ရန်မသင့်။

ဆုံးဖြတ်ချက်။ ကျောက်စိမ်းအရိုင်းတုံးမှ ရရှိသော ကျောက်မျက်ရတနာမှာ ရောင်းပန်းလှသော တွင်းထွက် ရတနာကုန်ပစ္စည်းပင်ဖြစ်၍ အဖိုးတန် တွင်းထွက်ပစ္စည်းဖြစ်ခြင်းကြောင့် နိုင်ငံတော်ကသာ ယင်း ကျောက်စိမ်းရိုင်းများ တူးဖော်ခြင်း၊ တွင်းထွက်ရတနာပစ္စည်းအဖြစ် ပြုပြင် ထုတ်လုပ်ရောင်းချခြင်းများ ပြုလျက်ရှိသည်၊ ဤအခြေအနေတွင် လျှောက် ထားသူအပေါ် စတီအပြစ်ဒဏ်ကိုသာ ချမှတ်ရန် မူလရုံးက ဆုံးဖြတ်ခြင်းမှာ မှန်ကန်မှုမရှိချေ။

လျှောက်ထားသူအတွက် - ဦးထွန်းအုံ၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူအတွက် - ဦးကျင်စိန်၊ လက်ထောက်ညွှန်ကြား ရေးမှူး ရှေ့နေချုပ်ရုံး

ချမ်းမြသာစည်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၄၂၇၂/၉၃ တွင် မောင်ဌေးအောင် (ခ) ဝမ်မင်းကွက်အား ပြည်သူ့ပိုင် ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁) အရ ထောင်ဒဏ် (၁) ရက်

* ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄ (ခ)
\+ ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၁၄ တွင် ချမှတ်သော(၆-၁၂-၉၃) ရက်စွဲပါ မန္တလေးတိုင်း (မန္တလေးခရိုင်) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

နှင့် ဒဏ်ငွေ ၁၀၀၀/–ပေးဆောင်စေ၊ ငွေဒဏ်မဆောင်က ထောင်ဒဏ် (၆) လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ထိုအမိန့်ကို တိုင်းဥပဒေအရာရှိက မကျေနပ်သဖြင့် ပြင်ဆင်မှုတင်သွင်းရာ မန္တလေးတိုင်း တရားရုံး (မန္တလေးခရိုင်) က ပြင်ဆင်မှု အမှတ် ၁၁၄/၉၃ (ချမ်းမြသာစည်) ဖြင့် လက်ခံခွင့်ပြုကာ ထောင်ဒဏ် (၁) နှစ်နှင့် ငွေဒဏ် ၁၀၀၀/၊ပေးဆောင်စေ၊ ငွေဒဏ်မဆောင်က ထောင်ဒဏ် (၆) လကျခံစေရန် ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မောင်ဌေးအောင်က မကျေနပ်သဖြင့် . တရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ၁၂–၈–၉၃ နေ့တွင် သတင်းအရ မန္တလေးချမ်းမြသာစည်မြို့နယ်၊ မြို့သစ် (၁) ရပ်ကွက် ၆၃x၆၄ လမ်းကြား၊ ၄၄x၄၅ လမ်းကြား (မ) ရပ်ကွက်အမှတ် ၉/၁၃ ရှိ မောင်ဌေးအောင် (ခ) ဝမ်မင်းကွက် နေအိမ်မှ အလေးချိန် (၂) ပိဿာနှင့် ၅၀ ကျပ်သားခန့်ရှိ ကျောက်စိမ်းအရိုင်းတစ်တုံးကို သိမ်းဆည်းရမိခဲ့၍ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနအရာရှိ ဦးမောင်မောင်နိုက မန္တလေးမြို့အမှတ် (၁၁) ပြည်သူ့ရဲတပ်ဖွဲ့သို့ တိုင်တန်းရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

လျှောက်ထားသူမောင်ဌေးအောင်က ပြင်ဆင်မှုအကြောင်းပြချက်အဖြစ် တင်ပြရာ၌ (၂) ပိဿာ၊ ၅၀ ကျပ်သား ရှိ ကျောက်စိမ်းတုံးမှာ တန်ဖိုးငွေ ၁၀၀/–သာဖြစ်ကြောင်း၊ မူလအမှုတွင် ပေါ်ပေါက်ကြောင်း၊ ထိုပစ္စည်းကို မိမိလက်ဝယ်မှ တွေ့ရှိသဖြင့် ရိုးသားစွာ ဝန်ခံခဲ့ကြောင်း၊ ပစ္စည်း တန်ဖိုးမှာ ၁၀၀/–သာရှိပြီး မိမိ၏ ရိုးသားစွာ ဝန်ခံမှုကြောင့် မူလရုံးက ထောင်ဒဏ် (၁) ရက်နှင့် ဒဏ်ငွေကျပ် ၁၀၀၀/–သာ တပ်ရိုက်သည့်ပြစ်ဒဏ်ကိုချမှတ်ခဲ့ခြင်းဖြစ်၍ တရားစီရင်ရေး တိမ်စောင်းအောင် နည်းလွန်းသည်ဟု မဆိုနိုင်ကြောင်း၊ တိုင်းတရားရုံးက တိုးမြှင့်ချမှတ်သည့် ပြစ်ဒဏ်မှာ ပြစ်မှုနှင့် မမျှတကြောင်း၊ ထို့ကြောင့် တိုးမြှင့်ခဲ့သည့် ပြစ်ဒဏ်ကို ပယ်ဖျက်ပြီး မူလရုံးပြစ်ဒဏ်ကို ပြန်လည် အတည်ပြုသင့်ပါကြောင်း တင်ပြထားသည်။

လျှောက်ထားသူ၏ ရှေ့နေကြီးက အမှုတွင် အချင်းဖြစ် ကျောက်စိမ်းဖြတ်စ (၄၄) စ၏ တန်ဖိုးမှာ ကျပ် ၁၀၀/–သာရှိပြီး မူလရုံးက ထောင်ဒဏ် (၁) ရက်နှင့် ယင်းပစ္စည်း၏ တန်ဖိုး ကျပ် ၁၀၀/–၏ (၁၀) ဆကို ဒဏ်ငွေအဖြစ်ပေးဆောင်စေရန် အမိန့်ချမှတ်ပြီးဖြစ်သဖြင့် နည်းလွန်းသည့် ပြစ်ဒဏ်မဟုတ်ကြောင်း၊ တရားခံအပေါ် သက်ညှာစွာ

၁၉၉၄
မောင်ဇေးအောင် (ခ)
ဝမ်မင်းကွက် နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

အပြစ်ပေးထားရုံမျှဖြင့် ပြစ်ဒဏ်တိုးမြှင့်ရန် မဟုတ်ကြောင်း၊ ပေးထားသည့် ပြစ်ဒဏ်သည် တရားမျှတမှုကင်းမဲ့လောက်အောင် အလွန်အမင်းနည်းပါးနေမှသာလျှင် တိုးမြှင့်ရမည်ဖြစ်ကြောင်း၊ ယင်းအပြစ်ဒဏ်ပေးရေးမူကို စီရင်ထုံးများရှိခဲ့ကြောင်းဖြင့် စီရင်ထုံးအကိုးအကားများကို တင်ပြလျှောက်လဲသွားသည်။

နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက လျှောက်ထားသူထံမှ တွေ့ရှိရသည့် ကျောက်စိမ်းဖြတ်စတန်ဖိုးမှာ ကျပ် ၁၀၀/-သာရှိသည်ဟု ဆိုသော်လည်း ပြဌာန်းဥပဒေတွင် ဖြစ်စေ၊ ညွှန်ကြားချက်များတွင် ဖြစ်စေ ပစ္စည်းတန်ဖိုးအနည်းအများအပေါ် အခြေခံပြီး ပြစ်ဒဏ်ချမှတ်ရန် အချက်အလက်များမပါရှိကြောင်း၊ မည်သည့် အတိုင်းအတာအထိ ပြစ်ဒဏ်ချမှတ်ရန် သက်ဆိုင်ရာ တရားရုံးကသာ စဉ်းစားဆုံးဖြတ်ရန်ဖြစ်ကြောင်း တင်ပြသွားသည်။

မူလရုံးအမှုတွဲအရ တရားလိုအပါအဝင် တရားလိုပြ သက်သေ (၄)ဦးအား စစ်ဆေးခဲ့ပြီး တရားခံအပေါ် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေးအက်ဥပဒေပုဒ်မ ၆(၁)အရ စွဲချက်တင်ရာ တရားခံက အပြစ်ရှိသည်ဟု ဝန်ခံခဲ့ကြောင်းတွေ့ရှိရသည်။ မူလမြို့နယ်တရားရုံးက ကျောက်စိမ်းများမှာ အစိုးရကသာ ထုတ်လုပ်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အစိုးရ၏ ခွင့်ပြုချက်မရှိဘဲ လက်ဝယ်ထားခြင်းမှာ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ ၆(၁) ကို ဖောက်ဖျက်ရာရောက်ကြောင်း၊ တရားခံများက အပြစ်ရှိကြောင်း ပြောဆိုဝန်ခံခြင်း၊ ပစ္စည်းတန်ဖိုးမှာလည်း ၁၀၀/-မျှသာရှိခြင်းတို့ကြောင့် ထောင်ဒဏ် (၁) ရက်နှင့် ငွေဒဏ် ၁၀၀၀/-တပ်ရိုက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ တိုင်းတရားရုံးက ပြစ်မှုကျူးလွန်သူများအား သက်ညှာစွာ စဉ်းစားရန်အကြောင်းမရှိဟု သုံးသပ်ပြီး ပြစ်ဒဏ်တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။

တရားခံပြစ်မှုကျူးလွန်ကြောင်း မူလရုံးနှင့်ပြင်ဆင်မှုရုံးတို့က တစ်သဘောတည်း သုံးသပ်ခဲ့သည်။ မူလရုံးတွင် တရားခံအပြစ်ရှိကြောင်း ဝန်ခံထားပြီးဖြစ်၍ တရားခံအပေါ် ချမှတ်သည့် ပြစ်ဒဏ်အနည်းအများကိုသာ စဉ်းစားသုံးသပ်ရန်ဖြစ်သည်။ ကျောက်စိမ်းရိုင်းတုံးမှရရှိသော ကျောက်မျက် ရတနာများမှာ ရောင်းပန်းလှသော တွင်းထွက်ရတနာကုန်ပစ္စည်းပင်ဖြစ်၍ အဖိုးတန် တွင်းထွက်ပစ္စည်းဖြစ်ခြင်းကြောင့် နိုင်ငံတော်ကသာ ယင်း ကျောက်စိမ်းရိုင်းများ တူးဖော်ခြင်း၊ တွင်းထွက်ရတနာပစ္စည်းအဖြစ် ပြုပြင် ထုတ်လုပ်ရောင်းချခြင်းများ ပြုလျက်ရှိသည်။ ဤအခြေအနေတွင် လျှောက်ထားသူ

၁၉၉၄
မောင်ဌေးအောင် (ခ) ဝမ်မင်းကွက် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

အပေါ် စတိအပြစ်ဒဏ်ကိုသာ ချမှတ်ရန် မူလရုံးက ဆုံးဖြတ်ခြင်းမှာ မှန်ကန်မှု မရှိချေ။

သို့ဖြစ်၍ မန္တလေးတိုင်း တရားရုံး (မန္တလေးခရိုင်) က လျှောက်ထားသူ မောင်ဌေးအောင်အပေါ် ထောင်ဒဏ်(၁)နှစ်သို့တိုးမြှင့်၍ ပြစ်ဒဏ် ချမှတ်ခြင်းမှာ ပြစ်မှုနှင့် နှိုင်းစာလျှင် မျှတမှုမရှိဟု မဆိုနိုင်ပေ။

ထို့ကြောင့် မန္တလေးတိုင်း တရားရုံး (မန္တလေး ခရိုင်) က လျှောက်ထားသူ မောင်ဌေးအောင်အပေါ် ၁၉၄၇ ခုနှစ် ပြည်သူ့ပိုင် ပစ္စည်းကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၆(၁)အရ ထောင်ဒဏ်(၁)နှစ်နှင့် ဒဏ်ငွေ ၁၀၀၀/- ပေးဆောင်စေရန်ချမှတ်ခဲ့သည်အမိန့်တွင် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့် ဤပြင်ဆင်မှုကို ပလပ်သည်။

ပြစ်မှုဆိုင်ရာအထွေထွေမှု

တရားရုံးချုပ် တရားသူကြီး ဦးတင်ထွတ်နိုင်ရှေ့တွင်

+၁၉၉၄
ဇူလိုင်လ
၁၁ ရက်

ဒေါ်တီပါ–၂
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ–၂*

ပြစ်မှုဆိုင်ရာမူလမှုများတွင် စွပ်စွဲခံရသူကို ဒုတိယအကြိမ်အရေးယူသင့်မသင့် ချင့်ချိန်ရန်လိုအပ်ခြင်း။ ကုမွဏီရှိ စာရင်းရှင်းလင်း ဖျက်သိမ်းဆဲကာလတွင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ၏ ခွင့်ပြုချက်ဖြင့် ကုမွဏီရှယ်ယာဝင်သူက အစောင့်အဖြစ်ထားရှိခြင်းကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇ အရ အရေးယူရန်သင့် မသင့် ချိန်ဆ စီစစ်ရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ရန်ကုန်တိုင်း တရားရုံး (အနောက်ပိုင်းခရိုင်) က ယခင် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၈၀၄/၉၂ တွင် လျှောက်ထားသူ ဒေါ်တီနှင့် ဒေါစုတို့ကို နောက်တိုး တရားခံများအဖြစ် ရာဇဝတ်မကင်းသော ကျော်နင်းမှုဖြင့် အရေးယူရန် မလိုအပ်ကြောင်း အမိန့်ချမှတ်ထားပြီးဖြစ်ပါလျက် ဗဟန်းမြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၅၁/၉၃ ဖြင့် ထပ်မံ၍ ယင်းယခင်ဖြစ်ရပ်ပါ ပြစ်မှုဖြင့် အရေးယူဆောင်ရွက်ခဲ့ခြင်းမှာ တရားစီရင်ရေးယန္တယားကို လွဲမှားစွာ အသုံးပြုရာ ရောက်ကြောင်း ထင်ရှားသည်။

လျှောက်ထားသူများအတွက် – ဒေါ်ခင်မမ၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများအတွက် – ၁။ ဦးမျိုးချစ်၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး
၂။ ဦးကျော်ငြိမ်း၊ တရားရုံးချုပ်ရှေ့နေ

---

* ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေမှု အမှတ် ၈၈

\+ ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၄၅၁၊ ဗဟန်းမြို့နယ်တရားရုံးအမှုတွဲအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁–က အရ ချေဖျက်ပေးရန် လျှောက်ထားမှု

ဗဟန်းမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၅၁/၉၃တွင် ဦးခင်မောင်ညွန့်က ဒေါတီနှင့်ဒေါစုတို့အပေါ် တိုက်ရိုက်လျှောက်ထားစွဲဆို ရာ မြို့နယ်တရားရုံးက ဒေါတီနှင့်ဒေါစုတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇ အရ အရေးယူ စစ်ဆေးဆဲအဆင့်တွင် အမှုတွဲချေဖျက်ပေးရန် အတွက် ဒေါတီတို့က တရားရုံးချုပ်သို့ ဤအထွေထွေလျှောက်လွှာကို တင်သွင်းသည်။

အမှုမှာ မူလတရားလို ဦးခင်မောင်ညွန့်က ၎င်းသည် ဗဟန်းမြို့နယ် နတ်မောက်လမ်း ဗိုလ်ချို (၂) ရပ်ကွက်ရှိ မြေကွက်အမှတ် ၃ (အေ) ပေါ် တွင် လွန်ခဲ့သောနှစ်ပေါင်းများစွာကပင် နေထိုင်လာခဲ့ကြောင်း၊ ၃ (အေ) မှာ ဘိုးဘွားပိုင်မြေဖြစ်ပြီး ၃ (ဘီ) နှင့် ၃ (စီ) တို့မှာ ဂရန်မြေဖြစ်ကြောင်း၊ ၎င်းမြေကွက် (၂) ကွက်စလုံးကို "သည်မိုဟာမက်စူရတီအက်စတိတ် လီမိတက်" ပိုင်ကြောင်း၊ မိခင်ဒေါခင်ခင်လေးမှာ ဖော်ပြပါ ကုမ္ပဏီလီမိတက် တွင် အစုရှယ်ယာဝင်တစ်ဦးဖြစ်ရာ ၎င်းနှင့်အတူ ၃ (အေ) တွင် နေထိုင် ကြောင်း၊ ယင်းမြေကွက်ပေါ်ဝယ် မိမိတို့နှင့်အတူ ဒေါတီ၏ခင်ပွန်းဖြစ်သူ ဦးမောင်မောင်၏ တတိယဇနီး ဒေါကြည်ကြည်ဝင်း၊ ဒုတိယဇနီး ဒေါခင် ကြည်မှ မွေးဖွားသော သမီးဖြစ်သူ ဒေါတင်တင်ဝင်းမိသားစု၊ ကုမ္ပဏီ၏ အစုရှယ်ယာရှင်တစ်ဦးဖြစ်သူ ဦးခင်မောင်၏သားသမီးမိသားစု၊ ဒေါတင် မြင့်နှင့်ဦးမောင်မောင်ကြီးတို့ နေထိုင်ကြကြောင်း၊ ၃ (ဘီ)နှင့် ၃ (စီ) ဟု ခေါ်တွင်သည့် ဂရန်မြေကွက်ပေါ်၌ ဒေါတီမိသားစုများ နေထိုင်လာခဲ့ ကြောင်း၊ ၅-၅-၉၂ နေ့တွင် ၎င်းမြေ (၂) ကွက်ကို နိုင်ငံပိုင်မြေအဖြစ် အစိုးရက သိမ်းဆည်းခဲ့ပြီး အစိုးရက မြေကွက်အစား ပေးသော်လည်း ထို မြေကွက်များသို့ သွားမနေကြကြောင်း၊ ဒေါတီသည်လည်း ထိုမြေကွက် များသို့ သွားမနေခဲ့ကြောင်း၊ ဒေါတီသည် ၂၀-၅-၉၂ နေ့တွင် ၃ (အေ) ပေါ်သို့ ဝင်ရောက်အိမ်ဆောက်ပြီး ဒေါစုကို အစောင့်အဖြစ် ထားရှိခဲ့ ကြောင်း၊ ဒေါတီသည် ကုမ္ပဏီစာရင်းရှင်းလင်းရေးအဖွဲ့အရာရှိထံသို့ ၂၇-၅-၉၂ နေ့တွင် ဒေါတီက ကူညီဖြေရှင်းပေးရန် အကြောင်းကြားခဲ့ ကြောင်း၊ မိမိက တရားလိုပြုလျက် ဒေါတီတို့အပေါ် ကုမ္ပဏီဖျက်သိမ်း၍ စာရင်းရှင်းလင်းပေးစေလိုမှု စွဲဆိုရာ အနိုင်ဒီကရီရခဲ့ကြောင်း၊ စာရင်းရှင်း လင်းရေးအရာရှိက အဆိုပါ မြေကွက်ပေါ်သို့ ဒေါတီပါ (၁၅) ဦးတို့ အား အိမ်ဆောက်နေထိုင်ခွင့်ပြုမည့်အကြောင်း တရားရုံးသို့ တင်ပြရာ တရားရုံးက ခွင့်မပြုခဲ့ကြောင်း၊ ဒေါတီတို့က ထပ်မံလျှောက်ထားသော်

၁၉၉၄
ဒေါ်တိပါ-၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ-၂

လည်း ၁၅-၃-၉၃ နေ့တွင် ပယ်ချခဲ့ပြီးဖြစ်ကြောင်း၊ ဒေါ်တိတို့သည် အချင်းဖြစ် ၃ (အေ) မြေကွက်၏ အမွေဆိုင်များဖြစ်ကြသော်လည်း ယင်းမြေပေါ်တွင် မည်သည့်အခါကမျှ လက်ဝယ်ရရှိနေထိုင်ဘူးခြင်း မရှိကြောင်း၊ တားမြစ်သည့်ကြားမှ အတင်းအဓမ္မ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်းမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၄၇ မြောက်ကြောင်း ဖော်ပြလျက် တိုက်ရိုက်လျှောက်ထား တရားစွဲဆိုခဲ့သော အမှုဖြစ်သည်။

ဒေါ်တိတို့၏ ရှေ့နေကြီးက အမှုချေဖျက်ပေးရန် အကြောင်းပြချက်များအဖြစ် တင်ပြရာ၌ အချင်းဖြစ်မြေကွက်မှာ စာရင်းရှင်းလင်းရေးအရာရှိ၏ ထိန်းသိမ်းမှုအောက်တွင်ရှိနေကြောင်း၊ ဦးခင်မောင်ညွန့်တိုင်တန်းသော အမှုအမှတ် ၈၀၄/၉၂ ကို ဗဟန်းမြို့နယ်ဝန်ရားရုံးတွင် ကြားနာဆဲဖြစ်လျက် နှင့် ဒေါ်တီနှင့်ဒေါ်စုတို့အပေါ် ယခုအမှုဖြင့် ထပ်မံစွဲဆိုလာခြင်းကို လက်ခံခြင်းမှာ မှားယွင်းကြောင်း၊ အချင်းဖြစ်အကြောင်းအရာတစ်ခုတည်းကို သီးခြားတစ်မှုဖြင့် လက်ခံအရေးယူခြင်းမှာ ဥပဒေနှင့်မညီကြောင်း၊ ဦးခင်မောင်ညွန့် လက်ဝယ်တွင် ၎င်းမြေနှင့်စပ်လျဉ်းသော မည်သည့် အထောက်အထားမျှမရှိကြောင်း၊ ဒေါ်တီမှာ အသက် (၉၇) နှစ်အရွယ်ရှိသူ မျက်စေ့မမြင်၊ နားမကြားသူဖြစ်၍ အချင်းဖြစ်နေရာသို့ တစ်ခါမျှ သွားလာခဲ့ဘူးခြင်းမရှိကြောင်း၊ မိုးကုတ်ဝိပဿနာကျောင်းတွင် တရားအားထုတ်နေသူဖြစ်ပြီး ဒေါ်တီ၏ပစ္စည်းများ စောင့်ရှောက်နေထိုင်ခွင့်ကို စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိထံမှ ခွင့်ပြုချက်ရထားပြီးဖြစ်ကြောင်း၊ ဒေါ်တိတို့အား နောက်တိုးတရားခံအဖြစ် ထည့်သွင်းရန် ချမှတ်သည့်ဗဟန်းမြို့နယ် တရားရုံး၏အမိန့်ကို ရန်ကုန်တိုင်း တရားရုံး (အနောက်ပိုင်းခရိုင်) က ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၄/၉၂ တွင် ပယ်ဖျက်ခဲ့ပြီးဖြစ်ရာ ၎င်းအမိန့်အပေါ် တရားရုံးချုပ်သို့ ဦးခင်မောင်ညွန့်က ပြင်ဆင်မှုတင်သွင်းခဲ့ခြင်းမရှိဘဲ သီးခြားအမှုအဖြစ် ယခုပြစ်မှုကြီးအမှတ် ၄၅၁/၉၃ ကို ထပ်မံစွဲဆိုခြင်းမှာ မမှန်ကြောင်း လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး လက်ထောက်ညွန်ကြားရေးမှူးက ဗဟန်းမြို့နယ်တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၈၀၄/၉၂ တွင် ဦးခင်မောင်ညွန့်က ၁၈-၆-၉၂ နေ့စွဲဖြင့် တိုင်တန်းချက်နှင့် ယင်း ဗဟန်းမြို့နယ်တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၅၁/၉၃ တွင် ဦးခင်မောင်ညွန့်က ၂၇-၅-၉၃ နေ့စွဲဖြင့် တိုင်ကြားသော ဦးတိုက်လျှောက်လွှာပါအချက်များ၊ အကြောင်းအရာများ တူညီနေကြောင်း၊

၁၈-၆-၉၂ နေ့စွဲပါ ပထမသတင်းပေးတိုင်တန်းချက်တွင် ဦးစံမြင့်၊ ဒေါ်ခင်သန်း၊ ဒေါ်တီ၊ ဒေါ်စုတို့အပေါ် အရေးယူပေးပါရန်ဟု ပါရှိပါသော်လည်း ရဲစခန်း က ဒေါ်တီနှင့်ဒေါ်စုတို့ကို တရားစွဲဆိုခြင်းမပြုဘဲ ဦးစံမြင့်နှင့်ဒေါ်သန်းတို့ကိုသာ တရားစွဲဆိုတင်ပို့ထားကြောင်း၊ အချင်းဖြစ်မြေသည် "သည်မိုဟာမက် စူရတီအက်စတိတ်ကုမ္ပဏီ" က ပိုင်ဆိုင်ကြောင်း၊ ဦးခင်မောင်ညွန့်သည် အစုရှယ်ယာ ပါဝင်သူမဟုတ်ကြောင်း၊ ဒေါ်တီမှာ အစုရှယ်ယာအများဆုံး ပါဝင်သူဖြစ်ကြောင်း၊ ကုမ္ပဏီမှာ ဖျက်သိမ်းဆဲဖြစ်၍ ကုမ္ပဏီ၏စာရင်း ရှင်းလင်းရေးအရာရှိ ဒေါ်ခင်ခင်ထား၏ သဘောတူညီချက်အရ အိမ်ကလေးပေါ်၌ အစောင့်ထားရှိခြင်းဖြစ်ကြောင်း၊ ဒေါ်စုကို အိမ်ကလေးပေါ်၌ အစောင့်ထားရှိခြင်းဖြစ်၍ မြေကွက်အမှတ် ၃ (အေ) ပေါ်သို့ ဝင်ရောက်ကျူးကျော်ခဲ့သည်ဆိုခြင်းမှာ လက်ခံနိုင်ဘွယ်ရာ အကြောင်းမဟုတ်ကြောင်း လျှောက်လဲတင်ပြသည်။

စာရင်းရှင်းလင်းရေးအရာရှိ ဒေါ်ခင်ခင်ထား၏ ၂၇-၅-၉၂ ရက်စွဲပါ စာအရ အချင်းဖြစ်မြေကွက်အမှတ် ၃ (အေ) သည် "သည်မိုဟာမက်စူရတီအက်စ်တိ ကုမ္ပဏီ"ပိုင်ဖြစ်ပြီး ဒေါ်တီမိသားစုများသည် အစုရှယ်ယာပိုင်ဆိုင်သူများဖြစ်ကြကြောင်း၊ ၎င်းမြေကွက်သည် ဒေါ်တီမိသားစုရပိုင်ခွင့်ရှိသော မြေကွက်ဖြစ်ပြီး တရားဝင် အေးချမ်းစွာ နေထိုင်သူများဖြစ်ကြပြီး အသက်အရွယ် ကြီးရင့်သူများဖြစ်၍ ကျူးကျော်ခြင်းမရှိကြောင်း ဖော်ပြရေးသားထားသည်ကို တွေ့ရှိရသည်။

ဦးခင်မောင်ညွန့်သည် စာရင်းရှင်းလင်းဖျက်သိမ်းနေသည့် ကုမ္ပဏီ၏ အစုရှယ်ယာဝင် ဒေါ်ခင်ခင်လေး၏သားသာဖြစ်၍ ဒေါ်ခင်ခင်လေး၏ အထွေထွေကိုယ်စားလှယ်ရာသာအနေဖြင့် တရားမမှုသာ စွဲဆိုနိုင်မည်ဖြစ်သည်။ ပြစ်မှုကြောင်းအရ ဦးတိုက်လျှောက်ထားစွဲဆိုပိုင်ခွင့် မရှိပေ။

ထို့အပြင် မူလရုံးတရားသူကြီးသည် ပြစ်မှုကြီးအမှတ် ၈၀၄/၉၂တွင် ဒေါ်တီ၊ ဒေါ်စုတို့အား နောက်တိုးတရားခံ ထည့်သွင်းခဲ့သည့်အမိန့်ကို ရန်ကုန်တိုင်းတရားရုံး (အနောက်ပိုင်းခရိုင်)က ပြင်ဆင်မှုအမှတ် ၃၄/၉၃ ဖြင့် ပယ်ဖျက်ခဲ့ပြီးဖြစ်ကြောင်း တွေ့မြင်ပြီးဖြစ်သည်။ ယင်းတိုင်းတရားရုံး၏ အမိန့်ကို တရားရုံးချုပ်သို့ ဦးခင်မောင်ညွန့်တို့ဖက်မှ ပယ်ဖျက်ပေးရန် ပြင်ဆင်မှု တင်သွင်းခဲ့ခြင်းမရှိသောကြောင့် ယင်းအမိန့်မှာ တည်မြဲလျက်ရှိနေသည်။ ယင်းအခြေအနေတွင် ဒေါ်တီနှင့်ဒေါ်စုတို့ကို ယခုအမှုအမှတ် ၄၅၁/၉၃ ၌ တရားခံအဖြစ် ထပ်မံအရေးယူခွင့်ရှိမည်မဟုတ်ပေ။

၁၉၉၄
ဒေါ်တီပါ-၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ!-၂

သို့ဖြစ်၍ ရန်ကုန်တိုင်း (အနောက်ပိုင်းခရိုင်) က ယခင်ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၈၀၄/၉၂ တွင် လျှောက်ထားသူ ဒေါ်တီနှင့်ဒေါစုတို့ကို နောက်တိုးတရားခံများအဖြစ် ရာဇဝတ်မကင်းသော ကျော်နင်းမှုဖြင့် အရေးယူရန် မလိုအပ်ကြောင်း အမိန့်ချမှတ်ထားပြီးဖြစ်ပါလျက် ဗဟန်းမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၅၁/၉၃ ဖြင့် ထပ်မံ၍ ယင်းယခင် ဖြစ်ရပ်ပါပြစ်မှုဖြင့် အရေးယူဆောင်ရွက်ခဲ့ခြင်းမှာ တရားစီရင်ရေးယန္တရားကို လွဲမှားစွာ အသုံးပြုရာရောက်ကြောင်း ထင်ရှားသည်။

ထို့ကြောင့် ဗဟန်းမြို့နယ်တရားရုံးက လျှောက်ထားသူ ဒေါ်တီနှင့်ဒေါစုတို့ကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇ အရ အရေးယူခဲ့သည့် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၅၁/၉၃ ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ကြောင်း အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ် တရားသူကြီး ဦးကျော်ဝင်းရှေ့တွင်

မောင်တင်ထွန်းနိုင်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

+၁၉၉၄
မတ်လ ၂၄ရက်

၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ)၊ ၁၄ (ဃ) ဟီးနိုးဘတ်စ်ကားကို ရှာဖွေစဉ်-တဲခါးပေါက်ဝအနီး ရှိထိုင်ခုံအောက်သို့ ယင်းထိုင်ခုံနောက်နားတွင် ရပ်နေသည့် လျှောက်ထားသူ တင်ထွန်းနိုင်က ခြေထောက်ဖြင့် တစ်စုံတစ်ရာ ထိုးသွင်းနေသည်ကို တွေ့ရခြင်း။ မည်သည့်ပစ္စည်းဖြစ်ကြောင်း တက်ကြည့်ရာ ထိုင်ခုံအောက်တွင် သွေးစပါသော ဆေးထိုးပိုက်တစ်ခုကို အပ်မပါဘဲ လျှောက်ထားသူ၏ ခြေထောက်အနီးတွင် တွေ့ရပြီး ယင်းပိုက်တွင် ဟဲရိုးအင်းအာနိသင်ပါရှိခြင်း။ လျှောက်ထားသူ၏ လက်ဝဲဖက်လက်ဖျံ၌ သွေးစို့အပ်ရာ တွေ့ရ၍ ဆေးစစ်ရာ မူးယစ်ဆေးဝါး သုံးစွဲသည့်လက္ခဏာများ တွေ့ရှိရခြင်းတို့ကြောင့် လျှောက်ထားသူအား ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) နှင့် ပုဒ်မ ၁၄ (ဃ) တို့အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှန်ကန်မှု ရှိမရှိ။

ဆုံးဖြတ်ချက်။ ။တင်ထွန်းနိုင်က ၎င်း၏ ဦးလေးတော်သူ ဦးအောင်သန်းကို သက်သေထူပြသော်လည်း ဦးအောင်သန်းက တင်ထွန်းနိုင်သည် သူ၏ ဆန္ဒအရ မူးယစ်ဆေးစွဲရောဂါကုဌာနဌ ကုသမှုခံယူနေကြောင်းကိုသာ ထွက်ဆိုနိုင်ပြီး နောက်ပိုင်းတွင် မူးယစ်ဆေးဝါးသုံးစွဲခြင်း မရှိသည်ကိုမူ ၎င်းအား ထောက်ခံသည့် သက်သေများ မတင်ပြနိုင်ပေ။ အမှုတွင် ပေါ်ပေါက်သော သက်သေခံချက်များအရ မူလရုံးနှင့်တိုင်းတရားရုံးတို့က လျှောက်ထားသူ၏ လက်ဝဲဘက် လက်ဖျံတွင် သွေးစို့အပ်ရာ တွေ့ရခြင်း၊

---

* ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၃၁ (ခ)

\+ ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၂ တွင် ချမှတ်သော ၁-၃-၉၃ ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး(အနောက်ပိုင်းခရိုင်) ၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၄ အာဏာထွန်းကားနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

ဆေးစာအရ မူးယစ်ဆေးဝါးသုံးစွဲထားသည့်လက္ခဏာများ တွေ့ရှိရခြင်း၊ သက်သေခံဆေးထိုးပိုက်ထဲတွင်လည်း သွေးစများ တွေ့ရှိရပြီး ၎င်းပိုက်တွင် ဟဲရိုးအင်း အာနိသင်ရှိကြောင်း ပေါ်လွင်ခြင်း စသည့်အချက်များကြောင့် လျှောက်ထားသူ၏ လက်ဝယ်မှ အချင်းဖြစ် မူးယစ်ဆေးဝါးကို တွေ့ရှိရသည်ဟု တညီတညွတ်တည်း ကောက်ယူခဲ့ကြခြင်းဖြစ်သည်။

လျှောက်ထားသူများအတွက် – ဦးချစ်ကိုကို၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများအတွက် – ဦးသန်းကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး

ကျောက်တံတားမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၄၁/၉၁ တွင် လျှောက်ထားသူမောင်တင်ထွန်းနိုင်အပေါ် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) အရ အလုပ်နှင့်ထောင်ဒဏ် (၅) နှစ် ကျခံစေရန်နှင့် ပုဒ်မ ၁၄ (ဃ) အရ အလုပ်နှင့်ထောင်ဒဏ် (၃) နှစ် ကျခံစေရန်၊ ပြစ်ဒဏ်နှစ်ရပ်ကို တစ်ပေါင်းတည်း ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မောင်တင်ထွန်းနိုင်က မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံးသို့ အယူခံရာ ပလပ်ခံရသဖြင့် ဤပြင်ဆင်မှုကို တရားရုံးချုပ်သို့ တင်သွင်းသည်။

အမှုမှာ ၄-၁၀-၉၁ နေ့က ကျောက်တံတားရဲစခန်းရှေ့တွင် ဟီးနိုးကား အမှတ် န/၅၉၇၇ ပေါ်ရှိ ခရီးသည်များအား တစ်ဦးချင်း ရှာဖွေရာ မောင်တင်ထွန်းနိုင်ထံမှ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် သွေးစပါသော အဖြူရောင် ပလပ်စတစ်ပိုက်နှင့် လက်ဝါးလက်ဖျံတွင် သွေးစို့နေသော ဆေးထိုးအပ်ရာ တွေ့ရှိရမိ၍ ဒုရဲအုပ် မျိုးမြင့်က တိုင်ချက်ဖွင့်ခဲ့သော အမှုဖြစ်သည်။

ပြင်ဆင်မှုတွင် လျှောက်ထားသူ မောင်တင်ထွန်းနိုင်၏ ရှေ့နေက သက်သေခံပစ္စည်းများကို ၎င်း၏ ခန္ဓာကိုယ်ပေါ်မှ သော်လည်းကောင်း၊ လက်ဝယ်မှသော်လည်းကောင်း ရှာဖွေတွေ့ရှိခြင်းမဟုတ်ဘဲ အများသူငါစီးနင်းလိုက်ပါသည့် ဘတ်စ်ကားကြမ်းပြင်ပေါ်မှ တွေ့ရှိခဲ့ခြင်းဖြစ်၍ မိမိ၏ လက်ဝယ်မှ တွေ့ရှိသည်ဟု မဆိုနိုင်ကြောင်း၊ သက်သေခံပစ္စည်းကို သက်သေ ဦးသက်ရှည်ထူးနှင့် စိုင်းကိုကိုဦးတို့ ရှေ့တွင် ရှာဖွေတွေ့ရှိခြင်းမဟုတ်ကြောင်း၊ ဒုရဲအုပ် ဦးမျိုးမြင့်တစ်ဦးတည်းကသာ သက်သေခံပစ္စည်းကို ထိုင်ခုံအောက်သို့ မိမိက ထိုးသွင်းလိုက်သည်ကို မြင်ရကြောင်း ထွက်

ဆိုသော်လည်း ကျန်သက်သေများက မထောက်ခံသောကြောင့် ဆေးထိုးပိုက်မှာ မိမိ၏ပစ္စည်းဖြစ်သည်ဟု မယူဆနိုင်ကြောင်း၊ ဆေးထိုးပိုက်နှင့် သွေးစို့နေသော အပ်ရာတို့မှာ ဆက်စပ်နေကြောင်း သုံးသပ်ကာ ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) အရ အပြစ်ပေးခြင်းမှာ မှားယွင်းကြောင်း တင်ပြသည်။

ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက အချင်းဖြစ်ပွားပုံမှာ အချင်းဖြစ်ကားပေါ်ရှိ အမျိုးသမီးတစ်ဦးက ခါးပိုက်နှိုက်ခံရကြောင်း ပြော၍ ကားတံခါးပိတ်ပြီး ခရီးသည်တစ်ဦးချင်းကို ရှာဖွေခြင်းဖြစ်ကြောင်း၊ ထိုသို့ ရှာဖွေနေစဉ် တံခါးပေါက်အနီးရှိ ခုံအောက်သို့ ယင်းထိုင်နေသည့် ခုံအောက်နားတွင် ရပ်နေသူ တင်ထွန်းနိုင်က ခြေထောက်ဖြင့် တစ်စုံတစ်ရာကို ထိုးသွင်းနေသည်ဟု ထွက်ဆိုချက်ရှိကြောင်း၊ သက်သေခံပစ္စည်းဖြစ်သော သွေးစပါရှိသည့် ဆေးထိုးပိုက်ကို တင်ထွန်းနိုင်၏ ခြေထောက်အနီးတွင် တွေ့ရ၍ ခန္ဓာကိုယ်ကို စစ်ဆေးရာ ၎င်း၏ လက်ဝဲဘက်လက်ဖျံတွင် သွေးစွန်းနေသောအပ်ရာကို တွေ့ရကြောင်း၊ မူးယစ်ဆေးစွဲရောဂါကုဌာနမှ ဆရာဝန် ဦးကိုကိုလတ်၏ ထွက်ဆိုချက်နှင့် ဆေးစာပါအရ တင်ထွန်းနိုင်တွင် မူးယစ်ဆေးစွဲလက္ခဏာနှင့် မူးယစ်ဆေး သုံးစွဲသည့် လက္ခဏာများ တွေ့ရှိရကြောင်း၊ ဆေးကုသရေးဘုတ်အဖွဲ့တွင် မှတ်ပုံတင်၍ ဆေးကုသနေစဉ် မူးယစ်ဆေးဝါး သုံးစွဲခွင့်မရှိကြောင်း၊ အချင်းဖြစ်ပွားပုံ အချက်အလက်များကို ဆက်စပ် သုံးသပ်ရခြင်းဖြင့် တင်ထွန်းနိုင်၏ လက်ဝယ်မှ မူးယစ်ဆေးတွေ့ရှိသည့်အပြင် မူးယစ်ဆေး သုံးစွဲသူဖြစ်၍ မြို့နယ်တရားရုံးက ၎င်းအား ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) နှင့် ၁၄ (ဃ) အရ ပြစ်မှုထင်ရှား စီရင်ခြင်းမှာ မှန်ကန်ကြောင်း တင်ပြသည်။

တရားလို ဒုရဲအုပ် ဦးမျိုးမြင့်က ဟီးနိုးကားအမှတ် န/၅၉၇၇ ကို ရှာဖွေစဉ် တံခါးပေါက်ဝအနီးရှိ ခုံအောက်သို့ ယင်းခုံနောက်နားတွင် ရပ်နေသော တင်ထွန်းနိုင်မှ ခြေထောက်ဖြင့် တစ်စုံတစ်ရာကို ထိုးသွင်းနေသည်ကို တွေ့ရကြောင်း၊ မည်သည့်ပစ္စည်းဖြစ်ကြောင်း တက်ကြွစ်ရာ ခုံအောက်တွင် သွေးစပါသော ဆေးထိုးပိုက်တစ်ခုကို အပ်မပါဘဲ တင်ထွန်းနိုင်၏ ခြေထောက်အနီးတွင် တွေ့ရသည်ဟု ထွက်ဆိုထားသည်။

ရဲအရာခံ ဦးမြသိန်းက အချင်းဖြစ်ကား၏ နောက်ပိုင်းကျသော ထိုင်ခုံအောက်မှ မူးယစ်ဆေးဝါးအသုံးပြုသော အပ်မပါ ပိုက်တစ်လုံးကိုတွေ့ရ

ပြီး ယင်းနေရာနှင့် တရားခံတင်ထွန်းနိုင် ရပ်နေသောနေရာမှာ (၃)တောင်ခန့်သာဝေးကွာ၍ တရားခံနှင့်ဆက်စပ်သည်ဟု အထင်ရှိ၍ ဖမ်းဆီးခဲ့ကြောင်း ထွက်ဆိုထားသည်။

မူလရုံးက အထက်ပါတရားလိုပြသက်သေ (၂) ဦး၏ ထွက်ဆိုချက်နှင့် တရားခံ၏ ဝဲဘက်လက်ဖျံ၌ သွေးစို့အပ်ရာ တွေ့ရှိခြင်း၊ သက်သေခံ (က) ဆေးစာအရ မူးယစ်ဆေးဝါး သုံးစွဲထားသည့်လက္ခဏာများ တွေ့ရှိသည်ဟု ပေါ်ပေါက်ခြင်းများကြောင့် သက်သေခံမူးယစ်ဆေးဝါးကို လျှောက်ထားခံရသူ မောင်တင်ထွန်းနိုင်အနေဖြင့် လက်ဝယ်၌ထားရှိသည်ဟု ကောက်ယူခဲ့ခြင်းဖြစ်သည်။

တိုင်းတရားရုံးကလည်း လျှောက်ထားသူမှာ သက်သေခံ (က) ဆေးစာအရ မူးယစ်ဆေးဝါးသုံးစွဲသူဟု တွေ့ရှိရကြောင်း၊ ရှာဖွေဖမ်းဆီးစဉ်ကငင်း၏လက်ဝဲဘက်လက်တွင် လတ်တလောမူးယစ်ဆေးထိုးသွင်းထားသည်ဟု မှတ်ယူနိုင်သော သွေးစရှိနေသည့် ဆေးထိုးအပ်ရာ၊ ဆေးထိုးပိုက်ထဲတွင် သွေးစများ တွေ့ရှိရသည်ကို ထောက်ချင့်၍ တစ်စုံတစ်ယောက်ထားသွားသော ဆေးထိုးပိုက်မဖြစ်နိုင်ကြောင်း၊ ငင်းက ထိုင်ခုံအောက်သို့ တစ်စုံတစ်ရာကို ခြေထောက်ဖြင့် ထိုးသွင်းနေသည်ကို မြင်တွေ့သည့်ထွက်ဆိုချက်လည်းရှိ၍ ဘိန်းဖြူပါသော ဆေးထိုးပိုက်ကို လျှောက်ထားခံရသူ၏လက်ဝယ်မှ တွေ့ရှိသည်ဟု သုံးသပ်ခဲ့ကြောင်း တွေ့ရှိရသည်။

တင်ထွန်းနိုင်က အချင်းဖြစ်နေ့တွင် အချင်းဖြစ်ဘတ်စ်ကားပေါ်မှ မိမိအား ရဲစခန်းသို့ ခေါ်သွားပြီးနောက် စာရွက်တစ်ရွက်ပေါ်တွင် လက်မှတ်ရေးထိုးခိုင်းကြောင်း၊ သက်သေခံဆေးထိုးပိုက်မှာ မိမိ၏ပစ္စည်းမဟုတ်ကြောင်း ခုခံထွက်ဆိုသော်လည်း ငင်းအချက်ကို ထောက်ခံမည့်သက်သေခံမရှိချေ။ အဖမ်းမခံရမီ တစ်ပတ်ခန့်က ဝမ်းကိုက်ဝမ်းလျှောရောဂါဖြစ်၍ အိမ်တွင် အနားယူနေပြီး ရွှေဘုံသာလမ်းရှိ ဒေါက်တာဇော်သန်းဆေးခန်းတွင် ဆေးကုသရာ ထိုးဆေး၊ စားဆေးများပေးခဲ့ကြောင်း၊ နောက်ပိုင်းတွင် ငင်း၏ဆန္ဒအလျောက် မူးယစ်ဆေးစွဲရောဂါကုသရန် မှတ်ပုံတင်အမှတ် ၆၇၂၇ ဖြင့် ကုသမှုခံယူခဲ့ကြောင်း၊ ယခင်က သုံးစွဲသည့် မူးယစ်ဆေးအကြွင်းအကျန်များနှင့် နေမကောင်း၍ ဆေးကုသခံရာမှ ထိုးဆေးစားဆေးများကြောင့် ယခုကဲ့သို့ မူးယစ်ဆေးသုံးစွဲလက္ခဏာပေါ်သည်ဟု ယူဆရကြောင်း၊ မှတ်ပုံတင်ကုသပြီးနောက်တွင် မူးယစ်ဆေးသုံးစွဲခြင်းမရှိ၍ အပြစ်မရှိကြောင်း ထုချေထွက်ဆိုခဲ့သည်။

တင်ထွန်းနိုင်က ၎င်း၏ဦးလေးတော်သူ ဦးအောင်သန်းကို သက်သေထူ ပြသော်လည်း ဦးအောင်သန်းက တင်ထွန်းနိုင်သည် သူ၏ဆန္ဒအရ မူးယစ်ဆေးစွဲရောဂါကုဌာနဌ ကုသမှုခံယူနေကြောင်းကိုသာ ထွက်ဆိုနိုင်ပြီး နောက်ပိုင်းတွင် မူးယစ်ဆေးသုံးစွဲခြင်းမရှိသည်ကိုမူ၎င်းအား ထောက်ခံသည့် သက်သေများ မတင်ပြနိုင်ခဲ့ပေ။

အမှုတွင် ပေါ်ပေါက်သော သက်သေခံချက်များအရ မူလရုံးနှင့် တိုင်းတရားရုံးတို့က လျှောက်ထားသူ၏ ဝဲဘက်လက်ဖျံတွင် သွေးစို့အပီ ရာ တွေ့ခြင်း၊ ဆေးစာအရ မူးယစ်ဆေးဝါးသုံးစွဲထားသည့် လက္ခဏာများ တွေ့ရှိရခြင်း၊ သက်သေခံဆေးထိုးပိုက်ထဲ တွင်လည်း သွေးစများတွေ့ရှိရ ပြီး ၎င်းပိုက်တွင် ဟဲရိုးအင်းအာနိသင်ရှိကြောင်း ပေါ်လွင်ခြင်း စသည့် အချက်များကြောင့် လျှောက်ထားသူ၏လက်ဝယ်မှ အချင်းဖြစ် မူးယစ် ဆေးဝါးကို တွေ့ရှိရသည်ဟု တစ်ညီတစ်ညွတ်တည်း ကောက်ယူခဲ့ကြခြင်း ဖြစ်သည်။

သို့ဖြစ်၍ ကျောက်တံတားမြို့နယ်တရားရုံးနှင့်ရန်ကုန်တိုင်း တရားရုံး (အနောက်ပိုင်းခရိုင်) တို့က လျှောက်ထားသူ ဘင်ထွန်းနိုင်အပေါ် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ)နှင့် ပုဒ်မ ၁၄ (ဃ) တို့အရ ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းနှင့် ပြစ်ဒဏ် ချမှတ်ချက်တို့အပေါ် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့် ဤ ပြင်ဆင်မှုကို ပလပ်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးအောင်မြင့်ရှေ့တွင်

မောင်ထွဋ်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

+၁၉၉၄
နိဝင်ဘာလ
၂၃ ရက်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ စွဲဆိုမှု၊ သက်သေတစ်ဦး၏ ကြိုတင်ထွက်ဆိုချက်နှင့် ရုံးရှေ့ထွက်ဆိုချက် ကွဲလွဲသည့်အခါတွင် ရုံးရှေ့ထွက်ချက်ကိုသာ လက်ခံအသုံးပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ကြိုတင်ထွက်ချက်သည် တရားခံ၏ရှေ့မှောက်၌ ထွက်ဆိုချက် မဟုတ်ခြင်း၊ တရားခံက ပြန်လှန်မေးမြန်းခွင့်မရခြင်းတို့ကြောင့် ယင်းထွက်ချက်ကို တရားခံအား အပြစ်ပေးနိုင်ရန် အသုံးပြုနိုင်သည်မဟုတ်ပေ။ တရားရုံးရှေ့ ထွက်ချက်သည်သာလျှင် တရားခံက ပြန်လှန်စစ်မေးခွင့်ရှိ၍ သက်သေခံအဖြစ် အသုံးပြုနိုင်သည်။ ကြိုတင်ထွက်ချက်ရယူထားခြင်းသည် ယင်းသက်သေက တရားရုံးရှေ့တွင် လွယ်လင့်တကူ တမျိုးတမည် ထွက်ဆိုခြင်း မပြုနိုင်စေရန်အတွက် ရည်ရွယ်ခြင်းသာ ဖြစ်သည်။

အယူခံတရားလိုအတွက် – ဦးမြင့်ဆွေ၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားခံအတွက် – ဦးစောနိုင်၊ လက်ထောက် ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး

ပဲခူးတိုင်း တရားရုံး (ပဲခူးမြို့နယ်စု) ပြစ်မှုကြီးအမှတ် ၂/၉၂ တွင် တရားခံ မောင်ထွဋ်ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ တရားစွဲဆို ခဲ့ရာ တရားခံမောင်ထွဋ်အား ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ အလုပ်နှင့်ထောင်ဒဏ် (၄) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သဖြင့် ယင်းအမိန့်ကို မကျေနပ်၍ အယူခံတရားလို

* ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၂၅

\+ ၁၉၉၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၂ တွင် ချမှတ်သော(၂၄-၁၁-၉၃) ရက်စွဲပါ ပဲခူးတိုင်း (ပဲခူးခရိုင်) တရားရုံး၏ အမိန့်ကို အယူခံမှု

မောင်ထွဋ်က တရားရုံးချုပ်သို့ ဤပြစ်မှုဆိုင်ရာ အယူခံမှုကို တင်သွင်းခြင်း ဖြစ်သည်။

အမှုမှာ ၂၁-၄-၉၁ နေ့ညနေ (၅) နာရီခန့်က ကိုမြင့်အောင်သည် တံခွန်တိုင်ကျေးရွာရှိ ဦးကြီးငွေဆိုသူ၏ ခြံရှေ့တွင် ဒဏ်ရာဖြင့် လဲကျနေသဖြင့် ဆေးရုံသို့ တင်ပို့ခဲ့ရာ ဆေးရုံအရောက်တွင် သေဆုံးသွားခဲ့သဖြင့် ကိုမြင့်အောင်၏ဇနီး မလှဝင်းက ရဲစခန်းသို့ တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်ပြီး အဆိုပါအမှုကို သနပ်ပင်မြို့နယ် ရဲစ်ကန်လေးရဲစခန်းမှ စုံစမ်းစစ်ဆေးပြီးနောက် တရားခံ မောင်ထွဋ်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ တရားစွဲဆို တင်ပို့သောအမှု ဖြစ်သည်။

အယူခံတရားလို မောင်ထွဋ်သည် သေသူအား ရဲဒင်းနှင့်ခုတ်ခဲ့သည်ဟူ၍လည်းကောင်း၊ တစ်စုံတစ်ရာပြုမူခဲ့သည်ဟူ၍လည်းကောင်း၊ မည်သည့်သက်သေက ထွက်ဆိုခဲ့ခြင်းမရှိကြောင်း၊ အမှုနှင့်ပတ်သက်၍ မည်သည့်သက်သေခံပစ္စည်းကိုမျှလည်း အယူခံတရားလိုထံမှ သိမ်းဆည်းရမိခဲ့ခြင်းမရှိကြောင်း၊ အယူခံတရားလိုပြစ်မှု ကျူးလွန်ခဲ့ကြောင်း တိုက်ရိုက် သက်သေခံချက်များ မရှိသည့်အပြင် ပတ်ဝန်းကျင် သက်သေခံချက်များလည်း လုံးဝမရှိပါဘဲလျက်နှင့်ငင်းအပေါ် မူလရုံးက ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းမှာ ဥပဒေအရလည်းကောင်း၊ အကြောင်းချင်းရာအရလည်းကောင်း မှားယွင်းလျက် ရှိကြောင်း၊ မူလရုံးက သက်သေခံ (စ) မဖြူ၏ ကြိုတင်ထွက်ဆိုချက် သက်သေခံ (ဃ) ရှာဖွေပုံစံပါ ဖော်ပြချက်နှင့် သက်သေခံ (ဋ) ဓာတုဗေဒ ပြန်ကြားစာအရ သက်သေခံရဲဒင်းတွင် လူသွေး ရှိသည်ဆိုသောအချက်များအပေါ် အခြေပြုပြီး အယူခံတရားလိုအပေါ် ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်ကြောင်း၊သက်သေခံ(စ) မဖြူ၏ ကြိုတင် အစစ်ခံချက်သည် ၎င်း၏ရုံးရှေ့ထွက်ဆိုချက်နှင့် ဆန့်ကျင်ကွဲလွဲ နေပါကြောင်း၊ မဖြူသည် အယူခံတရားလိုနှင့်ပတ်သက်၍ ရုံးတော်တွင် တစ်စုံတစ်ရာထွက်ဆိုခဲ့ခြင်း မရှိကြောင်း၊ ထို့ကြောင့် မဖြူ၏ ကြိုတင် အစစ်ခံချက်ကို အယူခံတရားလို အပြစ်ရှိမရှိနှင့်ပတ်သက်၍ အခြေခံ သက်သေခံချက်အဖြစ် အသုံးမပြုနိုင့်ကြောင်း၊ ကြိုတင်အစစ်ခံချက်ရယူထားခြင်း၏ အဓိကရည်ရွယ်ချက်မှာ သက်သေအား အမှုစစ်ဆေးသောအခါ တစ်မျိုးတစ်ဖုံ ပြောင်းလွဲထွက်ဆိုခြင်းမှ ကာကွယ်ရန်သာ ဖြစ်ကြောင်း၊ သက် သေခံ (ဃ) ရှာဖွေပုံစံပါ ဖော်ပြချက်များမှာမမှန်ကန်ကြောင်းကို ရှာဖွေပုံစံဖြင့် ရဲဒင်း ပေးအပ်သူသက်သေ ဦးမောင်ကြီးက ရုံးရှေ့တွင် ထွက်ဆိုထားသည်ကို တွေ့ရကြောင်း၊ သက်သေခံ(ဋ) အရ

လူသွေးတွေ့ရှိသည် ဆိုသော ရဲဒင်းကို အယူခံတရားလိုက ပေးအပ်ခဲ့ခြင်း မဟုတ်ဘဲ သက်သေ ဦးမောင်ကြီးဆိုသူက ပေးအပ်ခဲ့ခြင်းသာဖြစ်ကြောင်း၊ ထို့ကြောင့် မူလရုံးက သက်သေခံ (စ) သက်သေခံ (ဃ) နှင့် သက်သေခံ (ဋ)အပေါ် အခြေပြု၍ အယူခံတရားလိုအပေါ် ပြစ်ဒဏ်စီရင်ထားခြင်းမှာ ဥပဒေအရလည်းကောင်း အကြောင်းခြင်းရာအရလည်းကောင်း မှားယွင်းလျက်ရှိကြောင်း၊ မူလရုံးက အယူခံတရားလိုနှင့် သေသူ ကိုမြင့်အောင်တို့သည် အကြောင်းတစ်စုံတစ်ရာကြောင့် ခိုက်ရန်ဖြစ်ပွားပြီး အယူခံတရားလို၏ ပြုလုပ်မှုကြောင့် ကိုမြင့်အောင် သေဆုံးခဲ့သည်ဟု သုံးသပ်ဆုံးဖြတ်ခဲ့ခြင်းမှာ အမှုတွဲမှတ်တမ်းပါ သက်သေခံချက်များအရ မှားယွင်းလျက်ရှိကြောင်း၊ အခင်းဖြစ်ပွားစဉ်က အယူခံတရားလိုသည် အခင်းဖြစ်ရာ တံခွန်တိုင်ကျေးရွာ၌မရှိဘဲ ၎င်းနေထိုင်ရာ ကုလားချောင်းကြီးရွာရှိ နေအိမ်၌ သမီးဖြစ်သူ အသဲအသန်ဖြစ်နေ၍ ပြုစုနေရသည်ဟု အမှုတွဲမှတ်တမ်း၌ ပေါ်လွင်ထင်ရှားနေပါလျက်နှင့် အယူခံတရားလိုအပေါ် မူလရုံးက ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းလျက်ရှိကြောင်း၊ သို့ဖြစ်၍ အယူခံတရားလိုအား အမှုမှ အပြီးအပြတ် လွှတ်ပေးသင့်ကြောင်း အကျယ်တဝံ့အကြောင်းပြထားသည်။

မူလရုံး အမှုတွဲကို လေ့လာရာတွင် သေသူ မြင့်အောင်၏ဇနီး မလှဝင်း (လိုပြ–၁)၊ (ရဝတ) ဥက္ကဋ္ဌ ဦးကျော်စိန် (လိုပြ–၂)၊ ဦးကြီးငွေ (လိုပြ–၄)၊ မောင်မြင့်နိုင် (လိုပြ–၅)၊ ဦးသိန်းမောင် (လိုပြ–၆)၊ မောင်ဦးလွင် (လိုပြ–၈)၊ မနန်းလှ (လိုပြ–၁၀)၊ ဦးချစ်သန်း၊ မချို၊ ဦးကြာရွှေစသည့် တရားလိုပြသက်သေများ အနေဖြင့် သေသူ မြင့်အောင် လဲနေသည်ကို မြင်ကြောင်းသာ ထွက်ဆိုနိုင်ကြပြီး မြင့်အောင် ရရှိသောဒဏ်ရာများကို မည်သူကပြုလုပ်ကြောင်း ထွက်ဆိုနိုင်ခြင်း မရှိကြပေ။ မဖြူ (လိုပြ–၃) မှာ သနပ်ပင်မြို့နယ် တရားရုံးတွင် ကြိုတင်ထွက်ချက်ပေးခဲ့သူ ဖြစ်သည်။ ယင်းထွက်ချက်အား သက်သေခံ (ခ) အဖြစ် တင်ပြထားသည်ကို တွေ့ရှိရသည်။ မောင်မြင့်အောင် လဲကျသွားသော နေရာအနီးတွင် မောင်ထွဋ်မှာ ရဲဒင်းကိုင်ပြီး ရပ်နေကြောင်း၊ ထို့နောက် ရဲဒင်းကိုင်လျက် ထွက်ပြေးသွားကြောင်း မျက်မြင်သက်သေတစ်ဦးအနေဖြင့် ကြိုတင်ထွက်ချက် ပေးခဲ့သည်။ ရုံးရှေ့တွင် တရားလိုပြ သက်သေအဖြစ် အစစ်ခံရာ၌မူ သေသူ မြင့်အောင်အနီးတွင် လူတစ်ယောက်တွေ့သော်လည်း ထိုသူ မည်သူဖြစ်သည်ကို မသိကြောင်း၊ ကြိုတင်ထွက်ချက်ပေးစဉ်က ရဲက မောင်ထွဋ်

ခုတ်သည်ဟု ပြောရန်သင်ပေး၍ ပြောခဲ့ရကြောင်း ထွက်ဆိုသည်ကို တွေ့ရသည်။

တရားလိုပြသက်သေစာရင်းတွင် ခွေးသိုးဆိုသူပါပြီး ၎င်းမှာ ကြိုတင်ထွက်ချက်ပေးခဲ့သူလည်း ဖြစ်သည်။ သို့ရာတွင် ထိုသက်သေမှာ သေဆုံးသွား၍ သက်သေအဖြစ်ခေါ်ယူစစ်ဆေးခြင်း မပြုနိုင်ခဲ့ပါ။ ခွေးသိုး၏ ကြိုတင်ထွက်ချက် (သက်သေခံ-၄) တွင် မြင့်အောင်လဲနေသည်ကို တွေ့ကြောင်း၊ မောင်ထွဋ်က ရဲဒင်းနှင့်ခုတ်သည်ဟု မဖြူအော်ပြီး ပြေးသည်ကို တွေ့ကြောင်း၊ မောင်ထွဋ်ကို မမြင်လိုက်ရကြောင်း ထွက်ဆိုထားသည်။ သက်သေခံပစ္စည်း ရဲဒင်းနှင့်စပ်လျဉ်း၍ ပေးအပ်သူမှာ ဦးမောင်ကြီး (လိုပြ-၉) ဖြစ်ကြောင်း တွေ့ရပြီး ရှာဖွေပုံစံတွင် ပေးအပ်သူနေရာ၌ ဦးမောင်ကြီး၏ လက်မှတ်ရေးထိုးထားသည်။ ယင်းရဲဒင်းတွင် လူသွေးတွေ့ရှိကြောင်း (သက်သေခံ-၎) ဓာတုဗေဒဝန်ရုံး၏ ပြန်ကြားစာတွင် ဖော်ပြထားသည်။ အချင်းဖြစ် သက်သေခံရဲဒင်းတွင် လူသွေးတွေ့ရှိသော်လည်း ယင်းပစ္စည်းကို တရားခံမောင်ထွဋ်က ပေးအပ်ခဲ့ကြောင်း ပေါ်ပေါက်ခြင်း မရှိပေ။ လိုပြသက်သေများ၏ အစစ်ခံချက်များအပေါ် စိစစ်ပါက သက်သေအားလုံးမှာ တံခွန်တိုင်ရွာသားများဖြစ်ကြပြီး တရားခံက သေသူအား ရဲဒင်းဖြင့် ခုတ်သည်ကို မြင်ကြောင်း၊ မည်သူကမျှ ထွက်ဆိုခြင်းမပြုကြတော့ပဲ ကြိုတင်ထွက်ချက်ပေးခဲ့သူ သက်သေမဖြူကိုယ်တိုင်လည်း ရုံးရှေ့တွင် မောင်ထွဋ်အပေါ် စွပ်စွဲထွက်ဆိုခြင်း မရှိတော့ပါ။

တရားခံ မောင်ထွဋ်က အချင်းဖြစ်ပွားသောအချိန်တွင် ၎င်းသည် တံခွန်တိုင်ရွာမှ ၁ နာရီခန့်သွားရသော သမီးဖြစ်သူနေထိုင်သည့် ကုလားချောင်းရွာသို့ ရောက်ရှိနေကြောင်း၊ အချင်းဖြစ်နေရာသို့ မရောက်ကြောင်း၊ မြင့်အောင်နှင့်လည်း ရန်ညှိုးရန်စမရှိကြောင်း၊ မြင့်အောင်ကို ရဲဒင်းနှင့် မခုတ်ကြောင်း ထုချေထွက်ဆိုထားပြီး တရားခံ မောင်ထွဋ်၏အစ်ကိုတော်သူ ဦးထွန်းသွယ်က အချင်းဖြစ်နေ့က မောင်ထွဋ်မှာ သမီးဖြစ်သူထံ ရောက်ရှိနေကြောင်း ထွက်ဆိုထားသည်။

ရဲဒင်းဖြင့် တရားခံ မောင်ထွဋ်က ခုတ်သည်ကိုမြင်ကြောင်း၊ သေသူနှင့် တရားခံတို့မှာ ရန်ညှိုးရန်စရှိကြောင်း ထွက်ဆိုချက်မရှိသည့်အပြင် မည်သည့်ကိစ္စဖြင့် အချင်းများကြောင်းလည်း ပေါ်ပေါက်ခြင်း မရှိပါ။ တရားခံ မောင်ထွဋ်က သက်သေခံပစ္စည်း ပေးအပ်ခဲ့ကြောင်းလည်း မတွေ့ရှိရပါ။

မူလရုံးက အယူခံတရားလို မောင်ထွဋ်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ

၃၀၄ အရ ပြစ်မှုထင်ရှား စီရင်ထားခြင်းမှာ မဖြူ၏ ကြိုတင်ထွက်ချက် နှင့် ရဲဒင်းတွင် လူသွေးတွေ့သောအချက်တို့ကို ပေါင်းစပ်စဉ်းစားပြီး ပြစ်မှုထင်ရှား စီရင်ထားသည်ကို တွေ့ရသည်။

မဖြူ၏ရုံးရှေ့ထွက်ချက်တွင်မူ သေသူအနားတွင် မောင်ထွဋ်လက်နက် ဖြင့် မတ်တပ်ရပ်လျက် တွေ့ရပါသည်ဟု မထွက်တော့ပါ။ ဤအခြေ အနေတွင် မဖြူ၏ ကြိုတင်ထွက်ချက်သည် တန်ဖိုးမရှိတော့ပါ။ မဖြူ အပါအဝင် အခြားပုဂ္ဂိုလ်တစ်ဦးကလည်း ကြိုတင်ထွက်ချက်ပေးထား သည်။ ထိုပုဂ္ဂိုလ်မှာ သေဆုံးသွားသဖြင့် တရားရုံးရှေ့၌ သက်သေအဖြစ် စစ်ဆေးခွင့် မရတော့ပေ။

ကြိုတင်ထွက်ချက်သည် တရားခံ၏ ရှေ့မှောက်၌ ထွက်ဆိုချက်မဟုတ် ခြင်း၊ တရားခံက ပြန်လှန်မေးမြန်းခွင့်မရခြင်းတို့ကြောင့် ယင်းထွက်ချက် ကို တရားခံအား အပြစ်ပေးနိုင်ရန် အသုံးပြုနိုင်သည်မဟုတ်ပေ။ တရားရုံး ရှေ့ထွက်ချက်သည်သာလျှင် တရားခံက ပြန်လှန်စစ်မေးခွင့်ရှိ၍ သက်သေခံ အဖြစ် အသုံးပြုနိုင်သည်။ ကြိုတင်ထွက်ချက်ရယူထားခြင်းသည် ယင်းသက် သေက တရားရုံးရှေ့တွင် လွယ်လင့်တကူ တမျိုးတမည်ထွက်ဆိုခြင်း မပြုနိုင်စေရန်အတွက် ရည်ရွယ်ခြင်းသာ ဖြစ်သည်။

မဖြူ၏ ကြိုတင်ထွက်ချက်ကို ထည့်သွင်းစဉ်းစားနိုင်လျှင် မောင် ထွဋ်ကြောင့် သေပါသည်ဟု တထစ်ချ ကောက်ယူရန် မဖြစ်နိုင်တော့ပေ။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိကလည်း ဤသဘောအတိုင်းပင် လျှောက်လဲသည်။

ထိုကြောင့် ဤအယူခံကို ခွင့်ပြုသည်။ မောင်ထွဋ်အား မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှားစီရင်ထားသော အမိန့် နှင့် ပြစ်ဒဏ်စီရင်ချက်တို့ကို၊ ပယ်ဖျက်ကာ မောင်ထွဋ်အား အမှုမှ အပြီးအပြတ်လွှတ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ် တရားသူကြီး ဦးတင်အုံးရှေ့တွင်

ဦးပန်းညွန့်ပါ–၂
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ–၂*

+၁၉၉၄
ဒီဇင်ဘာလ
၉ ရက်

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၄၊ ၄၁၃–ပြင်ဆင်မှု တင်သွင်းရမည့် အစား အယူခံဝင်ရောက်လျှင် ပြင်ဆင်မှုအာဏာကို ကျင့်သုံးခြင်း ပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၀၄ တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့်တည်ဆဲဥပဒေတွင် ပြဋ္ဌာန်းချက်မှတစ်ပါး ပြစ်မှုဆိုင်ရာ တရားရုံး၏ စီရင်ချက် သို့မဟုတ် အမိန့်ကို အယူခံခွင့်မရှိစေရဟု ပြဋ္ဌာန်း၍ အယူခံခွင့်ကို တရားဥပဒေအရ သတ်မှတ်ထားသည်။ ယင်းဥပဒေပုဒ်မ ၄၁၃ တွင် ပထမတန်းအာဏာရ တရားသူကြီးက တစ်လထက်မပိုသော ထောင်ဒဏ် ကျပ်တစ်ရာထက်မပိုသော ဒဏ်ငွေကို ချမှတ်လျှင် အယူခံခွင့်မရှိဟု ပြဋ္ဌာန်းထားသည်။ မူလရုံးတရားသူကြီးမှာ ပထမတန်းအာဏာရရှိသဖြင့် ထောင်ဒဏ်တစ်လ ချမှတ်သည့်အမိန့်ကို အယူခံခွင့်မရှိ၊ ယင်းသို့ အယူခံခွင့်မရှိဘဲ အယူခံတင်သွင်းမိ၍ မှားယွင်းကြောင်း တင်ပြခဲ့ပြီး ပြင်ဆင်မှုအနေဖြင့် အဆုံးအဖြတ်ပေးရန် တင်ပြခဲ့သည့်အတိုင်း တိုင်းတရားရုံးက ဆုံးဖြတ်ခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာ ကျင့်/ထုံးဥပဒေပုဒ်မ ၄၃၉ (၅) တွင် အယူခံဝင်ခွင့်ရှိပါလျက် အယူမခံဘဲ ပြင်ဆင်မှုအဖြစ် တင်သွင်းလာသည့် မူခင်းကိစ္စကို စဉ်းစားနိုင်ရန် လက်မခံရဟု ပြဋ္ဌာန်းထားသော်လည်း အယူခံဝင်ခွင့်မရှိသောအမှုကို ပြင်ဆင်မှုအနေဖြင့် လက်ခံဆောင်ရွက်ခြင်း မပြုရဟု ပိတ်ပင်တားမြစ်ခြင်း မရှိချေ၊ ထို့ကြောင့် မှားယွင်း၍ အယူခံတင်မိကြောင်း ဝန်ခံပြီး ပြင်ဆင်မှုအဖြစ် အဆုံးအဖြတ်ခံယူလိုပါကြောင်း တင်ပြသည့်အတိုင်း အမှု၏ အရည်အသွေးအရ

* ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၂၁ (ခ)

\+ ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၈ တွင် ချမှတ်သော(၄–၄–၉၄) ရက်စွဲပါ မကွေးတိုင်း (သရက်ခရိုင်) တရားရုံး၏အမိန့်ကို ပြင်ဆင်မှု

၁၉၉၄
ဦးပန်းညွန့်
ပါ-၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

တိုင်းတရားရုံးမှ လက်ခံ၍ ဆုံးဖြတ်ခြင်းသည် မှားယွင်းမှုမရှိဟု ဆိုရပေမည်။

လျှောက်ထားသူများအတွက် - ဦးသိန်းရီ၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများအတွက် - ၁။ ဦးမျိုးချစ်၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး
၂။ ဦးဇော်မြင့်၊ တရားရုံးချုပ်ရှေ့နေ

မကွေးတိုင်း မြေထဲမြို့နယ် တရားရုံး၏ ပြစ်မှုကြီးမှုအမှတ် ၃၅၆/၉၃ တွင် ဦးပန်းညွန့်က ဇနီးဖြစ်သူ ဒေါ်မြညွန့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ တရားစွဲဆိုရာ ဒေါ်မြညွန့်အား ယင်းဥပဒေပုဒ်မ ၄၀၆ အရ ထောင်ဒဏ် တစ်လကျခံစေ၍ သက်သေခံရွှေထည်ပစ္စည်းများကို ဦးပန်းညွန့်၏ဖခင် ဦးစံဖိုးအား ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ဒေါ်မြညွန့်က မူလရုံးအမိန့်ကို မကျေနပ်၍ မကွေးတိုင်း တရားရုံး (သရက်ခရိုင်) ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၈/၉၄ ဖြင့် တင်သွင်းခဲ့ရာ ဒေါ်မြညွန့်အား အမှုမှ လွှတ်၍ သက်သေခံရွှေထည်ပစ္စည်းများကို ဒေါ်မြညွန့်အား ပြန်ပေးစေသည်။ ထိုကြောင့် တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ သက်သေခံပစ္စည်းများကို ဦးစံဖိုးအား ပြန်ပေးရန်အတွက် ဦးပန်းညွန့်နှင့်ဦးစံဖိုးတို့က တရားရုံးချုပ်သို့ ပြင်ဆင်မှု တင်သွင်းသည်။

ဦးပန်းညွန့်နှင့်ဇနီး ဒေါ်မြညွန့်တို့သည် ၂၀-၃-၉၃ ရက်နေ့ ရွာထောင်ရွာနေဦးစောလှမြင့်နေအိမ်သို့ အကြွေးသွားတောင်းရာ မရသေး၍ ဒေါ်မြညွန့်အား ထားပြီး ဦးပန်းညွန့် ရွာပြန်ခဲ့ကြောင်း၊ ဒေါ်မြညွန့်အိမ်မပြန်လာသဖြင့် မိမိနေအိမ်ရှိ ရွှေထည်ပစ္စည်းများကို စစ်ဆေးကြည့်ရာ ရွှေတစ်ကျပ်သားစီရှိသော ဆွဲကြိုး နှစ်ကုံး၊ ရွှေချိန်ငါးမူးသားရှိ ကျောက်နီနားကပ်တစ်ရံ၊ ကျောက်ဖြူနှစ်တန်းစီထားသော ရွှေချိန်တစ်မတ်သား ရွှေလက်စွပ်တစ်ကွင်းတို့မရှိတော့ကြောင်း၊ ဒေါ်မြညွန့်သည် ယင်းရွှေထည်ပစ္စည်းများကို ခိုးယူ၍ ငပြင်းရွာ၌ ရှိနေသည်ကို သိရပါကြောင်း ဖော်ပြ၍ ရဲစခန်း၌ ဦးပန်းညွန့်က အမှုဖွင့်ခဲ့သည်။

လျှောက်ထားသူများက ရွှေထည်ပစ္စည်းများမှာ ဦးပန်းညွန့်၏ဖခင် ဦးစံဖိုးက ဒေါ်မြညွန့်ထံ အပ်ထားခြင်းဖြစ်၍ ဦးပန်းညွန့်၊ ဒေါ်မြညွန့်တို့

လင်မယားပိုင် မဟုတ်ပါ။ ဦးစံဖိုးထံမှ ချေးငှားထားသည့်ပစ္စည်းများကို အလုပ်လုပ်၍ရသောငွေဖြင့် ရွှေထည်ပြုလုပ်ပြီး ကြွေးပြန်ဆပ်ထားခြင်း ဖြစ်ပါသည်။ ဒေါ်မြညွန့်က ယင်းရွှေထည်များကို ငှားဝတ်ပြီး ဦးစံဖိုး မျက်စိမကောင်း၍ သိမ်းဆည်းထားခြင်း ဖြစ်ပါသည်။ ထိုကြောင့် ဦးစံဖိုးအား ပစ္စည်းများ ပြန်ပေးသင့်သည်ဟု တင်ပြသည့်အပြင် တိုင်းတရားရုံးသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၄ အရ အယူခံခွင့်မရှိကြောင်း သုံးသပ်ပြီးမှ ပစ္စည်းကို ပြန်ပေးစေဟု အမိန့်ချမှတ်ခြင်းသည် မှားယွင်းကြောင်း ပြင်ဆင်ရန် အကြောင်းပြချက်အနေဖြင့် တင်ပြသည်။

ရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက တိုင်းတရားရုံး၏ အမိန့် မှန်ကန်သဖြင့် ပြင်ဆင်မှုကို ပလပ်သင့်ပါကြောင်း သက်သေခံငွေ ၆၀၀၀/-ကျပ်ကို မလွှဲထွေးအား ပြန်ပေးစေဟု ဖြည့်စွက် အမိန့်ချမှတ်သင့်ကြောင်း တင်ပြသည်။

လျှောက်ထားခံရသူ ဒေါ်မြညွန့်၏ ရှေ့နေက တိုင်းတရားရုံးမှ ဒေါ်မြညွန့်အား အမှုမှ အပြီးအပြတ်လွှတ်သောကြောင့် ယခုကဲ့သို့ ပြင်ဆင်မှု တင်သွင်းခွင့်မရှိပါသဖြင့် တိုင်းတရားရုံးအမိန့်ကို ဆက်လက် အတည်ပြုပေးရန် လျှောက်ထားသည်။

မူလရုံး တရားလို ဦးပန်းညွန့်သည် ရုံးရှေ့၌ ထွက်ဆိုအစစ်ခံရာ၌ တိုင်ချက်ပါအကြောင်းအရာများနှင့် ကွဲလွဲ၍ ထွက်ဆိုထားသည်။ ဦးပန်းညွန့်က ထွက်ဆိုရာတွင် ဒေါ်မြညွန့်နှင့်ပေါင်းသင်းနေစဉ် ရေပေါ်ရွာနေ ဖခင် ဦးစံဖိုးထံမှရွှေငါးကျပ်သားကို ကားထောင်ရန်အတွက် လွန်ခဲ့သော ၈ နှစ်ခန့်က ချေးငှားခဲ့ကြောင်း၊ ရွှေထည်များကို ယာလုပ်ကိုင်ရာမှ ရရှိသောငွေဖြင့် ပြန်ဆပ်ခဲ့ရာ၌ ယခုဒေါ်မြညွန့်ခိုးယူသော ပစ္စည်းများဖြစ်ကြောင်း၊ ရွှေငါးကျပ်သားမပြည့်သေးကြောင်း၊ ဖခင် ဦးစံဖိုးက ယင်းရွှေထည်များကို လွန်ခဲ့သော၃ နှစ်ခန့်က ဒေါ်မြညွန့်ထံ အပ်ထားသည်ကို ဖခင် ဦးစံဖိုးနှင့် မိမိနှစ်ဦး သိရှိထားကြောင်း၊ ဒေါ်မြညွန့်သည် ရွှေထည် ပစ္စည်းများကို ငှားဝတ်လေ့ရှိပြီး၊ ဖခင်ဖြစ်သူ မျက်စိမကောင်းသဖြင့် သိမ်းဆည်းထားပေးသည်ဟု ပြောပြီးယူထားခြင်း ဖြစ်ကြောင်း၊ ဒေါ်မြညွန့်အိမ်က ဆင်းပြေးပြီးနောက် ရွှေထည်ပစ္စည်းများ မရှိတော့သည်ကို သိရှိရကြောင်း၊ ဒေါ်မြညွန့်နှင့်လွန်ခဲ့သော နှစ်ပေါင်း ၂၀ က ပေါင်းသင်းခဲ့ရာ အိမ်ထောင်ကျပြီး ၅ နှစ်ခန့်မှ အိမ်ထောင်ကွဲခဲ့ကြောင်း၊ ပြန်လှန်မေးမြန်းသောအခါ

၁၉၉၄
ဦးပန်းညွန့်
ပါ-၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ရွှေထည်ပစ္စည်းအမျိုးအစား အလေးချိန်ကို မပြောနိုင်ကြောင်း၊ လင်မယား နှစ်ဦးပိုင်ပစ္စည်းဖြစ်သည်ဆိုလျှင် မှန်ကြောင်း၊ ယခုရွှေထည် ပစ္စည်းများသည် နောက်မှ ပြန်လုပ်သည့် ရွှေဖြစ်၍ လင်မယားနှစ်ဦး ဒိုးတူပေါင်ဖက် လုပ်၍ရသောပစ္စည်းမှန်ကြောင်း၊ ဖခင်ထံမှ ရွှေထည် ပစ္စည်းများကို ကားပျက်လျှင် ပြင်ဆင်ရန်အတွက် ချေးငှားပြီး အရံအဖြစ်ထားခြင်း ဖြစ်ကြောင်း၊ ဖခင်နှင့် တစ်အိမ်စီနေထိုင်၍ ဒေါ်မြညွန့်နှင့် လက်ထက်မှား ပစ္စည်းဖြစ်ကြောင်း ထွက်ဆိုထားသည်။ ဦးစံဖိုး (လိုပြ-၂) က သားဖြစ်သူ ဦးပန်းညွန့်တို့ လင်မယားအား စုစုပေါင်းငါးကျပ်သားရှိ ရွှေထည်ပစ္စည်း များ ကို ချေးလိုက်ကြောင်း၊ ပြန်လည်ပေးဆပ်သည့် ရွှေထည်ပစ္စည်း များကို ဦးပန်းညွန့်တို့ထံ ပြန်အပ်ထားသည်မှာ လွန်ခဲ့သော တစ်နှစ်က ဖြစ်ကြောင်း၊ ရွှေအလေးချိန်မည်မျှ ပြန်ပေးထားသည်ကို မသိကြောင်း ထွက်ဆိုသည်။

လျှောက်ထားခံရသူ ဒေါ်မြညွန့်က မူလရုံးတွင် ထွက်ဆိုရာ၌ ဦးပန်းညွန့်နှင့် နှစ်ပေါင်း ၂၀ ပေါင်းသင်းခဲ့ရာ ကလေး (၄) ဦး ထွန်းကားပါသည်။ ၁၃၄၂ ခုနှစ်တွင် ယောကျ်မ ဦးစံဖိုးက ကားဝယ်ရန် ပြောသဖြင့် နှမ်းတင်း (၁၀၀) ရောင်းပေးရသည့်အပြင် ရွှေပါရောင်းပေးခဲ့ရပါသည်။ တစ်နှစ်မပြည့်မီ ငွေ သုံးသောင်းခွဲအရှုံးခံ၍ ကားကို ပြန်ရောင်းခဲ့ရပါသည်။ ၁၃၅၄ ခုနှစ်တွင် အဝီစိတွင်းတူး၍ ငွေတစ်သိန်းနှစ်သောင်းကုန်ကျပါ သည်။ ဦးပန်းညွန့်ရိုက်၍ ဆေးရုံတက်ကုသခဲ့ရပြီးနောက် မိဘများထံ ပြန်နေခဲ့ရပြီး၊ ပြန်ခေါ်သဖြင့် ဦးပန်းညွန့်နှင့် ပြန်ပေါင်းသင်းခဲ့ပါသည်။ သားအလတ်ဖြစ်သူအား နိုင်ငံခြားပို့ရန်အတွက် ငွေခြောက်သောင်း ခုနှစ် ထောင်ကို ဦးစောလှမြင့်ထံ ဖေးထားခဲ့သည်ကို ဦးပန်းညွန့် သိပါသည်။ ယင်းငွေများကို ဦးပန်းညွန့်နှင့်အတူ သွားတောင်းရာ တစ်လစောင့်ရန် ပြောပါသည်။ ဦးပန်းညွန့်ကလည်း ငွေမရလျှင် မပြန်နှင့်ဟုပြော၍ ငွေမရသောကြောင့် ငပြင်းရွာသို့ သွားနေခဲ့ရပါသည်။ ဦးပန်းညွန့်သည် မီးသွေးကုန်သည် ကိုသောင်းထွန်းနှင့်လည်းကောင်း၊ ဦးစောလှမြင့်၏သား မောင်မင်းမင်းနှင့်လည်းကောင်း စွပ်စွဲဘူးပါသည်။ ငပြင်းရွာ၌နေစဉ် ငွေ ၆၀ ကျပ်သာ ရှိသဖြင့် ကြွယ်သီးကို ပြည်မြို့သို့ သွားရောင်း၍ သုံးစွဲရပါ သည်။ ဦးစံဖိုးထံမှ ရွှေမငှားဘူးပါ။ ရွှေထည်ပစ္စည်းများမှာ လက်ထက် ပွား ဖြစ်ပါသည် စသည်ဖြင့် ထုချေခဲ့သည်။

မကွေးတိုင်း တရားရုံး (သရက်ခရိုင်) ၏ စီရင်ချက်တွင် မူလရုံး တရားလို ဦးပန်းညွန့်နှင့် တရားခံ ဒေါ်မြညွန့်တို့မှာ လင်မယားဖြစ်၍ ပစ္စည်းခန်းတွင်အတူ ပိုင်ဆိုင်ခွင့်ရှိကြောင်း၊ ဦးပန်းညွန့်က လင်မယားနှစ်ဦး အတူတကွ အလုပ်လုပ်၍ရသောပစ္စည်းဖြစ်သည်ဟု ထွက်ဆိုထားကြောင်း သုံးသပ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ ပြစ်မှုမမြောက်ဟု ဆုံးဖြတ်သည်။ ဦးပန်းညွန့်က ဒေါ်မြညွန့် ယူသွားသော ပစ္စည်းသည် သူ၏ဖခင် ဦးစံဖိုး၏ပစ္စည်း ဖြစ်သည်ဟုဆိုသော်လည်း ရေရာမှုမရှိချေ။ နှစ်ပေါင်း ၂၀ သီးခြားအိမ်ထောင်ခွဲ၍ လင်မယားနှစ်ဦး အတူတကွ လုပ်ကိုင်ရှာဖွေစုဆောင်းခဲ့ကြရာ ၁၃၄၂ ခုနှစ်တွင် ကားဝယ်ခဲ့ပြီး၊ တစ်နှစ်အတွင်းငွေ ၃ သောင်းခွဲအရှုံးခံ၍ ပြန်ရောင်းခဲ့ရသည်။ တစ်သိန်းနှစ်သောင်းကုန်ကျသော အဝီစိတွင်း တူးဖော်ခြင်း၊ သားဖြစ်သူအား နိုင်ငံခြားသို့ပို့ရန် ငွေခုနှစ်သောင်းနီးပါး ကုန်ကျခံနိုင်ခြင်းတို့ကို ထောက်ရှုလျှင်၊ ၎င်းတို့မှာ စီးပွားဖြစ်ထွန်းခဲ့သည်ဟု ဆိုရပေမည်။ ၁၃၄၂ ခုနှစ်တွင် ကားဝယ်၍ တစ်နှစ်အတွင်း အရှုံးခံ၍ ပြန်ရောင်းခဲ့သည်ဆိုခြင်းနှင့်စပ်လျဉ်း၍ ဒေါ်မြညွန့်အား ပြန်လှန်မေးမြန်းထားခြင်း မရှိသဖြင့် လွန်ခဲ့သော ၁၀ နှစ်ကျော်က ကားဝယ်ခဲ့ခြင်း ဖြစ်သည်။ ယင်းကားကို ဒေါ်မြညွန့်က နှမ်းအတင်း ၁၀၀ နှင့်ရွေမျှား ရောင်း၍ဝယ်ရပါသည်ဟု ထွက်ဆိုပြီး ဦးပန်းညွန့်ကမူ ဦးစံဖိုးထံမှ ရွှေထည်ကို ကားအတွက်အရံအဖြစ် ထားသည်ဟု ဆိုသည်။ ဦးစံဖိုးထံမှ ရွှေထည်ပစ္စည်းကို ကားအတွက် အသုံးပြုရန် အရံငွေအဖြစ် ထားသည်ဆိုရာ၌ မလိုအပ်ဘဲချေးငှားထားရန် အကြောင်းမရှိဟု ယူဆသည်။ ဦးစံဖိုးထံမှ ရွှေထည်များကို ကားဝယ်ယူစဉ်က ချေးငှားခဲ့သည်ဆိုရာ မှန်စေဦး၊ တစ်နှစ်အတွင်း ကားရောင်းခဲ့သဖြင့် ချေးငှားခဲ့သော ရွှေသို့မဟုတ် ငွေကို ပြန်လည်ပေးဆပ်ခဲ့သင့်သည်။ ထို့ပြင် ဦးစံဖိုး အား ပေးဆပ်ရန် ရွှေကျန်နေသေးသည်ဆိုလျှင် အဝီစိတွင်း တူးဖော်ကုန်ကျငွေ၊ သားဖြစ်သူအား နိုင်ငံခြားသွားနိုင်ရေးအတွက် ကုန်ကျစရိတ်တို့ကို မသုံးစွဲသေးဘဲ ဖခင်ဖြစ်သူအား ပေးဆပ်ရန်ကျန်နေသေးသည့်ငွေများကို ဦးစွာ ပေးဆပ်သင့်သည်။ ထိုကြောင့် ဦးစံဖိုးထံမှ ရွှေထည်ပစ္စည်း ချေးငှားခဲ့သည်ဆိုခြင်းမှာ ယုံကြည်လက်ခံရန် ခဲယဉ်းသည်။ တိုင်းတရားရုံးက ဒေါ်မြညွန့်လက်ဝယ်ရှိ ရွှေထည်ပစ္စည်းသည် လင်မယားနှစ်ဦးပိုင် ဖြစ်သည်ဟု ဆုံးဖြတ်ချက်မှာ အကျိုးသင့် အကြောင်းသင့်ဖြစ်၍ မူလရုံးမှ ဒေါ်မြညွန့်အား ပြစ်မှုထင်ရှား စီရင်ခြင်းနှင့် ပြစ်ဒဏ်ကို ပယ်ဖျက်ပြီး

၁၉၉၄
ဦးပန်းညွန့်
ပါ-၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

သက်သေခံရွှေထည်ပစ္စည်းကို ဒေါ်မြညွန့်အား ပြန်ပေးရန် အမိန့်ချမှတ်ခြင်းအပေါ် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

တိုင်းတရားရုံးတွင် ဒေါ်မြညွန့်၏ ရှေ့နေက အယူခံမှုအနေဖြင့် တင်သွင်းခဲ့ရာ ရုံးရှေ့တွင် မှားယွင်း၍ အယူခံတင်သွင်းမိပါကြောင်း၊ အယူခံတင်သွင်းရမည်ကို ပြင်ဆင်မှု တင်သွင်းပါက ပျက်ပြယ်မည်ဖြစ်သော်လည်း၊ ပြင်ဆင်မှု တင်သွင်းရမည်ဖြစ်ပါလျက် အယူခံမှုအဖြစ် တင်သွင်းပါက မပျက်ပြယ်ဘဲ အမှုအရည်အသွေးအရ ဆုံးဖြတ်ခွင့်ရှိကြောင်း တင်ပြခဲ့သည်။ တိုင်းတရားရုံးက တင်ပြချက်ကို လက်ခံကာ ပြင်ဆင်မှုတင်ရမည့်အစား အယူခံဝင်ရောက်သည့်တိုင်ပြင်ဆင်မှု အာဏာကို ကျင့်သုံးနိုင်၍ မူလရုံးအမိန့်ကို ပြင်ဆင်ပေးနိုင်ကြောင်း ဆုံးဖြတ်ခဲ့သည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ ၄၀၄ တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေနှင့် တည်ဆဲဥပဒေတွင် ပြဋ္ဌာန်းချက်မှတစ်ပါး ပြစ်မှုဆိုင်ရာတရားရုံး၏ စီရင်ချက် သို့မဟုတ် အမိန့်ကို အယူခံခွင့်မရှိစေရဟု ပြဋ္ဌာန်း၍ အယူခံခွင့်ကို တရားဥပဒေအရ သတ်မှတ်ထားသည်။ ယင်း ဥပဒေပုဒ်မ ၄၁၃ တွင် ပထမတန်းအာဏာရ တရားသူကြီးက တစ်လထက်မပိုသော ထောင်ဒဏ်၊ ကျပ်တစ်ရာထက်မပိုသော ဒဏ်ငွေကို ချမှတ်လျှင် အယူခံခွင့်မရှိဟု ပြဋ္ဌာန်းထားသည်။ မူလရုံး တရားသူကြီးမှာ ပထမတန်းအာဏာရရှိသဖြင့် ထောင်ဒဏ်တစ်လ ချမှတ်သည့်အမိန့်ကို အယူခံခွင့်မရှိ။ ယင်းသို့အယူခံခွင့်မရှိဘဲ အယူခံတင်သွင်းမိ၍ မှားယွင်းကြောင်း တင်ပြခဲ့ပြီး ပြင်ဆင်မှုအနေဖြင့် အဆုံးအဖြတ်ပေးရန် တင်ပြခဲ့သည့်အတိုင်း တိုင်းတရားရုံးက ဆုံးဖြတ်ခြင်းဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ (၅) တွင် အယူခံဝင်ခွင့်ရှိပါလျက် အယူမခံဘဲပြင်ဆင်မှုအဖြစ် တင်သွင်းလာသည့် မှုခင်းကိစ္စကို စဉ်းစားနိုင်ရန် လက်မခံရဟု ပြဋ္ဌာန်းထားသော်လည်း အယူခံဝင်ခွင့်မရှိသောအမှုကို ပြင်ဆင်မှုအနေဖြင့် လက်ခံဆောင်ရွက်ခြင်းမပြုရဟု ပိတ်ပင်တားမြစ်ခြင်း မရှိချေ။ ထို့ကြောင့် မှားယွင်း၍ အယူခံတင်မိကြောင်း ဝန်ခံပြီး၊ ပြင်ဆင်မှုအဖြစ် အဆုံးအဖြတ် ခံယူလိုပါကြောင်း တင်ပြသည့်အတိုင်း အမှု၏အရည်အသွေးအရ တိုင်းတရားရုံးမှ လက်ခံ၍ ဆုံးဖြတ်ခြင်းသည် မှားယွင်းမှုမရှိဟု ဆိုရပေမည်။

ရှေ့နေချုပ်ရုံးမှ မလွတ်ထွေးအား သက်သေခံငွေကျပ် ၆၀၀၀/-ကို ပြန်ပေးစေရန် ဖြည့်စွက်၍ အမိန့်ချမှတ်သင့်ကြောင်း တင်ပြထားသည်။

သက်သေခံ ငွေကျပ် ၆၀၀၀/- ကို မူလရုံးမှ မလှထွေးအား ပြန်ပေးရန် အမိန့်ချမှတ်ခဲ့ပြီး၊ တိုင်းတရားရုံးမှလည်း ယင်းငွေနှင့် စပ်လျဉ်း၍ ပြင်ဆင်ပြောင်းလဲသည့် အမိန့်မချမှတ်ခဲ့ချေ။ ထို့ကြောင့် ငွေကျပ် ၆၀၀၀/-ကို မလှထွေးအားပေးရန် ဖြည့်စွက်၍ အမိန့်ချမှတ်ရန် မလိုတော့ချေ။

အထက်ပါ အကြောင်းများကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

၁၉၉၄
ဦးပန်းညွန့်
ပါ-၂
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ပြစ်မှုဆိုင်ရာအယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးအောင်မြင့်ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နှင့်
ဦးကျော်ရင်ပါ-၃ *

+ ၁၉၉၄
နိုဝင်ဘာလ
၂၅ ရက်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၃၊ ၁၀၄-ပစ္စည်းကို ကာကွယ်ခုခံပိုင်ခွင့်၊ သက်သေထွက်ချက်များကို စိစစ်ခြင်း။

ဆုံးဖြတ်ချက်။ သေသူသည် ဆိုက္ကားကိုထား၍ သူအားလိုက်၍ရန်မူသော သူများအား တုတ်နှင့်လိုက်ရိုက်ကြောင်း၊ စိုးမြင့်အရိုက်ခံရကြောင်း ထင်ရှားသည်။ သို့ဖြစ်ရာ ဆိုက္ကားပြန်ရသည်ထိ ပစ္စည်းကိုကာကွယ်နိုင်သည်ဆိုစေဦး၊ ဆိုက္ကားကို သေသူက လက်လွတ်သွားချိန်တွင် ပစ္စည်းနှင့် စပ်လျဉ်း၍ ဦးကျော်ရင်တို့မိသားစုအနေဖြင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၃၊ ၁၀၄ အရ ကာကွယ်ခုခံနိုင်ခွင့် မရှိတော့ချေ။ သေသူ သိန်းဝင်းသည် အရှုးပင်ဖြစ်လင့်ကစား စိုးမြင့်အား ရိုက်သောကြောင့် ခုခံပိုင်ခွင့်ရှိသည်မှာ မှန်သည်။ သို့ရာတွင် လိုအပ်သည်ထက်ကျော်လွန်ပြုလုပ်ခွင့်မရှိချေ။ လိုပြသက်သေများ၏ ထွက်ချက်အရ သေသူက စိုးမြင့်အား ရိုက်သောကြောင့် တရားခံ ဇော်လွင်သည် သေသူအား တွန်းလိုက်ရာ မြောင်းထဲကျသွားသည်။ ထိုအခါ ဇော်လွင်သည် သေသူလက်ဝယ်ရှိ တုတ်ကိုလုု၍ တစ်ချက်ရိုက်သည်ဟု ဆိုသည်။ သေသူ၏လက်တွင် တုတ်ရှိလျှင် နောက်ထပ်မရိုက်တော့ဟု မဆိုနိုင်သေးသောကြောင့် တုတ်ကိုလုု၍ တစ်ချက်ရိုက်သည်ဆိုခြင်းကို လက်ခံရမည်ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ သေသူသည် ရရှိသော ပထမဒဏ်ရာကြောင့် သေဆုံးရသည်မှာ ထင်ရှားသည်။ ရိုက်သောတုတ်မှာ ၂"x ၁" သစ်သားချောင်းဖြစ်ရာ ဦးခေါင်းကို အင်အားသုံး၍ ရိုက်လျှင် ပထမဒဏ်ရာရနိုင်သည်။

---

* ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၅၅

\+ ၁၉၉၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၆ တွင် ချမှတ်သော (၂၃-၁၀-၉၂) ရက်စွဲပါ ပဲခူးတိုင်း (တောင်ငူခရိုင်) တရားရုံး၏ အမိန့်ကို အယူခံမှု

ဒုတိယဒဏ်ရာမှာ မျက်ခုံးတွင် ၁ စင်တီမီတာသာရှိသော သာမန်ဒဏ်ရာ ဖြစ်သဖြင့် မြောင်းထဲသို့ကျ၍ဖြစ်စေ၊ ပထမဒဏ်ရာရှိအောင် ရိုက်လိုက်သည့် အရိုန်ကြောင့်ဖြစ်စေ ဖြစ်ပေါ်နိုင်သည်ဟု ယူဆရသည်။ သီးခြားတစ်ချက် ရိုက်လျှင် ၁ စင်တီမီတာမကသော ဒဏ်ရာရနိုင်ဖွယ်ရှိသည်။ သို့ဖြစ်ရာ တရား‌ခံ ဇော်လွင်က တစ်ချက်ရိုက်ပြီး နောက်တစ်ဦးဦးက ရိုက်သေးသည်ဟု ယူဆရန်သင့်မည်မဟုတ်ပေ။ လိုပြသက်သေများ၏ ထွက်ချက်အရ အယူခံ တရား‌ခံ ဦးကျော်ရင်၊ ဒေါ်သန္တာသီး၊ စိုးမြင့်တို့ တုတ်နှင့်ဝိုင်း ရိုက်ကြသည်မှာမှန်လျှင် သေသူ၌ ဒဏ်ရာများစွာ ရရှိမည် ဖြစ်သည်။ သေသူ၌ မုချသေစေသော ဒဏ်ရာတစ်ချက်နှင့်မျက်ခုံး၌ ၁ စင်တီမီတာခန့်ရှိ ဒဏ်ရာတစ်ချက်သာလျှင် တွေ့ရသောကြောင့် လိုပြသက်သေများ၏ ထွက်ချက်မှာ သေသူရရှိသော ဒဏ်ရာအနေအထားနှင့် ဆရာဝန်၏ သက်သေခံချက်အရ ယုံကြည်လက်ခံရန် ခဲယဉ်းသည်။ သက်သေများမှာ အမျိုးမျိုးကွဲလွဲနေကြသည်ဟူ၍လည်း မူလရုံးက သုံးသပ်ထားသည်။ မည်သည့်သက်သေကို ယုံကြည်ရမည်၊ ပယ်ရမည်ဟူ၍ ပုံသေကားကျမရှိ။ သက်သေထွက်ချက်များမှ ယုံကြည်ရန်သင့်သော အကြောင်းများကို အမှု ဖြစ်ရပ်နှင့်ဆက်စပ်ဆင်ခြင်၍ လက်ခံရန်သာ ဖြစ်သည်။ ဤအခြေအနေတွင် အယူခံတရား‌ခံ ဦးကျော်ရင်၊ ဒေါ်သန္တာသီးနှင့် မောင်စိုးမြင့်တို့ သား‌အဖသုံးဦးအပေါ် ယုံကြည်စိတ်ချလောက်သော သက်သေခံချက် မရှိဘဲ အပြစ်ပေးလျှင် ထင်ကြေးဖြင့် ဆုံးဖြတ်ရာရောက်မည်။

အယူခံတရားလိုအတွက် – ဒေါ်သွဲ့ဦးမွန်၊ လက်ထောက်ညွှန်ကြား‌ရေးမှူး၊ ရှေ့နေချုပ်ရုံး

အယူခံတရား‌ခံများအတွက် – ဦးသက်တင်၊ တရားရုံးချုပ်ရှေ့နေ

ပဲခူးတိုင်း တရားရုံး (တောင်ငူမြို့နယ်စု) ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၆/၉၂ တွင် ဦးကျော်ရင်၊ ဒေါ်သန္တာသီးနှင့်မောင်စိုးမြင့်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄/၁၁၄ အရလည်းကောင်း၊ ဇော်လွင်အပေါ် ယင်းဥပဒေပုဒ်မ ၃၀၄ အရလည်းကောင်း စွဲချက်တင် စစ်ဆေးပြီးနောက် ဇော်လွင်အပေါ် စွဲချက်တင်သော ဥပဒေပုဒ်မဖြင့်ပင် အလုပ်နှင့်ထောင်ဒဏ် (၃) နှစ် ချမှတ်ခဲ့သည်။ ဦးကျော်ရင်၊ ဒေါ်သန္တာသီးနှင့်မောင်စိုးမြင့်တို့အား အမှုမှအပြီးအပြတ်လွတ်ခဲ့ခြင်းကို ရှေ့နေချုပ်ရုံးက မကျေနပ်သဖြင့် ဤအယူခံကို တင်သွင်းလာခြင်း ဖြစ်သည်။

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ဦးကျော်ရင်
ပါ-၃

အမှုမှာ ၁၇-၇-၉၂ နေ့၌ တောင်ငူမြို့ (၁၈) ရပ်ကွက်တွင် မောင်စိုးမြင့်၏ ဆိုက်ကားကို အမည်မသိသူ လူတစ်ယောက်က ယူသွား၍ မောင်စိုးမြင့်က ဆိုက်ကားယူသွားသူထံမှ ဆိုက်ကားလိုက်တောင်းရာ ထိုသူက မောင်စိုးမြင့်အား တုတ်ဖြင့်ရိုက်၍ ဦးခေါင်းတွင် ပေါက်ပြဿော ဒဏ်ရာရရှိသဖြင့် ထိုသူအား လူတစ်ချို့က ရိုက်ကြကြောင်း၊ မောင်စိုးမြင့်နှင့်လူစီမံးနှစ်ယောက်စလုံးကို ဆေးရုံတင်ပို့ရာ ထိုသူသည် ၂၂-၇-၉၂ နေ့တွင် သေဆုံးသွားကြောင်း၊ ထိုလူစီမံးမှာ ပျော်ဘွယ်မြို့၊ ရွှေပြည်ရှန်နိုင်ရပ်ကွက် နေ ဦးဘိုနီ၏သား စိတ်မနှံ့သူ မောင်သိန်းဝင်းဖြစ်သည်ဟု စုံစမ်းသိရှိရ၍ မောင်သိန်းဝင်းအား ဝိုင်းရိုက်သူများအပေါ် ဥပဒေအရ အရေးယူပေးရန် ဒုရဲအုပ် ဦးရဲညွန့်က တောင်ငူရဲစခန်းသို့ တိုင်ချက်ရေးဖွင့်ရာမှ ပေါ်ပေါက်လာသောအမှု ဖြစ်သည်။

အမှုကို လက်ခံကြားနာပြီးနောက် ဆေးစာရေးသားသူ ဆရာဝန်အား သက်သေအဖြစ် ခေါ်ယူ၍ ပြည့်စုံစွာ စစ်ဆေးပြီး ပြန်လည်တင်ပို့ရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ အရ ညွှန်ကြားခဲ့သဖြင့် ဆရာဝန်အား စစ်ဆေးပြီး တင်ပို့လာသည်။

ရှေ့နေချုပ်ရုံးက အယူခံရာတွင် အဓိကအကြောင်းပြချက်အဖြစ် ကိုကိုကြီး (လိုပြ-၄)၊ မောင်စန်းကျော် (လိုပြ-၇)၊ကိုမြင့်ဦး (လိုပြ-၁၃) တို့၏ ထွက်ဆိုချက်များအရ သေသူသည် ဆိုက်ကားကို ဆွဲယူသွား၍ ဆိုက်ကားပိုင်ရှင်မိသားစုများဖြစ်ကြသည့် ဇော်လွင်၊ စိုးမြင့်၊ ဦးကျော်ရင်၊ ဒေါ်သန္ဓားသီးတို့က သေသူနောက်သို့ လိုက်သွားခဲ့သည်မှာ ထင်ရှားကြောင်း၊ ဇော်လွင်က သေသူအား ရိုက်သည်ဟု ဝန်ခံထားကြောင်း၊ ကျန်တရားခံ များကလည်း အခင်းဖြစ်ချိန်တွင် အနီးဦ့ရှိနေကြပြီး သေသူအား ဝိုင်းရိုက် ခဲ့သည်ဟု သက်သေအချို့က ထွက်ဆိုထားကြောင်း၊ အယူခံတရားခံများက ၎င်းတို့သည် သေသူအား ဝိုင်းရိုက်ရာတွင် မပါဝင်ဟု ထုချေထွက်ဆိုထားသော်လည်း တရားလိုဘက်သက်သေများကို စစ်ဆေးခဲ့စဉ် ပြန်လှန် မေးမြန်းခဲ့ခြင်း မရှိကြောင်း၊ မူလတရားရုံးက အယူခံတရားခံများအပေါ် သက်သေများ၏ ထွက်ဆိုချက်များ ကွဲလွဲနေသည်ဟု သုံးသပ်ကာ ၎င်းတို့အား အမှုမှ အပြီးအပြတ်လွှတ်ခဲ့ခြင်းသည် မှားယွင်းကြောင်းဖြင့် တင်ပြသည်။

လိုပြသက်သေများနှင့် သက်သေခံအထောက်အထားများကို စိစစ်ကြည့်ရာ မဘောဘိ (လိုပြ-၁)၊က အခင်းဖြစ်နေရာအနီးတွင် ကွမ်းယာရောင်းနေခိုက် မျက်နှာစိမ်းလူတစ်ဦး ရောက်ရှိလာပြီး ဆိုက်ကားတစ်စီးကို ဆွဲယူ

သွား၍ ဦးကျော်ရင်က လမ်းကြားထဲမှ ထွက်လာပြီး ဆိုက်ကားပြန်တောင်း နေသည်ကို တွေ့ရကြောင်း၊ ထွက်ဆိုပြီး ဦးဘိုကြီး (လိုပြ-၄) က လူစိမ်း တစ်ယောက် ဆိုက်ကားဂိတ်သို့ ရောက်ရှိလာပြီး ဇော်လွင်နှင်းသော ဆိုက်ကားကို ယူသွားရာ ထိုနေရာသို့ ရေချိုးသွားရင်း ရောက်ရှိနေသော စိုးမြင့်က ဆိုက်ကားမယူရန် တားမြစ်ကြောင်း၊ ထိုလူစိမ်းကအနီးတွင်ရှိ မောင်စန်းကျော်၏ စက်ဘီးဆိုင်မှ ၂"x ၁" တုတ်ကို ကောက်ယူပြီး ဆိုက်ကားကို ဆက်တွန်းသွား ကြောင်း၊ မောင်ဇော်လွင်၊ ဦးကျော်ရင်တို့က နောက်မှလိုက်ပြီးတောင်းရာ ထိုသူက တုတ်ဖြင့်လှည့်ရမ်းကြောင်း၊ စိုးမြင့်၏နောက်ကျောရိုက်လိုက်သည်ကို တွေ့ရကြောင်း၊ စိုးမြင့်ခေါင်းကိုလည်း ရိုက်မိ၍ ရေမြောင်းထဲသို့ လိမ့်ကျသွား ရာ ဇော်လွင်ကပြေးသွားပြီး ဟိုလူစိမ်းအား တွန်းလိုက်၍ ရေမြောင်းထဲသို့ ကျသွားစဉ် လူစိမ်းထံမှ တုတ်ကိုယူပြီး တစ်ချက်ပြန်ရိုက်လိုက်သည်ကို တွေ့ရကြောင်း၊ ထိုအချိန် ဒေါ်သန္ဓားသီး ရောက်ရှိလာပြီး စိုးမြင့်လဲနေ သည်ကို မြွေထူရာ စိုးမြင့်ပြန်ထလာပြီး ဒေါ်သန္ဓားသီးလက်ထဲမှ တုတ်ကိုယူ၍ လူစိမ်းအား ၃ ချက်ရိုက်လိုက်သည်ကို တွေ့ရကြောင်း၊ ဒေါ်သန္ဓားသီး ကလည်း လူစိမ်းအား ၄၊ ၅၊ ၆ ချက်ရိုက်ကြောင်း၊ ဦးကျော်ရင်အား အခင်းဖြစ်နေရာ၌ မတွေ့ရကြောင်းဖြင့် ထွက်ဆိုထားသည်။ ဇော်လွင်က လူစိမ်းအား ၃ ချက်ရိုက်ခြင်းနှင့် စပ်လျဉ်း၍ ဒေါ်ရီ (လိုပြ-၅) က ထောက်ခံထွက်ဆိုထားသည်။ မောင်စန်းကျော် (လိုပြ-၇) က ထွက်ဆိုရာတွင် လူစိမ်းနောက်သို့ ဦးကျော်ရင်၊ဇော်လွင်နှင့်စိုးမြင့်တို့ လိုက်သွားပြီး ဆိုက်ကား တောင်းရာ လူစိမ်းက ၎င်းဆိုင်မှ ကောက်ယူသွားသော ၂"x ၁" တုတ်ဖြင့် ရိုက်သည်ကို မြင်တွေ့ရကြောင်း၊ စိုးမြင့်အား ရိုက်သည်တွင် ဇော်လွင်က ပြန်လှည့်လာပြီး လူစိမ်းအား တွန်းလိုက်ရာ ရေမြောင်းထဲသို့ ကျသွားကြောင်း၊ လူစိမ်းလက်ထဲကတုတ်ကို ဇော်လွင်ကလုယူပြီး ခေါင်းကို ရိုက်လိုက်ကြောင်း၊ ဒေါ်သန္ဓားသီးက အဝတ်လျှော်သည့်တုတ်နှင့်ပြေးလာပြီး စိုးမြင့်အား မထူရာ စိုးမြင့်ကပြန်လည်ထလာပြီး ထိုတုတ်ကိုယူ၍ လူစိမ်းအား ရိုက်လိုက်သည်ကို မြင်တွေ့ရကြောင်း၊ ဦးကျော်ရင်ကလည်း တုတ်ဖြင့်ရိုက် သည်ကို မြင်တွေ့ရကြောင်း စသဖြင့် ထွက်ဆိုသည်။ အောင်လင်း (လိုပြ-၁၂)၊ အညာသီး (လိုပြ-၁၀)၊ မြင့်စိုး (လိုပြ-၉) တို့ကလည်း အသီးသီး ထောက်ခံထွက်ဆိုထားကြသည်ကို တွေ့ရသည်။

တရားခံဇော်လွင်က အဓိက ခုခံချေပထွက်ဆိုရာတွင် အချင်းဖြစ်နေ့က သေသူ၌ မိမိဆိုက်ကားကိုယူသွား၍ ၎င်းနောက်သို့ ကိုစန်းကျော်၊ ကိုမြင့်ဦး၊

ကိုစိုးမြင့်၊ ကိုကိုကြီး၊ ကိုလှအောင်၊ အညာသီး၊ အောင်သန်းလင်း စသော လူများက လိုက်သွားကြကြောင်း၊ အဆိုပါ လူစိမ်းက တုတ်ဖြင့်လှည့်ရိုက်၍ အခြားသူများ ထွက်ပြေးကြသော်လည်း အစ်ကိုဖြစ်သူစိုးမြင့်မှာ ဖျားနေ၍ မပြေးနိုင်သောကြောင့် ထိုလူစိမ်း ရိုက်သည်ကို စိုးမြင့်ခံလိုက်ရကြောင်း၊ မိမိက အိမ်ခန်းထဲဝင်ပြေးပြီး အဝတ်လျှော်သောတုတ်ကို ယူဆောင်ကာ လူစိမ်းကိုင်သောတုတ်ကို ရိုက်ချလိုက်ကြောင်း၊ လူစိမ်းလဲကျသွားရာ ကိုဘိုကြီး၊ လှဟန်၊ အညာသီး၊ အောင်လင်း စသောသူများက လူစိမ်းအား ဝိုင်းဝန်းရိုက်နှက်ကြကြောင်းဖြင့် ခုခံချေပ ထွက်ဆိုခဲ့သည်။ ဦးကျော်ရင်က ဆိုက္ကားယူသွားသဖြင့် ထိုသူနောက်သို့ အညာသီးနှင့်မြင့်ဦးတို့က လိုက်ပြီး လေးဂွနှင့်ပစ် တုတ်နှင့်လည်းရိုက်ကြောင်း၊ မိမိအနေဖြင့် လူစိမ်းယူသွားသော ဆိုက္ကားကို ပြန်ပြီးတွန်းလာရာ စိုးမြင့်လဲနေသည်ကို တွေ့ရကြောင်း၊ လူစိမ်းအား တစ်စုံတစ်ရာပြုလုပ်ခဲ့ခြင်း မရှိကြောင်း စသဖြင့် ခုခံချေပ ထွက်ဆိုသည်။ ဒေါ်သန္ဓားသီးက ၎င်းအဝတ်လျှော်နေစဉ် ဇော်လွင်ပြေးဝင်လာပြီး အဝတ်ရိုက်လျှော်နေသည့် သစ်သားတုတ်ကိုယူ၍ ပြန်ထွက်သွားရာ ၎င်းလည်း နောက်မှလိုက်သွားကြောင်း၊ မခင်သန်း ခြံဘေးတွင် စိုးမြင့်လဲနေသည်ကို တွေ့ရသဖြင့် မထူပြီး ဆေးရုံသို့ ပို့ခဲ့ရကြောင်း ထွက်ဆိုသည်။ တရားခံ စိုးမြင့်က ဆိုက္ကားယူသွားသူ လူစိမ်းနောက်သို့ လိုက်ရာ ထို လူစိမ်းကတုတ်ဖြင့် ရိုက်၍ ဦးခေါင်းနှင့်လည်ပင်းကို ရိုက်မိပြီး ရေမြောင်းထဲကျသွားကြောင်း၊ ဆေးရုံရောက်မှ သတိရကြောင်း၊ ဆေးရုံတွင် အတွင်းလူနာအဖြစ် (၆) ရက် ကုသခဲ့ရကြောင်း စသဖြင့် ထွက်ဆိုသည်။ မအေးအောင် (ခံပြ-၅)၊ ကျော်မြင့်ဦး (ခံပြ-၆) နှင့် မဝင်းရီ (ခံပြ-၇) တို့က တရားခံများအား ထောက်ခံထွက်ဆိုထားသည်ကို တွေ့ရသည်။

တိုင်းတရားရုံးက တရားခံ ဇော်လွင်သည် မောင်သိန်းဝင်း (သေသူ) အား ရိုက်သည်ဆိုရာ၌ ၎င်း၏အစ်ကိုဖြစ်သူ စိုးမြင့်အား ကာကွယ်ရန် အတွက် ရိုက်ခြင်းဖြစ်သည်ဟု သုံးသပ်ကာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ ပြစ်မှုထင်ရှားစီရင်၍ အယူခံတရားခံ (၃) ဦးနှင့်ပတ်သက်၍ လိုပြသက်သေများ၏ ထွက်ချက်များ အမျိုးမျိုးကွဲလွဲသည်ဆိုကာ အမှုမှ လွတ်ခဲ့ကြောင်း တွေ့ရသည်။

သေသူ မောင်သိန်းဝင်းသည် အယူခံတရားခံတို့၏ ဆိုက္ကားကို ယူသွားသောကြောင့် ဦးကျော်ရင်တို့ လိုက်လံတောင်းသည်။ မောင်သိန်းဝင်းသည် အရွယ်ဖြစ်သည်။ ဆိုက္ကားကိုထား၍ လက်တွင်ရှိသောတုတ်ဖြင့်

အယူခံတရားခံ စိုးမြင့်အား ရိုက်သောကြောင့် စိုးမြင့် ဒဏ်ရာရသည်။ ထိုကြောင့် စိုးမြင့်အရိုက်ခံရသော အချိန်တွင် သေသူ သိန်းဝင်းထံ၌ယူသွားသော ဆိုက္ကားမရှိတော့ကြောင်း မြင်သာသည်။ အယူခံတရားခံ ဦးကျော်ရင်၏ ထွက်ချက်တွင် "ထိုသူက ဆိုက္ကားထားပြီး၊ အညာသီးနှင့်မြင့်ဦးတို့လူများရှိရာသို့တုတ်ကိုင်၍လိုက်ရိုက်ပါသည်။ xxxကျွန်တော်က ဆိုက္ကားကိုတွန်းပြီး ပြန်လာခဲ့ပါသည်။ x x x ကျွန်တော်အိမ်ရှေ့သို့ မရောက်မီ ဝါးတစ်ပြန်လောက်တွင်ကျွန်တော့်သားစိုးမြင့်နှင့်သေသူတို့မှာ လမ်းတစ်ဘက်ဘေး မခင်သန်း၏ခြံစည်းရိုးခြံ လဲနေကြပါသည်။" ဟူ၍ ထွက်ဆိုထားသည်။ ဦးကျော်ရင်၏ ထွက်ချက်အရပင် [သေသူသည် ဆိုက္ကားကိုထား၍ သူ့အားလိုက်၍ ရန်မူသောသူများအား တုတ်နှင့်လိုက်ရိုက်ကြောင်း၊ စိုးမြင့်အရိုက်ခံရကြောင်း ထင်ရှားသည်။ သို့ဖြစ်ရာဆိုက္ကားပြန်ရသည်ထိ ပစ္စည်းကိုကာကွယ်နိုင်သည်ဆိုစေဦး၊ ဆိုက္ကားကို သေသူက လက်လွတ်သွားချိန်တွင် ပစ္စည်းနှင့်စပ်လျဉ်း၍ ဦးကျော်ရင်တို့ မိသားစုအနေဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၃၊ ၁၀၄ အရ ကာကွယ်ခုခံနိုင်ခွင့် မရှိတော့ချေ၊

သေသူ သိန်းဝင်းသည် အရှုံးပင်ဖြစ်လင့်ကစား စိုးမြင့်အား ရိုက်သောကြောင့် ခုခံပိုင်ခွင့်ရှိသည်မှာ မှန်သည်။ သို့ရာတွင် လိုအပ်သည်ထက်ကျော်လွန် ပြုလုပ်ခွင့် မရှိချေ။ လိုပြ သက်သေများ၏ ထွက်ချက်အရ သေသူက စိုးမြင့်အား ရိုက်သောကြောင့် တရားခံဇော်လွင်သည် သေသူအား တွန်းလိုက်ရာ မြောင်းထဲကျသွားသည်။ ထိုအခါ ဇော်လွင်သည် သေသူလက်ဝယ်ရှိ တုတ်ကိုလုု၍ တစ်ချက်ရိုက်သည်ဟု ဆိုသည်။ သေသူ၏လက်တွင်တုတ်ရှိလျှင် နောက်ထပ်မရိုက်တော့ဟု မဆိုနိုင်သေးသောကြောင့် တုတ်ကိုလုု၍ တစ်ချက်ရိုက်သည်ဆိုခြင်းကို လက်ခံရမည်ဖြစ်သည်။ သို့ရာတွင် သေသူ၏ ဝဲဘက်နောက်စေ့တွင် တစ်ချက်၊ ဝဲဘက်မျက်ခုံးရိုးတွင် တစ်ချက် စုစုပေါင်း နှစ်ချက်ရှိသည်။ ပထမ ဒဏ်ရာသည် ဦးခေါင်းခွံရိုးအလယ်တည့်တည့်မှ ဝဲဘက်သို့ ၄ လက်မ၊ ယာဘက်သို့ ၃ လက်မ၊ အရှေ့ဘက်သို့ ၁ လက်မထိ ကွဲသည်။ ယင်းဒဏ်ရာကြောင့် ဦးနှောက်အောက်ခြေကျွံသွားသည်၊ မုချသေစေသည့် ဒဏ်ရာဖြစ်ပါသည်။ ဒုတိယဒဏ်ရာမှာ ၁ စင်တီမီတာသာရှိ၍ သာမန်ဒဏ်ရာဖြစ်ပါသည်ဟု ဒေါက်တာသက်သက်ထွန်း (လိုပြ-၁၄) က ထွက်ဆိုသည်။

သေသူသည် ရရှိသော ပထမဒဏ်ရာကြောင့် သေဆုံးရသည်မှာ ထင်ရှားသည်။ ရိုက်သောတုတ်မှာ ၂"x ၁" လက်မ သစ်သားချောင်းဖြစ်ရာ၊

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ဦးကျော်ရင်
ပါ-၃

ဦးခေါင်းကို အင်အားသုံး၍ရိုက်လျှင် ပထမဒဏ်ရာရနိုင်သည်။ ဒုတိယ ဒဏ်ရာမှာ မျက်ခုံးတွင် ၁ စင်တီမီတာသာရှိသော သာမန်ဒဏ်ရာဖြစ်သဖြင့်၊ မြောင်းထဲသို့ကျ၍ဖြစ်စေ၊ ပထမဒဏ်ရာရရှိအောင် ရိုက်လိုက်သည့် အရိုန်ကြောင့်ဖြစ်စေ၊ ဖြစ်ပေါ်နိုင်သည်ဟု ယူဆရသည်။ သီးခြားတစ်ချက် ရိုက်လျှင် ၁ စင်တီမီတာမကသော ဒဏ်ရာရနိုင်ဖွယ်ရှိသည်။ သို့ဖြစ်ရာ တရားခံဇော်လွင်က တစ်ချက်ရိုက်ပြီးနောက် တစ်ဦးဦးက ရိုက်သေးသည်ဟု ယူဆရန်သင့်မည် မဟုတ်ပေ။ လိုပြသက်သေများ၏ ထွက်ချက်အရ အယူခံတရားခံ ဦးကျော်ရင်၊ ဒေါ်သန္တာသီး၊ စိုးမြင့်တို့ တုတ်နှင့်ဝိုင်းရိုက်ကြသည်မှာမှန်လျှင်၊ သေသူ၌ဒဏ်ရာများစွာ ရရှိမည်ဖြစ်သည်။ သေသူ၌ မူချသေစေလောက်သော ဒဏ်ရာတစ်ချက်နှင့် မျက်ခုံး၌ ၁ စင်တီမီတာခန့်ရှိ ဒဏ်ရာတစ်ချက်သာလျှင် တွေ့ရသောကြောင့် လိုပြသက်သေများ၏ ထွက်ချက်မှာ သေသူရရှိသော ဒဏ်ရာအနေအထားနှင့် ဆရာဝန်၏ သက်သေခံချက်အရ ယုံကြည်လက်ခံရန် ခဲယဉ်းသည်။ သက်သေများမှာ အမျိုးမျိုးကွဲလွဲနေကြသည်ဟူ၍လည်း မူလရုံးက သုံးသပ်ထားသည်။ မည်သည့်သက်သေကို ယုံကြည်ရမည်၊ ပယ်ရမည်ဟူ၍ ပုံသေကားကျမရှိ။ သက်သေထွက်ချက်များမှ ယုံကြည်ရန်သင့်သောအကြောင်းများကို အမှုဖြစ်ရပ်နှင့်ဆက်စပ်ဆင်ခြင်၍ လက်ခံရန်သာဖြစ်သည်။ ဤအခြေအနေတွင် အယူခံတရားခံ ဦးကျော်ရင်၊ ဒေါ်သန္တာသီးနှင့်မောင်စိုးမြင့်တို့သားအဖသုံးဦးအပေါ် ယုံကြည်စိတ်ချလောက်သော သက်သေခံချက်မရှိဘဲ အပြစ်ပေးလျှင် ထင်ကြေးဖြင့် ဆုံးဖြတ်ရာရောက်မည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄/၁၁၄ လူသေစေမှုဖြစ်ရန် အားပေးကူညီမှုဖြင့် အပြစ်ပေးထိုက်ကြောင်း လျှောက်လဲသည်။ အားပေးကူညီသည်ဆိုသည်မှာ ပြစ်မှုတစ်ခု ကျူးလွန်ခြင်း ဖြစ်မြောက်အောင် လှုံ့ဆော်ခြင်း၊ ပူပေါင်းကြံစည်ခြင်း၊ တမင်ကူပံ့ခြင်းမျိုး ရှိရပါမည်။ ယခုအမှု၌ သေသူက ဆိုက်ကားကိုယူသွားသဖြင့် အယူခံတရားခံမိသားစုများ လိုက်သွားကြခြင်းသာဖြစ်သည်။ သေသူက ဆီးရိုက်၍ တစ်ဦးလဲကျသွားသည်၊ တစ်ဦးက သေသူအား ဝင်ရိုက်သည်။ တစ်ဦးက ဆိုက်ကားကို ပြန်ယူသွားသည်။ ကျန်တစ်ဦးမှာမိန်းမဖြစ်သည်။ တစ်စုံတစ်ရာပြုလုပ်သည်ဟု လက်ခံဖွယ်သက်သေခံချက်မရှိ။ မူးပေါင်းကြံစည်ခြင်း၊ တစ်ဦးကိုတစ်ဦး ကူပံ့ခြင်း၊

လှုံ့ဆော်ခြင်းပြုသည်ဟု မပေါ်ပေါက်။ ထို့ကြောင့် အားပေးကူညီရာလည်း မမြောက်ပေ။

ထို့ကြောင့် ဤအယူခံကို ပလပ်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးတင်ထွတ်နိုင်ရှေ့တွင်

+ ၁၉၉၄
စက်တင်ဘာလ
၂၀ ရက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နှင့်
ချစ်မောင်*

သူတပါးအပြစ်ရစေရန် ဆေးခြောက်ကို ဝှက်၍ ပစ်စာဖြင့် တိုင်ကြားခြင်း ပစ်စာပေးပို့သူအား အပြစ်ပေးရန် သင့်မသင့်။

ဆုံးဖြတ်ချက်။ ဦးချစ်မောင်သည် ဆယ်အိမ်မှူး ဖြစ်သဖြင့် ဆေးခြောက် ရောင်းဝယ်ထားသိုသော နေရာကိုသိလျှင် သက်ဆိုင်ရာ (ရဝတ) အဖွဲ့သို့ ပြောသင့်သည်။ ပြောကြစမြဲလည်း ဖြစ်သည်။ ပစ်စာပစ်၍ ရဲစခန်းသို့ စာတိုက်မှ တစ်ဆင့် ထည့်ရန်ပင် မလိုချေ။ ဆေးခြောက်ကို မည်သို့ ထုပ်ပိုး၍ မည်သည့်နေရာ၌ ထားသည်ကို သိနေခြင်းကလည်း မသက်ာ်ဖွယ်ရာ ဖြစ်စေသည်။ သက်သေလူကြီးများမှာ ရွာခံဖြစ်၍ ရွာသား ရွှေရင်မိသားစု အခြေအနေကို ကောင်းစွာသိကြသည်။ ယမန်နှစ်က ဦးခင်မောင်ဆိုသူက အိမ်နီးချင်း မပြိုးကို ချစ်ရေးဆိုခဲ့ရာ မရသဖြင့် ဆေးခြောက်ပစ်၍ ပစ်စာ ရေးသားခဲ့ဘူးကြောင်း၊ ရဲအရာရှိနှင့် သက်သေများ အားလုံးက ထွက်ဆိုခဲ့ခြင်းနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ပြန်လှန် မေးမြန်းခဲ့ခြင်း မရှိချေ။ ယင်းအချက်များကို ခြုံ၍ စဉ်းစားလျှင် ရွှေရင် အိမ်ရှေ့ပန်းအိုးအောက်မှ ဆေးခြောက်များသည် ရွှေရင်၏ပစ္စည်း မဟုတ်ကြောင်း မူလရုံးဆုံးဖြတ်ချက်သည် မှန်ကန်သည်။

အယူခံတရားလိုအတွက် – ဦးကျင်စိန်၊လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် – ဦးအောင်ရ၊ တရားရုံးချုပ်ရှေ့နေ (မလာ)

---

* ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၅၇

\+ ၁၉၉၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၉ တွင် ချမှတ်သော (၂၃-၈-၉၃) ရက်စွဲပါ မန္တလေးတိုင်း (ရမည်းသင်းခရိုင်) တရားရုံး၏ အမိန့်ကို အယူခံမှု

အမှုမှာ ရမည်းသင်းခရိုင် လယ်ဝေးမြို့နယ် ဟေမန်ကျေးရွာနေ ရွှေရင်၏ နေအိမ်အပြင်ဘက် တံစက်မြိတ်အနီးရှိ ပန်းအိုး (၃) လုံးအနက် အလယ်ပန်းအိုးအောက်တွင်၊ အင်ဖက်တစ်ထပ်၊ ပလပ်စတစ် စားပွဲခင်း ပန်းရောင်တစ်ထပ်၊ အတွင်းဆုံး ပလပ်စတစ်အိတ်တွင်း၌ ဆေးခြောက်ထုပ် ရှိ၍ ရှာဖွေကြည့်ရန် ပစ်စာတစ်စောင် သာဝတ္ထိကျေးရွာ ရဲစခန်းသို့ ရောက်လာသည်။ သာဝတ္ထိ ရဲစခန်းမှူး ဦးအောင်ချိုသည် ရွာလူကြီးများ ဖြစ်ကြသော ဦးကြွက်နီ၊ ဦးမြင့်အောင်တို့နှင့်အတူ သွားရောက်ရှာဖွေရာ ပစ်စာပါအတိုင်း ဆေးခြောက် ၃ ကျပ် ၄ ပဲ အလေးချိန်ရှိ ဆေးခြောက်ကို တွေ့ရသည်။ အလားတူ ဖြစ်ရပ်မျိုးကို ယခင်နှစ်ကလည်း ဟေမန်ကျေးရွာသူ မပြိုးအား အိမ်နီးချင်းဖြစ်သူ ဦးခင်မောင် ဆိုသူက ဆေးခြောက်ပစ်၍ တိုင်ကြားခဲ့ဘူးရာ၊ တရားရုံးမှ စစ်ဆေးပြီးနောက် အပြစ်မရှိဟု ဆိုကာ လွှတ်ခဲ့ဘူးသည်။ ယခု အလားတူဖြစ်ပွားလာသဖြင့် မြို့နယ်ပြည်သူ ရဲတပ်ဖွဲ့မှူးထံ တင်ပြပြီးနောက် ရွှေရင်အား မူးယစ်ထုံထိုင်း ဘေးဖြစ်စေ တတ်သော ဆေးဝါးများ ဥပဒေအရ အရေးယူရန် ပထမ သတင်းပေး တိုင်ချက် (သက်သေခံ-၈) ဖြင့် ရဲစခန်းမှူး ဦးအောင်ချိုက ရေးဖွင့်ပြီး၊ မန္တလေးတိုင်း တရားရုံး (ရမည်းသင်းခရိုင်) သို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကြီးမှုအမှတ် ၃၉/၉၂ ဖြင့် လက်ခံစစ်ဆေးခဲ့သည်။

တိုင်းတရားရုံးမှ လိုပြသက်သေ ဦးကြွက်နီ၊ ဦးမြင့်အောင်၊ ဦးချစ်မောင်၊ မခင်ဝင်းတို့အား စစ်ဆေးပြီးနောက်၊ လိုပြသက်သေ ဦးချစ်မောင်အား တရားခံအဖြစ် ထည့်သွင်း၍ အမှုကိုပြန်လည်စစ်ဆေးသည်။ လိုပြသက်သေများအား စစ်ဆေးပြီးနောက် ရွှေရင်အား စွဲဆိုသောဥပဒေပုဒ်မ ၆-က(ခ) အရလည်းကောင်း၊ ဦးချစ်မောင်အား ယင်းဥပဒေပုဒ်မ ၆-က(ခ)/၁၁ အရ လည်းကောင်း စွဲချက်တင် ဖြေရှင်းစေခဲ့သော်လည်း တရားခံနှစ်ဦးစလုံးကို အမှုမှအပြီးအပြတ်လွှတ်ခဲ့သည်။ ရှေ့နေချုပ်ရုံးမှ တရားခံ ဦးချစ်မောင်အား လွှတ်သည့်အမိန့်ကို မကျေနပ်၍ အယူခံတင်သွင်းလာခြင်း ဖြစ်သည်။

အယူခံတွင် ရှေ့နေချုပ်ရုံးမှ မူလရုံးတရားခံ ရွှေရင်၏ အိမ်အပြင်ဘက် ပန်းအိုး (၃) လုံးအနက် အလယ်ပန်းအိုးအောက်မှ သက်သေခံဆေးခြောက်များ တွေ့ရှိရပါသည်။ ယင်းဆေးခြောက်များမှာ အိမ်နီးချင်း ဦးချစ်မောင်က ပန်းအိုးအောက် ထားရှိ၍ ပစ်စာရေးတင်ခြင်း ဖြစ်ကြောင်း ပေါ်ပေါက်ပါသည်။ ရွှေရင်မှာ ရိုးသားစွာ လုပ်ကိုင်စားသောက်သော တောင်သူ

တစ်ဦးသာ ဖြစ်ပါသည်ဟူ၍ အကြောင်းပြသည်။ ဤအမှုတွင် တရားခံ ရွှေရင်၏ အိမ်အပြင်ဘက် ပန်းအိုးအောက်မှ တွေ့ရသော ဆေးခြောက် သည် ပစ်စာရေး၍ တိုင်ကြားသူ အိမ်နီးချင်း ဦးချစ်မောင်၏ ပစ္စည်းဟု ယူဆရန် သင့်မသင့် စိစစ်ရန် ဖြစ်သည်။

တိုင်ချက်ရေးဖွင့်သူ သာဝတ္ထိ ရဲစခန်းမှူး ဦးအောင်ချို့သည် ပစ်စာအရ တရားခံ ရွှေရင်၏ အိမ်ရှေ့ပန်းအိုး (၃) လုံးအနက် အလယ်ပန်းအိုး အောက်မှ ဆေးခြောက်များကို တွေ့ခဲ့ရသည်။ သို့ရာတွင် ပစ်စာဖြင့် ဆေးခြောက်ထားရာ နေရာကို သေချာတိကျစွာ ဖော်ပြရေးသားထားခြင်း သည် ယခင်နှစ်က ဟေမန်ရွာ၌ပင် အလားတူ ဖြစ်ပွားခဲ့ရာ ဦးအောင်ချို့ ကိုယ်တိုင်စုံစမ်း၍ တရားစွဲတင်ခဲ့ဘူးသည်။ ယင်းအမှုတွင် ဟေမန်ရွာနေ ဦးခင်မောင်ဆိုသူသည် အိမ်နီးချင်း မပြုံးအား လက်ထပ်ခွင့်တောင်းရာ မရသောကြောင့် ဆေးခြောက်ပစ်၍ ပစ်စာပေးပို့ တိုင်တန်းခဲ့ခြင်းဖြစ် ကြောင်း၊ တရားရုံး၌ ပေါ်ပေါက်သဖြင့် မပြုံးအား တရားရုံးမှ လွှတ်ခဲ့ သည်ဟု ဦးအောင်ချို့၏ တိုင်ချက်၌ ဖော်ပြထားသည်ကို တွေ့ရသည်။ ဦးအောင်ချို့သည် ယခင်နှစ် အတွေ့အကြုံအရ တရားခံ ရွှေရင်၏ အိမ်နီးချင်း ဦးချစ်မောင်အား မသင်္ကာ၍ သက်သေလူကြီးများနှင့် ရှာဖွေ ရာ ဒိုင်ယာရီ စာအုပ်တစ်အုပ်ကို တွေ့ခဲ့သည်။ ထိုစဉ်က ဦးချစ်မောင် မရှိ၍ ဇနီးဖြစ်သူ မလှသန်းမြင့်ထံမှ သိမ်းဆည်းခဲ့သည်။ ပစ်စာပါ လက်ရေးနှင့် ဒိုင်ယာရီ စာအုပ်ပါ လက်ရေးတူညီသဖြင့် မေးမြန်းသော အခါ ဦးချစ်မောင်က သူကိုယ်တိုင် ရေနီစာတိုက်မှ တစ်ဆင့် ပစ်စာ ပေးပို့ကြောင်း ဝန်ခံသည်။ လက်ရေးနမူနာ ယူ၍ လက်ရေးပါရဂူထံ ထင်မြင်ချက် တောင်းခံပြန်ရာ (သက်သေခံ-ဆ) အရ ဦးချစ်မောင်၏ လက်ရေးပင် ဖြစ်ကြောင်း ပြန်ကြားခဲ့သည်။

ကျန်လိုပြသက်သေများ ဖြစ်ကြသော ဦးကြွက်နီ (လိုပြ-၈)၊ ဦးမြင့် အောင် (လိုပြ-၂) တို့သည် တရားခံရွှေရင်၏ အိမ်၌ ရှာဖွေစဉ်က ပါဝင်သော ရွာလူကြီးများ ဖြစ်ကြသည်။ ၎င်းတို့က ရွှေရင်သည် ရိုးသား စွာ အသက်မွေးသူ ဖြစ်ပါသည်။ ရဲစခန်းမှူးနှင့် ရွှေရင်၏ အိမ်ရောက်သော အခါ ရွှေရင်နှင့် ဇနီး မခင်ဝင်းတို့မှာ ငါးထောင်ရာမှ ပြန်ရောက်ရုံ ရှိပါ သည်။ ဆေးခြောက်ထုပ်ကိစ္စ မသိရှိရကြောင်း၊ ရွှေရင်၏ ဇနီး မခင်ဝင်းက အိမ်နီးချင်း ဦးချစ်မောင်သည် သူ့အား ချစ်ကြိုက်ရန် လွန်ခဲ့သော (၃)လ

က ပြောရာ၌ ရွှေရင်မှာ စီးပွားရေးကျ၍ သူ့တွင် ငွေငါးသောင်းရှိကြောင်း၊ စက်ရေတွင်း တူးပေးမည်ဟု ပြောကြောင်း၊ တစ်ဖက်သက်ကြိုက်နေသည်ကို လက်မခံ၍ ယခုကဲ့သို့ ကြံစည်ခြင်းဖြစ်ကြောင်း ပြောပြပါသည်ဟု ထွက်ဆိုကြသည်။ ထို့ပြင် ဦးချစ်မောင်သည် အသက် ၆၀ ခန့်ရှိ၍ လက်ရှိ ဇနီး မလှသန်းမြင့်မှာ ၂၀ ခန့်ရှိကြောင်း၊ မလှသန်းမြင့်၏ အစ်မ မကြည်မြင့်နှင့် အိမ်ထောင်ပြုရာမှ ခယ်မဖြစ်သူ မလှသန်းမြင့်ကိုပါယူ၍ နှစ်ယောက် ပေါင်းသင်းကြောင်း၊ မကြည်မြင့်မှာ လွန်ခဲ့သော (၂) နှစ်က ကွယ်လွန်ခဲ့ကြောင်း၊ မလှသန်းမြင့်ကို လိုချင်သောကြောင့် မလှသန်းမြင့်၏ အစ်ကို ကိုတင်ချိုအား ဆေးခြောက်မှုဖြင့် အမှုဆင်ပြီး ထောင်ကျသွားသောအခါ မလှသန်းမြင့်ကို ယူလိုက်ကြောင်း၊ ဦးချစ်မောင်သည် ယခင်က မိန်းမ (၇) ယောက် ယူခဲ့ကြောင်း ဆက်လက်ထွက်ဆိုကြသည်။ ရွှေရင်၏ ဇနီး မခင်ဝင်း (လိုပြ-၃)ကလည်း ဦးချစ်မောင်က သူ့အား ချစ်ကြိုက်စကားပြောပြီး ငွေရှိသည်၊ စက်ရေတွင်း တူးပေးမည်၊ ကျွန်းတိုင်ရွာ၌ သီးသန့်ခွဲထားမည်၊ စီးပွားရေး အဆင်ပြေမည်ဟု ပြောကြောင်း ထောက်ခံထွက်ဆိုသည်ကို တွေ့ရသည်။ ဒေါက်တာတိုးမောင် (လိုပြ-၆)၏ ထွက်ဆိုချက်အရ ရွှေရင်အား စစ်ဆေးရာ မူးယစ်ဆေးဝါး သုံးစွဲသည့် လက္ခဏာမရှိသည့်အပြင် ဆီးနမူနာတွင်လည်း မူးယစ်ဆေးဝါး စမ်းသပ် မတွေ့ရှိရချေ။

အယူခံတရားခံ ဦးချစ်မောင်သည် လိုပြ သက်သေအနေဖြင့် ထွက်ဆိုခဲ့သည့်အပြင် တရားခံဖြစ်သောအခါ၌လည်း သက်သေအဖြစ် အစစ်ခံသည်။ ဦးချစ်မောင်က ရွှေရင်နှင့် အိမ်နီးချင်းဖြစ်ပါသည်။ ၂၀-၇-၉၂ နေ့ည (၈) နာရီခန့်တွင် ရွှေရင်အိမ်ထဲမှ လူ (၃) ဦး စကားပြောသံ ကြားရသော်လည်း မည်သူပြောသည့် အသံဟု မသိပါ။ ဆေးခြောက်ဘယ်မှာလဲ၊ ပန်းအိုးအောက်မှာဟု ပြောသံကြားပါသည်။ ရွှေရင်အိမ်မှာ ခြံစည်းရိုးဖြစ်သလို ကာထား၍ မည်သူမဆို လွယ်ကူစွာ ဝင်နိုင်ပါသည်။ ဆေးခြောက်ကိစ္စသိပြီး (၅) ရက်ကြာမှ ရေနီစာတိုက်မှ တစ်ဆင့် သာဝတ္ထိ ရဲစခန်းသို့ ပစ်စာပေးပါသည်။ ပစ်စာတွင် ရွှေရင်အိမ်ခေါင်းရင်း တံစက်မြိတ်အောက်ရှိ ပန်းအိုး (၃) လုံးအနက် အလယ်ပန်းအိုးအောက်တွင် ပလပ်စတစ်တစ်ထပ်၊ အင်ဖက်နှင့် တစ်ထပ် ထုပ်ထားသော ဆေးခြောက်ထုပ်ရှိသည်၊ ရှာကြည့်ပါဟု ကြားသိရသည့်အတိုင်း ရေးသားပို့လိုက်ပါသည်ဟု

ထွက်ဆိုသည်။ ပြန်လှန်မေးသောအခါ ဆေးခြောက်ထုပ်ကို ကိုယ်တိုင်သွားထားခြင်း မဟုတ်ပါ၊ ရွှေရင် ဇနီး မခင်ဝင်းအား ချစ်ကြိုက်စကား မပြောခဲ့ပါ၊ လက်ရှိဇနီး မလှသန်းမြင့် အသက် ၂၄ နှစ်သာ ရှိပါသေးသည်။ မလှသန်းမြင့်၏ အစ်မ မကြည်မြင့်ကိုလည်း ပေါင်းသင်းခဲ့ပါသည်။ မကြည်မြင့်၊ မလှသန်းမြင့်တို့အပြင် ယခင်က ဇနီး (၆) ဦး (၇) ဦး လောက် ရှာဖူးပါသည်။ မလှသန်းမြင့်ကို မယူမီ ၎င်း၏အစ်ကို ကိုတင်ချို့အား ဆေးခြောက်ဖြင့် အမူဆင်ပြီး မလှသန်းမြင့်ကို ယူခဲ့သည်ဆိုလျှင် မဟုတ်ပါ။ ကျန်းမာရေးလုပ်သား ဆယ်အိမ်ခေါင်း ဖြစ်သောကြောင့် တာဝန်အရ အမည်မရေးဘဲ ပစ်စာပေးပို့ပါသည်။ ရဝတ သို့ အကြောင်းမကြားပါဟု ထွက်ဆိုသည်။ အဓိကအချက်မှာ လိုပြသက်သေ အဖြစ် စစ်ဆေးစဉ်က ထွက်ဆိုခြင်း မပြုခဲ့ဘဲ၊ တရားခံဖြစ်သောအခါ ခံပြ သက်သေအနေဖြင့် ထွက်ဆိုရာ၌ "ညအခါ ဖြစ်သော်လည်း မီးခွက်ကိုင် ပြီး ထားနေသည်ကို တွေ့မြင်ခြင်း ဖြစ်ပါသည်"ဟူ၍ ထည့်သွင်း ထွက် ဆိုသည်ကို တွေ့ရသည်။ မည်သည့်အတွက် ကွဲလွဲရသည်ကိုမူ ဖြေရှင်းခြင်း မပြုနိုင်ခဲ့ပေ။

လိုပြသက်သေများနှင့် မူလရုံး တရားခံ ရွှေရင်၏ ထွက်ချက်များအရ ရွှေရင်သည် ရိုးသားဆင်းရဲစွာဖြင့် ကောင်းသော အသက်မွေးမှု ပြုခဲ့ကြောင်း ပေါ်လွင်သည်။ ရွှေရင်အား အမူမှ လွတ်သည်ကို ရှေ့နေချုပ်ရုံးမှ အယူခံ မဝင်ခဲ့ချေ၊ ယင်းအချက်အရပင်လျှင် ရွှေရင်အိမ်တံစက်မြိတ်ရှေ့ ပန်းအိုး အောက်မှ ဆေးခြောက်များသည် ရွှေရင်၏ ပစ္စည်းမဟုတ်ဆိုခြင်းကို သဘောတူ လက်ခံထားပြီး ဖြစ်ကြောင်း ညွှန်ပြရာ ရောက်သည်။ ဦးချစ်မောင်သည် အိမ်နီးချင်း ရွှေရင်၏ဇနီး မခင်ဝင်းအား ချစ်ကြိုက် စကားပြော၍ သွေးဆောင်ခဲ့ဘူးကြောင်း၊ မခင်ဝင်းသည် ရဲအရာရှိ ဦးအောင်ချို့နှင့် ရာဖွေရာပါ သက်သေ ဦးကြွက်နီ၊ ဦးမြင့်အောင်တို့ လာရောက်ရာဖွေစဉ်ကပင် ဖွင့်ပြောခဲ့သည်။ မခင်ဝင်းက မလိုက်လျောခဲ့သောကြောင့် ဆေးခြောက်ထား၍ ပစ်စာပစ်သည်ဟု ဆိုသည်။ ဦးချစ်မောင်သည် ရှာ၌ ကျန်းမာရေးလုပ်သား၊ ဆယ်အိမ်ခေါင်းဖြစ်၍ မကြည်မြင့်နှင့် မလှသန်းမြင့်တို့ ညီအစ်မကို မယားအဖြစ်မယူမီက မယား (၆)ဦး (၇)ဦး ယူခဲ့သည်ဟု ဦးချစ်မောင်ကိုယ်တိုင်ဝန်ခံထားသည်။ သို့ဖြစ်ရာ အသက် ၂၃ နှစ်သာ ရှိသော အိမ်နီးချင်း မခင်ဝင်းအား ဦးချစ်မောင်က ချစ်ကြိုက် စကားပြောခဲ့သည်ဆိုသော အချက်မှာ ယုတ္တိမရှိ ဟု မဆိုသာပေ။ လင်ရှိသော မခင်ဝင်းသည် မိမိ၏

လင်ယောကျ်ား အထင်အမြင်လွဲမှား၍စနိုင်သော အကြောင်းအရာကို မဟုတ်မမှန် ပြောဆိုရန် ခဲယဉ်းမည်ဟု ယူဆသည်။ ဦးချစ်မောင်သည် ဆယ်အိမ်မှူးဖြစ်သဖြင့် ဆေးခြောက်ရောင်းဝယ်ထားသိုသော နေရာကိုသိလျှင် သက်ဆိုင်ရာ ရဝတအဖွဲ့သို့ ပြောသင့်သည်။ ပြောကြစမြဲလည်း ဖြစ်သည်။ ပစ်စာပစ်၍ ရဲစခန်းသို့ စာတိုက်မှတစ်ဆင့် ထည့်ရန်ပင်မလိုချေ။ ဆေးခြောက်ကို မည်သို့ ထုပ်ပိုး၍ မည်သည့် နေရာ၌ ထားသည်ကို သိနေခြင်းကလည်း မသက်ဘဖွယ်ရာဖြစ်စေသည်။ သက်သေလူကြီးများမှာ ရွာခံဖြစ်၍ ရွာသားရွေရင် မိသားစုအခြေအနေကို ကောင်းစွာသိကြသည်။ ယမန်နှစ်က ဦးခင်မောင်ဆိုသူက အိမ်နီးချင်း မပြိုးကိုချစ်ရေးဆိုခဲ့ရာ၊ မရသဖြင့် ဆေးခြောက်ပစ်၍ ပစ်စာ ရေးသားခဲ့ဘူးကြောင်း၊ ရဲအရာရှိနှင့် သက်သေများအားလုံးက ထွက်ဆိုခဲ့ခြင်းနှင့် စပ်လျဉ်း၍ တစ်စုံတစ်ရာ ပြန်လှန်မေးမြန်းခဲ့ခြင်း မရှိချေ။ ယင်းအချက်များကို ခြုံ၍ စဉ်းစားလျှင် ရွှေရင် အိမ်ရှေ့ပန်းအိုးအောက်မှ ဆေးခြောက်များသည် ရွှေရင်၏ ပစ္စည်းမဟုတ်ကြောင်း မူလရုံး ဆုံးဖြတ်ချက်သည် မှန်ကန်သည်။ တစ်ဆက်တည်းမှာပင် အိမ်နီးချင်း ဦးချစ်မောင်၏ ထွက်ချက်အရ ပစ္စည်းထားရှိရာ နေရာကို တိကျစွာ ပြောနိုင်သူမှာ ဦးချစ်မောင်သာလျှင် ဖြစ်သည်ကို တွေ့ရသည်။ သက်သေခံဆေးခြောက်များ ထားရှိရာနေရာနှင့် မည်ကဲ့သို့ ထုပ်ပိုးထားကြောင်း ပြောနိုင်သော ဦးချစ်မောင်သည် ရွှေရင်၏ ပစ္စည်းဖြစ်ကြောင်း အထင်အရှားသက်သေပြရန် တာဝန်ရှိသည်။ ရွှေရင်၏ ပစ္စည်းဖြစ်ကြောင်း ဦးချစ်မောင်၏ ထွက်ချက်မှတစ်ပါး မည်သည့် သက်သေကမျှ မထောက်ခံသည့်အပြင် ပေါ်ပေါက်လျက်ရှိသော အကြောင်းခြင်းရာများအရ မရိုးသားသော ဦးချစ်မောင်၏ လက်ချက်ကြောင့် ပြဿနာပေါ်လာရခြင်း ဖြစ်ကြောင်း တွေ့ရသည်။ မူလရုံးက ဦးချစ်မောင်အား အမှုမှ လွတ်ရာ၌ မည်သို့မျှ သုံးသပ်ထားခြင်း မပြုခဲ့ချေ။ ဤအခြေအနေတွင် ဆေးခြောက်ထားရာ နေရာကို ကိုယ်တိုင်သိမြင်၍ ပစ်စာပစ်သူ ဦးချစ်မောင်က စွပ်စွဲသော ရွှေရင်၏ ပစ္စည်းမဟုတ်သဖြင့်၊ ယင်းဆေးခြောက်များမှာ ဦးချစ်မောင်ကိုယ်တိုင် ပန်းအိုးအောက်၌ ပလပ်စတစ်၊ အင်ဖက်များနှင့် ထားရှိပြီးမှ ပစ်စာ ပစ်သည်ဟုသာ ကောက်ယူရန်အကြောင်းပေါ်ပေါက်သည်။ ဟောမန်ရွာကွင် ထိုသို့ ပြုလုပ်ခဲ့သည့် သာဓကရှိခဲ့ဘူးရာ ဦးချစ်မောင်သည် ရွှေရင်၏ ဇနီး မခင်ဝင်းအား ချစ်ကြိုက်စကားပြော မရ၍ ရွှေရင်အပြစ် ရစေရန် လုပ်ကြံခြင်းဖြစ်ကြောင်း ထင်ရှားသည်။ သို့ဖြစ်၍ သက်သေခံ ဆေးခြောက်

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ချစ်မောင်

များ၏ပိုင်ရှင်သည် ဦးချစ်မောင်သာဖြစ်သဖြင့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေ တတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က (ခ) အရ ပြစ်မှု ကျူးလွန် ကြောင်း တွေ့ရသည်။

ထို့ကြောင့် အယူခံကို လက်ခံ၍ မူလရုံးမှ ဦးချစ်မောင်အား အမှုမှ အပြီးအပြတ်လွှတ်သော အမိန့်ကို ပယ်ဖျက်၍ ဦးချစ်မောင်အား မူးယစ် ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က (ခ) အရ ထောင်ဒဏ် တစ်ဆယ့်ငါးနှစ် ကျခံစေရန်နှင့် ငွေဒဏ် ကျပ်ငါးသောင်း ပေးဆောင်စေ၊ ဒဏ်ငွေ မဆောင်ပါက ထောင်ဒဏ် သုံးနှစ် ကျခံစေရမည်။ ချုပ်ရက်များကို ထုတ်နုတ်ရမည်။

ပြစ်မှုဆိုင်ရာအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့်ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နှင့်
မဂျမီလာ (ခ) မာမာချို*

+ ၁၉၉၄
နိဝင်္ဘာလ
၂၅ ရက်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၃၊ ၁၉၅၅ ခုနှစ် ကလေးသူငယ် အက်ဥပဒေ–မိမိပြုလုပ်မှု၏ သဘောနှင့် အကျိုးအပြစ်ကို သိလျက်နှင့် ပြုခြင်း ဟုတ်မဟုတ်၊ ခံဝန်ချုပ်ဆို၍ စည်းကမ်းအတိုင်း ကျင့်ကြံနေထိုင်စေလျှင် လျော်ကန်သင့်မြတ်မှု ရှိမရှိ။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၃ အရ ပြုလုပ်သူသည် အသက် (၇) နှစ် အထက် (၁၂) နှစ်အောက် အရွယ်ရှိပြီး ပြုလုပ်မှု၏ သဘောနှင့် အကျိုးအပြစ်ကို သိနားလည်လောက်အောင် အမြော်အမြင် အဆင်အခြင်နှင့် မပြည့်စုံသေးကြောင်း ထင်ရှားရန် လိုအပ်သည်။ ယင်း အချက်ကို စဉ်းစားရာ၌ ပြုလုပ်သူက မိမိပြုလုပ်မှုသည် မည်သို့သော သဘောနှင့် အကျိုးအပြစ် ရှိသည်ကို မသိကြောင်း ထုချေသည့် အပြင် ထိုသို့ အသိဉာဏ် မရှိကြောင်း ထင်ရှားအောင် အထောက်အထား တင်ပြရန် လိုအပ်သည်။ မူလရုံးက ဂျမီလာအား စွဲဆိုသော ဥပဒေပုဒ်မ များအရ စွဲချက်တင် ဖြေရှင်းစေသောအခါ မိမိ၏ လွယ်အိတ် မဟုတ် သဖြင့် ပြစ်မှုကျူးလွန်ခြင်း မရှိဟု ထုချေထားကြောင်း မှတ်တမ်းတင် ထားသည်ကို တွေ့ရသည်။ ဘိန်းဖြူတွေ့ရှိသည်မှာ ဂျမီလာ ကိုယ်တိုင် လွယ်ထားသော လွယ်အိတ်အတွင်းမှ ဖြစ်ကြောင်း၊ ၎င်းကိုယ်တိုင် ထွက်ဆို ထားသည်။ ဘိန်းဖြူများမှာ ဒေါ်စန်းချစ်၏ ပစ္စည်းဖြစ်သည်ဟု ဆိုသည်။ ဂျမီလာ၏ ထွက်ဆိုချက်ကို ကြည့်လျှင် ဘိန်းဖြူတွေ့ရှိခြင်းသည် ပြစ်မှုဖြစ်သည်ဆိုသော အချက်ကို ကောင်းစွာ သိကြောင်း ပေါ်လွင်သည်။ ဒုရဲအုပ် အောင်ကျော်မြင့်နှင့် သက်သေများနှင့် တွေ့သောအခါ ဂျမီလာ

---

* ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၁

\+ ၁၉၉၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၉ တွင် ချမှတ်သော (၁၄–၉–၉၃) ရက်စွဲပါ မန္တလေးတိုင်း (မြင်းခြံခရိုင်) တရားရုံး၏ အမိန့်ကို အယူခံမှု

ငိုနေ၍ မေးမြန်း၍ မရခဲ့ပါဟု ထွက်ဆိုထားသဖြင့်လည်း ဂျမီလာသည် မိမိပြုလုပ်မှု၏ သဘောနှင့် အကျိုးအပြစ်ကို သိလျက်နှင့် ပြုခဲ့သည်ဟု ယူဆနိုင်သည်။ ဤအခြေအနေတွင် မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၃ နှင့် အကျုံးဝင်သည်ဟူသော သုံးသပ်ချက်ကို လက်ခံရန် ခဲယဉ်းသည်။

ထပ်မံဆုံးဖြတ်ချက်။ ဂျမီလာသည် ပြစ်မှု ကျူးလွန်စဉ်က အသက် (၁၀) နှစ်သာ ရှိသဖြင့် ၁၉၅၅ ခုနှစ်၊ ကလေးသူငယ် အက်ဥပဒေပုဒ်မ ၂ (ခ) အရ ကလေးသူငယ်ဖြစ်သည်။ အမှုပေါ်ပေါက်ချက်အရ ဂျမီလာသည် မည်သည့်နည်းနှင့်မျှ ထိန်းသိမ်း၍ မရလောက်အောင် အကျင့်စာရိတ္တ လွန်ကဲစွာ ပျက်စီးဆိုးသွမ်းသူ ဖြစ်ကြောင်း သက်သေခံချက် အလျဉ်းမရှိချေ။ (၁၀) နှစ် အရွယ်သာရှိပြီး ဒုတိယတန်း၌ ပညာသင်ကြားနေသူ ဖြစ်သည်။ မိဘအုပ်ထိန်းသူတို့၏ ပေါ့လျော့မှု ပျက်ကွက်မှုတို့ကြောင့် တစ်ကြိမ်တစ်ခါ ပြစ်မှုကျူးလွန်ခဲ့သည်မှာ မှန်သော်လည်း နောင်တွင် အကြိမ်ကြိမ် အလားတူ ပြစ်မှုမျိုး ကျူးလွန်လိမ့်မည်ဟု တထစ်ချ ယူဆရန် မသင့်ချေ။ ၁၉၅၅ ခုနှစ်၊ ကလေးသူငယ် အက်ဥပဒေပုဒ်မ ၂၆ (၁) (ဂ) အရ ကလေးသူငယ် ကျူးလွန်သော ပြစ်မှုသည် ကြီးသည်ဖြစ်စေ၊ ငယ်သည် ဖြစ်စေ ကလေးသူငယ်သည် အကျင့်စာရိတ္တ ပျက်ပြားခြင်း မရှိသေးလျှင် နောက်ထပ် ပြစ်မှု ကျူးလွန်ခြင်းကို ဟန့်တားနိုင်ရန် ထိုကလေးသူငယ်ကို ၃ နှစ်ထက် မပိုသော ကာလအတွင်း ခံဝန်ချုပ်ပါစည်းကမ်းအတိုင်း ကောင်းမွန်စွာ နေထိုင်ကျင့်ကြံစေရေးအတွက် မိဘ၊ အုပ်ထိန်းသူအား ခံဝန်ချုပ် ဆိုစေပြီး ပြန်လည် အပ်နှံနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ဂျမီလာသည် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၆–က (ခ) အရ ပြစ်မှုကျူးလွန်သော်လည်း ၁၉၅၅ ခုနှစ်၊ ကလေးသူငယ် အက်ဥပဒေပုဒ်မ ၂၆ (၁) (ဂ) အရ ၃ နှစ်ထက် မပိုသော ကာလအတွင်း ခံဝန်ချုပ်ဆို၍ စည်းကမ်းအတိုင်း ကောင်းမွန်စွာ နေထိုင်ကျင့်ကြံနေစေလျှင် လျော်ကန်သင့်မြတ်၍ ကလေး၏ ကောင်းရာကောင်းကျိုး ဖြစ်ထွန်းစေပေလိမ့်မည်။

အယူခံတရားလိုအတွက် – ဦးမျိုးချစ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် – ကိုယ်တိုင် (မလာ)

မန္တလေးတိုင်း တရားရုံး (မြင်းခြံခရိုင်) ပြစ်မှုကြီးမှု အမှတ် ၂၉/၉၂ တွင် တရားခံ မဂျမီလာ (ခ) မာမာချို့အပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆-က(ခ)/ ၁၀ (ခ)/ ၁၄(ဃ)အရ တရားစွဲတင်ပို့ခဲ့ရာ အမှုမှ အပြီးအပြတ် လွှတ်ခဲ့သဖြင့် ရှေ့နေချုပ်ရုံးမှ ဤအယူခံမှုကို တင်သွင်းသည်။

အမှုမှာ ၇-၇-၉၂ နေ့ မွန်းလွဲ ၃ နာရီ အချိန်ခန့်တွင် မြင်းခြံမြို့ အမှတ် (၁) ရဲစခန်းမှ ဒုရဲအုပ် အောင်ကျော်မြင့်နှင့် ဒုတပ်ကြပ် ကျော်ဆန်းထွန်း တပ်သား ထိန်ဝင်းနှင့် ရဝတ အဖွဲ့မှ ဦးမောင်မြင့်၊ ဦးတင်အောင်တို့သည်၊ မြင်းခြံမြို့အမှတ် ၁၅ ရပ်ကွက်နေ ဦးမောင်ချို၏ နေအိမ်ကို သတင်းအရ ဝင်ရောက် ရှာဖွေကြရာ ဦးမောင်ချို၏ သမီး ဂျမီလာ (ခ) မာမာချိုအား လွယ်အိတ်တစ်လုံးနှင့်အတူ တွေ့ရသည်။ ဂျမီလာ၏ လွယ်အိတ်အတွင်းမှ ဘိန်းဖြူအလေးချိန် စုစုပေါင်း ၁၄ ရွေး တစ်ခြမ်း ထည့်ထားသော ပင်နယ်ဆလင် ပုလင်း (၃) လုံး၊ ဘိန်းဖြူရွေးလေး တစ်စိတ်ခန့်စီပါ စက္ကူနှင့် ထုပ်ထားသော အထုပ် (၅) ထုပ်ထည့်ထားသည့် မီးခြစ်တစ်လုံး၊ ဘိန်းဖြူရွေးလေး တစ်စိတ်ခန့်စီပါ စက္ကူနှင့် ထုပ် ထားသည့် အထုပ် (၆) ထုပ် ထည့်ထားသည့် အညိုရောင် ပုလင်းတစ်လုံး၊ ငွေကျပ် ၁၀၀၀/-တို့ကို တွေ့ရှိ၍ ရှာဖွေပုံစံဖြင့် သိမ်းဆည်းပြီးနောက် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူရန် ဒုရဲအုပ် အောင်ကျော်မြင့်က တိုင်ချက်ရေးဖွင့်ခဲ့သည်။

ရှေ့နေချုပ်ရုံးမှ ဂျမီလာ၏ လွယ်အိတ်အတွင်းမှ ဘိန်းဖြူ ၃.၂၇၃ ဂရမ်နှင့် ငွေကျပ် ၁၀၀၀/-သိမ်းဆည်း ရမိခဲ့သည်မှာ ပေါ်လွင်ပါကြောင်း၊ ယင်း ဘိန်းဖြူများကို သူတစ်ပါးက ထည့်လိုက်သောပစ္စည်း ဖြစ်သယောင် ထုချေထားသဖြင့် ဂျမီလာသည် ပြစ်မှု၏ သဘောကို သိရှိသူဖြစ်ပါကြောင်း၊ မိမိပြုလုပ်မှု အတိုင်းအတာနှင့် အကျိုးအပြစ်ကို သိနားလည်၍ အမှန်မပြောဘဲ ဖုံးကွယ်ထွက်ဆိုခြင်းသည် ရိုးသားမှု မရှိသဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၃ နှင့် အကျုံးမဝင်ကြောင်း စသည်ဖြင့် အကြောင်းပြ၍ အယူခံဝင်ရောက်ခြင်း ဖြစ်သည်။

ဒုရဲအုပ် အောင်ကျော်မြင့် (လိုပြ-၁) က သတင်းအရ ဦးမောင်ချို အိမ်သို့ သက်သေများနှင့်အတူ သွားရောက်သောအခါ ဦးမောင်ချိုအား မတွေ့ဘဲ သမီးဖြစ်သူ ဂျမီလာ (ခ) မာမာချိုအား လွယ်အိတ်လွယ်လျက် တွေ့ရကြောင်း၊ လွယ်အိတ်အတွင်းမှ ဘိန်းဖြူများ ထည့်ထားသော

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
မဂျမီလာ
(ခ)မာမာချို

ပင်နယ်စလင် ပုလင်း၊ ဘိန်းဖြူထုပ်ထားသော အထုပ်ငယ်များကို တွေ့ရကြောင်း၊ အချင်းဖြစ်ပွားစဉ်က ဦးမောင်ချိုသည် နေအိမ်၌ မရှိသော်လည်း ဖခင်ဖြစ်သူတွင် တာဝန်ရှိသဖြင့် ဦးမောင်ချိုကိုလည်း တရားခံအဖြစ် ထည့်သွင်း တရားစွဲဆိုခဲ့ပါကြောင်း၊ မာမာချိုထံမှ သက်သေခံ ဘိန်းဖြူများကို တွေ့ရသည့်အခါ ငိုယိုနေသဖြင့် အမှုနှင့် စပ်လျဉ်း၍ အသေးစိပ် မမေးမြန်းနိုင်ခဲ့ပါကြောင်း၊ အထုပ်ငယ်များ တွေ့ရှိရသဖြင့် ရောင်းချရန် ရည်ရွယ်သည်ဟု ယူဆရပါကြောင်း ထွက်ဆိုသည်။ ဦးမောင်မောင်မြင့် (လိုပြ-၂) သည် ဂျမီလာထံမှ သိမ်းဆည်းရမိသော ဘိန်းဖြူများကို ရှာဖွေပုံစံ (သက်သေခံ-က) ၌ ရေးသွင်းရာ၌ သက်သေဖြစ်၍ သက်သေခံ ဘိန်းဖြူများ တွေ့ရှိခြင်းနှင့် စပ်လျဉ်း၍ ဒုရဲအုပ် အောင်ကျော်မြင့်ကို ထောက်ခံထွက်ဆိုထားသည်။

အယူခံတရားခံ ဂျမီလာ (ခ) မာမာချိုက မူလရုံးတွင် သက်သေအဖြစ် အစစ်ခံရာ၌ သူသည် ဒုတိယတန်း၌ ပညာသင်ကြားနေကြောင်း၊ အချင်းဖြစ် ညနေက ဖခင်ရှိရာ ထနောင်းကုန်းရွာသို့ သွားရန်ရှိ၍ အိမ်ဝိုင်းတစ်ခြမ်းရောင်းရငွေ တစ်ထောင်ကျပ်ကို လွယ်အိတ်ထဲ၌ ထည့်၍ တိုင်၌ ချိတ်ထားကြောင်း၊ ထောင်ကျနေသော မိခင်အတွက် မီးဖိုချောင်၌ ချက်ပြုတ်နေစဉ် ဒေါ်စန်းချစ် ရောက်လာပြီး ထနောင်းကုန်းရွာရှိ အမေကြီးအတွက် ဆေးထည့်ခဲ့သည်ဟု ပြောသွားကြောင်း၊ ထနောင်းကုန်းရွာသို့ သွားရန် လွယ်အိတ်ကို လွယ်၍ ထွက်လာရာ ရဲများနှင့် တွေ့ဆုံပြီး၊ လွယ်အိတ်အတွင်းမှ ငွေနှင့် ပစ္စည်းများ တွေ့ရခြင်းဖြစ်ကြောင်း၊ ရဲများအား လွယ်အိတ်အတွင်းမှ ပစ္စည်းများမှာ ဒေါ်စန်းချစ်၏ ပစ္စည်းဖြစ်သည်ဟု ပြောပြခဲ့ကြောင်း ခုခံ ထွက်ဆိုထားသည်ကို တွေ့ရသည်။

မူလတိုင်းတရားရုံးက ဂျမီလာ၏ လွယ်အိတ်အတွင်းမှ ဘိန်းဖြူများမှာ ဒေါ်စန်းချစ်၏ ပစ္စည်းဟု ဆိုသော်လည်း မခိုင်လုံသဖြင့် ဂျမီလာ၏ လက်ရှိဖြစ်ကြောင်း ငွေကျပ် ၁၀၀၀/-မှာ ထနောင်းကုန်းရွာသို့ ရောက်ရှိနေသော ဖခင်ဖြစ်သူထံ ပေးပို့ရန်ဖြစ်၍ မူးယစ်ဆေးဝါး ရောင်းချရငွေ မဟုတ်ကြောင်း၊ အသက် (၁၀) နှစ်သာရှိ၍ မိဘများ၏ ခိုင်းစေချက်အရ လိုက်နာရသူ ဖြစ်ကြောင်း၊ သက်သေခံပစ္စည်းများကို စနစ်တကျ ထုပ်၍ ထားသိုထားသည်ကို တွေ့ရသဖြင့် ဂျမီလာ ပြုလုပ်ထားသည်ဟု မယူဆကြောင်း သုံးသပ်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၈၃ အရ ပြစ်မှု မမြောက်ဟု ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၃

အရ ပြုလုပ်သူသည် အသက် (၇) နှစ်အထက် (၁၂) နှစ်အောက် အရွယ် ရှိပြီး ပြုလုပ်မှု၏ သဘောနှင့် အကျိုးအပြစ်ကို သိနားလည်လောက်အောင် အမြော် အမြင် အဆင်အခြင်နှင့် မပြည့်စုံသေးကြောင်း ထင်ရှားရန် လိုအပ်သည်။ ယင်းအချက်ကို စဉ်းစားရာ၌ ပြုလုပ်သူက မိမိပြုလုပ်မှုသည် မည်သို့သော သဘောနှင့် အကျိုးအပြစ်ရှိသည်ကို မသိကြောင်း ထုချေ သည့်အပြင် ထိုသို့ အသိဉာဏ်မရှိကြောင်း ထင်ရှားအောင် အထောက်အထား တင်ပြရန် လိုအပ်သည်။ မူလရုံးက ဂျမီလာအား စွဲဆိုသော ဥပဒေ ပုဒ်မ များအရ စွဲချက်တင်ဖြေရှင်းစေသောအခါ မိမိ၏ လွယ်အိတ်မဟုတ်သဖြင့် ပြစ်မှု ကျူးလွန်ခြင်း မရှိဟု ထုချေထားကြောင်း မှတ်တမ်းတင်ထားသည်ကို တွေ့ရသည်။ ဘိန်းဖြူတွေ့ရှိသည်မှာ ဂျမီလာကိုယ်တိုင် လွယ်ထားသော လွယ်အိတ်အတွင်းမှ ဖြစ်ကြောင်း ၎င်းကိုယ်တိုင် ထွက်ဆိုထားသည်။ ဘိန်းဖြူများမှာ ဒေါ်စန်းချစ်၏ ပစ္စည်းဖြစ်သည်ဟု ဆိုသည်။ ဂျမီလာ၏ ထွက်ဆိုချက်ကို ကြည့်လျှင် ဘိန်းဖြူတွေ့ရှိခြင်းသည် ပြစ်မှု ဖြစ်သည် ဆိုသော အချက်ကို ကောင်းစွာသိကြောင်း ပေါ်လွင်သည်။ ဒုရဲအုပ် အောင်ကျော်မြင့်နှင့် သက်သေများနှင့် တွေ့သောအခါ ဂျမီလာငိုနေ၍ မေးမြန်း၍ မရခဲ့ပါဟု ထွက်ဆိုထားသဖြင့်လည်း ဂျမီလာသည် မိမိပြုလုပ် မှု၏ သဘောနှင့် အကျိုးအပြစ်ကို သိလျက်နှင့် ပြုခဲ့သည်ဟု ယူဆနိုင် သည်။ ဤအခြေအနေတွင် မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၈၃ နှင့် အကျုံးဝင်သည်ဟူသော သုံးသပ်ချက်ကို လက်ခံရန် ခဲယဉ်းသည်။

ဂျမီလာသည် ပြစ်မှုကျူးလွန်စဉ်က အသက် (၁၀) နှစ်သာ ရှိသဖြင့် ၁၉၅၅ ခုနှစ် ကလေးသူငယ် အက်ဥပဒေပုဒ်မ ၂ (ခ) အရ ကလေး သူငယ်ဖြစ်သည်။ အမှုပေါ်ပေါက်ချက်အရ ဂျမီလာသည် မည်သည့်နည်းနှင့်မျှ ထိန်းသိမ်း၍ မရလောက်အောင် အကျင့်စာရိတ္တ လွန်ကဲစွာ ပျက်စီးဆိုး သွမ်းသူဖြစ်ကြောင်း သက်သေခံချက် အလျဉ်းမရှိချေ။ (၁၀) နှစ် အရွယ် သာရှိပြီး ဒုတိယတန်း၌ ပညာသင်ကြားနေသူ ဖြစ်သည်။ မိဘအုပ်ထိန်းသူ တို့၏ ပေါ့လျော့မှု ပျက်ကွက်မှုတို့ကြောင့် တစ်ကြိမ်တစ်ခါ ပြစ်မှု ကျူးလွန်ခဲ့သည်မှာ မှန်သော်လည်း နောင်တွင် အကြိမ်ကြိမ် အလားတူ ပြစ်မှုမျိုး ကျူးလွန် လိမ့်မည်ဟု တထစ်ချယူဆရန်လည်း မသင့်ချေ။ ၁၉၅၅ ခုနှစ် ကလေးသူငယ် အက်ဥပဒေပုဒ်မ ၂၆ (၁) (ဂ) အရ ကလေးသူငယ် ကျူးလွန်သော ပြစ်မှုသည် ကြီးသည်ဖြစ်စေ၊ ငယ်သည် ဖြစ်စေ ကလေးသူငယ်သည် အကျင့် စာရိတ္တ ပျက်ပြားခြင်း မရှိသေးလျှင်

၁၉၉၄ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် မဂျမီလာ (ခ)မာမာချီ

နောက်ထပ်ပြစ်မှု ကျူးလွန်ခြင်းကို ဟန့်တားနိုင်ရန် ထိုကလေးသူငယ်ကို ၃ နှစ်ထက်မပိုသော ကာလအတွင်း ခံဝန်ချုပ်ပါ စည်းကမ်းအတိုင်း ကောင်းမွန်စွာ နေထိုင်ကျင့်ကြံစေရေး အတွက် မိဘ၊ အုပ်ထိန်းသူအား ခံဝန်ချုပ်ဆိုစေပြီး ပြန်လည်အပ်နှံနိုင်သည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ဂျမီလာသည် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၆–က (ခ) အရ ပြစ်မှုကျူးလွန်သော်လည်း ၁၉၅၅ ခုနှစ် ကလေးသူငယ် အက်ဥပဒေပုဒ်မ ၂၆ (၁) (ဂ) အရ ၃ နှစ်ထက်မပိုသော ကာလအတွင်း ခံဝန်ချုပ်ဆို၍ စည်းကမ်းအတိုင်း ကောင်းမွန်စွာ နေထိုင် ကျင့်ကြံနေစေလျှင် လျော်ကန်သင့်မြတ်၍ ကလေး၏ ကောင်းရာကောင်းကျိုး ဖြစ်ထွန်းစေပေလိမ့်မည်။

ထို့ကြောင့် ဤအယူခံကို လက်ခံ၍ မူလတိုင်းတရားရုံးမှ ဂျမီလာ (ခ) မာမာချီအား အမှုမှ အပြီးအပြတ်လွှတ်သည့် အမိန့်ကို ပယ်ဖျက်လိုက်သည်။ ဂျမီလာအပေါ် ၁၉၅၅ ခုနှစ် ကလေးသူငယ် အက်ဥပဒေပုဒ်မ ၂၆ (၁) (ဂ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ (၃) နှစ်ထက်မပိုသော ကာလ အတွင်း ကောင်းမွန်စွာ နေထိုင်ကျင့်ကြံစေရန် ခံဝန်ချုပ်ဆို၍ ပြန်လည် အပ်နှံထားရန်အတွက် လိုအပ်သည်ကို ဆောင်ရွက်ရန် မူလတိုင်းတရားရုံး အား ညွှန်ကြားလိုက်သည်။

ပြစ်မှုဆိုင်ရာ **သေဒဏ်အတည်ပြုမှု**
အယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးကျော်ဝင်းနှင့် ဦးတင်အုံးတို့ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
တင်ကြူပါ-၄
နှင့်
တင်ကြူပါ-၄*
ပြည်ထောင်စုမြန်မာနိုင်ငံတော်

+၁၉၉၄
ဖေဖော်ဝါရီလ
၂၂ ရက်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ)/၃၄-မည်သို့သော အခြေအနေမျိုးတွင် အမှုအတိမ်အနက်ကို နားမလည်၍ အပြစ်ရှိကြောင်း ဝန်ခံခဲ့ခြင်း ဖြစ်သည်ဟု တရားခံ၏ တင်ပြချက်ကို လက်ခံဖွယ်ရာ မရှိခြင်း-မည်သည့်အခါတွင် ခိုးမှုမှ လုယက်မှုအဆင့်သို့ လည်းကောင်း၊ လုယက်မှုမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ)/ ၃၄ အရ ပြစ်မှုသို့လည်းကောင်း တစ်ဆက်တည်း ဆက်တိုက်ကျူးလွန်ရာ ရောက်ခြင်း။

ဆုံးဖြတ်ချက်။ တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ)/၃၄ အရ စွဲချက်ကို ဖတ်ကြားရှင်းလင်း ပြောပြရာ တရားခံတို့က သိရှိကြောင်းနှင့် စွဲချက်ပါ ပြစ်မှုအရ အပြစ်ရှိကြောင်း ဝန်ခံခဲ့ခြင်း ဖြစ်သည်။ တရားခံ (၄) ဦး စလုံးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၀ (၁) နှင့် တရားရုံးများ လက်စွဲအပိုဒ် ၄၅၇ တို့အရ ဥပဒေတတ်ကျွမ်းသူ ရှေ့နေရှေ့ရပ်ဖြင့် ခုခံချေပခွင့်နှင့် တရားလိုပြ သက်သေတို့အား ပြန်လှန် စစ်မေးခွင့်တို့ကို ရရှိခဲ့ပြီးဖြစ်သောကြောင့် အမှုအတိမ်အနက်ကို နားမလည်၍ အပြစ်ရှိကြောင်း ဝန်ခံခဲ့သည်ဟု တင်ပြချက်ကို လက်ခံဖွယ်ရာ မရှိပေ။ တရားခံတို့သည် ခါးပိုက်နှိုက်ယူ၍ ရရှိသော ငွေများကို ယူဆောင်

---

* ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ **သေဒဏ်အတည်ပြု** အမှတ် ၂
အယူခံမှု ၃၃

\+ ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၈ တွင် ချမှတ်သော (၁၀-၁-၉၄) ရက်စွဲပါ ရန်ကုန်တိုင်း (အနောက်ပိုင်းခရိုင်) တရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
တင်ကြူပါ-၄
နှင့်
တင်ကြူပါ-၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ထွက်ပြေးလွတ်မြောက်နိုင်စေရန် ရန်းကန်ကြိုးစားအားထုတ်နေစဉ် ငွေအနှိက်ခံရသော သေသူနှင့် အပေါင်းအပါတို့အား ခါးမြှောင်ဖြင့် ထိုး၍ နှိမ်နင်းဟန့်တားထားခဲ့ပြီး ထွက်ပြေးလွတ်မြောက် သွားခဲ့ကြခြင်း ဖြစ်သည်။ ယင်းသို့ တရားခံတို့၏ ကျူးလွန်မှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ အရ ခိုးမှုမှ ယင်း ဥပဒေပုဒ်မ ၃၉၂ အရ လုယက်မှု အဆင့်သို့လည်းကောင်း၊ လုယက်မှုမှ ယင်းဥပဒေပုဒ်မ ၃၀၂ (ခ) (ဂ)/၃၄ အရ ပြစ်မှုကို ကျူးလွန်သည့်အဆင့်သို့ လည်းကောင်း ကူးပြောင်း၍ တစ်ဆက်တည်း ဆက်တိုက် အောင်မြင်ထမြောက်စွာ ကျူးလွန်ခဲ့ရာ ရောက်သည်။

အယူခံတရားလိုများအတွက် – ဦးကျင်စိန်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

တရားရုံးချုပ်ရှေ့နေ ဦးစိန်လှိုင်၊ ဦးညွှန့်ရှိန်

အယူခံတရားခံများအတွက် – တရားရုံးချုပ်ရှေ့နေ ဦးစိန်လှိုင်၊ ဦးညွှန့်ရှိန်၊ ဦးကျင်စိန်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး။

အမှုမှာ ၈-၁-၉၄ နေ့ ၁၈း၃၀ နာရီခန့်တွင် ရန်ကုန်စီးပွားရေးတက္ကသိုလ် ပုထမနှစ် ကျောင်းသားများ ဖြစ်ကြသော မောင်နိုင်ဝင်း၊ မောင်မျိုးဝင်းဦး၊ မောင်ဇွဲရန်နိုင်နှင့် အမည်မသိ တစ်ဦးပေါင်း (၄) ဦးတို့သည် နံပါတ်မမှတ်သော ခရီးသည်တင် ဒေါ်အမျိုးအစား (အထူး) ကားဖြင့် ဘုရားလမ်း မှတ်တိုင်မှ မြေနီကုန်းသို့ စီးနင်းလိုက်ပါလာကြရာ ကမာရွတ်ဘုတာရုံလမ်း မှတ်တိုင်၌ အမည်မသိသူက မောင်နိုင်ဝင်းအား တိုက်၍ ဆင်းသွားခဲ့ကြောင်း၊ ထိုစဉ် မောင်နိုင်ဝင်းသည် ၎င်းတွင် ပါရှိလာသော ငွေများ ပျောက်ဆုံးသွားသဖြင့် ကားအောက်သို့ ဆင်းပြီး ခါးပိုက်နှိက်ဟု ယူဆရသူထံမှ ငွေပြန်တောင်းရာ ထိုသူက မောင်နိုင်ဝင်းအား လက်သီးဖြင့်ထိုးကြောင်း၊ မောင်နိုင်ဝင်းနှင့် အတူ လိုက်ပါလာကြသော မောင်မျိုးဝင်းဦးနှင့် ဇွဲရန်နိုင်တို့ ကားပေါ်မှ ဆင်းလာစဉ် ဒေါ်ကားမှာ မောင်းထွက်သွားခဲ့ကြောင်း၊ ၎င်းတို့နှစ်ဦး မောင်နိုင်ဝင်းထံ မရောက်သေးမီ ခါးပိုက်နှိက်ဟု ယူဆရသူ တစ်ဦးနှင့် အပေါင်းပါတစ်ဦးတို့ ရောက်ရှိလာကြပြီး မောင်နိုင်ဝင်းအား ခါးကိုယ်စီဖြင့် ထိုးကြရာ မောင်နိုင်ဝင်း၏

ဝဲဘက်ရင်အုံအောက်တွင် ခါးထိုးဒဏ်ရာ (၁) ချက်၊ ဝဲဘက် လက်ပြင်အောက်တွင် ခါးထိုးဒဏ်ရာ (၂) ချက်၊ ဝဲဘက် နံစောင်းတွင် ခါးထိုးဒဏ်ရာ (၁) ချက်၊ ငယ်ထိပ်ဝဲဘက်နှင့် ဝဲဘက် ဒူးဆစ်အောက်တို့တွင် ဒဏ်ရာများ ရရှိခဲ့ပြီး မောင်မျိုးဝင်းဦး၏ ညာဘက် လက်သန်းရင်း၌ ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရသူတို့ကို ရန်ကုန်ဆေးရုံ ကြီးသို့ ပို့ဆောင်ရာ၌ မောင်နိုင်ဝင်းမှာ ရရှိသော ခါးဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း၊ ထို့ကြောင့် ယင်းသို့ ခါးဖြင့် ထိုးသွားခဲ့ကြသူတို့ အား စုံစမ်းအရေးယူပေးရန် ဒုရဲအုပ် ဦးမျိုးညွန့်က လွှဲပြောင်ခဲ့သော အမှုဖြစ်သည်။

ယင်းအမှုကို ရန်ကုန်တိုင်း တရားရုံး (အနောက်ပိုင်းခရိုင်)က ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၈/၉၄ အရ လက်ခံစစ်ဆေးခဲ့ပြီးနောက် တရားခံ တင်ကြူ၊ လှထွန်း၊ ခင်မောင်ဦးနှင့် မြင့်ကျော် (ခ) တင်ဝင်းတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ)/၃၄ အရ အသီးသီး စွဲချက်တင်၍ ထုချေစေခဲ့ရာ တရားခံတင်ကြူနှင့် လှထွန်းတို့နှစ်ဦးက အပြစ်ရှိကြောင်း ဝန်ခံခဲ့ပြီး တရားခံမြင့်ကျော် (ခ) တင်ဝင်းနှင့် ခင်မောင်ဦးတို့ နှစ်ဦးက အပြစ်မရှိကြောင်း ငြင်းဆိုခဲ့သည်။ တိုင်းတရားရုံးက အပြစ်မရှိကြောင်း ငြင်းဆိုသူ မြင့်ကျော် (ခ) တင်ဝင်းနှင့် ခင်မောင်ဦးတို့ နှစ်ဦးကို ဆက်လက်စစ်ဆေးပြီးနောက် ဖော်ပြပါ တရားခံ (၄) ဦးစလုံးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) /၃၄ အရ သေဒဏ်ကျခံစေရန် အသီးသီး အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်နှင့် စပ်လျဉ်း၍ တိုင်းတရားရုံးက သေဒဏ်အတည်ပြုမှုကိုလည်းကောင်း၊ တင်ကြူတို့ (၄) ဦးက အယူခံမှုကိုလည်းကောင်း တရားရုံးချုပ်သို့ အပြန်အလှန် တင်သွင်းကြခြင်း ဖြစ်သည်။

ဤသေဒဏ်အတည်ပြုမှုနှင့် အယူခံမှုတို့မှာ မူလမှုတစ်မှုတည်းမှ ပေါ်ပေါက်လာခြင်းဖြစ်၍ ဤ၂ ရင်ချက်သည် အဆိုပါ အမှုနှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

အယူခံတရားလို တင်ကြူတို့ (၄)ဦးက အကျဉ်းထောင်မှ တင်သွင်းသည့် အယူခံလွှာနှင့် ၎င်းတို့၏ ရှေ့နေတို့၏ တင်ပြလျှောက်ထားချက်များတွင် အဓိက တင်ပြရာ၌ တရားလိုပြသက်သေထွက်ချက်များအရ အယူခံတရားလိုတို့သည် လုယက်မှုကျူးလွန်စဉ် လူသတ်မှုကို ကျူးလွန်ခဲ့ကြခြင်း မဟုတ်သောကြောင့် ၎င်းတို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
တင်ကြူပါ–၄
နှင့်
တင်ကြူပါ–၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

(၁) (ဂ)/၃၄ အရ သေဒဏ်ချမှတ်သည့် တိုင်းတရားရုံး၏ အမိန့်မှားယွင်းကြောင်း၊ ဖြစ်ရပ်မှန်မှာ အမှတ် (၈) ခရီးသည်တင် ကားပေါ်တွင် ခါးပိုက်နှိုက်ခံရသော သူသည် ကားပေါ်မှ ဆင်း၍ တရားခံတင်ကြူနှင့် လှထွန်းတို့ နှစ်ဦးအား အထင်ဖြင့် ပိုက်ဆံပြန်တောင်းရင်း အပြန်အလှန် ခိုက်ရန်ဖြစ်ပွားကြရာမှ ဖော်ပြပါ တရားခံနှစ်ဦးတို့က သေသူကို ခါးဖြင့် ဝိုင်းထိုးသဖြင့် သေဆုံးသွားခဲ့ခြင်းသာ ဖြစ်ကြောင်း၊ တိုင်းတရားရုံး၏ စီရင်ချက်တွင် 'ခါးပိုက်နှိုက်ခြင်းဖြင့် အချင်းဖြစ်ငွေကို သယ်ယူခဲ့ရာမှ လုယက်မှုကျူးလွန်ပြီး' ဟု သုံးသပ်ထားချက်မှာ မှန်ကန်မှု မရှိကြောင်း၊ တရားခံ တင်ကြူနှင့် လှထွန်းတို့အပေါ်တွင် ခါးပိုက်နှိုက်မှုကြောင့် ဖြစ်ပွားခဲ့ရသော လူသတ်မှုအတွက်သာလျှင် အပြစ်ရှိပါကြောင်း၊ တင်ကြူနှင့် လှထွန်းတို့နှစ်ဦးသည် စွဲချက်ပါ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (ခ) (ဂ်) ၏ အဓိပ္ပာယ်နှင့် ပြစ်ဒဏ်အတိမ်အနက်ကို သိရှိနား လည်မှု မရှိဘဲ ယင်းပုဒ်မအရ အပြစ်ရှိသည်ဟု မှားယွင်းစွာ ဝန်ခံမိခဲ့ခြင်း ဖြစ်ကြောင်း၊ အယူခံတရားလိုတို့အနေဖြင့် မည်သို့သော အကြံတူကို ပူးပေါင်းကျူးလွန်ခဲ့သည့်အချက် ပေါ်လွင်မှု မရှိကြောင်း၊ ပူးတွဲတရားခံ ခင်မောင်ဦး၊ မြင့်ကျော်တို့နှင့် စပ်လျဉ်း၍ မည်သို့ မည်ပုံပါဝင်ကျူးလွန်ခဲ့သည်ဟု ထွက်ဆိုချက် မရှိသည့်ပြင် ဖြစ်ရပ်မှန်မှာ ၎င်းတို့နှစ်ဦးသည် ကားပေါ်မှ ဆင်းလျှင်ဆင်းခြင်း တွက်ပြေးသွားခဲ့ကြသဖြင့် အချင်းဖြစ်နေရာ၌ မရှိကြကြောင်း၊ အယူခံတရားလိုတို့အနေဖြင့် မိမိတို့ ကျူးလွန်ခဲ့သော ပြစ်မှု အတွက် နောင်တတရားရလျက်ရှိသဖြင့် ၎င်းတို့အပေါ် သေဒဏ်အစား အခြားသင့်လျော် အကျူးဝင်ရာ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြောင်းလဲ၍ ထိုက်သင့်ရာ ပြစ်ဒဏ်ကို သက်ညှာစွာ ပြင်ဆင်ချမှတ်ပေးသင့်ကြောင်း လျှောက်ထားတင်ပြကြသည်။

ရှေ့နေချုပ်ရုံးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူးက လျှောက်ထားတင်ပြရာ၌ အယူခံတရားလိုတို့ထံမှ သက်သေခံပစ္စည်းနှင့် ငွေများ သိမ်းဆည်း ရရှိခဲ့သည့်ပြင် ကွင်းဆက်မပြတ်သော မျက်မြင်သက်သေထွက်ချက်များလည်း ရှိနေကြောင်း၊ ခင်မောင်ဦးနှင့် မြင့်ကျော်တို့က အချင်းဖြစ်နေရာ၌ မရှိကြပါဟု ချေပသော်လည်း တရားလိုပြသက်သေများ စစ်ဆေးစဉ်က ပြန်လှန်မေးမြန်းခဲ့ခြင်း မရှိသဖြင့် နောက်မှရသော အကြံဖြင့် ချေပချက်သာဖြစ်ကြောင်း၊ တရားလိုပြသက်သေများမှာ မတရားထွက်ဆိုခဲ့ကြသည်ဟု ပေါ်ပေါက်ခြင်း မရှိကြောင်း၊ သက်သေခံပစ္စည်းများနှင့် စပ်လျဉ်း၍

အယူခံတရားလိုတို့က ပြန်လည်ဖြေရှင်းနိုင်ခြင်း မရှိသည့်ပြင် တရားလိုပြသက်သေများအား ပြန်လှန်မေးမြန်းချက် မရှိခဲ့ကြောင်း၊ တင်ကြူနှင့် လှထွန်းတို့က စွဲချက်ပါ ပြစ်မှုဖြင့် အပြစ်ရှိသည်ဟု ဝန်ခံခဲ့ကြကြောင်း၊ ထို့ကြောင့် အယူခံတရားလို (၄) ဦးတို့သည် အကြံတူဖြင့် ပူးပေါင်းပြီး ကားပေါ်တွင် သေသူ မောင်နိုင်ဝင်းထံမှ ငွေကို ခါးပိုက်နှိုက်၍ ထိုငွေကို သယ်ယူရာ၌ လုယက်မှု ကျူးလွန်ခဲ့ပြီး မောင်နိုင်ဝင်းအား လူသတ်မှုကိုပါ ကျူးလွန်ခဲ့ကြောင်း ထင်ရှားသည်ဟု သုံးသပ်ပြီး ၎င်းတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ)/၃၄ အရ အသီးသီး သေဒဏ်ကျခံစေရန် ချမှတ်ခဲ့သည့် တိုင်းတရားရုံး၏ အမိန့်ကို အတည်ပြုပြီး ဤအယူခံမှုကို ပလပ်သင့်ကြောင်း တင်ပြလျှောက်ထားသည်။

မူလမှုတွင် မျက်မြင်သက်သေ မောင်မျိုးဝင်းဦး၏ ထွက်ချက်၌ ကမာရွတ် ဘူတာရုံလမ်း ကားမှတ်တိုင်အရောက်တွင် ရုံးရှေ့ တရားခံများအနက် တရားခံလှထွန်းက "မှတ်တိုင်ရောက်ပြီ၊ ဆင်းမည်"ဟု ပြောပြီး ဆင်းသွားကြစဉ် သေသူနိုင်ဝင်းက ၎င်း၏ ပိုက်ဆံကိုယူသည်ဟု ဆိုကာ လှထွန်း၏ ဂုတ်ကို လှမ်းဆွဲရာ လှထွန်းက ငြင်းဆိုကြောင်း၊ ၎င်းတို့နှစ်ဦး ကားအောက်သို့အရောက်တွင် လှထွန်းက သေသူ၏ နဖူးကို ခါးရိုးဖြင့် ရိုက်လိုက်ကြောင်း၊ သေသူက ပြန်တွန်းလိုက်ရာ လှထွန်းက ခါးဖြင့် သေသူကို ထိုးလိုက်ကြောင်း၊ မိမိကားပေါ်မှ အဆင်းတွင် မိမိအား လှထွန်းက ခါးဖြင့် ထိုးလိုက်သဖြင့် မိမိက ၎င်း၏ခါးကိုညာဘက်လက်ဖြင့် ဆုပ်ကိုင်လိုက်ရာ မိမိ၏ ညာဘက်လက်သန်း ခါးဒဏ်ရာရရှိခဲ့ကြောင်း၊ လှထွန်းက ခါးကို ဆောင့်ဆွဲပြီး ဆက်ထိုးရာ မိမိကရှောင်၍ ထွက်ပြေးခဲ့ကြောင်း၊ လှထွန်းပြန်လှည့်သွားပြီး သေသူ၏ ကျောကို ခါးဖြင့် ထိုးလိုက်သည်ကို တွေ့မြင်ရကြောင်း၊ တင်ကြူက သေသူ၏ ဝမ်းဗိုက်ကို အောက်မှ ပင့်၍ထိုးလိုက်သည်ကို တွေ့ရကြောင်း၊ မောင်မိုးကြည်က သေသူကို မျက်နှာချင်းဆိုင်ရှိ ဆေးခန်းသို့ပွဲ့.ယူသွားရာ ဆေးခန်းမရောက်မီ သေဆုံးသွားခဲ့ကြောင်း၊ ပူးတွဲ တရားခံ ခင်မောင်ဦးနှင့် မြင့်ကျော် (ခ) နဂါးပတ်တို့မှာလည်း သေသူ၊ မိုးကြည်နှင့် မိမိတို့ကို လက်နက်များဖြင့် ဝိုင်းဝန်းထိုးကြိတ်ရာ၌ ပါဝင်ကြသည်ကို တွေ့ရကြောင်း၊ သေသူ၏ ပြောပြချက်အရ ၎င်းတွင် ငွေ ၁၅၀၀/-ကျပ် ပါခဲ့သည်ဟု သိရကြောင်း ထွက်ဆိုထားသည်။

ဒုရဲအုပ် (စခန်းမှူး) ဦးမြင့်အောင်၏ထွက်ချက်တွင် မိမိသည် နယ်မြေသတင်း ထောက်လှမ်းရန် အချင်းဖြစ်နေရာသို့ ရောက်ရှိစဉ် တင်ကြူက

ခါးဖြင့် သေသူ၏ ဝမ်းဗိုက်ကို အောက်မှပင့်၍ ထိုးလိုက်သည်ကိုလည်းကောင်း၊ လှထွန်းက သေသူအပေါ်မှ ခါးဖြင့် ထိုးလိုက်သည်ကိုလည်းကောင်း တွေ့မြင်ရကြောင်း၊ ခင်မောင်ဦးနှင့် မြင့်ကျော် (ခ) နဂါးပတ်တို့က စကေဘာနှင့် ခါးများကို ကိုင်ထားကြပြီး အချင်းဖြစ်နေရာကို ဝိုင်းထားကြသည်ကို တွေ့မြင်ရကြောင်း စသည်ဖြင့် မောင်မျိုးဝင်းဦး၏ ထွက်ချက်အား ထောက်ခံထွက်ဆိုထားသည်။

ဒေါက်တာ ဦးမြတ်မော်၏ ထွက်ချက်နှင့် သက်သေခံ (စ) ဆေးစာတို့အရ သေသူနီဝင်း၏ နဖူးတွင် ပြတ်ရှဒဏ်ရာ တစ်ချက်၊ ဝဲပေါင်တွင် ထိုးသွင်းဒဏ်ရာ နှစ်ချက်၊ ဝဲဘက်လက်ပြင်ရိုးအောက်တွင် ထိုးသွင်းဒဏ်ရာ ၃ ချက်၊ ဝဲဘက်ရင်အုံအောက်ပိုင်းတွင် ထိုးသွင်းဒဏ်ရာ ၁ ချက်၊ ရင်အုံဝဲဘက်ခြမ်းတွင် အမှတ် ၅ နံရိုးကြားမှ ရင်ခေါင်းထိ နက်သော ထိုးသွင်းဒဏ်ရာ တစ်ချက်နှင့် ညာခြေမျက်စေ့၊ ဝဲဘက်ညှိသကျည်း၊ ဝဲလက်မရင်း၊ ညာလက်ခုံ၊ ဝဲမျက်ခုံးတို့တွင် ပွန်းပဲ့ဒဏ်ရာများ ရရှိခဲ့ကြောင်း၊ ဝဲဘက်ရင်အုံမှ အမှတ် ၅ နံကြားကို ဖြတ်၍ ထိုးဖောက်ခဲ့သော ခါးဒဏ်ရာမှာ ဝဲဘက်အဆုပ်ကို ပြတ်စေ၍ နှလုံးကို တိုးလျှိုပေါက် ထိုးဖောက်သွားခဲ့ပြီး ဧကန်မုချသေစေမည့် ဒဏ်ရာဖြစ်ကြောင်း တွေ့ရသည်။

မျက်မြင်သက်သေ မောင်မျိုးဝင်းဦးနှင့် ဒုရဲအုပ် (စခန်းမှူး) ဦးမြင့်အောင်တို့မှာ မတရားသက်သေများ ဖြစ်သည်ဟု မူလရုံးတရားခံ တင်ကြူတို့ဘက်မှ ပြန်လှန်မေးမြန်းချက်နှင့် သက်သေတင်ပြချက် မတွေ့ရသဖြင့် ယင်းသက်သေများတို့မှာ မှန်ကန်စွာ ထွက်ဆိုသော သက်သေများဖြစ်သည်ဟု သုံးသပ်ကောက်ယူနိုင်သည်။

ဒုရဲအုပ် (စခန်းမှူး) ဦးမြင့်အောင်၏ ထွက်ချက်အရ အယူခံတရားလို တင်ကြူတို့ (၄) ဦးမှာ ခါးပိုက်နှိုက်အဖွဲ့ တစ်ဖွဲ့တည်းမှ ဖြစ်၍ မှတ်မိခြင်းဖြစ်ပြီး ယခင်ပြစ်ချက်ဟောင်း ရှိသူများဖြစ်ကြောင်း တွေ့ရသည်။ ဒုရဲအုပ် ဦးမျိုးညွန့်၏ ထွက်ချက်အရ အချင်းဖြစ်ပြီးနောက် ၈ နာရီအတွင်း၌ တရားခံခင်မောင်ဦးကို လှိုင်မြို့နယ်နေယောက်ဖဖြစ်သူ ပေါင်မုန့်၏ နေအိမ်တွင် ဖမ်းဆီးမိခဲ့ပြီး ၎င်း၏ထုတ်ဖော်ချက်အရ တင်ကြူ၊ မြင့်ကျော်နှင့် လှထွန်းတို့ကို အင်းစိန်ဘူတာရုံလမ်း တိုင်းကျော်လက်ဖက်ရည်ဆိုင်တွင် ထွက်ပြေးတိမ်းရှောင်ရန် ချိန်းတွေ့နေကြစဉ် ဖမ်းဆီးမိခဲ့ကြောင်း တွေ့ရသည်။

မူလမှုတွင် လှထွန်းသည် ငွေ ၁၀၄/-ကျပ်နှင့် ခါးမြှောင်တစ်ချောင်းကို ရှာဖွေပုံစံ (ဆ)တွင်လည်းကောင်း၊ တင်ကြူသည် ငွေ ၇၉/-ကျပ်၊

ခါးမြှောင်တစ်ချောင်းနှင့်ငင်း ဝေစုအဖြစ် ရရှိခဲ့သော ၂၂၀/-ကျပ်ဖြင့် ဝယ်ယူခဲ့သည့် ကတ္တီပါသားရေဖိနပ်တစ်ရံတို့ကို ရှာဖွေပုံစံ (ဂ) တွင် လည်းကောင်း၊ ပူးတွဲတရားခံ ခင်မောင်ဦးသည် ငွေ ၅၁၀/-ကျပ်နှင့် ခါးမြှောင်တစ်ချောင်းကို ရှာဖွေပုံစံ (ခ) တွင်လည်းကောင်း၊ မြင့်ကျော် (ခ)တင်ဝင်းသည် ငွေ ၁၀၃/-ကျပ် ဘလိတ်ဓားတစ်ချောင်းနှင့် စကေဘာ တစ်ချောင်းတို့ကို ရှာဖွေပုံစံ (ဃ)တွင်လည်းကောင်း မိမိတို့အသိုးသိုးက အချင်းဖြစ်သည့် ခါးပိုက်နှိုက်မှုမှ ရရှိသည့် ဝေစုများဖြစ်ပြီး အချင်းဖြစ် စဉ်က ကိုင်ဆောင်ခဲ့သော ခါးမြှောင်များဖြစ်ကြောင်း ဝန်ခံလက်မှတ်ရေး ထိုးပေးအပ်ခဲ့ကြသည်။ ဒုရဲအုပ် ဦးမျိုးညွှန့်နှင့် ဒုရဲအုပ် (စခန်းမှူး) ဦးစိုး သိန်းတို့အား တရားရုံးက စစ်ဆေးခဲ့စဉ်က အယူခံတရားခံတို့ဘက်မှ ရှာဖွေပုံစံပါ အချက်များနှင့် စပ်လျဉ်း၍ အကြောင်းယုတ္တိခိုင်လုံစွာဖြင့် ပြန်လည်မေးမြန်း ချေပနိုင်ခဲ့ခြင်း မတွေ့ရပေ၊ ခင်မောင်ဦးက ရှာဖွေပုံစံပါ လက်မှတ်မှာ မိမိလက်မှတ်မှန်ကန်ပြီး မိမိထံမှ သိမ်းဆည်းခဲ့သော ငွေနှင့် ပစ္စည်းများ မှန်ကန်သည်ဟု ဝန်ခံထွက်ဆိုခဲ့သည်။ ရဲက အတင်းခိုင်း၍ မိမိက ရှာဖွေပုံစံတွင် လက်မှတ်ရေးထိုးပေးခဲ့ရသည်ဟု မြင့်ကျော်က ငြင်းဆိုသော်လည်း သက်သေတင်ပြနိုင်ခြင်း မရှိချေ။

ထို့ကြောင့် ဖော်ပြပါ တရားလိုပြ သက်သေထွက်ချက်များနှင့် အထောက် အထားများအရ မူလရုံး တရားခံ တင်ကြူတို့ (၄) ဦးအား အကြိုတူ နှင့် ကျူးလွန်ခဲ့ကြသည်ဟု ပြစ်မှုထင်ရှား တွေ့ရှိခဲ့သည့် တိုင်းတရားရုံး၏ အမိန့်မှာ ခိုင်လုံမှန်ကန်ကြောင်း သုံးသပ်ရသည်။

သေသူနိုင်ဝင်းအား ခါးဖြင့် ထိုးခဲ့ကြသော လှထွန်းနှင့် တင်ကြူတို့က ၎င်းတို့သည် စွဲချက်ပါ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (ခ) (ဂ)/၃၄ အရ ပြစ်မှု၏ အဓိပ္ပာယ်နှင့် ပြစ်ဒဏ်အတိမ်အနက်ကို မသိရှိသဖြင့် အပြစ်ရှိသည်ဟု မှားယွင်းဝန်ခံမိခဲ့ခြင်း ဖြစ်သည်ဟု အကြောင်းပြသော်လည်း မူလအမှုတွဲ နေ့စဉ်မှတ်တမ်းတွင် အမှုစစ်ဆေးသူ ဒုတိယတိုင်းတရားသူကြီးက စွဲချက် ကို ဖတ်ကြားရှင်းလင်း ပြောပြရာ တရားခံ လှထွန်းနှင့် တင်ကြူတို့က သိရှိကြောင်းနှင့် စွဲချက်ပါပြစ်မှုအရ အပြစ်ရှိကြောင်း ဝန်ခံခဲ့ခြင်း ဖြစ်သည်ကိုတွေ့သည်။ ထို့ပြင် တရားခံလှထွန်းနှင့် တင်ကြူ အပါအဝင် တရားခံ (၄) ဦးစလုံးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၀ (၁) နှင့် တရားရုံးများ လက်စွဲအပိုဒ် ၄၅၇ ပြဋ္ဌာန်းချက်ပါအတိုင်း ဥပဒေ တတ်ကျွမ်းသူ ရှေ့နေရှေ့ရပ်ဖြင့် ခုခံချေပခွင့်ကို ဥပဒေနှင့်အညီ ရရှိခဲ့ပြီး

၁၉၉၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် တင်ကြူပါ-၄ နှင့် တင်ကြူပါ-၄ ပြည်ထောင်စု မြန်မာနိုင်ငံတော်

ဖြစ်သည့်ပြင် တရားလိုပြသက်သေများအား ပြန်လှန်မေးခွန်း မေးမြန်း စစ်ဆေးခွင့်တို့ကို လွတ်လပ်စွာ ရရှိခဲ့ပြီး ဖြစ်သည်ဟု တွေ့ရသောကြောင့် အမှုအတိမ်အနက်ကိုနားမလည်၍ အပြစ်ရှိကြောင်း မှားယွင်း ဝန်ခံမိခဲ့သည်ဟု တင်ပြချက်ကို လက်ခံဖွယ်ရာ မရှိပေ။

ပူးတွဲတရားခံ ခင်မောင်ဦးနှင့် မြင့်ကျော်(ခ) တင်ဝင်း (ခ) နဂါးပတ် တို့က မိမိတို့နှစ်ဦးသည် အချင်းဖြစ်ပြစ်မှုကို ကျူးလွန်ရာတွင် ပူးပေါင်း ပါဝင်ကျူးလွန်ခဲ့ခြင်း မရှိသည့်ပြင် အချင်းဖြစ်ချိန်က အချင်းဖြစ်နေရာ တွင် မရှိကြကြောင်း ချေပထွက်ဆိုကြသော်လည်း ၎င်းတို့နှစ်ဦးက ယင်း အချက်မှန်ကြောင်း သက်သေအထောက်အထား လုံးဝတင်ပြထားခြင်း မရှိသောကြောင့် ယုံကြည်လက်ခံရန် ခဲယဉ်းသည်။ မျက်မြင်သက်သေ မောင်မျိုးဝင်းဦး၏ ထွက်ချက်၌ အဆိုပါ တရားခံ နှစ်ဦးတို့သည်လည်း သေသူ မောင်နိုင်ဝင်း၊ မောင်မိုးကြည်နှင့် မိမိတို့အား လက်နက်များဖြင့် ဝိုင်းဝန်းထိုးကြိတ်ရာတွင် ပါဝင်ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထွက်ဆိုထားသည့် ပြင် ဒုရဲအုပ် (စခန်းမှူး) ဦးမြင့်အောင်ကလည်း ခင်မောင်ဦးနှင့် မြင့်ကျော် (ခ) နဂါးပတ်တို့မှာ ဓါးမြှောင်နှင့် စကေဘာတို့ကို ကိုယ်စီ စွဲကိုင်လျက် အချင်းဖြစ်သည့် နေရာကို ဝိုင်းထားကြသည်ကို တွေ့မြင်ရသည်ဟု မျက်မြင်သက်သေအဖြစ် ထောက်ခံထွက်ဆိုထားသည်ကို တွေ့ရသည်။ ယင်းတရားခံ နှစ်ဦးတို့ထံမှ ပြစ်မှုကျူးလွန်၍ ရရှိသော ဝေစုငွေများနှင့် အချင်းဖြစ်စဉ်က ကိုင်ဆောင်ခဲ့သော လက်နက်တို့ကို ရှာဖွေပုံစံဖြင့် သိမ်း ဆည်းရရှိခဲ့သည့် အထောက်အထားလည်း ရှိနေသည်။ ထို့ကြောင့် အဆိုပါ ပူးတွဲ တရားခံနှစ်ဦးအပေါ် ပြစ်မှုထင်ရှား တွေ့ရှိခဲ့သည့် တိုင်းတရားရုံး၏ အမိန့်မှာ ထင်ကြေးသက်သက်ဖြင့် အပြစ်ပေးခဲ့သည်ဟုဆိုရန် မဖြစ်နိုင်ပေ။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၀ တွင် ခိုးမှုကျူးလွန်ရန်သော်လည်း ကောင်း၊ ခိုးမှုကျူးလွန်ရာတွင်သော်လည်းကောင်း၊ ခိုးမှုကျူးလွန်၍ ရရှိသော ပစ္စည်း ကို သယ်ရာတွင် သို့မဟုတ် သယ်ယူရန် အားထုတ်ရာတွင် သော်လည်းကောင်း အထမြောက်စေရေးအတွက် ပြစ်မှုကျူးလွန်သူသည် မိမိ အလိုအလျောက် တစ်ဦးတစ်ယောက်သောသူအား သေစေခြင်းကိုဖြစ်စေ၊ နာကျင်စေခြင်းကိုဖြစ်စေ၊ မတရား တားဆီးခြင်းကိုဖြစ်စေ၊ တစ်မုဟုတ်ချင်း သေစေမည် သို့မဟုတ် တစ်မုဟုတ်ချင်း နာကျင်စေမည်ဟု သို့မဟုတ် တစ်မုဟုတ်ချင်း မတရား တားဆီးခြင်းခံရစေမည်ဟု ကြောက်အောင်

ဖြစ်စေ ပြုလျှင် သို့တည်းမဟုတ် ထိုသို့ပြုရန် အားထုတ်လျှင် ထိုခိုးမှုသည် လုယက်မှုဖြစ်လာသည်ဟု ပြဋ္ဌာန်းဖော်ပြထားသည်။

ယခု အချင်းဖြစ်ပွားသော ခါးပိုက်နှိုက်မှု (ခိုးမှု)၌ မျက်မြင်သက်သေ မောင်မျိုးဝင်းဦး၏ ထွက်ချက်အရ သေသူ မောင်နိုင်ဝင်းသည် ၎င်းထံမှ ငွေများကို နှိုက်ယူသွားခဲ့သော ခါးပိုက်နှိုက် လှထွန်းကို ချက်ချင်း တွေ့မြင်၍ မိမိကိုယ်တိုင် ဖမ်းဆီးခဲ့ပြီး ၎င်းက လှထွန်း၏ ဂုတ်ကို ဆွဲကိုင်၍ ကားပေါ်မှ ဆင်းခဲ့စဉ် အနှိုက်ခံရသော ငွေများကို ပြန်တောင်းရာ၌ လှထွန်းနှင့် တင်ကြူတို့က အသင့်ယူဆောင်လာသော ခါးမြှောင်ကိုယ်စီ ဖြင့် သေသူကို ဝိုင်းဝန်းထိုးသတ်ခဲ့ကြကြောင်း၊ လှထွန်းက မောင်မျိုးဝင်းဦးကိုလည်း ခါးမြှောင်ဖြင့် ထိုး၍ ညာဘက်လက်သန်းတွင် ခါးဒဏ်ရာ ရရှိသွားစေခဲ့သည့်ပြင် မောင်မျိုးဝင်းဦး၏ နောက်သို့ပင် လိုက်လံ၍ ထပ်မံထိုးရန် အားထုတ်ခဲ့ကြောင်း၊ အပေါင်းပါ တရားခံ ခင်မောင်ဦးနှင့် မြင့်ကျော်တို့ နှစ်ဦးကလည်း ခါးမြှောင်နှင့် စကေဘာကိုယ်စီ စွဲကိုင်၍ သေသူတို့လူစုကို ဝိုင်းဝန်းထားပြီး မောင်မျိုးဝင်းဦး၊ မောင်မိုးကြည်နှင့် သေသူ မောင်နိုင်ဝင်းတို့ကို ဝိုင်းဝန်း၍ ထိုးကြိတ်ခဲ့ကြကြောင်း၊ ထို့နောက် ၎င်းတို့ (၄) ဦးအတူ ကမာရွတ်ချစ်တီးဘုရားကျောင်းလမ်းအတွင်း ပင်ပြေးသွားခဲ့ကြရာ မျက်မြင်သက်သေ ဒုရဲအုပ် (စခန်းမှူး) ဦးမြင့်အောင်က လိုက်လံဖမ်းဆီးသော်လည်း လွတ်မြောက်သွားခဲ့ကြကြောင်းတို့မှာ သက်သေအထောက်အထား ကွင်းဆက်မပြတ် ထင်ရှားပေါ်လွင်နေသည်။

တရားခံလှထွန်းနှင့် အပေါင်းပါတို့က အချင်းဖြစ်ကားပေါ်တွင် သေသူ မောင်နိုင်ဝင်းထံမှ ငွေများကို ခါးပိုက်နှိုက်ယူမှု (ခိုးမှု) ကျူးလွန်နေစဉ် ခါးလက်နက်တို့ဖြင့် ကြောက်အောင် ပြုလုပ်ခဲ့ခြင်း မရှိသည်မှာ အငြင်းမပွားချေ။ သို့သော် လှထွန်းနှင့် အပေါင်းပါတရားခံ (၄) ဦးကို့သည် ယင်းသို့ ခါးပိုက်နှိုက်ယူ၍ ရရှိသော ငွေများကိုယူ၍ ထွက်ပြေးလွတ်မြောက်နိုင်စေရန်အတွက် ရန်းကန်ကြိုးစားအားထုတ်နေစဉ် ငွေအနှိုက်ခံရသော သေသူ မောင်နိုင်ဝင်းနှင့် အပေါင်းပါသူငယ်ချင်းတစ်စုအား ဓားမြှောင်များဖြင့် ဝိုင်းထိုး၍ နှိမ်နင်းဟန့်တားထားခဲ့ကြသည့်ပြင် မောင်နိုင်ဝင်းကို ခါးဖြင့် ထိုးသတ်ပြီး ထွက်ပြေးလွတ်မြောက်သွားခဲ့ကြခြင်းဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ အရ ခိုးမှုမှ ယင်းဥပဒေပုဒ်မ ၃၉၂ အရ လုယက်မှုအဆင့်သို့ လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၃၉၂ အရ လုယက်မှုမှ ပုဒ်မ ၃၀၂ (၁)(ဂ)/၃၄ အရ ပြစ်မှုကို ကျူးလွန်ခဲ့သည့် အဆင့်သို့လည်းကောင်း ကူး

ပြောင်း၍ တစ်ဆက်တည်း ဆက်တိုက် အောင်မြင်အထမြောက်စွာ ကျူးလွန်ခဲ့ကြောင်း ကွင်းဆက်မပြတ် တွေ့ရှိရသည်။

အပေါင်းပါတရား၁ ခင်မောင်ဦးနှင့် မြင့်ကျော်တို့နှစ်ဦးမှာ ခါးမြှောင်၊ စကေဘာ ကိုယ်စီစွဲကိုင်၍ ခါးပိုက်နှိုက်ခံရသော ငွေများကို လိုက်လံ၍ ပြန်တောင်းခံသူ မောင်နိုင်ဝင်းတို့ လူစုကို ဝိုင်းဝန်းနှိမ်နင်းထားကြကြောင်း၊ ၎င်းတို့နှစ်ဦးမှာ လှထွန်းနှင့် တင်ကြူတို့ ခါးပိုက်နှိုက်အဖွဲ့တွင် တစ်ဖွဲ့တည်း ပါဝင်သူများ ဖြစ်ပြီး ပြစ်ချက်ဟောင်းများ ရှိဖူးကြောင်း၊ တရား၁ မြင့်ကျော်က ၎င်းသည် တောင်ဥက္ကလာပမြို့နယ် တရားရုံး၌ လက်နက်မှု၊ ခါးပိုက်နှိုက်မှုဖြင့် ထောင်ဒဏ် (၇) နှစ် ပြစ်ဒဏ်ချမှတ်ခံခဲ့ရဖူးသူဖြစ်သည်ဟု ဝန်ခံထွက်ဆိုခဲ့ကြောင်းတို့မှာ သက်သေအထောက်အထားများအရ ထင်ရှားပေါ်လွင်သည်။ တရား၁ (၄) ဦး စလုံးထံတွင် အချင်းဖြစ်ရာမှ ရရှိသော ဝေစုငွေများနှင့် ခါးမြှောင်တို့ကိုလည်း ရဲစခန်းက သိမ်းဆည်းတင်ပြနိုင်ခဲ့သည်။ ယင်းသို့ ပေါ်လွင်သည့် သက်သေအထောက်အထားများကို အချင်းဖြစ်စဉ်က လှထွန်းနှင့် အပေါင်းပါ တရား၁ (၄) ဦးတို့၏ လှုပ်ရှားကျူးလွန်ခဲ့ပုံများနှင့် ဆက်စပ်သုံးသပ်ပါက ၎င်းတို့အသီးသီးသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ) အရ ပြစ်မှုကို ယင်းဥပဒေပုဒ်မ ၃၄ တွင် ဖော်ပြထားသည့်အတိုင်း အကြံတူဖြင့် ပူးပေါင်းကျူးလွန်ခဲ့ကြကြောင်း ထင်ရှားသည်ဟု ကောက်ယူရန်မှတစ်ပါး အခြားနည်း မတွေ့ရပေ။ ထို့ကြောင့် ၎င်းတို့ (၄) ဦးအား ယင်းဥပဒေပုဒ်မ ၃၀၂ (၁) (ဂ)/၃၄ အရ ပြစ်မှုထင်ရှားတွေ့ရှိခဲ့သော တိုင်းတရားရုံး၏ အမိန့်မှာ ခိုင်လုံမှန်ကန်မှုရှိကြောင်း တွေ့ရသည်။

အယူခံတရား၁ လှထွန်းတို့ (၄) ဦးက အယူခံလွှာတွင် ဖော်ပြထားသော အချက်များမှာ အမှုအဖြစ်အပျက်ကို ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း မရှိသည့်အပြင် ဥပဒေအရမှာလည်း လက်ခံနိုင်ဖွယ်ရာ မရှိဟု တွေ့ရသည်။

သက်သေခံ ဆေးစာနှင့် ဆရာဝန်၏ ထွက်ချက်တို့အရ တရား၁ လှထွန်း၊ တင်ကြူနှင့် အပေါင်းပါတရား၁တို့သည် သေသူအား ခါးမြှောင်များဖြင့် အချက်ပေါင်းများစွာ ထိုး၁ခဲ့သည့်ပြင် ဝဲဘက် ရင်အုံမှ ဖေါက်ဝင်ခဲ့သော ခါးဒဏ်ရာမှာ သေသူ၏ အဆုပ်နှင့် နလုံးကို တိုးလျှိုပေါက်ထိုးဖေါက်သွား၁ခဲ့သဖြင့် လှထွန်းတို့ ခါးပိုက်နှိုက်အဖွဲ့သည် သေသူအား ရက်ရက်စက်စက် မသေမခြင်း ထိုး၍ နှိမ်နင်းဟန့်တား၁ခဲ့ပြီး ခိုးရာပါ

ငွေများကို ယူဆောင်ထွက်ပြေးသွားခဲ့ကြခြင်း ဖြစ်သည်ဟု တွေ့ရသည်။ သို့ဖြစ်ရာ ၎င်းတို့အပေါ် ပြစ်မှုနှင့် ပြစ်ဒဏ် ပြောင်းလဲလျော့ပေါ့သက်သာရန် အကြောင်းမရှိဟု သုံးသပ်ရသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၁၂ (၁) (ဂ)/၃၄ အရ အမှုမှာ သေဒဏ်ကို မလွဲမသွေ ချမှတ်ရမည့် အမှုလည်းဖြစ်သည်။

ထို့ကြောင့် အယူခံတရားလို တင်ကြူ၊ လှထွန်း၊ ခင်မောင်ဦးနှင့် မြင့်ကျော် (ခ)တင်ဝင်းတို့ (၄) ဦးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၁) (ဂ)/၃၄ အရ သေဒဏ်အသီးသီး ကျခံစေရန် ချမှတ်ထားသည့် ရုန်ကုန်တိုင်း တရားရုံး (အနောက်ပိုင်းခရိုင်)၏ အမိန့်ကို အတည်ပြုပြီး ၎င်းတို့ (၄)ဦး တင်သွင်းသည့် အယူခံမှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့်ရှေ့တွင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နှင့်
ကိုတင်ရွှေပါ (၃) ဦး*

+ ၁၉၉၄
ဖေဖော်ဝါရီလ

လောင်းကစားဥပဒေပုဒ်မ ၁၃ (က)၊ ၁၄ (က)–ရှာဖွေဝရမ်းဖြင့် နေအိမ်ကို ဝင်ရှာရာ အယူခံတရားခံများကို တွေ့ခြင်း၊ လောင်းကစားကိရိယာများကို တွေ့ခြင်း၊ လောင်းကစားလုပ်ကိုင်ကြောင်း သတင်းရရှိခြင်း၊ လောင်းကစားအိမ်တွင် ရောက်ရှိနေကြသူများသည် မိမိတို့လောင်းကစားရန် အလို့တာ ရောက်ရှိနေခြင်း မဟုတ်ကြောင်း သက်သေပြရန် တာဝန်ရှိခြင်း၊ အယူခံတရားခံများက စက်ဘီးအရောင်းအဝယ်ကိစ္စဖြင့် ရောက်နေကြောင်း စက်ဘီးအရောင်းအဝယ် စာချုပ်ကို တင်ပြခုခံချက်ကို လက်ခံနိုင် မနိုင်။

ဆုံးဖြတ်ချက်။ သက်သေခံ (၁) စာချုပ်အရ စက်ဘီးအရောင်းအဝယ်လုပ်ကြောင်းကိုသာ သက်သေခံနိုင်သည်။ လောင်းကစားအိမ်သို့ ထိုကိစ္စသက်သက်အတွက် ရောက်နေကြောင်းကိုမူ ပေါ်လွင်အောင် သက်သေထူနိုင်ခြင်းမရှိပေ။ လောင်းကစားကြောင်း သတင်းအရ ဝရမ်းဖြင့် သွားရောက်ဖမ်းဆီးရာ လောင်းကစားကိရိယာများနှင့်အတူ အယူခံတရားခံများအား မိခြင်း၊ ထိုသို့ဝင်ရောက်ဖမ်းဆီးစဉ်က ရုတ်ရုတ်သဲသဲဖြစ်ကြောင်း တွေ့ရခြင်းတို့ကို ကျော်လွှားပြီး စက်ဘီးအရောင်းအဝယ်စာချုပ်ကို အကြောင်းပြုပြီး အယူခံတရားခံများအား မူလရုံးက အပြီးအပြတ်လွှတ်ခြင်းမှာ မှားယွင်းသည်။

အယူခံတရားလိုအတွက် – ဦးခင်မောင်ဦး၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး။

---

* ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၆၉

\+ ၁၉၉၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၉၂ တွင်ချမှတ်သော (၁၃–၈–၉၂) ရက်စွဲပါ သံလျင်မြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု

အယူခံတရားခံများအတွက် – ၁။ ဦးကိုယ်တိုင် (မလာ)
၂။ ဦးတင်ထွန်း၊ တရားရုံးချုပ်
ရှေ့နေ

သံလျင်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၉၂/၉၁ တွင် လောင်းကစား ဥပဒေပုဒ်မ ၁၃ (က)၊ ၁၄(က) အရ တရားစွဲဆိုခံရသော ကိုတင်ရွှေ၊ ကိုမြင့်သန်းဦး၊ ကိုထွန်းဝင်းတို့အား မြို့နယ်တရားရုံးက အပြီးအပြတ် လွှတ်ခဲ့သည်ကို ရှေ့နေချုပ်ရုံးမှ မကျေနပ်၍ တရားရုံးချုပ်သို့ ဤအယူခံမှုကို တင်သွင်းသည်။

အမှုမှာ ၃-၃-၉၁ နေ့ ၁၄း၄၅ နာရီခန့်တွင် သံလျင်မြို့ ဒါရက်ကာရုပ်ကွက်နေ ကိုတင်ရွှေ၏ နေအိမ်၌ လောင်းကစားဝိုင်း ပြုလုပ်နေကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး၏ လောင်းကစား ရာဖွေဝရမ်းဖြင့် ဒုရဲအုပ် မင်းလွင်၊ ရဲအရာခံ စိုးမြင့်၊ တပ်ကြပ်ကြီး ရွှေသောင်း၊ ဒုတပ်ကြပ် သန့်ဇင်၊ တပ်သား အေးဝင်းတို့သည် လုံခြုံရေးတပ်ဖွဲ့ဝင်များ (ရ-ဝ-တ) ဥက္ကဋ္ဌ ဦးဘမြင့်၊ အဖွဲ့ဝင် ဦးခင်မောင်လတ်တို့နှင့်အတူ တက်ရောက်ရာဖွေရာ အိမ်ရှင် ကိုတင်ရွှေသည် အကောက်အစားယူ၍ မြင့်သန်းဦး၊ ထွန်းဝင်း (ခ) ဖိုးစိတို့နှင့်အတူ ရှိုးဖဲကစားနေသည်ကို တွေ့ရ၍ ဖမ်းဆီးတရားစွဲဆိုခဲ့သော အမှုဖြစ်သည်။

မြို့နယ်တရားရုံးက တရားခံ တင်ရွှေ၏ အိမ်မှ ဖဲချပ်များ၊ စက္ကူကပ်ကလေးများ သိမ်းဆည်းရမိခဲ့ခြင်း၊ ပေါ်လွင်သော်လည်း၊ တရားခံများ ဖဲကစားနေသည်ကို ဒုရဲအုပ် မင်းလွင် တစ်ဦးတည်းကသာ ထွက်ဆိုကာ ကျန်သက်သေများက ထောက်ခံထွက်ဆိုခြင်း မရှိကြောင်း၊ ဒုရဲအုပ် မင်းလွင်၏ ထွက်ဆိုချက်တွင် ဦးတင်ရွှေအိမ်၏ အနောက်ဖက်အပေါက်မှ တက်ပြီး တပ်ကြပ်ကြီး ရွှေသောင်းက အရှေ့ဖက်အပေါက်မှ တက်သည်ဟု ထွက်ဆိုထားသော်လည်း တပ်ကြပ်ကြီး ရွှေသောင်းကမူ ၎င်းသည် ဦးတင်ရွှေအိမ်သို့ လိုက်မသွားဟု ထွက်ဆိုထားကြောင်း၊ (ရ-ဝ-တ) လူကြီးများကလည်း ရှာဖွေဖမ်းဆီးပြီးမှသာလျှင် ရှာဖွေပုံစံပေါ်ကွင် ၎င်းတို့လက်မှတ်ထိုးရသည်ဟု ထွက်ဆိုထားကြောင်း၊ မြင့်သန်းဦးမှာ သက်သေခံ (၁) စာချုပ်အရ စက်ဘီးဘိုး ကျန်ငွေ ကျပ် ၁၃၅၀/-ကို ကိုတင်ရွှေထံ ပေးရန် ရောက်ရှိနေသူ ဖြစ်ကြောင်း၊ ထိုအချက်ကို တရားခံများက

ပြောသည်ဟု တရားလိုပြ သက်သေ ဦးခင်မောင်လတ် နှင့် ဦးစိုးမြင့်တို့က ထွက်ဆိုထားကြောင်း၊ သို့အတွက် တရားခံများ၏ ထုချေချက်များကို ယုံကြည်စွာ လက်ခံနိုင်ကြောင်း သုံးသပ်ကာ အယူခံ တရားခံများအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့ကြောင်း တွေ့ရသည်။

ရှေ့နေချုပ်ရုံး ကိုယ်စား လိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိက လောင်းကစားဝရမ်းဖြင့် ကိုတင်ရွှေ၏ အိမ်သို့ဝင်ရှာရာ ၎င်းနှင့် ထွန်းဝင်း၊ မြင့်သန်းဦးတို့ ဖဝိုင်းထိုင်နေကြသည်ကို တွေ့ရကြောင်း၊ ဝိုင်းထဲမှ ဖဲ (၂၃) ချပ်၊ ငွေကျပ် ၁၃၇၅/–၊ မြင့်သန်းဦးအိတ်ထဲမှ ငွေကျပ် ၁၃၀၀/– ငွေအကောက်အစားပြုရာတွင် အယုံးပြုသော ပန်းရောင်တိကဒ် (၃) ခုကို သိမ်းဆည်းရမိသည်မှာ ပေါ်လွင်ကြောင်း၊ မူလရုံးက တရားခံများ ဖဲလောင်းကစားနေသည်ကို မြင်တွေ့ရသည်ဟု ဒုရဲအုပ်မင်းလွင် တစ်ဦးတည်းကသာ ထွက်ချက်ရှိနေသည့်အတွက် ၎င်းတစ်ဦးတည်း၏ ထွက်ချက်ကို လက်မခံနိုင်ဆိုသော မူလရုံး၏ သုံးသပ်ချက် မှားယွင်းကြောင်း၊ တရားခံများသည် စက်ဘီးအရောင်းအဝယ်လုပ်ရန် ရောက်ရှိနေကြသည်ဆိုသော အချက်ကို မူလရုံးက လွယ်လင့်တကူ လက်ခံယုံကြည်ခြင်းမှာ မှားယွင်းချွတ်ချော်နေကြောင်း အဓိကထားလျှောက်လဲသည်။

အယူခံတရားခံ ကိုတင်ရွှေနှင့် ဖိုးစီ (ခေါ်) ထွန်းဝင်းတို့ အမှုကြားနာသည့်နေ့က ရောက်မလာကြဘဲ အယူခံတရားခံ မြင့်သန်းဦးအတွက် အကျိုးဆောင်လာ၍ လျှောက်လဲသည်။ လျှောက်လဲရာတွင် စက်ဘီးအရောင်းအဝယ်ဖြင့် မြင့်သန်းဦး ရောက်နေသည်မှာ ထင်ရှားကြောင်း၊ မြင့်သန်းဦးမှာ ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေး တံဆိပ်ရရှိထားသော မြန်မာ့ရေနံခါတုလုပ်ငန်းမှ လုပ်သက်ရင့် ဝန်ထမ်းတစ်ဦး ဖြစ်ကြောင်း လျှောက်လဲသည်။

ဤအမှုတွင် သက်သေခံ (က) ရှာဖွေဝရမ်းဖြင့် ကိုတင်ရွှေ၏ နေအိမ်ကို ဝင်ရှာရာ အယူခံတရားခံများကို တွေ့ခြင်း၊ လောင်းကစားကိရိယာများ တွေ့ခြင်းမှာ ထင်ရှားနေသည်။ ဒါရကာတွင် လောင်းကစားလုပ်နေကြောင်း သတင်းရသည်မှာလည်း ပေါ်ပေါက်သည်။ ထို့ကြောင့် လောင်းကစားအိမ်တွင် ရောက်ရှိနေကြသူများသည် မိမိတို့ လောင်းကစားရန်အလို့ငှာ ရောက်ရှိနေခြင်း မဟုတ်ကြောင်း သက်သေပြရန် ၎င်းတို့တွင် တာဝန်ရှိသည်။ တရားခံများက စက်ဘီးအရောင်းအဝယ်ဖြင့် ရောက်နေကြောင်း သက်သေခံ (၁) စက်ဘီးအရောင်းအဝယ်စာချုပ် တင်ပြပြီး သက်သေ

ထူသည်။ ဤသည်ကို လက်ခံပြီး မြို့နယ်တရားရုံးက အပြီးအပြတ်လွှတ်ခြင်းဖြစ်သည်။

သက်သေခံ (၁) စာချုပ်အရ စက်ဘီးအရောင်းအဝယ် လုပ်ကြောင်းကို သာ လက်ခံနိုင်သည်။ လောင်းကစားအိမ်သို့ ထိုကိစ္စသက်သက်အတွက် ရောက်နေကြောင်းကိုမူ ပေါ်လွင်အောင် သက်သေထူနိုင်ခြင်း မရှိပေ။

လောင်းကစားကြောင်း သတင်းရ၍ ဝရမ်းဖြင့် သွားရောက်ဖမ်းဆီးရာ လောင်းကစားကိရိယာများနှင့်အတူ အယူခံတရားခံများအားမိခြင်း၊ ထိုသို့ ဝင်ရောက်ဖမ်းဆီးစဉ်က ရုတ်ရုတ်သဲသဲ ဖြစ်ကြောင်းကို တွေ့ရခြင်းတို့ကို ကျော်လွှားပြီး စက်ဘီးအရောင်းအဝယ်စာချုပ်ကို အကြောင်းပြုပြီး အယူခံတရားခံများအား မူလရုံးက အပြီးအပြတ်လွှတ်ခြင်းမှာ မှားယွင်းပေသည်။

ဤအယူခံကို ခွင့်ပြုသည်။ အယူခံတရားခံ တင်ရွှေ၊ ဖိုးစိ(ခ) ထွန်းဝင်းနှင့် မြင့်သန်းဦးတို့အား မူလရုံးက အပြီးအပြတ်လွှတ်ထားသော အမိန့်ကို ပယ်ဖျက်ကာ အဘ ဦးကျော်နိ၏သား အယူခံတရားခံ ကိုတင်ရွှေအား လောင်းကစားဥပဒေပုဒ်မ ၁၄ (က) အရ ပြစ်မှုထင်ရှားစီရင်၍ အလုပ်နှင့် ထောင်ဒဏ် တစ်နှစ်ကျခံစေရန်လည်းကောင်း၊ အဘ ဦးမောင်ဝင်း၏သား ကိုထွန်းဝင်း (ခ) ဖိုးစိနှင့် အဘ ဦးသာရင်၏သား ကိုမြင့်သန်းဦးတို့အား လောင်းကစား ဥပဒေပုဒ်မ ၁၃ (က)အရ ပြစ်မှု ထင်ရှားစီရင်၍ အလုပ်နှင့် ထောင်ဒဏ်ခြောက်လစီ ကျခံစေရန်လည်းကောင်း အမိန့်ချမှတ်သည်။

သက်သေခံပစ္စည်း ငွေကျပ် ၂၆၇၂/-ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်း၍ ကျန်သက်သေခံပစ္စည်းများကို ဖျက်ဆီးရန်ဖြစ်သည်။

ပြစ်မှုဆိုင်ရာ အယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးသန်းဖေ ရှေ့တွင်

+၁၉၉၄
သြဂုတ်လ
၃၀ ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ထွန်းမောင် *

၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများနည်း ဥပဒေ ၄၃ (က) အရ တမင်တိန်ချန်ခြင်းသည် အားပေးကူညီရာ ရောက်ခြင်း။

အမာခံ သတင်းပေးတစ်ဦးထံမှ အိမ်ရှင် ဦးထွန်းမောင်အိမ်တွင် မူးယစ် ဆေးဝါးရောက်ရှိနေကြောင်း သတင်းရရှိခြင်း၊ သက်သေခံဘိန်းထုပ် အား ဦးသည်က အိမ်ရှင်မီးလုံနေသည့်မီးဖိုအောက်တွင် ဝှက်သိမ်းသည်ကို အိမ်ရှင်ကသိရှိလျက်နှင့် သက်ဆိုင်ရာ ရဲအရာရှိများကို အမှန်အတိုင်း မပြောပြခဲ့သည်မှာ ဦးသည်၏ လက်ဝယ်တွင် မူးယစ်ဆေးဝါးထားရှိမှုကို ထိန်ချန်ရာရောက်၍ အားပေးကူညီရာရောက်ခြင်း။

ဆုံးဖြတ်ချက်။ ရဲအရာခံ ဦးခင်မောင်ညိုက အထောက်တော် တစ်ဦး၏ သတင်းပေးချက်အရ ဦးထွန်းမောင်အိမ်တွင် ဘိန်းကုန်သည် ရောက်ရှိနေကြောင်း သတင်းရရှိ၍ ယင်းအိမ်သို့ တက်ရောက်ကြကြောင်း ထွက်ဆိုထားပြီး အိမ်ရှင်ဦးထွန်းမောင်က ဦးသည် မောင်မောင်တက်လာပြီး (၁၀) မိနစ် (၁၅)မိနစ်ခန့်အကြာတွင် ရဲများရောက်ရှိလာကြောင်း ထွက်ဆို ထားသည်၊ ၎င်း၏ ထွက်ဆိုချက်နှင့် ရဲအရာခံ ဦးခင်မောင်ညိုတို့၏ ထွက်ဆိုချက်နှစ်ရပ်ကို ဆက်စပ်ကြည့်ပါက သတ်သေခံ ဘိန်းထုပ်အား မောင်မောင်က ဦးထွန်းမောင် မီးလုံနေစဉ် မီးဖိုအောက်တွင် ဝှက်သိမ်းသည်ကို ဦးထွန်းမောင်သိရှိသည်ဟုသာသုံးသပ်ရပေမည်၊ သို့အတွက် သက်သေခံ ဘိန်းထုပ်အား ဦးသည် မောင်မောင်၏ လက်ဝယ်ထားရှိမှုကို အိမ်ရှင် ဦးထွန်းမောင်သိပါလျက်နှင့် သက်ဆိုင်ရာ ရဲအရာရှိများသို့ အမှန်အတိုင်း

---

* ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၆၆

\+ ၁၉၉၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၉ တွင် ချမှတ်သော (၂၆-၁၁-၉၂) ရက်စွဲပါ စစ်ကိုင်းတိုင်း (ကသာခရိုင်) တရားရုံး၏ အမိန့်ကို အယူခံမှု

ဦးထွန်းမောင်က မပြောပြခဲ့သည်မှာ မောင်မောင်၏ လက်ဝယ်ထားရှိမှုကို ထိန်ချန်ရာရောက်သည်၊ ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ နည်းဥပဒေပုဒ်မ ၄၃ (က) တွင် အားပေးကူညီခြင်းဆိုသည်မှာ ဥပဒေအရ ပြစ်မှုတစ်ခုခုကို ကျူးလွန်စေရန် လှုံ့ဆော်ခြင်း၊ တမင်ကူပံ့ခြင်း သို့မဟုတ် တမင်ထိန်ချန်ခြင်းတို့ကို ဆိုလိုသည်ဟု ပြဋ္ဌာန်းထားသည်၊ သို့အတွက် အိမ်ရှင် ဦးထွန်းမောင်သည် ဧည့်သည်ဖြစ်သူမောင်မောင်က ဘိန်းထုပ်ဝှက်သိမ်းမှန်းသိလျက်နှင့် တမင်ထိန်ချန်သည့်သဘော ပေါ်လွင်လျက်ရှိသည်။

အယူခံတရားလိုအတွက် – ဦးအုံကြည်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

အယူခံ တရားခံအတွက် – ကိုယ်တိုင် (မလာ)

စစ်ကိုင်းတိုင်း တရားရုံး (ကသာခရိုင်) ၏ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၉/၉၂ တွင် အယူခံ တရားခံ ထွန်းမောင်အပေါ် ၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က (ခ) အရ စွဲချက်တင် စစ်ဆေးပြီးနောက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၈ (၁) အရ အမှုမှ အပြီးအပြတ်လွှတ်ခဲ့သည့်အမိန့်ကို ရှေ့နေချုပ်ရုံးမှ မကျေနပ်၍ ဤအယူခံကို တရားရုံးချုပ်သို့ တင်သွင်းသည်။

အမှုမှာ ၇–၁၁– ၉၂ ရက်နေ့ နေ့လည် (၁၁) နာရီခန့်အချိန်တွင် ကသာမြို့ အထူးမူးယစ်အဖွဲ့မှ ဒုရဲအုပ်မြင့်အောင်က ၎င်းဦးဆောင်သော အဖွဲ့သည် သတင်းအရ ထီးချိုင့်မြို့ အမှတ် (၄) ရပ်ကွက်နေ ဦးထွန်းမောင်၏ နေအိမ်သို့ သက်သေများနှင့်အတူဝင်ရောက်ရှာဖွေကြောင်း၊ အိမ်ရှေ့ခန်း မီးဖိုအနီးတွင် အိမ်ရှင် ထွန်းမောင်နှင့် ဧည့်သည် မောင်မောင်တို့အား တွေ့ရပြီး ၎င်းတို့ ထိုင်နေသည့်နေရာအနီးရှိ မီးဖိုအောက်မှ မှိုင်းခံစက္ကူဖြင့် ထုပ်ထားသော ဘိန်းမဲ(၀.၃၂၇) ကီလိုဂရမ်ခန့်ကို ရှာဖွေတွေ့ရှိကြောင်း ဖော်ပြလျက် ထီးချိုင့် ရဲစခန်းတွင် တိုင်ချက်ဖွင့်ခဲ့သော အမှုဖြစ်သည်။ တရားခံထွန်းမောင်နှင့် မောင်မောင်တို့အား မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၆–က (ခ)/၁၄ (ဃ) အရ တရားစွဲဆိုတင်ပို့ခဲ့ရာ မောင်မောင်ကို ယင်းဥပဒေပုဒ်မ ၆(ခ) အရ ထောင်ဒဏ် (၅) နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တရားခံ ထွန်းမောင်တွင် အပြစ်မရှိဟု သုံးသပ်ကာ အပြီးအပြတ် လွှတ်ခဲ့သော အမှုဖြစ်သည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးမှ ဥပဒေ အရာရှိက ဒုရဲအုပ်မြင့်အောင် (လိုပြ–၁)၏ ထွက်ချက်အရ အခင်းဖြစ်နေ့က ထီးချိုင့်မြို့အမှတ်(၄)ရပ်ကွက်နေ ဦးထွန်းမောင်၏နေအိမ်တွင် မူးယစ်ဆေးဝါး များ ရောက်ရှိနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ အိမ်ရှင်တရားခံ ဦးထွန်းမောင်နှင့် ဧည့်သည် မောင်မောင်တို့အား အိမ်ရှေ့မီးဖိုဘေး၌ ထိုင်နေသည်ကိုတွေ့ရကြောင်း၊ မောင်မောင်က ၎င်းတို့အနီးရှိ မီးဖိုအောက်မှ အခင်းဖြစ် ဘိန်းထုပ်ကို ထုတ်ပေး၍ သိမ်းဆည်းခဲ့သည်ဟု မူလအမှုတွင် အထင်အရှား ပေါ်ပေါက်ကြောင်း၊ ရဲအရာခံ ဦးခင်မောင်ညို (လိုပြ–၂) ၏ ထွက်ချက်အရ အိမ်ရှင် ဦးထွန်းမောင်က ယင်းပစ္စည်းများမှာ တရားခံ မောင်မောင်ယူလာသည့် ပစ္စည်းများဖြစ်သည်ဟု ထွက်ဆိုထားကြောင်း၊ ဦးစက်ရွှေ (လိုပြ–၃) ၏ ထွက်ချက်အရ အချင်းဖြစ်နေ့က တရားခံ ဦးထွန်းမောင်၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာတွင် ၎င်းနှင့် (ရဝတ) ဥက္ကဋ္ဌ ဦးချစ်မောင်တို့ သက်သေအဖြစ်လိုက်ပါခဲ့ကြောင်း၊ အိမ်ပေါ်သို့ ၎င်းက ရှေ့မှတက်သွားပြီး အိမ်ပေါ်ရောက်သည့်အခါ တရားခံ မောင်မောင်က ၎င်းတို့အနီးရှိ မီးဖိုအောက်မှ ဘိန်းမဲများထုတ်ပေးသည်ကို တွေ့ရကြောင်း၊ ရှာဖွေပုံစံ၌ တရားခံ မောင်မောင်က လက်မှတ်ရေးထိုးပေးအပ်ခဲ့ကြောင်း၊ နှစ်ဖက် သက်သေခံချက် အထောက်အထားများအရ အချင်းဖြစ် ဘိန်းမဲများ မှာ တရားခံမောင်မောင် ယူလာခဲ့သည်ကို တရားခံ ထွန်းမောင် ကိုယ်တိုင် သိရှိကြောင်း၊ တရားခံ ထွန်းမောင်၏ အိမ်ပေါ်မှ သက်သေခံ ပစ္စည်း ဘိန်းမဲများကို သိမ်းဆည်းရမိခြင်းဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် တရားခံ ထွန်းမောင်သည် တရားခံမောင်မောင် ဘိန်းရောင်းဝယ် လုပ်ကိုင်ခြင်းကို ကိုယ်တိုင်ကူညီပါဝင်ဆောင်ရွက်ခဲ့ကြောင်း ပေါ်ပေါက်ပါလျက် တရားခံ ထွန်းမောင်အား တရားသေလွတ်ခဲ့သည်မှာ မှားယွင်းနေပါကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားခံဘက်မှ လာရောက်လျှောက်လဲတင်ပြခြင်း မရှိပေ။

မူလရုံးအမှုတွဲကို လေ့လာသောအခါ ဒုရဲအုပ်မြင့်အောင်က ထီးချိုင့် ရဲစခန်းသို့ စာရေးတိုင်တန်းသည့်စာ (သက်သေခံ–ခ) တွင် အချင်းဖြစ်အိမ်မှ သိမ်းဆည်းရမိသော ဘိန်းမဲအလေးချိန်မှာ (၀.၃၂၇) ကီလိုခန့်ဖြစ်ကြောင်း ဖော်ပြထားသကဲ့သို့ ယင်းသက်သေခံ ပစ္စည်းဘိန်းထုပ်ကို သိမ်းဆည်းစဉ်က ပြုလုပ်ခဲ့သည့် ရှာဖွေပုံစံ (သက်သေခံ–က) တွင်လည်း သိမ်းဆည်းရမိသော ဘိန်းမဲအလေးချိန်မှာ (၀.၃၂၇) ကီလိုခန့်ဟု ဖော်ပြထားသည်။ ထိုကြောင့်

အယူခံတရားခံ ဦးထွန်းမောင်အိမ်မှ တွေ့ရှိ၍ သိမ်းဆည်းရမိခဲ့သည့် ဘိန်းမဲအလေးချိန်မှာ (၀.၃၂၇) ကီလိုဂရမ်ခန့်ဖြစ်ကြောင်း ထင်ရှားသော ကြောင့် တရားရုံးချုပ်က ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၆ (ခ)/၉၂ တွင် မူလရုံးက မောင်မောင်အပေါ် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဆေးဖြစ်စေ တတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆ (ခ) အရ ပြစ်မှုထင်ရှားတွေ့ရှိချက်ကို ပယ်ဖျက်၍ ထိုဥပဒေပုဒ်မ ၆–က(ခ) အရ ပြစ်မှုထင်ရှားစီရင်ခဲ့ကြောင်း တွေ့ရှိရသည်။

ဤအမှုတွင် ရှေ့နေချုပ်ရုံးမှ တင်ပြသကဲ့သို့ ဧည့်သည်မောင်မောင်၏ လက်ဝယ်မှ တွေ့ရှိသိမ်းဆည်းခဲ့သော ဘိန်းမဲထုပ်သည် အိမ်ရှင်ဦးထွန်းမောင် ၏ မီးဖိုအောက်တွင် ရှိနေကြောင်းကို ဦးထွန်းမောင် သိရှိမှုရှိနိုင် မရှိနိုင် စဉ်းစားသုံးသပ်ရန်ဖြစ်သည်။ ဒုရဲအုပ်မြင့်အောင်က အမာခံ သတင်းပေး တစ်ဦးထံမှ ဦးထွန်းမောင်အိမ်တွင် မူးယစ်ဆေးဝါးရောက်ရှိနေကြောင်း သတင်းရရှိ၍ ယင်းအိမ်သို့ တက်ရောက်ကြောင်းထွက်ဆိုထားသည်။ ရဲအရာခံ ဦးခင်မောင်ညိုက အထောက်တော်တစ်ဦး၏ သတင်းပေးချက်အရ ဦးထွန်းမောင် အိမ်တွင် ဘိန်းကုန်သည်များ ရောက်ရှိနေကြောင်း သတင်းရရှိ၍ ယင်းအိမ်သို့ တက်ရောက်ခြင်း၊ ၎င်းတို့အဖွဲ့မှ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ရာဖွေလိုကြောင်း၊ ရှိလျှင် ပေးအပ်ရန် ပြောပြသဖြင့် မောင်မောင်ဆိုသူမှ အနီးတွင်ရှိသည့် မီးဖိုအောက်မှ ဝှက်ထားသည်ဘိန်းမဲထုပ် တစ်ထုပ်ကို ထုတ်ပေးကြောင်း ထွက်ဆိုထားသည်။ ဦးထွန်းမောင်က အချင်းဖြစ်နေ့ နံနက် (၈) နာရီခန့်တွင် ၎င်းအိမ်မီးဖိုအနီး၌ မီးလုံနေစဉ် မောင်မောင်တက်လာကြောင်း၊ ၎င်းမောင်မောင်တက်လာပြီး (၁၀) မိနစ်၊ (၁၅) မိနစ်ခန့်အကြာတွင် ရဲများရောက်လာကြောင်း ထွက်ဆိုထားသည်။ ၎င်း၏ထွက်ဆိုချက်နှင့် ရဲအရာခံ ဦးခင်မောင်ညိုတို့၏ ထွက်ဆိုချက်နှစ်ရပ်ကို ဆက်စပ်ကြည့်ပါက သက်သေခံ ဘိန်းထုပ်ကို မောင်မောင်က ဦးထွန်းမောင် မီးလုံနေသည့် မီးဖိုအောက်တွင် ဝှက်သိမ်းသည်ကို ဦးထွန်းမောင်သိရှိသည်ဟု သာ ကောက်ယူသုံးသပ်ရပေမည်။ သို့အတွက် သက်သေခံ ဘိန်းထုပ်အား ဧည့်သည် မောင်မောင်၏ လက်ဝယ်ထားရှိမှုကို အိမ်ရှင် ဦးထွန်းမောင် သိရှိပါလျက် သက်ဆိုင်ရာ ရဲအရာရှိများသို့ အမှန်အတိုင်း ဦးထွန်းမောင်က မပြောပြခဲ့သည်မှာ မောင်မောင်၏ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိမှုကို ထိန်ချန်ရာရောက်သည်။ ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ် သော ဆေးဝါးများ နည်းဥပဒေပုဒ်မ ၄၃ (က) တွင် "အားပေးကူညီခြင်း

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ထွန်းမောင်

ဆိုသည်မှာ ဥပဒေအရ ပြစ်မှုတစ်ခုခုကို ကျူးလွန်စေရန် လှုံ့ဆော်ခြင်း၊ တမင်ကူပံ့ခြင်း၊ သို့မဟုတ် တမင်ထိန်ချန်ခြင်းကို ဆိုလိုသည်" ဟု ပြဋ္ဌာန်းထားသည်။ သို့အတွက် အိမ်ရှင် ဦးထွန်းမောင်သည် ဧည့်သည်ဖြစ်သူ မောင်မောင်က ဘိန်းထုပ်ဝှက်သိမ်းမှန်းသိလျက်နှင့် တမင်ထိန်ချန်သည့် သဘောပေါ်လွင်လျက်ရှိသည်။

ထိုကြောင့် စစ်ကိုင်းတိုင်းတရားရုံး (ကသာခရိုင်) က တရားခံ ဦးထွန်းမောင်အား အပြီးအပြတ် လွှတ်ခဲ့သည်အမိန့်ကို ပယ်ဖျက်၍ ၎င်းအား ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆–က(ခ)/ ၁၁ အရ ထောင်ဒဏ် (၁၀) နှစ်ကျခံစေရန်အပြင် ဒဏ်ငွေကျပ် ၅၀၀၀၀/–ပေးဆောင်စေရန်၊ ဒဏ်ငွေမဆောင်က ထောင်ဒဏ် (၃) နှစ် ကျခံစေရန် အမိန့်ချမှတ်သည်။

ချုပ်ရက်ရှိက ထုတ်နုတ်ကျခံစေ။

ပြစ်မှုဆိုင်ရာ အထူးအယူခံမှု

တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုး
တရားသူကြီးများဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊
ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင်တို့ ရှေ့တွင်

+ ၁၉၉၄ အောက်တိုဘာ ၆ ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ဒေါ်နီလာဘာရာဒွါဂျာပါ-၃ *

လက်အောက်ခံမှုလတရားရုံးတစ်ရုံးရုံးတွင် တရားစွဲဆိုထားသည့်ပြစ်မှု တစ်ရပ်ရပ်ကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-ကအရ ချေဖျက်ပေးရန်လျှောက်ထားလာသည့် အထွေထွေလျှောက်ထားမှုအပေါ် ပထမအကြိမ်ဆုံးဖြတ်ပြီးကာမှ အခြေအနေအပြောင်းအလဲဖြစ်ရပ်အပေါ် အခြေပြုပြီး ဒုတိယအကြိမ် တရားရုံးချုပ်သို့ ယင်းအမှုကိုပင်ချေဖျက်ပေးရန် အထွေထွေမှု ထပ်မံတင်သွင်းခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိ ဆုံးဖြတ်ချက်။ အမှုကိုချေဖျက်ပေးရန် ပထမအကြိမ် အထွေထွေလျှောက်လွှာတင်သွင်းပြီးနောက်မှ ဒုတိယအကြိမ်ထပ်မံ၍ အမှုချေဖျက်ပေးရန် အထွေထွေလျှောက်ထားမှုတင်သွင်းခြင်းကို တရားဥပဒေအရ ပိတ်ပင်တားမြစ်ထားခြင်းမရှိသဖြင့် ယင်းအချက်နှင့် စပ်လျဉ်း၍ တရားခံတို့၏ ထုချေချက်ကို လက်ခံနိုင်သော်လည်း ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ်-၅၀၆/၉၂ အရ ဒေါ်နီလာဘာရာဒွါဂျာက ဦးတိုနီဆင်းပါ (၂) ဦးတို့ အပေါ်တရားမမှုစွဲဆိုထားသည့်အပြင် ဒုတိယအကြိမ် ချေဖျက်ပေးရန်လျှောက်ထားသည့်အခါ အမှုအခြေအနေမှာ အယူခံတရားခံ (၂) နှင့် (၃) တို့က အလွဲသုံးစားပြုရောင်းစားထားသည်ဟု စွပ်စွဲခံထားရသည့် ပစ္စည်းများ အားလုံးကို စာရင်းအတိုင်း မူလရုံးရှေ့သို့ မှန်ကန်စွာ တင်ပြနိုင်ခဲ့ပြီး ဖြစ်သောကြောင့်တရားရုံးချုပ်က အမှုတွဲကို ချေဖျက်ထားခြင်းသည် မှန်ကန်ကြောင်းဖြင့် တရားခံ ဦးတိုနီဆင်းပါ(၂) ဦးတို့၏

---

* ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၈

\+ ၁၉၉၃ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ်၁၂၄တွင် ချမှတ်သော ၂၁-၂-၉၄ ရက်စွဲပါ တရားရုံးချုပ်၏ အမိန့်ကို အထူးအယူခံမှု

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ဒေါ်နီလာဘာရာ
ဒွါဂျာပါ-၃

တင်ပြချက်ကို လက်ခံနိုင်မည် မဟုတ်ပေ။

သို့ဖြစ်၍ ယင်းအခြေအနေမျိုးတွင် အမှုအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၁-က အရ ချေဖျက်လိုက်သည့် အမိန့်သည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုအတွက် - ဦးဟန်ရီ၊ ညွှန်ကြားရေးမှူး၊ ရှေ့နေ ချုပ်ရုံး

အယူခံ တရားခံများအတွက် - (၁) ကိုယ်တိုင်
(၂) (၃)ဦးတင်မောင်ကြီး၊ တရားရုံးချုပ် ရှေ့နေ

မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၆၀၈/၉၂ တွင် ဒေါ်နီလာဘာရာဒွါဂျာက ဦးတိုနီဆင်းနှင့် ဒေါက်တာ မစ္စစ်ဇိုရာဆင်း(ခ)နှင့်ဒေါက်တာဘာစန်းတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ အရေးယူစစ်ဆေးပါရန် တိုက်ရိုက်တိုင်လျှောက်ခဲ့ရာ မြို့နယ် တရားရုံးက ယင်းတိုင်လျှောက်လွှာကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ လက်ခံစစ်ဆေးပြီးနောက် ယင်းဥပဒေပုဒ်မ ၂၀၃ အရ ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ မြို့နယ်တရားရုံး၏ အမိန့်ကို ဒေါ်နီလာဘာရာဒွါဂျာက မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံး (ရန်ကုန် မြို့နယ်စု) သို့ ပြင်ဆင်မှုဝင်ရောက်ခဲ့ရာ မအောင်မြင်သဖြင့် တရားရုံးချုပ်သို့ ပြင်ဆင်မှုကို ဆက်လက် တင်သွင်းခဲ့သည်။

တရားရုံးချုပ်က ပြင်ဆင်မှုအမှတ် ၁၅၃ (ခ) ၉၂ အဖြစ် လက်ခံပြီး မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံး (ရန်ကုန်မြို့နယ်စု) တို့၏ အမိန့်တို့ကို ပယ်ဖျက်ကာ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးက ဒေါ်နီလာဘာရာဒွါဂျာ တိုင်လျှောက်သောအမှုကို ဥပဒေနှင့်အညီ လက်ခံကြားနာစစ်ဆေးသွားရန် ၂၆-၈-၉၂ နေ့က အမိန့်ချမှတ်ခဲ့သည်။

ယင်းအမိန့်နှင့်အညီ မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံးက ဦးတိုနီဆင်းနှင့် ဒေါက်တာမစ္စစ်ဇိုရာဆင်း(ခ) ဒေါက်တာဘာစန်းတို့အပေါ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၈၄၄/၉၂ အရ ဖွင့်လှစ်ပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ ဖြင့် အရေးယူဆောင်ရွက်ခဲ့သည်။

ယင်းသို့ အရေးယူဆောင်ရွက်ပြီး မူလရုံးတရားလိုအား စစ်ဆေးနေစဉ် မူလရုံးတရားခံ ဦးတိုနီဆင်းပါ (၂) ဦးတို့က ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်

၂၈၄၄/၉၂ ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးပါရန် တရားရုံးချုပ်သို့ ပြစ်မှုဆိုင်ရာ အထွေထွေမူအမှတ် ၈၈/၉၂ အရ လျှောက်ထားခဲ့ရာ တရားရုံးချုပ်က ၃-၂-၉၃ နေ့တွင် အဆိုပါ အထွေထွေလျှောက်ထားမှုကို ပလပ်ခဲ့သည်။

အမှုကိုချေဖျက်ပေးရန် တရားခံ ဦးတိုနီဆင်းပါ (၂) ဦးတို့၏ အထွေထွေလျှောက်ထားမှုကို တရားရုံးချုပ်က ပလပ်ခဲ့သဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးက စစ်ဆေးဆဲ တရားလို ဒေါ်နီလာဘာရာဒွါဂျာအား ဆက်လက်စစ်ဆေးမည့် ၂၁-၅-၉၃ နေ့၌ တရားခံဘက်မှ လျှောက်ထားချက်အရ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၅၀(၁) နှင့်အညီ တရားလိုအား အစမှ ပြန်လည်စစ်ဆေးရန် စီစဉ်ဆောင်ရွက်ခဲ့သည်။ ထိုစဉ် အလွဲသုံးစားပြုခဲ့သည်ဆိုသော ရွှေငွေ ရတနာ ပစ္စည်းများကို တရားရုံး၏ အမိန့်အရ တရားခံတို့မှ ရုံးရှေ့သို့ တင်ပြခဲ့သည်ကို အကြောင်းပြုပြီး တရားခံ ဦးတိုနီဆင်းပါ (၂) ဦးတို့သည် အမှုအား ချေဖျက်ပေးရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-ကအရ ဒုတိယအကြိမ် တရားရုံးချုပ်သို့ အထွေထွေလျှောက်ထားမှုကို ထပ်မံတင်သွင်းခဲ့သည်။

ဒုတိယအကြိမ်တွင် တရားရုံးချုပ်က ပြစ်မှုဆိုင်ရာ အထွေထွေမူအမှတ် ၁၂၄/၉၃ အဖြစ် လက်ခံပြီး ၂၁-၂-၉၄ နေ့တွင် မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၈၄၄/၉၂ ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်လိုက်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

ယင်းအမိန့်ကို မူလရုံးတရားလို ဒေါ်နီလာဘာရာဒွါဂျာက မကျေနပ်၍ တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ ပြစ်မှုဆိုင်ရာ အထူးအယူခံဝင်ခွင့်ပြုပါရန် တင်သွင်း၍ တရားရုံးချုပ်မှ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ (အထူး)မှု အမှတ် ၂၁/၉၄ အရ ၁၀-၃-၉၄ နေ့က လက်ခံခဲ့သည်။

ယင်းသို့ လက်ခံထားပြီး အထူးအယူခံဝင်ခွင့်ပြုသင့် မသင့်နှင့် စပ်လျဉ်း၍ တရားရုံးချုပ်တရားသူကြီးနှစ်ဦး ထိုင်ခုံအဖွဲ့သို့ တင်ပြနိုင်ရေးအတွက် ဆောင်ရွက်နေစဉ် ဒေါ်နီလာဘာရာဒွါဂျာ၏ တရားရုံးချုပ် တရားသူကြီးချုပ်ထံ သီးခြားပေးပို့သည့်တင်ပြစာအရ တရားသူကြီးချုပ်က စုံညီခုံရုံးလုပ်ထုံးလုပ်နည်းအပိုဒ် (၁၇) အရ အထူးအယူခံမှု ဖွင့်လှစ်ရန် ညွှန်ကြားချက်နှင့်အညီ ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထူးအယူခံမှုအမှတ် ၈ ကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

အမှုမှာ ဒေါ်နီလာဘာရာဒွါဂျာက ၎င်းသည် ဦးတိုနီဆင်းနှင့် ၅-၁၁-၈၉ ရက်နေ့က ဆစ်(ခ) ဘာသာထုံးတမ်းစဉ်လာအရ လက်ထပ်ခဲ့ကြောင်း၊ ယင်းသို့ လက်ထပ်စဉ်က ၎င်း၏မိဘများက ၎င်းအား အပြီးအပြတ် ပေးအပ်လိုက်သော ရွှေငွေ လက်ဝတ်ရတနာ ပစ္စည်းများအပါအဝင် အိမ်ထောင် ပရိဘောဂ ပစ္စည်းများ၊ ယောကျ်ားဖြစ်သူ ဒေါက်တာဇိုရာဆင်းက ပေးသော ရွှေငွေရတနာများ အပါအဝင် ပစ္စည်းများ၊ ဦးပရိသတ်က ပေးအပ်သော လက်ဖွဲ့ပစ္စည်းများကို ၎င်း၏ မိဘအိမ်၌လက်ခံခဲ့ကြောင်း၊ ယင်းသို့ လက်ခံစဉ်က ဗွီဒီယိုပင် ရိုက်ကူးခဲ့သေးကြောင်း၊ ယင်းပစ္စည်းများအနက် ရွှေငွေရတနာ ပစ္စည်းများကို ၎င်း၏ ယောကျ်ားဒေါက်တာဇိုရာဆင်းအား လည်းကောင်း၊ ကျန်ပစ္စည်းများကို ၎င်း၏ ခင်ပွန်း ဦးတိုနီဆင်းအား လည်းကောင်း ယုံကြည်စိတ်ချစွာဖြင့် အပ်နှံပြီး ယောကျ်ားနေအိမ်သို့ လိုက်ပါနေရကြောင်း၊ ထိုသို့လိုက်ပါနေစဉ် ၎င်းအား ယောကျ်ားနှင့် လင်ယောကျ်ားတို့က ကိုယ်ထိလက်ရောက်စော်ကား၍ ယင်းအိမ်မှဆင်းလာခဲ့ပြီး မိဘထံပြန်လည်နေထိုင်ခဲ့ကြောင်း၊ ၎င်း၏ ပစ္စည်းများကို ပြန်လည်ပေးအပ်ရန် ယောကျ်ားနှင့်ခင်ပွန်းတို့အား ရှေ့နေမှတစ်ဆင့်ဖြစ်စေ၊ ဖုန်းဖြင့် တိုက်ရိုက်ဖြစ်စေ အကြောင်းကြားပြောကြားသော်လည်း တရားခံတို့က ပြန်လည်မပေးအပ်သည့်အပြင် ယင်းပစ္စည်းများကို ရောင်းစားပစ်လိုက်ကြောင်း အကြောင်းပြန်ကြား ပြောဆိုလာ၍ တရားခံတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ဖြင့် တရားစွဲဆိုခဲ့သော အမှုဖြစ်သည်။

အထူးအယူခံမှုတွင် အဓိကစဉ်းစားသုံးသပ် ဆုံးဖြတ်ရမည့်အချက်မှာ လက်အောက်ခံ မူလတရားရုံး တစ်ရုံးရုံးတွင် တရားစွဲဆိုထားသည့် ပြစ်မှုတစ်ရပ်ရပ်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၁-က အရ ချေဖျက်ပေးရန် လျှောက်ထားလာသည့် အထွေထွေလျှောက်ထားမှုအပေါ် ပထမအကြိမ် ဆုံးဖြတ်ပြီးကာမှ အခြေအနေ အပြောင်းအလဲ ဖြစ်ရပ်အပေါ် အခြေပြုပြီး ဒုတိယအကြိမ်တရားရုံးချုပ်သို့ ယင်းအမှုကို ချေဖျက်ပေးရန် အထွေထွေမှု ထပ်မံတင်သွင်းခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းရှိမရှိဆိုသော အချက်ပင်ဖြစ်သည်။

ဒေါ်နီလာဘာရာဒွါဂျာက အဓိကအကြောင်းပြချက်အဖြစ် တင်ပြရာ၌ ပြစ်မှုဆိုင်ရာ မူလမှုတစ်မှုကိုချေဖျက်ပေးရန် နှစ်ကြိမ်တက်ရောက်ရာတွင် ပထမအကြိမ်ပယ်ခဲ့ပြီးမှ ဒုတိယအကြိမ်လက်ခံပြီး အမှုကိုချေဖျက်ခဲ့ခြင်းသည် မှားယွင်းကြောင်း၊ မူလရုံးတရားခံများသည် တရားရုံး၏ အမိန့်အရ

သက်သေခံပစ္စည်းများကို တရားရုံးသို့ တင်ပြခဲ့သော်လည်း အမှုမဖြစ်ခင် ပိုင်ရှင်တရားလိုသို့ ပြန်မပေးခဲ့ခြင်းသည် အဆိုပါပစ္စည်းများကို အလွဲသုံးစား ပြုရာရောက်ပါကြောင်း ဟူ၍ဖြစ်သည်။

တရားရုံးချုပ်က အမှုကို ချေဖျက်ရာတွင် အဓိကအချက်အဖြစ် "ယခု အမှုတွင် ဒေါ်နီလာဘာရာဒွါဂျာက လက်ထပ် ပွဲဦး လက်ဖွဲ့အဖြစ်ရရှိခဲ့ သည့်ပစ္စည်းများအပေါ် သူမနှင့်တရားဝင်မပြတ်စဲရသေးသော လင်ယောကျ်ား ဦးတိုနီဆင်းနှင့် မည်သို့စီမံခန့်ခွဲကြရန်ဖြစ်ကြောင်း၊ နှစ်ဦးနှစ်ဖက် မည်သို့ သဘောတူညီခဲ့ကြသည်ကို တိတိကျကျတင်ပြကာ ထိုသို့ နှစ်ဖက်သဘော တူညီကြသည့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း ဦးတိုနီဆင်းနှင့် ဒေါ်ဇိရာဆင်းတို့က မလိုက်နာကြဘဲ မရိုးမဖြောင့်စွာဖြင့် သုံးစွဲကြကြောင်း တိတိကျကျတင်ပြထွက်ဆိုနိုင်ခြင်း မရှိပေ။ ဦးတိုနီဆင်းတို့ကအချင်းဖြစ်သည့် ပစ္စည်းများကို ၃၀-၆-၉၃ နေ့တွင် မူလတရားရုံးသို့ပင် ပြည့်ပြည့်စုံစုံ တင်ပြခဲ့ပြီးနောက် မြို့နယ်တရားရုံး၏ အမိန့်အရ ဘဏ်သို့အပ်နှံထားသည့် ရွှေထည်နှင့်ငွေကျပ်၁၀၀၀/-မှ အပကျန်ပစ္စည်းများကိုကျပ်၅၀၀၀၀၀/- တန် ခံဝန်ဖြင့် ဦးတိုနီဆင်းတို့ထံသို့ပင် ပြန်ပေးခဲ့ပြီးကြောင်း ထင်ရှား ပေါ်ပေါက်နေသည့်အလျောက် အချင်းဖြစ် ပစ္စည်းများကို ဒေါ်နီလာဘာရာ ဒွါဂျာ အနေဖြင့် မတရားလက်လွတ်ဆုံးရှုံးခဲ့ကြောင်း မပေါ်ပေါက်ပေ" ဟူ၍ သုံးသပ်ဖော်ပြထားသည်။

သို့သော် ပထမအကြိမ်အမှုကို ချေဖျက်ခွင့်မပြုသည့်ပြစ်မှုဆိုင်ရာ အထွေ ထွေလျှောက်လွှာအမှတ် ၈၈/၉၂ တွင် တရားရုံးချုပ်က "အချုပ်အားဖြင့် ဒေါ်နီလာဘာရာဒွါဂျာက လျှောက်ထားသူများအပေါ် စွဲဆိုခြင်းမှာ ၎င်းနှင့် ဦးတိုနီဆင်းတို့ လက်ထပ်စဉ်အခါက နှစ်ဘက်မိဘများနှင့် ဆွေမျိုးများက လက်ဆောင်အဖြစ်ပေးခဲ့သည့် ပစ္စည်းများကို တောင်းရမ်းမရသဖြင့် ယခုကဲ့သို့ စွဲဆိုခြင်းဖြစ်ကြောင်းပေါ်ပေါက်သည်။ လျှောက်ထားသူများ၏ လျှောက်လွှာ တွင် ဖော်ပြချက်များအရ အဆိုပါ ပစ္စည်းများမှာ လျှောက်ထားသူတို့ထံတွင် ရှိသည်ဟု ပေါ်ပေါက်နေပြီး ပြန်လည်မပေးရသေးသည်မှာလည်း ပေါ်လွင် သည်။ လျှောက်ထားသူ ဦးတိုနီဆင်းနှင့် ဒေါ်နီလာဘာရာဒွါဂျာတို့မှာ ဟိန္ဒူဘာသာကိုးကွယ်ပြီး ဆစ်လူမျိုးဖြစ်ကြရာ သူတို့၏ ဓလေ့ထုံးတမ်းစံအရ အချင်းဖြစ် ပစ္စည်းများတွင် မည်သို့အကျိုးခံစားခွင့်ရှိကြသည်၊ ဒေါ်နီလာ ဘာရာဒွါဂျာက တင်ပြသကဲ့သို့ သူမကသာ ပိုင်ဆိုင်ခြင်း ဟုတ်မဟုတ်၊ သူမပိုင်ဆိုင်က ယခုကဲ့သို့တောင်းသည့်အခါ ပြန်ပေးထိုက်၊ မပေးထိုက်

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ဒေါ်နီလာဘာရာ
ဒွါဂျပါ-၃

စသည်များနှင့် ပတ်သက်၍ လျှောက်ထားသူ ဦးတိုနီဆင်းတို့အနေဖြင့် ဖြေရှင်းရန်လိုအပ်သည်ဟု ပေါ်ပေါက်သည်" ဟူ၍သုံးသပ်ခဲ့သည်။ ထို့ပြင် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၅၃ (ခ) ၉၂ တွင် "အမှုတွင် ပေါ်ပေါက်ချက်အရ ဒေါ်နီလာဘာရာဒွါဂျာက ၎င်းနှင့် ဦးတိုနီဆင်းတို့ လက်ထပ်ခဲ့စဉ် ၎င်းအတွက်အပြီးအပိုင်ရရှိခဲ့သော ကိုယ်ပိုင် ပစ္စည်းများကို ဦးတိုနီဆင်းနှင့် ဒေါ်ဇိရာဆင်းတို့အား အပ်နှံထားရာ ယင်းပစ္စည်းများကို ဒေါ်နီလာဘာရာဒွါဂျာက ပြန်တောင်းရာ မပေးဘဲ ဒေါ်ဇိရာဆင်းနှင့် ဦးတိုနီဆင်းတို့က အလွဲသုံးစားပြုခဲ့သည်ဟု အတိအကျစွပ်စွဲထားကြောင်း တွေ့ရသည်။ ဒေါ်နီလာဘာရာဒွါဂျာ၏ စွပ်စွဲချက်သည် ပြစ်မှုမြောက်သော အင်္ဂါရပ်များရှိကြောင်း ပေါ်ပေါက်၍ ယင်းစွပ်စွဲချက်များကို အပြည့်အစုံ ကြားနာစစ်ဆေးပြီး ဥပဒေနှင့်အညီ ဆုံးဖြတ်ပါက တရားမျှတမှုရရှိနိုင်မည်ဟု ယူဆသည်" ဟူ၍လည်း သုံးသပ်ခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းသုံးသပ်ချက်များအရဆိုလျှင် တရားခံများအပေါ် ပြစ်မှုကြောင်းအရ ငြိစွန်းသော စွပ်စွဲချက်များရှိကြောင်း ပေါ်ပေါက်သည်။ သို့ဖြစ်ပါလျက် သက်သေခံပစ္စည်းများကို တရားရုံးသို့ တင်ပြရုံမျှဖြင့် တရားခံများအပေါ် ပြစ်မှုကြောင်းအရ ငြိစွန်းမှုမရှိဟုဆိုရန် ခဲယဉ်းမည်ဖြစ်သည်။ အမှုကို ချေဖျက်ရာတွင် လိုက်နာလျက်ရှိသည့် မူတစ်ရပ်မှာ တရားလို၏ စွပ်စွဲချက်သည်မှန်စေဦး ယင်းစွပ်စွဲချက်သည် လုံးဝပြစ်မှုမမြောက်မှသာလျှင် တရားရုံးချုပ်အနေဖြင့် အမှုကို ချေဖျက်ပေးလေ့ရှိသည်။ ရဲထံ ပထမသတင်းပေး တိုင်တန်းချက်၌ဖြစ်စေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀အရ အစစ်ခံချက်၌ ဖြစ်စေ တရားခံအပေါ် ပြစ်မှုမြောက်စေနိုင်သော ငြိစွန်းသည့် အချက်လက်များပေါ်ပေါက်ပါက အမှုကိုလွယ်လွယ်နှင့် ချေဖျက်ပေးလေ့မရှိကြောင်း တွေ့ရသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ကို ကျင့်သုံးရာ၌ အထူးသတိမူရန် အချက်မှာ တရားမှန်လမ်းမှန် ဆောင်ရွက်ရန်အတွက် တစ်ခြားနည်း ဥပဒေပြဋ္ဌာန်းချက်ရှိမရှိပင်ဖြစ်သည်။ တစ်ခြားနည်းဆောင်ရွက်ရန် ဥပဒေပြဋ္ဌာန်းချက်ရှိပါက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က ကို ကျင့်သုံးလေ့ မရှိကြောင်း တွေ့ရသည်။ ထို့ကြောင့်ပင်လျှင် SONI 'S "The Code of Criminal Procedure 1902. Vol III စာမျက်နှာ 3144-92 to 94 တွင် "Section 561-A, therfore cannot be invoked to override an express provision of law or when there is another remedy avail-

able" "the in herent powers are usually invoked to prevent the abuse of the process of a court for which no other remedy is provided." ဟူ၍ ဖော်ပြထားသည်။

ဤအမှုတွင် မူလရုံးတရားလို ဒေါ်နီလာဘာရာဒွါဂျာ၏ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ အစစ်ခံချက်တွင် အမှုအကြောင်းအရာ၌ ဖော်ပြပါရှိသည့်အတိုင်း ထွက်ဆိုထားရာ ယင်းထွက်ဆိုချက်အရဆိုပါလျှင် တရားခံတို့အပေါ် ပြစ်မှုကြောင်းအရ ငြိစွန်းသည့်အချက်အလက်များ ပေါ်ပေါက်နေကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ပင် အမှုကို ချေဖျက်ပေးရန် ပထမအကြိမ်တင်သွင်းခဲ့သော ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၈၈/၉၂ တွင် "ဦးတိုနီဆင်းအနေဖြင့် စွပ်စွဲချက်များကို ဖြေရှင်းရန်ရှိနေရာ ဒေါ်နီလာဘာရာဒွါဂျာ၏ စွဲဆိုမှုကို ချေဖျက်ရန်မသင့်ဟု ယူဆ၍ ဤအထွေထွေလျှောက်ထားမှုကို ပလပ်လိုက်သည်။" ဟူ၍ သုံးသပ် ဆုံးဖြတ်ထားခြင်းဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ယင်းသို့ အခြေခံအားဖြင့် စွပ်စွဲချက်များရှိနေလျှင် နောက်ထပ် ဒုတိယအကြိမ်ထပ်မံတင်သွင်း လျှောက်ထားသည့်အထွေထွေမှုတွင် အမှုကို ချေဖျက်ပေးရန်အကြောင်းပေါ်ပေါက်မည်မဟုတ်ပေ။ အကယ်၍ အလွဲသုံးစားဖြုသည်ဆိုသော သက်သေခံရွှေငွေ ရတနာ ပစ္စည်းများကို တရားရုံးသို့ တင်ပြသည့် ထူးခြားသော ကိစ္စရပ်ပေါ်ပေါက်၍ အမှုမှာ အခြေအမြစ် မရှိသဖြင့် တရားခံအပေါ် ဆက်လက်အရေးယူရန်မလိုဟု ယူဆပါက ယင်းအမှုစွဲဆိုသည့် မူလတရားရုံး၌ပင် တရားခံအား စွဲချက်မတင်မီ လွှတ်ပေးရန်အတွက် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ (၂) အရ လျှောက်ထားခွင့်ရှိနေပေရာ ယင်းကဲ့သို့ သက်သာခွင့်ရရှိနိုင်သော သီးခြား ဥပဒေပြဋ္ဌာန်းချက်ရှိနေသည့် ကိစ္စတွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က ကို ကျင့်သုံးရန်လိုမည်မဟုတ်သည့်အလျောက် ယခုအမှုတွင် တရားခံများက အမှုကိုချေဖျက်ရန် ဒုတိယအကြိမ် တရားရုံးချုပ်သို့ အထွေထွေမှု ထပ်မံတင်သွင်းခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိက မူလရုံးတရားလို ဒေါ်နီလာဘာရာဒွါဂျာနှင့် မူလရုံးတရားခံ ဦးတိုနီဆင်းတို့သည် ဆစ်(ခ်)ဘာသာဝင်များ ဖြစ်ကြရာ ယင်းတို့၏ ဓလေ့ထုံးစံအရ အချင်းဖြစ် ပစ္စည်းများတွင် မည်ကဲ့သို့အကျိုးခံစားခွင့်ရှိကြသည်။ ယင်း

ပစ္စည်းများကို ဒေါ်နီလာဘာရာဒွါဂျာကသာ ပိုင်ဆိုင်သည်ဆိုခြင်းမှာ ဟုတ်မဟုတ်၊ သူမသာပိုင်ဆိုင်ပါက ယခုကဲ့သို့ပြန်တောင်းခွင့်ရှိမရှိတို့မှာ အမှုကို စစ်ဆေးမှပေါ်ပေါက်မည့် အချက်များဖြစ်ကြောင်း၊ အမှုစစ်ဆေးပေါ်ပေါက်ချက်အရ တရားလိုသာပိုင်ဆိုင်၍ ပြန်တောင်းခွင့်ရှိကြောင်းတွေ့ရှိခဲ့ပါက တရားခံတို့က ပြန်မပေးခြင်းမှာ ပြစ်မှုတစ်ရပ်ဖြစ်နိုင်ကြောင်း၊ ယင်းသို့ပြစ်မှုတစ်ရပ်ကျူးလွန်ခြင်းရှိမရှိ စစ်ဆေးမှသာ ပေါ်ပေါက်မည့် ယခုအမှုမျိုးဌ အမှုချေဖျက်ခြင်းမှာ မှန်ကန်ခြင်းရှိသည်ဟု မဆိုနိုင်ကြောင်း စသည်ဖြင့် တင်ပြသွားသည်။

ထို့ပြင် မူလရုံး အမှုတွဲတွင် မူလရုံးတရားလို၏ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ အစစ်ခံချက်မှလွဲ၍ တရားလိုဘက်မှ တင်ပြထားသည့် တရားလိုပြသက်သေ(၃၀) ဦးအနက် မည်သည့် တစ်ဦးတစ်ယောက်သော သူကိုမျှ စစ်ဆေးထားခြင်းမရှိသေးကြောင်းလည်း တွေ့ရှိရသည်။

ယခုကိစ္စနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်း တရားရုံးတွင် တရားမကြီးမှု အမှတ် ၅၀၆/၉၂ အရ တရားမကြောင်းဖြင့် တရားစွဲဆိုထားကြောင်း တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၁၂၄ တွင် ဖော်ပြထားသည်။ တရားခံ၏ ပြုမူချက်သည် တရားမကြောင်းအရ အရေးယူနိုင်သည့်အကြောင်းကြောင့် တရားလို၏ တိုင်တန်းချက်ကို ပယ်ရန်မဟုတ်ဘဲ ပြစ်မှုအင်္ဂါရပ်များပေါ်ပေါက်နေပါက တရားရုံးသည် လက်ခံစစ်ဆေးရမည်ဖြစ်ကြောင်း **ဦးသိန်းမောင်** နှင့် **ဒေါ်အေးကြည်**(၁) အမှုတွင် စီရင်ထုံးပြုထားသည်။

အမှုကို ချေဖျက်ပေးရန် ပထမအကြိမ် အထွေထွေလျှောက်လွှာတင်သွင်းပြီးနောက်မှ ဒုတိယအကြိမ်ထပ်မံ၍ အမှုချေဖျက်ပေးရန် အထွေထွေလျှောက်ထားမှုတင်သွင်းခြင်းကို တရားဥပဒေအရ ပိတ်ပင်တားမြစ်ထားခြင်းမရှိသဖြင့် ယင်းအချက်နှင့်စပ်လျဉ်း၍ တရားခံတို့၏ ထုချေချက်ကို လက်ခံနိုင်သော်လည်း၊ ရန်ကုန်တိုင်း တရားရုံး တရားမကြီးမှု အမှတ် ၅၀၆/၉၂ အရ ဒေါ်နီလာဘာရာဒွါဂျာက ဦးတိုနီဆင်းပါ (၂) ဦးတို့အပေါ် တရားမမှုစွဲဆိုထားသည့်အပြင် ဒုတိယအကြိမ် ချေဖျက်ပေးရန် လျှောက်ထားသည့်အခါ အမှုအခြေအနေမှာ အယူခံတရားခံ (၂) နှင့် (၃) တို့က အလွဲသုံးစားပြု ရောင်းစားထားသည်ဟု စွပ်စွဲခံထားရသည့်

(၁) ၁၉၆၈ ခုနှစ်၊ မြန်မာနိုင်ငံ စီရင်ထုံး၊ စာမျက်နှာ ၆၃

ပစ္စည်းများ အားလုံးကို စာရင်းအတိုင်း မူလရုံးရှေ့သို့ မှန်ကန်စွာ တင်ပြနိုင်ခဲ့ပြီးဖြစ်သောကြောင့် တရားရုံးချုပ်ကအမှုတွဲကို ချေဖျက်ထားခြင်းသည် မှန်ကန်ကြောင်းဖြင့် တရားခံ ဦးတိုနီဆင်းပါ (၂) ဦးတို့၏ တင်ပြချက်ကို လက်ခံနိုင်မည်မဟုတ်ပေ။

သို့ဖြစ်၍ ယင်းအခြေအနေမျိုးတွင် အမှုအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-ကအရ ချေဖျက်လိုက်သည့်အမိန့်သည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤအထူးအယူခံကို ခွင့်ပြုလျက် တရားရုံးချုပ်၏ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၁၂၄/၉၃ တွင် ၂၁-၂-၉၄ ရက်စွဲပါ အထွေထွေလျှောက်လွှာကို ခွင့်ပြုပြီး မင်္ဂလာတောင်ညွန့်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၈၄၄/၉၂ ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ကြောင်းချမှတ်သည့်အမိန့်အား ပယ်ဖျက်လိုက်သည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

တရားရုံးချုပ် တရားသူကြီး ဦးတင်ထွတ်နိုင် ရှေ့တွင်

+ ၁၉၉၄
ဇွန်လ ၁၀ ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ဦးမန်းရာကရာပိုး *

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၈ ပါ အင်္ဂါရပ်အတွင်းအကြိုးဝင်လျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ အရ စွဲချက်တင်ရန် လိုအပ်ခြင်း။

ကတိစာချုပ်အရ အချင်းဖြစ် ခနိခြံမှာ တရားလို၏ လက်ဝယ်သို့ ရောက်ရှိနေချိန်၌ တရားခံနှင့်အပေါင်းပါများက အဆိုပါခနိခြံထဲမှ ခနိပင်များကို ခုတ်ယူခဲ့ကြောင်း ပေါ်ပေါက်နေခြင်း၊ ပိုင်ဆိုင်မှုကို အတည်မပြုနိုင်သည့်တိုင်အောင် တရားလို၏ လက်ဝယ်ရှိနေကြောင်း ပေါ်ပေါက်လျှင် အခြား သူက အချင်းဖြစ် ခနိခြံထဲမှ ခနိပင်များကို ခုတ်ယူခြင်းကြောင့် ခိုးမှုဖြင့် စွဲချက်တင်ရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ သက်သေခံ (ခ–၁) ကတိစာချုပ်အရ အချင်းဖြစ်ခြံမှာ ဒေါ်အေးကြည် လက်ဝယ်သို့ရောက်ရှိနေချိန်၌ မန်းရာကရာပိုးတို့က အချင်းဖြစ်ခြံထဲမှ ခနိပင်များကို ခုတ်ယူကြောင်း ပေါ်ပေါက်နေသဖြင့် ပိုင်ဆိုင်မှုကို အတည်မပြုနိုင်သည့်တိုင်အောင် အချင်းဖြစ်ခနိပင်၊ ခနိပျစ်များမှာ ဒေါ်အေးကြည်၏ လက်ဝယ်တွင်ရှိသည်ဟု ကောက်ယူရမည်ပင်ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၈ ၏ ဥပမာ (က) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်–

> "(က) မောင်ဖြူသည် မရိုးမဖြောင့်သော သဘောနှင့် မောင်မဲ၏ လက်ရှိ သစ်ပင်ကို မောင်မဲသဘောမတူဘဲယူရန် အကြံဖြင့် မောင်မဲ၏ မြေပေါ်မှ သစ်ပင်တစ်ပင်ကို ခုတ်လဲ၏။ ဤတွင် မောင်ဖြူသည် ထိုသို့ယူရန်အလို့ငှာ သစ်ပင်ကို ဖြတ်ပစ်သည်နှင့် တစ်ပြိုင်နက် မောင်ဖြူသည် ခိုးမှုကို ကျူးလွန်၏။"

---

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၇၆ (ခ)

\+ ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၉ တွင် ချမှတ်သော (၂၂–၇–၉၃) ရက်စွဲပါ ဧရာဝတီတိုင်း(မြောင်းမြခရိုင်) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

ဆိုခဲ့သည့် ဥပမာ(က) အရ မန်ရာကရာပိုး၏ လုပ်ဆောင်ချက်များမှာ ခိုးမှုမြောက်သည်ဟု ယူဆနိုင်မည်ဖြစ်သည်။

လျှောက်ထားသူအတွက် – ဒေါ်ခင်မာမာလတ်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူအတွက် – ဦးခင်မောင်ဝင်း၊ တရားရုံးချုပ် ရှေ့နေမှ ရေးသား လျှောက်လဲချက် တင်သွင်းသည်။

မြောင်းမြမြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၄၅/၉၃ တွင် မန်းရာကရာပိုးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉အရ စွဲချက်တင်သည်ကို မကျေနပ်၍ စွဲချက်ပယ်ဖျက်ပေးရန် ပြင်ဆင်မှု တင်သွင်းရာ ဧရာဝတီတိုင်း တရားရုံး (မြောင်းမြခရိုင်) က ၎င်းအား စွဲချက်မတင်မီ ပြန်လွှတ်ခဲ့သည်။ ယင်းအမိန့်ကို နိုင်ငံတော်ဘက်မှ မကျေနပ်၍ ရှေ့နေချုပ်ရုံးမှ ဤပြင်ဆင်မှုကို တရားရုံးချုပ်သို့ တင်သွင်းသည်။

အမှုမှာ မြောင်းမြမြို့နယ် ချောင်းအိုင်ထုံးဘိုအုပ်စု ပျဉ်းကတိုး တောင်ရွာနေ ဒေါ်အေးကြည်လက်ရှိ ပိုင်ဆိုင်သော ဓနိခြံထဲမှ ဓနိပင်များကို မန်းရာကရာပိုးနှင့် သန်းဝင်း၊ ဖိုးစိန်၊ သိန်းကြွယ်၊ ခွေးပု၊ ဖိုးလက်သန်း၊ ပေါက်စ၊ ဖိုးခက်တို့ အတူဝင်ခုတ်ခဲ့ကြကြောင်း၊ ဓနိတော (၂၉) တောနှင့် ဓနိပျစ် (၃၅၀) ဆုံးရှုံးခဲ့ကြောင်း ဖော်ပြလျက် ဒေါ်အေးကြည်၏ သားမက် ကိုမြခိုင်က မြောင်းမြရဲစခန်းတွင် တိုင်ကြားခဲ့သော အမှုဖြစ်သည်။

မြို့နယ် တရားရုံးက မန်းရာကရာပိုးသည် ဒေါ်အေးကြည်၏ ခွင့်ပြုချက်မရဘဲ ဒေါ်အေးကြည်၏ ဓနိခြံထဲမှ ဓနိရွက်များကို ခုတ်ယူခဲ့သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ အရ စွဲချက်တင်ထားသည်။

တိုင်းတရားရုံးက အချင်းဖြစ်ခြံ၏ မူလပိုင်ရှင်မှာ ဦးလင်းကျော်နှင့် ဇနီးတို့ဖြစ်ပြီး ဦးလင်းကျော်နှင့် ဇနီးဖြစ်သူတို့ သေဆုံးသည့်အခါ ဦးလင်းကျော်၏တူ မန်းရာကရာပိုးနှင့် ဇနီးဖြစ်သူ၏ တူမ ဒေါ်အေးကြည်တို့ ပိုင်ဆိုင်မှု အငြင်းပွားနေကြကြောင်း၊ ဦးလင်းကျော်၏ ဇနီးမှာ အရင်သေဆုံး၍ အချင်းဖြစ် ဓနိခြံမှာ မန်းရာကရာပိုးလက်ရှိ ဖြစ်နေကြောင်း၊ ဒေါ်အေးကြည်အား မန်းရာကရာပိုးက သက်သေခံ (ခ–၁) စာချုပ်ဖြင့် အချင်းဖြစ်ခြံကိုပေးရခြင်းမှာ ဖြားယောင်းသွေးဆောင်ပြီး ခြိမ်းခြောက်၍သာ ဖြစ်ကြောင်း၊ အမွေခွဲဝေမှုကို ကျေကျေနပ်နပ် မပြုလုပ်ကြရသေးသည့်အပြင် သီးစားချထားမှုလည်းမရှိသေး၍ မန်းရာကရာပိုး၏ လက်ရှိမဟုတ်ဟု မဆိုနိုင်သဖြင့်

ငင်း၏ ပြုမူချက်များမှာ ခိုးမှုမမြောက်ဟု သုံးသပ်ထားသည်။

ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက မောင်မြဆိုင် (လိုပြ–၁)၊ ဦးအေးကို (လိုပြ–၄) တို့၏ ထွက်ဆိုချက်များအရ ဒေါ်အေးကြည် (လိုပြ–၂) လွှဲပြောင်းရရှိသော ဓနိခြံအတွင်းသို့ မန်းရာကရာပိုး ဦးဆောင်ပြီး သိန်းကြွယ်၊ ခွေးပု၊ သန်းဝင်း၊ ပေါက်စ၊ ဖိုးစိန်၊ စိန်လက်သန်း၊ ဖိုးခက် တို့ ဝင်ရောက်၍ ဓနိပင်များကို ခုတ်ယူသဖြင့် ဓနိတောနှင့် ဓနိပျစ် (၃၅၅) ပျစ်ဆုံးရှုံးရာ တန်ဖိုးကျပ် ၁၂၂၀/–ဆုံးရှုံးခဲ့ရကြောင်း၊ ဒေါ်အေးကြည် (လိုပြ–၂)၊ မန်းမြအေး (လိုပြ–၃) တို့၏ ထွက်ဆိုချက်များအရ အချင်းဖြစ် ဓနိခြံ၏ မူလပိုင်ရှင် ဦးမန်းကျော်အေး သေဆုံးသွားပြီးနောက် အမွေဆက်ခံခွင့်ရှိသော မန်းရာကရာပိုးနှင့် ဒေါ်အေးကြည်တို့သည် သက်ဆိုင်ရာ (ရ–၀–တ) ရှေ့တွင် သက်သေခံ (ခ–၁) စာချုပ် ချုပ်ဆို၍ ခွဲဝေယူကြပြီးဖြစ်ကြောင်း၊ ထိုစဉ်က (ရ–၀–တ) အဖွဲ့ဝင် (၄) ဦးပါကြောင်း၊ သို့အတွက် စာချုပ်တရားဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ရပ်ရွာဓလေ့ထုံးစံအရ လူကြီးများ ရှေ့မှောက် ပြုလုပ်သော စာချုပ်ဖြစ်သဖြင့် အချင်းဖြစ်ခြံမှာ ဒေါ်အေးကြည်၏ **လက်ရှိဖြစ်**သည်ဟု ယူဆရမည်သာဖြစ်ကြောင်း၊ ဓနိခြံမှာ လယ်ယာမြေဆိုသော စကားရပ်တွင် ပါဝင်သော်လည်း သက်ဆိုင်ရာ မြေယာကော်မတီက ဒေါ်အေးကြည်ကိုဖြစ်စေ၊ မန်းရာကရာပိုးကိုဖြစ်စေ တရားဝင်သီးစားချထားခြင်း မပြုရသေး၍ သက်သေခံ (ခ–၁) စာချုပ်အရသာ အဆုံးအဖြတ်ပြုသင့်ကြောင်း၊ စာချုပ်တွင် မန်းရာကရာပိုးက ဒေါ်အေးကြည်အား (၃) နှစ်လုပ်ကိုင်ခွင့်ပေးသည်ဟု ပါရှိရာ စာချုပ်ချုပ်ဆိုသောနေ့မှာ ၂၆–၇–၉၂ နေ့ဖြစ်ပြီး အချင်းဖြစ်သောနေ့မှာ ၂၈–၁–၉၃ နေ့ဖြစ်၍ (၃) နှစ်မပြည့်သေးသည်ကို ထောက်ရှုပါက အချင်းဖြစ်ခြံသည် ဒေါ်အေးကြည်၏ လက်ဝယ်၌ရှိနေသည်ဟု ယူဆရန်ဖြစ်ကြောင်း၊ သို့အတွက် ဒေါ်အေးကြည် လက်ဝယ်တွင်ရှိနေသည့် ဓနိခြံကို မန်းရာကရာပိုးက ဝင်ရောက်ကျူးကျော်အကျိုးဖျက်ဆီးသည်ဟု ယူဆနိုင်ကြောင်း၊ အဓိကပြစ်မှု ကျူးလွန်သူမှာ မန်းရာကရာပိုးဖြစ်ပြီး ကျန်သူများမှာ ၎င်း၏ စေခိုင်းချက်အရ လုပ်ဆောင်ကြရသူများသာဖြစ်ကြောင်း လျှောက်လဲတင်ပြသွားသည်။

မန်းရာကရာပိုးဘက်မှ ရှေ့နေက အချင်းဖြစ် ဓနိခြံမှာ လယ်ယာမြေဖြစ်၍ နိုင်ငံတော်ကသာ ပိုင်ဆိုင်ကြောင်း၊ တရားဝင်သီးစားချထားခံရသူမှသာ လက်ဝယ်ရှိသည်ဟု ယူဆရမည်ဖြစ်ကြောင်း၊ ဒေါ်အေးကြည်အနေဖြင့်

သီးစားချထားခွင့်ရရှိစေရန် မြေယာ ကော်မီတီကို လျှောက်ထားမှုမရှိသေးကြောင်း၊ ဒေါ်အေးကြည်အား တရားဝင် သီးစားချထားခံရမှသာလျှင် ဒေါ်အေးကြည်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၈ ပါ အင်္ဂါရပ်နှင့်အညီ မန်းရာကရာပိုးအပေါ် တရားစွဲဆိုနိုင်မည်ဖြစ်ကြောင်း၊ (ရ–ဝ–တ) အဖွဲ့ဝင် မန်းမြအေးက ဦးလင်းကျော်သေဆုံးပြီး (၃)နှစ်ကြာထိ မန်းရာကရာပိုးက ခုတ်ထွင်ကြောင်း ထွက်ဆိုချက်ရှိသဖြင့်လည်းကောင်း၊ ဒေါ်အေးကြည်အမည်ဖြင့် မြေခွန်ဆောင်မထားသေး၍လည်းကောင်း အချင်းဖြစ်ခနိတောမှာ မန်းရာကရာပိုး၏ လက်ဝယ်၌ရှိသည်ဟု ယူဆရမည်ဖြစ်ကြောင်း အဓိကထား တင်ပြသည်။

မူလအမှုတွဲအရ ဒေါ်အေးကြည်၏ လယ်နီးချင်းဖြစ်သူ ဦးအေးကို (လိုပြ–၄) က ဒေါ်အေးကြည်၏ ခနိတော(၂) ဧကကို မန်းရာကရာပိုး ခေါင်းဆောင်သော ခွေးပု၊ အမိန်၊ သိန်းကြွယ်၊ ဖိုးခက်၊ စိန်လက်သန်းတို့က ဝင်ခုတ်ကြောင်း ထွက်ဆိုထားသည်။

ထုံးဘိမိချောင်းအိုင်ရွာ (ရဝတ) ဥက္ကဋ္ဌ ဦးဝင်းစိန် (လိုပြ–၅) က သက်သေခံ (ခ–၁) ကို ၎င်းတို့ (ရ–ဝ–တ) အဖွဲ့ ရှေ့တွင် ပြုလုပ်ကြောင်း၊ မန်းရာကရာပိုး၏ ခံဝန်ချုပ်မှာ သက်သေခံ (ခ–၁) ဖြစ်ပြီး နှစ်ဦးသဘောတူ ခံဝန်ချုပ်မှာ သက်သေခံ (ဂ) ဖြစ်ကြောင်း ထွက်ဆိုထားသည်။

သက်သေခံ(ဃ)မြေခွန်ပြေစာအရ အချင်းဖြစ်ခနိမြေမှာ ဦးမန်းကျော်အေးအမည်ပေါက်လျက်ရှိသည်။ သက်သေခံ (ခ–၁) တွင် မန်းရာကရာပိုး၏ ကတိဝန်ခံချက်အရ အချင်းဖြစ်သည့် မန်းကျော်အေးအမည်ပေါက်နေသော ခနိခြံကို မန်းရာကရာပိုးက ဒေါ်အေးကြည်ထံသို့ ၂၆–၇–၉၂ နေ့တွင် သဘောတူညီစွာ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း ပေါ်ပေါက်လျက်ရှိသည်။

ကတိစာချုပ်အရ အချင်းဖြစ်ခြံမှာ ဒေါ်အေးကြည် လက်ဝယ်သို့ ရောက်ရှိနေချိန်၌ မန်းရာကရာပိုးတို့က အချင်းဖြစ် ခြံထဲမှ ခနိပင်များကို ခုတ်ယူကြောင်း ပေါ်ပေါက်နေသဖြင့် ပိုင်ဆိုင်မှုကို အတည်မပြုနိုင်သည့် တိုင်အောင်အချင်းဖြစ်ခနိပင်၊ ခနိပျစ်များမှာ ဒေါ်အေးကြည်၏ လက်ဝယ်တွင် ရှိသည်ဟု ကောက်ယူရမည်ပင်ဖြစ်သည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၈၏ ဥပမာ (က) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်–

"(က) မောင်ဖြူသည် မရိုးမဖြောင့်သော သဘောနှင့် မောင်မဲ၏ လက်ရှိသစ်ပင်ကို မောင်မဲသဘောမတူဘဲယူရန် အကြံဖြင့် မောင်မဲ၏ မြေပေါ်မှ သစ်ပင်တစ်ပင်ကိုခုတ်လှဲ၏။ ဤတွင်

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ဦးမန်းရာကရာပို

မောင်ဖြူသည် ထိုသို့ ယူရန်အလို့ငှာ သစ်ပင်ကို ဖြတ်ပစ်သည်နှင့် တစ်ပြိုင်နက် မောင်ဖြူသည် ခိုးမှုကိုကျူးလွန်၏။" ဆိုသည့် ဥပမာ (က) အရ မန်းရာကရာပို၏ လုပ်ဆောင်ချက်များမှာ ခိုးမှုမြောက်သည်ဟု ယူဆနိုင်မည်ဖြစ်သည်။

သို့အတွက် လျှောက်ထားခံရသူ မန်းရာကရာပိုးအပေါ် စွဲချက်မတင်မီ လွတ်ခဲ့သည့် ဧရာဝတီတိုင်း တရားရုံး (မြောင်းမြခရိုင်) ၏ အမိန့်မှာ မှားယွင်းနေပေသည်။

ထိုကြောင့် ပြင်ဆင်မှုကို ခွင့်ပြု၍ ဧရာဝတီတိုင်းတရားရုံး (မြောင်းမြခရိုင်) က လျှောက်ထားခံရသူ မန်းရာကရာပိုးအား စွဲချက်မတင်မီ တရားရှင် လွတ်ခဲ့သည်အမိန့်ကို ပယ်ဖျက်လိုက်သည်။ မြောင်းမြမြို့နယ် တရားရုံးသည် မန်းရာကရာပိုးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ အရ စွဲချက်တင်ထားသည့်အဆင့်မှ ဆက်လက်စစ်ဆေးဆောင်ရွက်သွားရန် ဖြစ်သည်။

ပြစ်မှုဆိုင်ရာ အယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးတင်အုံး ရှေ့တွင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ဦးမြင့်သိန်း၀ါ-၂ *

+၁၉၉၄
မတ်လ
၁၈ ရက်

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၄၇ နှင့် ပုဒ်မ ၂၅၉ ပြဋ္ဌာန်းချက်များမှာ အခြေခံအားဖြင့် ခြားနားခြင်း– တရားရုံးချုပ်၏ ညွှန်ကြားချက်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပြဋ္ဌာန်းချက်များကို လွှမ်းမိုးပယ်ဖျက်နိုင်စွမ်း မရှိခြင်း။

ဆုံးဖြတ်ချက်။ မြို့နယ်တရားရုံးကစွပ်စွဲခံရသူ ဦးမြင့်သိန်းတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၃ အရ အရေးယူဆောင်ရွက်ခဲ့ရာ ယင်း ပုဒ်မအရ ပြစ်မှုမှာ ၀ရမ်းမှု အမျိုးအစားတွင် အကျုံးဝင်သော အမှုဖြစ်သည်၊ ထို့ကြောင့် မူလမှုတွင် တရားလို ရုံးချိန်းနေ့၌ လာရောက်ရန် ပျက်ကွက်ချက်ကို အကြောင်းပြု၍ မိမိတို့အား အမှုမှပြန်လွှတ်ပေးစေရန် အစွပ်စွဲခံရသူတို့၏ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ မြို့နယ်တရားရုံးက ၀ရမ်းမှုနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်ဖြစ် သည့် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၉ အရ အမိန့်ချမှတ်ရန်ဖြစ်သော်လည်း ယင်း ဥပဒေပုဒ်မ ၂၄၇ အရ အစွပ်စွဲခံရသူအား အမှုမှ အပြီးအပြတ် လွှတ်ရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့်မညီညွတ် မှားယွင်းချွတ်ချော်သည်။

ထပ်မံဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၄၇ အရ အမိန့်ချမှတ်ရာတွင် အစွပ်စွဲခံရသူအား အမှုမှအပြီးအပြတ် လွှတ် (တရားသေလွှတ်) ရန်ဖြစ်ပြီး ယင်းဥပဒေပုဒ်မ ၂၅၉ အရ အမိန့်ချမှတ်ရာတွင် စွဲချက်မတင်မီ အဆင့်၌ အစွပ်စွဲခံရသူအား အမှုမှ ပြန်လွှတ် (တရားရှုံးလွှတ်) ထားရန်ဖြစ်ရာ အခြေခံအားဖြင့် ခြားနားမှုရှိနေသည်။

---

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၉၄

\+ ၁၉၉၁ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၉ တွင် ချမှတ်သော (၂၁-၁၂-၉၂) ဒဂုံမြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ဦးမြင့်သိန်း
ပါ–၂

အယူခံတရားလိုအတွက် – ဦးကျင်စိန်၊လက်ထောက် ညွှန်ကြား
ရေးမှူး၊ ရှေ့နေချုပ်ရုံး

အယူခံတရားခံများအတွက် – ၁။ ဦးဌေးလှိုင်၊ ဦးအောင်နိုင်၊
တရားရုံးချုပ်ရှေ့နေ
၂။ ဦးသောင်းညွှန့်၊ တရားရုံးချုပ်
ရှေ့နေ

ဒဂုံမြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၂၉/၉၁ တွင် တရားလို ဦးသိုက်ထွန်းနှင့် တရားလိုပြ သက်သေ(၂) ဦးတို့ကို စစ်ဆေးပြီးနောက် ၂၁–၁၂–၉၂ နေ့တွင် တရားလိုနှင့် တရားလိုပြ သက်သေများ ရုံးချိန်း အကြိမ်ကြိမ် ပျက်ကွက်ခဲ့သောကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၄၇ အရ အစွပ်စွဲခံရသူ ဦးမြင့်သိန်းတို့ (၂) ဦးအား အမှုမှ အပြီးအပြတ်လွှတ်ပေးရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ တရားရုံးချုပ်သို့ အယူခံမှုတင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ဒဂုံမြို့နယ်နေ ဦးသိုက်ထွန်းက မိမိနှင့် ဒေါ်အေးရီတို့သည် အစုစပ်ကန်ထရိုက်တာများဖြစ်ပြီး ဦးမြင့်သိန်းမှာ မြေပိုင်ရှင် ဖြစ်ကြောင်း၊ မိမိတို့သည် ဦးမြင့်သိန်းနှင့် ပြုလုပ်ထားသည့် စာချုပ်အရ (၄)ခန်းတွဲ (၄)ထပ်တိုက်ကို ဆောက်လုပ်ပြီးစီးသောအခါ နှုတ်ကတိအရ နောက်ထပ် (၄)ခန်းတွဲ (၄)ထပ်တိုက်ကို တစ်ဆက်တည်း ဆက်လက် ဆောက်လုပ်ရန် အတွက် မိမိတို့ ပိုင် (၅) ပေရှည် သံချောင်းများကို ဆောက်ပြီးသွားသော တိုက်၏ အချိုးကျနေရာများမှ အပြင်ဘက်သို့ ထုတ်ပေးထားခဲ့ကြောင်း၊ မြေရှင် ဦးမြင့်သိန်းသည် အခြားကန်ထရိုက်တာ တစ်ဦးဖြစ်သူ ဦးအောင်သန့်နှင့် ပူးပေါင်းပြီး ယင်းကဲ့သို့ ထုတ်ထားခဲ့သည့် ငွေတစ်သိန်းခွဲခန့် တန်သော သံချောင်းများကို အသုံးပြုပြီးနောက်ထပ် (၄)ခန်းတွဲ (၄) ထပ်တိုက်ကို တစ်ဆက်တည်းဆောက်လုပ်သွားခဲ့ကြောင်း၊ ထို့ကြောင့် ဦးမြင့်သိန်းနှင့် ဦးအောင်သန့်တို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀နှင့် ၄၀၆ တို့အရ အရေးယူပေးရန် ဦးသိုက်ထွန်းက ဒဂုံမြို့နယ် တရားရုံး၌ တိုက်ရိုက်လျှောက်ထားစွဲဆိုရာတွင် မြို့နယ်တရားရုံးက အမှုကို ယင်းဥပဒေပုဒ်မ ၄၀၃ အရ အရေးယူဆောင်ရွက်ခဲ့သောအမှုဖြစ်သည်။

ရှေ့နေချုပ်ရုံးက အဓိက အကြောင်းပြချက်များ တင်ပြရာ၌ မြို့နယ်တရားရုံးသည် ဝရမ်းမူစစ်ဆေးနည်းဖြင့် စစ်ဆေးစီရင်ရသည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၃ အရ အမှုတွင် သမွန်မှုများနှင့်သာ သက်ဆိုင်သော

ပြဋ္ဌာန်းချက်ဖြစ်သည့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၄၇ အရ တရားခံကို အမှုမှအပြီးအပြတ်လွှတ်ခဲ့သည်မှာ မှားယွင်းကြောင်း၊ ထို့ကြောင့် မြို့နယ်တရာရုံး၏ အမိန့်ကို ပယ်ဖျက်ပြီးအမှုကို ဥပဒေနှင့်အညီဆက်လက် စစ်ဆေးစေရန်အမိန့်ချမှတ်သင့်ကြောင်း တင်ပြသည်။

အယူခံတရားခံ ဦးမြင့်သိန်းနှင့် ဦးအောင်သန့်တို့ ကိုယ်စား ၎င်းတို့၏ ရှေ့နေများက အဓိက လျှောက်ထားတင်ပြရာ၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၃ အရ အမှုမှာ သမ္မန်မှုစစ်ဆေးနည်းဖြင့် စစ်ဆေးရသော အမှုအမျိုးအစား မဟုတ်သဖြင့် အမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၄၇ အရ တရားခံနှစ်ဦးအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့သည့် ဒဂုံမြို့နယ် တရားရုံး၏ အမိန့် မှားယွင်းသည်ဟု ရှေ့နေချုပ်ရုံးမှ တင်ပြချက်မှာ လုံးဝမှန်ကန်ခြင်း မရှိကြောင်း၊ မြို့နယ်တရားရုံး၏ အမိန့်တွင် ဥပဒေပုဒ်မကို လွဲချော်စွာ ဖော်ပြခဲ့မိခြင်းသာဖြစ်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ အရ ကုစား၍မရနိုင်သော အမှားမျိုးမဟုတ်သည့်ပြင် ယင်းအမိန့်မှာ နိုင်ငံတော် တရားရုံးချုပ်မှ ထုတ်ပြန်ခဲ့သည့် ၂၁-၂-၇၃ နေ့စွဲပါ စာအမှတ် ၃၇၄/ တရစ-၇ (၈) (၇၃) နှင့်လည်း ညီညွတ်မှန်ကန်မှုရှိကြောင်း၊ ထို့ကြောင့် ဤအယူခံမှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၄၇ အရ တရားရုံး၏ စီရင်ပိုင်ခွင့်မှာ သမ္မန်မှုများနှင့်သာသက်ဆိုင်သော ပြဋ္ဌာန်းချက်ဖြစ်သည်။ ယခုအမှုတွင် မြို့နယ်တရားရုံးက အစွပ်စွဲခံရသူ ဦးမြင့်သိန်းတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၃ အရ အရေးယူဆောင်ရွက်ခဲ့ရာ ယင်းပုဒ်မအရ ပြစ်မှုမှာဝရမ်းမှုအမျိုးအစားတွင် အကျုံးဝင်သောအမှုဖြစ်သည်။ ထို့ကြောင့် မူလမှုတွင် တရားလို ရုံးချိန်းနေ့တွင် လာရောက်ရန်ပျက်ကွက်ချက်ကို အကြောင်းပြု၍ မိမိတို့အား အမှုမှ ပြန်လွှတ်ပေးစေရန် အစွပ်စွဲခံရသူတို့၏ လျှောက်ထားတင်ပြချက်နှင့် စပ်လျဉ်း၍ မြို့နယ် တရားရုံးက ဝရမ်းမှုနှင့် သက်ဆိုင်သော ပြဋ္ဌာန်းချက်ဖြစ်သည့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၉ အရ အမိန့်ချမှတ်ရန် ဖြစ်သော်လည်း ယင်းဥပဒေပုဒ်မ ၂၄၇ အရ အစွပ်စွဲခံရသူတို့အား အမှုမှ အပြီးအပြတ်လွှတ်ရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ ဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ် မှားယွင်းချွတ်ချော်ကြောင်းတွေ့ရသည်။

အယူခံကရားခံတို့ဘက်မှ တင်ပြသည့် တရားရုံးချုပ် ညွှန်ကြားချက်မှာ ယခင်ကျင့်သုံးခဲ့သည့် ပြည်သူ့တရားစီရင်ရေးစနစ် အစပျိုးဆောင်ရွက်ခဲ့စဉ်က အခြေအနေနှင့် အချိန်အခါအရ ညွှန်ကြားခဲ့ခြင်းသာဖြစ်ရာ ယင်းညွှန်ကြား

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ဦးမြင့်သိန်း
ပါ-၂

ချက်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပြဋ္ဌာန်းချက်များကို လွှမ်းမိုး ပယ်ဖျက်နိုင်စွမ်းမရှိချေ။

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၄၇ အရ အမိန့်ချမှတ်ရာတွင် အစွပ်စွဲခံရသူအား အမှုမှ အပြီးအပြတ်လွှတ် (တရားသေလွှတ်) ရန်ဖြစ်ပြီး၊ ယင်း ဥပဒေပုဒ်မ ၂၅၉ အရ အမိန့်ချမှတ်ရာတွင် စွဲချက်မတင်မီအဆင့်၌ အစွပ်စွဲခံရသူအား အမှုမှ ပြန်လွှတ် (တရားရှင်လွှတ်) ထားရန် ဖြစ်ရာ အခြေခံအားဖြင့်လည်း ခြားနားမှုရှိနေသည်။

တရားခံ ဦးမြင့်သိန်းတို့ဘက်က ၂၉-၅-၉၂ ရုံးချိန်းရက်တွင် အလားတူတစ်ကြိမ်လျှောက်ထားခဲ့ဖူးပြီး ယင်းလျှောက်ထားချက်နှင့် စပ်လျဉ်း၍ မြို့နယ်တရားရုံးက ၃-၆-၉၂ နေ့စွဲပါ နေ့စဉ်မှတ်တမ်းအမိန့်တွင် တရားလိုနှင့် တရားခံတို့ ရုံးသို့ ပြိုင်တူမရောက်ရှိခဲ့ခြင်းကြောင့်သာ အမှုကို မကြာခဏပြန်လည် ချိန်းဆိုခဲ့ရခြင်းများလည်းရှိခဲ့သဖြင့် တရားလိုအား နောက်ဆုံး သတိပေး၍ တရားခံဘက်မှ လျှောက်ထားချက်ကို ပယ်ကြောင်း အမိန့်ချမှတ်ခဲ့ဖူးသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ ဖော်ပြပါ တွေ့ရှိချက်များအရ မြို့နယ်တရားရုံးအနေဖြင့် အငြင်းပွားသည့် ပြဿနာရပ်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ မူလအမှုတွဲကိုပြန်လည် စိစစ်လေ့လာပြီး ဥပဒေ၊ အကြောင်းခြင်းရာတို့နှင့် ညီညွတ်မှုနှင့်ကန်စေရန်အတွက် ပြန်လည်ကြားနာအမိန့်ချမှတ်သင့်ကြောင်းတွေ့ရသည်။

ထိုကြောင့် ဤအယူခံမှုကို ခွင့်ပြုပြီး ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၄၇ အရ တရားခံ ဦးမြင့်သိန်းနှင့် ဦးအောင်သန့်တို့နှစ်ဦးအား အမှုမှ အပြီးအပြတ်လွှတ်စေရန် ချမှတ်ခဲ့သည့် ဒဂုံမြို့နယ် တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်ပြီး မြို့နယ်တရားရုံးက ဥပဒေနှင့်အညီ နှစ်ဘက်ပြန်လည်ကြားနာအမိန့်ချမှတ်ရန် ညွှန်ကြားလိုက်သည်။

ပြစ်မှုဆိုင်ရာ အယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးသန်းဖေ ရှေ့တွင်

+ ၁၉၉၄
နိုဝင်ဘာလ
၆ ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ဝင်းမင်း (ခ) ညီညီ (ခ) ဝင်စတန်ခင်မောင်ကြီး *

ပထမသတင်းပေးတိုင်ချက်–တရားရုံးရှေ့အစစ်ခံချက်နှင့် ပထမသတင်းပေးတိုင်ချက်ကွဲလွဲနေ၍ သဲသယကင်းရှင်းစွာဖြင့် တရားခံအား အပြစ်ပေးရန် သင့် မသင့်။

ဆုံးဖြတ်ချက်။ ပထမသတင်းပေးတိုင်ချက်မှာ ကျမ်းသစ္စာပြုထားသော ထွက်ချက်မဟုတ်၊ ပြန်လှန်မေးခွန်းထုတ်ရန်လည်း အခွင့်အရေးမရသည့် တိုင်ချက် မှတ်တမ်းတစ်ခုသာဖြစ်၍ အခြေခံအထောက်အထားအဖြစ် အသုံးမပြုနိုင်ချေ။ ရုံးရှေ့ထွက်ချက်ကို သက်သေခံ ဥပဒေပုဒ်မ ၁၅၇ အရ ထောက်ခံသည့်အနေဖြင့် လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၄၅ အရ ဆန့်ကျင်သည့်အနေဖြင့်လည်းကောင်း အသုံးပြုနိုင်သည်၊ **မောင်တင်လှိုင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံအမှု** (၁) တွင် တိုင်ချက်ကို ဖွင့်လှစ်ရေးသားရာ၌ တိုင်တန်းသူတစ်ဦးသည် ဖြစ်ပွားပုံအပြည့်အစုံထည့်သွင်းရန်လိုမည်မဟုတ်၊ အဓိကအချက်ကိုသာ ဖော်ပြရန်လိုသည်။ ရုံးတွင် ထွက်ဆိုသောအခါ၌ အချက်အလက်အပြည့်အစုံကို မေးမြန်းသော မေးခွန်းများအပေါ် မူတည်၍ ဖြေကြားထွက်ဆိုရမည်ဖြစ်ကြောင်း ထုံးဖွဲ့ထားသည်။ **မောင်မြဟန်ပါ–၂ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံအမှု** (၂) တွင်လည်း ထိုသို့ ပထမသတင်းပေးတိုင်ချက်၌အမှု အသေးစိတ်အချက်အလက်များ ပါဝင်ရန် မလိုအပ်ကြောင်း၊ တရားရုံး၌ သက်သေစစ်ဆေးသည့် အတိုင်းအကာအထိရဲအရာရှိက မှတ်တမ်းမတင်ရကြောင်း သုံးသပ်ထားပြီး **မောင်စိန်ထွန်းပါ–၁ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံအမှု** (၃) တွင်လည်းအလားတူသုံးသပ်ထားသည်ကိုတွေ့ရသည်။ မူလရုံးတွင် အယူခံတရားခံ၏ ရှေ့နေက မစပယ်ဖြူအား

---

* ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၈၉

\+ ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၅၀၄ တွင် ချမှတ်သော မင်္ဂလာဒုံမြို့နယ်တရားရုံး၏ အမိန့်ကို အယူခံမှု

၁၉၉၄ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ဝင်းမင်း (ခ) ညီညီ (ခ) ဝင်စတန်ခင်မောင်ကြီး

အသေးစိတ်မေးမြန်းခဲ့၍ မစပယ်ဖြူကလည်း အရှက်ကိုမငဲ့ကွက်ဘဲ မေးသမျှ ဖြေကြားခဲ့ပြီးဖြစ်သည်ကိုတွေ့ရသည်။ မစပယ်ဖြူ၏ ရုံးရှေ့ထွက်ချက်နှင့် ပထမသတင်းပေး တိုင်ချက်တို့သိသာ ထင်ရှားစွာ ကွဲပြားခြားနားမှုမရှိကြောင်းတွေ့ရသည်။

ထပ်မံဆုံးဖြတ်ချက်။ ဦးဝင်းမင်းသည် မစပယ်ဖြူ၏ အစ်မဖြစ်သူ မမွန်မွန်ဝင်း ပဲခူးမြို့မှ ဖုန်းဆက်ခေါ်သည်ဟု လိမ်လည်ပြောဆို၍ ခေါ်ဆောင်ခဲ့ခြင်းသည် မစပယ်ဖြူအား အတင်းအဓမ္မပြုရန်အကြံနှင့်သော် လည်းကောင်း၊ အနိုင်အထက်ပြု၍မတရား ကာမစပ်ယှက်ရန်သော် လည်းကောင်း ပဲခူးမြို့သို့ သွေးဆောင်ခေါ်ယူခဲ့ကြောင်း သုံးသပ်ရပေမည်၊ ထို့ကဲ့သို့သောအကြံမရှိဆို လျှင် သက်သေခံအက် ဥပဒေပုဒ်မ ၁၀၆ ဥပမာ(က) အရ ဦးဝင်းမင်းက သက်သေထင်ရှားပြသရန် တာဝန်ရှိသည်။ **မောင်တင်အောင်ပါ–၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု**[၄]ကို ရည်ညွှန်းသည်၊ ယုတ်စွအဆုံး ဦးဝင်းမင်းပြောသည့်အတိုင်း ယခင်က မစပယ်ဖြူနှင့် ကာမစပ်ယှက်ခဲ့ဖူးသည်ဆိုစေဦး အချင်းဖြစ်ပွားသောနေ့က မစပယ်ဖြူအား သွေးဆောင်ခေါ်ယူကာ ကာမစပ်ယှက်ခြင်းသည် ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်းဖြစ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆ အရ ပြစ်မှုကျူးလွန်ရာရောက်သည်။

အယူခံတရားလိုအတွက် – ဦးသိန်းထွန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် – ဦးကြည်ဝင်း၊ တရားရုံးချုပ်ရှေ့နေ

မင်္ဂလာဒုံမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၅၀၄/၉၄ တွင် ဦးဝင်းမင်း(ခ) ဦးညီညီ(ခ) ဝင်စတန်ခင်မောင်ကြီးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆ နှင့် ၃၇၆ တို့အရ စွဲချက်တင် စစ်ဆေးပြီးနောက် အမှုမှအပြီးအပြတ်လွှတ်ခဲ့သည်။ ယင်းအမိန့်ကို ရှေ့နေချုပ်ရုံးက မကျေနပ်၍ တရားရုံးချုပ်သို့ ဤအယူခံမှုကို တင်သွင်းသည်။

အမှုမှာ ၂၉–၁၀–၉၁ ရက်နေ့ ညနေ ၃ နာရီခန့်တွင် မင်္ဂလာဒုံမြို့နယ် ဆေးကျောင်းကားမှတ်တိုင်တွင် ဆေးတက္ကသိုလ် (၂) မှ နောက်ဆုံးနှစ် ကျောင်းသူ မစပယ်ဖြူအား ဦးဝင်းမင်းက ကားဖြင့်စောင့်နေပြီး မစပယ်ဖြူ၏ အစ်မ မမွန်မွန်ဝင်း ပဲခူးမြို့၌ရောက်ရှိနေ၍ ပဲခူးမြို့သို့ခေါ်လာရန် မှာလိုက်ကြောင်း ပြောပြသဖြင့် မစပယ်ဖြူက ယုံကြည်ပြီး လိုက်သွားကြောင်း၊ ဗဟန်းတွင် အအေးဝင်သောက်ပြီး ကားနှင့်ဆက်ထွက်ခဲ့ကြောင်း၊ တစ်အောင့်

ခန့်အကြာတွင် မစပယ်ဖြူမှာ မူးဝေထုံထိုင်းပြီး မျက်လုံးများမဖွင့်နိုင်တော့ဘဲ အိပ်ပျော်သွားကြောင်း၊ ထိုအခါ ဦးဝင်းမင်းက မစပယ်ဖြူအား နှိုးပြီး ဓားဖြင့် အသေထိုးသတ်မည်ဟု ခြိမ်းခြောက်ကာ အဓမ္မပြုကျင့်ခဲ့ကြောင်း၊ ထိုနေရာမှာ ထောက်ကြန့်မှအထွက် ကုက္ကိုင်ပင်တန်း၌ ဖြစ်ကြောင်း၊ ထို့ပြင် လက်ထပ်စာချုပ်တွင် လက်မှတ်ထိုးပေးရန်နှင့် မထိုးပါက မျက်နှာကို ဓားဖြင့်မွန်းပစ်မည်ဟု ခြိမ်းခြောက်၍ လက်မှတ်ရေးထိုးပေးခဲ့ရကြောင်း၊ ပဲခူးမြို့သို့ရောက်သောအခါတွင်လည်း ဆက်လက်ခြိမ်းခြောက်ပြီး (ရဝတ) ရုံး၌ လက်မှတ်ရေးထိုးခိုင်းသဖြင့် ရေးထိုးပေးခဲ့ရကြောင်း၊ တည်းခိုခန်းသို့ ဆက်လက်ခေါ်သွားပြီး ထိုညတွင် အလိုမတူဘဲဒုတိယအကြိမ် အဓမ္မပြုကျင့်ခံရကြောင်း၊ ထို့ကြောင့် လိမ်လည်လှည့်ဖြားပြီး ကြောက်ရွံ့အောင်ပြုလုပ်၍ သားမယားအဖြစ် ပြုကျင့်သူဦးဝင်းမင်းအား အရေးယူပေးပါရန် မစပယ်ဖြူက တိုင်တန်းခဲ့၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆၊ ၃၇၆ အရ ပြည်သူ့ရဲတပ်ဖွဲ့မှ တရားစွဲတင်ပို့ခဲ့သော အမှုဖြစ်သည်။

ဤအမှုနှင့် စပ်လျဉ်း၍ အယူခံတရားခံအား မူလရုံးက အာမခံပေးခဲ့ပြီးနောက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆၊ ၃၇၆ အရ စွဲချက်တင်ပြီးသော အခါမှ အာမခံကို ပြန်လည်ရုပ်သိမ်းခဲ့သည်။ အယူခံတရားခံက အာမခံရရှိရေးအတွက် ရန်ကုန်တိုင်း တရားရုံး (အင်းစိန်မြို့နယ်စု) တွင် ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၁၂၄/၉၂ တင်သွင်းခဲ့ရာ ဦးဝင်းမင်းအား ငါးသောင်းတန်ခံဝန်ဖြင့် အချုပ်လွတ် ထုချေခွင့်ပြုခဲ့သဖြင့် တရားရုံးချုပ်က ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၅၅၁ (ခ) ၉၂ တွင် တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ခဲ့သည်။ ထိုအခါ ဦးဝင်းမင်းက ၎င်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆၊ ၃၇၆ ဖြင့် စွဲချက်တင်သည့် အမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံး (အင်းစိန်မြို့နယ်စု) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၇၅/၉၂ ဖြင့် ပြင်ဆင်မှုတင်သွင်းခဲ့ရာတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆ အရ စွဲချက်တင်သည့် အမိန့်ကို တိုင်းတရားရုံးက ပယ်ဖျက်ခဲ့သည်။ ထို့ကြောင့် မူလရုံး တရားလိုမစပယ်ဖြူက တရားရုံးချုပ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၅၂ (ခ)/၉၂ အဖြစ်လည်းကောင်း၊ ဦးဝင်းမင်းက ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၂၂ (ခ)/၉၂ အဖြစ်လည်းကောင်း ပြင်ဆင်မှုအသီးသီးဝင်ရောက်ခဲ့ရာ တရားရုံးချုပ်က ဦးဝင်းမင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆၊ ၃၇၆ အရ စွဲချက်တင်ခဲ့သည့် မူလရုံးအမိန့်ကို အတည်ပြုပြီး တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ခဲ့သည်။ မူလရုံးက ဦးဝင်းမင်း

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ဝင်းမင်း (ခ)
ညီညီ (ခ)
ဝင်စတန်
ခင်မောင်ကြီး

အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆၊ ၃၇၆ အရ စွဲချက်တင်ခဲ့သော်လည်း အမှုမှအပြီးအပြတ်လွှတ်ခဲ့၍ ရှေ့နေချုပ်ရုံးက မကျေနပ်သဖြင့် တရားရုံးချုပ်သို့ အယူခံတင်သွင်းလာခြင်းဖြစ်သည်။

ရှေ့နေချုပ်ရုံးမှ အယူခံအကြောင်းပြချက်အဖြစ်တင်ပြရာတွင် မစပယ်ဖြူသည် အစ်မဖြစ်သူ မမွန်မွန်ဝင်း ပဲခူးမြို့၌ ရောက်နေကြောင်း ဦးဝင်းမင်း၏ လှည့်ဖြားမှုကို ယုံကြည်မိ၍ လိုက်ပါသွားခြင်းဖြစ်ကြောင်း၊ အအေးဆိုင်တွင် မူးယစ်သတိမေ့စေသည့် ဖျော်ရည်တိုက်ကျွေး၍ ခေါ်သွားပြီးနောက် ထောက်ကြန့်အလွန် လူသူဆိတ်ကွယ်သည့် ကုက္ကိုပင်တန်းတွင် ဓားနှင့်ခြိမ်းခြောက်ပြီး မုဒိမ်းပြုကျင့်သည့်အပြင် လက်ထပ်စာချုပ်တွင် လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ ဦးဝင်းမင်းမှ မစပယ်ဖြူနှင့် ချစ်ကြိုက်ကြောင်း အထောက်အထားမပြနိုင်သည့်အပြင် ကုက္ကိုပင်တန်းတွင်မုဒိမ်းပြုကျင့်ခြင်းနှင့် စပ်လျဉ်း၍ လည်း ဖြေရှင်းနိုင်ခြင်းမရှိကြောင်း၊ အမှန်ချစ်ကြိုက်၍ တရားဝင် လက်ထပ်သည်ဆိုပါက ယခုကဲ့သို့ ပြဿနာပေါ်စရာမရှိကြောင်းဖြင့် တင်ပြသည်။

အယူခံတရားခံ ဦးဝင်းမင်း၏ ရှေ့နေက မစပယ်ဖြူ၏ ပထမသတင်းပေးတိုင်ချက်နှင့်ရုံးရှေ့ထွက်ချက်တို့ ကွဲလွဲနေကြောင်း၊ ပဲခူးမြို့ ပန်းလိုင်ရပ်ကွက်(ရဝတ) ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် အဖွဲ့ဝင်များ၏ ထွက်ချက်တွင် ဦးဝင်းမင်းနှင့် မစပယ်ဖြူတို့မှာ နှစ်ဦးသဘောတူလက်ထပ်ကြ၍ မစပယ်ဖြူ၏ မှတ်ပုံတင်ကတ်မပါသဖြင့် ရဲစခန်းထောက်ခံချက်ရယူကာ တည်းခိုခန်းထိပို့ဆောင်ပေးခဲ့သည်ကို တွေ့ရကြောင်း၊ ထို့ပြင် ဆရာဝန်က မှစပယ်ဖြူ၏ ကိုယ်ခန္ဓာတွင် ပြင်ပဒဏ်ရာမရှိဟု ထွက်ဆိုထားကြောင်း၊ မစပယ်ဖြူ၊ ဒေါ်ထွေးကြည်နှင့် မမွန်မွန်ဝင်းတို့၏ ထွက်ချက်များမှာလည်း ယုတ္တိမရှိ၍ လက်မခံသင့်ကြောင်း၊ အဓိကသက်သေများမှာ လိုပြသက်သေ အေးအေးခိုင်၊ မောင်စိုးသန်းနှင့် ခံပြသက်သေ မြင့်ဦးလှိုင်တို့ဖြစ်ကြပြီး၊ ၄င်းတို့၏ထွက်ချက်များအရ မစပယ်ဖြူမှာ မိမိဘာသာအလိုတူ၍ လိုက်ပါခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်ပါကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲကိုလေ့လာရာတွင် မစပယ်ဖြူကအစ်မဖြစ်သူ မမွန်မွန်ဝင်း၏ နေအိမ်သို့ ဦးဝင်းမင်း ဝင်ထွက်သွားလာနေ၍ ရင်းနှီးကြောင်း၊ ဦးဝင်းမင်းတွင် အိမ်ထောင်ရှိ၍ ကလေးနှစ်ယောက်ရှိကြောင်း၊ မိမိက ဦးဝင်းမင်းကို ဦးလေးသဖွယ် ဆက်ဆံခဲ့ကြောင်း၊ အချင်းဖြစ်ပွားသည့်နေ့က မိမိ၏ အစ်မ မမွန်မွန်ဝင်း ပဲခူးမြို့တွင်ရောက်ရှိနေ၍ ဖုန်းဖြင့်ခေါ်ကြောင်း ဦးဝင်းမင်း၏ ပြောကြားချက်ကို ယုံကြည်၍ ဦးဝင်းမင်းနှင့် လိုက်သွားခဲ့

ကြောင်း၊ ထိုနေ့မတိုင်မီက မိမိတို့ အိမ်တွင် ဦးဝင်းမင်း၊ မြင့်ဦးလိုင်တို့ရှိနေစဉ် ညီမ ဝမ်းကွဲတော်စပ်သူက မမွန်မွန်ဝင်းအား ပဲခူးမြို့သို့ လိုက်ပို့ရန် ပြော ရာ မမွန်မွန်ဝင်းက ခွင့်တင်၍ရပါက လိုက်ပို့မည်၊ နံနက် (၉) နာရီ ခန့် သွားပြီး ညနေ (၃) နာရီခန့်ပြန်မည်ဟု ပြောကြားသည်ကို မိမိကြား ခဲ့ကြောင်း၊ ထို့ကြောင့် ဦးလေးအရွယ်ရှိ ဦးဝင်းမင်း၏ ပြောဆိုမှုကို ယုံကြည်၍ အချင်းဖြစ်နေ့က မိမိလိုက်ပါသွားခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ခေါ်သွားပြီး မိမိအား ဗဟန်းအအေးဆိုင်တွင် အအေးတိုက်စဉ် ဦးဝင်းမင်း ပေးသော ဓာတ်ပုံအယ်လ်ဘန်ကို ကြည့်ရှုပြီးနောက် အအေးသောက်ခဲ့ ကြောင်း၊ ထို့နောက် မူးဝေအိပ်ပျော်သွားခဲ့ကြောင်း၊ ထောက်ကြန့်အလွန် ကုက္ကိုပင်တန်းသို့ရောက်သောအခါ ကားပေါ်မှာပင် ဓားပြ၍ ခြိမ်းခြောက်ပြီး မုဒိမ်းကျင့်ခဲ့ကြောင်း၊ မိမိအား မဖျက်ဆီးရန် တောင်းပန်သော်လည်းမရ ဘဲ မျက်နှာကို ဓားနှင့်မွန်းပစ်မည်ဟု ခြိမ်းခြောက်ခဲ့ကြောင်း၊ မုဒိမ်းကျင့်ပြီး နောက် ဦးဝင်းမင်းက လက်ထပ်စာချုပ်၌ လက်မှတ်ရေးထိုးစေပြီး ငါ့မိန်းမ ဖြစ်သွားပြီ၊ ခေတ်ပညာတတ် မိန်းကလေးအနေနဲ့ စိတ်လိုက်မာန်ပါ မလုပ်ဖို့ သတိပေးကြောင်း၊ ဘယ်သူ့ကို ဘာပြောပြော ယုံမှာမဟုတ်ကြောင်း၊ ထို့နောက် အစ်မ မမွန်မွန်ဝင်းထံသို့ သူငယ်ချင်းများနှင့် လျှောက်လည်နေ၍ နောက်နေ့မှ အိမ်ပြန်မည်ဟု ဖုန်းဆက်ခိုင်းကြောင်း၊ ည (၇) နာရီခွဲခန့် ဖုန်းဆက်သောအခါ သမီး ဒုက္ခရောက်နေပြီဟု ပြောနေစဉ် ဦးဝင်းမင်းမှ ဖုံးခွက်ကို လုရ်ချလိုက်ကြောင်း၊ မိမိအား အတင်းဆွဲခေါ်သွားပြီး "မင်း သိပ်လည်နေတယ် အောက်မေ့သလား၊ငါလုပ်လိုက်ရင် အသက်ပါ ပျောက် သွားမယ်" ဟု ခြိမ်းခြောက်ခဲ့ကြောင်း၊ပဲခူးမြို့ (ရဝတ) ရုံးသို့ ရောက်သော အခါတွင် "အပိုစကားမပြောနဲ့ အားလုံး ငါ့လူတွေ၊ မင်း အသက်မသေဘဲ ကျန်းမာရေး မကောင်းတဲ့ အဖေကြီးနဲ့ ပြန့်တွေ့ချင်ရင် ငါပြောသလိုလုပ်" ဟုခြိမ်းခြောက်ပြီး လက်ထပ်စာချုပ်၌ လက်မှတ်ထိုးခိုင်းကြောင်း၊ တည်းခို ခန်းတွင် နေထိုင်ရန်အတွက် ရဲစခန်းထောက်ခံစာယူရာ၌ ရဲစခန်းသို့ လိုက်ခွင့်မပြုခဲ့ကြောင်း၊ တည်းခိုခန်းသို့ ည (၉) နာရီ ခန့် ရောက်ရှိပြီး ဦးဝင်းမင်းက ဘယ်သူကမှ ကူညီမည့်သူမရှိဘူး၊ ယုံမှာလည်း မဟုတ်ဘူး၊ ငါတောင်းတာလိုက်လျောရမယ်ဟုဆိုကာ သားမယားပြုကျင့်ကြောင်း၊ ဦးဝင်းမင်းက (ရဝတ) တွင် လက်ထပ်စာချုပ်လုပ်ပြီး မိမိအားအပိုင်ချည်ခဲ့ ခြင်းဖြစ်ကြောင်း၊ မကျန်းမာဖြစ်နေသောဖခင်ကြီး သောကရောက်မည်စိုး၍ မှတ်ပုံတင် ပြန်ယူမည်၊ သမီးကို ခဏခွင့်ပြုပါဟု တောင်းပန်ခဲ့ကြောင်း၊

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ဝင်းမင်း (ခ)
ညီညီ (ခ)
ဝင်စတန်
ခင်မောင်ကြီး

လက်ထပ် စာချုပ်ရှိနေ၍ ဘယ်သူမှ မယုံပါဘူးဟု သွေးဆောင်ပြောခဲ့ရ ကြောင်းဖြင့် ထွက်ဆိုထားသည်ကို တွေ့ရသည်။

ဒေါက်တာမြတ်မော် (လိုပြ–၄) ၏ ထွက်ချက်တွင် လက်တလော ကာမစပ်ယှက်ထားသော လက္ခဏာ၊ အပျိုစင်မိန်းကလေးများ ပထမအကြိမ် ကာမစပ်ယှက်ထားသော လက္ခဏာ တွေ့ရကြောင်း ထွက်ဆိုထားသည်။

ဒေါ်ထွေးကြည် (လိုပြ–၅) မစပယ်ဖြူ၏ မိခင်က အချင်းဖြစ်နေ့ ညနေတွင် သမီးဖြစ်သူကျောင်းမှ ပြန်မလာ၍ စိတ်ပူပန်သဖြင့် သမီးအကြီး မမွန်မွန်ဝင်းထံ ဖုံးဆက်ခဲ့ကြောင်း၊ မမွန်မွန်ဝင်းမှ ညီမလေး ဒုက္ခရောက်နေ ကြောင်းပြော၍ ရဲစခန်းတွင် တိုင်ကြားခဲ့ကြောင်း၊ ဓာတ်ပုံကို နောက်တစ်နေ့ လာပေးရန် ပြောကြောင်း၊ ညတွင်းချင်း ရဲအရာရှိအား အကူအညီတောင်း၍ ဦးဝင်းမင်းအိမ်နှင့် မြင့်ဦးလှိုင်တို့အိမ်သို့ နံနက် (၄) နာရီထိ ရှာဖွေကြောင်း၊ နောက်တစ်နေ့ နံနက် (၈) နာရီတွင် ရဲစခန်းသို့ ဓာတ်ပုံပို့ပေးခဲ့ကြောင်း၊ နေ့လယ် (၂) နာရီခန့်တွင် ဦးဝင်းမင်း၊ မြင့်ဦးလှိုင်နှင့် သမီး မစပယ်ဖြူ တို့ရောက်လာပြီး၊ သမီးဖြစ်သူက ငို၍ ရေတိမ်နစ်ခဲ့ရပြီဟု ပြောကြောင်း၊ ဦးဝင်းမင်းအား အကြံပက်စက်လိုက်တာ နင်တို့ မျက်နှာမကြည့်ချင်ဘူးဟု ပြောခဲ့ကြောင်း ထွက်ဆိုထားသည်။

မမွန်မွန်ဝင်း (လိုပြ–၆) မစပယ်ဖြူ၏ အစ်မဖြစ်သူက အချင်းဖြစ် ပွားသောနေ့ ည (၇) နာရီခွဲခန့်တွင် မစပယ်ဖြူ ဖုံးဆက်ကြောင်း၊ သူငယ်ချင်းများနှင့် လည်ပတ်နေတယ်လို့ပြောခိုင်းကြောင်း၊ သူဒုက္ခရောက် နေကြောင်း၊ အသံလေးတုန်တုန်နှင့် ပြောခဲ့ကြောင်း၊ ထို့ပြင် အချင်းဖြစ်နေ့ (၁) နာရီခန့်တွင် ဦးဝင်းမင်းက မိမိအား ပဲခူးသို့သွားမည်၊ မသွားမည်ကို ထပ်တလဲလဲ ဖုံးဆက်မေး၍ မသွားဖြစ်ကြောင်း ပြန်ပြောခဲ့ရသည်ဟု ထွက်ဆိုထားသည်။

ဦးဝင်းမင်းက မိမိသည် မစပယ်ဖြူနှင့် ချစ်ကြိုက်၍ ဦးအောင်မြင့်ဆို သူ၏ အိမ်၌ ပထမအကြိမ် ကာမစပ်ယှက်ပြီးနောက် (၈) ကြိမ်ခန့် ဆက်ဆံခဲ့ဖူးကြောင်း၊ ဦးအောင်မြင့်ဆိုသူမှာ ထောင်ကျ၍ သေဆုံးပြီ ဖြစ် ကြောင်း၊ အချင်းဖြစ်နေ့က ဆေးတက္ကသိုလ် (၂) ရှေ့၌ မစပယ်ဖြူနှင့် တွေ့ဆုံခဲ့ရာ မစပယ်ဖြူက အိမ်မပြန်တော့ဘဲ လိုက်တော့မည်ဟု ပြော၍ ခေါ်သွားကြောင်း၊ အင်းတကော်ရောက်သောအခါ မစပယ်ဖြူ ဖုံးဆက် ကြောင်း၊ ပဲခူးရောက်သောအခါ လက်ထပ်ပါဟု မစပယ်ဖြူကပြော၍ ညတွင်းချင်း (ရဝတ) ရုံးတွင် လက်ထပ်ခဲ့ကြောင်း၊ အဝတ်အစား

ဝယ်လိုကြောင်းပြော၍ အပြည့်အစုံဝယ်ပေးခဲ့ပြီး မစပယ်ဖြူ မှတ်ပုံတင်ကတ်မပါရှိခဲ့၍ ရဲစခန်းမှ ထောက်ခံချက်ရယူခဲ့ကြောင်း၊ (ရဝတ) ဥက္ကဋ္ဌ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦးနှင့် ဦးလှသိန်းတို့လည်း ကားပေါ်ပါလာပြီး တည်းခိုခန်းရောက်မှ နူတ်ဆက်ပြန်သွားကြကြောင်း၊ ထိုညက ကာမစပ်ယှက်ခဲ့ကြကြောင်း၊ နောက်နေ့တွင် မစပယ်ဖြူ၏ မိခင်နှင့် အစ်မဖြစ်သူတို့က ရဲစခန်းသို့ တိုင်ထားကြောင်း၊ ည (၁) နာရီ (၂) နာရီခန့်က မစပယ်ဖြူ မိဘများနှင့် ရဲများ မိမိ၏အိမ်နှင့် သူ၏အိမ်သို့လာရှာကြောင်း၊ လူပျောက်တိုင်ထားကြောင်း၊ မရမ်းကုန်းရဲစခန်းမှနေ့လယ် (၁၂) နာရီမှာ ခေါ်ထားကြောင်း မြင့်ဦးလှိုင်က ဖုံးဖြင့်ပြော၍ မစပယ်ဖြူမှ ရင်ဆိုင်မည်ဟုပြောသဖြင့် ရန်ကုန်ပြန်ခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်။

ဦးကျော်ဝင်း (ခ) မိုက်ကယ် (ခံပြ–၂) က ဦးဝင်းမင်းနှင့် မစပယ်ဖြူတို့ ရည်ငံနေကြောင်း ထွက်ဆိုထားပြီး ဦးစောမြင့်မောင် (ခံပြ–၃)၊ ဦးကိုစိန် (ခံပြ–၅) ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက် (ရဝတ) အဖွဲ့ဝင်များက ၎င်းတို့ထံ အချင်းဖြစ်ညက ဦးဝင်းမင်း ဆိုက်ကာသမား ကိုစံသိန်းဆိုသူနှင့် ရောက်လာပြီး လက်ထပ်ပေးရန် ပြော၍ (ရဝတ) ဥက္ကဋ္ဌ ဦးတင့်လွင်နှင့်အတူ လက်ထပ်စာချုပ်၌ လက်မှတ်ရေးထိုးပေးခဲ့ကြောင်း ထွက်ဆိုထားကြသည်။ စိန်ပန်းနီ တည်းခိုခန်းမှ ဦးအေးလွင် (ခံပြ–၄)က အချင်းဖြစ်ညတွင် လင်မယားနှစ်ယောက် လာရောက်တည်းခိုမည်ဟု (ရဝတ) မှ ပြောကြားသဖြင့် လိုက်သွားရာ မိန်းကလေးမှာ မှတ်ပုံတင်ကတ်မပါ၍ ရဲစခန်းသို့ (ရဝတ)မှ လိုက်ပြောပေးရန် ပြောကြားခဲ့ကြောင်း၊ ထို့နောက် မိမိက မော်တော်ဆိုင်ကယ်နှင့် ရှေ့ကလမ်းပြ၍ ကားပေါ်တွင် ကာယကံရှင် အမျိုးသား၊ အမျိုးသမီးတို့အပြင် (ရဝတ) ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် ဦးစောမြင့်မောင်တို့ လိုက်ပါလာကြကြောင်း၊ ရဲစခန်းသို့ရောက်သောအခါ (ရဝတ) ဥက္ကဋ္ဌ ဦးတင့်လွင်က ရဲစခန်းမှ ဒုရဲအုပ် ဦးလေးဝင်းနှင့် တွေ့ဆုံပြီးနောက် တည်းခိုခန်း၌ တည်းခိုခွင့်ရခဲ့ကြောင်း ထွက်ဆိုထားသည်။ အောင်စိုးသန်း (ခံပြ–၆) နှင့် အေးအေးခိုင် (ခံပြ–၇) တို့က ဦးဝင်းမင်းမာတ်ဆီထည့်ကြောင်း၊ မစပယ်ဖြူက ဖုံးဆက်ရာ၌ "မိမိ၊ ဒီညပြန်မလာဘူး၊ စိတ်မပူပါနဲ့၊ သူငယ်ချင်းအိမ်မှာ ညအိပ်ပြီး စာကျက်မယ်" ဟူပြောသဲကြားကြောင်း ထွက်ဆိုထားကြသည်။

မြင့်ဦးလှိုင် (ခံပြ–၈) က မိမိနှင့် ဦးဝင်းမင်းမှာ လွန်ခဲ့သော နှစ်ပေါင်း (၂၀) ခန့်ကပင် ရင်းနှီးကြောင်း၊ ဦးဝင်းမင်းနှင့် မစပယ်ဖြူတို့ အတူသွားလာ

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ဝင်းမင်း (ခ)
ညီညီ (ခ)
ဝင်စတန်
ခင်မောင်ကြီး

ဆက်သွယ်မှုရှိကြောင်း၊ မစပယ်ဖြူတို့ အိမ်သို့သွားသည့်အခါ အစား အသောက်နှင့် ဧည့်ခံကြောင်း၊ ရုပ်ရှင်အတူကြည့်ခြင်း၊ လှော်ကားဥယျာဉ်သို့ သွားရောက်လည်ပတ်ခြင်း၊ စားသောက်ဆိုင်များသို့သွားခြင်းတို့ရှိခဲ့ကြောင်း၊ အချင်းဖြစ်ည (၂) နာရီခန့် မရမ်းကုန်းရဲစခန်းမှ ဒုရဲအုပ် စိုးပိုင်က မစပယ်ဖြူနှင့် ဦးဝင်းမင်းတို့ကို လာမေးကြောင်း၊ လူပျောက်မှု တိုင်ထားသည်ဟု ကြားသိရကြောင်း၊ နောက်နေ့တွင် ဦးဝင်းမင်းက မစပယ်ဖြူနှင့် လက်ထပ်ထားပြီးဖြစ်ကြောင်းပြောပြီး မစပယ်ဖြူကလည်း ရင်ဆိုင်မည်ဟုပြောကြောင်း၊ အိမ်ရောက်သောအခါ မစပယ်ဖြူက ဦးဝင်းမင်းနှင့်လိုက်သွားမည်ဟုဆိုကာ ကျောင်းစာအုပ်များ ယူကြောင်း၊ မစပယ်ဖြူ၏ မိခင်နှင့် အစ်မ မမွန်မွန်ဝင်းတို့မှ မလိုက်ရန် တားမြစ်ကြကြောင်း၊ ထို့နောက် မစပယ်ဖြူ၊ မမွန်မွန်ဝင်းနှင့် ၎င်းတို့၏ မိခင်ဒေါ်ထွေးကြည်တို့ အိမ်နောက်ဖေးခန်းသို့ ဝင်သွားပြီးနောက် ဒေါ်ထွေးကြည်က သမီးကို ဒီနေ့မထည့်နိုင်ဟု ဦးဝင်းမင်းအား ပြောကြောင်း ထွက်ဆိုထားသည်။

အမှုတွင် အယူခံတရားခံ ဦးဝင်းမင်းနှင့် မူလရုံးတရားလို မစပယ်ဖြူတို့သည် ၂၉-၁၀-၉၃ ရက်နေ့၌ ပဲခူးမြို့သို့ ကားနှင့်သွားရောက်ပြီး ပန်းလျိုင် (ရဝတ) ရုံးတွင် လက်ထပ်စာချုပ် ပြုလုပ်ကာ တည်းခိုခန်း၌ ကာမစပ်ယှက်ခဲ့ကြောင်း နှစ်ဖက်အငြင်းမပွားပေ။ မစပယ်ဖြူက သူ့မအား မူးယစ်စေသော အအေးကို တိုက်ကျွေးပြီးနောက် ထောက်ကြန့်အလွန် ကုက္ကိုပင်တန်းတွင် ကားပေါ်၌ ဓားပြ၍ ပထမအကြိမ် မုဒိမ်းကျင့်ကြောင်းနှင့် ခြိမ်းခြောက်၍ လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ တည်းခိုခန်းတွင်လည်း ဦးဝင်းမင်းက ခြိမ်းခြောက်ထားသောကြောင့် အလိုမတူဘဲ ဆက်ဆံခဲ့ရကြောင်း၊ ပဲခူးမြို့သို့ လိုက်ပါသွားရခြင်းမှာ ဦးဝင်းမင်း၏ လှည့်ဖြားသော စကားကို ယုံကြည်မိ၍ ဖြစ်ကြောင်း ထွက်ဆိုထားသည်။

အယူခံတရားခံရှေ့နေက မစပယ်ဖြူ၏ ရုံးရှေ့အစစ်ခံချက်နှင့် ပထမသတင်းပေးတိုင်ချက် ကွဲလွဲ၍ သံသယကင်းရှင်းစွာဖြင့် တရားခံအား အပြစ်မပေးနိုင်ဟု တင်ပြထားသည်။ ပထမသတင်းပေး တိုင်ချက်မှာ ကျမ်းသစ္စာပြုထားသော ထွက်ချက်မဟုတ်၊ ပြန်လှန်မေးခွန်းထုတ်ရန်လည်း အခွင့်အရေးမရသည့် တိုင်ချက်မှတ်တမ်း တစ်ခုသာဖြစ်၍ အခြေခံအထောက်အထားအဖြစ် အသုံးမပြုနိုင်ချေ။ ရုံးရှေ့ထွက်ချက်ကို သက်သေခံဥပဒေပုဒ်မ ၁၅၇ အရ ထောက်ခံသည့်အနေဖြင့်လည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၁၄၅ အရ ဆန့်ကျင်သည့်အနေဖြင့်လည်းကောင်း အသုံးပြုနိုင်သည်။

မောင်တင်လှိုင်နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံအမှု** [၁] တွင် တိုင်ချက်ကို ဖွင့်လှစ် ရေးသားရာ၌ တိုင်တန်းသူတစ်ဦးသည် ဖြစ်ပွားပုံအပြည့်အစုံ ထည့်သွင်းရန်လိုမည်မဟုတ်၊ အဓိကအချက်ကိုသာ ဖော်ပြရန်လိုသည်။ ရုံးတွင် ထွက်ဆိုသောအခါ၌ အချက်အလက်အပြည့်အစုံကို မေးမြန်းသော မေးခွန်းများအပေါ် မူတည်၍ ဖြေကြားထွက်ဆိုရမည်ဖြစ်ကြောင်း ထုံးဖွဲ့ ထားသည်။ **မောင်မြဟန်ပါ–၂** နှင့် **ပြည်ထောင်စုမြန်မာနိုင်ငံအမှု** [၂] တွင် လည်း ထိုသို့ ပထမသတင်းပေးတိုင်ချက်၌ အမှုအသေးစိတ်အချက်အလက် များ ပါဝင်ရန်မလိုအပ်ကြောင်း၊ တရားရုံး၌ သက်သေစစ်ဆေးသည့် အတိုင်းအတာအထိ ရဲအရာရှိက မှတ်တမ်းမတင်ရကြောင်း သုံးသပ်ထားပြီး၊ **မောင်စိန်ထွန်းပါ–၁** နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံအမှု** [၃] တွင်လည်း အလားတူသုံးသပ်ထားသည်ကို တွေ့ရသည်။ မူလရုံးတွင် အယူခံ တရားခံ၏ ရှေ့နေက မစပယ်ဖြူအား အသေးစိတ်မေးမြန်းခဲ့၍ မစပယ်ဖြူ ကလည်း အရှက်ကိုမငဲ့ကွက်ဘဲ မေးသမျှဖြေကြားခဲ့ပြီးဖြစ်သည်ကို တွေ့ရ သည်။ မစပယ်ဖြူ၏ ရုံးရှေ့ထွက်ချက်နှင့် ပထမသတင်းပေးတိုင်ချက် တို့ သိသာထင်ရှားစွာ ကွဲပြားခြားနားမှုမရှိကြောင်း တွေ့ရသည်။

မစပယ်ဖြူမှာ အချင်းဖြစ်ပွားစဉ်က ဆေးတက္ကသိုလ်(၂)မှ နောက်ဆုံးနှစ် ကျောင်းသူဖြစ်သည်။ ဦးဝင်းမင်းမှာ အိမ်ထောင်ရှိပြီး သားသမီး နှစ်ဦးရှိ ကြောင်း သိရှိပြီး ဦးလေးသဖွယ်ရင်းနှီးစွာ ဆက်ဆံခဲ့သည်ဟုဆိုသည်။ ဦးဝင်းမင်းက မစပယ်ဖြူနှင့်ချစ်ကြိုက်၍ ကာမဆက်ဆံမှုများ အကြိမ်ကြိမ်ပြု လုပ်ခဲ့သည်ဟုဆိုသည်။ ဦးအောင်မြင့်အိမ်တွင် ပထမအကြိမ် ကာမဆက်ဆံ သည်ဆိုသော်လည်း ဦးအောင်မြင့်မှာ ထောင်ထဲ၌ သေဆုံးသည်ဆိုသည်။ အခြား မည်သည့်နေရာတွင် ဆက်ဆံခဲ့ဖူးကြောင်း ဦးဝင်းမင်းက မတင်ပြနိုင် ပေ။ ဦးဝင်းမင်း ထွက်ဆိုသည့်အတိုင်း ပဲခူးမြို့သို့မသွားမီကပင် သဘောတူ ဆက်ဆံခဲ့ကြပြီး မစပယ်ဖြူအလိုဆန္ဒအတိုင်း ပဲခူးမြို့သို့သွားရောက် လက်မှတ်ရေးထိုးရသည်ဆိုပါက မစပယ်ဖြူသည် မမွန်မွန်ဝင်းအား ဒုက္ခ ရောက်နေကြောင်း ဖုံးဆက်ရန်အကြောင်းမရှိနိုင်ချေ။ မမွန်မွန်ဝင်းနှင့် မိခင် ဒေါ်ထွေးကြည်တို့သည် မစပယ်ဖြူထံမှ ဒုက္ခရောက်နေကြောင်း ဖုံး ဆက်သဖြင့် ရဲစခန်း၌ လူပျောက်တိုင်တန်းခဲ့ပြီး ညတွင်းချင်း မြင့်ဦးလှိုင်

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (ရုံးချုပ်)၊ စာ–၆၅၄။
၂။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး(အထူးရာဇဝတ်အယူခံရုံး)၊ စာ–၈၀။
၃။ ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (ဟိုက်ကုတ်)၊ စာ–၂၆၁။

၁၉၉၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် ဝင်းမင်း (ခ) ညီညီ (ခ) ဝင်စတန် ခင်မောင်ကြီး

(ခံပြ–၈) အိမ်သို့သန်းခေါင်ကျော်အချိန်တွင် မရမ်းကုန်းရဲစခန်းမှ ရဲအရာရှိ များလာရောက် ရှာဖွေခဲ့ကြောင်းတွေ့ရသည်။ အယူခံတရားခံ ဦးဝင်းမင်း၊ အေးအေးခိုင် (ခံပြ–၇) နှင့် အောင်စိုးသန်း (ခံပြ–၆) တို့ ထွက်ဆိုသကဲ့သို့ စာကျက်မည်ဖြစ်၍ စိတ်မပူရန်ပြောကြားခြင်းသာ ဖြစ်သည်ဆိုပါက မစပယ် ဖြူ၏ မိခင်မှ ညတွင်းချင်း ရဲစခန်းသို့တိုင်မည် မဟုတ်ကြောင်း မြင်သာ သည်။ ထို့ကြောင့်ဒုက္ခရောက်နေကြောင်း မစပယ်ဖြူက ဖုံးဆက်သည်မှာ မှန်ကြောင်းလက်ခံရမည်ဖြစ်သည်။ ဖုံးဆက်သွယ်သောအချိန်မှာ ည(၇) နာရီခွဲခန့်ဖြစ်သဖြင့် ရန်ကုန်မြို့မှ ကားနှင့် ထွက်ပြီးနောက် (၃) နာရီကျော် အကြာ အင်းတကော်ရောက်ရှိနေချိန်ဖြစ်သည်။ရန်ကုန်နှင့်အင်းတကော်မှာ ကိုယ်ပိုင်ကားနှင့် (၃) နာရီကျော်ကြာ မောင်းနှင်ရသော ခရီးအကွာအဝေး မဟုတ်ပေ။ ရန်ကုန်မှ ပဲခူးသို့ ခရီးသည်တင်ကားများပင် (၂)နာရီသာ မောင်းနှင်သဖြင့် ပဲခူးမရောက်မီ အင်း တကော်ထိ (၃) နာရီကျော်ကြာရ ခြင်းသည် လမ်းခရီးတွင် မစပယ်ဖြူပြောသည့်အတိုင်း ဓားပြ၍ မုဒိမ်း ကျင့်သည်ဆိုသော အချက်မှာ ယုတ္တိမရှိဟု မဆိုနိုင်ပေ။

အယူခံတရားခံ၏ ရှေ့နေကအဓိကသက်သေများမှာ အေးအေးခိုင် (ခံပြ–၇) နှင့် အောင်စိုးသန်း (ခံပြ–၆) တို့ဖြစ်ကြောင်း၊ တယ်လီဖုံးအော်ပရေ တာ အေးအေးခိုင် (ခံပြ–၇) က လွန်ခဲ့သော (၂) နှစ်ခန့်က (၆) နာရီ မထိုးမီ ဖုံးဆက်ခွင့်ပြုရန် ဦးဝင်းမင်းနှင့် မစပယ်ဖြူတို့ ရောက်လာ၍ မှတ်မိကြောင်း၊ မစပယ်ဖြူက "မမ၊ ဒီညပြန်မလာဘူး၊ စိတ်မပူပါနဲ့၊ သူငယ်ချင်းအိမ်မှာ ညအိပ်ပြီး စာကျက်မယ်" ဟုပြောကြောင်း၊ထို့နောက် ကျေးဇူးတင်သည်ဟုပြောပြီး ငွေတစ်ဆယ်ပေးကာ အမျိုးသားနှင့် လက်ချင်း ချိတ်၍ ကားအဖြူနှင့် ကြည်ဖြူကောင်းမွန်စွာ ထွက်သွားကြောင်းဖြင့် ထွက်ဆိုထားသည်ဟူ၍လည်းကောင်း၊ အောင်စိုးသန်း(ခံပြ–၆) ကလည်း လွန်ခဲ့သော (၂) နှစ် နီးပါးခန့်က ကားရှေ့ခန်းတွင် ဒေါင်ကောင်းကောင်း၊ အသားဖြူဖြူ အမျိုးသမီးနှင့်အတူ ဦးဝင်းမင်းရောက်လာ၍ ဓာတ်ဆီဝယ် ထည့်ကြောင်း၊ ဖုံးဆက်ရန်အတွက် ဆက်သွယ်ရေးရုံးသို့ လိုက်ပို့ပြီး ဖုံးဆက်သောနေရာနှင့် (၆) ပေအကွာတွင် ရပ်နေသဖြင့် အမျိုးသမီးက မော်ဘိုမှ သူငယ်ချင်းနှင့် အိမ်စာကျက်ရင်းအိပ်မည်ဟု ပြောသည်ကိုကြား ရကြောင်း ထွက်ဆိုထားပါသည်ဟုလည်းကောင်း အေးအေးခိုင်နှင့် အောင်စိုး သန်းတို့သည် တရားခံအပြစ်မရှိကြောင်းကို ရိုးသားတည်ငြိမ်စွာဖြင့် ထွက်ဆို ထားကြပါသည်ဟု ခုခံလျှောက်လဲထားသည်။

ဆက်သွယ်ရေးရုံးမှ အေးအေးခိုင် (ခံပြ-၇) နှင့် ဓာတ်ဆီရောင်းသူ အောင်စိုးသန်း(ခံပြ-၆) တို့မှာ ဦးဝင်းမင်းနှင့်ဖြစ်စေ၊ မစပယ်ဖြူနှင့် ဖြစ်စေ ဆွေမျိုးမတော်၊ သိကျွမ်းရင်းနှီးခဲ့ကြသူများလည်း မဟုတ်ကြပေ။ သို့ပါလျက် လွန်ခဲ့သော (၂)နှစ်ခန့်တွင် ညနေ(၆) နာရီမထိုးမီ ဦးဝင်းမင်းနှင့် မစပယ်ဖြူတို့နှစ်ဦးရောက်လာကြသည်ကို ကောင်းစွာ မှတ်မိသည့်အပြင် မစပယ်ဖြူက "မမ ဒီည ပြန်မလာဘူး၊ စိတ်မပူပါနဲ့၊ သူငယ်ချင်းအိမ်မှာ ညအိပ်ပြီးစာကျက်မယ်" ဟူ၍ ပြောကြောင်း အေးအေးခိုင်က အတိအကျ မှတ်သားထွက်ဆိုထားပြီး အောင်စိုးသန်း (ခံပြ-၆) ကမူ မော်ဘီ သူငယ်ချင်းနှင့် အိမ်စာကျက်ရင်း ညအိပ်မည်ဟု ပြောကြောင်း ထွက်ဆိုထားသဖြင့် လွန်ခဲ့သော (၂) နှစ်ခန့်က သွေးတော်သားမစပ်သူများ၏ ပြောစကားများကို အမှုနှင့် ပတ်သက်သမျှ ကွက်၍တိကျစွာ မှတ်မိနေခြင်းမှာ ယုံကြည်လက်ခံရန် ခဲယဉ်းပေသည်။ ဓာတ်ဆီရောင်းသူနှင့်တယ်လီဖုန်း အော်ပရေတာတို့သည် (၂) နှစ်အတွင်း လူများစွာနှင့် ဆက်ဆံခဲ့ကြသူများဖြစ်သည်။ အကယ်၍ အတိအကျမှတ်မိပြီး မုသားမပါထွက်ဆိုသည်ဆိုလျှင် မစပယ်ဖြူ အိမ်ပြန်မအိပ်ခြင်းသည် စာကျက်နေလိမ့်မည်ဟု မိဘများက မှတ်ယူကြပေလိမ့်မည်။ ထိုသို့ဆိုလျှင် ဖုံးဆက်သောညမှာပင် မစပယ်ဖြူ ပျောက်ဆုံးနေကြောင်း ရဲစခန်းသို့ ချက်ချင်းတိုင်ကြားရန်အကြောင်းမရှိနိုင်။ ထိုညသန်းခေါင်ကျော်အချိန်တွင် အယူခံတရား၊ခံ၏ မိတ်ဆွေ မြင့်ဦးလှိုင် (ခံပြ-၈) ၏ အိမ်သို့ မရမ်းကုန်း ရဲစခန်းမှ ဒုရဲအုပ်စိုးပိုင်က မစပယ်ဖြူနှင့် အယူခံတရား၊ခံတို့ ရှိ မရှိမေးမြန်းပြီး လူပျောက်တိုင်ထားကြောင်း မြင့်ဦးလှိုင်က ထွက်ဆိုရန် အကြောင်းမရှိနိုင်။ အယူခံတရား၊ခံ ဦးဝင်းမင်းဘက်မှ အဓိကတင်ပြထားသော ခံပြသက်သေများ၏ ထွက်ဆိုချက်များအရပင် လျှင် မစပယ်ဖြူသည် သမီးဒုက္ခရောက်နေတယ်ဟူသော စကားပါသွားသောကြောင့် မိဘများသိရှိခြင်းဖြစ်ကြောင်း အလွယ်တကူစဉ်းစားနိုင်ပေသည်။ ထို့ပြင် ဒုက္ခရောက်နေကြောင်းသာပြောနိုင်သဖြင့် မည်သည့်နေရာ ဒေသ ရောက်နေမှန်းမသိနိုင်သောကြောင့် ရန်ကုန်မြို့အတွင်း စုံစမ်းရှာဖွေနေခြင်း ဖြစ်သည်။

ထို့ပြင် အယူခံတရား၊ခံ၏ ရှေ့နေက မုဒိမ်းကျင့်သော သူတစ်ယောက်က မုဒိမ်းကျင့်ခံရသော မိန်းကလေးကို ၎င်း၏ အစ်မထံသို့ ဖုံးဆက်ခွင့်ပေးပါ မည်လားဟူ၍ တင်ပြထားသည်။ မစပယ်ဖြူ၏ ထွက်ချက်တွင် "ကျမအား မင်းအစ်မထံ ဖုန်းဆက်ရမယ်၊ သူငယ်ချင်းများနှင့် လျှောက်လည်နေ၍

နောက်တစ်နေ့မှ အေးအေးဆေးဆေးပြန်လာမည်ဟု အစ်မထံဖုန်းဆက်ခိုင်းပါသည်" ဟု ပါရှိသည်ကို တွေ့ရသည်။ အချင်းဖြစ်ညက ဖုန်းဆက်သည်ဆိုသည်မှာ နှစ်ဖက်အငြင်းမပွားကြောင်း တွေ့ရသည်။ အယူခံတရားခံက ထိုသို့ဖုန်းဆက်ပြောသည်ဆိုသော စကားကိုပင် အဓိကထား၍ သက်သေထူခဲ့သည်။ အယူခံတရားခံအနေဖြင့် မုဒိမ်းမကျင့်ဘဲ အလိုတူနေသောကြောင့် ဖုန်းဆက်ခွင့်ပြုသည်ဟုဆိုလိုဟန်တူသည်။ ထိုသို့အလိုတူလျှင်အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ညတွင်းချင်း မရမ်းကုန်း ရဲစခန်းသို့ တိုင်ကြားခြင်း၊ အယူခံတရားခံ၏ မိတ်ဆွေဖြစ်သော မြင့်ဦးလှိုင် (ခံပြ-၈) ၏ အိမ်သို့ ဝင်ရောက်ရှာဖွေခြင်းစသော ကိစ္စများ ပေါ်နိုင်ဖွယ်မရှိချေ။ ကားပေါ်၌ မုဒိမ်းပြုကျင့်ပြီးဖြစ်၍ မစပယ်ဖြူအနေဖြင့် ပြောခိုင်းသည့်အတိုင်း ပြောလိမ့်မည်ဟူသော မျှော်လင့်ချက်ဖြင့် ဖုန်းဆက်ခိုင်းခြင်းဖြစ်သည်ဟု ယူဆရသည်။

ပဲခူးမြို့၊ ပန်းလှိုင်ရပ်ကွက် (ရဝတ) ဥက္ကဋ္ဌ ဦးတင့်လွင်နှင့် ဦးစောမြင့်မောင် (ခံပြ-၃)၊ ဦးဘိုစိန် (ခံပြ-၄) တို့က ဆိုကြားသမား ကိုစံသိန်းခေါ်လာသဖြင့် လက်ထပ်ပေးခဲ့ရံသာမက တည်းခိုရန်အတွက် "စိန်ပန်းနိ" တည်းခိုခန်း မန်နေဂျာကိုပင် ခေါ်ယူထားခဲ့သည်။ မစပယ်ဖြူတွင် မှတ်ပုံတင်မပါ၍ ရဲစခန်းသို့သွားကြရာ၌ ရှေ့မှ ဦးအေးလွင်၏ မော်တော်ဆိုင်ကယ်က ဦးဆောင်လမ်းပြ၍ (ရဝတ) ဥက္ကဋ္ဌနှင့် အဖွဲဝင်များက ဦးဝင်းမင်း၏ကား နှင့် လိုက်ပါပြီး ထောက်ခံစာရယူပေးခြင်း၊ တည်းခိုခန်းထိပို့၍ နှုတ်ဆက်ခဲ့ခြင်းတို့သည် သာမန်ဝတ္တရားဆောင်ရွက်ပေးခြင်းထက် ပိုလွန်းနေသည်ဟု ယူဆသည်။ အလားတူကိစ္စများကို ဦးဝင်းမင်းတို့၏ ကိစ္စကဲ့သို့ ဆောင်ရွက်ပေးလိမ့်မည်ဟု ဆိုနိုင်မည် မဟုတ်ပေ။ ထို့ပြင် မစပယ်ဖြူအား ကားပေါ်တွင် နေစေသော်လည်း တမင်ချန်ထားခြင်းမဟုတ်ကြောင်း၊ ဒုရဲအုပ်လေးဝင်းက မှတ်ပုံတင်ပျောက်ဆုံးခြင်း ကိစ္စသည် အသေးအဖွဲဖြစ်၍ ကာယကံရှင်ကိုယ်တိုင်မပါခြင်းကို ခွင့်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုထားသည်။ ရပ်ရွာအေးချမ်းသာယာရေးနှင့် ငြိမ်ဝပ်ပိပြားရေးအတွက် တာဝန်ရှိသည်ဖြစ်လျက် မှတ်ပုံတင်ပျောက်သည့်ကိစ္စမှာ အသေးအဖွဲဟု သတ်မှတ်၍ ကာယကံရှင်အားမတွေ့ဘဲ ခွင့်ပြုခဲ့ကြသည်ကို တွေ့ရသည်။ ထို့ကြောင့် ဦးဝင်းမင်းက မစပယ်ဖြူအား သူ့လူတွေဖြစ်ကြောင်း၊ သူ ပြောသလိုလုပ်ရန် ခြိမ်းခြောက်ကြောင်းပြောသည်ဆိုသောအချက်မှာလည်း မှန်ကန်မှုမရှိဟု မဆိုနိုင်ချေ။ မစပယ်ဖြူသည် ဦးဝင်းမင်းနှင့် ယခင်ကပင် ချစ်ကြိုက်၍ အကြိမ်ကြိမ်ကာမဆက်ဆံခဲ့ပြီး လက်ထပ်ရန်အတွက် ရည်ရွယ်သည်ဆိုလျှင်

အရွယ်ရောက်ပြီးသူများဖြစ်၍ အချိန်မရွေး ရန်ကုန်မြို့၌ပင် ဆောင်ရွက်နိုင်သည်။ ပဲခူးမြို့သို့ ညဘက်ရောက်ရှိပြီး ဆိုက္ကားသမား ကိုစံသိန်းအား ခေါ်၍ ညတွင်းချင်း လက်ထပ်စာချုပ်မပြုလုပ်ဘဲ နောက်တစ်နေ့၌ တရားရုံးတွင် လက်ထပ်စာချုပ်ပြုလုပ်နိုင်သည်။ မည်သည့်အတွက် အလျင်စလိုပြုလုပ်ရကြောင်း ဦးဝင်းမင်းအနေဖြင့် ရှင်းပြသင့်သည်။ မစပယ်ဖြူအနေဖြင့် ဦးဝင်းမင်းထွက်ဆိုသကဲ့သို့ အားလုံးမှန်ကန်လျှင် နောက်နေ့၌ လက်ထပ်စာချုပ်တွင် လက်မှတ်ထိုးပေးရန် ဝန်လေးမည်မဟုတ်ဟု ယူဆရသည်။

ရာဇဝတ်မှုများကို စစ်ဆေးရာ၌ သက်သေခံချက်များမှ အမှန်တရားကို ဖော်ထုတ်နိုင်ရမည်ဖြစ်ရာ မည်သူ့ကို လုံးဝယုံ၍ မည်သူ့ကို လုံးဝပယ်ရမည်မဟုတ်ဘဲ ယုံသင့်ရာရာတို့ကို ထုတ်နုတ်ပြီးနောက် သဘာဝယုတ္တိနှင့် နှိုင်းယှဉ်ကာ အမှန်တရားကို ဖော်ရန်ဖြစ်ကြောင်း၊ သက်သေများသည် စွပ်စွဲသူနှင့် ဆွေမျိုးတော်စပ်သည့်အကြောင်းကြောင့် ၎င်းတို့၏ ထွက်ချက်ကို လက်မခံရဆိုသော တားမြစ်သည့် ဥပဒေမရှိကြောင်း၊ ကွယ်ထောင့်လိမ်လည်၍ ထွက်ဆိုရန်အကြောင်းရှိမရှိ၊ အမှုဖြစ်အကြောင်းခြင်းရာများနှင့် ဆီလျော်အပ်စပ်ခြင်းရှိ မရှိဆိုသည့်အချက်အလက်များအပေါ် မူတည်၍ အဆုံးအဖြတ်ပြုရကြောင်း၊ သက်သေခံချက်ကို စိစစ်ချိန်ဆရာ၌ "ဆန်မှဆန်ကွဲကို ရွေးချယ်သကဲ့သို့" အမှန်ဖြစ်တန်ရာသော စကားတို့ကို ခွဲခြား၍ မမှန်ရာကိုပယ်ပြီး၊မှန်ရာကိုယူနိုင်ကြောင်း၊ တစ်မှုစီ၌ ပေါ်ပေါက်နေသော အကြောင်းခြင်းရာကို လိုက်၍ အမှန်ကိုရှာဖွေရာ၌ ပုံသေနည်းမျိုးမရှိ၊ အမှန်နှင့်အမှားခွဲခြား၍ ချိန်ဆခြင်းသည်ပင် တရားရုံး၏ အဓိကတာဝန်တစ်ရပ်ဖြစ်ကြောင်း စီရင်ထုံးများစွာဖြင့် လမ်းညွှန်ခဲ့ပြီးဖြစ်သည်။

သို့ဖြစ်ရာ ဦးဝင်းမင်းသည် မစပယ်ဖြူ၏ အစ်မဖြစ်သူ မမွန်မွန်ဝင်း ပဲခူးမြို့မှ ဖုန်းဆက်ခေါ်သည်ဟု လိမ်လည်ပြောဆို၍ ခေါ်ဆောင်ခဲ့ခြင်းသည် မစပယ်ဖြူအား အတင်းအဓမ္မပြုရန်အကြံနှင့်သော်လည်းကောင်း၊ အနိုင်အထက်ပြု၍ မတရားကာမစပ်ယှက်ရန်သော်လည်းကောင်း ပဲခူးမြို့သို့ သွေးဆောင်ခေါ်ယူခဲ့ကြောင်း သုံးသပ်ရပေမည်။ ထိုကဲ့သို့သော အကြံမရှိဆိုလျှင် သက်သေခံအက်ဥပဒေပုဒ်မ ၁၀၆ ဥပမာ (က) အရ ဦးဝင်းမင်းက သက်သေထင်ရှားပြသရန် တာဝန်ရှိသည်။ **မောင်တင်အောင်ပါ–၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု**[၄] ကို ရည်ညွှန်းသည်။ ယုတ်စွအဆုံး ဦးဝင်းမင်းပြောသည့်အတိုင်း ယခင်က မစပယ်ဖြူနှင့် ကာမစပ်ယှက်ခဲ့ဖူး

၄။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (ရုံးချုပ်)၊ စာ–၁၀၀၆။

၁၉၉၄ ပြည်ထောင်စု မြန်မာနိုင်ငံတော် နှင့် ဝင်းမင်း (ခ) ညီညီ (ခ) ဝင်စတန် ခင်မောင်ကြီး

သည်ဆိုစေဦး အချင်းဖြစ်ပွားသောနေ့က မစပယ်ဖြူအား သွေးဆောင်ခေါ်ယူကာ ကာမစပ်ယှက်ခြင်းသည် ကာမသွေးဆောင် အကျင့်ဖျက်ဆီးခြင်း ဖြစ်၍ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၆၆ အရ ပြစ်မှုကျူးလွန်ရာရောက်သည်။

ဒေါက်တာမြတ်မော် (လိုပြ-၄)က မစပယ်ဖြူတွင် ပြင်ပဒဏ်ရာမရှိကြောင်း၊ မိန်းမကိုယ်အမြွေးပါး နာရီလက်တံ ၃ နာရီနေရာ၌ မကြာခင်က ပြခဲ့သော ဒဏ်ရာတစ်ခုရှိကြောင်း၊ မိန်းမကိုယ်အမြွေးပါး နာရီလက်တံ ၁နာရီနှင့် ၇ နာရီတွင် အချင်း ၂ မီလီမီတာစီရှိသော နီညိုရောင် သွေးခြေဉသည့် ဒဏ်ရာနှစ်ခုရှိကြောင်း၊ မိန်းမကိုယ်အောက် နှုတ်ခမ်းထောင့် နာရီလက်တံ ၆ နာရီ၌ ၃ မီလီမီတာပြဲနေကြောင်း၊ လတ်တလော ကာမစပ်ယှက်ထားသောလက္ခဏာရှိကြောင်း၊ ပထမဆုံးအကြိမ် ကာမစပ်ယှက်ပါက တွေ့ရှိနိုင်သော လက္ခဏာအခြေအနေရှိကြောင်း၊ အပျိုစင်မိန်းကလေးများ ကာမစပ်ယှက်ပါက ရနိုင်သော လက္ခဏာဖြစ်ကြောင်း၊ ထွက်ဆိုထားသည်။

ဒေါက်တာမြတ်မော် (လိုပြ-၄)၏ ထွက်ဆိုချက်အရ မစပယ်ဖြူသည် ဦးဝင်းမင်းနှင့် အကြိမ်ကြိမ်ကာမဆက်ဆံခဲ့သည်ဆိုသောအချက်မှာ မမှန်ကြောင်း ထင်ရှားစေသည်။ တစ်ဆက်တည်းမှာပင် မစပယ်ဖြူသည် ပထမဦးစွာ ပြုကျင့်ခံရသဖြင့် ရရှိသောဒဏ်ရာများဖြစ်ကြောင်းလည်း ပေါ်ပေါက်သည်။ ဤအခြေအနေတွင် ထောက်ကြန့်အလွန် ကုက္ကိုပင်တန်း၌ ကားပေါ်မှာပင် မားပြ၍ မုဒိမ်းကျင့်ခံရပါသည်ဆိုသော မစပယ်ဖြူ၏ ထွက်ချက်မှာ ပေါ်ပေါက်လျက်ရှိသောအကြောင်းခြင်းရာများအရ မှန်ကန်ကြောင်း ညွှန်ပြလျက်ရှိသည်။ ထိုအချိန်က မစပယ်ဖြူမှာ မူးယစ်စေသော အအေးတိုက်ကျွေးထားသဖြင့် ရန်းကန်နိုင်စွမ်းမရှိသော်လည်း အင်္ဂါစပ်ရှိ ဒဏ်ရာများအရ မုဒိမ်းကျင့်ခံရသည်ဟုပင် မှတ်ယူရပေမည်။ ထို့ပြင် မစပယ်ဖြူသည် ရန်ကုန်မြို့ရှိ မိခင်ဒေါ်ထွေးကြည်နှင့် အစ်မ မခွန်မွန်ဝင်းတို့အား တွေ့လျှင် တွေ့ခြင်း၊ ရေတိမ်နှစ်ခဲ့ရကြောင်း ငို၍တိုင်တန်းခဲ့ခြင်း၊ မစပယ်ဖြူကိုယ်တိုင် ၃၁-၁၀-၉၁ ရက်နေ့၌ ရဲစခန်းတွင် သက်သေခံတိုင်ချက်ကို ရေးဖွင့်ခဲ့ခြင်း၊ တိုင်ချက်ပါအတိုင်း ရုံးရှေ့၌ အရှက်ကိုမငဲ့ဘဲ အသေးစိတ်ထွက်ဆို အစစ်ခံခဲ့ခြင်းတို့ကို ထောက်ရှုလျှင် မစပယ်ဖြူသည် ဦးဝင်းမင်း၏ သွေးဆောင် လှည့်ဖြားခြင်းကြောင့် ပဲခူးသို့ လိုက်ပါသွားခဲ့ရပြီး အလိုမတူဘဲ ကာမစပ်ယှက်ခြင်းခံခဲ့ရကြောင်း ပေါ်လွင်လျက်ရှိပေသည်။

၁၉၉၄
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ဝင်းမင်း (ခ)
ညီညီ (ခ)
ဝင်စတန်
ခင်မောင်ကြီး

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြု၍ မင်္ဂလာဒုံမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၅၀၄/၉၄ တွင် ဦးဝင်းမင်း (ခ) ဦးညီညီ (ခ) ဝင်စတန် ခင်မောင်ကြီး အား အမှုမှအပြီးအပြတ်လွှတ်ခဲ့သည့် အမိန့်ကို ပယ်ဖျက်ပြီး ၎င်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆ အရ ထောင်ဒဏ် (၃) နှစ် (သုံးနှစ်) ကျခံစေရန်နှင့် ယင်းဥပဒေပုဒ်မ ၃၇၆ အရ ထောင်ဒဏ် (၇) နှစ် (ခုနစ်) နှစ် ကျခံစေရန်၊ ပြစ်ဒဏ်များကို သီးခြားစီကျခံစေရန် ပြင်ဆင်အမိန့်ချမှတ်လိုက်သည်။

ချုပ်ရက်ရှိက ထောင်ဒဏ်မှထုတ်နုတ်ခံစားခွင့်ပြုသည်။

ပြစ်မှုဆိုင်ရာ အယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးသန်းဖေ ရှေ့တွင်

+ ၁၉၉၄
မတ်လ ၃
ရက်

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
မောင်သက်ထွန်း(ခ) ဂန်ဂေး *

၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄(ဃ)–ဓာတုဗေဒပြန်ကြားချက်၌ ဆီးနမူနာတွင် မော်ဖင်းတွေ့ရှိခြင်း။ ယင်းတွေ့ရှိချက်သည် တာဝန်ရှိ ဆရာဝန်၏ ဆောင်ရွက်ချက်ဖြစ်ခြင်း၊ ပြင်ပ ဆေးခန်းဆရာဝန်မှာ ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ၊ နည်း ဥပဒေ ၂၂ အရ မှတ်ပုံတင် ဆရာဝန်မဟုတ်၍ ယင်းဆရာဝန်၏ ထောက်ခံချက်၊ ထွက်ဆိုချက်ကို လက်ခံခြင်း ပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ သက်သေခံ(ဂ) ဓာတုဗေဒ ပြန်ကြားစာအရ မောင်သက်ထွန်း၏ ဆီးနမူနာတွင် မော်ဖင်းတွေ့ရှိကြောင်း ပေါ်ပေါက်ရာ တာဝန်ရှိ ဆရာဝန်များ၏ တာဝန်အရဆောင်ရွက်ချက်ဖြစ်၍ လက်ခံယုံကြည်ထိုက်သည်၊ တစ်ဖက်တွင် သက်သေခံ (၁) ရေးသူဆရာဝန်မှာ ပြင်ပဆေးခန်း ဆရာဝန်ဖြစ်ပြီး မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ နည်းဥပဒေပုဒ်မ ၂၂ အရ မှတ်ပုံတင်ကို တင်ပြထွက်ဆိုမထား၍ မောင်သက်ထွန်း၏ ခုခံချက်ကို လက်ခံရန် အကြောင်းမရှိပေ။

အယူခံတရားလိုအတွက် – ဒေါ်ခင်မာမာလတ်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

အယူခံတရားခံအတွက် – ကိုယ်တိုင် (မလာ)

ပြင်ဦးလွင်မြို့နယ် တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၅၄၀/၉၂ ဘွင် မောင်သက်ထွန်း (ခ) ဂန်ဂေးအား ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄ (ဃ)အရ စွဲချက်တင်

---

* ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံအမှတ် ၂၈၂

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၅၄၀တွင်ချမှတ်သော (၁၀–၁၁–၉၂) ရက်စွဲပါ ပြင်ဦးလွင်မြို့နယ် တရားရုံး၏ အမိန့်ကို အယူခံမှု

စစ်ဆေးပြီးနောက် မြို့နယ်တရားရုံးက အပြီးအပြတ်လွှတ်လိုက်သော ကြောင့် ရှေ့နေချုပ်ရုံးမှ မကျေနပ်၍ ဤအယူခံမှုကို တင်သွင်းသည်။

အမှုမှာ ၃၀-၆-၉၂ နေ့က ပြင်ဦးလွင်မြို့၊ မန္တလေး လားရှိုးလမ်းနေ မောင်သက်ထွန်း (ခ) ဂန်ဂေးသည် မူးယစ်ဆေးဝါးသုံးစွဲကြောင်း သတင်း ရရှိ၍ သွားရောက်ဖမ်းဆီးပြီးနောက် (ရ-ဝ-တ) လူကြီးမင်းများရှေ့တွင် စစ်ဆေးမေးမြန်းရာ မူးယစ်ဆေးဝါးသုံးစွဲကြောင်း ဝန်ခံသဖြင့် ဆေးရုံသို့ ပို့အပ် စစ်ဆေးရာ၌လည်း ၎င်း၏ ဆီးနမူနာတွင် မော်ဖင်းတွေ့ရှိသော ကြောင့် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄(ဃ)အရ တရားစွဲဆိုတင်ပို့ခဲ့သော အမှုဖြစ်သည်။

မြို့နယ်တရားရုံးက ဒေါက်တာ ဦးဇော်ဝင်း (လိုပြ-၂)၏ ထွက်ဆိုချက် တွင် မောင်သက်ထွန်း၌ မူးယစ်ဆေးသုံးစွဲသည့် ဆေးထိုးအပ်ရာမတွေ့ ရသည့်အပြင် မျက်စိသူငယ်အိမ်အနေအထားပုံမှန်ဖြစ်ကြောင်း၊ ဆရာဝန် ဒေါက်တာ ထွန်းမြင့် (ခံပြ-၄) ၏ ထွက်ချက်အရ မောင်သက်ထွန်းတွင် ဝမ်းကိုက်ရောဂါရှိ၍ တင်ချာအိုပီယမ်သောက်ရန် ပေးထားကြောင်း၊ သို့အတွက် ၎င်း၏ဆီးတွင် မော်ဖင်းဓာတ်တွေ့ရခြင်းဖြစ်ကြောင်း သုံးသပ်ကာ မောင်သက်ထွန်း မူးယစ်ဆေးဝါးသုံးစွဲသည်မှာ မထင်ရှားဟု သုံးသပ်ခဲ့ ကြောင်းတွေ့ရသည်။

ရှေ့နေချုပ်ရုံးမှအယူခံအကြောင်းပြချက်များ တင်ပြရာ၌ မောင်သက်ထွန်း ၏ ဆီးတွင် မူးယစ်ဆေးဝါးမော်ဖင်းတွေ့ရှိသည်မှာ သက်သေခံ "ဂ"အရ ထင်ရှား၍ ၎င်းမှာ မူးယစ်ဆေးသုံးစွဲသူဖြစ်သည်မှာ ပေါ်လွင်နေကြောင်း၊ ဒေါက်တာ မြင့်ထွန်း (ခံပြ-၄)၏ ထွက်ဆိုချက်အရ ၎င်းအနေဖြင့် ဝမ်းကိုက်နေသူမောင်သက်ထွန်းအား တင်ချာအိုပီယမ် မနက် (၁၀) စက်၊ ညဉ့် (၁၀) စက်သောက်ရန် ညွှန်ကြားထားကြောင်း ပေါ်ပေါက်သော်လည်း ယင်းဆရာဝန်သည် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများနည်း ဥပဒေ ၂၂ အရ မှတ်ပုံတင်စာအုပ်ကို တင်ပြမထားကြောင်း၊ သို့အတွက် မောင်သက်ထွန်း၏ ခုခံချက်ကို လက်ခံရန်မသင့်ကြောင်း တင်ပြထားသည်။

မူလရုံး၏ အမှုကို လေ့လာရာတွင် မောင်သက်ထွန်းအား ပြင်ဦးလွင် မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ထပ်ဆင့် လက်မှတ်ရေးထိုးထားသော စစ်ဆေးချက်မှတ်တမ်း (သက်သေခံ-ခ) အရ မူးယစ်ဆေးမှတ်ပုံတင်ထားမှု မရှိကြောင်း၊ ဆေးထိုးအပ်ရာမရှိကြောင်း၊ မူးယစ်ဆေးသုံးစွဲသည့် ရာဇဝင် မရှိကြောင်း၊ ဆေးပြတ် လက္ခဏာမရှိကြောင်း၊ မျက်စိသူငယ်အိမ်

၁၉၉၄ ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် မောင်သက်ထွန်း (ခ) ဂန်ဂေး

အနေအထား သာမန်ရှိကြောင်း၊ ဆီးနှမုနာကို ဓာတုဗေဒဝန်ရုံးသို့ပို့ထားကြောင်း၊ သက်သေခံ "ဇ" ဓာတုဗေဒပြန်ကြားစာအရ မောင်သက်ထွန်း၏ ဆီးနှမုနာတွင် (မော်ဖင်း) စမ်းသပ်တွေ့ရှိကြောင်း ပေါ်ပေါက်သည်။

ဒေါက်တာထွန်းမြင့် (စံပြ-၄) ၏ ပြင်ဦးလွင် အထွေထွေရောဂါကုဆေးခန်း ဆေးကုသခြင်း မှတ်တမ်းအမှတ်စဉ် (၁၁၁၅) သက်သေခံအမှတ် (၁) တွင် မောင်သက်ထွန်းအား ၂၉-၆-၉၂ နှင့် ၃၀-၆-၉၂ ရက်စွဲများ၌ ဝမ်းလျှောရောဂါကြောင့် ဒက်ထရိုအက်ဆိုဆေးနှင့် တင်ချာအိုပီယမ်သောက်ဆေးကို နှစ်ရက်ဆက်တိုက် ဆေးပေးထားကြောင်းတွေ့ရှိရသည်။

သက်သေခံ (ခ) မှတ်တမ်းအရ မောင်သက်ထွန်း၏ ဆီးနှမုနာကို ပြင်ဦးလွင်မြို့နယ်ဆေးရုံ ဆရာဝန်က ရယူပြီးမြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူးက ထပ်ဆင့်လက်မှတ်ရေးထိုးထားကြောင်း၊ ထိုဆီးနှမုနာကို သက်သေခံ (ဂ) အရ ဒေါက်တာဇော်ဝင်း (လိုပြ-၂) ရှေ့တွင် ရယူခဲ့ပြီး သက်သေခံ(ဃ) အရ မြို့နယ်ကျန်းမာရေးဦးစီးဌာနစုမှူး ဒေါက်တာတိပ်ဝမ်က ဓာတုဗေဒဝန်ရုံးခွဲ၊ မန္တလေးသို့ ပို့ခဲ့ကြောင်း ပေါ်ပေါက်ပြီး သက်သေခံ (ဇ)ဓာတုဗေဒပြန်ကြားစာအရ မောင်သက်ထွန်း၏ ဆီးနှမုနာတွင် မော်ဖင်း တွေ့ရှိရကြောင်းပေါ်ပေါက်ရာ တာဝန်ရှိဆရာဝန်များ၏ တာဝန်အရ တရားဝင်ဆောင်ရွက်ချက်များဖြစ်၍ လက်ခံယုံကြည်ထိုက်သည်။ တစ်ဖက်တွင် သက်သေခံ(၁) ရေးသူ ဆရာဝန် ဒေါက်တာထွန်းမြင့် (စံပြ-၄) မှာ ပြင်ပဆေးခန်းဆရာဝန်ဖြစ်၍ မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ နည်းဥပဒေ ၂၂ အရ မှတ်ပုံတင်ကို တင်ပြထွက်ဆိုမထားသဖြင့် လက်ခံရန်မသင့်ကြောင်း ရှေ့နေချုပ်ရုံးမှ တင်ပြထားသည်။ အဆိုပါ နည်းဥပဒေ ၂၂ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"အသုံးပြုသည့် ဆေးဝါးမှတ်တမ်း စာအုပ်

နည်းဥပဒေ ၁၉ အရ ခွင့်ပြုထားသောအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များသည်လည်းကောင်း၊ မှတ်ပုံတင် ဆရာဝန်များသည် လည်းကောင်း၊ မူယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများကို သီးခြားလုံခြုံစွာ သိမ်းဆည်းထားရမည့်အပြင် အောက်ပါအတိုင်းစာရင်းစာအုပ်များ ဖွင့်လှစ်ထားရှိရမည်--

(က) ဆေးဝါးများ၏ အမျိုးအစားနှင့် အရေအတွက်၊ အလေးချိန် အဝင်အထွက် စာရင်းစာအုပ်။

(ခ) မည်သည့်လူနာအတွက်၊ သို့မဟုတ် မည်သည့် တိရစ္ဆာန်

အတွက် မည်သည့် ဆေးဝါးများကို မည်မျှမည်သည့်နေ့တွင် သုံးစွဲသည့်စာရင်းစာအုပ်။"

အမှုအားပြန်လည်သုံးသပ်လိုက်ပါက မောင်သက်ထွန်း၏ ဆီးတွင်မူးယစ်ဆေးဝါး မော်ဖင်းတွေ့ရှိရသည်မှာ ထင်ရှားပေါ်ပေါက်ကြောင်း၊ ဒေါက်တာထွန်းမြင့် (ခံပြ–၄) ၏ ထွက်ချက်အရ ၎င်းထံလာရောက်ပြသသူ ဝမ်းကိုက်နေသူ မောင်သက်ထွန်းအား တင်ချာအိုပီယမ် မနက် (၁၀) စက်၊ ည (၁၀) စက်သောက်ရန် ညွှန်ကြားထားသည်ဟု ပေါ်ပေါက်သော်လည်း ဒေါက်တာထွန်းမြင့်သည် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ နည်းဥပဒေ ၂၂ အရ မှတ်ပုံတင်စာအုပ်ဖြင့် တင်ပြခဲ့ခြင်းမရှိ၍ မောင်သက်ထွန်း၏ ခုခံချက်ကို လက်ခံရန် အကြောင်းမပေါ်ပေါက်ကြောင်း သုံးသပ်ရပေသည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ ပြင်ဦးလွင်မြို့နယ်တရားရုံးက မောင်သက်ထွန်း (ခ) ဂန်ဂေးအား ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄(ဃ) အရ အမှုမှအပြီးအပြတ် လွှတ်ခဲ့သည့်အမိန့်ကို ပယ်ဖျက်ပြီး မောင်သက်ထွန်း (ခ) ဂန်ဂေးအား ၎င်းပုဒ်မအရ ပြစ်မှုထင်ရှားတွေ့ရှိရသဖြင့် အလုပ်နှင့် ထောင်ဒဏ် (၃) နှစ် (သုံး) နှစ် ကျခံစေရန်အမိန့်ချမှတ်လိုက်သည်။

ချုပ်ရက်များရှိက ထောင်ဒဏ်မှ ထုတ်နုတ်ကျခံစေ။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ် တရားသူကြီး ဦးတင်ထွတ်နိုင် ရှေ့တွင်

မောင်မင်းအောင်

နှင့်

ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ–၂ *

+ ၁၉၉၄ ဖေဖော်ဝါရီ ၈ ရက်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄။ သေသူကစတင်၍ တုတ်ဖြင့် ဝင်ရိုက်ကာ အိမ်ဝိုင်းထဲ လှည့်ပတ်ပြေးရာမှ တွေ့ရှိသည့် ပေါက်ပြားဖြင့် (၃) ချက် ခုခံခဲ့ခြင်းကြောင့်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၀၀ အရ သေစေသည့်အထိ ခုခံကာကွယ်ပိုင်ခွင့်မရှိခြင်း၊ ယင်းအခြေအနေတွင် သေသူအား တရားခံက တမင်ရက်စက်စွာ နောက်ကျစေမှုပြုခဲ့သည်ဟု ကောက်ယူခြင်း ပြုနိုင် မပြုနိုင်၊ ပြစ်ဒဏ်တိုးမြှင့်သင့် မတိုးမြှင့်သင့်။

ဆုံးဖြတ်ချက်။ ဖြောင့်ချက်တွင် "ဦးအေးကို ကျနော်က ပြန်လည် ခုခံသည့် ပေါက်ပြားမှာ ရုံးရှေ့ရှိ သက်သေခံ ပေါက်ပြားဖြစ်ပါသည်။ ဦးအေးက ကျနော်အား ရိုက်နှက်ရာတွင် အသုံးပြုသည့်တုတ်မှာရုံးရှေ့ရှိ တုတ်ဖြစ်ပါသည်" ဟုပါရှိပြီး သက်သေခံပစ္စည်း ဝါးရင်းတုတ်နှင့်ပေါက်ပြားပေါ်တွင် လူသွေးရှိကြောင်း၊ ဓာတုဗေဒပြန်ကြားစာ (သက်သေခံ–စ) အရ ထင်ရှားပေါ်ပေါက်၍ သေသူဦးအေးက ဝင်းညွန့်ကို ဝါးရင်းတုတ်ဖြင့် ရိုက်၍ ဝင်းညွန့်က ပေါက်ပြားဖြင့် ပြန်ခုတ်ရပါသည်ဆိုသော ထွက်ဆိုချက်ကို လက်ခံစဉ်းစားရမည်ဖြစ်သည်။ သို့ရာတွင် သေသူ၏ ဦးခေါင်းထိပ်တည့်တည့်နှင့် နဖူးတို့တွင် အရိုးကွဲအက်ကြောမျှသွားသည့်အထိပြုလုပ်ခဲ့သော ဝင်းညွန့်၏ နောက်ကျစေမှုများမှာ ခုခံကာကွယ်ပိုင်ခွင့်ကို လိုသည်ထက်များစွာ ပိုမိုသည်ဟု ယူဆ၍ ပြစ်ဒဏ်ကို တိုးမြှင့်သင့်သည်ဟု သဘောရရှိသည်။

လျှောက်ထားသူအတွက် –ဦးဘိုဘို၊တရားရုံးချုပ်ရှေ့နေ (မလာ)

လျှောက်ထားခံရသူများအတွက်– ၁။ဦးသန်းကျော်၊ လက်ထောက် ညွှန်ကြားရေးမှူးရှေ့နေချုပ်ရုံး

၂။ဦးကျော်မြင့်၊တရားရုံးချုပ်ရှေ့နေ

မန္တလေးတိုင်းတရားရုံး (ကျောက်ဆည်ခရိုင်) ပြစ်မှုဆိုင်ရာ အမှုကြီး

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၈ (ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၂ တွင် ချမှတ်သော (၁၆–၂–၉၃) ရက်စွဲပါ ကျောက်ဆည်ခရိုင် တရားရုံး၏ အမိန့်ကို လျှောက်ထားမှု

အမှတ် ၁၂/၉၂ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ တရားခံ မောင်ဝင်းညွန့်အား ထောင်ဒဏ် (၁)နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မူလတရားလို မောင်မင်းအောင်က မကျေနပ်၍ ပြစ်ဒဏ် တိုးမြှင့်ပေးရန် ဤပြင်ဆင်မှုကို တရားရုံးချုပ်သို့ တင်သွင်းသည်။

အမှုမှာ မြစ်သားမြို့နယ်၊ ထနောင်းကုန်းရွာတွင် နေထိုင်သူ မင်းအောင်က ၂၅-၃-၉၂ နေ့ည ၉ နာရီခန့်တွင် "မီး" "မီး"ဟု အော်သံကြား၍ ၎င်း၏ အိမ်မှပြေးထွက်သွားပြီးကြည့်ရာ ၎င်း၏ ဦးလေးဖြစ်သူ ဦးအေးမှာ သွေးများဖြင့် မှောက်လျက်လဲနေသည်ကို တွေ့ရကြောင်း၊ တစ်ရွာတည်းနေ ဝင်းညွန့်က ပေါက်ပြားဖြင့်ဆက်ကာ ဆက်ကာ ခုတ်နေသဖြင့် မလုပ်နဲ့ဟု ၎င်းကပြော၍ ဝင်းညွန့်ထွက်ပြေးသွားကြောင်း၊ ဦးအေး၏ နောက်စေ့၊ နဖူး၊ လက်ဝဲဘက်မျက်လုံး၊ လက်ယာဘက်လက်ဖျံတို့တွင် ဒဏ်ရာများ ရရှိသဖြင့် မြစ်သားဆေးရုံသို့ပို့ရာ ၎င်းဒဏ်ရာများကြောင့်ပင် သေဆုံး သွားကြောင်း ဖော်ပြလျက် ကူမဲရဲစခန်းသို့ တိုင်ကြားခဲ့သော အမှုဖြစ်သည်။

မူလရုံးက ဝင်းညွန့်၏ ဖြောင့်ချက်ကို အခြေပြု၍ သေသူဦးအေးက ဝင်းညွန့်ကို တုတ်ဖြင့်ရိုက်လိုက်သဖြင့် ဝင်းညွန့်တွင် ဒဏ်ရာ (၂) ချက် ရရှိပြီး ဝင်းညွန့်က ပေါက်ပြားဖြင့် (၃) ချက်ပြန်ခုတ်ရာ ဦးအေးဒဏ်ရာ (၄) ချက်ရရှိထား၍ ဝင်းညွန့်က ဦးအေးအား ပေါက်ပြားဖြင့် (၃) ချက် ခုတ်သည်ဆိုသောအချက်မှန်ကန်ကြောင်း၊ သို့အတွက် ကာကွယ်ခုခံပိုင်ခွင့်ကို ဝင်းညွန့်က လိုသည်ထက်ပို၍ ပြုရာရောက်ကြောင်း သုံးသပ်ကာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄အရ ပြစ်မှုထင်ရှားစီရင်ထားကြောင်း တွေ့ရှိရသည်။

လျှောက်ထားသူ မောင်မင်းအောင်၏ရှေ့နေက ဖြောင့်ချက်တွင် သေသူ ဦးအေးက တုတ်ဖြင့်ရိုက်၍ ပေါက်ပြားဖြင့် ဝင်းညွန့်က (၃) ချက်ခုတ်သည် ဆိုသော်လည်း ဝင်းညွန့်တွင် မည်သည့် ဒဏ်ရာရရှိသည်ကို မတင်ပြနိုင် ကြောင်း၊ သေသူဦးအေး၏ ဦးခေါင်းတွင် ပြတ်ရှဒဏ်ရာ (၄) ချက်ရရှိထား သောကြောင့် တမင်ရက်စက်စွာ ပြုမူသည်ဟု ယူဆရန် ခိုင်မာလုံလောက် ကြောင်း၊ သေစေရန်အကြံဖြင့် ဦးခေါင်းကို ပေါက်ပြားဖြင့် ခုတ်ခြင်းကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ၃၀၀ကို ကျူးလွန်ရာရောက်ကြောင်း၊ သို့အတွက် ထောင်(၁)နှစ်သာပြစ်ဒဏ်ချမှတ်ခြင်းမှာမှားယွင်းကြောင်းအဓိကတင်ပြသည်။

ဝင်းညွန့်၏ ရှေ့နေက မူလရုံး၏ စွဲချက်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ စွဲချက်တင်ကြောင်း ဖော်ပြပါရှိသဖြင့် ယင်းစွဲချက်ထက်ပိုမိုကြီး လေးသည့် ပြစ်မှုဖြင့်ပြစ်ဒဏ်မစီရင်နိုင်ကြောင်း၊သေစေရန်အကြံဖြင့် ဝင်းညွန့်

၁၉၉၄
မောင်းအောင်
နှင့်
ပြည်တောင်စု
မြန်မာနိုင်ငံတော်
ပါ-၂

က ပြုလုပ်ခဲ့သည်ဟုလည်း မူလမှုတွင်မပေါ်ပေါက်ကြောင်း၊သေသူကစတင်၍ တုတ်ဖြင့်ဝင်ရိုက်ကာ အိမ်ဝိုင်းထဲလှည့်ပတ်ပြေးရာမှတွေ့ရှိသည့် ပေါက်ပြားဖြင့်(၃)ချက်ခုခံခဲ့ခြင်းသာဖြစ်သောကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၀ အရ သေစေသည့်အထိ ခုခံကာကွယ်ပိုင် ခွင့်ရရှိကြောင်း အဓိကတင်ပြသည်။

ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက မူလရုံးသည် ဝင်းညွှန့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ အရ စွဲချက်တင်ထား၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) သို့ပြောင်းလဲစီရင်နိုင်မည်မဟုတ်ကြောင်း၊ သို့ရာတွင် ဝင်းညွှန့်က ဦးအေးအား လက်ဝဲဘက်ဂျိုစောင်းကို ပေါက်ပြားဖြင့် ခုတ်၍ မှောက်လျက်လဲသွားရာ ထပ်ဆင့်၍ ပေါက်ပြားဖြင့် ခုတ်ရာမှ ဦးခေါင်းထိပ်တည့်တည့်တွင် ဦးခေါင်းခွံရိုးကြေကွဲသည့် ဒဏ်ရာရရှိကြောင်း၊ ထိုဒဏ်ရာကြောင့်ပင် ဦးအေးသေဆုံးရကြောင်း ပေါ်ပေါက်သဖြင့် ရက်စက်မှုရှိမရှိ ချင့်ချိန်၍ ပြစ်ဒဏ်ချမှတ်သင့်ကြောင်း တင်ပြသည်။

မူလရုံးအမှုတွဲအရ ဝင်းညွှန့်၏ ဇနီး မလှဝိုင်း (လိုပြ-၁) က သေသူဦးအေးမှာ သူမ၏ ဦးလေးအရင်းဖြစ်ကြောင်း၊ အချင်းဖြစ်နေ့ည (၈) နာရီခန့်တွင် ငွေ ၁၀/-ပျောက်သည့် ကိစ္စအတွက် ဝင်းညွှန့်နှင့် သူမတို့ စကားများကြကြောင်း၊ မိခင်ဖြစ်သူက ဖျန်ဖြေပေးကြောင်း၊ ဝင်းညွှန့်က နွားလှည်းကောက်ပြီးနောက် သူမ၏ အစ်မ မအုန်းရွှေထံ ထင်းလှည်းတိုက်ရန် ပြင်ဆင်နေစဉ်ဦးအေးရောက်လာကြောင်း၊ ဦးအေးက ဓာတ်မီးဖြင့် ဝင်းညွှန့်ကို ထိုးပြီး ပါလာသည့်ဝါးရင်းတုတ်ဖြင့်ရိုက်ကြောင်း၊ ဝင်းညွှန့်က တုတ်ကဲ့သို့ပစ္စည်းနှင့် ပြန်ခုခံကြောင်း၊ ထိုသို့ ခုခံရင်း ဦးအေး လဲကျသွားကြောင်း၊ ဦးအေး၏ ဆွေမျိုးများဝိုင်းလာသဖြင့် ဝင်းညွှန့်ထွက်ပြေးသွားကြောင်း ထွက်ဆိုထားသည်။ပြန်လှန်စစ်မေးရာတွင်လည်းမလှဝိုင်းက " x x ဦးအေးမှ ကိုဝင်းညွှန့်အား ရောက်ရောက်ခြင်း ဝင်ရိုက်သည့်ကိစ္စရပ်မှာ ကျမနှင့် ကိုဝင်းညွှန့်တို့စကားများ ရန်ဖြစ်ခဲ့ကြသဖြင့် ကိုဝင်းညွှန့်အား ဝင်ရောက်ရိုက်နှက်ခြင်းဖြစ်ပါသည်။ သေဆုံးသူ ရောက်ရောက်ခြင်း တရားခံအား ရိုက်သဖြင့် နှစ်ချက်ရိုက်မိပြီး ဝိုင်းအတွင်း လှည့်ပတ် ရှောင်ပြေးနေသည်ဆိုလျှင် မှန်ပါသည်။ အချင်းဖြစ်ချိန်က တရားခံမှာ ပြေးလွှားရင်းတွေ့ရှိသည့် ပေါက်ပြားဖြင့် ခုခံလိုက်ခြင်းဖြစ်ပါသည်။ အချင်းဖြစ်ပေါက်ပြားမှာလည်း လှည်းထောက်သည့်နေရာနှင့် နှစ်တောင်ခန့်ကွာဝေးသည့် ကြက်ခြံတွင် ထောင်ထားသော ပေါက်ပြားဖြစ်ပါသည်။ "ဟု ထွက်ဆိုထားသည်။

ဝင်းညွှန့်ကိုပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရ စွဲချက်တင်ရာ သေသူ

ဦးအေးက ၎င်းအားလိုက်ရိုက်၍ကြောက်အားလန့်အားနှင့်ခုခံသဖြင့် အပြစ်မရှိကြောင်း ထုချေခဲ့သည်။

ဝင်းညွန့်အား ပြန်လှန်စစ်ဆေးရာတွင် ၎င်း၏ ထွက်ဆိုချက်အချို့မှာ အောက်ပါအတိုင်းဖြစ်သည်-

"xxကျနော်မှဦးအေးကိုကြောက်၍ အိမ်ဖက်သို့ရောင်တိမ်းရာ ဦးအေးမှ ကျွန်တော့်အား တုတ်ဖြင့်လိုက်ရိုက်ပါသည်။ ဦးအေးမှ ရိုက်သဖြင့် ကျွန်တော်လက်ဖမိုးလက်ကောက်ဝတ်၊ညာဘက်လက်ပြင်တို့တွင် အရိုက်ခံခဲ့ရပါသည်။ ကျနော်လည်း အိမ်ရှေ့တွင်ပင် ပတ်ပြေးရင်း အသင့်တွေ့ရှိသော ၎င်းပေါက်ပြားဖြင့် လှည့်ပတ်ခုခံနေစဉ် ဦးအေးကို ပြန်ရိုက်မိပါသည်။ ကျွန်တော်မှ ဦးအေးအား(၃)ချက်ပြန်ရိုက်ခဲ့သည်ဆိုလျှင် မှန်ပါသည်။ ရှာဖွေပုံစံသက်သေခံ(၁)ပေါ်ရှိ ပေါက်ပြားတစ်လက်မှာ အချင်းဖြစ်စဉ်က ကျနော်ကိုင်ဆောင်ခဲ့သောပေါက်ပြားဖြစ်ပါသည်။xx"

ဖြောင့်ချက်တွင် အထက်ဖော်ပြပါအချက်များပါရှိကြောင်းတွေ့ရှိရသဖြင့် ဝင်းညွန့်အနေဖြင့် ခုခံကာကွယ်ပိုင်ခွင့်ကို လိုသည်ထက်ပို၍ အသုံးချခဲ့ကြောင်း ထင်ရှားသည်။ ဖြောင့်ချက်တွင် "ဦးအေးကို ကျနော်က ပြန်လည်ခုခံသည့် ပေါက်ပြားမှာ ရုံးရှေ့ရှိသက်သေခံပေါက်ပြားဖြစ်ပါသည်။ ဦးအေးကျနော်အား ရိုက်နှက်ရာတွင် အသုံးပြုသည့်တုတ်မှာ ရုံးရှေ့ရှိ ဝါးရင်းတုတ်ဖြစ်ပါသည်" ဟုပါရှိပြီးသက်သေခံပစ္စည်းဝါးရင်းတုတ်နှင့်ပေါက်ပြားပေါ်တွင်လူသွေးတွေ့ရှိကြောင်း ဓာတုဗေဒ ပြန်ကြားစာ (သက်သေခံ-စ) အရ ထင်ရှားပေါ်ပေါက်၍ သေသူဦးအေးက ဝင်းညွန့်ကို ဝါးတုတ်ဖြင့်ရိုက်၍ ဝင်းညွန့်က ပေါက်ပြားဖြင့် ပြန်ခုတ်ရပါသည်ဆိုသော ထွက်ဆိုချက်ကို လက်ခံစဉ်းစားရမည်ဖြစ်သည်။

သို့ဖြစ်၍ဝင်းညွန့်သည်သေသူဦးအေးအား သေစေရန်အကြံဖြင့် တမင်ရက်စက် စွာနာကျင်စေမှုပြုခဲ့သည်ဟုကောက်ယူရန်အကြောင်းမခိုင်လုံသောကြောင့် မောင်မင်းအောင်၏ ရှေ့နေတင်ပြချက်များကို လက်မခံနိုင်ပေ။ သို့ရာတွင် သေသူ၏ဦးခေါင်းထိပ်ထည့်ထည့်နှင့်နဖူးတို့တွင် အရိုးကွဲအက်ကြေမွသွားသည်အထိပြုလုပ်ခဲ့သော ဝင်းညွန့်၏ နာကျင်စေမှုများမှာ ခုခံကာကွယ်ပိုင်ခွင့်ကို လိုသည်ထက်များစွာ ပိုမိုသည်ဟုယူဆရ၍ ပြစ်ဒဏ်ကို တိုးမြှင့်သင့်သည်ဟု သဘောရရှိသည်။

ထို့ကြောင့် မန္တလေးတိုင်း တရားရုံး (ကျောက်ဆည်ခရိုင်)က ဝင်းညွန့်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄ အရပြစ်မှုထင်ရှားတွေ့ရှိချက်ကိုအတည်ပြုပြီး ပြစ်ဒဏ်ကိုမူထောင်ဒဏ် (၃) နှစ်သို့ တိုးမြှင့်သတ်မှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

တရားရုံးချုပ် တရားသူကြီး ဦးတင်အုံး ရှေ့တွင်

မောင်မောင် (ခ) ဟာရွန်
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော် *

+၁၉၉၄
ဖေဖော်ဝါရီလ
၂၄ ရက်

၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေ ပုဒ်မ ၁၄ (ဃ) တရားခံက သက်သေပြရန်တာဝန်–မူးယစ်ဆေးဝါး သုံးစွဲနေသူဟု ပေါ်လွင်နေသောအမှုတွင် ဖော်ပြပါဥပဒေ၏ နည်းဥပဒေ ၂၃ နှင့် ၆၅ တို့အရ တရားခံ၏ ချေပချက်ကို လက်ခံရန် အကြောင်း မရှိခြင်း။

ဆုံးဖြတ်ချက်။ သက်ဆိုင်ရာ မူးယစ်ဆေးစွဲရောဂါကုဆေးရုံ၌ မှတ်ပုံတင်၍ ဆေးဝါးကုသမှုခံယူနေစဉ်အတွင်း ဆီးတွင် ဟယ်ရိုးအင်းတွေ့ရှိခြင်းအတွက် မည်သည့်အကြောင်းကြောင့်အပြစ်မရှိသည့်အချက်ကို တရားခံက သက်သေခံ ဥပဒေပုဒ်မ ၁၀၄ နှင့် ၁၀၆ တို့အရ သက်သေထင်ရှားပြသရန် တာဝန်ကျရောက်သည်။ သက်ဆိုင်ရာဆေးရုံမှ ဆရာဝန်၏ ခွင့်ပြုချက်မရှိဘဲမူးယစ်ဆေးဝါးသုံးစွဲနေသူဖြစ်သည်ဟု ပေါ်လွင်နေသောအမှုတွင် ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများဆိုင်ရာနည်းဥပဒေ ၂၃ နှင့် ၆၅ တို့အရ မိမိအနေဖြင့် မူးယစ်ဆေးဝါးလက်ဝယ်ထားရှိ သုံးစွဲခွင့်ရှိသည်ဟုလည်းကောင်း၊ ဆေးကုသမှု ခံယူနေစဉ် မိမိ၏သွေးသားထဲ၌ ယင်းဆေးဝါး အာနိသင်တွေ့နေဦးမည်ဟုလည်းကောင်း တရားခံ၏ တင်ပြချက်ကို လက်ခံရန် အကြောင်းမရှိပေ။

---

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၄၃ (ခ)

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၁၇တွင် ချမှတ်သော(၂၃–၁၂–၉၂) ရက်စွဲပါ ရန်ကုန်တိုင်း (အနောက်ပိုင်းခရိုင်) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု လျှောက်ထားခြင်း

လျှောက်ထားသူအတွက် – ဦးအုံးဟန်၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူအတွက် – ဒေါ်ခင်မာမာလတ်
လက်ထောက်ညွှန်ကြားရေးမှူး
ရှေ့နေချုပ်ရုံး

ပန်းဘဲတန်းမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၁၇/၉၂ တွင် မောင်မောင် (ခ) ဟာရွန်အား ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄ (ဃ) အရ ထောင်ဒဏ် (၄) နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မောင်မောင်က မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံး (အနောက်ပိုင်းခရိုင်) ၌ အယူခံမှုတင်သွင်းရာ အကျဉ်းနည်းပလပ်ခံရသဖြင့် ၎င်းကတရားရုံးချုပ်သို့ ပြင်ဆင်မှုတင်သွင်းခြင်း ဖြစ်သည်။

အမှုမှာ ၁၂-၁၀-၉၂ နေ့တွင် နယ်မြေအတွင်း မူးယစ်ဆေးဝါးသုံးစွဲရောင်းဝယ်သူများအား လိုက်လံစုံစမ်းနေစဉ် ကုန်သည်လမ်းနှင့် ၃၂လမ်းထိပ်အရောက်၌ မင်္ဂလာတောင်ညွန့်မြို့နယ်နေ မောင်မောင်အား တွေ့ရှိစစ်မေးရာ မူးယစ်ဆေးဝါးသုံးစွဲထားသည့်လက္ခဏာ တွေ့ရှိသဖြင့် ၎င်းအား အရေးယူပေးရန် ရဲအုပ် ဦးဘတင်က ပန်းဘဲတန်းမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ကြားခဲ့သောအမှု ဖြစ်သည်။

မောင်မောင်အတွက် ၎င်း၏ရှေ့နေက လျှောက်ထားတင်ပြရာ၌ မောင်မောင်သည် မူးယစ်ဆေးစွဲရောဂါကုသရေးဌာန၌ မှတ်ပုံတင်အမှတ်-မထဘ (၃၉၂၇) ဖြင့် တရားဝင်မှတ်ပုံတင်၍သက်သေခံ (၁) ဆေးမှတ်တမ်းစာအုပ်အရ သက်ဆိုင်ရာဆရာဝန်များ၏ ညွှန်ကြားချက်နှင့်အညီ ချိန်းဆိုသည့်နေ့များ၌ မပျက်မကွက် ဆေးဝါးကုသမှုခံယူနေသူတစ်ဦးဖြစ်သည်မှာ ပေါ်လွင်ကြောင်း၊ သက်သေခံ (၁) မှတ်တမ်းအရ မောင်မောင်က နောက်ဆုံးကုသမှုခံယူခဲ့သည့်နေ့မှာ ၈-၁၀-၉၂ နေ့ဖြစ်ပြီး ထပ်မံလာရောက်ကုသရန် ၁၅-၁၀-၉၂ နေ့သို့ ချိန်းဆိုထားကြောင်း၊ ထို့ကြောင့် ၁၃-၁၀-၉၂ နေ့၌ မောင်မောင်အား စစ်ဆေးရာတွင် မူးယစ်ဆေးဝါးသုံးစွဲထားသည့် လက္ခဏာတွေ့ရှိခြင်းမှာ ၈-၁၀-၉၂ နေ့တွင် မူးယစ်ဆေးစွဲရောဂါကုဌာနမှပေးသော ဆေးဝါးများ သုံးစွဲထား၍ဖြစ်ကြောင်း၊ နည်းဥပဒေ ၆၅ နှင့် ၂၃ တို့အရဆိုလျှင် သက်ဆိုင်ရာဌာန၌ တရားဝင် ဆေးဝါးကုသမှုခံယူနေဆဲ လူနာအနေဖြင့် မူးယစ်ဆေးဝါး

၁၉၉၄
မောင်မောင် (ခ) ဟာရွန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်

အာနိသင်ရှိသည့်ဆေးဝါးများ သုံးစွဲခွင့်ရှိပြီး ယင်းဆေးဝါးကို နှစ်ပတ်စာ လက်ဝယ်ထားရှိသုံးစွဲခွင့်ရှိသည့်သဘော တွေ့ရကြောင်း၊ မူးယစ်ဆေးစွဲ ရောဂါ ကုသမှုခံယူနေဆဲဖြစ်သူ၏ သွေးသားတွင် ယင်းဆေးဝါးအာနိသင် တွေ့ရှိနိုင်ဖွယ်ရာ အကြောင်းရှိနေဦးမည်သာ ဖြစ်ကြောင်း၊ မြို့နယ်နှင့်တိုင်း တရားရုံးတို့က ယင်းအချက်များကို မစဉ်းစားဘဲ မောင်မောင်အား ပြစ်ဒဏ် ချမှတ်ခဲ့သည့်အမိန့်မှာ မှားယွင်းသဖြင့် ပယ်ဖျက်ပြီး မောင်မောင် အား အမှုမှ အပြီးအပြတ်လွှတ်သင့်ကြောင်း တင်ပြသည်။

ရှေ့နေချုပ်ရုံးကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူးက လျှောက်ထား တင်ပြရာ၌ မူလအမှုတွင် သက်သေခံဆေးစာနှင့် ဓာတုဗေဒဝန်ရုံး၏ ပြန်ကြားစာတို့အရ မောင်မောင်သည် မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်သည်မှာ ပေါ်လွင်ကြောင်း၊ မောင်မောင်က သက်ဆိုင်ရာဌာန၌ မူးယစ်ဆေးစွဲ ရောဂါကုသမှုခံယူနေပြီး ယင်းဆေးဝါးသုံးစွဲခဲ့ခြင်းမရှိပါဟု ချေပခဲ့ကြောင်း၊ သို့သော် ယင်းသို့ ဆေးဝါးကုသမှု ခံယူနေသောလူနာတွင် မူးယစ်ဆေးဝါး သုံးစွဲသည့်လက္ခဏာ မတွေ့စေရဟု မူးယစ်ဆေးစွဲရောဂါကုဆေးရုံမှ ဒေါက်တာ မောင်မောင်လွင်က ထွက်ဆိုထားသဖြင့် မောင်မောင်၏ချေပ ချက် ခိုင်လုံခြင်းမရှိကြောင်း၊ ထို့ကြောင့် ဤအယူခံမှုကို ပလပ်သင့်ကြောင်း တင်ပြသည်။

မူလအမှုတွင် တရားခံ မောင်မောင်သည် မူးယစ်ဆေးစွဲရောဂါကုဌာန တွင် မှတ်ပုံတင်အမှတ် မထဘ (၃၉၂၇) အရ တရားဝင်မှတ်ပုံတင်၍ သက်သေခံ (၁) ဆေးမှတ်တမ်းမိတ္တူစာရွက်များအရ ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလမှ နိုဝင်ဘာလအထိလည်းကောင်း၊ ၁၉၉၂ ခုနှစ် မေလမှ အောက်တိုဘာလ ၈ ရက်နေ့အထိလည်းကောင်း ဆေးရုံသို့သွားရောက် ပြသ၍ ဆေးဝါးကုသမှုခံယူခဲ့ကြောင်း၊ သက်သေခံ (၁) မှတ်တမ်းအရ မောင်မောင်အား နောက်ထပ်လာရောက်ပြသရန် ချိန်းဆိုထားသည့်နေ့မှာ ၁၅-၁၀-၉၂ နေ့ ဖြစ်ကြောင်း၊ ယင်းကာလအတွင်း ၁၂-၁၀-၉၂ နေ့၌ မောင်မောင်အဖမ်းခံခဲ့ရပြီး ၁၃-၁၀-၉၂ နေ့တွင် ၎င်းအား မူးယစ်ဆေးစွဲ ရောဂါကုသရေးဌာန တာဝန်ခံဆရာဝန်ကြီးဒေါက်တာအုန်းမောင်ထံ အချုပ် ဖြင့် ပေးပို့စစ်ဆေးစေခဲ့ရာ၌ မူးယစ်ဆေးဝါးသုံးစွဲထားသည့် လက္ခဏာများ စစ်ဆေးတွေ့ရှိခဲ့ကြောင်းတို့မှာ အငြင်းမပွားသောအချက်များ ဖြစ်သည်။

တရားလိုပြသက်သေဖြစ်သူ မူးယစ်ဆေးစွဲရောဂါကုသရေးဆေးရုံမှ ဒေါက်တာ မောင်မောင်လွင်၏ ထွက်ချက်၌ မူးယစ်ဆေးစွဲရောဂါကုဆေးရုံ

တွင် ကုသနေစဉ်အတွင်း ယင်းလူနာကို ဆေးစစ်ကြည့်မည်ဆိုပါက မူးယစ်ဆေးဝါးသုံးစွဲထားသည့်လက္ခဏာ မပေါ်နိုင်ကြောင်း၊ အကြောင်းမှာ ယင်းလူနာအနေဖြင့် (၆) ပတ်မှ (၈) ပတ်ထိ ဆေးရုံတွင် ကုသမှုခံယူရကြောင်း၊ ဆေးရုံမှ ဆင်းသွားပြီးနောက်ပိုင်းတွင်လည်း ယင်းလူနာအနေဖြင့် ဆက်လက်၍ ကြိုးကြပ်မှုကို ခံယူ၍ ဆေးရုံသို့ လာရောက်ပြသနေရမည်ဖြစ်ရာ ယင်းကာလအတွင်း၌ လူနာတွင် မူးယစ်ဆေးဝါး သုံးစွဲထားသည့် လက္ခဏာ စစ်ဆေးမတွေ့ရှိစေရခြင်းကြောင့်ဖြစ်ကြောင်း၊ ထိုကာလအတွင်း လူနာ၌ မူးယစ်ဆေးဝါးသုံးစွဲထားသည့်လက္ခဏာ စစ်ဆေးတွေ့ရှိပါက ယင်းဆေးဝါးကို ပြန်လည်သုံးစွဲသူဖြစ်သည်ဟု ယူဆရန်ဖြစ်ကြောင်း၊ မောင်မောင်၏ ဆီးနမူနာတွင် ဟယ်ရိုးအင်း စစ်ဆေးတွေ့ရှိသည်ဟု ဓာတုဗေဒဝန်ရုံး၏ပြန်ကြားစာတွင် ဖော်ပြထားကြောင်း ထွက်ဆိုထားသည်။

မောင်မောင်က ချေပထွက်ဆိုရာတွင် မိမိသည် လွန်ခဲ့သောတစ်နှစ်ကျော်ခန့်၌ မူးယစ်ဆေးဝါးသုံးစွဲသဖြင့် မူးယစ်ဆေးစွဲရောဂါကုဆေးရုံတွင် ကုသမှုခံယူခဲ့ဖူးကြောင်း၊ ယင်းကာလနောက်ပိုင်း၌ မိမိသည် မူးယစ်ဆေးဝါးသုံးစွဲခြင်းမရှိသည့်အပြင် သက်ဆိုင်ရာဆေးရုံ၌ တရားဝင်မှတ်ပုံတင်၍ ဆေးဝါးကုသမှုခံယူနေစဉ် ဖမ်းဆီးခံခဲ့ရသဖြင့် အပြစ်မရှိကြောင်း ချေပထွက်ဆိုထားသည်။ သို့သော် မောင်မောင်က ၎င်း၏ချေပချက်များအတွက် သက်သေအထောက်အထား တစ်စုံတစ်ရာမျှ တင်ပြထားခြင်း မတွေ့ရပေ။

မူလအမှု၌ တရားလိုပြသက်သေ ဒေါက်တာ မောင်မောင်လွင်၏ ထွက်ချက်တွင် မူးယစ်ဆေးစွဲရောဂါကုသမှုခံယူနေသော လူနာတစ်ဦးသည် ယင်းသို့ကုသနေစဉ်အတွင်း၌ ယင်းဆေးဝါးသုံးစွဲထားသည့် လက္ခဏာ စစ်ဆေးတွေ့ရှိပါက မူးယစ်ဆေးဝါးပြန်လည် သုံးစွဲနေသည်ဟု မှတ်ယူရန်ဖြစ်သည်ဟု ထွက်ဆိုထားသည့်ပြင် မောင်မောင်ကလည်း ယင်းသို့ကုသနေစဉ်အတွင်း မိမိသည် မူးယစ်ဆေးဝါးသုံးစွဲခြင်းမရှိပါဟု ထွက်ဆိုတင်ပြထားသောကြောင့် ယင်းသို့ ကုသမှုခံယူနေစဉ်အတွင်း မောင်မောင်၏ဆီးတွင် ဟယ်ရိုးအင်းတွေ့ရှိခြင်းအတွက် မည်သည့်အကြောင်းကြောင့် အပြစ်မရှိကြောင်းကို မောင်မောင်က သက်သေခံဥပဒေပုဒ်မ ၁၀၄နှင့်၁၀၆ တို့အရ သက်သေထင်ရှားပြသရန် တာဝန်ကျရောက်သည်။

သို့သော် မောင်မောင်အနေဖြင့် မူးယစ်ဆေးစွဲရောဂါကုဌာနမှ မည်သည့် ဆရာဝန်ကပေးသည့် မည်သည့်ဆေးဝါးများ သောက်သုံးရမှုကြောင့် ဆီးတွင် ဟယ်ရိုးအင်း တွေ့ရှိခဲ့ကြောင်းကို သက်သေတင်ပြ ဖြေရှင်းနိုင်ခြင်း

၁၉၉၄
မောင်မောင် (ခ) ဟာရွန် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်

မတွေ့ရချေ။ ယင်းအချက်နှင့်စပ်လျဉ်း၍ ဒေါက်တာ မောင်မောင်လွင်အား စစ်ဆေးစဉ် မောင်မောင်က တစ်စုံတစ်ရာ တင်ပြ ဖြေရှင်းမေးမြန်းခဲ့ခြင်းလည်း မတွေ့ရပေ။

သို့ဖြစ်ရာ မောင်မောင်သည် မူးယစ်ဆေးစွဲရောဂါကုသရေးဌာနတွင် တရားဝင်မှတ်ပုံတင်၍ သက်သေခံ (၁) ဆေးမှတ်တမ်းအရ ဆေးဝါးကုသမှု ဆက်လက်ခံယူနေသူပင်ဖြစ်သော်လည်း ၎င်းသည် ယင်းဌာနမှ သက်ဆိုင်ရာ ဆရာဝန်၏ ခွင့်ပြုချက်မရရှိဘဲမူးယစ်ဆေးဝါး ပြန်လည်သုံးစွဲခဲ့ကြောင်း၊ ဆရာဝန်၏ ညွှန်ကြားကုသမှုကို လိုက်နာရန် ပျက်ကွက်ခဲ့ကြောင်း ထင်ရှားပေါ်လွင်သည်ဖြစ်၍ ဤပြင်ဆင်မှုတွင် ၎င်းကတင်ပြသည့်အကြောင်းပြချက်များကို လက်ခံဖွယ်ရာမရှိကြောင်း တွေ့ရသည်။

ဒေါက်တာ မောင်မောင်လွင်၏ထွက်ချက်အရ မောင်မောင်သည် သက်ဆိုင်ရာဆေးရုံမှ ဆရာဝန်၏ ခွင့်ပြုချက်မရှိဘဲမူးယစ်ဆေးဝါးဆက်လက်သုံးစွဲနေသူဖြစ်သည်ဟု ပေါ်လွင်နေသဖြင့် ၁၉၇၄ ခုနှစ် မူးယစ်ထုံဆိုင်းဘေးဖြစ်စေတတ်သောဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၂၃ နှင့် ၆၅ တို့အရ ၎င်းအနေဖြင့် မူးယစ်ဆေးဝါး လက်ဝယ်ထားရှိသုံးစွဲခွင့်ရှိသည်ဆိုသော တင်ပြချက်ကိုလည်းကောင်း၊ ဆေးကုသမှုခံယူနေစဉ် သွေးသားထဲ၌ ယင်းဆေးဝါးအာနိသင် တွေ့နေဦးမည်ဖြစ်သည်ဟု တင်ပြချက်ကိုလည်းကောင်း လက်ခံရန် အကြောင်းမရှိပေ။

ထို့ကြောင့် မောင်မောင် (ခ) ဟာရွန်အား ၁၉၇၄ ခုနှစ် မူးယစ်ထုံထိုင်းဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄ (ဃ) အရ ပြစ်ဒဏ်ချမှတ်ခဲ့သည့် မြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သော တိုင်းတရားရုံး၏အမိန့်အား ဝင်ရောက် စွက်ဖက်ရန်အကြောင်းမရှိသဖြင့် ဤပြင်းဝင်မှုကို ပလပ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ကရားရုံးချုပ် တရားသူကြီး ဦးတင်ဆုံးရှေ့တွင်

ကိုမေ့း

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*

+၁၉၉၄
အောက်တို
ဘာလ
၁၄ ရက်

သက်သေခံအက်ဥပဒေပုဒ်မ ၁၆၇–ဖြောင့်ချက်ရေးမှတ်ယူသည့် တရားသူကြီးက အမှုကို စစ်ဆေးဆုံးဖြတ်သည့်ကိစ္စ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇၊ ပြည်သူ့ပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေးဥပဒေပုဒ်မ ၆ (၂) အရ သက်သေပြရန်တာဝန်။

ဆုံးဖြတ်ချက်။ လျှောက်ထားသူအား အရေးယူသည့်မူလအမှု စစ်ဆေးသော တရားသူကြီးသည် လျှောက်ထားသူ၏ဖြောင့်ချက်ကို ရယူခဲ့သဖြင့် ၎င်း ဖြောင့်ချက်အပေါ် အခြေခံ၍ အပြစ်ပေးလျှင် လျော်ကန်သင့်မြတ်မှုမရှိဟု ဆိုနိုင်သည်။ သို့ရာတွင် ဖြောင့်ချက်ကို (သက်သေခံ–၈) အဖြစ်မူလရုံးက လက်ခံထားသည်ကို တွေ့ရသည်။ သက်သေခံအက်ဥပဒေပုဒ်မ ၁၆၇တွင် သက်သေခံချက်ကိုမသင့်လျော်စွာ လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ကြောင့် အမှုကို အသစ်မစစ်ဆေးရကြောင်း xxxxx မူလရုံး အမှုစစ်ဆေးသော တရားသူကြီးသည် ဦးမှေး၏ဖြောင့်ချက်ကို (သက်သေခံ–၈) အဖြစ် လက်ခံထားသော်လည်း ယင်းသက်သေခံ–၈ ဖြောင့်ချက်ကို ထုတ်ပယ်လျှင်၊ အခြားသက်သေခံချက်များအရ မူလရုံး၏ စီရင်ချက်မှာ မှန်ကန်သည်ဟု ယူဆရန်အကြောင်းရှိလျှင် စီရင်ချက်ကို ပယ်ဖျက်ခြင်း မပြုနိုင်ပေ။ ထိုအချက်ကို မူလရုံး အမှုတွဲပါ အခြား သက်သေခံများဖြင့် စိစစ်ရန် လိုအပ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ပြစ်မှုများ၌ တရားမျှတမှုဆုံးရုံးနစ်နာစေခြင်းမရှိလျှင် မှားယွင်းခြင်း၊ ပျက်ကွက်ခြင်း၊ လုပ်ထုံးလုပ်နည်း လွဲမှားခြင်းကြောင့် ပြစ်ဒဏ်စီရင်ခြင်းကို ပယ်ဖျက်ပြောင်းလဲခြင်း မပြုရကြောင်း ပြစ်မှုဆိုင်

* ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၈၈ (ခ)

+ ၁၉၉၂ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၂၇ တွင်ချမှတ်သော(၂၃–၁၂–၉၂) ရက်စွဲပါ ဧရာဝတီတိုင်း (မအူပင်ခရိုင်) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၄ ကိုမှေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်

ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ တွင် ပြဋ္ဌာန်းထားသည်ကိုလည်း တွေ့နိုင်သည်။ ဦးမှေးသည် သူ၏အိမ်ခြံဝင်းအတွင်းမှ တွေ့ရသော ကျွန်းသစ်နှစ်လုံးသည် ပြည်သူပိုင်ပစ္စည်းဖြစ်သဖြင့် အခွင့်အာဏာအရ လက်ရှိထားကြောင်း၊ သက်သေထင်ရှားပြသရန် တာဝန်သည် ကျွန်းသစ် လက်ဝယ်ထားသော ဦးမှေးအပေါ် ကျရောက်ကြောင်း၊ ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်းကာကွယ် စောင့်ရှောက်ရေးအက်ဥပဒေပုဒ်မ ၆ (၂) ၌ ပြဆိုထားသည်။ ထိုတာဝန်ကို ဦးမှေးအနေဖြင့် အလျဉ်းမတင်ပြနိုင်ခဲ့ပေ။

လျှောက်ထားသူအတွက် – ဦးညိုမြင့်မောင်၊ တရားရုံးချုပ်ရှေ့နေ (မလာ)

လျှောက်ထားခံရသူအတွက် – ဦးသန်းကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး

မအူပင်မြို့နယ် တရားရုံးပြစ်မှုကြီးမှုအမှတ် ၁၁၀၁/၉၁ တွင် လျှောက်ထားသူ ဦးမှေးအပေါ် ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်း ကာကွယ် စောင့်ရှောက်ရေးအက်ဥပဒေပုဒ်မ ၆(၁) အရ ထောင်ဒဏ် (၃) နှစ် ကျခံစေရန် ချမှတ်ခဲ့ရာ၊ ဧရာဝတီတိုင်း တရားရုံး (မအူပင်ခရိုင်) ပြစ်မှုအယူခံမှုအမှတ် ၁၂၇/၉၂ တွင် အယူခံဝင်ရောက်သော်လည်း မူလရုံးအမိန့်ကို အတည်ပြု၍ ပလပ်သဖြင့် လျှောက်ထားသူက တရားရုံးချုပ်သို့ ဤပြင်ဆင်မှု တင်သွင်းသည်။

အမှုမှာ ၂၁-၉-၉၁ ရက်နေ့တွင် သစ်တောဦးစီးဌာနမှ တာဝန်ခံဦးမြင့်ကြည်၊ မအူပင်ရဲစခန်းမှ ဒုရဲအုပ် ခင်မောင်မြင့်တို့အဖွဲ့သည် မအူပင်မြို့နယ် ကျွဲကတ်ကျေးရွာနေ ဦးမှေး၏ နေအိမ်ခြံဝင်းကို ရှာဖွေရာ အိမ်နောက်ဘက် ကွမ်းခြံရေမြောင်းထဲ၌ ကျွန်းသစ်တစ်လုံး၊ အိမ်ခြေရင်းတွင် ကျွန်းသစ်တစ်လုံးတွေ့၍ ဦးမှေးအား ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေပုဒ်မ ၆(၁)အရ တရားစွဲဆိုတင်ပို့သော အမှုဖြစ်သည်။

လျှောက်ထားသူ ဦးမှေးက ပြင်ဆင်ရန်အကြောင်းပြချက်အနေဖြင့် ကျွန်းသစ်နှစ်လုံးမှာ အိမ်ဝင်းအတွင်းမှ တွေ့ခြင်းမဟုတ်ဘဲ ဖမ်းဆီးပြီး (၁၄) ရက်ကြာမှ ထောင်ထဲ၌ ရှာဖွေပုံစံ လက်မှတ်ရေးထိုးပေးရခြင်း ဖြစ်ကြောင်း၊ မြို့နယ်တရားသူကြီးက ဖြောင့်ချက်ရယူပြီး မြို့နယ်တရားသူကြီးရုံးကပင် အပြစ်ပေးခြင်းသည် တရားစီရင်ရေး တိမ်းစောင်းနေကြောင်း၊ စွဲဆိုသော ဥပဒေပုဒ်မပါ ပြဋ္ဌာန်းချက်နှင့် ကွဲလွဲဆုံးဖြတ်သည့်ပြင် ကျွန်းသစ်

နှစ်လုံးမှ တန်ဖိုး မဖော်ပြထား၍ ပြစ်ဒဏ် (၃) နှစ် ချမှတ်ခြင်းသည် များလွန်းနေကြောင်း စသည်ဖြင့် တင်ပြထားသည်။

ရှေ့နေချုပ်ရုံး ကိုယ်စားလိုက်ပါဆောင်ရွက်သော လက်ထောက် ညွှန်ကြားရေးမှူးက ကျွန်းသစ်နှစ်လုံးကို ဦးမေး၏အိမ်ခြံဝင်းအတွင်းမှ တွေ့ရပါကြောင်း၊ ဖြောင့်ချက်ကို သက်သေခံအဖြစ် တင်သွင်းစဉ်က တရားခံ၏ ရှေ့နေက မကန့်ကွက်ခဲ့၍ သက်သေခံဥပဒေပုဒ်မ ၈၀ အရ သက်သေခံ ဝင်ပါကြောင်း၊ ကျွန်းသစ်များကို တရားဝင်လက်ရှိထားပိုင်ခွင့်ရှိ သည်ဟု ဦးမေးအနေဖြင့် မတင်ပြနိုင်ကြောင်း သို့ဖြစ်၍ မူလရုံးက ချမှတ်သော အမိန့်ကို အတည်ပြုသင့်ကြောင်း တင်ပြသည်။

သစ်တောဦးစီးဌာနမှ တာဝန်ပိုင် ဦးမြင့်ကြည် (လိုပြ-၁) သည် တိုင် ချက်ပါအတိုင်း ၂၁-၉-၉၁ ရက်နေ့တွင် ဦးမေး၏အိမ်နောက် ကွမ်းခြံ ရေမြောင်းထဲမှ ကျွန်းသစ်တစ်လုံး၊ အိမ်ခြေရင်းမှတစ်လုံး တွေ့ရှိရကြောင်း၊ ခြံအတွင်းမှ သိမ်းဆည်းရမိသည်ဆိုရာ၌ အိမ်နှင့်လတာ ၂၀ ခန့်ကွာနိုင် ကြောင်း ထွက်ဆိုသည်။ ရဲတပ်သားအုန်းမြင့်သည် ဦးမြင့်ကြည်တို့နှင့် ဖမ်းဆီးစဉ်က မပါဘဲ ၂၂-၉-၉၁ ရက်နေ့၌ ရှာဖွေပုံစံပြုလုပ် သိမ်းဆည်း ထားသော ကျွန်းသစ်နှစ်လုံးကို ဒုရဲအုပ် ဦးခင်မောင်မြင့်က သယ်ယူရန်ပြော ၍ ရဝတမျာမှတစ်ဆင့် လက်ခံရယူပြီး၊ မအူပင်အစိုးရသစ်ဆိုင်သို့ လွှဲပြောင်းပေးအပ်ကြောင်း ထွက်ဆိုသည်။ ရဝတအဖွဲ့ဝင် ဦးကြည်ဝင်းက ကျွန်းသစ်နှစ်လုံးကို ကိုမေးခြံဝင်းအတွင်း မတွေ့ရှိရဘဲ၊ အိမ်နှင့်အလံ ၁၀၀ ခန့်အကွာလယ်ကွင်းစပ်၌တွေ့ရသည်ဟုကွဲလွဲထွက်ဆိုသည်။ ထို့ပြင် ဦးမေးသည် တွဲဖက်မြို့နယ်တရားသူကြီးထံ၌ဖြောင့်ချက်(သက်သေခံ-၈) ပေးခဲ့သည်ကို တွေ့ရသည်။

မူလရုံးတွင် ဦးမေးက ကျွန်းသစ်လုံးများကို အိမ်ခြံဝင်းအတွင်းမှမဟုတ် ဘဲ ခြံအပြင်ဘက်တွင် တွေ့ခြင်းဖြစ်ကြောင်း၊ ရှာဖွေပုံစံကို ထောင်ထဲ ရောက်မှ လက်မှတ်ရေးထိုးရကြောင်း၊ ဖြောင့်ချက်ကို (၇) ရက်ချုပ်ခံရပြီးမှ ကြောက်၍ပေးရပါကြောင်း ခုခံချေပသည်။

လျှောက်ထားသူ ဦးမေးသည် ရှာဖွေပုံစံကိုအဖမ်းခံရပြီး (၁၄) ရက်ကြာ မှ လက်မှတ်ရေးထိုးရသည်ဟုဆိုသော်လည်း ရှာဖွေပုံစံ(သက်သေခံ-က) တွင် ၂၁-၉-၉၁ ရက်စွဲရေးမှတ်ထားရာ ဦးမေးအား ဖမ်းဆီးသော ရက်စွဲပင်ဖြစ်ကြောင်း တွေ့ရသည်။ ၁၄ ရက်ကြာမှ ရေးထိုးရကြောင်းနှင့် စပ်လျဉ်း၍ လိုပြသက်သေများအား ပြန်လှန်စစ်မေးခြင်း မရှိသည့်အပြင်

၁၉၉၄ ကိုမေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်

ဦးမေး၏ ထွက်ဆိုချက်၌လည်း ယင်းအချက်မပါချေ။ ဒုတိယအချက်မှာ မြို့နယ်တရားသူကြီးက ဖြောင့်ချက်ယူပြီး မြို့နယ်တရားသူကြီးရုံးမှ စစ်ဆေးကြားနာအပြစ်ပေးခြင်းသည် တရားစီရင်ရေး တိမ်းစောင်းသည်ဟု အကြောင်းပြထားသည်။ ဖြောင့်ချက် (သက်သေခံ–၈) ကို တွဲဖက်မြို့နယ် တရားသူကြီး ရယူခဲ့၍ အမှုစစ်ဆေးသော တရားသူကြီးမှာ မြို့နယ် တရားသူကြီး ဖြစ်သည်။ သို့ရာတွင် ဖြောင့်ချက်ရေးမှတ်သော တွဲဖက် မြို့နယ်တရားသူကြီး နှင့် အမှုစစ်ဆေးသော မြို့နယ်တရားသူကြီးတို့၏ လက်မှတ်မှာ တူညီနေသဖြင့် အမည်ကို လေ့လာကြည့်သောအခါ ဦးဘုန်းဟန် တစ်ဦးတည်း ဖြစ်ကြောင်း တွေ့ရသည်။ ထိုကြောင့် ဖြောင့်ချက် ရေးမှတ်သော တရားသူကြီးသည် အမှုစစ်ဆေးသော တရားသူကြီးပင် ဖြစ်နေသည်မှာ မှန်ကန်သည်။ ဖြောင့်ချက် ရေးမှတ်ယူရာ၌ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၄ သို့မဟုတ် ပုဒ်မ ၃၆၄ ပါပြဋ္ဌာန်းချက်များကို မလိုက်နာခြင်းနှင့် စပ်လျဉ်း၍ ယင်းဥပဒေပုဒ်မ ၅၃၃ (၁) ၌ တရားခံ တစ်ဦးဦး၏ ဖြောင့်ချက် သို့မဟုတ် အခြားထွက်ချက်ကို တရားရုံးတစ်ရုံးတွင် တင်သွင်းသည့်အခါ သို့မဟုတ် သက်သေခံအဖြစ် လက်ခံပြီးသည့်အခါ ရေးမှတ်ခဲ့သည့် တရားသူကြီးက ဆုံးခဲ့သော ပုဒ်မများအနက် ပုဒ်မတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်ကို မလိုက်နာခဲ့ကြောင်း တရားရုံးက တွေ့ရှိရလျှင် ရေးမှတ်ယူသည့် တရားသူကြီး၏ သက်သေခံချက် ရယူရမည်ဖြစ်ကြောင်း၊ ပုဒ်မခွဲ (၂)တွင် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် အယူခံတရားရုံး စောဒကရုံးနှင့်ပြင်ဆင်မှု တရားရုံးတို့နှင့် သက်ဆိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ တစ်နည်းအားဖြင့် ဆိုလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၃၃ သည် ဖြောင့်ချက်ရေးမှတ်ရာ၌ ချွတ်ယွင်းချက်ရှိလျှင် ကုစားနိုင်ရန်အတွက် ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ယခုအမှုတွင် ပေါ်ပေါက်သော ပြဿနာမှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၄နှင့် ပုဒ်မ ၃၆၄ ပါ ပြဋ္ဌာန်းချက်များကို မလိုက်နာဘဲ ပျက်ကွက်ခဲ့ခြင်းမျိုး မဟုတ်ဘဲ ဖြောင့်ချက် ရေးမှတ်သူနှင့် အမှုစစ်တရားသူကြီးမှာ တစ်ဦးတည်း ဖြစ်နေသည့်ကိစ္စ ဖြစ်သည်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၃ (၂) ပါ ပြဋ္ဌာန်းချက်အရ အယူခံရုံးအနေဖြင့် ဖြောင့်ချက်ရေးမှတ်သော တရား သူကြီးအား ပြန်လည်စစ်ဆေးရန်အတွက် ညွှန်ကြားရန်အကြောင်း မရှိပေ။

လျှောက်ထားသူအား အရေးယူသည့် မူလအမှုစစ်ဆေးသော တရား သူကြီးသည် လျှောက်ထားသူ၏ ဖြောင့်ချက်ကို ရယူခဲ့သဖြင့် ၎င်းဖြောင့်

ချက်အပေါ် အခြေခံ၍ အပြစ်ပေးလျှင် လျော်ကန်သင့်မြတ်မှုမရှိဟု ဆို နိုင်သည်။ သို့ရာတွင် ဖြောင့်ချက်ကို (သက်သေခံ–ဂ) အဖြစ် မူလရုံးက လက်ခံထားသည်ကို တွေ့ရသည်။ သက်သေခံအက်ဥပဒေ ပုဒ်မ ၁၆၇တွင် သက်သေခံချက်ကို မသင့်လျော်စွာ လက်ခံခြင်းသို့မဟုတ် ငြင်းပယ်ခြင်း ကြောင့် အမှုကိုအသစ်မစစ်ဆေးရကြောင်း ဤသို့ ပြဋ္ဌာန်းထားပါသည်–

> "သက်သေခံချက်ကို မသင့်လျော်စွာ လက်ခံခဲ့သည် သို့မဟုတ် ငြင်းပယ်ခဲ့သည်ဆိုသောအကြောင်းဖြင့် ကန့်ကွက်ခြင်းခံရသော တရားရုံးသည် လက်ခံထားသည့် သက်သေခံချက်ကို အမှီသဟဲမပြု သော်လည်း ဆုံးဖြတ်ချက်ကို မှန်ကန်ကြောင်း ထောက်ခံရန် လုံ လောက်သော သက်သေခံချက်ရှိသည် သို့မဟုတ် ပယ်လိုက်သော သက်သေခံချက်ကို လက်ခံလျှင် စီရင်ချက်ကို ပြောင်းလွဲစေမည် မဟုတ်ဟု ထင်မြင်လျှင် မည်သည့်အမှုတွင်မျှ ထိုအကြောင်းကြောင့် အမှုကို အသစ်စစ်ဆေးစေခြင်း သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြောင်းလဲစေခြင်း မပြုရ။"

မူလရုံးအမှုစစ်ဆေးသော တရားသူကြီးသည် ဦးမှေး၏ ဖြောင့်ချက်ကို (သက်သေခံ–ဂ) အဖြစ် လက်ခံထားသော်လည်း ယင်းသက်သေခံ–ဂ ဖြောင့်ချက်ကို ထုတ်ပယ်လျှင်၊ အခြားသက်သေခံချက်များအရ မူလရုံး၏ စီရင်ချက်မှာ မှန်ကန်သည်ဟု ယူဆရန်အကြောင်းရှိလျှင် စီရင်ချက်ကို ပယ်ဖျက်ခြင်းမပြုနိုင်ပေ။ ထိုအချက်ကို မူလရုံးအမှုတွဲပါ အခြားသက်သေ ခံချက်များဖြင့် စိစစ်ရန် လိုအပ်သည်။ လျှောက်ထားသူ၏ အိမ်ခြံဝင်း အတွင်းမှ ကျွန်းသစ်နှစ်လုံးကို ၂၁–၉–၉၁ ရက်နေ့က တွေ့ရှိခဲ့၍ ၂၁–၉–၉၁ ရက်နေ့တွင် ရဲတပ်သား အုန်းမြင့်က သွားရောက်သယ်ယူ၍ မအူပင်မြို့ရှိ အစိုးရသစ်ဆိုင်သို့ပေးအပ်ခဲ့သည်။ရှာဖွေပုံစံသက်သေခံ–က တွင် ကျွန်းသစ်နှစ်လုံးကို လျှောက်ထားသူ ဦးမှေး၏ အိမ်နောက်ဘက် ကွမ်းခြံမြောင်းနှင့် အိမ်ခြေရင်း မြေကျင်းတွင်းထဲမှ တွေ့ရှိကြောင်း၊ ဦးမှေးက ၎င်းဝယ်ယူထားသော သစ်လုံးများဖြစ်ကြောင်း တရားဝင်လက်ဝယ် ထားပိုင်ခွင့် အထောက်အထားမပြသနိုင်ကြောင်း ဝန်ခံ၍ လက်မှတ်ရေးထိုး ပေးအပ်ပါသည်ဟု ဦးမှေးက လက်မှတ်ရေးထိုးထားသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ဦးမှေး၏ခြံအပြင်ဘက်၌ ကျွန်းသစ်များတွေ့ရှိကြောင်း၊ ဦးမှေး ၏ ထုချေချက်ကို လက်ခံရန် အကြောင်းမရှိပေ။ သို့ဖြစ်ရာ ဖြောင့်ချက် သက်သေခံ–ဂ ကို ထုတ်ပယ်၍ အခြားသက်သေခံချက်များအရ မူလရုံးက

၁၉၉၄ ကိုမှီး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်

ဦးမှေးအပေါ် ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်းကာကွယ် စောင့် ရှောက်ရေး ဥပဒေပုဒ်မ၆(၁)အရ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် မူလရုံး၏ အမိန့်ကို အတည်ပြုသော တိုင်းတရားရုံး၏ အမိန့်တို့မှာ မှားယွင်းမှုမရှိဟု ဆိုရပေမည်။ ပြစ်မှုများ၌ တရားမျှတမှု ဆုံးရှုံးနစ်နာစေခြင်းမရှိလျှင်၊ မှားယွင်းခြင်း၊ ပျက်ကွက်ခြင်း၊ လုပ်ထုံးလုပ်နည်း လွဲမှားခြင်းကြောင့် ပြစ်ဒဏ်စီရင်ခြင်းကို ပယ်ဖျက်ပြောင်းလဲခြင်း မပြုရကြောင်း ပြစ်မှုဆိုင် ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၃၇ တွင် ပြဋ္ဌာန်းထားသည်ကိုလည်း တွေ့နိုင်သည်။

ဦးမှေးသည် သူ၏ အိမ်ခြံဝင်းအတွင်းမှ တွေ့ရသော ကျွန်းသစ်နှစ်လုံး သည် ပြည်သူပိုင်ပစ္စည်းဖြစ်သဖြင့် အခွင့်အာဏာအရ လက်ရှိထားကြောင်း၊ သက်သေထင်ရှားပြသရန်တာဝန်သည် ကျွန်းသစ်လက်ဝယ်ထားသော ဦးမှေးအပေါ် ကျရောက်ကြောင်း၊ ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေပုဒ်မ ၆ (၂) ၌ ပြဆိုထားသည်။ ထိုတာဝန်ကို ဦးမှေးအနေဖြင့် အလျဉ်းမတင်ပြနိုင်ခဲ့ပေ။

ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ တန်ဖိုးဖော်ပြချက်မပါသော ကျွန်းသစ် နှစ်လုံးအတွက် အပြစ်ဒဏ် (၃) နှစ် ချမှတ်ခြင်းသည် များလွန်းသည်ဟူ၍ တင်ပြထားသည်။ ကျွန်းသစ်နှစ်လုံးအတွက် သက်ဆိုင်ရာမှ တန်ဖိုးမဖော်ပြရုံ သက်သက်သည် ပြစ်ဒဏ်လျော့ပေါ့ရန် အကြောင်းမရှိချေ။

ထိုကြောင့် လျှောက်ထားသူ ဦးမှေးအပေါ် ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင် ပစ္စည်းကာကွယ်စောင့်ရှောက်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ မူလရုံးက ပြစ်မှုထင်ရှားတွေ့ရှိခြင်းနှင့် ပြစ်ဒဏ်တို့ကို အတည်ပြုသည့် တိုင်းတရား ရုံး၏ အမိန့်တို့အပေါ် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်၍ ဤ ပြင်ဆင်မှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ် တရားသူကြီး ဦးတင်အုံးရှေ့တွင်

ဦးရမ်းမကျိ
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ–၆ *

+ ၁၉၉၄
ဒေါင်ဘာလ
၁၂ ရက်

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၃၆–စွဲချက်တင် ဖြေရှင်းစေသည့်အမိန့်ကို ပယ်ဖျက်သည့်ကိစ္စ။

ဆုံးဖြတ်ချက်။ ပဲခူးတိုင်း တရားရုံး (ပဲခူးခရိုင်) ၏အမိန့်တွင် မူလရုံးမှ စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်၍ ထပ်မံစုံစမ်းစစ်ဆေးရန် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ညွှန်ကြားထားသည်။ ယင်းဥပဒေပုဒ်မ ၄၃၆ မှာမူလရုံးက စွဲချက်မတင်မီလွတ်သည့်အမှုများတွင် ထပ်မံစုံစမ်းစစ်ဆေးရန် ကျင့်သုံးသည့် လုပ်ပိုင်ခွင့်ဖြစ်သည်။ ယခုကဲ့သို့ လျှောက်ထားခံရသူများအား စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်ရန်နှင့် မသက်ဆိုင်ကြောင်း ဖော်ပြလိုပေသည်။

လျှောက်ထားသူအတွက် – ဦးကရစ်ချ်နားကုမာလား၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်– ၁။ ဦးမျိုးချစ်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး ၂ မှ ၆ ထိ၊ ဦးအောင်သိန်း၊ တရားရုံးချုပ်ရှေ့နေ

ကျောက်တံခါးမြို့နယ် တရားရုံး ပြစ်မှုကြီးမှုအမှတ် ၈၆၁/၉၃ တွင် လျှောက်ထားခံရသူ ဂျိုက်မရာကပ်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ အရလည်းကောင်း၊ ကျန်လျှောက်ထားခံရသူများဖြစ်ကြသော ရမ်းဆူရတ်၊ ဂျက္ကနပ်၊ ဟီရာလာလ်၊ ကေစိုးတို့အား ယင်းဥပဒေပုဒ်မ ၃၈၀/၁၁၄

---

* ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၁၂ (ခ)

\+ ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၇၁ တွင် ချမှတ်သော ၂၈–၄–၉၄ ရက်စွဲပါ ပဲခူးတိုင်း (ပဲခူးခရိုင်) တရားရုံး၏အမိန့်ကို ပြင်ဆင်မှု

၁၉၉၄
ဦးရမ်းမကျိ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ–၆

အရလည်းကောင်း၊ စွဲချက်တင်၍ ဖြေရှင်းစေရန် အမိန့်ချမှတ်ခဲ့သည်။ လျှောက်ထားခံရသူများက ၎င်းတို့အပေါ် စွဲချက်တင်သည့်အမိန့်ကို မကျေနပ်၍ ပဲခူးတိုင်း တရားရုံး (ပဲခူးခရိုင်) ပြစ်မှုပြင်ဆင်မှုအမှတ် ၁၇၁/၉၃ ဖြင့် ဝင်ရောက်ရာ မူလမြို့နယ်တရားရုံး၏ စွဲချက်အမိန့်ကို ပယ်ဖျက်၍ မူလတရားသူကြီးက ထပ်မံစုံစမ်းစစ်ဆေးရန်နှင့် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ညွှန်ကြားခဲ့သည်။ မူလရုံး၌ ဦးတိုက်လျှောက်ထားသူ ရမ်းမကျိက တိုင်းတရားရုံး၏ အမိန့်ကိုမကျေနပ်၍ တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး မူလရုံး အမိန့်ကို ပြန်လည်အတည်ပြုပေးပါရန် တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ကျောက်တံခါးမြို့နယ် ဂနက်ကျေးရွာအုပ်စု ဂီရားကျေးရွာတွင် မဟာဒေဝီဘုရားကျောင်း (ခ) ဒါကူဘာရီဘုရားကျောင်း (ခ) ကစ္စနားဘုရားကျောင်းရှိသည်။ ဂီရားရွာ၊ ရိုဘီရွာ၊ ပနိုဂီရွာ(၃) ရွာမှာ တစ်ဆက်တည်းရှိ၍ စုပေါင်းကြီး ကြံဘိုရွာဟူ၍လည်း **ခေါ်တွင်သောကြောင့်** အဆိုပါ ဘုရားကျောင်းကို ကြံဘိုကျေးရွာ ရှရီမဟာဒေဝီဘုရားကျောင်းဟူ၍လည်း ခေါ်ကြသည်။ ယင်းဘုရားကျောင်း ဆောက်လုပ်ရေးကော်မတီသည် မူလဘုရားကျောင်းကို ဖျက်၍ အသစ်ဆောက်လုပ်လျက်ရှိရာ သစ်များကို ကျောင်းဝင်းအတွင်း၌ ထားရှိသည်။ ကော်မတီအတွင်းရေးမှူး ရမ်းမကျိသည် ၁၉–၈–၉၃ နေ့၌ ဘုရားကျောင်းပိုင် သစ်များကို လျှောက်ထားခံရသူ ကျိုက်မရာကပ်နှင့် လက်သမားတစ်ဦးတို့က ဖြတ်တောက်နေသည်ကို တွေ့ရသည်။ ရမ်းမကျိက တားမြစ်သောအခါ ကျိုက်မရာကပ်က သူများတွေ အများကြီး ခိုးတယ်၊ သူလဲလုပ်တယ် ဘာဖြစ်သလဲဟု ပြောသည်။ လျှောက်ထားခံသူတစ်ဦးဖြစ်သော ရွာလူကြီး ရမ်းဆူရတ်အား သွားပြောရာ လက်သမားလုပ်တာဖြစ်၍ လက်သမားသွားဖမ်းဟု ပြောသည်ဆို၏ ဘုရားကျောင်းရောက်သောအခါ ဖြတ်တောက်ထားသော သစ် ၃၆ ချောင်းကို တွေ့သည်။ လျှောက်ထားခံရသူ ကျိုက်မရာကပ်နှင့် ကေစိုးတို့က သစ်များမှာ ၎င်းတို့အိမ်မှ ယူလာပြီး ကျောင်းအတွက် တန်းလျားလုပ်နေကြောင်း၊ ကျောင်းမှ သစ် ၆x၁ လက်မတစ်ချောင်းသာ ပါကြောင်း ပြောသည်။ ရမ်းဆူရတ်သည် ကျိုက်မရာကပ်အား ကော်မီတီကတားနေကြောင်းပြောရာ၊ စာရေးပေးမှဆို၍ အတွင်းရေးမှူး ရမ်းမကျိသည် အစည်း

အဝေးခေါ်ယူပြီး တားမြစ်စာရေးပေးခဲ့သည်။ ယင်းစာကို ရွာလူကြီး ရမ်းဆူရတ်နှင့် ကျိုက်မရာကပ်သည် ကျောင်းဒေါင့်၌ အတူဖတ်ပြီးနောက် ရမ်းဆူရတ်က ကျူပ်ခွင့်ပြုတယ်လုပ်ချင်တာလုပ်ပါစေဟုပြောသည်။ ရမ်းမကျိက မလုပ်ရဘူးဟုပြောကာ သစ်များကို ပြန်သိမ်းသည်။ ထိုစဉ် တီရာလာလ်သည် မားမြောင်ကိုင်လျက် ကေစိုး၊ ဂျက်ကနပ်တို့လည်းရောက်လာပြီး ဘာကြောင့်တားရသလဲ၊လုပ်တာဘာဖြစ်သလဲဟုပြောကြသည်။ကျိုက်မရာကပ်က ကျောင်းကော်မိတီက သိမ်းလိုက်သော သစ်များကို စာရင်းပြုလုပ်ပေးရန် ပြော၍ အတွင်းရေးမှူး ရမ်းမကျိက စာရင်းပြုလုပ် လက်မှတ်ထိုးပေးရသည်။ ထို့ကြောင့် ရမ်းမကျိကလျှောက်ထားခံရသူများအား အရေးယူပေးရန် မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

ပြင်ဆင်ရန်အကြောင်းပြချက်အနေဖြင့် လျှောက်ထားခံရသူများသည် ကျောင်းကော်မိတီ၏ ခွင့်ပြုချက်မရဘဲ သစ်များကိုယူဆောင်၍ ဖြတ်တောက်နေကြောင်း လိုပြသက်သေများက ထွက်ဆိုထားပါသည်။ အခြားသူများက ၎င်းတို့ထံလှူထားသော သစ်များဖြစ်သည်ဟု လျှောက်ထားခံရသူများပြောဆိုသော်လည်း၊ ကျောင်းပိုင်သစ်များဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ခိုးမှုဖြစ်ပါလျက်၊ တိုင်းတရားရုံးက မူလရုံးစွဲချက်အမိန့်ကို ပယ်ဖျက်ခြင်းသည် မှားယွင်းပါသည်။ လျှောက်ထားခံရသူများသည် ၎င်းတို့ထံလှူထားသော သစ်များနှင့်ကျောင်းအတွက် ခုံတန်းလျားပြုလုပ်လှူဒါန်းရန်ဖြစ်ကြောင်း ပြန်လှန်မေးမြန်းထားချက်အရ ဖြေရှင်းရန် တာဝန်ရှိပါသည် စသည်ဖြင့် တင်ပြသည်။

ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးကလည်း လျှောက်ထားခံရသူများသည် သစ်များကို ယူဆောင်သုံးစွဲခြင်းသည် မရိုးမဖြောင့်သော သဘောရှိ၍ မူလမြို့နယ်တရားရုံး၏ အမိန့်ကို အတည်ပြုသင့်ပါသည်ဟု ထောက်ခံတင်ပြသည်။

လျှောက်ထားခံရသူများ၏ရှေ့နေက လျှောက်ထားခံရသူများသည် မရိုးမဖြောင့်သောသဘော မပါဝင်ဘဲ သယ်ယူရွှေ့ပြောင်းရန် ရည်ရွယ်လုပ်ကိုင်ခြင်းမရှိဘဲ ကျောင်းအတွက် ခုံတန်းလျားပြုလုပ်ခြင်းသာဖြစ်၍ စွဲချက်မတင်ထိုက်ကြောင်း၊ ဘုရားဖူးလာသူများ ထိုင်စရာအခက်အခဲရှိ၍ လက်သမားများနှင့် လုပ်ကိုင်ခြင်းဖြစ်ကြောင်း အဓိကအကြောင်းပြချက်အနေဖြင့် တင်ပြ၍ ပြင်ဆင်မှုကို ပလပ်ရန် တင်ပြသည်။

၁၉၉၄
ဦးရမ်းမကျီ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ-၆

လျှောက်ထားသူ ရမ်းမကျီသည် ဘုရားကျောင်းကော်မိတီ အတွင်းရေးမှူး ဖြစ်သည်။ ရမ်းမကျီသည် ဦးတိုက်လျှောက်လွှာပါအကြောင်းအချက်များကို ထွက်ဆိုခဲ့ရာ၌ ရမ်းမကျီအပါအဝင် ဘုရားကျောင်း ဆောက်လုပ်ရေးကော်မိတီကို ဖွဲ့စည်း၍အလှူခံကာ မူလပုံစံအနေအထားအတိုင်း ဆောက်လုပ်လျက်ရှိသည်။ ကျောင်းဟောင်းမှသစ်များနှင့် နောက်ထပ်သစ်များကိုလည်း ဘုရားကျောင်းဝင်းအတွင်း၌ စုပုံထားသည်။ ကျိုက်မရာကပ်သည် လက်သမားခေါ်၍ ကျောင်းဆောက်လုပ်ရန် သစ်များကိုဖြတ်တောက်၍ ခုံတန်းလျားပြုလုပ်ကြောင်း၊ တားမြစ်သော်လည်းမရဘဲ ကျန်လျှောက်ထားခံရသူများကပါ ကျိုက်မရာကပ်ကို အားပေးအားမြှောက်လုပ်ကြကြောင်း၊ ကော်မိတီခွင့်ပြုချက်မရှိဘဲ ၎င်းတို့သဘောအလျောက်ပြုလုပ်သဖြင့် သစ်များကို ပြန်လည်သိမ်းဆည်းခဲ့ရာ စာရင်းပြုစုပေးပါဆို၍ ပေးခဲ့ပါကြောင်း ထွက်ဆိုသည်။ ကျန်လိုပြသက်သေများဖြစ်ကြသော ကစ္စနား(လိုပြ-၂) ဆိုနာပရာဆပ် (လိုပြ-၃)၊ ကာစီနင် (လိုပြ-၄)၊ ရမ်းပရဆေး (လိုပြ-၅) တို့ကလည်း ရမ်းမကျီ၏ ထွက်ချက်ကို ထောက်ခံထွက်ဆိုကြသည်။

ပဲခူးတိုင်းတရားရုံး (ပဲခူးခရိုင်) မှသစ်မှာ ရွှေ့ပြောင်းနိုင်သော ပစ္စည်းဖြစ်သော်လည်း မရိုးမဖြောင့်သောသဘောဖြင့် ပြုလုပ်သည်ဟု သက်သေခံချက်မရှိကြောင်း၊ ခိုးမှုနှင့်အကျူးမဝင်ကြောင်း အဘယ်ကြောင့်ဆိုသော် ကိုယ်ကျိုးသုံး အလွဲသုံးစားမှု ပြုလုပ်ခဲ့ခြင်းမရှိကြောင်း၊ သို့ရာတွင် ဘာသာရေးအရ အများပြည်သူဘာသာဝင်တို့ကို အမှန်တကယ် စိတ်ဒြိုင်ငြင်စေကြောင်း၊ သက်သေပြနိုင်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ အစား ပုဒ်မ ၂၉၀ အရ ပြင်ဆင်စွဲချက်တင်သင့်ကြောင်း သုံးသပ်၍ မူလရုံး၏ စွဲချက်အမိန့်ကို ပယ်ဖျက်ကာ မူလတရားသူကြီးအား ထပ်မံစုံစမ်းစစ်ဆေးစေရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ညွှန်ကြားထားသည်ကို တွေ့ရသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၉၀ အရဆိုလျှင် ရာဇသတ်ကြီး ဥပဒေအရ ပြစ်ဒဏ်စီရင်ရန်ပြဋ္ဌာန်းထားခြင်းမရှိသည့်အချက်၌ မည်သူမဆို အများပြည်သူဆိုင်ရာ နှောင့်ယှက်မှုကို ကျူးလွန်သူအား ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်ထားခြင်း ဖြစ်သည်။ အများပြည်သူနှောင့်ယှက်မှုနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာ ဥပဒေပါ အခြားပုဒ်မများနှင့် အကျူးမဝင်သည့်ကိစ္စအတွက် ပြစ်ဒဏ်ချမှတ်ရန် ရည်ရွယ်ရင်းဖြစ်သည်။ ဤအမှုမှာ ကျောင်းဆောက်လုပ်ရန် သစ်များကို ကျောင်းဆောက်လုပ်ရေးကော်မိတီ၏

သဘောတူညီချက်မရှိဘဲ ယူ၍ဖြတ်တောက်လုပ်ကိုင်ခြင်းကြောင့် စွဲဆိုခြင်း ဖြစ်သည်။ ကျောင်းအတွက် ပြုလုပ်ပါသည်ဟုဆိုစေ၊ လက်ရှိဖြစ်သူ သဘောမတူဘဲ ယူဆောင်ခြင်း ဖြစ်ကြောင်း၊ ၎င်းတို့၏ ပြုမူချက်အရ ပေါ်လွင်လျက်ရှိသည်။ ကျောင်းအတွက် လှူဒါန်းရန်ဆိုလျှင် ၎င်းတို့၏ သစ်များနှင့် ပြုလုပ်ပါက လက်ခံပါမည်ဟု တရားလို ရမ်းမကို့ ထွက်ဆို ထားသည်မှာ သဘာဝကျသည်။ ကျောင်းအတွက် ခုံတန်းလျားပြုလုပ် သည်ဆိုသော်လည်း သစ်များကို ထိန်းသိမ်း၍ ကျောင်းဆောက်လုပ်နေသော အဖွဲ့ကို ဆန့်ကျင်လိုသောသဘောနှင့် ပြုလုပ်ကြောင်း ပေါ်ပေါက်နေသည်။ သက်ဆိုင်ရာမှ မပြုလုပ်ရန် တားမြစ်သောအခါ ဆက်လုပ်မည်ဟု ပြောဆို အချင်းဖြစ်၍ တစ်ဖက်နှင့်တစ်ဖက် အာဃာတ ကြီးထွားလာစေခဲ့သည်။ ဂျိုက်မရာကပ်အား ဆက်လုပ်ရန် ကျန်တရားခံများက အားပေးအားမြှောက် ပြုခဲ့ကြောင်းလည်း တွေ့ရသည်။ မရိုးမဖြောင့်သောသဘောဆိုရာ၌ မတရား ရယူခြင်း သို့မဟုတ် မတရားဆုံးရှုံးခြင်းဖြစ်စေရန်အကြံနှင့် ပြုခြင်းဖြစ်သည်။ မတရားရယူခြင်း ဆိုရာ၌ ရယူသည်ဥပဒေနှင့်အညီ ပိုင်ခွင့်မရှိသောပစ္စည်း ကို မတရားသောနည်းဖြင့် ရယူခြင်းကို ဆိုလိုသည်။ ဂျိုက်ပရာကပ်သည် ကျောင်းဆောက်လုပ်ရန် သစ်များကို ဥပဒေနှင့်အညီ ပိုင်ခွင့်မရှိကြောင်း၊ အမှုပေါ်ပေါက်ချက်အရ တွေ့ရသည်။ ယင်းသို့ ပိုင်ခွင့်မရှိသော ပစ္စည်းကို ထိမ်းသိမ်းစောင့်ရှောက်နေသော ကျောင်းဆောက်လုပ်ရေးကော်မတီ၏ သဘောမတူဘဲ တားမြစ်နေပါလျက် ရယူသုံးစွဲခြင်းသည် မတရားသောနည်း ကို အသုံးပြုရာ ရောက်သည်ဟု ယူဆရပေသည်။ အကယ်၍ တရားဖြင့် ရယူသည်ဆိုလျှင် လျှောက်ထားခံရသူ ဂျိုက်ပရာကပ်အနေဖြင့် သက်သေ ပြရန် တာဝန်ရှိသည်။ ဤအခြေအနေတွင် ခိုးမှုကျူးလွန်ခြင်းမရှိဟု တိုင်းတရားရုံးမှ သုံးသပ်ချက်သည် မှန်ကန်သည်ဟု ဆိုရန် ခဲယဉ်း သည်။

ထို့ပြင် ပဲခူးတိုင်းတရားရုံး (ပဲခူးခရိုင်) ၏အမိန့်တွင် မူလရုံးမှ စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်၍ ထပ်မံစုံစမ်းစစ်ဆေးရန် ပြစ်မှု ဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ညွှန်ကြားထားသည်။ ယင်းဥပဒေ ပုဒ်မ ၄၃၆ မှာ မူလရုံးက စွဲချက်မတင်မီ လွှတ်သည့်အမှုများတွင် ထပ်မံ စုံစမ်းစစ်ဆေးရန် ကျင့်သုံးသည့် လုပ်ပိုင်ခွင့်ဖြစ်သည်။ ယခုကဲ့သို့ လျှောက် ထားခံရသူများအား စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်ရန်နှင့် မသက်ဆိုင် ကြောင်း ဖော်ပြလိုပေသည်။

၁၉၉၄
ဦးရမ်းမကျီ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ-၆

အထက်ပါအကြောင်းများကြောင့် ဤပြင်ဆင်မှုကို လက်ခံသည်။ ပဲခူးတိုင်း တရားရုံး (ပဲခူးခရိုင်) ပြစ်မှုပြင်ဆင်မှုအမှတ် ၁၇၁/၉၃ တွင် ချမှတ်သော အမိန့်ကို ပယ်ဖျက်၍ မူလရုံးမှ လျှောက်ထားခံရသူများအပေါ် စွဲချက်တင်ဖြေရှင်းစေသည့်အမိန့်ကို ပြန်လည်အတည်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ် တရားသူကြီး ဦးတင်ထွတ်နိုင်ရှေ့တွင်

ရွှေသန်းပါ–၅
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်*

+၁၉၉၄
သြဂုတ်လ
၂၆ ရက်

၁၉၄၇ ခုနှစ် သွင်းကုန် ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) ပါ ပြစ်မှုဖြင့် စွပ်စွဲခံရသူတွင် အပြစ်မရှိကြောင်း သက်သေထင်ရှားပြသရန်တာဝန်မှာ ၎င်းတရားခံအပေါ်တွင်သာရှိခြင်း။

ဆုံးဖြတ်ချက်။ လျှောက်ထားသူများသည် ငါးပိသာချိန် (၂၀၀၀) ခန့် နှင့်အတူ အချင်းဖြစ်နေ့ နံနက် (၅) နာရီခန့်က ကော့သောင်းမြို့နယ်အတွင်း တွေ့ရှိရခြင်းမှာ ငါးခိုးထုတ်ရန်ဖြစ်သည်ဟု ယူဆရန်သာရှိသည်။ လျှောက်ထားသူများဘက်မှ ငါးပိသာချိန် (၂၀၀၀) ကို ငါးကဲ့လှေဖြင့် တရားဝင်တင်ယူ သယ်ဆောင်ခွင့်ရှိကြောင်း ခိုင်မာစွာ မတင်ပြနိုင်သည့်အပြင် ထိုငါးပိသာ (၂၀၀၀) မှာ တစ်ဖက်နိုင်ငံသို့ ခိုးထုတ်ရန်မဟုတ်ကြောင်းလည်း ခိုင်ခိုင်မာမာ တင်ပြနိုင်ခြင်းမရှိသောကြောင့် မူလရုံးနှင့်တိုင်းတရားရုံးတို့က လျှောက်ထားသူများသည် တစ်ဖက်နိုင်ငံသို့ ငါးခိုးထုတ်ရန် ပြုမူဆောင်ရွက်သည်ဆိုသော ကောက်ယူသုံးသပ်ချက်မှာ ဥပဒေအရ မှားယွင်းမှုမရှိချေ။

လျှောက်ထားသူများအတွက် – ဦးထွန်းအောင်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် – ဦးမြင့်နိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

ကောင့်သောင်းမြို့နယ်တရားရုံးပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၉၆၉/၉၃ တွင် လျှောက်ထားသူ မူလရုံးတရားခံများအပေါ် ၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်

---

* ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၀၂ (ခ)

\+ ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၆ တွင် ချမှတ်သော (၂၄–၉–၉၃) ရက်စွဲပါ တနင်္သာရီတိုင်း (ကော့သောင်းခရိုင်) တရားရုံး၏အမိန့်ကို ပြင်ဆင်မှု

၁၉၉၄
ရွှေသန်းပါ–၅
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ကုန် ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ ထောင်ဒဏ် (၅) နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ၎င်းတို့က တနင်္သာရီတိုင်းတရား၀ံး (ကော့သောင်းခရိုင်) သို့ အယူခံဝင်ရာ အကျဉ်းနည်းပလပ်ခံရသဖြင့် တရား၀ံးချုပ်သို့ ဤပြင်ဆင်မှုကို ဆက်လက် တင်သွင်းကြသည်။

အမှုမှာ ၅–၈–၉၃ နေ့ ၁၀:၅၀ နာရီအချိန်၌ တပ်မတော် (ရေ) မှ စစ်ရေယာဉ် "ရန်ငြိမ်းအောင်" သည် "ပိတောက်၀ါ" အမည်ရှိ ငါးကဲ့လှေ တစ်စီးကို ငါးပိသာ ၂၀၀၀ နှင့်အတူ ပင်လယ်ရေပြင်တွင် ခုတ်မောင်းနေစဉ် တွေ့ရှိရ၍ ယင်းလှေပေါ်ပါ ရွှေသန်း၊ ထွန်းမြင့်၊ ဆန်းဝင်း၊ မင်းကို (ခ) မြင့်နိုင်၊ ညီညီအောင်တို့သည် ငါးများကို တစ်ဖက်နိုင်ငံသို့ ခိုးထုတ်ရန် ကြံစည်ကြောင်းဖော်ပြလျက် ဒုရဲအုပ် စခန်းမှူး ဦးတင်ထွန်းက တိုင်ချက်ဖွင့်ခဲ့သော အမှုဖြစ်သည်။

မြို့နယ်တရား၀ံးက တရား၀ံများသည် ၎င်းတို့ဖက်မှ တင်ပြသည့် စာရွက်စာတမ်းများ၏ မူရင်းကို မတင်ပြနိုင်ကြောင်း၊ မူရင်းကို တင်ပြနိုင်သည့်တိုင်အောင် ယင်းစာရွက်စာတမ်းများကို အဖမ်းခံရစဉ်က မထောင်ပြခဲ့ဘဲ ယခုမှတင်ပြခြင်းမှာ နောက်မှအကြံရ၍ ထုချေသည့်အချက်များဖြစ်ကြောင်း သုံးသပ်ကာ လျှောက်ထားသူများအား ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်သည်။

တိုင်းတရား၀ံးက မူလရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် ပြစ်ဒဏ်စီရင်ချက်တို့အပေါ် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိ၍ အယူခံကို အကျဉ်းနည်း ပလပ်ခဲ့သည်။

လျှောက်ထားသူများ၏ ရှေ့နေကြီးက အချင်းဖြစ်ပွားပုံကို အမှန်တကယ် သိရှိမြင်တွေ့သူ၏ သက်သေခံချက်မရှိဘဲ ရေယာဉ်ကုန်းပတ်မှတ်တမ်း (log book) မိတ္တူမှန်ကိုပင် မတင်ပြနိုင်ဘဲ စစ်ဆေးစီရင်ခြင်းမှာ သက်သေခံ ဥပဒေပုဒ်မ ၆၀ နှင့်ဆန့်ကျင်နေကြောင်း၊ လျှောက်ထားသူ တရား၀ံများအပေါ် မူလရုံးက စွဲချက်တင်ပြီးနောက် ၎င်းတို့၏ ပြန်ခေါ် စစ်ဆေးခွင့်ကို မြို့နယ်တရား၀ံးက ပိတ်ပင်ခဲ့သည်မှာလည်း ဥပဒေနှင့် မညီကြောင်း၊ လျှောက်ထားသူတရား၀ံများဘက်မှ လွှဲရန်၊ စက်ရန်၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က ထုတ်ပေးသည့်စာရွက်စာတမ်းများ၊ မွေးမြူ

ရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ တနသ်ာရီတိုင်း၊ ငါး၊ ဂဏန်းအဝယ်ဒိုင် ကိုယ်စားလှယ် ခန့်အပ်လွှဲစာတို့ကို တင်ပြထားကြောင်း၊ တရားခံများတွင် ဥပဒေပါ အခွင့်အရေးများ မရရှိခဲ့ခြင်းကြောင့် တရားမျှတမှု ဆိတ်သုဉ်းခဲ့သည်ဟု ဆိုရမည်ဖြစ်၍ တရားခံများအပေါ် ပြစ်ဒဏ်စီရင်ခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်ကြောင်း အဓိကထား တင်ပြ လျှောက်လဲသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက လျှောက်ထားသူ ဦးရွှေသန်းပါ (၅) ဦးတို့အား ငါးပိသာချိန် (၂၀၀၀) ပါရှိသည့် ငါးကဲ့လှေနှင့်အတူ အမှတ် (၅၈) ရေတပ်အခြေစိုက်စခန်းမှ ဖမ်းဆီးရမိခြင်းဖြစ်ပြီး ဘောက် (၄) ပုံစံ ဖြင့် လိုအပ်သော ရေတပ်အကြောင်းကြားစာအရ အရေးယူစစ်ဆေးခဲ့သည့် အမှုဖြစ်ကြောင်း၊ ၎င်းတို့အား ဖမ်းဆီးရမိသည့်အချိန်က သက်သေခံလှေနှင့် စပ်လျဉ်းသော စာရွက်စာတမ်းတစ်စုံတစ်ရာကိုမျှ တင်ပြနိုင်ခြင်းမရှိကြောင်း၊ ရုံးရှေ့စစ်ဆေးသည့်အခါတွင်လည်း မူရင်းကို တင်ပြနိုင်ကြခြင်းမရှိဘဲ မိတ္တူများကိုသာ တင်ပြလာသဖြင့် သက်သေခံဥပဒေပုဒ်မ ၆၄ အရ သက်သေခံအဖြစ် မူလရုံးက လက်မခံခဲ့ကြောင်း၊ ဦးရွှေသန်းအား ပြန်လှန်စစ်မေးသည့်အခါ လှေဂရန်၊ စက်ဂရန်ရှိသောလှေဖြစ်ပါက လှေ၌ ချိတ်ဆွဲထားရသည်ဆိုလျှင်မှန်ကန်ကြောင်း အခင်းဖြစ်ချိန်ကလှေတွင်မပါရှိဆိုလျှင်မှန်ကန်ကြောင်း ထွက်ဆိုထားချက်များအရ လျှောက်ထားသူများသည် မရိုးမသား ပြုမူဆောင်ရွက်လုပ်ကိုင်ခဲ့သည်မှာ ပေါ်လွင်ကြောင်း၊ လျှောက်ထားသူများအနေဖြင့် အဖမ်းခံရချိန်က တရားဝင်စာရွက် စာတမ်းအထောက်အထားများကိုမတင်ပြနိုင်ခဲ့သည်မှာလည်းပေါ်လွင်၍လျှောက်ထားသူများကငါးပိသာချိန်(၂၀၀၀) ကို တစ်ဖက်နိုင်ငံသို့ ခိုးထုတ်ရန် ပြုမူဆောင်ရွက်ခဲ့ကြသည်ဟုသာ ကောက်ယူရန်ဖြစ်ကြောင်း လျှောက်လဲသည်။

မူလအမှုတွဲအရ အမှတ် (၅၈) ရေတပ်အခြေစိုက်စခန်း ဇာဒက်ကြီးကျွန်း၊ ကော့သောင်းမြို့၏ ၁၀-၈-၉၃ ရက်စွဲပါ စာအမှတ် ၂/၄/ ဦး ၄ (သက်သေ--ခ) တွင် "စစ်ရေယာဉ်ရန်ငြိမ်းအောင်သည် စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေစဉ် ၅-၈-၉၃ ရက်နေ့ ၁၀း၅၀ နာရီအချိန် လတ္တီတွဒ် ၁၀ ဒီဂရီ ၂၅ ဒသမ ၅ မိနစ် မြောက်လောင်ဂျီတွဒ် ၆၀ ဒီဂရီ ၁၈ မိနစ် အရှေ့၌ ပိတောက်ဝါအမည်ရှိ မြန်မာငါးကဲ့လှေ (၁) စီးအား မြန်မာတရားခံ (၅) ဦးနှင့် ဖမ်းဆီးရမိခဲ့ပါသည်" ဟု ဖော်ပြပါရှိကြောင်း တွေ့ရသည်။

၁၉၉၄
ရွှေသန်းပါ-၅
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ဂင်းစာဖြင့် ပူးတွဲထားသော ပစ္စည်းထုတ်ပေး ပြေစာအမှတ်စဉ် ၃ (ဃ) ၌ ငါးမျိုးစုံပိသာ (၂၀၀၀) ပါရှိကြောင်း တွေ့ရသည်။

လျှောက်ထားသူအသီးသီးအပေါ် တင်သည့်စွဲချက်၌ "ကော့သောင်းမြို့နယ် မြန်မာ့ရေပိုင်နက်တွင် ခွင့်ပြုချက်မရှိဘဲမြန်မာနိုင်ငံမှ ထိုင်းနိုင်ငံကို ငါးခိုးပို့ရန်ကြိုးစားအားထုတ်ရာတွင် ပါဝင်ခဲ့ကြောင်း" ဖော်ပြပါရှိသည်။

တရားခံအသီးသီးအပေါ် ၁၉၄၇ ခုနှစ်သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ စွဲချက်တင်ပြီးနောက် စစ်ဆေးပြီး သက်သေကို ပြန်ခေါ်ရှိ မရှိမေးမြန်းရာတွင် ရဲအုပ်စခန်းမှူး ဦးတင်ထွန်းအား ပြန်ခေါ်စစ်မေးလိုကြောင်း တင်ပြကြသဖြင့် ချက်ချင်းပင် ပြန်ခေါ်စစ်ဆေးခွင့်ပြုခဲ့ကြောင်းလည်း တွေ့ရှိရသည်။

တရားခံ ဦးရွှေသန်းက ၎င်းပိုင် "ပိတောက်ဝါ" လှေမှာ စက်လှေမဟုတ်ဘဲ"ငါးကဲ့လှေ" သာဖြစ်ကြောင်း၊ ကော့သောင်းမြို့၊ ငါးလုပ်ငန်း ဦးစီးဌာနမှ ထိုင်းနိုင်ငံကုမ္ပဏီများသို့ ဒေါ်လာဖြင့် တင်သွင်းရကြောင်း၊ ၎င်းတို့လှေသည် ၄-၈-၉၃ နေ့ နံနက် ၀၄:၀၀ နာရီတွင် စက်ပျက်ပြီး မျောနေစဉ် မပုကင်းအနီးတွင် ရေတပ်မှ ဖမ်းဆီးခြင်းကို ခံရကြောင်း၊ ထိုစဉ်က တရား၀င်အထောက်အထားများမှာ ကော့သောင်းရှိ တည်းခိုအိမ်တွင် ကျန်ခဲ့ကြောင်း၊ ၎င်းတို့လှေ၏ ကိုယ်စားလှယ်မှာ ဦးညွန့်ရွှေဖြစ်ကြောင်း ခုခံထွက်ဆိုထားသည်။

၎င်းအချက်များကို တရားခံ ဦးထွန်းမြင့်က ထောက်ခံထွက်ဆိုပြီး ကျန်တရားခံများဖြစ်သူမောင်ဆန်း၀င်း၊ မောင်မင်းကိုနှင့် ညီညီအောင်တို့က ၎င်းတို့မှာ တစ်ဖက်နိုင်ငံသို့ ငါးခိုးထုတ်ရန်သွားခြင်းမဟုတ်ဘဲ ငါးကဲ့ယူလာသည့် လှေသာဖြစ်ကြောင်း ခုခံထွက်ဆိုကြသည်။

တရားခံများဘက်မှ တင်ပြသည့်စာရွက်စာတမ်းများမှာ အချင်းဖြစ်သည့် "ပိတောက်ဝါ" စက်တပ်ရေယာဉ်အတွက်ထုတ်ပေးထားသော မြိတ်ဆိပ်ကမ်းအာဏာပိုင်တံဆိပ် ရိုက်နှိပ်ထားသည့် ၁၃-၇-၉၃ ရက်စွဲပါရေယာဉ်မှတ်ပုံတင် ၏ မာတ်ပုံမိတ္တူ ဖြစ်သည်။ ထိုအတူ မွေးမြူ ရေးနှင့်ရေလုပ်ငန်း ဦးစီးဌာန၊ မြိတ်မြို့မှ ၁၃-၇-၉၃ နေ့တွင်ထုတ်ပေးထားသည့် မြိတ်မြို့နှင့် တနင်္သာရီ ကမ်းရိုးတန်းတွင်း "ပိတောက်ဝါ" ရေယာဉ်ကို သွားလာခွင့်ပြု

သည့်စာ၌ မြိတ်မြို့ မွေးမြူရေးနှင့်ရေလုပ်ငန်းဦးစီးဌာန၏ ရုံးတံဆိပ်များ ပါရှိသော်လည်း ယင်းစာရွက်မှာ ဓာတ်ပုံမိတ္တူသာလျှင်ဖြစ်သည်။

အထက်ပါစာရွက်စာတမ်းများတွင် ၎င်းရေယာဉ်၏ပိုင်ရှင်မှာ ဦးတင်မြင့် (အမ်ကျိအိုင်အီး ၀၂၀၆၀၆) ဖြစ်ကြောင်း တွေ့ရှိရပြီး ရေယာဉ်၏ဆလင် အမည်ကို ဦးထွန်းတင်ဟုလည်းကောင်း၊ စက်ဆရာအမည်ကို ဦးအေးမောင် ဟူ၍လည်းကောင်း ပါရှိသဖြင့် ယခု လျှောက်ထားသူများ၏အမည်များ ပါရှိကြောင်း မတွေ့ရချေ။

ဦးညွန့်ရွှေ မြန်မာနိုင်ငံသားလက်မှတ်အမှတ် ၆/မအရ (နိုင်) ၀၂၉၀၁၅ ကို မွေးမြူရေးနှင့်ရေလုပ်ငန်း၀န်ကြီးဌာန၊ တနင်္သာရီတိုင်း မန်နေဂျာက ထုတ်ပေးသည့် ငါး၊ ဂဏန်းအ၀ယ် ကိုယ်စားလှယ်ခန့်အပ်လွှာ၏ ဓာတ်ပုံ မိတ္တူအရ ဦးညွန့်ရွှေက လျှောက်ထားသူမူလရုံးတရားခံများအား ထပ်ဆင့် တာ၀န်ပေးအပ်ထားသည့် စာရွက်စာတမ်းကိုဖြစ်စေ၊ ဦးညွန့်ရွှေ၏ သက်သေခံချက်ကိုဖြစ်စေ တင်ပြနိုင်ခြင်းမရှိ၍ ငါးပိသာချိန် (၂၀၀၀) ကိစ္စနှင့် စပ်လျဉ်းသည့် တရားခံများ၏ ထုချေချက်ကို လက်ခံရန်အကြောင်း မခိုင်လုံပေ။

အထက်ပါအခြေအနေနှင့် အချက်အလက်များအရ လျှောက်ထားသူများ သည် ငါးပိသာချိန် (၂၀၀၀) နှင့်အတူ အချင်းဖြစ်နေ့ နံနက် (၅) နာရီ ခန့်က ကော့သောင်းမြို့နယ်အတွင်း တွေ့ရှိရခြင်းမှာ ငါးခိုးထုတ်ရန်ဖြစ်သည် ဟု ယူဆရန်သာရှိသည်။

၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) ပါ ပြစ်မှုဖြင့် စွပ်စွဲခံရသူတွင် အပြစ်မရှိကြောင်း သက်သေထင်ရှား ပြသရန်တာ၀န်မှာ ၎င်းတရားခံအပေါ်တွင်သာရှိကြောင်း ယင်းဥပဒေပုဒ်မ ၃ (၂) နှင့် ပင်လယ်အကောက်ခွန်ဥပဒေပုဒ်မ ၁၆၇-က အရ ပေါ်ထွင်သည်။ ဤအမှုတွင် လျှောက်ထားသူများဘက်မှ ငါးပိသာချိန် (၂၀၀၀) ကို ငါးကဲ့လှေဖြင့် တရား၀င် တင်ယူသယ်ဆောင်ခွင့်ရှိကြောင်း ခိုင်မာစွာ မတင်ပြနိုင်သည့်အပြင် ထိုငါးပိသာ (၂၀၀၀) မှာ တစ်ဖက်နိုင်ငံသို့ ခိုးထုတ်ရန်မဟုတ်ကြောင်းလည်း ခိုင်ခိုင်မာမာတင်ပြနိုင်ခြင်းမရှိသောကြောင့် မူလရုံးနှင့် တိုင်းတရားရုံးတို့က လျှောက်ထားသူများသည် တစ်ဖက်နိုင်ငံသို့

၁၉၉၄
ရွှေသန်းပါ-၅
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ငါးခိုးထုတ်ရန် ပြုမူဆောင်ရွက်ကြသည်ဆိုသော ကောက်ယူ သုံးသပ်ချက် အပေါ် ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိချေ။

သို့ဖြစ်၍ ကော့သောင်းမြို့နယ်တရားရုံးက လျှောက်ထားသူများအပေါ် ၁၉၄၇ ခုနှစ် သွင်းကုန်ထုတ်ကုန်ကြီးကြပ်ရေး (ယာယီ) အက်ဥပဒေပုဒ်မ ၅ (၁) အရ ထောင်ဒဏ် (၅) နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည့်အမိန့်နှင့် ထိုအမိန့်ကို အတည်ပြုခဲ့သည့် တနင်္သာရီတိုင်းတရားရုံး (ကော့သောင်းခရိုင်) ၏ အမိန့်တို့မှာ ဥပဒေအရ မှားယွင်းမှုမရှိ၍ ဤပြင်ဆင်မှုကို ပလပ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ် တရားသူကြီး ဦးတင်အုံးရှေ့တွင်

မောင်လှမြင့်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ–၂ *

+၁၉၉၄

နိုဝင်ဘာလ

၁၆ ရက်

မူလရုံးရှေ့တွင် အပြစ်ရှိကြောင်း ဝန်ခံသည့်တရားခံကို ပြင်ဆင်မှုကြားနာသည့် တရားရုံးက အပြီးအပြတ်လွှတ်ခွင့်မရှိခြင်း၊ တရားရုံးချုပ်အနေဖြင့် အောက်ရုံး၏အမိန့်များကို ပြင်ဆင်ခြင်း၊ ကုစားပေးခြင်းစသည်များကို အဆုံးအဖြတ်ပြုရာတွင် တရားဥပဒေကျင့်ထုံးနှင့်လည်း ညီစေ၊ မှန်ကန်မှုတမှုကိုလည်း ပေးစွမ်းစေနိုင်သည့်အမိန့်မျိုးကို ချမှတ်ရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ အပြစ်ရှိကြောင်း ဝန်ခံခြင်းဖြင့် တရားခံသည် မိမိအား ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှန်ကန်မှုရှိ မရှိ စောဒကတက်ခွင့်ကို ပိတ်ပင်စေနိုင်သော်လည်း အဆင့်မြင့်သော တရားရုံးက တရားမျှတမှုရှိ မရှိ စိစစ်ခွင့်ရှိသည်၊ စိစစ်ရန်လည်း တာဝန်ရှိသည်၊ ပြစ်မှုဆိုင်ရာကျင့်ထုံးပုဒ်မ ၄၃၉ ပါပြဋ္ဌာန်းချက်များအရ အဆင့်မြင့်သောတရားရုံးသည် တရားဥပဒေတိမ်းစောင်းမှုကို တားဆီးခွင့်ရှိသည်။

လျှောက်ထားသူအတွက် – ဦးစောဟန်ဝင်း၊
တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်– (၁) ဦးမျိုးချစ်၊ လက်ထောက်
ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး
(၂) ဦးလှစိုး၊ တရားရုံးချုပ်ရှေ့နေ

တိုက်ကြီးမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၉၄/၉၂ တွင် မောင်ကျော်ဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၃အရ စွဲချက်တင်စစ်ဆေးရာ အပြစ်ရှိကြောင်းဝန်ခံသဖြင့် ဒဏ်ငွေကျပ် ၃၀၀၀/– ပေးဆောင်စေ၊ ပျက်ကွက်က ထောင်ဒဏ်(၆)လကျခံစေရန်နှင့်ရွှေဝယ်သူ ဦးသောင်းတင်

---

* ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၂၅ (ခ)၊ ၁၂၆ (ခ)

\+ ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၈၅ တွင် ချမှတ်သော (၂၉–၁–၉၃) ရက်စွဲပါ ရန်ကုန်တိုင်း (မြောက်ပိုင်းခရိုင်) တရားရုံး၏အမိန့်ကို ပြင်ဆင်မှု

၁၉၉၄
မောင်လှမြင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ-၂

ထဲမှ သိမ်းဆည်းခဲ့သောဘ-ကျပ်၊၆-ပဲ၊ ၆-ရွေးနှင့် တရားခံထဲမှ သိမ်းဆည်းရမိသော ရွှေတုံး (၇) တုံးအပြင် ဆွဲကြိုးတစ်ကုံး၊ နားကပ်တစ်ရံတို့ကို အယူခံရက်ကျော်လွန်က ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်း၍မြန်မာ့စီးပွားရေးဘဏ်ရုံးချုပ်သို့အပ်နှံစေ၊ တရားခံထဲမှသိမ်းဆည်းရမိသော ငွေ၅၀၀၀/-ကို ရွှေဝယ်သူ ဦးသောင်းတင်အား ပြန်လည်ထုတ်ပေးစေ၊ တရားလိုပြသက်သေဦးသောင်းရွှေးထဲမှ သိမ်းဆည်းခဲ့သောရွှေဘ-ကျပ်၊၆-ပဲ၊၅-ရွေးကို ဦးသောင်းရွှေးသို့ ပြန်လည် ထုတ်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ထို အမိန့်ကို မောင်ကျော်ဝင်းနှင့် ကောက်ရစဉ်ကအတူရှိသည်ဆိုသော မောင်လှမြင့်တို့က မကျေနပ်ကြသဖြင့် ရန်ကုန်တိုင်းတရားရုံး (မြောက်ပိုင်းခရိုင်)သို့ ပြင်ဆင်မှုအမှတ် ၁/၉၃ နှင့် ၅/၉၃ တို့အရ အသီးသီးလျှောက်ထားကြရာ မောင်လှမြင့်၏ ပြင်ဆင်မှုကိုပယ်ပြီး မောင်ကျော်ဝင်းလျှောက်ထားမှုအား ခွင့်ပြု၍ ၎င်းအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းနှင့် သက်သေခံပစ္စည်းများအပေါ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်ချမှတ်ခဲ့သည့် အမိန့်တို့ကို ပယ်ဖျက်ကာ တရားခံအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့ပြီး ဒဏ်ငွေများကို တရားခံကျော်ဝင်းသို့ ပြန်လည်ထုတ်ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ တရားခံကျော်ဝင်းထဲမှ သိမ်းဆည်းခဲ့သော ငွေ ၅၀၀၀/-ကို တရားခံ ကျော်ဝင်းထံ ပြန်ပေးစေရန် လည်းကောင်း၊ ဦးသောင်းရွှေးထဲမှသိမ်းဆည်းခဲ့သောရွှေ ၁-ကျပ်၊ ၆-ပဲ၊ ၅-ရွေးသား ဦးသောင်းတင်နှင့်ဦးသောင်းရွှေး တို့အား ပြန်လည်ပေးစေရန် ချမှတ်သောအမိန့်တို့ကို ဆက်လက်အတည်ပြုပြီး အယူခံရက် ကျော်လွန်က ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန်ချမှတ်ခဲ့သော ရွှေ ၁-ကျပ်၊ ၆-ပဲ၊ ၆-ရွေးကို ဦးသောင်းတင်သို့လည်းကောင်း၊ ရွှေတုံး (၇) တုံး၊ ဆွဲကြိုးတစ်ကုံး၊ နားကပ်တစ်ရံတို့ကို တရားခံကျော်ဝင်းသို့ လည်းကောင်း ပြန်လည်ပေးအပ်စေရန်လည်းထည့်သွင်းချမှတ်ခဲ့သည်။ထိုအမိန့်များကိုလျှောက်ထားသူမောင်လှမြင့်က မကျေနပ်၍ တရားရုံးချုပ်သို့ ပြင်ဆင်မှုများ တင်သွင်းခြင်းဖြစ်သည်။

ဤပြင်ဆင်မှုနှစ်မှုမှာ မူလရုံးအမှုတစ်မှုတည်းမှ ပေါ်ပေါက်လာသော အမှုများဖြစ်သဖြင့် ဤစီရင်ချက်တစ်ခုတည်းဖြင့် တစ်ပေါင်းတည်း အမိန့်ချမှတ်မည်ဖြစ်သည်။

အမှုမှာ လွန်ခဲ့သော ၆-၆-၉၂ နေ့က တိုက်ကြီးမြို့နယ် အုတ်ပုံကျေးရွာနေ ဦးမောင်ဆိုင်၏လယ်ကွင်းအတွင်း စာရင်းငှားများဖြစ်ကြသော ကျော်ဝင်းနှင့်လှမြင့်တို့ လယ်တစ်ကွက်ထဲတွင် ထယ်ထိုးကြရာမှ ကျော်ဝင်း၏ထည်

သွားထိပ်၌ ရွှေဟုထင်ရသော အရှည်လက်သုံးသစ်ခန့် အမြင့်လက်တစ်လုံးခန့်အား တွေ့ရကြောင်း၊ စုံစမ်းလေ့လာကြည့်ရာမှ ရွှေဖြစ်နေကြောင်း သိရှိရသဖြင့် ကောက်ရသောရွှေကို သက်ဆိုင်ရာသို့ ပေးအပ်ခြင်းမပြုဘဲ ဒေါ်ကျင်မွေး၊ ဒေါ်တင်အေးတို့၏အကူအညီဖြင့် ရန်ကုန်မြို့ရှိ သောင်းဌေးရွှေပန်းတိမ်တွင် ရွှေအချို့အား ရောင်းစားခြင်း၊ ကျန်ရွှေများအား ၎င်း၏နေအိမ်တွင်အချို့နှင့် ဥတိုရွာနေ ဦးကျော်၏နေအိမ်တွင် အချို့တို့အား ထားရှိခဲ့သည်။ ရွှေတုံးကောက်ရစဉ်က အတူရှိနေသူ မောင်လှမြင့်အား ခွဲဝေမပေးသဖြင့် (ရဝတ) ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်ထံ မောင်လှမြင့်က တိုင်ကြားရာမှ စတင်ပေါ်ပေါက်လာသောအမှု ဖြစ်သည်။

လျှောက်ထားသူက ပြင်ဆင်မှုအကြောင်းပြချက်အဖြစ် တင်ပြရာ၌ လျှောက်ထားသူက ကောက်ရပြီး မူလရုံးက တရားခံထံအပ်နှံထားကြောင်း ပေါ်ပေါက်ပါလျက် လျှောက်ထားသူကို လျစ်လျူရှု၍ ထည့်သွင်းမစဉ်းစားသည်မှာ မှားယွင်းကြောင်း၊ မူလရုံးက တရားခံအား ပြစ်မှုထင်ရှားစီရင်ပြီး လျှောက်ထားသူအတွက် ထည့်သွင်းမစဉ်းစားသည်မှာ မှားယွင်းကြောင်း၊ တိုင်းတရားရုံးသည် မူလရုံးက သက်သေခံပစ္စည်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဆုံးဖြတ်ခဲ့ခြင်းမရှိသည့်အပေါ် ကျယ်ပြန့်စွာ လက်ခံစဉ်းစားခြင်းမပြုဘဲ ပြင်ဆင်မှုအား ပယ်ခဲ့ခြင်းသည်လည်းကောင်း၊ မူလရုံးက တရားခံအပေါ် ပြစ်ဒဏ်ချမှတ်သည့်အမိန့်နှင့် သက်သေခံပစ္စည်းများ ဘဏ္ဍာသိမ်းရန် ချမှတ်သောအမိန့်ကို ပယ်ဖျက်ကြောင်း ချမှတ်သည့်အမိန့် သည်လည်းကောင်း လျှောက်ထားသူ၏ပြင်ဆင်မှုကို ပယ်သည့်အမိန့်သည် လည်းကောင်း ဥပဒေအရ လွဲမှားနေကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

နိဂုံးတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး လက်ထောက်ညွန်ကြားရေးမှူးက မောင်ကျော်ဝင်းကောက်ရသည်ဆိုသော ရွှေတုံးသည် ကျေးရွာ (ရဝတ) သို့ မောင်လှမြင့်က တိုင်ကြားပြီးမှ ရပ်သိရွာသိ မြို့နယ်ကပါသိရှိပြီး ရဲစခန်းက အရေးယူဆောင်ရွက်ခဲ့သော်လည်း ပိုင်ရှင်မှန် ပေါ်သည်ဟု မူလအမှုတွဲတွင် မတွေ့ရှိရကြောင်း၊ မောင်လှမြင့်နှင့် မောင်ကျော်ဝင်းတို့ ထယ်ထိုးရာတွင် ရှေ့နောက်ဖြစ်၍ မောင်လှမြင့်က ရှေ့ကထိုးပြီး မောင်ကျော်ဝင်းက နောက်ကထယ်ထိုးကြောင်း၊ မောင်ကျော်ဝင်းက ထယ်ထိုးလိုက်၍ ပေါ်ပေါက်လာသော ထယ်စာခဲနှင့်အတူ အချင်းဖြစ်ရွှေတုံးကို ရရှိခဲ့သည်ဟု ထွက်ဆိုချက်များတွင် ပေါ်လွင်နေကြောင်း၊

၁၉၉၄
မောင်လှမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂

မောင်လှမြင့်ကောက်ရသည်ဟု ခိုင်မာသော အထောက်အထားများ မရှိကြောင်း၊ မြို့နယ်တရားရုံးက မောင်ကျော်ဝင်းအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၃ အရ စွဲချက်တင်ခဲ့ခြင်းသည် မူလကပင် ပြစ်မှုမမြောက်သည့်အချင်း ဖြစ်ပွားမှုကို ပြစ်မှုတစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့သည့်သဘောဖြစ်နေသောကြောင့် ပြင်ဆင်မှုတရားရုံးက မောင်ကျော်ဝင်းအား အမှုမှ အပြီးအပြတ် လွှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အချင်းဖြစ် ရွှေတုံးပိုင်ရှင်မှန်ကို မတွေ့ရှိသောကြောင့် ထိုပစ္စည်းတွေ့ရှိသူ မောင်ကျော်ဝင်းသည် အခြားသူအားလုံးနှင့် ဆန့်ကျင်ဖက်ပြိုင်ပြီး ထိုပစ္စည်းကို လက်ဝယ်ထားခွင့်ရှိကြောင်း၊ ထို့ကြောင့် မောင်လှမြင့် တင်ပြလျှောက်ထားလာသည့် ပြင်ဆင်မှုများကို လက်ခံစဉ်းစားရန် မသင့်ကြောင်း တင်ပြလျှောက်လဲသည်။

အုတ်ပုံကျေးရွာအုပ်စု (ရဝတ) ဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့် (လိုပြ-၁) က မောင်လှမြင့်သည် ၎င်းကောက်ရသော ရွှေတုံးတစ်တုံးကို မောင်ကျော်ဝင်းအား အပ်နှံထားစဉ်က မောင်ကျော်ဝင်းက ကြေးဟု ပြောပြီး ယူထားကာ နောက်ပိုင်းတွင်မှ ရွှေဟုသိရကြောင်း၊ ၎င်းရသင့်သောအချိုးရအောင်လုပ်ပေးပါဟု လာရောက်တိုင်ကြား၍ စုံစမ်းရာ ရွှေဖြစ်သည်ဟု သိရကြောင်း၊ ရှေးဟောင်းပစ္စည်းဖြစ်သည်ဟုယူဆ၍ (မဝတ) သို့ အကြောင်းကြားခဲ့ကြောင်း၊ (မဝတ) အတွင်းရေးမှူးနှင့်ဒုရဲအုပ်တို့ ရောက်လာပြီး ရွှေများသိမ်းဆည်းကြောင်း စသည်ဖြင့် ထွက်ဆိုထားသည်။ မောင်လှမြင့် (လိုပြ-၂) က ယခုလျှောက်ထားသူသည် အချင်းဖြစ်နေ့တွင် ၎င်းအရှေ့မှ ထယ်ထိုးပြီး ကျော်ဝင်းအနောက်မှ ထိုးကြောင်း၊ ၎င်းကောက်ရသောအတုံးကို ကျော်ဝင်းအား အပ်ထားကြောင်း၊ ထို့နောက် ကျော်ဝင်းက ကြေးဟုပြောကြောင်း၊ နောက်ပိုင်းတွင် ရွှေဟုသိရကြောင်း၊ ၎င်းရသင့်သောအချိုးမရ၍ (ရဝတ) သို့ သွားရောက်တိုင်ကြားခဲ့ကြောင်းဖြင့် ထွက်ဆိုသည်။ ဒေါ်ကျင်မွေး (လိုပြ-၃) က ကျော်ဝင်း အကူအညီတောင်း၍ ရန်ကုန်သို့ သွားရောက်ပြီး မောင်တော်သူ မောင်သောင်းဌေးထံသွားပြရာ ရွှေဖြစ်သည်ဟု သိရကြောင်း၊ အလေးချိန် (၂၀) ကျပ်သားခန့်ရှိသည်ဟု သိရကြောင်းဖြင့် ထွက်ဆိုသည်။ မတင်အေး (လိုပြ-၄) ကလည်း ဒေါ်ကျင်မွေး (လိုပြ-၃) ကဲ့သို့ပင် ထွက်ဆိုသည်။ သောင်းဌေး (လိုပြ-၅) က ၎င်းတို့အိမ်သို့ ဒေါ်ကျင်မွေး (လိုပြ-၃)၊ ဒေါ်တင်အေး (လိုပြ-၄) နှင့် ကျော်ဝင်းတို့ ရောက်လာကြောင်း၊ ဖြတ်ထားသောအပိုင်းများကို ချိန်တွယ်ရာ ၂၁-

ကျပ်၊ ၆-ပဲ၊ ၆-ရွေးရိုက်ကြောင်း၊ ၁-ကျပ်၊ ၆-ပဲ၊ ၆-ရွေးရောင်းပေးရန်နှင့် (၂၀) ကျပ်သား ၎င်းယူမည်ပြောကြောင်း၊ ရောင်းချရာ ၂၆၇၀၀/- ရကြောင်း၊ ရောင်းပေးငွေ ၂၀၀/-ပေးပြီး လက်ဘက်ရည်တိုက်ကြောင်း စသည်ဖြင့် ထွက်ဆိုသည်။ ဖော်ပြပါ သက်သေများ၏ ထွက်ဆိုချက်များအရ သက်သေခံ (၈) ရှာဖွေပုံစံပါ ရွှေအလေးချိန် ၁၈-ကျပ်၊ ၁၁-ပဲ၊ ၂-ရွေး၊ သက်သေခံ(ည)ရှာဖွေပုံစံဖြင့် ၁-ကျပ်၊ ၆-ပဲ၊ ၅-ရွေး၊ သက်သေခံ (က) ဖြင့် ဆွဲကြိုးတစ်ကုံး၊ နားတောင်းတစ်ရံ စသည်တို့ကို တရားခံ ကျော်ဝင်းနှင့် ၎င်းထံ ဝယ်ယူခဲ့သူများထံမှ သိမ်းဆည်းရမိခဲ့ကြောင်း ပေါ်ပေါက်သည်။

တရားလိုနှင့် တရားလိုပြ သက်သေများ၏ ထွက်ချက်အရ တရားခံ ကျော်ဝင်းနှင့် လျှောက်ထားသူ လှမြင့်တို့ ထယ်ထိုးစဉ် ကျော်ဝင်း၏ ထယ်တွင် ငြိပါလာသော ရွှေတုံးတစ်တုံး တွေ့ရကြောင်းမှာ ပေါ်ပေါက်သည်။ လျှောက်ထားသူက ၎င်းကောက်ရပြီး ကျော်ဝင်းအား အပ်ထားရာမှ ကျော်ဝင်းက ထုခွဲရောင်းချခဲ့ခြင်းဖြစ်ကြောင်း လျှောက်ထားသူ၏ တင်ပြချက်မှအပ အခြားထောက်ခံမှု မရှိပေ။ မူလရုံးကလည်း လျှောက်ထားသူ၏ တင်ပြချက်အား ထည့်သွင်းသုံးသပ်ခဲ့ခြင်း မရှိပေ။

မောင်ကျော်ဝင်းက ရန်ကုန်တိုင်းတရားရုံး (မြောက်ပိုင်းခရိုင်) ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁/၉၃ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၃ ရှင်းလင်းချက် (၂) ဥပမာ (က)ပါအတိုင်း ပြစ်မှုကျူးလွန်ရာမရောက်ဘဲ မသိနားမလည်၍ ကြောက်လန့်ပြီး ဝန်ခံခဲ့ခြင်းအပေါ် ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းကြောင်း တင်ပြလျှောက်ထားခဲ့သည်။ ရန်ကုန်တိုင်း တရားရုံး (မြောက်ပိုင်းခရိုင်) လက်ထောက်တိုင်းတရားသူကြီးက ကျော်ဝင်းသည် မူလရုံး၏ စွဲချက်အမိန့်ကို အပြစ်ရှိကြောင်းဝန်ခံခဲ့ခြင်းမှာ စွဲချက်ပါ ပြစ်မှုကို ဝန်ခံခဲ့ခြင်းကြောင့်နောက်ဆက်တွဲဆိုးကျိုးသက်ရောက်မှုကိုမသိနားမလည်၍သာ ဝန်ခံခဲ့သည်ဟု သုံးသပ်ခဲ့ကြောင်းတွေ့ရသည်။ အကျိုးဆက်သက်ရောက်မှုကို ကျေးဇူးနေ ဆင်းရဲသားသူရင်းငှားတစ်ဦးဖြစ်သူ မောင်ကျော်ဝင်းကမသိနားမလည်၍ ဝန်ခံခဲ့ခြင်းကြောင့် မူလရုံးကပြစ်ဒဏ်စီရင်ခဲ့ခြင်းသည် ဥပဒေအရမှန်ကန်နိုင်မည်ဖြစ်သော်လည်း မျှတသည်ဟု မဆိုသာပေ။သက်သေခံရွှေများအနက် ဦးသောင်းတင်ထံမှ သိမ်းဆည်းခဲ့သော ရွှေ၊ တရားခံကျော်ဝင်းထံမှ သိမ်းဆည်းခဲ့သော ရွှေတုံး (၇) တုံး၊ ဆွဲကြိုးတစ်ကုံး၊ နားကပ်တစ်ရံတို့ကို ပြည်သူ့ဘဏ္ဍာ သိမ်းခဲ့ခြင်းဖြင့် သက်သေခံ ရွှေတုံးကို မူလက တွေ့ရှိခဲ့သူ (၂) ဦးအဖို့ ဆုံးရှုံးမှု ဖြစ်စေခဲ့ကြောင်း ပေါ်ပေါက်သည်။

၁၉၉၄
မောင်လှမြင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ–၂

မူလရုံးခွဲ လှမြင့်က ၎င်းနှင့်ကျော်ဝင်းတို့ ဦးမောင်ဆိုင်၏လယ်ကို ထယ်ထိုးကြစဉ် ၎င်းအရှေ့မှ ထယ်ထိုးပြီး ကျော်ဝင်းက နောက်မှဖြစ်ကြောင်း၊ အချင်းဖြစ် ရွှေတုံးကို ၎င်းက ကောက်ရပြီး ရွှေမှန်းမသိ၍ ကျော်ဝင်းကို ပေးခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုကာ ထိုအချက်များကို ဦးမောင်ဆိုင်က ထောက်ခံထွက်ဆိုထားသဖြင့် သက်သေခံရွှေစများ၏ ပင်ရင်းအစ မူလ ရွှေတုံးကို ကောက်ရသူမှာ လှမြင့်နှင့် ကျော်ဝင်းတို့အနက် မည်သူသည် အမှန်ဖြစ်ကြောင်းကိုဖြစ်စေ၊ လှမြင့်၏ ထွက်ဆိုချက်များ မှန်မမှန်ကိုဖြစ်စေ၊ ကျော်ဝင်းအား စစ်ဆေးမှသာလျှင် ဝေဖန်ချင့်ချိန်နိုင်မည် ဖြစ်သည်။

ရန်ကုန်တိုင်း တရားရုံး (မြောက်ပိုင်းခရိုင်) က သက်သေခံရွှေများသည် ရှေးဟောင်းပစ္စည်း မဟုတ်ပါဆိုသော ရှေးဟောင်းသုတေသနဦးစီးဌာန၏ စိစစ်အကြောင်းပြန်ကြားချက်ကို အခြေခံကာ ယင်းပစ္စည်းများမှာ ပိုင်ရှင်မရှိသော ပစ္စည်းဖြစ်ခြင်းကြောင့် ယင်းပစ္စည်းကောက်ရသူ ကျော်ဝင်းသာလျှင် ပိုင်ဆိုင်ထိုက်ကြောင်း၊ ကျော်ဝင်းက တန်ဂရာတန်ဖိုးဖြင့် ရောင်းချလိုက်သည့် ရွှေ ၁–ကျပ်၊ ၆–ပဲ၊ ၆–ရွေးကို ဝယ်ယူသူ ဦးသောင်းတင်သို့ ပေးစေရန်နှင့် ကျန်ရွှေတုံး (၇) တုံး၊ ဆွဲကြိုး(၁)ကုံး နှင့် နားကပ်(၁)ရံတို့ကို ကျော်ဝင်းသို့ ပြန်ပေးကြောင်း ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ထို့ပြင် ရန်ကုန်တိုင်းတရားရုံး (မြောက်ပိုင်းခရိုင်) က ကျော်ဝင်းကို အမှုမှ အပြီးအပြတ် လွှတ်ခဲ့ကြောင်းလည်း တွေ့ရသည်။ ယင်းသို့အပြီးအပြတ်လွှတ်ခဲ့သည့် အမိန့်မှာမူ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၂ နှင့် လုံးဝဆန့်ကျင်နေသဖြင့် ယင်းအမိန့်ကို ပယ်ဖျက်ရပေမည်။

တရားရုံးချုပ်အနေဖြင့် အောက်ရုံး၏ အမှားများကို ပြင်ဆင်ခြင်း၊ ကုစားပေးခြင်း စသည်များကို အဆုံးအဖြတ်ပြုရာ၌ တရားဥပဒေကျင့်ထုံးနှင့်လည်းညီစေ၊ မှန်ကန်မှုတမှုကိုလည်း ပေးစွမ်းစေနိုင်သည့် အမိန့်မျိုးကို ချမှတ်ရန် လိုအပ်သည်။

အပြစ်ရှိကြောင်း ဝန်ခံခြင်းဖြင့် တရားခံသည် မိမိအား ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှန်ကန်မှု ရှိမရှိ စောဒကတက်ခွင့်ကို ပိတ်ပင်စေနိုင်သော်လည်း အဆင့်မြင့်သော တရားရုံးက တရားမျှတမှု ရှိမရှိ စိစစ်ခွင့်ရှိသည်။ စိစစ်ရန်လည်း တာဝန်ရှိသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ပါ ပြဋ္ဌာန်းချက်များအရ အဆင့်မြင့်သောတရားရုံးသည်တရားဥပဒေ တိမ်းစောင်း

၁၉၉၄
မောင်လှမြင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ-၂

မှုကို တားဆီးခွင့်ရှိသည်။ (အစိုးရနှင့် စန်ဖိုးချင် အမှု[၁] ကို ရည်ညွှန်းသည်။)

ထို့ကြောင့် ရန်ကုန်တိုင်း တရားရုံး (မြောက်ပိုင်းခရိုင်)က ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁/၉၃ နှင့် ၅/၉၃ တို့တွင် ချမှတ်ခဲ့သည့် အမိန့်များအသီးသီးနှင့် တိုက်ကြီးမှူးနယ် တရားရုံးက မူလအမှုကြီးအမှတ် ၆၉၄/၉၂ တွင် ချမှတ်ခဲ့သည့် အမိန့်တို့ကို ပယ်ဖျက်၍ အမှုတွဲကို စွဲချက်တင်သည့်အဆင့်မှ ပြန်လည်စစ်ဆေးစေရန် တိုက်ကြီးမှူးနယ် တရားရုံးအား ညွှန်ကြားလိုက်သည်။

---

(၁) ၁၉၄၇-ခုနှစ်၊ပတစ၊စာ-၂၀၂။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

တရားရုံးချုပ် တရားသူကြီး ဦးတင်အုံး ရှေ့တွင်

+ ၁၉၉၄
စက်တင်ဘာလ
၆ ရက်

ဦးဝေလွင်
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ–၂ *

စွဲချက်နှင့်အမှုကိုချေဖျက်ရန် လျှောက်ထားခြင်း–မူလမြို့နယ် တရားရုံးက စွဲချက်မတင်မီလွှတ်သော အမိန့်ကို တိုင်းတရားရုံးမှ ပယ်ဖျက်ပြီးနောက် မြို့နယ်တရားရုံးကစွဲချက်တင်ဖြေရှင်းစေသည့် အမိန့်ကိုချမှတ်ခြင်းသည် မိမိဘာသာချမှတ်သောအမိန့်ကိုပယ်ဖျက်ရာရောက် မရောက်။

ဆုံးဖြတ်ချက်။ မြို့နယ်တရားရုံး၏ ၃၀–၁၁–၉၂ ရက်စွဲဖြင့်ဦးဝေလွင်အား စွဲချက်မတင်မီလွှတ်ခဲ့သည့် အမိန့်ကို တိုင်းဟရားရုံးက ပယ်ဖျက်ခဲ့ပြီးဖြစ်၍ ၃၀–၁၁–၉၂ ရက်စွဲပါ အမိန့်မှာ ပျက်ပြယ်ခဲ့ပြီးဖြစ်သည်။ တိုင်းတရားရုံး၏ အမိန့်ကိုမကျေနပ်ပါက ပယ်ဖျက်ပေးရန် အခွင့်အရေးရှိပါလျက် တရားရုံးချုပ်သို့မတက်ရောက်ခဲ့သောကြောင့် တိုင်းတရားရုံး၏ အမိန့်မှာ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ အတည်ဖြစ်လျက်ရှိသည်။ မြို့နယ်တရားရုံးသည် တိုင်းတရားရုံး၏ အမိန့်အရ ဦးဝေလွင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ စွဲချက်တင်၍ ဥပဒေနှင့်အညီစစ်ဆေးလျက်ရှိသည်။ယင်းသို့စွဲချက်တင်ခြင်းသည်ပယ်ဖျက်ပြီးသော၃၀–၁၁–၉၂ ရက်စွဲပါ အမိန့်နှင့် ဆန့်ကျင်ပါသည်ဟု မည်သို့မျှ ပြောဆိုရန် အကြောင်းမရှိကြောင်း၊ အထူးရှင်းပြရန်ပင်မလိုချေ။ ထို့ပြင် ၃၀–၁၁–၉၂ ရက်စွဲပါ အမိန့်မှာ တရားခံအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆အရ စွဲချက်တင်ရန်အကြောင်း မရှိဟုသုံးသပ်၍ လွှတ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်စွဲဆိုသောဥပဒေပုဒ်မအရအရေးယူရန်ထင်ရှားခြင်းမရှိ၍ စွဲချက်မတင်မီလွှတ်ခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေပယ်ဖျက်ခဲ့ပြီးသော အမိန့်ပါစကား

---

* ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၂၅

\+ ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၇၃၃၊ တောင်ဥက္ကလာပမြို့နယ်တရားရုံး၏ အမှုတွဲအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၆၁–က အရ အမှုကို ချေဖျက်ပေးပါရန် လျှောက်ထားခြင်း

ရပ်ကိုကွက်၍ ကောက်ယူကာ လုပ်ထုံးလုပ်နည်းနှင့်ဆန့်ကျင်ကြောင်း၊ မိမိချမှတ်သော အမိန့်ကို မိမိဘာသာပယ်ဖျက်ရာ ရောက်ကြောင်း တင်ပြချက်မှာ မည်သို့မျှ လက်ခံရန် အကြောင်းမရှိချေ။

ထပ်မံဆုံးဖြတ်ချက်။ ဒုတိယမြို့နယ် တရားသူကြီးက လျှောက်ထားသူ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ စွဲချက်တင်သည့်အမိန့်ကို ၅-၇-၉၃ ရက်နေ့က ချမှတ်ထားခြင်းဖြစ်သော်လည်း လျှောက်ထားသူသည် တိုင်းတရားရုံးသို့ ပယ်ဖျက်ရန် လျှောက်ထားခဲ့ခြင်း မပြုခဲ့ချေ။ တိုင်းတရားရုံး၏ ပြင်ဆင်မှုတွင်ချမှတ်ခဲ့သော အမိန့်၊ မြို့နယ်တရားရုံးမှ စွဲချက်တင်သော အမိန့်များအပေါ် လျှောက်ထားသူသည် ဆင်းရဲသောကြောင့် မတက်ရောက်ခဲ့ရပါဟူသောအကြောင်းပြချက်ကို လက်ခံရန်သင့်ကြောင်း ထုံးစံသာဓကမရှိခဲ့ဘူးချေ။ စင်စစ်အားဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်ခဲ့ပြီးနောက်မှ လျှောက်ထားသူအပေါ် စွဲချက်ကို ပယ်ဖျက်ပေးရန်အတွက် ကုစားသည့် အနေဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ လျှောက်ထားလာခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ စွဲချက်ကို ပယ်ဖျက်ရန် ဆိုလျှင် တိုင်းတရားရုံးသို့သာ လျှောက်ထားရမည်ဖြစ်သည်။ တရားရုံးချုပ်က အခြေတကျ ကျင့်သုံးသော မူတစ်ရပ်မှာ အလားတူ သက်သာခွင့်မျိုးကို အောက်ရုံးများတွင် ရရှိနိုင်ပါက ယင်းသို့သော သက်သာခွင့်မျိုးတောင်းဆိုသည့် လျှောက်လွှာများဖြင့် တရားရုံးချုပ်အား ဝန်ထုပ် ဝန်ပိုးမဖြစ်စေသင့်ဟူ၍ ဖြစ်သည်။

လျှောက်ထားသူအတွက် - ဦးအောင်သန်း၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်- ၁။ ဦးမျိုးချစ်၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး

၂။ ဦးမြင့်သန်း၊ တရားရုံးချုပ် ရှေ့နေ

တောင်ဥက္ကလာပမြို့နယ်တရားရုံး ပြစ်မှုကြီးမှုအမှတ် ၁၁၁၅/၉၁ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆ အရ လျှောက်ထားသူ ဦးဝေလွင်အပေါ် တရားစွဲဆိုခဲ့ရာ စွဲချက်မတင်မီလွှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဒေါ်မာမာဆွေက ရန်ကုန်တိုင်းတရားရုံး (ရန်ကုန်အရှေ့ပိုင်း ခရိုင်) သို့ ပြင်ဆင်မှုအမှတ် ၆၄/၉၃ ဖြင့် တင်သွင်းသောအခါ၊ မူလမြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးရန် အမိန့်ချခဲ့သည်။ တိုင်းတရားရုံး၏ အမိန့်ကို ဦးဝေလွင်သည် တရားရုံးချုပ်သို့

၁၉၉၄
ဦးဝေလွင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ-၂

ပြင်ဆင်ပေးရန် လျှောက်ထားခဲ့ခြင်း မပြုခဲ့ချေ။ မြို့နယ်တရားရုံးသည် ဦးဝေလွင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ စွဲချက်တင်ဖြေရှင်းစေရာ၊ အပြစ်မရှိကြောင်းငြင်းဆို၍ ပြန်ခေါ်သက်သေများကို စစ်ဆေးခဲ့ပြီး တရားခံ ဦးဝေလွင်အားလည်း စစ်ဆေးလျက်ရှိသည်။ ယင်းသို့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ စွဲချက်တင်သည့်အမိန့်ကိုလည်း တိုင်းတရားရုံးသို့ ပယ်ဖျက်ပေးရန် တင်သွင်းခဲ့ခြင်းမပြုခဲ့ချေ။

ထိုသို့ တိုင်းတရားရုံးမှ အမှုကို ဥပဒေနှင့်အညီ စစ်ဆေးရန်ချမှတ်ခဲ့သည့်အမိန့်၊ မြို့နယ်တရားရုံးမှ တရားခံအပေါ် စွဲချက်တင်ဖြေရှင်းစေသည့် အမိန့်များအပေါ် ဦးဝေလွင်အနေဖြင့် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်း မပြုခဲ့သည်မှာ ဦးဝေလွင်သည်ဆင်းရဲသူဖြစ်သည်ဟူ၍ ဖော်ပြကာ နိုင်ငံတော်တရားရုံးချုပ်သို့ အမှုတစ်ခုလုံး ချေဖျက်ပေးရန် လျှောက်ထားလာခြင်းဖြစ်သည်။

အမှုမှာ တောင်ဥက္ကလာပမြို့နယ် (၁၀) ရက်ကွက် ဈေးတွင်၊ ဒေါ်မာမာဆွေသည် ဖိနပ်ဆိုင်ဖွင့်၍ ဈေးရောင်းစဉ် ဦးဝေလွင်နှင့် ရင်းနှီးကာ၊ အိမ်အဝင်အထွက်ရှိခဲ့သည်။ ဒေါ်မာမာဆွေသည် မောင်ဖြစ်သူ ထွန်းထွန်းမင်း (လိုပြ-၃) နှင့် အတူနေသည်။ အရေးအခင်းကာလအတွင်း ဦးဝေလွင်က မြို့ထဲ၌ ဒေါ်မာမာဆွေ၏ အစ်ကိုဖြစ်သူကိုဆန်နီနှင့်တွေ့ခဲ့၍ ခေါ်ခိုင်းသည်ဟု ဒေါ်မာမာဆွေအားပြောသည်။ ထိုအချိန်ထိ ဦးဝေလွင်က ဒေါ်မာမာဆွေအား ချစ်ရေးဆိုခဲ့သည်ကို အဖြေမပေးခဲ့ရသေးချေ၊ ဒေါ်မာမာဆွေသည် ဦးဝေလွင်ခေါ်ရာနောက်သို့လိုက်သွားရာ၊ ကျောက်ကုန်းရောက်လျှင် အသိအိမ်ခဏဝင်မည်ဟု ဦးဝေလွင်ပြောသည်။ ထိုအိမ်၌ အမျိုးသမီးတစ်ဦးသာတွေ့ရပြီး၊ ဦးဝေလွင်တို့ရောက်သောအခါ ချိုင့်ယူ၍ ဆင်းသွားသည်။ ဦးဝေလွင်သည် ဒေါ်မာမာဆွေအား အခန်းအတွင်းဆွဲသွင်း၍ အဓမ္မကာမဆက်ဆံခဲ့သည်။ ဒေါ်မာမာဆွေသည် ရုန်း၍မအော်ရဲခဲ့ဘဲ၊ ဦးဝေလွင်အပေါ်သွားနေစဉ် တောင်ဥက္ကလာအိမ်သို့ပြန်ပြေးခဲ့ရသည်။ အိမ်ရောက်သောအခါ ဒေါ်မာမာဆွေ၏ မျက်နှာမကောင်းသဖြင့် မောင်တော်သူထွန်းထွန်းမင်းကမေးမြန်းရာ၊ ဒေါ်မာမာဆွေက မမေးရန်အော်သည်။ တစ်ပတ်ခန့်အကြာ ဦးဝေလွင်သည် ဒေါ်မာမာဆွေ အိမ်သို့ရောက်လာပြန်သည်။ ဒေါ်မာမာဆွေနှင့် ဦးဝေလွင်တို့သည် ဘုရားစင်ရှေ့၌ စကားပြောကြပြီးနောက် ၄ လခန့်ကြာသောအခါ ဦးဝေလွင်နှင့် ဒေါ်မာမာဆွေတို့သည် လင်မယားကဲ့သို့ အတူနေထိုင်ခဲ့ကြသည်။ ထိုကဲ့သို့ နေထိုင်သဖြင့်

ဒေါ်မာမာဆွေ၌ ကိုယ်ဝန်ရှိခဲ့သော်လည်း ပျက်ကျသွားခဲ့သည်။ ဦးဝေလွင်၏ မိဘများပင် ဒေါ်မာမာဆွေ၏ အိမ်ပေါ်သို့တက်ရောက်နေခဲ့ကြသည်။ လက်ထပ်ယူရန် အကြိမ်ကြိမ်ပြောသော်လည်း ဦးဝေလွင်ကငြင်းဆန်ခဲ့သည်။ ထိုကဲ့သို့ ဦးဝေလွင်၏ တိတ်တိတ်ပုန်း ဘဝနှင့် (၃) နှစ်ခန့်အတူနေထိုင်ရာ ဒေါ်မာမာဆွေ၏ ၄၉ ၃-၄ သိန်းခန့် ကုန်သွားပြီးနောက် ဦးဝေလွင်သည်သူ၏ သူငယ်ချင်းဖြစ်သူနေထိုင်ရာ လှည်းတန်း၌ ဒေါ်မာမာဆွေအား ထားသည်။ ဒေါ်မာမာဆွေသည် ဒေါ်ခင်ဝင်းမာအား ဦးဝေလွင်အားခေါ်ပေးရန် ပြောသဖြင့် ဦးဝေလွင်နှင့် ဒေါ်မာမာဆွေတို့သည် ဒေါ်ခင်ဝင်းမာ၏ အိမ်အပေါ်ထပ်၌ တွေ့ကြသည်။ လက်ထပ်ရန်ပြောသောအခါ ဦးဝေလွင်က သူသည် ဥပဒေကို နားလည်သူဖြစ်၍ မည်သည့်နေရာတွင် တရားစွဲစွဲ မကြောက်ဘူးဟု ပြောသည်။ ထိုနောက်ပိုင်း၌ ဒေါ်မာမာဆွေက ရဲစခန်းသို့ တိုင်ကြားခဲ့ရသည်။

ဦးဝေလွင်ကအမှုကိုချေဖျက်ပေးရန်လျှောက်ထားရာ၌ မြို့နယ်တရားရုံး၏ ၃၀-၁၀-၉၂ ရက်စွဲပါ စီရင်ချက်တွင် လိမ်လည်၍ ကာမရယူခဲ့သည်ဆိုရာအောင်လည်း ၃ နှစ်ခန့် လင်မယားအဖြစ် ပေါင်းသင်းခဲ့၍ ပြစ်မှုမမြောက်ကြောင်း၊ အဓမ္မပြုကျင့်ခဲ့သည်ဟူ၍လည်း မထင်ရှားကြောင်း ဆုံးဖြတ်ထားပြီးဖြစ်သည်။ သို့ပါလျက်မြို့နယ်တရားရုံးက နောက်ထပ်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ စွဲချက်တင်ခြင်းသည် ၃၀-၁၁-၉၂ ရက်စွဲပါ စီရင်ချက်ကို မိမိဘာသာပယ်ဖျက်ရာရောက်ပါသည်။ ထိုသို့ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ စစ်ဆေးနေသောကြောင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရမှားယွင်းသည်။ ဦးဝေလွင်က လိမ်လည်၍ ပေါင်းသင်းသည်ဟု ပေါ်ပေါက်ခြင်းမရှိ၍ တရားခံနစ်နာပါသည်ဟုတင်ပြသည်။

ရှေ့နေချုပ်ရုံးမှ ဒေါ်မာမာဆွေသည် ဦးဝေလွင်နှင့် လင်မယားကဲ့သို့ ဆက်လက်နေထိုင်ခဲ့ခြင်းသည် ဦးဝေလွင်၏ တရားဝင် လက်ထပ်ခြင်းကို မျှော်လင့်၍ ဖြစ်ပါသည်။လက်ထပ်ရန်ပြောသော်လည်း လက်မထပ်ခြင်းသည် ဒေါ်မာမာဆွေ၏ ကာမကို လိမ်လည်ရယူခဲ့ကြောင်းပေါ်ပေါက်ပါသည်ဟုလျှောက်ထားသည်။

မူလရုံးတွင် တရားခံ ဦးဝေလွင်အား အဓိက စစ်ဆေးမေးခြင်းပြီး၍ ပြန်လှန်စစ်မေးရန် ချိန်းဆိုထားသည်ကို တွေ့ရသည်။ တရားခံက ဒေါ်မာမာဆွေနှင့် နိုင်ငံရေး လုပ်ဖော်ကိုင်ဖက်အနေဖြင့် သိကျွမ်းခြင်းသာဖြစ်ကြောင်း တစ်ကြိမ်တစ်ခါမျှ ဒေါ်မာမာဆွေနှင့် ကာမ မဆက်ခံခဲ့ဘူးကြောင်း ငြင်းဆိုထားသည်။

၁၉၉၄
ဦးဝေလွင်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ-၂

အမှုကို ချေဖျက်ပေးရန် အဓိကအကြောင်းပြချက်အနေဖြင့် မြို့နယ်တရားရုံး၏ ၃၀-၁၁-၉၂ ရက်စွဲပါ အမိန့်တွင် ဖော်ပြထားသည့် သုံးသပ်ချက်အရ ယခုကဲ့သို့ လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ စွဲချက်တင်ခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေအရ မှားယွင်းကြောင်း တင်ပြထားသော်လည်း၊ မည်သည့် ပြဋ္ဌာန်းချက်အရ ဖြစ်ပါသည်ဟု မတင်ပြထားချေ။ မြို့နယ်တရားရုံး၏ ၃၀-၁၁-၉၂ ရက်စွဲဖြင့် ဦးဝေလွင်အား စွဲချက်မတင်မီ လွှတ်ခဲ့သည့်အမိန့်ကို တိုင်းတရားရုံးကပယ်ဖျက်ခဲ့ပြီးဖြစ်၍ ၃၀-၁၁-၉၂ ရက်စွဲပါ အမိန့်မှာ ပျက်ပြယ်ခဲ့ပြီးဖြစ်သည်။ တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်ပါက ပယ်ဖျက်ပေးရန် အခွင့်အရေးရှိပါလျက် တရားရုံးချုပ်သို့ မတက်ရောက်ခဲ့သောကြောင့် တိုင်းတရားရုံး၏ အမိန့်မှာ မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ အတည်ဖြစ်လျက်ရှိသည်။ မြို့နယ်တရားရုံးသည် တိုင်းတရားရုံး၏ အမိန့်အရ ဦးဝေလွင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ စွဲချက်တင်၍ ဥပဒေနှင့်အညီ စစ်ဆေးလျက်ရှိသည်။ ယင်းသို့ စွဲချက်တင်ခြင်းသည် ပယ်ဖျက်ပြီးသော ၃၀-၁၁-၉၂ ရက်စွဲပါ အမိန့်နှင့် ဆန့်ကျင်ပါသည်ဟု မည်သို့မျှပြောဆိုရန် အကြောင်းမရှိကြောင်း အထူးရှင်းပြရန်ပင် မလိုချေ။ ထို့ပြင် ၃၀-၁၁-၉၂ ရက်စွဲပါ အမိန့်မှာ တရားခံအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၆ အရ စွဲချက်တင်ရန် အကြောင်းမရှိဟု သုံးသပ်၍ လွှတ်ခဲ့ခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် စွဲဆိုသော ဥပဒေပုဒ်မအရ အရေးယူရန် ထင်ရှားခြင်းမရှိ၍ စွဲချက်မတင်မီ လွှတ်ခဲ့ခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေ ပယ်ဖျက်ခဲ့ပြီးသော အမိန့်ပါ စကားရပ်ကိုကွက်၍ ကောက်ယူကာ၊ လုပ်ထုံး လုပ်နည်းနှင့် ဆန့်ကျင်ကြောင်း၊ မိမိချမှတ်သော အမိန့်ကို မိမိဘာသာ ပယ်ဖျက်ရာရောက်ကြောင်း တင်ပြချက်မှာ မည်သို့မျှ လက်ခံရန်အကြောင်းမရှိချေ။

တစ်ဖန်မြို့နယ် တရားရုံးတွင် ယခုအမှုကို ဒုတိယမြို့နယ် တရားသူကြီးမှ စစ်ဆေးနေခြင်းဖြစ်သည်။ ယခင်ကလျှောက်ထားသူအပေါ် စွဲချက်တင်ရန် အကြောင်းမရှိဟု သုံးသပ်၍ မြို့နယ်တရားသူကြီးက လွှတ်ခဲ့ခြင်းဖြစ်သည်ကိုလည်း သတိပြုသင့်သည်။ ဒုတိယမြို့နယ် တရားသူကြီးက လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ စွဲချက်တင်သည့်အမိန့်ကို ၅-၇-၉၃ ရက်နေ့က ချမှတ်ထားခြင်းဖြစ်သော်လည်း၊ လျှောက်ထားသူသည် တိုင်းတရားရုံးသို့ ပယ်ဖျက်ရန်လျှောက်ထားခဲ့ခြင်း မပြုခဲ့ချေ။

တိုင်းတရားရုံး၏ ပြင်ဆင်မှုတွင် ချမှတ်ခဲ့သော အမိန့်၊ မြို့နယ်တရားရုံးမှ စွဲချက်တင်သော အမိန့်များအပေါ် လျှောက်ထားသူသည် ဆင်းရဲသောကြောင့် မတက်ရောက်ခဲ့ရပါဟူသော အကြောင်းပြချက်ကို လက်ခံရန်သင့်ကြောင်း ထုံးသာဓကမရှိခဲ့ဘူးချေ။ စင်စစ်အားဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်ခဲ့ပြီးနောက်မှ လျှောက်ထားသူအပေါ် စွဲချက်ကို ပယ်ဖျက်ပေးရန်အတွက် ကုစားသည့်အနေဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ လျှောက်ထားလာခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ စွဲချက်ကို ပယ်ဖျက်ရန်ဆိုလျှင် တိုင်းတရားရုံးသို့သာ လျှောက်ထားရမည်ဖြစ်သည်။ တရားရုံးချုပ်က အခြေတကျကျင့်သုံးသော မူတစ်ရပ်မှာအလားတူ သက်သာခွင့်မျိုးကို အောက်ရုံးများတွင် ရရှိနိုင်ပါက ယင်းသို့သော သက်သာခွင့်မျိုးတောင်းဆိုသည့် လျှောက်လွှာများဖြင့် တရားရုံးချုပ်အား ဝန်ထုပ်ဝန်ပိုးမဖြစ်စေသင့်ဟူ၍ဖြစ်သည်။ **ဦးအုန်းမြင့်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ**[၁] တို့ပြင်လည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ လျှောက်လွှာမျိုးကို တရားရုံးချုပ်သည် သာမန်အားဖြင့်ပယ်ဖျက်ပေးလေ့မရှိ ထူးခြားသောအကြောင်း ပေါ်ပေါက်လာသောအခါမှသာလျှင် ကျင့်သုံးရသည်။ ပုံစံအားဖြင့် တရားခံများသည် မတရားညှင်းဆဲကာ တရားစွဲဆိုခံနေရခြင်း၊ အမှုတွဲကို ကြည့်ရုံမျှဖြင့် အမှုမှာ မတရားပြုမှုဖြစ်ကြောင်း ပေါ်လွင်နေသဖြင့် တရားခံများအား ချက်ခြင်းသက်သာခွင့်ပေးသင့်ခြင်း၊ တရားရုံး၏ အခွင့်အာဏာကို မတရားအသုံးချရာရောက်ခြင်း၊ တိုင်ချက်နှင့် လိုပြသက်သေခံချက်များအားလုံးကို ပေါင်းစပ်ကြည့်ရှုပါက မည်သည့်ပြစ်မှုကိုမျှစွပ်စွဲခံရသူက မကျူးလွန်ခြင်းစသော အချက်များ ထင်ရှားစေရသည်။

ဤအခြေအနေတွင် လျှောက်ထားသူ တင်ပြသော အကြောင်းပြချက်များမှာ ၎င်းအပေါ် စွဲချက်တင်ဖြေရှင်းစေသည့် အမိန့်နှင့်တကွ အမှုကိုပါ ပယ်ဖျက်ပေးရန်အကြောင်းခြင်းရာအရသော်လည်းကောင်း၊ ဥပဒေအရလည်းကောင်း လက်ခံစဉ်းစားရန် တစ်စုံတစ်ရာမျှမရှိချေ။

ထို့ကြောင့်အမှုချေဖျက်ရန် လျှောက်လွှာကို ပလပ်သည်။

၁။ ၁၉၆၃ ခုနှစ်၊ မတစ (ရုံးချုပ်) ၂၄၆

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ် တရားသူကြီး ဦးအောင်မြင့် ရှေ့တွင်

+ ၁၉၉၄
ဒီဇင်ဘာလ
၃၀ရက်

ဦးသောင်းမြင့်
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံတော် *

ပြည်သူ့ဝန်ထမ်း မဟုတ်သူကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရ တစ်မှုတွင် စွဲချက်တင်ပြီး အခြားတစ်မှုတွင် ယင်းအား ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁) အရ စွဲချက်တင်ခြင်း။ ပြည်သူ့ဝန်ထမ်း မဟုတ်သူကို ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ စွဲချက်တင်ရန် လိုအပ်ခြင်း၊ စွဲချက်များကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၂၁၊ ပုဒ်မ ၂၂၂တို့နှင့် အညီရေးသားရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ မူလအမှုများတွင် ဦးသောင်းမြင့်သည် ပြည်သူ့ဝန်ထမ်းတစ်ဦးမဟုတ်ကြောင်းပေါ်လွင်သည်။ ဧကတိက ဆန်စက်ပိုင်ရှင်အနေဖြင့် မိမိထံသို့ ကြိတ်ခွဲရန်ပေးပို့ထားသည့် ကုန်သွယ်လယ်ယာဌာနပိုင် စပါးများအနက် ၁၉၈၇-၈၈ ခုနှစ်နှင့် ၁၉၉၁-၉၂ ခုနှစ်များတွင် ဆန်အဖြစ်ကုန်သွယ် လယ်ယာဌာနသို့ပြန်လည်ပေးသွင်းရန် ပျက်ကွက်ခဲ့ကြောင်းပေါ်ပေါက်သည်။ ထိုသို့ ပျက်ကွက်ခဲ့သည့် စပါးများကို တန်ဖိုးသင့်၍ လျော့နည်းမှုလျော်ကြေးငွေအဖြစ် ပေးသွင်းစေခဲ့ရာ အမှုစွဲဆိုခံရပြီးနောက်မှ ဦးသောင်းမြင့်က အချို့တဝက်ကိုသာ ပြန်လည်ပေးသွင်းသည်ကို တွေ့ရှိရသည်။ ကျန်စပါးဖိုးငွေများကို ဆက်လက်ပေးသွင်းရန် ပျက်ကွက်ခြင်းသည် ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) ကို ကျူးလွန်ရာရောက်မည်ဖြစ်သည်။ ထို့ကြောင့် ဦးသောင်းမြင့်တင်သွင်းသည့် ပြင်ဆင်မှုအမှတ်-၂၃၀ (ခ)နှင့် ၂၄၀(ခ) တို့ကို ပလပ်

---

* ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၂၃၉ (ခ)၊ ၂၄၀ (ခ)

\+ ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်-၂၄၊ ၂၅ တွင် ချမှတ်သော (၃၀-၃-၉၄) ရက်စွဲပါ ဧရာဝတီတိုင်း (မအူပင်ခရိုင်) တရားရုံး၏ အမိန့်ကို ပြင်ဆင်လျှောက်ထားမှု

လိုက်သည်။စွဲချက်များကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၂၁၊ ပုဒ်မ ၂၂၂ တို့နှင့် အညီ ပြုပြင်ရေးသားရန် မြို့နယ်တရားရုံးအား ညွှန်ကြားသည်။

လျှောက်ထားသူအတွက် – ဦးသန်းထွန်းအောင်၊ တရားရုံးချုပ် ရှေ့နေ

လျှောက်ထားခံရသူအတွက် – ဦးမျိုးချစ်၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး

မအူပင်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ်–၁၀၆၅/၉၃ တွင် ဦးသောင်းမြင့်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၉ အရလည်းကောင်း၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်–၁၁၈၂/၉၃ တွင် ယင်း ဦးသောင်းမြင့်အပေါ် ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေ ပုဒ်မ ၆ (၁) အရ လည်းကောင်း၊ မြို့နယ်တရားရုံးက စွဲချက်အသီးသီးတင်ခဲ့သည်။ ယင်းစွဲချက်များကို ပယ်ဖျက်ပေးရန် ပြင်ဆင်မှု တင်သွင်းရာ ဧရာဝတီတိုင်း တရားရုံး (မအူပင် ခရိုင်) က ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ်–၂၄/၉၄ နှင့် ၂၅/၉၄ တို့တွင် ပြင်ဆင်မှု အသီးသီးကို ပလပ်လိုက်သောကြောင့် ဤပြင်ဆင်မှု (၂) မှုကို ဦးသောင်းမြင့်က တရားရုံးချုပ်သို့ ဆက်လက် တင်သွင်းသည်။

မူလအမှု (၂) မှု၏ ဖြစ်ရပ်တူညီပြီး အချိန်ကာလသာကွဲပြားခြားနားသည်။ ပြင်ဆင်မှု (၂) မှုမှာ ယင်းမူလအမှု (၂) မှုမှ ပေါ်ပေါက်လာခြင်းဖြစ်၍ ဤစီရင်ချက်သည် ယင်းပြင်ဆင်မှု (၂) မှုစလုံးနှင့် သက်ဆိုင်သည်။

အမှုမှာ မအူပင်မြို့ ဧရာတိက ဆန်စက်တွင် ကြိတ်ခွဲခဲ့သော ကုန်သွယ် လယ်ယာဌာနပိုင် စပါးများအနက် ၁၉၈၇–၈၈ ခုနှစ် ဘဏ္ဍာရေးနှစ် အတွင်းတွင် စပါး(၅၇၁၀) တင်း လျော့နည်းကွာခြားခဲ့ခြင်း၊ ၁၉၉၁–၉၂ ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်းတွင် စပါး (၅၆၈၆) တင်းလျော့နည်း ကွာခြားခဲ့ခြင်းကြောင့် ယင်းဆန်စက်ပိုင်ရှင် ဦးသောင်းမြင့်အား အရေးယူပေးရန် မအူပင်မြို့နယ်လယ်ယာထွက်ကုန်ရောင်းဝယ်ရေး လက်ထောက်မန်နေဂျာ ဦးမြသန်းက မအူပင်ရဲစခန်းတွင် တိုင်ကြားခဲ့သော အမှုဖြစ်သည်။

မအူပင် မြို့နယ် တရားရုံးက ပြစ်မှုဆိုင်ရာအမှုကြီး အမှတ်–၁၀၆၅/၉၃ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၀ အရ လည်းကောင်း၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ်–၁၁၈၂/၉၃တွင် ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) အရ လည်းကောင်း လျှောက်ထားသူ ဦးသောင်းမြင့်အပေါ် စွဲချက်တင်ထားကြောင်း တွေ့ရသည်။

၁၉၉၄
ဦးသောင်းမြင့်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ရောဝတီတိုင်း တရားရုံး (မအူပင် ခရိုင်) က ဦးသောင်းမြင့်အနေဖြင့် ကုန်သွယ်လယ်ယာဌာနပိုင် စပါးများကို ၎င်း၏ဆန်စက်တွင် ကြိတ်ခွဲရာ၌ စပါးများလျော့နည်းကွာခြားမှုအတွက် သက်ဆိုင်ရာဌာနသို့ စပါးတန်ဖိုးငွေများ ပေးသွင်းခဲ့ခြင်း မှန်ကန်သည့်တိုင်အောင် အမှုဖွင့်ခံရပြီးမှ ပေးသွင်းခြင်းသာဖြစ်ကြောင်း၊ ကြွေးကျန်များပေးလျော်ရန် ပျက်ကွက်ခဲ့သဖြင့် ယင်းပျက်ကွက်မှုအတွက် ဖြေရှင်းရန် ဦးသောင်းမြင့်တွင် တာဝန်ရှိကြောင်း သုံးသပ်ကာ ဦးသောင်းမြင့်တင်သွင်းသည့် ပြင်ဆင်မှုများကို ပလပ်ခဲ့ခြင်းဖြစ်သည်။

ပြင်ဆင်မှုအမှတ်-၂၃၉(ခ)/၉၄ တွင် ဦးသောင်းမြင့်၏ ရှေ့နေကအချင်းဖြစ်သည့် ၁၉၈၇-၈၈ ခုနှစ်အတွင်း ဆူပူဆန္ဒပြသူများ၏ နှောက်ယှက်ဖျက်ဆီးမှုကြောင့်စပါး(၅၇၁၀.၅)တင်းလျော့နည်း ဖျက်ဆီးခံခဲ့ရခြင်းသာဖြစ်ပြီး ထိုစပါးများအနက် စပါးတင်း (၁၀၀) လျှင် ၉၂၀/-ဈေးဖြင့် တစ်လခွဲအတွက်ငွေကျပ် ၁၇၆၇၄၃ .၆၄ပြားကို ကုန်သွယ်လယ်ယာဌာနကို ပေးသွင်းခဲ့ပြီး ဖြစ်ကြောင်း၊ ဆုံးရှုံးငွေကို ရဲထံတိုင်ချက်နှင့် တရားရုံးစွဲချက်တို့တွင် ဖော်ပြထားကြောင်း အဓိကထား တင်ပြသည်။

ပြင်ဆင်မှုအမှတ် ၂၄၀ (ခ)/၉၄ တွင် ဦးသောင်းမြင့်၏ ရှေ့နေက ၁၉၉၁-၉၂ ခုနှစ် ဘဏ္ဍာရေးနှစ်အတွက် လျော့နည်းကွာခြားသည် ဆိုသော စပါး(၅၆၈၆)တင်းအတွက် စပါးတင်း(၁၀၀)လျှင် ၄၉၀/- ဈေးဖြင့် ငွေကျပ်- ၁၃၇၀၀၀/-ကို ကုန်သွယ်လယ်ယာဌာနသို့ ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း၊ ဆုံးရှုံးခဲ့သည့် ငွေကို ရဲထံ တိုင်ချက်နှင့် တရားရုံးစွဲချက်တို့တွင် ဖော်ပြမထားကြောင်း အဓိကအချက်များအဖြစ် တင်ပြထားသည်။

မူလအမှုကြီးအမှတ်-၁၀၆၅/၉၃ တွင် (သက်သေခံ-ဃ) စာအရ ၁၉၈၇-၈၈ ခုနှစ်အတွက် စပါး (၅၇၁၀.၅)တင်းလျော့နည်း၍ ယင်းစပါး၏ မူလတန်ဖိုး၏ သုံးဆဖြစ်သော ငွေကျပ် ၁၇၆၇၄၃.၆၄ကို ဧရာတိက ဆန်စက်ပိုင်ရှင် ဦးသောင်းမြင့်ကအမြန်ပေးသွင်းရန် ဖြစ်ကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လက်ထောက် မန်နေဂျာ ဦးစိုးမြင့်ထံအကြောင်းကြားထားကြောင်း သက်သေခံ (ခ) အရ ဦးသောင်းမြင့်သည် တာဝန်ရှိအကြွေးငွေကျပ် ၁၇၅၀၀၀/-ကို ၁၂-၄-၉၃ နေ့နောက်ဆုံးထား၍ အပြေပေးသွင်းရန် မအူပင်မြို့နယ် ငြိမ်ဝမ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ သတိပေးထားကြောင်း တွေ့ရှိရသည်။ ဦးသောင်းမြင့်သည် ငွေကျပ် ၈၈၄၇၈. ၈၀/-ကို ၁၉၈၇-၈၈ ခုနှစ်အတွက်

စပါးလျော့နည်းမှု လျော်ကြေးငွေအဖြစ်ပေးသွင်းပြီးဖြစ်၍ ဌာနစာရင်းတွင် ပေးသွင်းရန် ကြွေးလက်ကျန် ၈၈၂၆၂. ၈၃၊ ရှိကြောင်း တရားလို ဦးမြသန်းအား ဦးသောင်းမြင့်၏ ရှေ့နေက ပြန်လှန်စစ်ဆေးမေးရာ၌ ဖြေကြားထွက်ဆိုထားကြောင်း တွေ့ရှိရသည်။

ထို့ကြောင့် ဦးသောင်းမြင့် ထွက်ဆိုခဲ့သည့် ငွေကျပ် ၈၈၂၆၂.၈၃၊ ကို မည်သည့်အတွက်ပေးသွင်းရန် တာဝန်မရှိကြောင်း ဖြေရှင်းရန် တာဝန်ရှိပေမည်။

မူလအမှုကြီး အမှတ် ၁၁၈၂/၉၃ တွင် မအူပင်မြို့ဈေးတိကဆန်စက်ရှိ စက်ကြိတ်လက်ကျန် ရွှေတဆုတ်စပါး (၅၆၈၆) တင်း လျော့နည်းကိစ္စ စိစစ်ဆေးတွေ့ရှိချက် မိတ္တူမှန် (သက်သေခံ–၈) အရ ဈေးတိကဆန်စက် ပိုင်ရှင် ဦးသောင်းမြင့်အား ရွှေတဆုပ်စပါး (၅၆၈၆) တင်းကို ကုန်သွယ်လယ်ယာသို့ပေးလျော်စေရန်နှင့် ကုန်သွယ်လယ်ယာပိုင်ပစ္စည်းကို အလွဲသုံးစားပြုမှုဖြင့် ဦးသောင်းမြင့်အား အရေးယူရန်ဖော်ပြပါရှိပြီး မအူပင်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး လက်ထောက်မန်နေဂျာ ဦးမြသန်းက (သက်သေခံ–က) ဖြင့် မအူပင်ရဲစခန်းသို့ တိုင်ချက်ဖွင့်ခဲ့ကြောင်း ပေါ်ပေါက်သည်။

စပါးလျော့နည်းမှုမှာ သိုလှောင်ရုံမကောင်းခြင်း၊ ရေလမ်းဖြင့်စပါးများကို သယ်ယူရ၍ အစိုဓာတ်များသဖြင့် ကြိတ်ခွဲစဉ် အစိုဓာတ်လျော့နည်းခြင်း၊ ကြာရှည်စွာသိုလှောင်ထား၍ လေလွင့်မှုဖြစ်ပေါ်ရခြင်းတို့ကြောင့်ဖြစ်ကြောင်း ဦးသောင်းမြင့်က ပြန်လှန်မေးမြန်းချေပခဲ့သော်လည်း လျော့နည်း ကွာဟမှုကို စာရင်းဇယားပြုစုတင်ပြနိုင်ခြင်းမရှိပေ။ ထို့ကြောင့် ဦးသောင်းမြင့်တွင် ထိုလျော့နည်းမှု တန်ဖိုးငွေများကို မည်သည့်အတွက်ပေးလျော်ခြင်း မပြုထိုက်ကြောင်း ရှင်းလင်းရန် တာဝန်ရှိပေမည်။

မူလအမှုကြီးအမှတ် ၁၁၈၂/၉၃ တွင် ရွှေတဆုတ်စပါး (၅၆၈၆) တင်း ဆုံးရှုံးမှု တန်ဖိုးမှာ ကျပ် ၁၇၀၅၈၀၀/– ဖြစ်ရာ ပြင်ဆင်မှုအမှတ်–၂၄၀(ခ) တွင် ပူးတွဲတင်ပြသွားသည့် ပြေစာအရ ငွေကျပ် ၂၅၈၀၀၀/– ကို ဦးသောင်းမြင့်က ပေးသွင်းပြီးဖြစ်သည်ဟု ခိုင်မာသော သက်သေခံစာရွက်ကို တင်ပြသည့်တိုင်အောင် ကျန်ငွေများအတွက် မိမိတွင် တာဝန်မရှိကြောင်း ရှင်းလင်းရန် ဦးသောင်းမြင့်တွင် တာဝန်ရှိမည်ဖြစ်သည်။

ထို့အတူပင် မူလအမှုကြီး အမှတ်–၁၀၆၅/၉၃ တွင် စပါး (၅၇၁၀.၅) တင်းမှာ ဆူပူဆန္ဒပြမှုကြောင့် ပျက်စီးရကြောင်း ဦးသောင်းမြင့်တွင် ရှင်း

လင်းရန် တာဝန်ရှိမည်ဖြစ်သည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးက ဦးသောင်းမြင့်သည် သည်တရားစွဲဆိုခံရပြီးသည့် နောက်တွင်မှ စပါးဖိုးငွေများ ပေးသွင်းခဲ့ကြောင်းတွေ့ရှိရ၍ ကျန်စပါးဖိုးငွေများအတွက် ရှင်းလင်းရန် ၎င်းတွင် တာဝန်ရှိကြောင်း အဓိကတင်ပြလျှောက်လဲသွားသည်။

မူလအမှုများတွင် ဦးသောင်းမြင့်သည် ပြည်သူ့ဝန်ထမ်းတစ်ဦးမဟုတ်ကြောင်းပေါ်လွင်သည်။ ဇောတိကဆန်စက်ပိုင်ရှင်အနေဖြင့် မိမိထံသို့ ကြိတ်ခွဲရန်ပေးပို့ထားသည့် ကုန်သွယ်လယ်ယာဌာနပိုင် စပါးများအနက် ၁၉၈၇-၈၈ ခုနှစ်နှင့် ၁၉၉၁-၉၂ ခုနှစ်များတွင် ဆန်အဖြစ် ကုန်သွယ်လယ်ယာဌာနသို့ ပြန်လည်ပေးသွင်းရန် ပျက်ကွက်ခဲ့သူဖြစ်ကြောင်း ပေါ်ပေါက်သည်။ ထိုသို့ ပျက်ကွက်ခဲ့သည့် စပါးများကို တန်ဖိုးသင့်၍ လျှော့နည်းမှု လျော်ကြေးငွေအဖြစ် ပေးသွင်းစေခဲ့ရာ အမှုစွဲဆိုခံရပြီးနောက်မှ ဦးသောင်းမြင့်က အချို့အဝက်ကိုသာ ပြန်လည်ပေးသွင်းသည်ကို တွေ့ရှိရသည်။ ကျန်စပါးဖိုးငွေများကို ဆက်လက်ပေးသွင်းရန် ပျက်ကွက်ခြင်းသည် ၁၉၄၇ ခုနှစ် ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆ (၁) ကို ကျူးလွန်ရာရောက်မည်ဖြစ်သည်။

သို့အတွက် မူလရုံး၏ စွဲချက်များကို ပြင်ဆင်ပေးရန်မှတပါး ထိုစွဲချက်များကို ပယ်ဖျက်ပေးရန် အကြောင်းမရှိပေ။

ထို့ကြောင့်ဦးသောင်းမြင့် တင်သွင်းသည် ပြင်ဆင်မှုအမှတ်-၂၃၉(ခ)နှင့် ၂၄၀(ခ) တို့ကို ပလပ်လိုက်သည်။ စွဲချက်များကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ် ၂၂၁၊ ပုဒ်မ ၂၂၂ တို့နှင့် အညီပြုပြင်ရေးသားရန် မြို့နယ်တရားရုံးအားညွှန်ကြားသည်။ *

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ် တရားသူကြီး ဦးတင်အုံး ရှေ့တွင်

ဒေါ်သန်းဝင်း
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ–၂ *

+ ၁၉၉၄
ရှေလိုင်လ
၁၅ရက်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲချက်တင်ခြင်း။ ။ အချင်းဖြစ်ပစ္စည်းများအမွေဆိုင် မောင်နှမများပိုင်ဖြစ်၍ အမွေကိစ္စဖြစ်သောကြောင့် တရားမကြောင်း အရသာစွဲဆိုရမည်ဟု တိုင်းတရားရုံးက ဆုံးဖြတ်ခဲ့ခြင်း၊ အမွေမခွဲဝေရသေးသော ပစ္စည်းများကိစ္စအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ တရားစွဲဆိုခြင်း မပြုနိုင်သော ယူဆချက်ကို အမှုတိုင်းတွင် တရားသေကျင့်သုံးရန် မသင့်မြတ်ခြင်း။

ဆုံးဖြတ်ချက်။ ခိုင်းနွားတစ်ရှဉ်းမှာ မောင်လှကြိုင်နှင့် မသန်းဝင်းတို့ပူးတွဲပိုင်ဆိုင်ကြောင်းနှင့် ထိုနွားတစ်ရှဉ်းဖြင့် လယ်ယာလုပ်ငန်း လုပ်ကိုင်၍ ထွက်ရှိသည့် စပါးများအနက်တင်း (၁၀၀) ကို ဝမ်းစာအဖြစ် မောင်လှကြိုင်က မသန်းဝင်းကို နှစ်စဉ်ထောက်ပံ့ရန်တာဝန်ရှိသည်။ မောင်လှကြိုင်နှင့် မသန်းဝင်းတို့၏ အစ်ကို ဦးကျော်နှစ် (လိုပြ–၂) နှင့် ကိုခင်အေး (လိုပြ–၃) တို့၏ ထွက်ဆိုချက်များအရ အချင်းဖြစ်နွားထီး (၂) ကောင်ကို မသန်းဝင်းနှင့် မောင်လှကြိုင်တို့ ပူးတွဲပိုင်ဆိုင်ကြောင်း ပေါ်ပေါက်နေ၍ ထိုအခြေအနေတွင် မောင်လှကြိုင်က နွားတစ်ကောင်ကို ရောင်းစားလိုက်ခြင်းမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅ ၏ ဥပမာ(က) ပါအရ ပစ္စည်းထိန်းသိမ်းစီမံခန့်ခွဲရန် ညီအစ်ကို မောင်နှမအားလုံး၏ သဘောတူညီချက်ကို ဆန့်ကျင်၍ မိမိကိုယ်ကျိုးအတွက် သုံးစွဲလိုက်ကြောင်း ထင်ရှားပေါ်လွင်သည်။

---

* ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်–၅၇၇ (ခ)

\+ ၁၉၉၃ ခုနှစ်၊ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်–၅၉ တွင် ချမှတ်သော (၂၄–၉–၉၃) ရက်စွဲပါ ရန်ကုန်တိုင်း (တောင်ပိုင်းခရိုင်) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၄
ဒေါသန်းဝင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ–၂

လျှောက်ထားသူအတွက် – ဦးစိုးဟန်၊ တရားရုံးချုပ် ရှေ့နေ
လျှောက်ထားခံရသူများအတွက်– ၁။ ဒေါသင်းသင်းမြ၊ လက်
ထောက် ညွှန်ကြားရေးမှူး၊
ရှေ့နေချုပ်ရုံး
၂။ ဦးစံသိန်း၊ တရားရုံးချုပ်ရှေ့နေ

သန်လျင်မြို့နယ်နယ်တရားရုံးပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၇၇/၉၃ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲချက်တင်ခံရသည်ကို မောင်လှကြိုင်က မကျေနပ်၍ စွဲချက်ပယ်ဖျက်ပေးရန် ပြင်ဆင်မှု တင်သွင်းရာ ရန်ကုန်တိုင်း တရားရုံး (တောင်ပိုင်းခရိုင်) က ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၉/၉၃ တွင် စွဲချက်ကို ပယ်ဖျက်ပြီး မောင်လှကြိုင်အားအမှုမှ တရားရှင်လွှတ်ခဲ့သည်။ ယင်းအမိန့်ကို မူလတရားလို ဒေါသန်းဝင်းက မကျေနပ်၍ တရားရုံးချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ သန်လျင်မြို့နယ် ဖားကူးအရှေ့ကျေးရွာနေ ဒေါသန်းဝင်းက မောင်လှကြိုင်နှင့် သူမတို့သည် မောင်နှမရင်းချာများဖြစ်ကြောင်း၊ ညီအစ်ကိုမောင်နှစ်မ (၆) ဦးရှိသည့်အနက် မိဘများ ကွယ်လွန်၍ ကျန်ရစ်ခဲ့သည့် လယ်(၁၂.၅၆) ကော၊လယ်၊ထွန်၊လှည်း၊ စက်တုံး၊ ခိုင်းနွားထီးတစ်ရှဉ်းတို့ကို ကျန်မောင်နှစ်မသားချင်းများက သူမနှင့် မောင်လှကြိုင်တို့ထံအပ်နှံကာ လုပ်ကိုင်စေခဲ့ကြောင်း၊ မောင်လှကြိုင်က နွားထီးတစ်ကောင်ကို ၎င်း၏ ကိုယ်ကျိုးအတွက်ရောင်းစားခဲ့ကြောင်း ဖော်ပြလျက် တရားရုံးတို့တိုက်ရိုက်လျှောက်ထားတရားစွဲဆိုခဲ့သော အမှုဖြစ်သည်။

သန်လျင်မြို့နယ်တရားရုံးက မောင်လှကြိုင်သည် မသန်းဝင်းယုံကြည်စွာ အပ်နှံထားသည့် နွား (၂) ကောင်နှင့် လယ်ယာသုံး ပစ္စည်းများအနက် နွားတစ်ကောင်ကို ရောင်းချသုံးစွဲခြင်းဖြင့် ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်ကြောင်း ဖော်ပြလျက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ ဖြင့် စွဲချက်တင်ထားခြင်းဖြစ်သည်။

ရန်ကုန်တိုင်းတရားရုံး (တောင်ပိုင်းခရိုင်) က မသန်းဝင်းနှင့် မောင်လှကြိုင်တို့မှာ အချင်းဖြစ်နွားကို အတူပိုင်ဆိုင်ကြသော ပူးတွဲအမွေဆိုင် မောင်နှမများဖြစ်ကြကြောင်း၊ အမွေကိစ္စဖြစ်သောကြောင့် တရားမကြောင်း အရသာစွဲဆိုရန်ဖြစ်ကြောင်းဖြင့် ဖော်ပြလျက် စွဲချက်ကို ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

မသန်းဝင်း၏ ရှေ့နေကြီးက သက်သေခံ(က) စာချုပ်ဖြင့် မောင်လှကြိုင်ထံ အချင်းဖြစ် ခိုင်နွားအပါအဝင် လယ်ယာသုံးကိရိယာများကို ယုံကြည်

စွာ အပ်နှံခဲ့ခြင်းဖြစ်ပြီးအချင်းဖြစ်သည့် ခိုင်နွားကိုရောင်းစားခြင်းမှာလည်း အငြင်းမပွားနိုင်သောကြောင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅ ပါ ပြဋ္ဌာန်းချက်နှင့် မဆန့်ကျင်ကြောင်း တိုင်းတရားရုံးက ကိုးကားသည့် "ဒေါ်ခင်ခင် (ခ) ဒေါ်ခင်ခင်အေး ပါ(၂) နှင့် နိုင်ငံတော်၊ ၁၉၈၉ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးများ၊ စာမျက်နှာ (၁)" အမှုပါဖြစ်ရပ်မှာ ယခုဖြစ်ရပ်နှင့် ကွဲပြားခြားနားကြောင်း အဓိကတင်ပြသည်။

တရားခံချုပ်ရှေ့တွင် ဒေါ်သန်းဝင်း၏ ရှေ့နေကြီးကလျှောက်လဲရာ၌ (သက်သေခံ–က) စာချုပ်ကို မူလရုံးတရားလိုနှင့် တရားခံများ၏ အစ်ကိုကြီးများဖြစ်ကြသည့် ဦးကျော်နှစ်နှင့် ဦးခင်အေးတို့ရှိကြကြောင်း၊ ယင်းစာချုပ်ကို (ရ–ဝ–တ) ရုံးတွင် ပြုလုပ်ကြစဉ်က ၎င်းတို့က မောင်လှကြိုင်အား "နွားသေလျှင် ရောင်းမစားနဲ့၊ မြှုပ်ပစ်လိုက်၊ လယ်လုပ်ကိရိယာများကိုလည်း ရောင်းမစားနဲ့ ပျက်လျှင်ပုံထား" ဟု ပြောဆိုခဲ့ကြောင်း၊ ယင်းစာချုပ်အရ အပ်နှံထားသည့် ခိုင်းနွားတစ်ရှဉ်းအနက် တစ်ကောင်အား မောင်လှကြိုင်က ရောင်းစားလိုက်စဉ်က ကျန်ညီအစ်ကိုမောင်နှစ်မများရော ဒေါ်သန်းဝင်း၏ သဘောတူခွင့်ပြုချက်ကိုပါ ရယူခဲ့ခြင်းမရှိကြောင်း၊ နှစ်ဦးပိုင်နွားကိုရောင်းစားလိုက်ခြင်းဖြစ်၍ တရားလို မသန်းဝင်းက သူမ၏ နစ်နာမှုအတွက် တရားမကြောင်းအရသာ စွဲဆိုနိုင်သည်ဟု တိုင်းတရားရုံးက သုံးသပ်ခြင်းမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅ ပါ ပြဋ္ဌာန်းချက်ကို မျက်ကွယ်ပြုရာရောက်ကြောင်း အဓိကတင်ပြသည်။

မောင်လှကြိုင်၏ ရှေ့နေကြီးက ၁၉၉၃ ခုနှစ် မြေယာမှုခင်းတွင် (ရ–ဝ–တ) က ယင်းပစ္စည်းများကို တစ်ဝက်စီခွဲဝေပေးခဲ့စဉ်က မြို့နယ်မြေယာအဖွဲ့က ပစ္စည်းများ ကိစ္စကို ပယ်ချခဲ့ခြင်းကြောင့် ယင်းပစ္စည်းများမှာ မသန်းဝင်းက မောင်လှကြိုင်ထံ ယုံကြည်စွာ အပ်နှံခဲ့သည့် ပစ္စည်းများဟု မယူဆနိုင်ကြောင်း၊ မသန်းဝင်း ကိုယ်တိုင်က အချင်းဖြစ် လယ်ယာပစ္စည်းများမှာ အမွေမခွဲဝေရသေးသော ပစ္စည်းများဖြစ်သည်ဟု ထွက်ဆိုထားကြောင်း၊ (ရ–ဝ–တ) ဥက္ကဋ္ဌ ဦးထွန်းရှင်ကလည်း ဘယ်ပစ္စည်း ဘယ်သူပိုင်သည်ဟု ခွဲခြားမပေးရသေးဟု ထွက်ဆိုထားကြောင်း၊ ထို့ကြောင့် အမွေမခွဲဝေရသေးသော် ပစ္စည်းများ ကိစ္စအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ တရားစွဲဆိုခြင်းမပြုနိုင်ကြောင်းဖြင့် **ဒေါ်ခင်ခင် (ခ) ဒေါ်ခင်အေး ပါ (၂)**

၁၉၉၄
ဒေါသန်းဝင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ–၂

နှင့် **ပြည်ထောင်စု မြန်မာနိုင်ငံအမှု** [၁] ကို အဓိက ကိုးကား လျှောက်လဲတင်ပြသည်။

နိုင်ငံတော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက(သက်သေခံ–က)စာချုပ်အရ အချင်းဖြစ်နွား (၂) ကောင် အပါအဝင် လယ်ယာသုံးပစ္စည်းများမှာ မသန်းဝင်းနှင့် မောင်လှကြိုင်တို့ (၂) ဦးစလုံး ပိုင်ကြောင်း၊ ယင်းပစ္စည်းများကို မောင်လှကြိုင်အား လယ်လုပ်ကိုင်ရာတွင် အသုံးပြုခွင့်ပေးခဲ့ခြင်းသာဖြစ်၍ ၎င်းတို့ (၂) ဦးပိုင်နွားကို မောင်လှကြိုင်က ရောင်းစားကာ ရောင်းရငွေကို မသန်းဝင်းသို့ မပေးခြင်းမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၃ ဥပမာ (ဂ)နှင့်ငြိစွန်းကြောင်း၊ ထို့ကြောင့် တရားမကြောင်းအရသာ အရေးယူရမည်ဆိုခြင်းမှာ မမှန်ကြောင်း တင်ပြလျှောက်လဲသည်။

မူလအမှုတွဲအရ မောင်လှကြိုင်နှင့် မသန်းဝင်းတို့ ညီအစ်ကို မောင်နမ (၆)ဦး ပါဝင်လက်မှတ်ရေးထိုးထားကြသည့် ၂၂–၃–၈၉ ရက်စွဲပါ မိဘအမွေခွဲဝေခံစားခြင်းကိစ္စ ကတိစာချုပ်တွင် အောက်ပါအချက်အချို့ပါရှိသည်–

> "ယခုလက်ရှိ အိမ်ကုန်း၊ အိမ်နှင့်အိမ်ရှိ အတွင်းပစ္စည်းများအားလုံးကို အစ်မဖြစ်သူမသန်းဝင်းက ပိုင်ဆိုင်စေရပါမည်။
>
> လယ်၁၂.၉၆ ဧကနှင့် လယ်ယာသုံး ပစ္စည်းများ၊ ထယ်၊ ထွန်တို့အပြင် ခိုင်းနွားထီးတစ်ရှဉ်း၊ လှည်းတစ်စီး၊ စက်တုံးတစ်တုံးကို မသန်းဝင်းနှင့် မောင်လှကြိုင်တို့ မောင်နှစ်မနှစ်ဦးစလုံး ပိုင်ဆိုင်ရပါမည်။ မောင်လှကြိုင်က လယ်ယာလုပ်ငန်းတွင် လုပ်ကိုင်နေခြင်းကို အစ်မဖြစ်သူမသန်းဝင်းက မည်သို့သော အဟန့်အတားအနှောက်အယှက်မျှပြုလုပ်ခြင်း ပြောဆိုခြင်း မရှိစေရပါ။ မောင်လှကြိုင်က မသန်းဝင်း၏ စားဝတ်နေရေးအတွက် နှစ်စဉ်နှစ်တိုင်း စပါးတင်း(၁၀၀) ကို ဝမ်းစာထည့်ပေးရပါမည်။"

အထက်ဖော်ပြပါ စာသားများအရ အချင်းများကြသည့်ခိုင်းနွားတစ်ရှဉ်းကို မောင်လှကြိုင်နှင့်မသန်းဝင်းတို့နှစ်ဦးစလုံး ပိုင်ဆိုင်ကြောင်း၊ ၎င်းခိုင်းနွားများဖြင့် လယ် (၁၂.၉၆) ဧက ကိုမောင်လှကြိုင်အား လုပ်ကိုင်စေပြီးနောက် မောင်လှကြိုင်က မသန်းဝင်း၏ စားဝတ်နေရေးအတွက် လယ်မှထွက်ရှိသော စပါးများထဲမှ နှစ်စဉ်နှစ်တိုင်း စပါးတင်း ၁၀၀ ဝမ်းစာအဖြစ် ထောက်ပံ့ရန်ဖြစ်ကြောင်း ပေါ်လွင်သည်။

---

(၁) ၁၉၈၉ ခုနှစ် မြန်မာနိုင်ငံ'တရားစီရင်ထုံးများ၊ **ဘမျက်နှာ ၁**။

၁၉၉၄
ဒေါသန်းဝင်း
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ-၂

သို့အတွက် ခိုင်းနွားတစ်ရှဉ်းမှာ မသန်းဝင်းနှင့် မောင်လှကြိုင်တို့ ပူးတွဲပိုင်ဆိုင်ကြောင်းနှင့် ထိုနွားတစ်ရှဉ်းဖြင့် လယ်ယာလုပ်ငန်း လုပ်ကိုင်၍ ထွက်ရှိသည့် **စပါးများအနက် တင်း (၁၀၀) ကို ဝမ်းစာအဖြစ်** မောင်လှကြိုင်က မသန်းဝင်းကို နှစ်စဉ် ထောက်ပံ့ရန် တာဝန်ရှိသည်။

သို့ဖြစ်၍ နွားတစ်ရှဉ်းကို မသန်းဝင်းက မောင်လှကြိုင်ထံ အပ်နှံထားရာ ရောက်သည့်အပြင် ထိုသို့ အပ်နှံထားခြင်းမှာ လယ်ယာလုပ်ငန်းလုပ်ကိုင်ရန် အတွက်သာဖြစ်ကြောင်း၊ ထွက်ရှိလာသော စပါးများအနက် တင်း(၁၀၀) ကို နှစ်စဉ်မသန်းဝင်းအား ပြန်အပ်ပေးရန်ဖြစ်ကြောင်း ထင်ရှားပေါ်လွင်သည်။

မောင်လှကြိုင်နှင့် မသန်းဝင်းတို့၏ အစ်ကို ဦးကျော်နှစ် (လိုပြ-၂) နှင့် ကိုခင်အေး (လိုပြ-၃) တို့၏ ထွက်ဆိုချက်များအရ အချင်းဖြစ်နွားထီး (၂) ကောင်ကို မသန်းဝင်းနှင့် မောင်လှကြိုင်တို့ ပူးတွဲပိုင်ဆိုင်ကြောင်း ပေါ်ပေါက်နေ၍ ထိုအခြေအနေတွင် မောင်လှကြိုင်က နွားတစ်ကောင်ကို ရောင်းစားခြင်းမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၅ ၏ ဥပမာ(က)ပါအရ အမွေပုံပစ္စည်းထိန်းသိမ်းစီမံခန့်ခွဲရန် ညီအစ်ကိုမောင်နှစ်မများအား လုံး၏ သဘောတူညီချက်ကို ဆန့်ကျင်၍ မိမိကိုယ်ကျိုးအတွက် သုံးစွဲလိုက်ကြောင်း ထင်ရှားပေါ်လွင်သည်။

သို့အတွက် မောင်လှကြိုင်အပေါ် မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲချက်တင်ခြင်းမှာ မှားယွင်းမှုမရှိပေ။

ထို့ကြောင့် ရန်ကုန်တိုင်း တရားရုံး (တောင်ပိုင်းခရိုင်) က လျှောက်ထားခံရသူ မောင်လှကြိုင်အား စွဲချက်မတင်မိလွတ်ခဲ့သည့် အမိန့်ကို ပယ်ဖျက်၍ ယင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲချက်တင်ခဲ့သည့်အမိန့်ကို အတည်ပြုလိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ် တရားသူကြီး ဦးတင်ထွတ်နိုင် ရှေ့တွင်

+ ၁၉၉၄
နိုဝင်ဘာလ
၂၃ရက်

ဦးသိန်းအောင်
ပြည်ထောင်စု မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု မြန်မာနိုင်ငံတော်ပါ–၂ *
ဦးသိန်းအောင်ပါ–၂

ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) ပါ ပြဋ္ဌာန်းချက်အရ တရားရုံးတစ်ရုံးတွင် အမှုရင်ဆိုင်နေကြသည့်အမှုသည်တစ်ဦးက အဆိုပါ အမှုတွင် တင်ပြသည့် သို့မဟုတ် သက်သေခံချက်ပေးထားသည့် စာတမ်းအမှတ်အသား တစ်စုနှင့် စပ်လျဉ်းပြီး လိမ်လည် အတုပြုသည် ဟုစွပ်စွဲသည့်အခါ အဆိုပါတရားရုံးက သို့မဟုတ် ယင်း တရားရုံး၏ အထက်တရားရုံးက စာဖြင့် ရေးသား တိုင်တန်းချက် အရ မဟုတ်လျှင် အရေးယူဆောင်ရွက်မှု မပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ အမှုတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၁ အရ အရေးယူရန် စာဖြင့်ရေးသားတိုင်တန်းချက်တစ်စုံတရာရှိကြောင်း မတွေ့ရပေ၊ လျှောက်ထားသူအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းသာဖြစ်၍ ပြင်ဆင်မှု တရားရုံးအနေဖြင့် မူလရုံး၏ အမိန့်ကို ပယ်ဖျက်ရန် သို့မဟုတ် အတည်ပြုရန် အမိန့်ချမှတ်ရန်သာရှိမည်ဖြစ်သည်။ သို့ပါလျက် မူလရုံး၏ စွဲချက်တင်သည့် အမိန့်ကို အတည်ပြုသည့်အပြင် နောက်ထပ်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၁ အရ ထပ်မံ၍ စွဲချက်တင်ရန် ညွှန်ကြားခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) ပါပြဋ္ဌာန်းချက်များအရ ဥပဒေနှင့်အညီချမှတ်ခဲ့သည့်အမိန့်ဖြစ်သည်ဟု မဆိုနိုင်ပေ။

---

* ၁၉၉၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်–၉၇ (ခ)၊ ၂၆ (က) ။

\+ ၁၉၉၃ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်–၂၇၀ တွင်ချမှတ်သော (၅–၁–၉၄) ရက်စွဲပါ ရန်ကုန်တိုင်း (အနောက်ပိုင်း ခရိုင်) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၄
ဦးသိန်းအောင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ–၂ ဦးသိန်းအောင် ပါ–၂

လျှောက်ထားသူအတွက် – မစ္စ တာ အော် ဂတ် စ် တင် ဂေး လ်၊ တရား ရုံးချုပ်ရှေ့နေ ဦးကျင်စိန်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူများအတွက်– ၁။ဦးကျင်စိန်၊ လက်ထောက် ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး ၂။ ဦးစိန်လင်း၊ တရားရုံးချုပ်ရှေ့နေ

၁။ဦးသိန်းဝင်း၊ တရားရုံးချုပ်ရှေ့နေ ၂။ဦးစိန်လင်း၊ တရားရုံးချုပ်ရှေ့နေ

ကမာရွတ်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၄၅၉/၉၂ တွင် တရားလို ဦးခင်အောင်က တရားခံ ဦးသိန်းအောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ စွဲဆိုသည့်အမှုတွင် တရားလိုနှင့် သက်သေများအား စစ်ဆေးပြီး ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်ခဲ့သည်။ အဆိုပါ အမိန့်ကို တရားခံက မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံး (အနောက်ပိုင်းခရိုင်) သို့ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၇၀/၉၃ တွင် လျှောက်ထားခဲ့ရာ ပြင်ဆင်မှုကို ပလပ်လိုက်သဖြင့် လျှောက်ထားသူ ဦးသိန်းအောင်ကလည်းကောင်း၊ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်တွင် "ဦးသိန်းအောင်သည် လိမ်လည်အတုပြုလုပ်ထားသည့် စာရွက်အမှတ်အသားကို အစစ်အမှန်အနေဖြင့် အသုံးပြုခဲ့သည်ဟု မှတ်ယူနိုင်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၁ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းလျက်ရှိသည်ဟုလည်း မှတ်ယူရမည်ပြစ်ပေသည်။ အထက်၌ သုံးသပ်ဖော်ပြချက်များအရ ဆိုလျော်ရာ ပြစ်မှုဖြင့် ထပ်မံစွဲချက်တင်၍ အမှုကို ဥပဒေနှင့်အညီဆက်လက်စစ်ဆေးရန် ညွှန်ကြားလိုက်သည်" ဟု စီစစ်တွေ့ရှိရသဖြင့် ယင်းအမိန့်မှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ နှင့် ဆန့်ကျင်နေသဖြင့် တရားရုံးချုပ်က ပြန်လည်စိစစ်နိုင်ရန် ပြင်ဆင်မှုအမှတ် ၂၆ (က)/၉၄ ကိုလည်းကောင်း ဖွင့်လှစ်ခဲ့သောအမှုများဖြစ်သည်။

အမှုမှာ တရားလို ဦးခင်အောင်က ၎င်းနှင့်သိကျွမ်းသူကားပွဲစား ဦးသိန်းအောင်က ၎င်းထံလာရောက်၍ ကားဝယ်ရန်အတွက် ငွေလိုကြောင်း၊ ၎င်းအား ငွေခေတ္တပေးထားရန်ပြောဆိုသဖြင့် ၁၆–၄–၉၁ ရက်နေ့တွင် ဦးသိန်းအောင်၏ နေအိမ်ပေါ်၌ အသိသက်သေများရှေ့တွင် ငွေစက္ကူရောရာ ၁၀၃၀၀၀/–ကိုပေးအပ်ခဲ့ကြောင်း၊ ၎င်းမှ လိုအပ်သောအချိန်တစ်လုံးတည်း

၁၉၉၄
ဦးသိန်းအောင်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ-၂
ဦးသိန်းအောင်
ပါ-၂

ပြန်ပေးမည်ဟု ဝန်ခံခဲ့ကြောင်း၊ မိမိတွင် ငွေလို၍ ၎င်းထံသွားရောက်ပြီး အကြိမ်ကြိမ်တောင်းခံသော်လည်း ပေးဆပ်ခြင်းမရှိသဖြင့် ငွေ ၁၀၃၀၀၀/ လိမ်ယူသွားသူ ဦးသိန်းအောင်အား အရေးယူပေးရန် ကမာရွတ်ရဲစခန်းသို့ တိုင်ကြားရာမှ ပေါ်ပေါက်လာသော အမှုဖြစ်သည်။

ဤပြင်ဆင်မှုများသည် မူလရုံးတစ်မှုတည်းနှင့် ရန်ကုန်တိုင်း တရားရုံး၏ ပြင်ဆင်မှုတစ်မှုတည်းမှ ပေါ်ပေါက်လာခြင်းဖြစ်၍ ဤစီရင်ချက်သည် နှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

လျှောက်ထားသူဦးသိန်းအောင်က အကြောင်းပြချက်အဖြစ် တင်ပြရာတွင် သက်သေခံ (က) စာချုပ်တွင် ငွေချေးစာချုပ်ဖြစ်ကြောင်း၊ တရားမကြောင်း စွဲရမည့်အမှုအား တံဆိပ်ခေါင်းဖိုး သက်သာအောင် ရာဇဝတ်ကြောင်းစွဲဆို၍ မရကြောင်း၊ ပထမ သတင်းပေးတိုင်ချက်တွင် ငွေပြန်မရကြောင်း ဖော်ပြထားပြီး ရုံးရှေ့တွင် တယ်လီဖုန်းအရောင်းအဝယ် ကိစ္စဟူ၍ အစစ်ခံထားသဖြင့် လက်ခံစဉ်းစားရန် အကြောင်းမရှိကြောင်း၊ ဆက်သွယ်ရေးမှ တယ်လီဖုန်းအရောင်းအဝယ်ကိစ္စ အတိအလင်းတားမြစ်ထားချက်အရ ရုံးတော်အနေဖြင့် အမှုစစ်ဆေးအရေးယူခြင်းမပြုနိုင်ကြောင်း၊ တိုင်းတရားရုံးက ပလပ်သော အမိန့်တွင် မသက်ဆိုင်သည့် အကြောင်းခြင်းရာများကို ထည့်သွင်းဖော်ပြပြီး စွဲချက်အသစ်တစ်ခုထပ်ဆင့်တင်ပေးရန် ညွှန်ကြားထားခြင်းဖြစ်၍ အဆိုပါ အမိန့်ကို ဥပဒေနှင့် ညီညွတ်မှန်ကန်ခြင်းမရှိကြောင်း၊ သင့်မြတ်ခြင်းမရှိ နည်းလမ်းလည်းမကျပဲ တရားရေးမဏ္ဍိုင် တိမ်းစောင်းခဲ့ကြောင်း၊ လျှောက်ထားသူအနေဖြင့် ခုခံချေပရမည့် အချက်အလက်များကို မူလစစ်ဆေးစဉ်ကမေးမြန်းထားပြီးဖြစ်သည်ကိုလည်းကောင်း၊ လျှောက်ထားခံရသူမှလည်း ဆီလျော်သလို ဖြေကြားထားပြီးသည်ကိုလည်းကောင်း၊ ဥပဒေအချက်အလက်ကိုလည်းကောင်း သုံးသပ်ခြင်း မပြုခဲ့ကြောင်းစသည်ဖြင့် ဖော်ပြထားသည်။

လျှောက်ထားသူဦးသိန်းအောင်၏ ရှေ့နေက သက်သေခံ(က) စာချုပ်တွင် ပါရှိသော အကြောင်းအရာအရ ငွေချေးစာချုပ်ဖြစ်၍ တရားမကြောင်းစွဲဆိုရမည်ကို တံဆိပ်ခေါင်းဖိုး သက်သာအောင် ပြစ်မှုကြောင်းစွဲဆို၍ မရကြောင်း ပထမသတင်းပေးတိုင်ချက်တွင် ချေးငွေပြန်မရကြောင်း ဖော်ပြထားကြောင်း၊ တယ်လီဖုန်းကို ဆက်သွယ်ရေးဌာနမှ အရောင်းအဝယ်ကိစ္စ အတိအလင်း တားမြစ်ထားကြောင်း၊ စွဲချက်ပယ်ဖျက်ပေးရန် လျှောက်ထားသည်သည့်အမှုတွင် မသက်ဆိုင်သည့်အကြောင်းခြင်းရာများကို ဖော်ပြပြီး

စွဲချက်အသစ်တစ်ခု ထပ်တင်ပေးရန် ညွှန်ကြားသည့်အမိန့်မှာ ဥပဒေနှင့် ညီညွတ်ခြင်းမရှိသည့်အပြင် လျော်ကန်သင့်မြတ်ခြင်းလည်း မရှိသဖြင့် တရားရေးမဏ္ဍိုင်တိမ်းစောင်းစေကြောင်း စသည်ဖြင့်လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ(၂) ဦးခင်အောင်၏ ရှေ့နေက ဦးသိန်းအောင် အပေါ် မူလရုံးနှင့် တိုင်းတရားရုံး (၂) ရုံးတို့က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ တစ်သဘောတည်း စွဲချက်တင် ဖြေရှင်းစေရန် ချမှတ်ထားသော အမိန့်အား အတည်ပြုသင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

ရှေ့နေချုပ်ရုံးအတွက် လိုက်ပါ ဆောင်ရွက်သော ဥပဒေအရာရှိက တိုင်းတရားရုံး၏ အမိန့်တွင် မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်သည့်အမိန့်အပြင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၁ အရ ပါ ဖြည့်စွက် စွဲချက်တင်စေရန် စကားဦးသန်းထားသည်ကို တွေ့ရကြောင်း၊ တိုင်းတရားရုံး၏ အမိန့်သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ နှင့် ဆန့်ကျင်နေကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၉၅ (၁) (ဂ) ပါ ပြဋ္ဌာန်းချက်အရ စာအမှတ်အသား တစ်ခုခုနှင့် စပ်လျဉ်း၍ အရေးယူရန် အကြောင်းပေါ်ပေါက်ပါက အမှုစစ်တရားရုံးက သို့မဟုတ် ယင်းတရားရုံး၏ အထက်တရားရုံးက စာဖြင့်ရေးသားတိုင်တန်း ရန်လို အပ်ကြောင်း၊ တိုင်းတရားရုံးက ညွှန်ကြားသကဲ့သို့ မူလရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၁ အရ စွဲချက်တင်ရန် ဥပဒေအရ မဖြစ်နိုင်ကြောင်း၊ တိုင်းတရားရုံး၏ ၅-၁-၉၄ နေ့စွဲပါ အမိန့်ကိုပယ်ဖျက်ပြီး မူလရုံးက တရားခံ ဦးသိန်းအောင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်သည့်အမိန့်ကို ဆက်လက်အတည်ပြုသင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

မူလရုံးအမှုတွဲရှိ သက်သေခံချက်များအား စိစစ်ရာတွင် တရားလို ဦးခင်အောင် (လိုပြ-၁) က ၎င်းနှင့်တရားခံတို့ သိကျွမ်းခဲ့ရာမှ တရားခံ တယ်လီဖုန်း ရောင်းလိုကြောင်း စပ်ပေးရန် ပြောသဖြင့် မိမိကလည်း တယ်လီဖုန်းလို၍ တစ်သိန်းခွဲဖြင့် အရောင်းအဝယ်တည့်ကြောင်း၊ ပြောင်းရွှေ့ တပ်ဆင်ရန် စရိတ်အဖြစ် ၈၅၀၀၀/-တစ်ကြိမ်၊ ၁၈၀၀၀/- တစ်ကြိမ် ပေးခဲ့ကြောင်း၊ ငွေရကြောင်း စာချုပ်ပြုလုပ်၍ တရားခံ ဦးသိန်းအောင်နှင့် သူ၏ဇနီး ဒေါ်ခင်အေးတို့ လက်မှတ်ရေးထိုးကြောင်း၊ ဖုန်းပြောင်းရွှေ့ ရန်အတွက် သန်းခေါင်စာရင်းပါ ပြောင်းခဲ့ကြောင်း၊ ဆက်သွယ်ရေးဝန်ထမ်း များ လာရောက်စစ်ဆေးရာ၌ သန်းခေါင်စာရင်းမှာ အတုဖြစ်နေ၍

၁၉၄၄
ဦးသိန်းအောင်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ-၂
ဦးသိန်းအောင်
ပါ-၂

ဖုန်းသိမ်းသွားသည်ဟု သိရကြောင်း၊ ပွဲစားဦးတင်ကြည်အား မေးမြန်းရာ ကာယကံရှင်က စိတ်မဝင်စားဟုသိရကြောင်း၊ ဦးသိန်းအောင်က ၎င်း၏ သန်းခေါင်စာရင်းများ ပြန်လည်ထုတ်ပေးရန်နှင့် ထုတ်မပေးက အိမ်သိမ်းပြီး မိမိတို့အား နှင်ထုတ်မည်ဟု ပြောဆိုလာသည့်အခါမှ လိမ်သည်ဟု သိရပြီး တရားစွဲရခြင်းဖြစ်ကြောင်း၊ ဦးသိန်းအောင်အား ထိခိုက်မည်စိုး၍ ချေးငွေအဖြစ် စာချုပ်ရေးသားခြင်းဖြစ်ကြောင်း၊ လိမ်လည်ကြောင်း သိနေ၍ ငွေများ အကြိမ်ကြိမ် ပြန်တောင်းရာ မရကြောင်း စသည်ဖြင့် ထွက်ဆို ထားကြောင်း တွေ့ရသည်။

ထွန်းနိုင်ဦး (လိုပြ-၂)၊ ဦးတင်အေး (လိုပြ-၃) တို့က တရားခံ ဦးသိန်းအောင်နှင့် ဦးခင်အောင်တို့ တယ်လီဖုန်း အရောင်းအဝယ်ကိစ္စ ပြုလုပ်သည်ကိုသိကြောင်း၊ ဦးခင်အောင်က ငွေပေးရာတွင်လည်း ပါဝင် ဆောင်ရွက်ခဲ့ကြောင်း စသည်ဖြင့် တရားလိုအား ထောက်ခံထွက်ဆိုထား ကြောင်း တွေ့ရသည်။ ဦးစိုးမောင် (လိုပြ-၄) က ၉-၁၀-၈၉ ရက်စွဲပါ တယ်လီဖုန်း တပ်ဆင်ပေးရန် လျှောက်လွှာသိမ်းရာတွင် သက်သေအဖြစ် လက်မှတ်ရေးထိုးပေးရကြောင်းနှင့် ခင်မောင်အေး (လိုပြ-၅)က ငွေ အချေးအငှား စာချုပ်သိမ်းရာတွင် သက်သေအဖြစ် ပါဝင်ခဲ့ကြောင်းဖြင့် ထွက်ဆိုခဲ့သည်ကိုတွေ့ရသည်။ ဦးဇော်မြင့် (လိုပြ-၆) လှိုင်မြို့နယ် (လဝက) ရုံးမှ လ/ထ လဝကမှူးက ဦးသိန်းအောင်၏ သန်းခေါင်စာရင်း ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ထွက်ဆိုထားကြောင်း တွေ့ရသည်။

မူလရုံးအမှုတွဲရှိ သက်သေခံ အထောက်အထားများကို စိစစ်ကြည့်ရာ သက်သေခံ (က) တိုင်ချက်ပါ အကြောင်းအရာ ဖော်ပြချက်များနှင့် တရားလိုပြသက်သေများ၏ ထွက်ချက်အရ တရားခံဦးသိန်းအောင်သည် ကားပွဲစားတစ်ဦးဖြစ်ပြီး ကားဝယ်ရန်အတွက် ငွေလိုနေ၍ ငွေ ၁၀၃၀၀၀/- ချေးယူကြောင်း၊ လိုအပ်ပါက တစ်လုံးတစ်ခဲတည်း ပြန်လည်ပေးအပ်မည်ဟု ဝန်ခံကတိပြု၍ တရားလိုက သက်သေများရှေ့တွင် ငွေပေးအပ်ခဲ့ကြောင်း၊ ငွေလို၍ တရားလိုက အကြိမ်ကြိမ် သွားရောက်တောင်းရာ မရကြောင်း အရေးယူပေးစေလိုကြောင်း စသည်ဖြင့် တွေ့ရသည်။ တရားလိုက ရုံးရှေ့ ထွက်ဆိုရာတွင်မူ တရားခံထံတွင်ရှိသော တယ်လီဖုန်း အမှတ် (၃၀၀၅၄) အား တစ်သိန်းခွဲဖြင့် အရောင်းအဝယ်ပြုလုပ်ကြရာ ပြောင်းရွှေ့စရိတ်အဖြစ် ၈၅၀၀၀/- တစ်ကြိမ်၊ ၁၈၀၀၀/- တစ်ကြိမ်ပေး ခဲ့ကြောင်း၊ တရားခံက တယ်လီဖုန်း ပြောင်းရွှေ့ပေးရန်အတွက် ၎င်း၏

သန်းခေါင်စာရင်းများ ပြောင်းရွှေ့ပေးခဲ့ကြောင်း၊ နောက်ပိုင်းတွင် ပြောင်းရွှေ့ခဲ့သည့် သန်းခေါင်စာရင်းအတု ဖြစ်နေ၍ တယ်လီဖုန်း အသိမ်းခံရသည်ဟု သိရကြောင်း၊ မိမိပေးထားသော ငွေများကိုပြန်တောင်းရာ မရ၍ တရားစွဲဆိုရကြောင်း စသည်ဖြင့် စွပ်စွဲထွက်ဆိုထားကြောင်း တွေ့ရသည်။ တရားလို ပြသက်သေများကလည်း တရားလိုနှင့်တရားခံတို့အကြား ငွေပေးငွေယူ ကိစ္စ၊ တရားခံ၏ သန်းခေါင်စာရင်း ပြောင်းရွှေ့ခြင်းကိစ္စများ ပြုလုပ်ခဲ့ကြကြောင်း အသီးသီး ထွက်ဆိုထားကြသည်ကိုတွေ့ရသည်။ သို့ဖြစ်ရာ ယင်းဖြစ်ရပ်များအတွက် တရားခံတွင် ရှင်းလင်းရန် တာဝန်မရှိဟု မဆိုနိုင်ပေ။

ရန်ကုန်တိုင်း တရားရုံး လက်ထောက်တိုင်းတရားသူကြီးက ယင်း၏ စီရင်ချက်တွင် ဦးသိန်းအောင်အမည်ဖြင့် ရရှိထားသော တယ်လီဖုန်းကို မမှန်ကန်သောနည်းလမ်းဖြင့် ပြောင်းရွှေ့တပ်ဆင်နိုင်ရေးအတွက် ဦးသိန်းအောင်သည် မိမိအမှန်တကယ် ပြောင်းရွှေ့နေထိုင်ခြင်းမရှိသော ဦးခင်အောင်အိမ်သို့ နေရပ်လိပ်စာ ပြောင်းရွှေ့ပေးရန် လျှောက်ထားသည့်အပြင် မိမိ၏အမည်အား အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြထားသော အိမ်ထောင်စုလူဦးရေ စာရင်းကိုလည်း ဦးခင်အောင်၏ နေရပ်လိပ်စာဖြင့် ပြုလုပ်ခဲ့ပြီးနောက် ထိုအိမ်ထောင်စု လူဦးရေစာရင်းစာရွက်ကို အသုံးပြုခဲ့ကြောင်းလည်း သက်သေခံချက်အရ တွေ့ရှိရသဖြင့် ဦးသိန်းအောင်သည် လိမ်လည်အတုပြုလုပ်ထားသည့် စာတမ်းအမှတ်အသားကို အစစ်အမှန်အနေဖြင့် အသုံးပြုခဲ့သည်ဟု မှတ်ယူနိုင်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၁ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းလျက်ရှိသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း သုံးသပ်ကာ မြို့နယ်တရားရုံးမှ လျှောက်ထားသူ (မူလရုံးတရားခံ) အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်သည့်အမိန့်ကို အတည်ပြုကြောင်းနှင့် ဆီလျော်သည့်ပြစ်မှုဖြင့် ထပ်မံစွဲချက်တင်၍ အမှုကို ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေးရန် ညွှန်ကြားလိုက်ကြောင်းဖြင့် တွေ့ရသည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၇၀/၉၃ မှာ တရားခံ ဦးသိန်းအောင်က ၎င်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့်အမှုဖြစ်သည်။ တရားလိုမှ စွဲချက်များ ထပ်မံဖြည့်သွင်းပေးရန် လျှောက်ထားခြင်း မဟုတ်ပေ။ သို့ရာတွင် ပြင်ဆင်မှု တရားရုံးလက်ထောက်တိုင်းတရားသူကြီးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၇၁ ပါ ပြဋ္ဌာန်းချက်နှင့် ငြိစွန်းချက်ရှိသည်ဟု မှတ်ယူရမည်

၁၉၉၄
ဦးသိန်းအောင်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ–၂
ဦးသိန်းအောင်
ပါ–၂

ဖြစ်ကြောင်း ဖော်ပြကာ ဆီလျော်ရာ ပြစ်မှုဖြင့် ထပ်မံစွဲချက်တင်ရန် အမိန့်ချမှတ်ထားခြင်းသည် မူလမြို့နယ်တရားရုံးအား လျှောက်ထားသူ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၁ အရ ထပ်မံ၍ စွဲချက်တင်ဖြေရှင်းစေရန် ညွှန်ကြားသည့်သဘော သက်ရောက်သည်။ ယင်းဥပဒေပုဒ်မ ၄၇၁ အရ အရေးယူမည်ဆိုလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) ပါ ပြဋ္ဌာန်းချက်များကို ဂရုပြုရန်လိုအပ်သည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) တွင် –

"ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၆၃ တွင် ဖော်ပြသော သို့မဟုတ် ပုဒ်မ ၄၇၁၊ ပုဒ်မ ၄၇၅၊ ပုဒ်မ ၄၇၆ အရ ပြစ်ဒဏ်စီရင်ထိုက်သော ပြစ်မှုတစ်စုံတစ်ရာကို တရားရုံးတစ်ရုံးတွင် အမှုဆိုင်နေရသည့် အမှုသည်တစ်ဦးက အဆိုပါအမှုတွင် တင်ပြသော သို့မဟုတ် သက်သေခံချက် ပေးထားသော စာတမ်း အမှတ် အသားတစ်ခုနှင့် စပ်လျဉ်း၍ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲသည့်အခါ အဆိုပါတရားရုံးက သို့မဟုတ် ယင်းတရားရုံး၏ အထက်တရားရုံးက စာဖြင့် ရေးသား တိုင်တန်းချက်အရ မဟုတ်လျှင် အရေးယူ ဆောင်ရွက်ခြင်းမပြုရ"

ဟု ပြဋ္ဌာန်းထား သည်။

အထက်ပါ ပြဋ္ဌာန်းချက်အရဆိုပါမူ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၁ အရ အရေးယူရန်မှာ အမှုစစ်တရားရုံးကဖြစ်စေ၊ ယင်းအထက် တရားရုံးက ဖြစ်စေ စာဖြင့် ရေးသားတိုင်တန်းချက်ရှိရန် လိုအပ်သည်။ ဤအမှုတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၁ အရ အရေးယူရန် စာဖြင့် ရေးသား တိုင်တန်းချက် တစ်စုံတစ်ရာရှိကြောင်း မတွေ့ရပေ။ စင်စစ်အားဖြင့် လျှောက်ထားသူသည် မူလရုံးမှ ၎င်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ် ၄၂၀ အရ စွဲချက်တင်သည့် အမိန့်ကို ပယ်ဖျက်ပေးရန် လျှောက်ထားခြင်းသာဖြစ်၍ ပြင်ဆင်မှုရုံးအနေဖြင့် မူလရုံး၏အမိန့်ကို ပယ်ဖျက်ရန် သို့မဟုတ် အတည်ပြုရန် အမိန့်ချမှတ်ရန်သာရှိမည်ဖြစ်သည်။ သို့ပါလျက် မူလရုံး၏ စွဲချက်တင်သည့်အမိန့်ကို အတည်ပြုသည့်အပြင် နောက်ထပ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၁ အရ ထပ်မံ၍ စွဲချက်တင်ရန် ညွှန်ကြားခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ဂ) ပါ ပြဋ္ဌာန်းချက်များအရ ဥပဒေနှင့်အညီ ချမှတ်ခဲ့သည့်အမိန့်ဖြစ်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် မူလမြို့နယ် တရားရုံးက တရားခံ ဦးသိန်းအောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်သည့်အမိန့်နှင့် ယင်း

အမိန့်ကို အတည်ပြုခဲ့သော တိုင်းတရားရုံး၏ အမိန့်ကို ဆက်လက် အတည်ပြုပြီး တရားခံအပေါ် ဆီလျော်ရာပြစ်မှုဖြင့် ထပ်မံ ဖြည့်စွက်ပြီး စွဲချက်တင်စစ်ဆေးသွားစေရန် ညွှန်ကြားသည့်တိုင်း တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။

၁၉၉၄
ဦးသိန်းအောင်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ-၂
ဦးသိန်းအောင်
ပါ-၂

ပြစ်မှုဆိုင်ရာအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးတင်အုံးရှေ့တွင်

+၁၉၉၄
သြဂုတ်လ
၁၁ ရက်

ဟန်ချိုပါ – ၂
ကျော်ဦး

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်*

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၇ တွင် အားပေးကူညီမှုမြောက်ရန်လိုအပ်သော အင်္ဂါရပ် (၃) ခု ပြဋ္ဌာန်းထားရှိရာ လူတစ်ဦးတစ်ယောက်အား လှုံ့ဆော်ခြင်း သို့မဟုတ် ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် တမင်ကူပံ့ခြင်း ဖြစ်ကြောင်း ထင်ရှားရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၇ ၏ ရှင်းလင်းချက် (၂) တွင် "မည်သူမဆို ပြုလုပ်မှုတစ်ခုကို မပြုလုပ်မီဖြစ်စေ၊ ပြုဆဲအခါ တွင်ဖြစ်စေ ထိုပြုလုပ်မှု ဖြစ်မြောက်လွယ်ကူစေခြင်းငှာ အရာတစ်ခုခုကို ပြု၍ ထိုသို့ပြုခြင်းဖြင့် ပြုလုပ်မှုဖြစ်မြောက်ရန် လွယ်ကူစေလျှင် ထိုသူသည် ထိုပြုလုပ်မှုကို ပြုရန် ကူပံ့သည်မည်၏" ဟူ၍ ပြဋ္ဌာန်းပါရှိသည်၊ မူလ အမှုဌာ ဘခင်ဖြစ်သူ ဦးဟန်ချိုသည် သားဖြစ်သူကျော်ဦးက သေသူ တင်ငွေအား ရိုက်ရန် ဓားဖြင့် ထိုးရန် တနည်းနည်းဖြင့် လှုံ့ဆော်ခြင်း၊ တမင်ကူပံ့ခြင်းတို့ပြုခဲ့ကြောင်း မည်သည့်သက်သေခံချက်မျှ မရှိချေ၊ သို့အတွက် တင်ငွေအား ကျော်ဦးက တုတ်ဖြင့်ရိုက်၊ ဓားနှင့်ထိုးနေသည့် အနီးအနားတွင် ဘခင် ဦးဟန်ချို ရှိနေရုံမျှဖြင့် ဦးဟန်ချိုအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂)/၁၁၄ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းသည်။

---

* ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၉၉၊ ၃၀၀

\+ ၁၉၉၂ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၅ တွင် ချမှတ်သော (၁၅-၁၀-၉၂) ရက်စွဲပါ မန္တလေးတိုင်း (ရမည်းသင်းခရိုင်) တရားရုံး၏ အမိန့်ကို အယူခံမှု

အယူခံတရားလိုများအတွက် –အယူခံတရားလို၏ တရားရုံးချုပ်ရှေ့နေ (ကိုယ်စား) တရားရုံးချုပ် ရှေ့နေ ဦးခင်မောင်လှမှ ရေးသားချက်တင်သည်

မန္တလေး အကျဉ်းထောင်မှ တစ်ဆင့် တင်သွင်းသည်။

အယူခံတရားခံအတွက် –ဦးကျင်စိန်၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး

မန္တလေးတိုင်း တရားရုံး (ရမည်းသင်းခရိုင်)၏ ပြစ်မှုဆိုင်ရာ အမှုကြီး ၃၅/၉၂ တွင် တရားခံ ဟန်ချို‌အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၀၂ (၂)/၁၁၄ အရ ထောင်ဒဏ် (၇) နှစ် ကျခံစေရန်လည်းကောင်း၊ တရားခံ ကျော်ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ (၂) အရ ထောင်ဒဏ်(၁၀) နှစ်ကျခံစေရန်လည်းကောင်း ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်ကြသဖြင့် ကျော်ဦးက မန္တလေး အကျဉ်းထောင်မှ တစ်ဆင့်ပြု၍ အယူခံဝင်သည့်အပြင်၊ ကျော်ဦးနှင့် ဟန်ချိုတို့ နှစ်ဦးပေါင်း၍ ရှေ့နေမှ တဆင့် အယူခံဝင်ရောက်ကြသည်။

အမှုမှာ ၂၈-၆-၉၂ နေ့ နံနက် ၈ နာရီအချိန်ခန့်တွင် တပ်ကုန်းမြို့နယ်၊ သပြေချောင်းကျေးရွာ အရှေ့ဖက် ရန်ကုန် မန္တလေးကားလမ်း အနောက်ဘက် ဘေးရှိ ဝင်းအောင် ထမင်းဆိုင်ရှေ့သို့ သေဆုံးသူ တင်ငွေ (ခ) သံဗုဒ္ဓေသည် ဓားကိုင်လျက် အရက်မူး၍ ရောက်ရှိလာပြီး နောက်ဆိုင်အတွင်း၌ ရှိနေသူ ဆိုင်လုပ်သား ကျော်ဦးနှင့် ၎င်း၏ ဖခင် ကိုဟန်ချို‌တို့အား စိမ်ခေါ်ကာ ရန်စကြောင်း၊ ကိုဟန်ချို‌က အကြိမ်ကြိမ်တားမြစ်သော်လည်း မရသည့်ပြင် တင်ငွေကပါလာသည့် ဓားနှင့် ထိုးမည်လုပ်သောကြောင့် တရားခံ ကျော်ဦးက ဒုတ်နှင့်ရိုက်ကာ ဓားကိုလုပြီး ထိုးခဲ့ကြောင်း၊ ယင်းနေ့ ညနေ ၄း ၁၅ နာရီတွင် တပ်ကုန်း ဆေးရုံ၌တင်ငွေသေဆုံးသွားကြောင်း ဖော်ပြလျက် တင်ငွေ၏ ညီမ ဖြစ်သူမမြသန်းက ရွှေမြို့ ရဲစခန်းသို့ သတင်းပေးတိုင်တန်းခဲ့သောအမှု ဖြစ်သည်။ ရွှေမြို့ ရဲစခန်းမှ တရားခံ ဟန်ချို‌နှင့် ကျော်ဦးသို့ သားအဖအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂ အရ တရားစွဲဆိုတင်ပို့ခဲ့ခြင်းဖြစ်သည်။

ကျော်ဦးတင်သွင်းသည့် ထောင်အယူခံလွှာနှင့် ဟန်ချို‌နှင့်ကျော်ဦးတို့အတွက် ရှေ့နေတင်သွင်းသော အယူခံလွှာတို့မှာ မူလဖြစ်ရပ်တစ်ခု

တည်းအတွက်ဖြစ်၍ ဤစီရင်ချက်သည်အဆိုပါအယူခံမှု (၂) မှု စလုံးနှင့် သက်ဆိုင်သည်။

အယူခံတရားလိုများ၏ ရှေ့နေကြီးက အချင်းဖြစ်စဉ်တွင် တရားခံ ဟန်ချိုမှာ ဆိုင်အတွင်းရှိသော်လည်း သေသူအား တောင်းပန်သည်မှ လွဲ၍မည်သို့မျှ ပြုမူခြင်းမရှိခဲ့ကြောင်း၊ တရားလို မမြသန်း၏ တိုင်ချက်တွင် ဟန်ချိုက ဒုတ်ဖြင့် ရိုက်သည်ဟူပါရှိသော်လည်း ရုံးရှေ့ထွက်ဆိုချက်တွင်မူ သားဖြစ်သူ ကျော်ဦး၏ လုပ်ရပ်ကိုသာမြင်တွေ့ကြောင်း၊ ဟန်ချိုမှာ အခင်းဖြစ်စဉ်က ကားလမ်းဘေး သစ်ပင်စိုက်ရန် ကျင်းတူးပြီးပြန်လာကာ အနားယူနေချိန် ဖြစ်ကြောင်း၊ သေသူအား အချင်းမဖြစ်ပွားရန် အတန်တန် တားခဲ့သည်ဟုလည်း မူလအမှုတွင် ပေါ်ပေါက်ကြောင်း၊ သေသူမှာ အခင်းမဖြစ်ပွားမီ ညဉ့်ကတည်းကပင် တရားခံတို့အပေါ် အကြိမ်ကြိမ် ရန်ပြုခဲ့သည်ဟုလည်း ပေါ်လွင်ကြောင်း၊ တင်စိုး (လိုပြ-၈) က အချင်းဖြစ်နေ့ နံနက် (၈) နာရီခန့်တွင် ၎င်းသည် တင်ငွေ၏ အိမ်သို့ အကြွေးသွားတောင်း ကြောင်း၊ သိုင်းသမား ချစ်လှ၊ ကိုအောင်ဆန်း (လိုပြ-၁၀) နှင့် အတူ အရက်သောက်နေသည်ကိုတွေ့ရကြောင်း ဟန်ချိုနှင့် ကျော်ဦးတို့ သားအဖ ကို အပွင့်အောင် သတ်မယ်ဟုပြောသံကြားရပြီး ချစ်လှနှင့် သေဆုံးသူတို့ နေအိမ်မှ အဟူထွက်သွားသည်ကို မြင်သည်ဟု ထွက်ဆိုခဲ့ကြောင်း၊ ကိုအောင်ဆန်း (လိုပြ-၁၀) က တင်စိုး (လိုပြ-၈) ကို ထောက်ခံထွက်ဆိုရာ၌ တင်ငွေလက်ထဲ ဓားပါသွားသည်ဟုလည်း ထွက်ဆိုထားကြောင်း၊ သေသူမှာ အခင်းဖြစ်နေ့ မတိုင်မီ ညဉ့်ကတည်းက ဟန်ချိုနှင့် ကျော်ဦးတို့သားအဖအား ရန်ပြုရန် ကိုဝင်းအောင် (ခံပြ-၃) ထမင်းဆိုင်သို့ လှဲနှင့် (၃) ကြိမ်တိုင်သွား ရောက်ခဲ့ကြောင်း၊ ကျော်ဦးသည် အခင်းဖြစ်နေ့နံနက် ၈ နာရီခန့်က ကိုဝင်းအောင် (ခံပြ-၃) ဆိုင်ထဲတွင် အလုပ်လုပ်နေစဉ် တင်ငွေဆိုင်ထဲ ဝင်လာပြီး ၎င်းတို့သားအဖကို စိန်ခေါ်ကြောင်း၊ ၎င်းက တင်ငွေအား ဦးလေးသားလောက်ပဲရှိသေးတယ်ဟု တောင်းပန်ကြောင်း၊ ဦးဟန်ချို ကလည်း တောင်းပန်ကြောင်း၊ တင်ငွေက ထောင်လည်းမဆန်းဘူး အချုပ်လည်း မဆန်းဘူး ပြောပြီး ဖခင် ဦးဟန်ချိုကို ဓားဖြင့်လှိုက်ကြောင်း၊ ၎င်းလည်း ကြောက်အားကြီးပြီး တင်ငွေကို တုတ်ဖြင့် ရိုက်လိုက်ကြောင်း၊ တင်ငွေရှိနေလျှင် သားအဖ ဒုက္ခရောက်မည်စိုး၍ တင်ငွေလက်ထဲရှိဓားကို လုယူကာ ဓားနှင့်ထိုးခဲ့ခြင်းဖြစ်သည်ဟု ထွက်ဆိုခဲ့ကြောင်း၊ ဖြောင့်ချက်တွင်လည်း ထိုအတိုင်းပါရှိကြောင်း၊ ဦးဟန်ချိုအပေါ် ပြစ်မှုမပေါ်ပေါက်ပါ

ဘဲပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂)/၁၁၄ ဖြင့် အလုပ်နှင့် ထောင်ဒဏ်(၇) နှစ်ချမှတ်ခြင်းမှာ ဥပဒေအရများစွာ မှားယွင်းပြီး ဦးဟန်ချို့တွင်များစွာ နစ်နာလှကြောင်း တင်ပြလျှောက်လဲသည်။

နိုင်ငံတော်အတွက်လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး လက်ထောက် ညွှန်ကြားရေးမှူးက နှစ်ဖက်သက်သေခံချက်များအရ ကျော်ဦး၏ လက်ချက် ကြောင့် တင်ငွေ သေဆုံးရခြင်းမှာ အငြင်းမပွားနိုင်သည့်အချက်ဖြစ်ကြောင်း၊ တရားခံကျော်ဦးက သေသူတင်ငွေအား ဓားဖြင့်ထိုးစဉ်က တရားခံဟန်ချို့ အနီးတွင်ရှိသော်လည်း ၎င်းက သေသူတင်ငွေအား တစ်စုံတစ်ရာပြုလုပ်ခဲ့ခြင်း၊ ကျော်ဦးက တင်ငွေအားဓားဖြင့်ထိုးနှိုင်ရန် ပံ့ပိုးပေးခြင်း၊ လှုံ့ဆော်ခြင်း များပြုလုပ်ခဲ့သည်ဟု တရားလိုဘက်မှ တင်ပြထွက်ဆိုနိုင်ခြင်းမရှိကြောင်း၊ တရားလို မမြသန်းကိုယ်တိုင်က တရားရုံးရှေ့ရောက်ရှိထွက်ဆို အစစ်ခံ ရာတွင် တိုင်ချက်ပါအချက်နှင့် ကွဲလွဲနေကြောင်း၊ တိုင်ချက်တွင် ဟန်ချို့က တုတ်ဖြင့် ရိုက်သည်ဟုပါရှိသော်လည်း ရုံးရှေ့တွင် ထိုအချက်ကို မထွက်ဆို ခဲ့ကြောင်း၊ သို့အတွက် ပူးတွဲတရားခံ ကျော်ဦး၏ အနီးအနားတွင် ဟန်ချို့ရှိနေခြင်းနှင့် စပ်လျဉ်း၍ အားပေးကူညီမှုဖြင့် အပြစ်ပေးရန်မှာ အားနည်းကြောင်း အဓိကထားလျှောက်လဲတင်ပြသည်။

မူလအမှုတွဲအရ သေသူတင်ငွေ၏ ညီမ မမြသန်း (လိုပြ–၂) က သေသူကို ကိုကျော်ဦးက ဓားဖြင့်ထိုးစဉ်က ဟန်ချို့မပါကြောင်း ထွက်ဆိုထား သည်။ သံချောင်း (လိုပြ–၄) ကလည်း အလားတူထွက်ဆိုထားသည်။ ကိုတုတ်ဖြူ (လိုပြ–၃)ကလည်း ကျော်ဦးထိုးသည်ကိုမြင်သည်ဟု သာထွက်ဆို သည်။ ကိုကံထွန်း (လိုပြ–၁၁) ကလည်း တင်ငွေကို ကျော်ဦးကတုတ်ဖြင့် ရိုက်သည်ကို မြင်ကြောင်းသာထွက်ဆိုထားသည်။ ကျော်ဦးက သက်သေခံ (၈) ဖြာင့်ချက်ကိုပေးသည်။ ဖြာင့်ချက်တွင် သေသူက ၎င်းနှင့် ဖခင် ဖြစ်သူ ဦးဟန်ချို့ကို စိန်ခေါ်သဖြင့် တောင်းပန်ရာမရခြင်းကြောင့် တုတ်နှင့် ရိုက်၊ ဓားဖြင့်ထိုးခဲ့ကြောင်းဖြာင့်ဆိုထားသည်။

တရားခံဦးဟန်ချို့က မိမိတို့သားအဖနှစ်ယောက်အနက် တစ်ယောက် ယောက်သတ်ရမှဟု တင်ငွေကကြိမ်းဝါးသဖြင့် တောင်းပန်ခဲ့ကြောင်း၊ ၎င်း၏ သားဖြစ်သူ ကျော်ဦးကိုလည်း ထပ်မံစိန်ခေါ်သဖြင့် ကျော်ဦးက ခွေးမောင်းတုတ်ဖြင့် တင်ငွေကိုရိုက်ကြောင်း၊ ဓားထုတ်ပြီး မိမိထံတင်ငွေ ပြေးလာသဖြင့် ကျော်ဦးက တင်ငွေကိုတုတ်ဖြင့်ရိုက်ပြီး ဓားကိုလုယူကာထိုး

၁၉၉၄
ဟန်ချို ပါ–၂
ကျော်ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

လိုက်ကြောင်းထွက်ဆိုသည်။ ရုံးရှေ့တွင် ကျော်ဦးကလည်း ထိုကဲ့သို့ပင်ထွက်ဆိုသည်။

အမှုရှိ သက်သေခံချက်များတွင် ဟန်ချို်က သေသူကို တစ်စုံတစ်ရာပြုလုပ်ကြောင်း၊ ကျော်ဦးကို အားပေးကူညီသည့်အပြုအမူပြုလုပ်မှုရှိခဲ့ကြောင်း သံသယ ကင်းရှင်းလောက်သည်အထိ ခိုင်မာလုံလောက်သော သက်သေခံချက်မရှိပေ။

သေသူသည် တရားခံသားအဖကို သတ်မည်ဟု ကြိမ်းမောင်းသည့်အပြင် စိန်ခေါ်ခဲ့ကြောင်းပေါ်လွင်သည်။ သေသူသည် ဆိုးသွမ်းသဖြင့် မိခင် ဒေါ်သန်းညွန့် (လိုပြ–၆) ကပင် စွန့်ပစ်ထားကြောင်းနှင့် ထောင်ကျဘူးကြောင်းလည်း ပေါ်ပေါက်သည်။ သက်သေခံချက်များအရ သေသူ တင်ငွေက ကျော်ဦးနှင့် ဦးဟန်ချို်တို့အား စိန်ခေါ်သည်ကို တောင်းပန်သော်လည်း မရသဖြင့် ဖြစ်ပေါ်လာသည့်အခြေအနေကို ကျော်ဦးက ရင်ဆိုင်လိုက်ရာမှ တင်ငွေ သေဆုံးခဲ့ကြောင်း ထင်ရှားသည်။

ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၀၇ တွင် အားပေးကူညီမှုမြောက်ရန် လိုအပ်သောအင်္ဂါရပ် (၃) ခု ပြဋ္ဌာန်းထားရှိရာ သူတစ်ဦးတစ်ယောက်အား လှုံ့ဆော်ခြင်း သို့မဟုတ်၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ်၊ တမင်ကူပံ့ခြင်း ပြုကြောင်း ထင်ရှားရန်လိုသည်။ ထိုဥပဒေပုဒ်မ ၁၀၇ ၏ ရှင်းလင်းချက် (၂) တွင် "မည်သူမဆို ပြုလုပ်မှုတစ်ခုကို မပြုမီဖြစ်စေ၊ ပြုဆဲအခါတွင်ဖြစ်စေ၊ ထိုပြုလုပ်မှုဖြစ်မြောက်၊ လွယ်ကူစေခြင်းငှါ အရာတစ်ခုခုကိုပြု၍ ထိုသို့ပြုခြင်းဖြင့် ပြုလုပ်မှုဖြစ်မြောက်ရန် လွယ်ကူစေလျှင် ထိုသူသည် ထိုပြုလုပ်မှုကိုပြုရန် ကူပံ့သည်မည်၏" ဟူ၍ ပြဋ္ဌာန်းပါရှိသည်။ မူလအမှုဌ ဘခင်ဖြစ်သူ ဦးဟန်ချို်က သားဖြစ်သူကျော်ဦးက သေသူတင်ငွေအား ရိုက်ရန်၊ ဓားဖြင့်ထိုးရန် တစ်နည်းနည်းဖြင့် လှုံ့ဆော်ခြင်း၊ တမင်ကူပံ့ခြင်းတို့ ပြုခဲ့ကြောင်း မည်သည့်သက်သေခံချက်မျှ မရှိချေ။

သို့အတွက် တင်ငွေအား တုတ်ဖြင့်ရိုက်၊ ဓားဖြင့်ထိုးနေသည့် အနီးအနားတွင် ဘခင်ဦးဟန်ချို်ရှိနေရုံမျှဖြင့် ဦးဟန်ချို်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂)/၁၁၄ အရ ပြစ်မှုထင်ရှားစီရင်ခြင်းမှာ မှားယွင်းသည်။

ထို့ကြောင့် မန္တလေးတိုင်း တရားရုံး (ရမည်းသင်း ခရိုင်) က ပြစ်မှုကြီးအမှတ် ၃၅/၉၂ တွင် ကျော်ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၂) အရ ထောင်ဒဏ် (၁၀)နှစ်ချမှတ်သည့် အမိန့်ကို အတည်ပြု၍

ဒဂုဇ္ဇ
ဟန်ချို ပါ-၂
ကျော်ဦး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်

ဟန်ချိုအပေါ် ဥပဒေပုဒ်မ ၃၀၂(၂)/၁၁၄ အရ ပြစ်မှုထင်ရှားတွေ့ရှိချက်နှင့် ပြစ်ဒဏ်ချမှတ်ချက်တို့ကို ပယ်ဖျက်ပြီး ၎င်းဟန်ချိုအား အမှုမှ အပြီးအပြတ် လွှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့်ရှေ့တွင်

+ ၁၉၉၄
ဧန်နဝါရီလ
၂၅ ရက်

မောင်အောင်စိုးလွင် (ခ) ဆန်နီ
နှင့်
ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ–၂ *

ရုံးပြောင်းလျှောက်ထားမှု–တစ်ရုံးတည်းတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်၍အများအမြင်တွင် ဖြစ်နိုင်ခြေရှိသော သံသယပင် ဖြစ်ခြင်း။ ဆုံးဖြတ်ချက်။ ။ တရားလိုသည်အမှုစစ်တရားသူကြီး၏ လက်အောက်တွင် တာဝန်ထမ်းဆောင်နေသူဖြစ်သဖြင့် သြဇာအရှိန်အဝါမရှိနိုင်သည်မှာ မှန်သော်လည်း တစ်ရုံးတည်းတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်ပြီး သံသယဖြစ်ဖွယ် အပြောအဆို ဆောင်ရွက်ချက်များလည်းရှိနေကြောင်း ကတိသစ္စာပြုလွှာတွင်ပါရှိသဖြင့် အများအမြင်တွင်ဖြစ်နိုင်ခြေရှိသော သံသယပင်ဖြစ်သည်။

လျှောက်ဝင်သူအတွက် – ဒေါ်တင်တင်လတ်၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူအတွက် – ၁။ဦးမျိုးချစ်။ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး။
၂။ ဦးမြင့်စိန်၊ တရားရုံးချုပ်ရှေ့နေ

ဘိုကလေးမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၂၈၀/၉၂ အမှုကို မော်လမြိုင်ကျွန်း မြို့နယ်တရားရုံး သို့မဟုတ် အခြားသင့်တော်ရာ မြို့နယ်တရားရုံးသို့ ရုံးပြောင်းရွှေ့စစ်ဆေးခွင့်ပြုရန် မူလရုံးတရားခံ မောင်အောင်စိုးလွင် (ခ) ဆန်နီက ဧရာဝတီတိုင်း တရားရုံးသို့ လျှောက်ထားခဲ့သော်လည်း မအောင်မြင်သောကြောင့်ဌင်းက တရားရုံးချုပ်သို့ ဤအထွေထွေမှုကို တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ အမှတ် ၅၇

\+ ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ် ၁ တွင် ချမှတ်သော (၁၃–၅–၉၃) ရက်စွဲပါ ဧရာဝတီတိုင်း တရားရုံး၏ အမိန့်ကိုလျှောက်ထားခြင်း

၁၉၉၄
မောင်အောင်စိုးလွင်(ခ) ဆန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂

အမှုမှာ ဘိုကလေးမြို့နယ် တရားရုံး ဒုတိယမြို့နယ် တရားသူကြီး ဦးအေးကိုကိုက ၁၁-၁၁-၉၂ နေ့ နံနက် ၁၀ နာရီခန့်၌ တန်တစ်ရာ ဆန်စက်တွင် အလုပ်လုပ်နေသူမောင်အောင်စိုးလွင် (ခ) ဆန်နီသည် မိမိ၏ ညီမဖြစ်သူ မစန်းစန်းထွေးအား အဆိုပါ ဆန်စက်မှ စာရင်းများ ပျောက်နေ၍ ရှာပေးရန်ဟု ပြောဆိုပြီး (၁) ရပ်ကွက် ကမ်းနားလမ်းနေ မိဘဖြစ်သူ ဦးတင်အေးနှင့် ဒေါ်ခင်ရီတို့၏ နေအိမ်မှ ခေါ်ယူသွားခဲ့ကြောင်း၊ ညနေပိုင်းအထိ မစန်းစန်းထွေး အိမ်ပြန်မလာသဖြင့် လိုက်လံ မေးမြန်းရာ ဆန်စက်သို့ရောက်လာခဲ့ခြင်းမရှိဟု သိရကြောင်း၊ ထို့ကြောင့် မစန်းစန်းထွေးအား သွေးဆောင်ခေါ်ယူသွားခဲ့သူ မောင်အောင်စိုးလွင်အား အရေးယူပေးရန် ဘိုကလေးမြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ တိုင်ကြားခဲ့သော အမှုဖြစ်သည်။

မောင်အောင်စိုးလွင်အတွက် လိုက်ပါသော ရှေ့နေက အဓိက အကြောင်းပြချက်များ လျှောက်ထားတင်ပြရာ၌ မူလရုံးတရားလို ဒုတိယမြို့နယ် တရားသူကြီးဦးအေးကိုကိုနှင့် အမှုကို လက်ခံစစ်ဆေးလျက်ရှိသည့် မြို့နယ် တရားသူကြီးတို့မှာ တစ်ရုံးတည်းအတူ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းအချင်းချင်းဖြစ်နေကြောင်း၊ တရားလိုမှာ ယင်းသို့တစ်ရုံးတည်းတွင် တာဝန်ထမ်းဆောင်လျက်ရှိနေသည့် တရားသူကြီးတစ်ဦးဖြစ်နေသောကြောင့် မိမိအနေဖြင့် ဘေးကြပ်နံကြပ်ဖြစ်နေသည်ဟု ၅-၁-၉၃ နေ့ရုံးချိန်းရက်တွင် မြို့နယ်တရားသူကြီးက ပြောဆိုခဲ့ဖူးကြောင်း၊ ထိုနေ့၌ သက်သေမစန်းစန်းထွေးအား ရဲစကူနှင့် တိုက်ဆိုင်စစ်မေးရန် မူလရုံးတရားခံဖြစ်သူမိမိတို့ဘက်က တင်ပြတောင်းဆိုရာတွင် "အမှုစစ် အောင်မင်းလွင်ဟာ သက်သေထွက်ချက်တွေကို ပြောတဲ့အတိုင်း ရေးချင်မှရေးတာ၊ အမှုက သက်သေထွက်ချက်တွေကို ကပြောင်းကပြန်လုပ်တာ ဒီရုံးက သိနေတယ်" ဟု မြို့နယ်တရားသူကြီးကပြောဆိုပယ်ချခဲ့ကြောင်း၊ ၂၉-၁၂-၉၂ ၅-၁-၉၃ နှင့် ၁၃-၁-၉၃ နေ့ ရုံးချိန်ရက်များတွင် ဥပဒေအရာရှိ လုံးဝမလာရောက်ဘဲ ၎င်း၏ ကြီးကြပ်မှု အောက်တွင် လိုက်ပါခွင့်ပြုထားသော ရှေ့နေကသာ ၎င်းသဘောအရ သက်သေများပယ်ခြင်း၊ တရားခံထည့်သွင်းရန် လျှောက်ထားခြင်းတို့ကို တရားရုံးကလျစ်လျူရှုခဲ့ကြောင်း၊ ယင်းအချက်များအရ မြို့နယ်တရားသူကြီးသည် မူလရုံးတရားလို ဒုတိယမြို့နယ်တရားသူကြီးဘက်မှ ဖေးမဆောင်ရွက်ရာရောက်နေသောကြောင့် လျှောက်ထားသူ မူလရုံးတရားခံအဖို့ စိုးရိမ်မကင်းဖွယ်ရာဖြစ်ပေါ်နေကြောင်း၊ အမှုအကြောင်းအရာတစ်ရပ်တည်းပေါ်တွင် ဒုတိယမြို့နယ်တရားသူကြီး ဦးအေးကိုကိုက

၁၉၉၄ မောင်အောင်စိုးလွင်(ခ) ဆန်နီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂

လျှောက်ထားသူမောင်အောင်စိုးလွင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၃အရ လည်းကောင်း၊ မစန်းစန်းထွေးကလည်း ယင်းဥပဒေပုဒ်မ ၃၇၆ အရ လည်းကောင်း အမှုနှစ်မှုစွဲဆိုခဲ့ကြောင်း၊ ထို့ကြောင့် ယင်းကဲ့သို့ ဦးအေးကိုကို ၏ ရာထူးအရိန်အဝါမကင်းသော ဘိုကလေးမြို့နယ် တရားရုံး၌ အမှုကို ဆက်လက်စစ်ဆေးနေခြင်းဖြင့် အမှုနှင့်တရားမပေါ်ပေါက်နိုင်သောကြောင့် တရားခံဖြစ်သူမောင်အောင်စိုးလွင်အဖို့ သဘာဝအလျောက် စိတ်နှလုံးမချမ်းမြေ့ဖွယ်ရာ စိုးရိမ်ကြောင့်ကြမှုတွေ့ကြုံခံစားနေရကြောင်း၊ ဖော်ပြပါအကြောင်းအရာအားလုံးကို တွေ့မြင်သိရှိခဲ့သော မောင်အောင်စိုးလွင်၏ အဒေါ် ဒေါ်တင်စိန်၏ ကျမ်းကျိန်လွှာကိုပါ ပူးတွဲတင်ပြထားကြောင်း၊ မောင်အောင်စိုးလွင်နှင့် မစန်းစန်းထွေးတို့နှစ်ဦးသဘောတူလက်ထပ်စာချုပ်ကို မော်လမြိုင်ကျွန်းမြို့နယ် မရမ်းကျေးရွာ (ရဝတ) အဖွဲ့ရှေ့တွင် ချုပ်ဆိုခဲ့ပြီး ယင်းမြို့နယ်အတွင်းနေထိုင်ပေါင်းသင်းခဲ့ကြကြောင်း၊ ထို့ကြောင့် မူလမှုကို သက်သေများသွားလာရေးအဆင်ပြေလွယ်ကူစေနိုင်မည့် မော်လမြိုင်ကျွန်းမြို့နယ် တရားရုံး သို့မဟုတ် အခြားသင့်တော်ရာ တရားရုံးသို့ ပြောင်းရွှေ့စစ်ဆေးစေသင့်ကြောင်း တင်ပြသည်။

တိုင်းတရားရုံး၏ စီရင်ချက်တွင် မြို့နယ်တရားရုံးက သက်သေမစန်းစန်းထွေးအား ရဲရှေ့ထွက်ချက်နှင့် တိုက်ဆိုင်စစ်ဆေးခွင့် မပြုခဲ့ခြင်းမှာ အမှုစစ်အရာရှိသည် မိမိထွက်ဆိုသမျှကို ပြည့်စုံစွာမရေးခဲ့ပါဟု သက်သေကိုယ်တိုင်က ထွက်ဆိုထားချက်ရှိနေကြောင်း၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၃ အရ အမှုတွင် လက်ထပ်စာချုပ် ချုပ်ဆိုရာ ဒေသနှင့်အတူနေထိုင်ရာ ဒေသတို့မှာ အဓိကကျသော အချက်များမဟုတ်ဘဲ တရားခံက အမျိုးသမီးအားသွေးဆောင်ဆွဲခေါ်သွားခဲ့ရာ ဒေသရှိ တရားရုံး၌သာ စစ်ဆေးစီရင်ရန်ဖြစ်ကြောင်း၊ ကျန်တရားလိုပြသက်သေ (၈) ဦးအား စစ်ဆေးစဉ်တစ်လျှောက်လုံးတွင် တရားမျှတမှုမရရှိနိုင်လောက်အောင် စိုးရိမ်မကင်းဖွယ်ရာ အခြေအနေပေါ်ပေါက်ခြင်း မတွေ့ရဘဲ မစန်းစန်းထွေးကို စစ်ဆေးသည့်အခါတွင်မှ တရားခံက ယင်းသို့ တင်ပြခဲ့ခြင်းဖြစ်သည်ဟု တွေ့ရကြောင်း၊ သို့ဖြစ်ရာ မူလမှုကို ဘိုကလေးမြို့နယ် တရားရုံး၌ ဆက်လက်စစ်ဆေးနေခြင်းဖြင့် တရားမျှတမှုရနိုင်မည်မဟုတ်ဟု မူလရုံးတရားခံ၏ စိုးရိမ်မှုသည် ကြောင်းကျိုးညီညွတ်မှုမရှိသည့် ကြိုတင်ပူပန်မှုသာဖြစ်နေသောကြောင့် ၎င်း၏ ရုံးပြောင်းလျှောက်လွှာကို ပလပ်ကြောင်းသုံးသပ်အမိန့်ချမှတ်ထားသည်။

၁၉၉၄
မောင်အောင်စိုး
လွင်(ခ)
ဆန်နီ
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ-၂

ရှေ့နေချုပ်ရုံးကိုယ်စားလိုက်ပါဆောင်ရွက်သော ဥပဒေအရာရှိကအမှုတွင် တရားလိုပြသက်သေ(၉)ဦးကို စစ်ဆေးပြီးဖြစ်နေကြောင်း၊ အမှုစစ် တရားသူကြီးနှင့် အမှုမှ တရားလိုသည် တစ်ရုံးတည်းအတူတာဝန်ထမ်းဆောင်ရုံမျှဖြင့် တရားစီရင်ရေးမတ္တိုင် တိမ်းစောင်းစေနိုင်မည် မဟုတ်ကြောင်း၊ အမှုစစ်တရားရုံးသည် အမှုကို မျှတမှုန်ကန်အောင် အထူးဝိရိယစိုက်ဆောင်ရွက်နေခြင်းဖြစ်သောကြောင့် ရုံးပြောင်းရန် အကြောင်းမရှိကြောင်း အဓိက လျှောက်လဲသည်။

တရားလိုသည် ဘိုကလေးမြို့နယ်တရားရုံးမှ ဒုတိယမြို့နယ် တရားသူကြီးဖြစ်သည်။ အမှုစစ်သူသည် ဘိုကလေးမြို့နယ်တရားရုံးမှ မြို့နယ် တရားသူကြီးဖြစ်သည်။ ထို့ကြောင့် တရားလိုသည် မိမိရာထူးအားဖြင့် အမှုစစ်တရားသူကြီးအပေါ် သြဇာအရှိန်အဝါ အသုံးပြုဖွယ်အကြောင်းမရှိပေ။ မှန်ကန်မျှတပြီး လွတ်လပ်စွာ စီရင်ခွင့်ရှိမည့် အခြေအနေဖြစ်သည်။

အမှုစစ်တရားသူကြီးက မှန်ကန်မျှတပြီး လွတ်လပ်စွာ စီရင်ရုံဖြင့် မပြီးသေး၊ ထိုသို့ စီရင်ကြောင်းအများ ပြည်သူအားလည်း သိစေရန်လိုသည်။သို့မှသာ တရားစီရင်ရေးအပေါ် ပြည်သူများ ယုံကြည်ပြီး အားကိုးလာမည်။ ဤသည်ကို ထိန်းကျောင်းပေးရန် တရားရုံးချုပ်တွင် တာဝန်ရှိသည်။

တရားလိုသည် အမှုစစ်တရားသူကြီး၏ လက်အောက်တွင် တာဝန်ထမ်းဆောင်နေသူဖြစ်သဖြင့်၊ သြဇာအရှိန်အဝါမရှိနိုင်သည်မှာ မှန်သည်။ သို့သော် တစ်ရုံးတည်းတွင် တာဝန်ထမ်းဆောင်နေကြသူများဖြစ်သည်။ သံသယဖြစ်ဖွယ် အပြောအဆို ဆောင်ရွက်ချက်များလည်း ရှိနေကြောင်း ကတိသစ္စာပြုလွှာတွင်ပါရှိသည်။ အများအမြင်တွင် ဖြစ်နိုင်ခြေရှိသော သံသယပင်ဖြစ်သည်။ ဤအခြေအနေမျိုးတွင် ဘိုကလေးမြို့နယ်တရားရုံး၌ ဆက်လက်စစ်ဆေးစီရင်ရန်မှာ သင့်မည်မဟုတ်ပေ။

ထို့ပြင် မစန်းစန်းထွေးက တိုင်တန်းသဖြင့် ဘိုကလေးရဲစခန်းက မောင်အောင်စိုးလွင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ၃၇၆ အရ ဘိုကလေးမြို့နယ် တရားရုံးပြစ်မှုကြီးအမှုအမှတ် ၈/၉၃ ဖြင့် တရားစွဲဆိုထားကြောင်းလည်း ကတိသစ္စာပြုလွှာအရ တွေ့ရှိရသည်။ ယင်းအမှုတွဲ၏ စွဲချက်ကိုကြည့်သောအခါ ယခုရုံးပြောင်းလျှောက်ထားသော အမှုအမှတ် ၁၂၈၀/၉၂ ၏ စွပ်စွဲချက်ဖြစ်ရပ်အပေါ် အခြေခံထားကြောင်း တွေ့ရသည်။ ထို့ကြောင့်

၁၉၉၄ မောင်အောင်စိုး လွင်(ခ) ဆန့်နိ နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ-၂

အမှုအမှတ် ၈/၉၃ ကိုလည်းအမှုအမှတ် ၁၂၈၀/၉၂ နှင့်အတူတစ်ရုံးတည်းတွင် စစ်ဆေးသင့်ကြောင်းတွေ့ရသည်။

သို့ဖြစ်ပါ၍ ဤအထွေထွေလျှောက်ထားမှုကို ခွင့်ပြုသည်။ ဘိုကလေးမြို့နယ် တရားရုံး၏ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၂၈၀/၉၂ နှင့် ၈/၉၃ တို့ကို မော်လမြိုင်ကျွန်းမြို့နယ်တရားရုံးသို့ လွှဲပြောင်းစစ်ဆေးစေရန် အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့်ရှေ့တွင်

ဦးအောင်သာဌေး

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်–၂ *

+ ၁၉၉၄ စက်တင်ဘာလ ၂၈ ရက်

၁၉၆၂ ခုနှစ်မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီဥပဒေအမှတ် ၅) ပုဒ်မ ၁၆–က အရမည်သူမျှ ကျွန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေး ဝန်ရုံးက ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိလျှင် ဆေးကုသခြင်း လုပ်ငန်း မလုပ်ကိုင်ရခြင်း ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ အက်ဥပဒေ ကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂၇ အရ မှတ်ပုံတင် ဆရာဝန်မဟုတ်ဘဲ မှတ်ပုံတင်ဆရာဝန်အယောင်ဆောင်ခြင်းကြောင့် တစ်ပါးသူအလိမ်ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ ပြစ်မှု ထင်ရှား စီရင်ခံရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ ၁၉၅၃ ခုနှစ် တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေတွင်ဖြစ်စေ၊ ၁၉၆၂ ခုနှစ် တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေတွင်ဖြစ်စေ၊ တိုင်းရင်းမြန်မာဆေးဆရာ အဖွဲ့ အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေ (၁၉၈၇ ခုနှစ် ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၈) တွင်ဖြစ်စေ "တိုင်းရင်းမြန်မာဆေးဆရာ" ဟုသာ သုံးနှုန်းထားကြောင်းတွေ့ရှိရသည်။ သို့အတွက် ဦးအောင်သာဌေးက မိမိကိုယ်ကို မိမိ "မျက်စိကုသမားတော်ကြီး ဦးအောင်သာဌေး"ဟု လက်ကမ်းကြော်ငြာတွင် ထည့်သွင်းခဲ့ခြင်း၊ ဆရာဝန်များ ဝတ်စုံ ဝတ်ဆင်၍ မျက်စိကုသခြင်း၊ မျက်စိကို မိုးကြိုးသွားဖြင့် ခွဲစိတ်ကုသခြင်း တို့မှာ မျက်စိရောဂါကို အထူးကုသခွင့်ရသည့် မှတ်ပုံတင် ဆရာဝန်မဟုတ်ဘဲ

---

* ၁၉၉၄ ခုနှစ် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၉ (ခ)

\+ ၁၉၉၃ ခုနှစ် ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၅၁ တွင် ချမှတ်သော (၂၁–၁–၉၄) ရက်စွဲပါ မန္တလေးတိုင်း (မိတ္ထီလာခရိုင်) တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု

၁၉၉၄
ဦးအောင်သာဆွေးနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ-၂

ကုသရာရောက်သည်၊ တစ်ချိန်တည်းတွင်ပင် မျက်စိကုသမား တော်ကြီးဘွဲ့လက်မှတ်မရှိဘဲ မျက်စိကုသမားတော်ကြီးအဖြစ် အယောင်ဆောင်ရာရောက်သည်။

လျှောက်ထားသူအတွက် – ဦးထိန်လင်း၊ တရားရုံးချုပ်ရှေ့နေ

လျှောက်ထားခံရသူများအတွက်– ဦးမျိုးချစ်၊ လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး

မိတ္ထီလာမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၃၉၄/၉၃ တွင် တရားခံ ဦးအောင်သာဌေးအား ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၆-က(၂) အရ ထောင်ဒဏ် (၃) နှစ်နှင့် ဒဏ်ငွေကျပ် ၅၀၀/- ပေးဆောင်စေရန်၊ ဒဏ်ငွေမဆောင်လျှင် နောက်ထပ် ထောင်ဒဏ် (၃) လကျခံစေရန်နှင့် အဆိုပါ အက်ဥပဒေ ပုဒ်မ ၂၇ (၁) အရ ထောင်ဒဏ် (၇)နှစ်ကျခံစေရန်နှင့် ဒဏ်ငွေ ကျပ် ၁၀၀၀/-ပေးဆောင်စေရန်၊ ဒဏ်ငွေမဆောင်ကနောက်ထပ် ထောင်ဒဏ် (၆) လကျခံရန် ပြစ်ဒဏ်များကို တစ်သီးတစ်ခြားစီကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်အပေါ် အယူခံမှုတင်သွင်းရာ မန္တလေးတိုင်းတရားရုံး(မိတ္ထီလာခရိုင်) က အကျဉ်းနည်းပလပ်ခဲ့သောကြောင့် ဦးအောင်သာဌေးက ဤပြင်ဆင်မှုကို တရားရုံးချုပ်သို့ တင်သွင်းသည်။

အမှုမှာ မိတ္ထီလာမြို့ကျည်ကုန်းရပ်ကွက် မြောက်ကျောင်းတွင် ဗိုလ်ကြီးအောင်သာဌေး (အငြိမ်းစား)သည်ကျန်းမာရေးဝန်ကြီးဌာနညွှန်ကြားရေးမှူးချုပ်၏ မှတ်ပုံတင်ခွင့်ပြုချက်မရှိဘဲ မျက်စိဝေဒနာရှင်များအား ဆေးကုသနေသည်ကို အရေးယူပေးရန် မိတ္ထီလာမြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ ညွှန်ကြားစာအရ မိတ္ထီလာအမှတ်(၂) ရဲစခန်းမှ ဒုရဲအုပ် အောင်ဝင်းက သတင်းပေးတိုင်တန်းခဲ့သော အမှုဖြစ်သည်။

မိတ္ထီလာမြို့နယ် တရားရုံးက တရားခံ ဦးအောင်သာဌေးသည် ၎င်းအား ဝိုင်းရင်းဆေးဖြစ် ကုသခွင့်သော်လည်းကောင်း၊ သက်ဆိုင်ရာ ဆေးပညာအောင်ထားသော အထောက်အထားသော်လည်းကောင်း ပြသနိုင်ခြင်းမရှိဘဲ မိမိကိုယ်မိမိသမားတော်ဟု သမုတ်ထားခြင်းမှာ ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၆-က(၂) ကို ကျူးလွန်ရာရောက်ကြောင်း၊ မျက်စိကုသနေစဉ် ဆရာဝန်များဝတ်ဆင်လေ့ရှိသည့် တာဝန်ကျဝတ်စုံကို ဝတ်ဆင်ခြင်းသည် ထိုဥပဒေပုဒ်မ ၂၇(ခ) အရ မှတ်ပုံတင်ဆေးကုသခွင့်ရသည့် ဆရာဝန်အယောင်ဆောင်ခြင်း

ဖြစ်သည်မှာ ထင်ရှားကြောင်း သုံးသပ်ကာ ပြစ်မှုနှစ်ရပ်ဖြင့်ပြစ်ဒဏ် စီရင်ထားသည်။

မန္တလေးတိုင်း တရားရုံး (မိတ္တီလာခရိုင်) က ပြင်ဆင်မှုကို အကျဉ်းနည်း ပလပ်ထားသည်။

ဦးအောင်သာရွှေး၏ ရှေ့နေကြီးက မူလအမှုတွဲပါ သက်သေခံ (၄) ကြော်ငြာစာအရ တိုင်းရင်းဆေးပညာမျက်စိကုသမားတော်ကြီးဟု ဖော်ပြထား ပါလျက် တိုင်းရင်းမြန်မာဆေးဆရာအက်ဥပဒေပုဒ်မ ၂၅ ဖြင့် တရား စွဲဆိုခြင်းမပြုဘဲ ၁၉၆၂ ခုနှစ်မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၆ (က) နှင့် ၂၇ (၁) အရ ပြစ်မှုထင်ရှားစီရင် ခြင်းမှာ မှားယွင်းကြောင်း၊ လျှောက်ထားသူအနေဖြင့် မျက်စိဝေဒနာရှင် များအား ဆေးကုသရာတွင် အနောက်တိုင်းဆေးပညာနည်းဖြင့် အသုံးပြု သည့် ဆေးဝါးနှင့် ပစ္စည်းကိရိယာများကို လုံးဝ သုံးစွဲခြင်းမရှိသည့်အပြင် ယင်းကဲ့သို့သော သက်သေခံ ပစ္စည်းမျိုးလည်း သိမ်းဆည်းရမိခြင်း မရှိခဲ့ကြောင်း၊ ဂျူတီကုတ်ကို အဖြူကို ဝတ်၍ ဆေးကုသသည်ဆိုသော စွပ်စွဲချက်မှာ ၁၉၆၂ ခုနှစ် ဆေးဘက်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ တရားစွဲအနိုင်ရစေရန် တမင်ဖန် တီးထားခြင်းဖြစ်ကြောင်း၊ အဆိုပါ ဂျူတီကုတ်အင်္ကျီမျိုးကို ဆံသဆိုင်ဝန်ထမ်းများ၊ မြန်မာနိုင်ငံဆေးဝါး ထုတ်လုပ်ရေး လုပ်ငန်းမှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံပုလဲနှင့် ငါးလုပ်ငန်းဌာနရှိ အအေးခန်းဝန်ထမ်း၊ မာတ်ခွဲခန်းဝန်ထမ်းများအနေဖြင့် သန့်ရှင်းသပ်ရပ် မှုနှင့် အန္တရာယ်ကာကွယ်မှုရနိုင်စေရန် အလားတူ ဝတ်ဆင်ကြကြောင်း၊ တရားလိုပြသက်သေ မမေစန်း၏ ထွက်ဆိုချက်အရ ဦးအောင်သာရွှေး ကုသပေး၍ မျက်မှန်ပင်မကပ်ရတော့ဘဲ မျက်စိမြင်လာသည်မှာလည်း ပေါ်လွင်ကြောင်း၊ တိုင်းရင်းဆေး ပညာနည်းဖြင့် ကုသနည်းကို အဆင့်မြှင့် တင်ပေးရမည့်အစား တိုင်းရင်းဆေးဆရာသမားတော်ကို အနောက်တိုင်း ဆေးပညာဆရာဝန်ဖြစ်သယောင် မမှန်မကန်စွပ်စွဲ၍ အပြစ်ပေးခြင်းမှာ တရားမျှတမှု ကင်းမဲ့ကြောင်း တင်ပြထားသည်။

နိုဝင်တော်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံး လက်ထောက် ညွှန်ကြားရေးမှူးက ဦးအောင်သာရွှေး ဆေးကုသနေသည့် မာတ်ပုံ မှတ်တမ်းများ၊ "ဦးအောင်သာရွှေး၊ မျက်စိကုဌာန" ဟူသော သစ်သား ဆိုင်းဘုတ်၊ "တိုင်းရင်းဆေးပညာနှင့် မျက်စိကုသမားတော်ကြီး ဦးအောင်သာ ရွှေး" ဟူသော လက်ကမ်းကြော်ငြာတို့အရ လည်းကောင်း၊ ဦးအောင်သာရွှေး

၁၉၉၄
ဦးအောင်သာရွှေး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ-၂

သည် ဆရာဝန်များ ဆေးကုသရာတွင် ဝတ်ဆင်လေ့ရှိသော ဝတ်စုံအဖြူကို ဝတ်ဆင်၍ ကုသကြောင်း မာတ်ပုံမှတ်တမ်းများအရ လည်းကောင်း ဦးအောင်သာရွှေးသည် တိုင်းရင်းဆေးပညာနည်းအရ ဆေးကုသခဲ့သည်ဟု မပေါ်လွင်ကြောင်း၊ တိုင်းရင်းဆေးပညာရပ်တွင် မျက်စိရောဂါ အထူးကု ဘာသာရပ်ကို သင်ရိုးညွှန်းတမ်းအနေဖြင့် သင်ကြားပေးခြင်းမရှိသေးကြောင်း၊ မျက်စိကု ဆရာဝန်ကြီး ဒေါက်တာမင်းသိမ်း (လိုပြ-၃) က ဦးအောင်သာရွှေး၏ ကုထုံးမှာ တိုင်းရင်းဆေး ကုထုံးမဟုတ်ဟု ထွက်ဆိုထားကြောင်း၊ အမ်ဘီဘီအက်စ်ဘွဲ့ရသူတစ်ဦးသည် ဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိပြီး ဘွဲ့လွန်ဘာသာရပ်အောင်မြင်ပြီးမှသာ အထူးကုဆရာဝန်ကြီး၊ သမားတော်ကြီး စသည်ဖြင့် ဆေးကောင်စီတွင် မှတ်ပုံတင်၍ သတ်မှတ်ခေါ်ဝေါ်ခွင့်ပြုခြင်းသာရှိသဖြင့် ဦးအောင်သာရွှေးအပေါ် ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၁၆-က(၂)နှင့် ၂၇ (၁)တို့အရ ပြစ်မှုထင်ရှား စီရင်ခြင်းမှာ မှန်ကန်ကြောင်း လျှောက်လဲတင်ပြသည်။

ဦးအောင်သာရွှေး၏ တင်ပြချက်အရ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ မှတ်ပုံတင်အမှတ် ၁၂၅၃၅ ကို ၂၃-၅-၅၇ နေ့တွင် ရရှိထားသူဖြစ်ကြောင်း သက်သေခံ (၃) အရ ပေါ်ပေါက်သော်လည်း မှတ်ပုံတင်လက်မှတ်တွင် "သမားတော်" ဟူသော ခေါ်ဝေါ်သုံးနှုန်းမှုပါရှိကြောင်း မတွေ့ရပေ။ ၁၉၅၃ ခုနှစ် တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေတွင်ဖြစ်စေ၊ ၁၉၆၂ ခုနှစ် တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေတွင်ဖြစ်စေ၊ တိုင်းရင်းမြန်မာဆေးဆရာအဖွဲ့ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁၉၈၇ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၈) တွင်ဖြစ်စေ "တိုင်းရင်းမြန်မာဆေးဆရာ" ဟူသော သုံးနှုန်းထားကြောင်း တွေ့ရှိရသည်။

သို့အတွက် ဦးအောင်သာရွှေးက မိမိကိုယ်မိမိ "မျက်စိကုသမားတော်ကြီး ဦးအောင်သာရွှေး" ဟု လက်ကမ်းကြော်ငြာတွင် ထည့်သွင်းခဲ့ခြင်း၊ ဆရာဝန်များ ဝတ်စုံကို ဝတ်ဆင်၍ မျက်စိကုသခြင်း၊ မျက်စိကို မိုးကြိုးသွားဖြင့် ခွဲစိပ်ကုသခြင်းတို့မှာ မျက်စိရောဂါကို အထူးကုသခွင့်ရသည့် မှတ်ပုံတင်ဆရာဝန်မဟုတ်ဘဲ ကုသရာရောက်သည်။ တစ်ချိန်တည်းတွင်ပင် မျက်စိအထူးကုသမားတော်ကြီး ဘွဲ့လက်မှတ်မရရှိဘဲ မျက်စိအထူးကု သမားတော်ကြီးအဖြစ် အယောင်ဆောင်ရာရောက်သည်။

၁၉၆၂ ခုနှစ် မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁၉၆၂ ခုနှစ် တော်လှန်ရေး ကောင်စီ ဥပဒေအမှတ် ၅) ပုဒ်မ ၁၆-က (၂) တွင် "မည်သူမျှ ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးဝန်ရုံးက ထုတ်ပေးသော မှတ်ပုံတင် လက်မှတ်မရှိလျှင် ဆေးကုသခြင်း လုပ်ငန်းမလုပ်ကိုင်ရ" ဟု ပြဋ္ဌာန်းပါရှိသည်။

၁၉၆၉ ဦးအောင်သာရွှေး နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါ-၂

မူလအမှုတွဲရှိ သက်သေခံ (ခ-၁) အရ ဦးအောင်သာရွှေးသည် ဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း ကျန်းမာရေးဌာန ညွှန်ကြားရေးဝန်ရုံးက ထုတ်ပေးသော လက်မှတ်မရရှိဘဲ မျက်စိကုသခြင်းပြုခဲ့ကြောင်း ထင်ရှားပေါ်လွင်၍ ယင်းဥပဒေပုဒ်မ ၁၆-က(၃) အရ ပြစ်ဒဏ် စီရင်ခြင်းခံရမည် ဖြစ်သည်။ ယင်းဥပဒေပုဒ်မ ၁၆-က(၃) အရ ထောင် (၂) နှစ်မှ (၅)နှစ် အထိ အလုပ်ကြမ်းနှင့်ထောင်ဒဏ်အပြင် ငွေဒဏ်လည်း စီရင်ခြင်းခံထိုက် မည်ဖြစ်သည်။

၁၉၆၂ ခုနှစ် မြန်မာနိုင်ငံတော် ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေပုဒ်မ ၂၇ တွင်-

"(၁) မည်သူမဆို မှတ်ပုံတင်ဆရာဝန်မဟုတ်ဘဲလျက် မှတ်ပုံတင် ဆရာဝန်ယောင်ဆောင်လျှင် ထိုသို့ အယောင်ဆောင်ခြင်းကြောင့် သူတစ်ဦးတစ်ယောက်အလိမ်ခံရသည်ဖြစ်စေ၊ မခံရသည်ဖြစ်စေ၊ ငါးနှစ်မှဆယ်နှစ်ထိ **အလုပ်ကြမ်းနှင့်** ထောင်ဒဏ်အပြင် ငွေဒဏ်လည်း စီရင်ခြင်း**ခံရမည်**"

ဟု ပြဋ္ဌာန်းပါ**ရှိသည်။**

မူလအမှုတွဲရှိ နှစ်ဘက်သက်သေခံစာရွက်များ၊ သက်သေခံ စာရွက်စာတမ်းများအရ လျှောက်ထားသူ **ဦးအောင်သာ**ရွှေးအပေါ် မူလရုံးက ၁၉၆၂ ခုနှစ် မြန်မာနိုင်ငံဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၆-က (၂) အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၃) နှစ်ကျခံစေရန် နှင့် ဒဏ်ငွေကျပ် ၅၀၀/-ပေးဆောင်စေ၊ မဆောင်က နောက်ထပ် ထောင်ဒဏ် (၃) လ ကျခံစေရန်နှင့် ၁၉၆၂ ခုနှစ် ဆေးဘက်ဆိုင်ရာ အက်ဥပဒေကို ဒုတိယအကြိမ်ပြင်သည့် ဥပဒေပုဒ်မ ၂၇ (၁) အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၇) နှစ်ကျခံစေရန်နှင့် ဒဏ်ငွေကျပ် ၁၀၀၀/- ပေးဆောင်စေ၊ မဆောင်က နောက်ထပ်ထောင်ဒဏ် (၆)လကျခံစေသည့်အမိန့်မှာ မှားယွင်းခြင်းမရှိပေ။ **သို့ရာတွင် ဆိုခဲ့သည့်ပြစ်မှုနှစ်ရပ်မှာ မျက်စိဝေဒနာ** ကုသခြင်း လုပ်ငန်းတွင် တစ်ဆက်တစ်စပ်တည်းပေါ်ပေါက်သော ပြစ်မှုများဖြစ်၍

၁၉၉၄
ဦးအောင်သာဒွေး
နှင့်
ပြည်ထောင်စု
မြန်မာနိုင်ငံတော်
ပါ-၂

ပြစ်ဒဏ်များကို တစ်ပေါင်းတည်းကျခံစေမှသာလျှင် လျော်ကန်သင့်မြတ်မည်ဖြစ်သည်။

ဦးအောင်သာဒွေးအား ထောင်ဒဏ်နှစ်ရပ်ကို တစ်သီးတစ်ခြားစီ ကျခံရန် ချမှတ်ထားသော အမိန့်အစား တစ်ပေါင်းတည်းကျခံစေရန် ပြင်ဆင်ချက်ဖြင့် ဦးအောင်သာဒွေးအပေါ် မူလရုံးက ပြစ်မှုထင်ရှား စီရင်ထားသော အမိန့်များနှင့် ပြစ်ဒဏ်စီရင်ချက်များကို အတည်ပြုလိုက်သည်။

၁၉၉၄ ခုနှစ်
တရားမဆိုင်ရာအမှုများ

စီရင်ထုံးပြုသော တရားမမှုများ

			စာမျက်နှာ
ဦးကံထွန်း ပါ-၃	နှင့်	ဒေါတင်မြ ပါ-၂	၁
ဦးကျော်စိုး	နှင့်	အက်စ်အလီခန်း (ခ) ဦးလှမောင် ပါ-၂	၉
ဒေါကျင်အေး ပါ ၂	နှင့်	ဒေါဖြူ	၁၄
ဦးခင်မောင်ညို	နှင့်	ဒေါချိုချို ပါ-၁၀	၁၉
ဒေါခင်လှမြင့်	နှင့်	ဒေါညွန့်အေးစိုး ပါ-၇	၂၆
ဦးစူလ်တန်	နှင့်	ဦးစိန်မောင်	၂၉
ဒေါစိန်ကြည်	နှင့်	ဦးသန်းစိန်	၃၄
ဦးစိန်အေး	နှင့်	ဦးလှသိန်း ပါ-၄	၄၁
ဆရာချယ်	နှင့်	ဒေါတင်တင် ပါ-၈	၄၅
ဒေါတင်မြ	နှင့်	ဦးစံလင်း	၅၆
ဦးတင်မြင့်	နှင့်	ဦးစမ်းယီ	၆၂
ဒေါတင်ရွှေ	နှင့်	ဒေါကြည်ဝင်း ပါ-၂	၆၅
ဦးထွန်းမောင်	နှင့်	ဦးစံဝင်း ပါ-၂	၇၀
ဦးထွန်းရင် ပါ-၂	နှင့်	မဝင်းရီ ပါ-၈	၇၄
ဗုဒ္ဓသာသနာပဋိပတ္တိ သာသနာပြုအဖွဲ့ချုပ်	နှင့်	ဒေါမေဒနီ	၈၀
ဦးဘရှင်	နှင့်	ဦးမောင်စိန်	၈၈
ဒေါက်တာမြင့်မြင့်သန်း	နှင့်	ဦးမောင်မောင်	၉၂
ဒေါလှမြင့်	နှင့်	ဦးရီ ပါ-၂	၉၈
ဒေါလှမြင့် (ခ) ဒေါလှကြိုင်	နှင့်	ဒေါခင်စန်းမြင့် ပါ-၂	၁၀၅
ဦးပီစီမာလကာ	နှင့်	ကျိုက်စ်ရှားမား ပါ-၂	၁၀၉
ဦးသာစိန် ပါ-၁၀	နှင့်	ဒေါဝိုင်း	၁၁၃
ဦးအဘူ ဒေါကမာလ်ဇံ ပါ-၄	နှင့်	ဒေါကမာလ်ဇံ ပါ-၄ ဦးအဘူ	၁၁၈
ဦးဥမားပသီး	နှင့်	ဦးဘီစနပ် ပါ-၂	၁၂၈

(က)
စာမျက်နှာ

တရားမမူဆိုင်ရာအမှုများ

ဥပဒေများ–

- တရားမကျင့်ထုံးဥပဒေ
- တရားရုံးများ မထေမဲ့မြင်ပြုလုပ်မှု အက်ဥပဒေ
- ပဋိညာဉ်အက်ဥပဒေ
- ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေ
- မဟာမေဒင်ဥပဒေ
- မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ
- သီးခြားသက်သာခွင့်ဥပဒေ
- သက်သေခံဥပဒေ
- အမွေဆက်ခံရေး အက်ဥပဒေ
- ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ

တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁။ တရားမ ဈာရိမှုကို တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁ အရ မူလဘူတ အာဏာကျင့်သုံးပြီး ၁၈တွဆိုင်းငံ့ခြင်း၊ ဈာရိမှုတစ်ခုကို ဆိုင်းငံ့ထားရန် တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းချက်များရှိပြီးဖြစ်၍ ပုဒ်မ ၁၅၁ အရ မူလဘူတအာဏာကို အလွယ်တကူ ကျင့်သုံးခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ ရန်ကုန်တိုင်း တရားရုံးနှင့် တရားရုံးချုပ်တို့က ၁၉၉၁ ခုနှစ် တရားမ ဈာရိမှုအမှတ် ၁၇ ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ မူလဘူဘအာဏာ ကို သုံးစွဲ၍ ခေတ္တဆိုင်းငံ့ထားခဲ့ခြင်းဖြစ်သည်။ ယင်းကျင့်ထုံးဥပဒေပုဒ်မအရ မူလဘူတ အာဏာကို တရားမကျင့်ထုံး ဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းချက်မရှိမှသာ ကျင့်သုံးရန် ဖြစ်သည်။ ဈာရိမှုတစ်မှုကို ဆိုင်းငံ့ထားရန် ပြဋ္ဌာန်းချက်များရှိရာ ၎င်းတို့မှာ တရားမ ကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၂၆၊ နည်း ၂၉ နှင့် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၅ တို့ ဖြစ်ကြသည်။ ထိုပြဋ္ဌာန်းချက်များရှိပြီးဖြစ်၍ တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ မူလဘူတအာဏာကို အလွယ်တကူ ကျင့်သုံးခွင့်မရှိချေ။ ဈာရိမှုကို ခေတ္တ ဆိုင်းငံ့ထားရန် လျှောက်ထားသူ

ဒေါ်အမိဇံဘီဘီသည် မူလတရားမကြီးမှုတွင်လည်းကောင်း၊ ၁၉၉၁ ခုနှစ် စာမျက်နှာ
တရားမဇာရီမှုအမှတ် ၁၇ တွင်လည်းကောင်း အမှုသည်အဖြစ် ပါဝင်သူ
မဟုတ်ခဲ့ပေ။ အမှုသည် မဟုတ်သူအနေဖြင့် ဇာရီ အတည်ပြုခြင်း ခံရ
သည့်အခါ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၇ မှ ၁၀၃ အထိ
ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခွင့် ရှိနေသည်။ ဤအခြေအနေတွင်
ရန်ကုန်တိုင်း တရားရုံးက တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁ အရ မူလ
ဘူတအာဏာကို သုံးစွဲ၍ ဇာရီမှုကို ဆိုင်းငံ့ခဲ့ခြင်းသည် အမှုတွဲတွင် ပေါ်
ပေါက်သည့် သက်သေခံချက်များအရ မှန်ကန်သည်ဟု မဆိုနိုင်ပေ။
ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို အတည်ပြုခဲ့သော တရားရုံးချုပ်၏
အမိန့်သည်လည်း ဥပဒေနှင့် မညီချေ။

ဦးကျော်စိုး နှင့် အက်စ်အလီခန်း(ခ)ဦးလှမောင် ပါ–၂ ၉

တရားမ ကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ ပါ ပြဋ္ဌာန်းချက်အရ "ပဏာမအချက်" ဆိုသည့်စကားရပ်၏ အဓိပ္ပာယ်။

ဆုံးဖြတ်ချက်။ ။ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ ပါ "ပဏာမအချက်" ဆိုသည့် စကားရပ်တွင် အမှုကို စွဲဆိုခွင့် မရှိကြောင်း ထုချေချက်နှင့် စပ်လျဉ်း၍ ပဏာမငြင်းချက်နှင့် သက်ဆိုင်သော ဥပဒေအချက်အလက်ကိုသာ ဆိုလိုသည်မဟုတ်။ အခြားအချက်များသို့မဟုတ် ငြင်းချက်များကို အဆုံးအဖြတ်ပေးရန် မလိုတော့သည့် အကြောင်းခြင်းရာ သို့မဟုတ် ဥပဒေအချက်အလက်များလည်း အကျုံးဝင်သည်။ တစ်နည်းအားဖြင့် ထိုအချက်အလက် သို့မဟုတ် ငြင်းချက်များအပေါ် ဆုံးဖြတ်ချက်အရ အခြားအချက်အလက် သို့မဟုတ် ငြင်းချက်များကို အဆုံးအဖြတ်ပေးရန် မလိုတော့လျှင် ယင်းသို့ဆုံးဖြတ်ခြင်းမှာ ပဏာမအချက်အရ ဆုံးဖြတ်ခြင်းဖြစ်သည်။ ဤအမှုတွင် မူလတရားရုံးကနို့တစ်စာ တရားမဝင်ကြောင်းနှင့် ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း ဆုံးဖြတ်ချက်မှာ အမှုတွဲရှိ အခြားအချက်အလက် သို့မဟုတ် ငြင်းချက်များကို အဆုံးအဖြတ်ပေးရန် မလိုတော့စေသည့်အလျောက် အဆိုပါ ဆုံးဖြတ်ချက်သည် ပဏာမအချက်အရ ဆုံးဖြတ်ချက်ဖြစ်သည်။

ဦးခင်မောင်ညို ဒေါ်ချိုချို ပါ–၁၀ ၁၉
(ကွယ်လွန်သူ ဒေါ်ဖာတမာဘီ၏ နှင့် (ကွယ်လွန်သူ ဒေါ်လှ၏
တရားဝင် ကိုယ်စားလှယ်) တရားဝင်ကိုယ်စားလှယ်များ)

တရားလိုအဖြစ် အစစ်ခံခွင့်ကို စွန့်လွှတ်ပြီး သူ၏ကိုယ်စား အခြားသူ တစ်ဦးက တရားလို၏ကိုယ်စား အစစ်ခံခွင့်၊ သက်သေထူခွင့်မရှိခြင်း။ စာမျက်နှာ

ဆုံးဖြတ်ချက်။ ။ တရားမ ကျင့်ထုံးဥပဒေအမိန့် ၁၈၊ နည်း ၂(၁)ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် စတင်ဆောင်ရွက်ခွင့်ရှိသော အမှုသည်က ဦးစွာ မိမိ၏အမှုအကြောင်းကို တင်ပြပြီး ဆက်လက်၍ မိမိအမှုအား ထောက်ခံသည့် သက်သေခံ အထောက်အထားများကို တင်ပြရမည်။ ဤအမှုတွင် တရားလိုဖြစ်သူ ဦးတင်မြင့်သည် မိမိ၏အမှုအကြောင်း တင်ပြခွင့်ကို စွန့်လွှတ်ပြီးဖြစ်၍ မိမိအား ထောက်ခံသည့် သက်သေခံချက်များ တင်ပြခွင့်ကိုလည်း တစ်ပါတည်း စွန့်လွှတ်ခဲ့ပြီးဖြစ်သည်ဟု ဆိုရမည်။

ဦးတင်မြင့်(အထွေထွေကိုယ်စားလှယ်စာရသူ နှင့် ဦးစမ်းယီ ... ၆၂
ဒေါ်မော်မော်ထွန်း)

ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းအဖြစ် အဆုံးအဖြတ် ခံယူရန်အလို့ငှာ သက်ဆိုင်ရာ သံဃာအဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြဖူးသည့်ပြဿနာ၊ မည်သည့်အခါ တရားမ တရားရုံးများက လက်ခံစစ်ဆေးခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးသည့် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းဆုံးဖြတ်ခြင်းမပြုသည့် အငြင်းပွားမှုသည် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းဟု ဆိုနိုင်မည် မဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းအဖြစ် သံဃဝိနိစ္ဆယရုံးက စစ်ဆေးဆုံးဖြတ်ခြင်းမပြုသော ပြဿနာအား တရားမ တရားရုံးက လက်ခံစစ်ဆေး ကြားနာခြင်းကို အထက်တွင် ဖော်ပြခဲ့သည့် ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၁၂ နှင့် လုပ်ထုံးလုပ်နည်းအပိုဒ် ၂၂ တို့က ပိတ်ပင်ရန် အကြောင်းမရှိနိုင်ပေ။
ဗုဒ္ဓသာသနာပဋိပတ္တိသာသနာပြု
အဖွဲ့ချုပ်(၎င်း၏ကိုယ်စား နှင့် ဒေါ်မေဒနီ ... ၈၀
ဥက္ကဋ္ဌ ဦးကျော်သိန်း)

တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၄(၁) နှင့် (၃) – တိုင်းတရားသူကြီးသည် ဒုတိယတိုင်းတရားသူကြီး သို့မဟုတ် လက်ထောက်တိုင်းတရားသူကြီး စစ်ဆေးလျက်ရှိသည့် မပြီးပြတ်သေးသော တရားမမှုများကို လွှဲပြောင်းပေးနိုင်သည့်အာဏာ ရှိခြင်း။ စာမျက်နှာ

ဆုံးဖြတ်ချက်။ ။ တရားရုံးချုပ်က တရားစီရင်ရေးဥပဒေပုဒ်မ ၉ အရ ပြည်နယ်၊ တိုင်းတရားရုံးများအား တည်ဆဲတရားဥပဒေတစ်ရပ်ရပ်ပါ ခရိုင်တရားမတရားသူကြီး၏ အာဏာများကို အပ်နှင်းထားရာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၄(၁) အရ တိုင်းတရားရုံးသည်လည်း အမှုလွှဲပြောင်းပေးနိုင်သည့် စီရင်ပိုင်ခွင့်ကို ရရှိပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၄(၃)တွင် ဤပုဒ်မပါ ကိစ္စများ အလို့ငှာ တွဲဖက်တရားသူကြီးရုံးများနှင့် လက်ထောက် တရားသူကြီးရုံးများသည် ခရိုင်တရားမရုံး၏ လက်အောက်ခံရုံးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရာ တိုင်းတရားသူကြီးသည် ဒုတိယတိုင်းတရားသူကြီး သို့မဟုတ် လက်ထောက်တိုင်းတရားသူကြီး စစ်ဆေးလျက်ရှိသည့် မပြီးပြတ်သေးသော တရားမမှုများကို လွှဲပြောင်းပေးနိုင်သည့် အာဏာ ရှိပေသည်။

ဒေါ်လှမြင့်(ခ)ဒေါ်လှကြိုင် နှင့် ဒေါ်ခင်စန်းမြင့် ပါ–၂ ... ၁၀၅
(၎င်း၏ကိုယ်စားလှယ်စာရသူ မကြည်ကြည်အေး)

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၁၇(၄)– တရားရုံးက ပဋိညာဉ်အတိုင်း အရောင်းစာချုပ်ချုပ်ဆိုပေးရန် ပျက်ကွက်လျှင် သို့မဟုတ် ငြင်းဆန်လျှင် ဆောင်ရွက်ရမည့်နည်းလမ်း။

ဆုံးဖြတ်ချက်။ ။ ဒီကရီ အတည်ပြုပေးရန် လျှောက်လွှာတစ်စောင်ကို လက်ခံပြီး ဖြစ်လျှင် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၂၁ နှင့် နည်း ၂၂ တို့အရ ဆောင်ရွက်ရန် အကြောင်းမရှိလျှင် နည်း ၁၇(၄) အရ ဒီကရီ အတည်ပြုကြောင်း အမိန့်ချမှတ်ရမည်။ နည်း ၂၁ နှင့် နည်း ၂၂ တို့အရ ဆောင်ရွက်ရန် လိုအပ်လျှင် ယင်းပြဋ္ဌာန်းချက်အရ လိုအပ်သည်များကို ဆောင်ရွက်ပြီးမှ ဒီကရီ အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ သင့်သည် ထင်မြင်သည့်အမိန့်ကို ချမှတ်ရသည်။ ထို့ကြောင့် အရောင်း ပဋိညာဉ်အရ ဆက်လက် ဆောင်ရွက်ပေးရန် ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားမှုတွင် ယင်းဒီကရီကို အတည်ပြုကြောင်းနှင့်

မည်သို့မည်ပုံ အတည်ပြုမည်ဖြစ်ကြောင်း ဦးစွာအမိန့်ချမှတ်ရန် လိုသည်၊ စာမျက်နှာ
မည်သို့မည်ပုံ အတည်ပြုမည် ဆိုခြင်းသည် တရားရုံး၏ အနေအထားနှင့်
တရားနိုင်၏ သဘောဆန္ဒအပေါ် မူတည်၍ သတ်မှတ်ဆောင်ရွက်ရသည်။
တရားရုံးက ရောင်းဖိုးကျန်ငွေကို လက်ခံရယူရန်နှင့် ပဋိညာဉ်အတိုင်း
အရောင်းစာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်လျှင် သို့မဟုတ် ငြင်းဆန်လျှင်
တရားနိုင်က တရားရုံးအနေဖြင့် တရားရုံးကိုယ်စား ရောင်းဖိုးကျန်ငွေကို
လက်ခံ ရယူ၍ အရောင်းစာချုပ် ချုပ်ဆိုပေးရေးအတွက် အမိန့် ၂၁၊ နည်း
၃၄(၁)နှင့်အညီ စာချုပ် မူကြမ်းကို တရားရုံးသို့ တင်ပြနိုင်သည်။ ယင်း
တင်ပြချက်အပေါ် မူတည်၍ ရောင်းဖိုး ကျန်ငွေကို တရားရုံးသို့ ပေးသွင်း
စေလျက် အမိန့် ၂၁၊ နည်း ၃၄(၂)နှင့်အညီ စာချုပ် မူကြမ်းကို နို့တစ်စာနှင့်
အတူ တရားရုံးထံ ပေးပို့၍ ကန့်ကွက်ရန်ရှိက ကန့်ကွက်နိုင်ရန် အကြောင်းကြား
ရသည်။ တရားရုံး၏ ကန့်ကွက်ချက်ရှိလျှင် ယင်းကန့်ကွက်ချက်များကို
လက်ခံ၍ အမိန့် ၂၁၊ နည်း၃၄(၃)အရ တရားရုံးက သင့်သည် ထင်မြင်သည့်
အတိုင်း စာချုပ်မူကြမ်းကို သဘောတူသော သို့မဟုတ် ပြုပြင်ပြောင်းလဲသော
အမိန့်ကို ချမှတ် နိုင်သည်။ ယင်းစာချုပ်ကို အမိန့် ၂၁၊ နည်း ၃၄(၄)အရ
တရားရုံးက ခန့်အပ်သော ဝန်ထမ်းက တရားရုံးကိုယ်စား ချုပ်ဆိုပေးရန်ဖြစ်၍
ယင်းသို့ တရားရုံးကိုယ်စား တရားရုံးက ခန့်အပ်သော ဝန်ထမ်းက ချုပ်ဆို
ပေးကြောင်း ပေါ်လွင်စေရန် နည်း ၃၄(၅)ပါ ပုံစံအတိုင်း ရေးသားရန်လိုသည်။
ဦးသာစိန် ပါ–၁၀ နှင့် ဒေါ်ဝိုင်း(ဌင်း၏ကိုယ်စားလှယ် ... ၁၁၃
ဦးသန်းမြင့်)

တရားရုံးများ မထေမဲ့မြင်ပြုခြင်း အက်ဥပဒေပုဒ်မ ၃၊ တရားရုံးအဆင့်ဆင့်က အချင်းဖြစ်မြေမှ ထွက်ခွာပေးရန် ဒီကရီ ချမှတ်ပြီးဖြစ်ခြင်း၊ အချင်းဖြစ်မြေကို ဘုရားပိုင်မြေဟု အဆိုပြု၍ တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ စာရေးသားပေးပို့ခြင်းမှာ တရားရုံးများကို မထေမဲ့မြင်ပြုလုပ်ရာရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ တရားရုံးအဆင့်ဆင့်က အချင်းဖြစ်မြေမှ ထွက်ခွာ
ပေးရန် စီရင်ချက်နှင့် ဒီကရီကို ချမှတ်ခဲ့ကြပြီးဖြစ်သည်။ ဂျီအက်စ်ရှားမားနှင့်
ဦးဂိုပါလ်တို့က ကာလီ ဘာလီဘုရားပိုင်မြေဖြစ်သည်ဟု အဆိုပြုပြီး တိုင်း
ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ စာပေးပို့ခဲ့သည်။ တရားရုံးတွင်
အမှုဆိုင်စဉ်ကလည်း ၎င်းတို့၏ အဆိုပြုချက်ကို တင်ပြခုခံခဲ့ပြီးဖြစ်သည်။
တရားရုံးအဆင့်ဆင့်က လက်မခံခဲ့ကြချေ။ သို့ဖြစ်၍ တရားရုံး အဆင့်ဆင့်၏

ဆုံးဖြတ်ချက်အတိုင်း အချင်းဖြစ်မြေမှ ဖယ်ပေးရန်သာ ရှိသည်။ ထိုသို့ စာမျက်နှာ
မဟုတ်ဘဲ ဘုရားပိုင်မြေဟု အဆိုပြုပြီး ဥက္ကဋ္ဌ၊ ရောဝတီတိုင်း ငြိမ်ဝပ်ပိပြားမှု
တည်ဆောက်ရေးအဖွဲ့၊ ပုသိမ်မြို့သို့ အချင်းဖြစ်မြေကို ဝရမ်းထုတ် သိမ်းပိုက်ခြင်း
မပြုလုပ်ရန်အတွက် စာရေးသား ပေးပို့ခြင်းမှာ တရားရုံးများကို မထေမဲ့မြင်
ပြုရာရောက်သည်။

ဦးပိစိမာလကာ နှင့် ကျိုက်စ်ရှားမား ပါ–၂ (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံး ၁၀၉
ဆိုင်ရာ ဟိန္ဒူသာသနာရေးအဖွဲ့ ချုပ်)

**ပဋိညာဉ်အက်ဥပဒေ၊ "အဖိုးစားနား" ဟူသော စကားရပ်အဓိပ္ပာယ်။ သီးခြား
သက်သာခွင့် ဥပဒေ– သီးခြားဆောင်ရွက်စေခွင့်ကို အမိန့်ချမှတ်ပေးရာတွင်
တရားရုံးမှ ချင့်ချိန်၍ ဆုံးဖြတ်ခွင့်ရှိခြင်း။**

ဆုံးဖြတ်ချက်။ ။ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂(ဃ)တွင် အဓိပ္ပာယ်
ဖွင့်ဆိုချက်များအရ အဖိုးစားနားဟူသည် ငွေကြေးသက်သက်ကို ရည်ညွှန်း
ခြင်း မဟုတ်ဘဲ ပဋိညာဉ်ပြုသူနှင့် သဘောတူ အပေးအယူ ပြုလုပ်ကြသည့်
ကတိကဝတ်များသာ ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၂၂ အရမှာ
ပဋိညာဉ်တွင် ပါရှိသည့်အတိုင်း ဆောင်ရွက်ရာတွင် တရားပြိုင်အပေါ်
နစ်နာစေရန်အကြောင်းရှိပြီး၊ ဆိုင့်သည့်အတိုင်း မဆောင်ရွက်ခဲ့လျှင် တရားလို
အပေါ် နစ်နာစေရန် အကြောင်းမရှိသည့် အမှုများနှင့်သာ သက်ဆိုင်သည်၊
ယခုကိစ္စတွင် ပဋိညာဉ်အတိုင်း ဆောင်ရွက်ခြင်းအားဖြင့် တရားပြိုင်တွင်
နစ်နာရန်အကြောင်းမရှိပဲ ပဋိညာဉ်အတိုင်း မဆောင်ရွက်ခဲ့လျှင် တရားလိုအပေါ်
နစ်နာစေရန် အကြောင်းရှိသည့်အတွက် မူလရုံးက တရားလို ဦးမောင်မောင်
စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ခဲ့ခြင်းနှင့် ယင်းဒီကရီကို တရားရုံးချုပ်က
အတည် ပြုထားခြင်းတို့မှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

ဒေါက်တာမြင့်မြင့်သန်း နှင့် ဦးမောင်မောင် ... ၉၂

**ပစ္စည်းလွဲပြောင်းရေးအက်ဥပဒေပုဒ်မ ၅၃–က။ မှတ်ပုံမတင်ထားသည့်
အပေးစာချုပ်အရ လက်ရောက်ရယူနေထိုင်လာသူသည် ပစ္စည်း လွဲပြောင်း
ရေး အက်ဥပဒေပုဒ်မ ၅၃–က၏ အကာအကွယ်ကို ရွှင့်မရှိခြင်း။**

ဆုံးဖြတ်ချက်။ ။ ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃–က၏
အကာအကွယ်ကို ရယူနိုင်ရန် အောက်ပါအချက်အလက်များ ပြည့်စုံဖို့လိုသည်–

(၁) အချင်းဖြစ်ပစ္စည်းကို ပိုင်ရှင်က တရားပြိုင်အား အဖိုးစားနားဖြင့် စာမျက်နှာ
လွှဲပြောင်း ပေးခြင်း ဖြစ်ရမည်။

(၂) စာဖြင့် ရေးသားထားသော တရားဝင် ပဋိညာဉ်ဖြစ်ရမည်။

(၃) ပဋိညာဉ်စာချုပ်ကို ပိုင်ရှင်က လက်မှတ်ရေးထိုးရမည်။ သို့မဟုတ်
၎င်း၏ ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရမည်။

(၄) ပဋိညာဉ်ကို တစ်စိတ်တစ်ဒေသ ဆောင်ရွက်သောအားဖြင့်
တရားပြိုင်သည် ပစ္စည်းကို လက်ရှိရယူထားရမည်။

(၅) ကျန်ဆောင်ရွက်ရန် ရှိသမျှကို တရားပြိုင်ဘက်မှ ဆောင်ရွက်ပြီး
ဖြစ်စေရ မည် သို့မဟုတ် ဆောင်ရွက်ရန် အသင့်ရှိစေရမည်။

မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို မေတ္တာဖြင့် ပေးကမ်းခြင်းသည် အဖိုးစားနား မပါရှိဘဲ လွှဲပြောင်းပေးခြင်းသာ ဖြစ်၍ မှတ်ပုံမတင်သည့် အပေးစာချုပ်အရ လက်ရောက်ရယူနေထိုင်သောသူသည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃-က ၏ အကာအကွယ်ကို ရခွင့်မရှိချေ။

ဦးဥမ္မားပသီး နှင့် ဦးဘီစနပ်ပါ-၂ ... ၁၂၈

မဟာမေဒင်ဥပဒေ။ ဝါကပ်ဖ် ပြုလုပ်ခြင်း၊ တရားဝင် အထမြောက်သော ဝါကပ်ဖ်ဖြစ်ရန် လိုအပ်ချက်များ။

ဆုံးဖြတ်ချက်။ ။ ဝါကပ်ဖ် ပြုလုပ်ခြင်းသည် မဟာမေဒင်ဥပဒေအရ ထာဝရလွှဲဒါန်းသည့်သဘောဖြစ်သည်။ ဝါကပ်ဖ် ပြုလုပ်ပုံပြုလုပ်နည်းနှင့် စပ်လျဉ်း၍ မည်သည့်ပုံစံအရ ပြုလုပ်ရမည်ဟု တရားသေ သတ်မှတ်ချက် မရှိချေ။ တရားဝင် အထမြောက်ရန် နှုတ်ဖြင့်ဖြစ်စေ၊ စာချုပ်စာတမ်းနှင့် ဖြစ်စေ ပြုလုပ်နိုင်သည်။ ဝါကပ်ဖ် ပြုလုပ်ကြောင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြတ်သားစွာ ထုတ်ဖော်ပြောဆိုလျှင် လုံလောက်သည်။ သို့ရာတွင် ဝါကပ်ဖ်စာချုပ် ချုပ်ဆိုပြုလုပ်ခဲ့ပါမူ ဝါကပ်ဖ်ပစ္စည်းသည် တန်ဖိုးငွေ ကျပ် တစ်ရာနှင့်အထက် တန်ဖိုးရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းပါရှိလျှင် ဝါကပ်ဖ်စာချုပ်ကို မှတ်ပုံတင်အက်ဥပဒေနှင့်အညီ မှတ်ပုံတင်ရန် လိုသည်။

ထပ်မံဆုံးဖြတ်ချက်။ ဝါကပ်ဖ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာချုပ်ချုပ်ဆို၍ဖြစ်စေ မည်သည့်နည်းဖြင့် အဆိုပြုလုပ် လွှဲဒါန်းခြင်း ပြုနိုင်သည်မှန်သော်လည်း တရားဝင် အထမြောက်သော ဝါကပ်ဖ် ဖြစ်ရန်အတွက် တညီတညွတ်တည်း လက်ခံထားသည့် အချက်မှာ ဝါကပ်ဖ် ပြုလုပ်ကြောင်းကို အများသိစေရန် သို့မဟုတ် အသိသက်သေများရှေ့တွင် အလွှဲရှင်က ဝါကပ်ဖ် ပြုလုပ်

လျှောဒါန်းကြောင်းကို မြွက်ဟကြေညာခြင်းပြုရန် လိုသည်။ ဝါကပ်ဖ်ကို စာမျက်နှာ နှုတ်ဖြင့် ပြုလုပ်လျှင် အလျှောရှင်သည် အများရှေ့၌ ဝါကပ်ဖ်ပြုလုပ် လျှောဒါန်းကြောင်း နှုတ်ဖြင့် မြွက်ဟ ကြေညာရန် လိုအပ်သည်။ ဝါကပ်ဖ်စာချုပ် လုပ်ရန် လျှောဒါန်းခြင်း ပြုလုပ်ခဲ့လျှင်လည်း အများသိရှိစေမည့် မြွက်ဟ လျှောဒါန်းသည့် လုပ်ရပ်ဖြစ်ရလေအောင် အသိသက်သေများအား ဝါကပ်ဖ် စာချုပ်တွင် လက်မှတ်ရေးထိုးစေရန် လိုသည်။ အလျှောရှင်အမည်ဖြင့် မိမိ ပစ္စည်းကို ဝါကပ်ဖ် ပြုလုပ်လျှောဒါန်းကြောင်း အများသိရှိကြောင်း မြွက်ဟ ကြေညာမှု ပြုလုပ်ခဲ့ခြင်း ရှိမရှိမှာ ဝါကပ်ဖ် တရားဝင် အထမြောက် မမြောက် စိစစ်ရာ၌ အဓိကအရေးကြီးသည့်အချက် ဖြစ်သည်။

ဆရာချယ် နှင့် ဒေါ်တင်တင်ပါ-၈ ... ၄၅

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂၊ ယင်းဥပဒေ ပြဋ္ဌာန်းချက်အရ မြွက်ဟ ကြေညာပေးစေလိုမှုသက်သက် စွဲဆိုနိုင်ရန် လိုအပ်ချက်များ- တရားလိုသည် တရားစွဲဆိုချိန်တွင် မိမိ၏အခွင့်အရေးနှင့် သက်ဆိုင်ခြင်း မရှိဘဲ တရားပြိုင်၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ မြွက်ဟကြေညာလိုမှု စွဲဆိုခွင့်မရှိခြင်း-တရားလိုအနေဖြင့် ၎င်းကွယ်လွန်သည့်အခါ သားသမီးများ၏ အမွေဆက်ခံပိုင်ခွင့်ကို ပိတ်ပင်နိုင်စေရန်အတွက် သေတမ်းစာသဘော သက်ရောက်သည့် တောင်းဆိုချက်နှင့် အစီအမံတို့ကို ပြုလုပ်ပိုင်ခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ မူလရုံး တရားလို ဦးသန်းစိန်က အဆိုလွှာတွင် စွဲဆိုထားသောအမှုမှာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးစေလိုမှု သက်သက် စွဲဆိုခြင်းဖြစ်ကြောင်း တွေ့ရသည်။ အဆိုပါ ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟ ကြေညာချက်သက်သက် တောင်းဆိုနိုင်ရန် အောက်ပါအချက်များနှင့် ညီညွတ်ရန်လိုသည်-

(က) တရားလိုသည် အမှုစွဲဆိုချိန်တွင် တည်ရှိနေသော ၎င်း၏ တရားဝင်အခြေအနေ သို့မဟုတ် ပစ္စည်းနှင့် စပ်လျဉ်းသည့် အခွင့်အရေးနှင့် ပတ်သက်၍ စွဲဆိုခြင်း ဖြစ်ရမည်၊

(ခ) အဆိုပါ တရားလို၏ တရားဝင်အခြေအနေ သို့မဟုတ် ပစ္စည်း ပိုင်ဆိုင်ခွင့်ကို တရားပြိုင်က ငြင်းကွယ်ရမည် သို့မဟုတ် ငြင်းကွယ်ရန် လိုလားနေသူ ဖြစ်ရမည်၊

(ဂ) တရားလိုအနေဖြင့် နောက်ဆက်တွဲ သက်သာခွင့်တောင်းဆို စာမျက်နှာ
နိုင်သည့် အခြေအနေ မရှိစေရပေ။

ထပ်မံဆုံးဖြတ်ချက်။ ဦးသန်းစိန် စွဲဆိုသောအမှုမှာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်နှင့်လည်းကောင်း၊ ယင်းပြဋ္ဌာန်းချက်တွင် ဖော်ပြထားသော ဥပမာ(က) မှ (ဇ)အထိတို့နှင့်လည်းကောင်း အကျုံးဝင် ညီညွတ်သောအမှုမဟုတ်ကြောင်း တွေ့ရသည်။ တရားလိုသည် တရားစွဲဆိုချိန်တွင် မိမိ၏အခွင့်အရေးနှင့် သက်ဆိုင်ခြင်းမရှိဘဲ တရားပြိုင်၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ မြွက်ဟကြေညာလိုမှု စွဲဆိုခွင့်မရှိချေ။

ထပ်မံဆုံးဖြတ်ချက်။ နှစ်ဘက်အမှုသည်တို့မှာ မြန်မာဗုဒ္ဓဘာသာဝင်များဖြစ်ကြသည်မှာ အငြင်းမပွားချေ။ မြန်မာ့ထုံးတမ်းဥပဒေအရ အမွေရှင်သေဆုံးသည်နှင့်တပြိုင်နက် ကျန်ရစ်သူ အမွေဆိုင်များသည် ဥပဒေအရ အပြီးအပိုင် အပ်နှင်းရရှိသော အခွင့်အရေး (Vested Right) အရ ၎င်းတို့ကိုယ်ပိုင်အခွင့်အရေးအနေဖြင့် အမွေဆက်ခံပိုင်ခွင့်ရရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ တရားလို ဦးသန်းစိန်အနေဖြင့် ၎င်းကွယ်လွန်သည့်အခါ သားသမီးများ၏ အမွေဆက်ခံပိုင်ခွင့်ကို ပိတ်ပင်နိုင်စေရန်အတွက် သေတမ်းစာသဘော သက်ရောက်သည့် တောင်းဆိုချက်နှင့် အစီအမံတို့ကို ပြုလုပ်ပိုင်ခွင့်မရှိချေ။

ဒေါ်စိန်ကြည် နှင့် ဦးသန်းစိန် ... ၃၄

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာချက် ဒီကရီ ရရန် စွဲဆိုသောအမှု–နတ်နန်း၏ နတ်ထိန်းအရိုက်အရာကို မြွက်ဟ ကြေညာချက်ရရန် စွဲဆိုခွင့် ရှိမရှိ– နတ်နန်းထိန်း၏အဓိပ္ပာယ်။

ဆုံးဖြတ်ချက်။ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာချက်ဒီကရီကို ချမှတ်ပေးနိုင်ရန်အတွက် တရားလိုတွင် ဥပဒေနှင့်အညီ ရရှိထားသော တရားဝင် အခြေအနေတစ်ရပ်ရပ် သို့မဟုတ် ပစ္စည်းနှင့် စပ်လျဉ်း၍ ရထိုက်သော အခွင့်အရေးတစ်ရပ်ရပ် ရှိရန် အဓိကလိုအပ်သည်။ ထို့ပြင် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာချက်ဒီကရီသည် တရားရုံး၏ ဆင်ခြင်တုံတရားအရ ပေးသင့်မှ ပေးရသော သက်သာခွင့်မျိုးလည်းဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ အနောက်ကတော်နတ်နန်း၏ နန်းထိန်းဆိုသည်မှာ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အမေရေယာဉ်နတ်ပွဲတွင် အစဉ်အလာအရ အပူတော်ခံတည်ဆောက်ခဲ့သည့် နန်းခွေ၏ ထိန်းသိမ်းသူအဖြစ် အဓိပ္ပာယ်ရသည်။

နတ်နန်းထိန်းဆိုသည်မှာ ဥပဒေအရ လူတစ်ဦးတစ်ယောက်၏ အခွင့်အရေး စာမျက်နှာ ရပိုင်ခွင့်မဟုတ်သကဲ့သို့ ပစ္စည်းနှင့် ပတ်သက်သည့်အခွင့်အရေး ရပိုင်ခွင့် လည်း မဟုတ်ချေ။
ဒေါ်တင်ရွှေ　　နှင့်　　ဒေါ်ကြည်ဝင်း ပါ-၂　　..　　၆၅

မြန်မာလေ့ထုံးတမ်းဥပဒေ၊ မိသားစု စီမံမှုတွင် အမွေဆိုင်အစုံအလင် ပါဝင်ရမည်ဆိုသည့်အချက်၊ မည်ကဲ့သို့ ကောက်ယူသင့်ခြင်း။

ဆုံးဖြတ်ချက်။ အမွေပုံကို မိသားစုစီမံမှုအရ ညှိနှိုင်းခွဲဝေယူကြရာတွင် အမွေဆိုင်အချင်းချင်း သဘောတူ ညီညွတ်မှုက အဓိကဖြစ်သည်။ အမွေဆိုင် တို့သည် တစ်ရပ်တစ်ကျေးစီတွင် သီးခြားနေထိုင်ကြရာဝယ် တစ်နေရာတည်း တွင် စုစည်းဆုံတွေ့ကြရန် လွယ်ကူမည် မဟုတ်ပေ။ ထိုသို့ တညီတညွတ် တည်း စုစည်းဆုံတွေ့မှသာ မိသားစု စီမံမှု အထမြောက်မည်ဆိုလျှင် အထမြောက်မည့် မိသားစုစီမံမှုတစ်ခုဖြစ်ရန် ခဲယဉ်းပေလိမ့်မည်။ သို့ဖြစ်၍ အမွေဆိုင်အစုံအလင် ပါဝင်ရမည်ဆိုရာတွင် ၎င်းတို့အားလုံး၏ ဆန္ဒသဘော ထားများ ပါဝင်ရမည်ကို ဆိုလိုခြင်းဖြစ်သည်ဟု ကောက်ယူသင့်သည်။

ထပ်မံဆုံးဖြတ်ချက်။ ဤအမှုတွင် အမွေကိစ္စ ညှိနှိုင်းခွဲဝေကြစဉ်က မပါဝင်ခဲ့သူ ဒေါ်မြကြည်ကိုယ်တိုင်က ထိုကဲ့သို့ မိဘများ စီစဉ်ခွဲဝေသည်ကို ကျေနပ်ကြောင်း အတိအလင်း ထွက်ဆိုချက်ရှိနေသည်။ သို့ဖြစ်ရာ ထိုသို့ အမွေပုံကို ညှိနှိုင်းခွဲဝေကြစဉ်က အကြောင်းကြောင်းကြောင့် ပါဝင်နိုင်ခြင်း မရှိသူကလည်း ထိုကဲ့သို့ ခွဲဝေမှုကို သဘောတူ ကျေနပ်သည်ဟုဆိုလျှင် အမွေဆိုင် မစုံလင်သည်ကို အကြောင်းပြု၍ မိသားစုစီမံမှုသည် ပျက်ပြယ်ရန် အကြောင်းမမြင်ပေ။
ဦးထွန်းရင် ပါ-၂　　နှင့်　　မဝင်းရီ ပါ-၈　　...　　၇၄

သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးရန် စွဲဆိုမှု၊ ကာလစည်းကမ်းသတ် ဥပဒေပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်ကို အကြောင်းပြု၍ မိမိပိုင်ပစ္စည်းဖြစ်ကြောင်း မြွက်ဟကြေညာပေးရန် စွဲဆိုခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၂၈ သည် ဆန့်ကျင်လက်ရှိရထားသူ၌ ပိုင်ဆိုင်ခွင့်ရသွားပြီဟု ပြဋ္ဌာန်းထားခြင်းမဟုတ်။ တရားစွဲဆိုရမည့်သူ၌ ပစ္စည်းတွင် အခွင့်အရေးမရှိတော့ကြောင်းသာ ပြဋ္ဌာန်းခြင်း

ဖြစ်သည်။ ထို့ကြောင့် မူလရုံးက တရားလိုသည် ဆန့်ကျင်လက်ရှိထားခြင်း စာမျက်နှာ
ဖြင့် ပိုင်ရှင်အဖြစ်သို့ မရောက်ဟုဆိုကာ သီးခြားသက်သာခွင့် အက်ဥပဒေ
ပုဒ်မ ၄၂ တွင် အကျုံးမဝင်သဖြင့် စွဲဆိုသောအမှုကို ပလပ်ခြင်းမှာ
မှားသည်ဟု မဆိုနိုင်ပေ။
ဦးဘရှင် နှင့် ဦးမောင်စိန် ... ၈၈

သီးခြားသက်သာခွင့်အက်ဥပဒေအရ ပဋိညာဉ်အတိုင်း သီးခြားဆောင်ရွက်ပေးစေလိုမှု၊ ပုဒ်မ ၂၇(ခ)အရ မည်သည့်အခါ ပဋိညာဉ်အတိုင်း အတည်ပြုဆောင်ရွက်ခွင့်ရှိခြင်း၊ သက်သေပြရန် တာဝန်၊ လျော်ကြေးသတ်မှတ်ရာတွင် စဉ်းစားရမည့်အချက်။

ဆုံးဖြတ်ချက်။ အချင်းဖြစ်အိမ်ကို ဒေါ်ကမာလဇံက ဦးအဘူအား ရောင်းချရန် မူလပဋိညာဉ်ရှိကြောင်း ဦးကျင်တိတ်တို့က သိလျက်နှင့် (With knowledge of a previous contract to sell) ဝယ်ယူခြင်း ဖြစ်ပါမှ ဦးအဘူအနေနှင့် ဦးကျင်တိတ်တို့အပေါ် ဒေါ်ကမာလံဇံနှင့် ပြုလုပ်ထားသည့် ပဋိညာဉ်အတိုင်း အတည်ပြုဆောင်ရွက်ခွင့်ရှိမည်။

ထပ်မံဆုံးဖြတ်ချက် (၁)။ ဒေါ်ခင်စွမ်၊ ဦးကျင်တိတ်တို့သည် မူလ ပဋိညာဉ်ရှိကြောင်း သိလျက်နှင့် အချင်းဖြစ်အိမ်ကို ဝယ်ယူခြင်းဖြစ်ကြောင်း ဦးအဘူကိုယ်တိုင်က ထွက်ဆိုထားခြင်း ,မရှိသည့်အပြင် ဒေါ်ခင်စွမ်၊ ဦးကျင်တိတ်တို့ကလည်း မူလပဋိညာဉ်ရှိသည်ကို မသိကြောင်း ငြင်းဆိုထားသဖြင့် ဒေါ်ခင်စွမ်၊ ဦးကျင်တိတ်တို့သည် အချင်းဖြစ်အိမ်နှင့်စပ်လျဉ်း၍ ဦးအဘူနှင့် ဒေါ်ကမာလံဇံတို့ မူလက ပဋိညာဉ်ရှိသည်ကို သိလျက်နှင့် ဝယ်ယူခဲ့ခြင်းမဟုတ်ကြောင်း သက်သေပြရန် တာဝန်ကို ကျေပွန်သည်ဟု ကောက်ယူရန်ဖြစ်သည်။ သို့ဖြစ်၍ အချင်းဖြစ်အိမ်နှင့် စပ်လျဉ်း၍ ဦးအဘူသည် ဒေါ်ခင်စွမ်၊ ဦးကျင်တိတ်တို့အပေါ် ပဋိညာဉ်အတိုင်း အတည်ပြုဆောင်ရွက်ခွင့်မရှိနိုင်ပေ။

ထပ်မံဆုံးဖြတ်ချက် (၂)။ တရားလိုက လျော်ကြေးမတောင်းဆိုစေကာမူ တရားရုံးက လျော်ကြေးပေးစေသည့်အမိန့် ချမှတ်နိုင်သည်။ လျော်ကြေးငွေ မည်မျှ သတ်မှတ်သင့်သည်ကို ချိန်ဆရာ၌ လျော်ကြေးငွေရမည့် ဦးအဘူတွင် မည်မျှတာဝန်ကင်းသည်ကို သုံးသပ်ရပေမည်။ မြေဂရန် အပြိုင် လျှောက်၍ အရှုပ်အရှင်းရှိနေကြောင်း ဦးအဘူအနေဖြင့် ထိုကဲ့သို့သောသတိဖြင့် စုံစမ်းလျှင် သိရှိနိုင်သည်။ ထိုသို့ စုံစမ်းရန် ပျက်ကွက်ပြီး ဝယ်ယူ

ခဲ့သည် သို့မဟုတ် သိလျက်နှင့် ဝယ်ယူခြင်းဖြစ်နိုင်သည်။ ဦးအဘူတွင် စာမျက်နှာ တာဝန်ကင်းသည်ဟု မဆိုနိုင်ပေ။ စတီသဘော လျော်ကြေးသာ ပေးသင့်သည်။

ဦးအဘူ / ဒေါ်ကမာလ၏ပါ–၄ နှင့် ဒေါ်ကမာလ၏ ပါ–၄ / ဦးအဘူ ... ၁၁၈

သက်သေခံဥပဒေ–တရားရုံးသို့ တင်သွင်းသော ကျမ်းကျိန်လွှာ (ကတိသစ္စာ ပြုလွှာ) သည် သက်သေခံဝင်ခြင်း ရှိမရှိ၊ မည်သည့်အခါတွင် သက်သေခံ အဖြစ် လက်ခံနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ကျမ်းကျိန်လွှာသည် သက်သေခံဥပဒေပုဒ်မ ၃ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် "သက်သေခံအထောက်အထား" ဆိုသောစကားရပ်တွင် အကျုံးမဝင်သဖြင့် ဥပဒေက အတိအလင်း ခွင့်ပြုထားသည့်ကိစ္စများမှအပ သက်သေခံအထောက်အထားအဖြစ် လက်ခံနိုင်မည် မဟုတ်ချေ။

ထပ်မံဆုံးဖြတ်ချက်။ တရားမကျင့်ထုံးဥပဒေအမိန့် ၁၉ အရ လုံလောက်သည့်အကြောင်းရှိပါက တရားရုံးသည် မည်သည့်အခါမဆို လျော်ကန်သင့်မြတ်သော စည်းကမ်းချက်များ သတ်မှတ်၍ သီးခြားအကြောင်းခြင်းရာသို့မဟုတ် အကြောင်းခြင်းရာများကို ကျမ်းကျိန်လွှာဖြင့် သက်သေထင်ရှားပြရန်သော်လည်းကောင်း၊ သက်သေတစ်ဦး၏ ကျမ်းကျိန်လွှာကို အမှုကြားနာရာတွင် ဖတ်ကြားစေရန်သော်လည်းကောင်း အမိန့်ချမှတ်နိုင်သည်။ တစ်နည်းဆိုသော် အကြောင်းခြင်းရာတစ်ရပ်ရပ်ကို ကျမ်းကျိန်လွှာဖြင့် သက်သေထင်ရှားပြစေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် တရားရုံးက ထိုသို့ အမိန့်မချလျှင် အကြောင်းခြင်းရာတစ်ရပ်ကို ကျမ်းကျိန်လွှာဖြင့် သက်သေထူခွင့်မရှိပေ။

သက်သေခံဥပဒေပုဒ်မ ၁တွင်လည်း တရားရုံးသို့တင်သွင်းသော ကတိသစ္စာပြုလွှာသည်သက်သေခံဥပဒေနှင့်သက်ဆိုင်ခြင်းမရှိကြောင်းပြဋ္ဌာန်းထားသည်။

ဒေါ်ခင်လှမြင့် နှင့် ဒေါ်ညွန့်အေးစိုးပါ–၇ ... ၂၆

အမွေဆက်ဆံရေး အက်ဥပဒေပုဒ်မ ၂၁၂၊ ကွယ်လွန်သူ ကျန်ရစ်သော ဥစ္စာပစ္စည်းများအတွက် အမွေဆက်ခံခွင့်လက်မှတ် မထုတ်ပေးနိုင်ဘဲ အမွေထိန်းလက်မှတ်သာ ထုတ်ပေးရခြင်း၊ အမွေဆက်ခံခွင့်လက်မှတ် လျှောက်ထားမှုတွင် တရားမကြီးမှု ဖွင့်လှစ်ရန် မလိုခြင်း။

ဆုံးဖြတ်ချက်။ ယခုအမှုတွင် မူလရုံး တရားလိုတို့ လျှောက်ထားစွဲဆိုတောင်းခံသည့်ကိစ္စမှာ ကွယ်လွန်သူ ဒေါ်နှင်းချို ကျန်ရစ်သော ရွှေထည်

ပစ္စည်းများနှင့် နေအိမ်အဆောက်အအုံတို့အတွက်ဖြစ်ကြောင်း ပေါ်ပေါက် စာမျက်နှာ
သည်။ ထို့ကြောင့် ရှမ်းပြည်နယ်တရားရုံးက ထိုပစ္စည်းများအတွက် အမွေ
ဆက်ခံခွင့်လက်မှတ် ထုတ်ပေးရန် စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးခဲ့ခြင်း
သည် အမွေဆက်ခံရေးအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်
ကြောင်း ထင်ရှားသည်။

ထပ်မံဆုံးဖြတ်ချက်။ ထို့ပြင် အမွေဆက်ခံခွင့်လက်မှတ် လျှောက်ထား
သည့်ကိစ္စကို ရှမ်းပြည်နယ် တရားရုံးက တရားမကြီးမှုအဖြစ် ဖွင့်လှစ်
စစ်ဆေးဆောင်ရွက်ခဲ့ခြင်းသည်လည်း ဥပဒေနှင့် ညီညွတ်ခြင်းမရှိပေ။
ဦးထွန်းမောင် နှင့် ဦးစံဝင်းပါ–၂ ... ၇၀

**အဆိုအချေတွင် မပါသည့်အချက်–မည်သည့်အခါ တရားရုံးက ဆုံးဖြတ်
ခွင့်ရှိခြင်း။**

ဆုံးဖြတ်ချက်။ ဤအမှုတွင် ဒေါ်ကျင်အေးတို့က ဒေါ်ဖြူအား အချင်း
ဖြစ်အိမ်မှ ဖယ်ရှား၍ လက်ရောက်ပေးအပ်စေရန် တောင်းဆိုထားခြင်း
ကြောင့် ဒေါ်ဖြူအနေဖြင့် မိမိသည် အချင်းဖြစ်အိမ်တွင် အိမ်ငှားတစ်ဦး
အဖြစ် နေထိုင်သူဖြစ်၍ မိမိအား ဖယ်ရှားခွင့်မရှိကြောင်းကို အရေးပါသော
ထုချေချက်အဖြစ် ချေလွှာတွင် မလွဲမသွေ ထုချေရန် လိုအပ်သည်။
သို့ရာတွင် ဒေါ်ဖြူက ထိုအချက်ကို တစ်စုံတစ်ရာ ဖော်ပြထုချေခဲ့ခြင်း
မရှိချေ။ သို့သော် ဒေါ်ဖြူအိမ်ငှားတစ်ဦးဖြစ်ကြောင်း အမှုတွဲ၌ သက်သေခံ
ချက်များ ရှိနေသည့်အပြင် တရားလို၏ ကိုယ်စားလှယ်ကိုယ်တိုင်က
ဝန်ခံထွက်ဆိုထားချက် ဖြစ်သဖြင့် တရားရုံးချုပ်က ယင်းဝန်ခံထွက်ဆို
ချက်နှင့် သက်သေခံချက်များကို အထောက်အထားပြု၍ ဆုံးဖြတ်ခဲ့ခြင်း
ဖြစ်သည်။ ထို့ကြောင့် အမှုရုံးသော တရားလိုအတွက် နစ်နာမှုရှိမည်
မဟုတ်ပေ။

အဆိုအချေတွင် မပါလင့်ကစား မည်သည့်အတွက် ဆုံးဖြတ်သင့်
ကြောင်း တရားရုံးချုပ်၏ စီရင်ချက်တွင် သုံးသပ်ထားသည်။ ထိုသုံးသပ်
ချက်များသည် ဥပဒေနှင့် မဆန့်ကျင်ကြောင်း တွေ့ရသည်။

ဒေါ်ကျင်အေးပါ–၂ (၎င်းတို့၏ နှင့် ဒေါ်ဖြူ ... ၁၄
ကိုယ်စားလှယ်စာရသူဒေါ်ခင်စန်းမြင့်)

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာနရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၂) နှင့် ၃။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (ဇ)အရ ချုပ်ဆိုသော ခံဝန်ချုပ်၏ရည်ရွယ်ချက်မှာ သတ်မှတ်ထားသည့် ကာလအတွင်း အဆောက်အအုံအတွက် အဓိကလိုအပ်သော ပြင်ဆင်မှုများ ဆောက်လုပ်မှုများကို အစပြုဆောင်ရွက်ရန် ဖြစ်သလား သို့မဟုတ် အဆောက်အအုံကို ပြီးစီးအောင် ဆောက်လုပ်ရမည် (သို့) ပြင်ဆင်ရမည် ဖြစ်သလား။ စာမျက်နှာ

ဆုံးဖြတ်ချက်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာနရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (ဇ) ပါ ပြဋ္ဌာန်းချက်အရ အိမ်ရှင်သည် အဆောက်အအုံအား ပြင်ဆင်ရမည့်ကိစ္စ သို့မဟုတ် ပြန်လည်အသစ် ဆောက်လုပ်ရမည့်ကိစ္စတို့ကို အိမ်ငှားပြောင်းရွှေ့ပေးသည့်နေ့ကစ၍ (၉) လထက်မပိုသော ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် အိမ်ငှားက နေထိုင်ရန် အလိုရှိလျှင် ၎င်းအား ပြန်လည်နေရာချထားပေးရန် တာဝန်ရှိသည်။ (၉) လထက်မပိုဘဲ တရားရုံးက သတ်မှတ်သော ကာလအပိုင်းအခြားအတွင်း ပြီးစီးအောင် အဆောက်အအုံကို ပြုပြင်ရန် သို့မဟုတ် ဆောက်လုပ်ရန် ထင်ရှား၍ **ဟာ့ဂျီမိုဟာမက်အဂ္ဂဘာနှင့် ဦးမြ**[၁] စီရင်ထုံးသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာနရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဇ) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသဖြင့် ထိုစီရင်ထုံးသည် ဤအမှုအတွက် အဖြေမဟုတ်ပေ။

ဦးကံထွန်းပါ–၃ နှင့် ဒေါ်တင်မြပါ–၂ ... ၁

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာနရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က) (ဒုတိယပိုင်း)နှင့် ၁၂(၁)(ဂ)အရ စွဲဆိုမှု၊ လျှောကားရှိ မူလရှိပြီး အုတ်ခုံပေါ်တွင် ထပ်ဆင့်၍ အုတ်ခုံပြုလုပ်ခြင်း၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀ဈ(တ) အရ အိမ်ငှားတာဝန် ဖောက်ဖျက်ရာ ရောက်မရောက်။

ဆုံးဖြတ်ချက်။ လျှောကားတွင် အုတ်ခုံဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ အိမ်ရှင်အယူခံ တရားပြိုင်၏ ထွက်ဆိုချက်များအရဆိုလျှင် အယူခံတရားလိုက မူလအယူခံတရားပြိုင် ပြုလုပ်ထားသော အုတ်ခုံကိုပင် အကျော်အနှင်းကောင်းစေရန် ပြုပြင်ခဲ့သည်ဟု ဆိုရပေမည်။ သို့ဖြစ်၍ ယင်းသို့ အုတ်ခုံကို ပြင်ဆင်ခြင်းမှာ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၁၀ဈ(တ) ပါ တည်ဆောက်

ခြင်း (direct) မဟုတ်သောကြောင့် အိမ်ဌားတာဝန်ဝတ္တရားကို ဖောက်ဖျက် စာမျက်နှာ ရာ ရောက်သည်ဟု မဆိုနိုင်ပေ။

ဦးစုလ်တန် နှင့် ဦးစိန်မောင် ... ၂၉

၁၉၆၀ ပြည်နှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ ရရှိသော ဒီကရီကို အတည်ပြုရန် စာရိုက်မှုဖွင့်ခြင်း၊ စာရိုက်မှုတွင် တရားရုံးအား တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၃၅ အရ အိမ်နှင်ဝရမ်း ထုတ်ပေးခြင်း၊ တရားရုံးက ဌားရမ်းခ ကြီးကြပ်ရေး ဝန်ရုံး၏ ၁၉၆၀ ပြည်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁(၄)အရ ဆက်လက်နေထိုင်ခွင့်ပြုကြောင်း လက်မှတ် တင်ပြခြင်း၊ တရားရုံးအား တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၃၅ အရ အိမ်နှင်ဝရမ်း ထုတ်ပေးခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ၁၉၆၀ ပြည်နှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ တွင် ဒီကရီကို အတည်မပြုဘဲ ဆိုင်းငံ့ထားခြင်းနှင့် ဖျက်သိမ်းပေးရန် လျှောက်ထားခြင်းတို့နှင့် စပ်လျဉ်းသော ကိစ္စများကို ပြဋ္ဌာန်းထားသည်။ ယင်းပုဒ်မပြဋ္ဌာန်းချက်တွင် ယင်းအက်ဥပဒေပုဒ်မ ၂၁(၄) အရ အိမ်ဌားအဖြစ် ထားရှိကြောင်း လက်မှတ်ပြလျှင် စာရိုက်မှုကို ဆိုင်းငံ့ ထားရမည်ဟု ပြဋ္ဌာန်းထားခြင်း မပါရှိပေ။

ဦးစိန်အေးသည် မူလမြို့နယ် တရားရုံးမှစ၍ တရားရုံးချုပ်အထိ တရားရုံးအဆင့်ဆင့်တွင် ရှုံးနိမ့်ပြီးသူ ဖြစ်သည်။ ထို့ကြောင့် တရားရုံး၏ ဒီကရီအတိုင်း ဦးစိန်အေးအား အချင်းဖြစ် ဥပစာမှ နှင်ထုတ်ရန် ဝရမ်း ထုတ်ပေးခြင်းမှာ မှန်ကန်သည်။

ဦးစိန်အေး နှင့် ဦးလှသိန်း(ပါ)–၄ ... ၄၁

၁၉၆၀ ပြည်နှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က) ဒုတိယပိုင်း ပြဋ္ဌာန်းချက်– အိမ်ဌားများဘက်က အိမ်ရှင် အိမ်ဌား ပဋိညာဉ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ခဲ့ရာ၌ တစ်ကြိမ်တစ်ခါပင် ဖြစ်စေကာမူ ပဋိညာဉ်အရ တင်ရှိသော အိမ်ဌားတာဝန်ကို ဖောက်ဖျက်ကျူးလွန်ရာ ရောက်ခြင်း–မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေသည် ရည်ရွယ်ချက်အားဖြင့် အိမ်ဌား များကို စောင့်ရှောက်ကာကွယ်ရန် ပြဋ္ဌာန်းထားသည်မှန်သော်လည်း

အိမ်ရှင်အိမ်ငှားနှစ်ဦးနှစ်ဘက်စလုံးအား ဥပဒေနှင့်အညီ မျှတမှုရှိစေရန် စာမျက်နှာ
တရားရုံးများက စီရင်ဆုံးဖြတ်ရန် တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ သက်ဆိုင်ရာပဋိညာဉ် အက်ဥပဒေနှင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က) တို့တွင် မည်သို့သော အကြောင်းရပ်များ၌ တစ်ကြိမ်တစ်ခါ ဖောက်ဖျက်ရုံ ဖောက်ဖျက်မှုမှာ ပဋိညာဉ်ပါ စည်းကမ်းချက်များကို ဖောက်ဖျက်ရာမရောက်ဟူသော ပြဋ္ဌာန်းချက်မတွေ့ရချေ။ ထို့ကြောင့် အိမ်ငှားများဘက်က အိမ်ရှင်၏ခွင့်ပြုချက် မတောင်းခံဘဲ ၁-၁၀-၈၉ ရက်နေ့တွင် ပေပါခွဲထုရိုက်ခဲ့ခြင်းသည် တစ်ကြိမ်တစ်ခါပင် ဖြစ်စေကာမူ အငှားပဋိညာဉ်အပိုဒ် (၅) တွင် အတိအလင်း တားမြစ်ထားသည့် စည်းကမ်းချက်အရ အိမ်ငှားတာဝန်ကို ဖောက်ဖျက်ကျူးလွန်မှု မြောက်သည်ဟု ဆိုနိုင်သည်။ အဆိုပါဖောက်ဖျက်ကျူးလွန်ချက်ကို အကြောင်းပြုပြီး အိမ်ရှင်ဒေါ်တင်မြသည် အိမ်ငှား ဦးစံလင်းတို့ကို ငှားရမ်းထားသော ဥပစာမှ

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က) ဒုတိယပိုင်းအရ နှင်ထုတ်ပိုင်ခွင့် ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေသည် ရည်ရွယ်ချက်အားဖြင့် အိမ်ငှားများကို စောင့်ရှောက်ကာကွယ်ရန် ပြဋ္ဌာန်းထားသည်မှန်သော်လည်း အိမ်ရှင်အိမ်ငှားနှစ်ဦးနှစ်ဘက်စလုံးအား ဥပဒေနှင့်အညီ တရားမျှတမှု ရှိစေရန် တရားရုံးများက စီရင်ဆုံးဖြတ်ရန် တာဝန်ရှိမည်ဖြစ်သည်။ ဥပဒေနှင့်အညီ အိမ်ရှင် ရသင့်ရထိုက်သောအခွင့်အရေးတို့ကိုလည်း ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။

ဒေါ်တင်မြ နှင့် ဦးစံလင်း ... ၅၆

ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆ အရ နို့တစ်စာ၊ အငှားချထားသည့် တစ်လအကုန်တွင် အချိန်စေ့ရောက်မည့် တစ်ဆယ့်ငါးရက်ကြိုတင်၍ အကြောင်းကြားစာ ပေးပို့ခြင်း အဓိပ္ပာယ်၊ ဥပဒေက သတ်မှတ်ထားသောကာလထက် ပိုသော နို့တစ်စာ တရားဝင် မဝင်။

ဆုံးဖြတ်ချက်။ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆ တွင် အမှုနှင့် သက်ဆိုင်သရွေ့မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"A lease of immoveable property for any other purpose shall be deemed to be a lease from month to

month terminable, on the part of either lessor or lessee, by fifteen day's notice expiring with the end of a month of tenancy." စာမျက်နှာ

ယင်းပြဋ္ဌာန်းချက်အရ အငှားချထားသည့် လတစ်လအကုန်တွင် အချိန်စေ့ရောက်မည့် တစ်ဆယ့်ငါးရက် အကြောင်းကြားစာ ပေးပို့ခြင်းဖြင့် ငှားရမ်းခြင်း ရပ်စဲနိုင်သည်။ ဥပဒေတွင် (၁၅) ရက် စေ့ရောက်သောကာလမှာ နို့တစ်ပေးသည့်လကို ရည်ညွှန်းခြင်းမရှိပေ။ အဓိကအားဖြင့် အိမ်ငှားသည့် နို့တစ်စာကို အနည်းဆုံး (၁၅) ရက် ကြိုတင်ရရှိမည်ဖြစ်ပြီး (၁၅) ရက်စေ့ရောက်သည့်နေ့မှာ ငှားရမ်းသည့်လအကုန်ရက်နှင့် ကိုက်ညီရပေမည်။

ထပ်မံဆုံးဖြတ်ချက်။ ဥပဒေတွင် သတ်မှတ်ထားသော ကာလထက် လျော့နည်းပေးပို့သော နို့တစ်စာသည် တရားမဝင်သော်လည်း ဥပဒေက သတ်မှတ်ထားသည့် ကာလထက်ပိုသော နို့တစ်စာသည် တရားဝင်အတည် ဖြစ်သည်။

ဒေါ်လှမြင့်(ဇင်း၏ကိုယ်စားလှယ် နှင့် ဦးရိပါ-၂ ... ၉၈
ဦးအောင်တင်)

တရားမအထူးအယူခံမှု

တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင်တို့ရှေ့တွင်

ဦးကံထွန်း ပါ–၃
နှင့်
ဒေါ်တင်မြ ပါ–၂*

+၁၉၉၄
သြဂုတ်လ
၁၈ ရက်

၁၉၆၀ ပြည်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၂) နှင့် ၃။ ၁၉၆၀ ပြည်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(c) အရ ချုပ်ဆိုသော ခံဝန်ချုပ်၏ ရည်ရွယ်ချက်မှာ သတ်မှတ်ထားသည့် ကာလအတွင်း အဆောက်အအုံအတွက် အဓိက လိုအပ်သော ပြင်ဆင်မှုများ ဆောက်လုပ်မှုများကို အစပြု ဆောင်ရွက်ရန် ဖြစ်သလား သို့မဟုတ် အဆောက်အအုံကို ပြီးစီးအောင် ဆောက်လုပ်ရမည် (သို့) ပြင်ဆင်ရမည်ဖြစ်သလား။

ဆုံးဖြတ်ချက်။ ၁၉၆၀ ပြည်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(c) ပါ ပြဋ္ဌာန်းချက်အရ အိမ်ရှင်သည် အဆောက်အအုံအား ပြင်ဆင်ရမည့်ကိစ္စ သို့မဟုတ် ပြန်လည်အသစ် ဆောက်လုပ်ရမည့် ကိစ္စတို့ကို အိမ်ငှားပြောင်းရွှေ့ပေးသည့်နေ့ကစ၍ (၉)လထက်မပိုသော ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် အိမ်ငှားက နေထိုင်ရန် အလိုရှိလျှင် ၎င်းအား ပြန်လည်နေရာချထားပေးရန် တာဝန်ရှိသည်။ (၉) လထက်မပိုပဲ တရားရုံးက သတ်မှတ်သော ကာလအပိုင်းအခြားအတွင်း ပြီးစီးအောင် အဆောက်အအုံကို ပြုပြင်ရန် သို့မဟုတ် ဆောက်လုပ်ရန် ထင်ရှား၍ **ဟာဂျီမိုဟာမက်အဂ္ဂဘာနှင့် ဦးမြ**[၁] စီရင်ထုံးသည် ၁၉၆၀ ပြည်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်

---

* ၁၉၉၂ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၇၈

\+ ၁၉၉၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆ တွင် ချမှတ်သော (၁၀–၅–၉၁) ရက်စွဲပါ တရားရုံးချုပ် (မန္တလေးရုံးထိုင်)၏ အမိန့်ကို အထူးအယူခံမှု

၁၉၉၄ ဦးကံထွန်း ပါ-၃ နှင့် ဒေါ်တင်မြ ပါ-၂

ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (ဇ) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု မရှိသဖြင့် ထိုစီရင်ထုံးသည် ဤအမှုအတွက် အဖြေမဟုတ်ပေ။

အယူခံတရားလိုများအတွက် – ဦးကျော်ကျော်ဝင်း၊ တရားရုံးချုပ် ရှေ့နေ၊ ဦးဟန်ရီ၊ ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး (ရုံးသဟာယ)

အယူခံတရားပြိုင်များအတွက်– တရားရုံးချုပ်ရှေ့နေ ဦးတင်မောင် ကိုယ်စား တရားရုံးချုပ်ရှေ့နေ ဦးကိုဝိဝမ်းမှ ရေးသားလျှောက်လဲချက် တင်သည်။

မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံး၊ ၁၉၈၄ ခုနှစ် တရားမကြီးမှု အမှတ် ၇ တွင် အယူခံတရားပြိုင် ဒေါ်တင်မြနှင့် ဦးမောင်မောင်တို့က အယူခံတရားလို ဦးထွန်းမောင်အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(ဇ)အရ နှင်လိုမှုအနိုင်ဒီကရီ ရရှိ၍ အဆိုပါရုံး၏ ၁၉၈၉ ခုနှစ် တရားမဇာရီမှုအမှတ် ၁ အရ ဒီကရီကို အတည်ပြုရာတွင် တရားနိုင် ဒေါ်တင်မြတို့က အချင်းဖြစ်ဥပစာမှ တရားရှုံး ဦးထွန်းမောင် ထွက်ခွာသွားသည့်နေ့မှစ၍ (၉) လအတွင်း အဆောက်အအုံကို ပြီးစီးအောင် ဆောက်လုပ်မည်ဖြစ်ကြောင်း၊ အိမ်ငှား ဦးထွန်းမောင် ပြန်လည်နေထိုင်ရန် အလိုရှိလျှင်လည်း ပြန်လည်နေထိုင်ခွင့်ပြုမည်ဖြစ်ကြောင်း ကျပ်တစ်သိန်းတန် ခံဝန်သူနှစ်ဦးဖြင့် ခံဝန်ချုပ် ချုပ်ဆိုခဲ့သည်။ ထိုခံဝန်ချုပ်အတိုင်း တရားနိုင် ဒေါ်တင်မြတို့က လိုက်နာဆောင်ရွက်ပေးခြင်းမရှိ၍ ၎င်းတို့အပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၂)နှင့် (၃) တို့အရ အရေးယူပေးရန် ဦးထွန်းမောင်က မန္တလေးတိုင်း တရားရုံးတွင် ၁၉၉၀ ပြည့်နှစ် တရားမ အထွေထွေလျှောက်လွှာအမှတ် ၂၉ ကို တင်သွင်းခဲ့ရာ ပလပ်ခံရသည်။ ဦးထွန်းမောင်က တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်၍ တရားရုံးချုပ် (မန္တလေးရုံးထိုင်) ၁၉၉၁ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၆ အရ ပြင်ဆင်မှု တင်သွင်းပြန်သော်လည်း မအောင်မြင်သဖြင့် တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ပြုရန် ၁၉၉၁ ခုနှစ် တရားမ အထွေထွေ လျှောက်လွှာအမှတ် ၄၉၄ ကို တင်သွင်းသည့်အခါ အောက်ပါ ပြဿနာကို စုံညီခုံရုံးဖြင့် ပြန်လည်ကြားနာစီရင်ရန် အထူးအယူခံဝင်ခွင့် ပြုခဲ့သည်–

"၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(c) အရ ချုပ်ဆိုသော ခံဝန်ချုပ်၏ ရည်ရွယ်ချက်မှာ သတ်မှတ်ထားသည့်ကာလအတွင်း အဆောက်အဦးအတွက် အဓိက လိုအပ်သော ပြင်ဆင်မှုများ၊ ဆောက်လုပ်မှုများကို အစပြုဆောင်ရွက်ရန်သာ ဖြစ်ပါသလား၊

(သို့တည်း မဟုတ်)

အဆောက်အဦးကို ပြီးစီးအောင် ဆောက်လုပ်ရမည် (သို့မဟုတ်) ပြီးစီးအောင် ပြင်ဆင်ရမည် ဖြစ်ပါသလား။

အယူခံမှု အတောအတွင်း ဦးထွန်းမောင် ကွယ်လွန်သွား၍ ဦးကံထွန်း၊ ဦးမြင့်ဆွေနှင့် ဦးတင်ရွှေတို့သည် တရားဝင်ကိုယ်စားလှယ်များအဖြစ်ဖြင့် အမှုတွင် ပါဝင်လာကြသည်။

အထက်ပါပြဿနာနှင့် စပ်လျဉ်း၍ အယူခံတရားလိုများ၏ ရှေ့နေက ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေသည် ၇-၁၀-၅၉ နေ့တွင် သတ်တမ်းကုန်ဆုံးခဲ့သည့် ၁၉၄၈ ခုနှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေနှင့် မတူညီကြောင်း၊ ယင်းဥပဒေ ပုဒ်မ ၁၁(၁)(c) တွင် "will give effect to such purpose" ဟူသော စကားရပ် ပါရှိကြောင်း၊ ထိုစကားရပ်အရ သတ်မှတ်ထားသည့် ကာလအတွင်း ပြီးစီးအောင် ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း ရှိရမည်ဟု အဓိပ္ပာယ်မသက်ရောက်ကြောင်း၊ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (c) တွင် ဥပစာမှ အိမ်ငှားပြောင်းရွှေ့ပေးသည့်နေ့ကစ၍ (၉) လထက် မပိုစေဘဲ တရားရုံးက သတ်မှတ်သော ကာလအပိုင်းအခြားအတွင်း ထိုကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပါမည်ဟု ပြဋ္ဌာန်းချက်ရှိကြောင်း၊ ယင်းပြဋ္ဌာန်းချက်နှင့်အညီ အယူခံတရားပြိုင်တို့သည် အိမ်ငှားထွက်သွားသည့်နေ့မှစ၍ (၆) လအတွင်း အဆောက်အအုံကို ပြီးစီးအောင် ဆောက်လုပ်ရန် ခံဝန်ချုပ်ဆိုခဲ့ကြောင်း၊ အိမ်ရှင်အယူခံ တရားပြိုင်များအနေဖြင့် အဆောက်အအုံကို သတ်မှတ်သည့်ကာလအတွင်း ပြီးစီးအောင် ဆောက်လုပ်ရန် ပျက်ကွက်ခဲ့၍ ၎င်းတို့အပေါ် ခံဝန်ဖောက်ဖျက်မှုဖြင့် အရေးယူသင့်ပါလျက်နှင့် တရားရုံးချုပ်က အရေးမယူဘဲ ၁၉၄၈ ခုနှစ် ဥပဒေအရ ပြုလုပ်ခဲ့သည့် စီရင်ထုံးကို ကိုးကားဆုံးဖြတ်ခဲ့၍ တည်ဆဲဥပဒေနှင့် ဆန့်ကျင်နေသဖြင့် အရေးယူလောက်သည့် ဥပဒေပြဿနာ ဖြစ်ကြောင်း၊ အထူးခုံရုံးက ထုတ်ခဲ့သည့်

၁၉၉၄ ဦးကံထွန်း ပါ-၃ နှင့် ဒေါ်တင်မြ ပါ-၂

ပြဿနာကို အယူခံတရားလိုဘက် အသာပေးဖြေဆိုသင့်ကြောင်း စသည်ဖြင့် အကျယ်တဝင့် လျှောက်လဲသည်။

ရုံးတော်သဟာယအဖြစ် လိုက်ပါဆောင်ရွက်သည့် ရှေ့နေချုပ်ရုံးမှ ဥပဒေအရာရှိက ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(c) အရ ချုပ်ဆိုခဲ့သော ခံဝန်ချုပ်၏ ရည်ရွယ်ချက်များမှာ သတ်မှတ်ထားသည့်ကာလအတွင်း အဆောက်အအုံအတွက် အဓိကလိုအပ်သော ပြင်ဆင်မှုများ၊ ဆောက်လုပ်မှုများကို ပြီးစီးအောင် ဆောက်လုပ်ရမည် သို့မဟုတ် ပြီးစီးအောင် ပြင်ဆင်ရမည်ဟု သုံးသပ်သင့်ကြောင်း အယူခံတရားလိုဘက်ကို ထောက်ခံတင်ပြသွားသည်။

အယူခံတရားပြိုင်များ၏ ရှေ့နေက မူလတရားရုံးနှင့် တရားရုံးချုပ်တို့က ၎င်း၏အမှုသည်သည် ခံဝန်ချုပ်ကို ဖောက်ဖျက်ခြင်း မရှိကြောင်း ဥပဒေသဘောတရားအရ ခံဝန်ချုပ်ကာလအတွင်း အဆောက်အအုံကို စတင်ဆောက်လုပ်ခြင်းပြုလျှင် ခံဝန်ချုပ်ကို လိုက်နာသည်ဟု ယူဆနိုင်ကြောင်း၊ လုံးဝပြီးစီးအောင် ဆောက်လုပ်ရမည်ဟု ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁) (c) အရ ကောက်ယူရန် မသင့်ကြောင်း **ဟာဂျီမိုဟာမက်အဂ္ဂဘာနှင့် ဦးမြ**(၁) အမှုကို ကိုးကား ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်၍ အယူခံမှုကို ပလပ်သင့်ကြောင်း ချေပလျှောက်လဲသည်။

တရားရုံးချုပ်က သက်သေခံ အထောက်အထားများအရ အဆောက်အအုံမှာ အုတ်ဖောင်ထရေးရှင်းချ၍ တိုင်ထူကာ သွပ်များ မိုးထားပြီးဖြစ်ကြောင်း၊ ဦးမောင်မောင်တို့အနေဖြင့် ခံဝန်ချုပ်ပါအတိုင်း အဆောက်အအုံကို လုံးဝဆောက်လုပ်ခြင်းမပြုဘဲ ထားခဲ့ခြင်းမဟုတ်ကြောင်း၊ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(c) အရ ချုပ်ဆိုသော ခံဝန်ချုပ်၏ ရည်ရွယ်ချက်မှာ အဆိုပါခံဝန်ချုပ်၌ အိမ်ရှင်က သဘောတူသတ်မှတ်သည့်ကာလအတွင်း အချင်းဖြစ် အဆောက်အအုံကို ပြန်လည်ဆောက်လုပ်ရန် လုပ်ငန်းများကို အစပြုခြင်း ရှိမရှိသာဖြစ်ကြောင်း၊ အိမ်ရှင်သည် အဆောက်အအုံအတွက် အဓိကလိုအပ်သော ပြင်ဆင်မှုများ၊ ဆောက်လုပ်မှုများကိုသာ ပြုလုပ်ရန်လိုကြောင်း၊ ယင်း အဆောက်အအုံကို သတ်မှတ်သည့်ကာလအတွင်း ပြီးစီးအောင် ပြန်လည် ဆောက်လုပ်ရမည် သို့မဟုတ် ပြင်ဆင်ရမည်ဟု ဆိုလိုသည်အထိ ကောက်

(၁) ၁၉၅၈ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ-၂၅၇ (တရားလွှတ်တော်)

ယူရန်မဟုတ်ကြောင်း၊ သို့ဖြစ်၍ ခံဝန်ချုပ်ပါအတိုင်း ဆောက်လုပ်ပြီးစီးခြင်း မရှိသေး၍ ခံဝန်ချုပ် ဖောက်ဖျက်မှုအရ အရေးမယူသင့်ကြောင်းကို **ဟာဂျိမိုဟာမက်အဂ္ဂဘာနှင့် ဦးမြ**[၃] အမှုစီရင်ထုံးအား ကိုးကားသုံးသပ်ပြီး အယူခံတရားလိုဘက်ကို အချုံးပေးခဲ့ခြင်းဖြစ်သည်။

တရားရုံးချုပ် (မန္တလေးရုံးထိုင်)က ကိုးကားခဲ့သော စီရင်ထုံးမှာ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သည့် ချုပ်ငြိမ်းသွားပြီးဖြစ်သော ၁၉၄၈ ခုနှစ် မြို့ပြဆိုင်ရာ ဌာနရမ်းခ ကြီးကြပ်ရေး အက်ဥပဒေကို အခြေခံဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ ၁၉၄၈ ခုနှစ် မြို့ပြဆိုင်ရာ ဌာနရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၁(၁)(c) တွင် "will give effect to such purpose" ဆိုသည့် စကားရပ်ကို ခံဝန်ချုပ်တွင် သတ်မှတ်ထားသော ကာလအတွင်း "will start the work of re-erection or essential major and structural repairs" ပြန်လည်ဆောက်လုပ်ရန် သို့မဟုတ် လိုအပ်သော ပုံသဏ္ဌာန် ပြောင်းလဲသော ပြုပြင်မှုများ ပြုလုပ်ရန် လုပ်ငန်းကို စတင်ဆောင်ရွက်ပါမည်ဟု ဆိုလိုရန် သုံးနှုန်းထားသည်။ "The completion of re-erection of the repairs" "ပြန်လည်ဆောက်လုပ်ခြင်း သို့မဟုတ် ပြုပြင်ခြင်းကို ပြီးစီးခြင်း" ဟု အဓိပ္ပာယ်ရအောင် ဆွဲဆန့်မသွားသင့်ပေဟူ၍ ဆုံးဖြတ်ထားသည်။ ထိုစီရင်ထုံးနှင့် ၁၉၄၈ ခုနှစ် မြို့ပြဆိုင်ရာ ဌာနရမ်းက ကြီးကြပ်ရေး အက်ဥပဒေသည် လိုက်လျောညီထွေ ကိုက်ညီမှုနကန်မှုရှိသည်။ သို့သော် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနရမ်းခ ကြီးကြပ်ရေးအက်ဥပဒေတွင် "will give effect to such purpose" ဆိုသည့်စကားရပ်နေရာတွင် "ထိုကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပါမည်" ဟူသော စကားရပ် ပါရှိသည်။ ထိုအဓိပ္ပာယ်ကို ဖွင့်ဆိုသည့် စီရင်ထုံး မရှိခဲ့ဘူးသေးချေ။ အဆိုပါ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(c) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> "ဤအက်ဥပဒေနှင့် သက်ဆိုင်သော အဆောက်အအုံ သို့တည်းမဟုတ် အဆောက်အအုံ အစိတ်အပိုင်းကို ပြန်လည်ဆောက်လုပ်ရန်အတွက်ဖြစ်စေ၊ လိုအပ်သော သို့တည်းမဟုတ် အရေးကြီးသော သို့တည်းမဟုတ် ပုံသဏ္ဌာန် ပြောင်းလဲသော ပြုပြင်မှုများ ပြုလုပ်ရန်အတွက်ဖြစ်စေ၊ အိမ်ရှင်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် ရယူလို၍ ဆိုခဲ့သည့် ဥပစာကို

၁၉၉၄
ဦးကံထွန်း
ပါ-၃
နှင့်
ဒေါ်တင်မြ
ပါ-၂

ထိုပြုပြင်မှုများ ပြုလုပ်ရန်အတွက် သို့တည်းမဟုတ် ပြန်လည်ဆောက်လုပ်ရန်အတွက် အသုံးပြုပါမည်ဟူ၍လည်းကောင်း၊ ထိုဥပစာမှ အိမ်ငှားပြောင်းရွှေ့ပေးသည့်နေ့ရက်ကစ၍ ကိုးလထက်မပိုဘဲ တရားရုံးက သတ်မှတ်သော ကာလအပိုင်းအခြားအတွင်း ထိုကိစ္စကို ပြီးစီးအောင် ဆောင်ရွက်ပါမည်ဟူ၍လည်းကောင်း၊ ထိုဥပစာမှ ဖယ်ရှားပေးရသော အိမ်ငှားက ထိုသို့ပြုပြင်ပြီးသည့်အခါ သို့တည်းမဟုတ် ပြန်လည်ဆောက်လုပ်ပြီးသည့်အခါ ထိုဥပစာကို ပြန်ပေးစေလိုလျှင် ပြန်ပေးပါမည်ဟူ၍လည်းကောင်း တရားရုံးက သင့်သည် ထင်မြင်သည့် ငွေအရေအတွက်ဖြင့် ခံဝန်ချုပ်ဆိုသည့်ကိစ္စ။"

အထက်ပါ ပြဋ္ဌာန်းချက်အရ အိမ်ရှင်သည် အဆောက်အအုံအား ပြင်ဆင်ရမည့်ကိစ္စ သို့မဟုတ် ပြန်လည်အသစ် ဆောက်လုပ်ရမည့်ကိစ္စတို့ကို အိမ်ငှားပြောင်းရွှေ့ပေးသည့်နေ့ကစ၍ (၉) လထက်မပိုသောကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် အိမ်ငှားက နေထိုင်ရန် အလိုရှိလျှင် ၎င်းအား ပြန်လည်နေရာချထားပေးရန် တာဝန်ရှိသည်။ (၉) လထက်မပိုဘဲ တရားရုံးက သတ်မှတ်သော ကာလအပိုင်းအခြားအတွင်း ပြီးစီးအောင် အဆောက်အအုံကို ပြုပြင်ရန် သို့မဟုတ် ဆောက်လုပ်ရန် ထင်ရှား၍ **ဟာဂျီမိုဟာမက်အဂ္ဂဘာနှင့် ဦးမြ**[၁] စီရင်ထုံးသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(c) ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှုမရှိသဖြင့် ထိုစီရင်ထုံးသည် ဤအမှုအတွက် အဖြေမဟုတ်ပေ။

အမှုတွင် အယူခံတရားပြိုင်တို့က အချင်းဖြစ် ဥပစာမှ အိမ်ငှားများအား ဖယ်ရှားထွက်ခွာသွားသည့်နေ့မှစ၍ (၉) လအတွင်း အဆောက်အအုံကို ပြီးစီးအောင် ဆောက်လုပ်ပါမည်ဟူ၍လည်းကောင်း၊ အိမ်ငှားများက ပြန်လည်နေထိုင်ရန် ဆန္ဒရှိလျှင် ခွင့်ပြုပါမည်ဟူ၍လည်းကောင်း၊ ခံဝန်ဖောက်ဖျက်လျှင် ခံဝန်ငွေကျပ် တစ်သိန်းကို ပေးလျော်ပါမည်ဟူ၍လည်းကောင်း ကျပ်တစ်သိန်းတန် ခံဝန်သူနှစ်ဦးဖြင့် ခံဝန်ချုပ်ဆိုခဲ့သည်။ သတ်မှတ်ထားသည့်ကာလအတွင်း အဆောက်အအုံကို ပြီးစီးအောင် ဆောက်လုပ်ခဲ့ခြင်း မရှိပေ။ အဆောက်အအုံကို ဆောက်လုပ်သော်လည်း (၉) လ အတွင်း မပြီးစီးရခြင်းသည် ဆောက်လုပ်ရေးပစ္စည်းများ ရှားပါးနေခြင်း၊ နေရာတကာတွင် အဆောက်အအုံများ ဆောက်လုပ်နေ၍

လက်သမားများ၊ ပန်းရန်များ ငှားရန် အခက်အခဲရှိခြင်း၊ အချင်းဖြစ် နေရာတွင် တရုပ်တန်းဈေးတွင်ရှိ၍ နံနက် (၄) နာရီမှ နေ့လည်(၁၂) နာရီအတွင်း ဈေးရောင်းဈေးဝယ်များနှင့် ပြည့်နေသဖြင့် ဆောက်လုပ်ရေး ပစ္စည်း ကျောက်၊ သဲ၊ သစ်နှင့်ထုံးများ သယ်ယူရာတွင် ခက်ခဲခြင်းတို့ ကြောင့် ဖြစ်ရကြောင်း အယူခံတရားပြိုင်တို့၏ အကြောင်းပြချက်များသည် ကျေနပ်လက်ခံနိုင်လောက်သည့် အကြောင်းပြချက်များ မဟုတ်၍ ခံဝန် ဖောက်ဖျက်မှုနှင့် အရေးယူသင့်ပေသည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၂) နှင့် (၃) တို့အရ အရေး ယူရာ၌ တရားရုံးက အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ခံဝန်ချုပ်ဖြင့် ချုပ်ဆိုထားသောငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊

(ခ) အိမ်ငှားအား လျော်ကြေးပေးစေခြင်း၊

(ဂ) အိမ်ငှားက သဘောတူလျှင် ထိုအိမ်ငှားက အမိန့် သို့မဟုတ် ဒီကရီ ချမှတ်သောနေ့ရက်မတိုင်မီက ထားရှိသည့် စည်းကမ်း များအတိုင်း အချင်းဖြစ် ဥပစာကို လက်ရှိပေးအပ်ခြင်း။

ဖော်ပြပါ အကြောင်းများကြောင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေ အက်ဥပဒေပုဒ်မ ၁၂(၁)(ဇ) အရ ချုပ်ဆိုသော ခံဝန်ချုပ်၏ ရည်ရွယ်ချက်မှာ သတ်မှတ်ထားသည့်ကာလအတွင်း အဆောက် အအုံကို ပြီးစီးအောင် ဆောက်လုပ်ရမည် သို့မဟုတ် ပြီးစီးအောင် ပြင်ဆင်ရမည်ဟု အထူးခုံရုံးက ထုတ်ခဲ့သည့် ပြဿနာကို ဖြေဆိုလိုက် ပြီးနောက် မန္တလေးတိုင်းတရားရုံးနှင့် တရားရုံးချုပ် (မန္တလေးရုံးထိုင်) တို့က အယူခံတရားပြိုင်တို့အား အနိုင်ပေးခဲ့သည့် အမိန့်တို့ကို တရားရုံး အဆင့်ဆင့်စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။ အယူခံတရားပြိုင်တို့သည် ချုပ်ဆိုခဲ့သည့် ခံဝန်ချုပ်ကို ဖောက်ဖျက်ခဲ့ကြ၍ ခံဝန်ချုပ်တွင် ကတိပြု သည့်အတိုင်း ငွေကျပ် ၁၀၀၀၀၀/- ကို မန္တလေးအရှေ့မြောက်မြို့နယ် တရားရုံးသို့ ပေးသွင်းပြီး ကွယ်လွန်သူ အိမ်ငှား ဦးထွန်းမောင်၏ တရားဝင် ကိုယ်စားလှယ်များဖြစ်ကြသည့် အယူခံတရားလိုများအား လျော်ကြေးအဖြစ် ငွေကျပ် ၁၀၀၀၀/-ကို ပေးရမည့်အပြင် မန္တလေးမြို့၊ ဟေမာဇလ အနောက်ရပ်ကွက်၊ အကွက်နံပါတ် (၆၂၁) ဦးပိုင်နံပါတ် $\frac{၂၀-၂၁}{၅}$ နှင့် $\frac{၂၀-၂၁}{၂}$ စာရင်းပေါက်သည့် ဥပစာတွင် အယူခံတရားလို တို့က သဘောတူလျှင် ၎င်းတို့အား အမိန့် သို့မဟုတ် ဒီကရီ ချမှတ်သည့်နေ့

၁၉၉၄
ဦးကံထွန်း
ပါ-၃
နှင့်
ဒေါ်တင်မြ
ပါ-၂

မတိုင်မီက ထားရှိသည့် စည်းကမ်းများအတိုင်း ပြန်လည်လက်ရောက်ပေးအပ်စေရန် အမိန့်ချမှတ်လိုက်သည်။

ဤအမှုအတွက် ရှေ့နေခ ကျပ် ၃၀၀/- သတ်မှတ်သည်။

တရားမအထူးအယူခံမှု

တရားရုံးချုပ်တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင်တို့ရှေ့တွင်

ဦးကျော်စိုး
နှင့်
အက်စ်အလီခန်း(ခ) ဦးလှမောင် ပါ–၂*

+၁၉၉၄
အောက်တိုဘာ
လ ၆ ရက်

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁။ တရားမဇာရီမှုကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ မူလဘူတ အာဏာ ကျင့်သုံးပြီး ခေတ္တဆိုင်းငံ့ခြင်း၊ ဇာရီမှုတစ်ခုကို ဆိုင်းငံ့ထားရန် တရားမကျင့်ထုံးဥပဒေတွင် ပြဋ္ဌာန်းချက်များရှိပြီးဖြစ်၍ ပုဒ်မ ၁၅၁ အရ မူလဘူတအာဏာကို အလွယ်တကူ ကျင့်သုံးခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ရန်ကုန်တိုင်း တရားရုံးနှင့် တရားရုံးချုပ်တို့က ၁၉၉၁ ခုနှစ် တရားမဇာရီမှုအမှတ် ၁၇ ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ မူလဘူတအာဏာကို သုံးစွဲ၍ ခေတ္တဆိုင်းငံ့ထားခဲ့ခြင်းဖြစ်သည်။ ယင်းကျင့်ထုံးဥပဒေပုဒ်မအရ မူလဘူတအာဏာကို တရားမကျင့်ထုံးဥပဒေတွင် အခြားနည်းပြဋ္ဌာန်းချက်မရှိမှသာ ကျင့်သုံးရန်ဖြစ်သည်။ ဇာရီမှုတစ်မှုကို ဆိုင်းငံ့ထားရန် ပြဋ္ဌာန်းချက်များရှိရာ ၎င်းတို့မှာ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၂၆၊ နည်း ၂၉ နှင့် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၅ တို့ ဖြစ်ကြသည်။ ထိုပြဋ္ဌာန်းချက်များရှိပြီးဖြစ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ မူလဘူတအာဏာကို အလွယ်တကူ ကျင့်သုံးခွင့်မရှိချေ။ ဇာရီမှုကို ခေတ္တဆိုင်းငံ့ထားရန် လျှောက်ထားသူ ဒေါ်အမိဇံဘီဘီသည် မူလတရားမကြီးမှုတွင်လည်း ကောင်း၊ ၁၉၉၁ ခုနှစ် တရားမဇာရီမှုအမှတ် ၁၇ တွင်လည်းကောင်း အမှုသည်

---

* ၁၉၉၃ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၃၉

\+ ၁၉၉၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၅၂၀ တွင် ချမှတ်သော (၁၃–၂–၉၂) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်ရောက်မှု

၁၉၉၄
ဦးကျော်စိုး
နှင့်
အက်စ်အလီ
ခန်း(ခ)
ဦးလှမောင်
ပါ-၂

အဖြစ် ပါဝင် သူ မဟုတ်ခဲ့ပေ။ အမှုသည်မဟုတ်သူအနေဖြင့် ဇာရီအတည်ပြုခြင်းခံရသည့်အခါ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၇ မှ ၁၀၃ အထိ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိနေသည်။ ဤအခြေအနေတွင် ရန်ကုန်တိုင်းတရားရုံးက တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ မူလဘူတအာဏာကို သုံးစွဲ၍ ဇာရီမှုကို ဆိုင်းငံ့ခဲ့ခြင်းသည် အမှုတွဲတွင် ပေါ်ပေါက်သည့် သက်သေခံချက်များအရ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို အတည်ပြုခဲ့သော တရားရုံးချုပ်၏အမိန့်သည်လည်း ဥပဒေနှင့် မညီချေ။

အယူခံတရားလိုအတွက် - ဦးဘအေး၊ တရားရုံးချုပ် ရှေ့နေ၊
အယူခံတရားပြိုင်များအတွက် - အမှတ် (၂) အတွက် ဒေါ်ခင်မေသန်း၊
တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး၊ ၁၉၉၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၁၉၀ တွင် ဦးကျော်စိုးက အက်စ်အလီခန်း (ခ) ဦးလှမောင်အပေါ် ချေးငွေ ၃၀၀၀၀/- ကို (၅)နှစ်မြောက်သောနေ့၌ ပေးဆပ်ခြင်း မပြုနိုင်၍ စာချုပ်ပါကတိအတိုင်း ရန်ကုန်မြို့၊ ၃၂-လမ်း၊ တိုက်အမှတ်-၂၃၁ (မြေညီထပ်) အခန်း အမှတ် (၇) လက်ဝဲဘက်အခန်း၊ စက္ကူဖြတ်စက်နှင့် လုပ်ငန်းသုံးပစ္စည်းများကို လက်ရောက်ရလိုမှု စွဲဆိုရာ ဦးလှမောင်က ဖြောင့်ဆိုဝန်ခံခဲ့၍ စွဲဆိုသည့်အတိုင်း ပေးအပ်စေရန် ဒီကရီချမှတ်ပေးခဲ့သည်။ ဦးကျော်စိုးက ယင်းဒီကရီကို ရန်ကုန်တိုင်း တရားရုံး ၁၉၉၁ ခုနှစ်၊တရားမဇာရီမှုအမှတ်-၁၇ အရ အတည်ပြုဆောင်ရွက်နေစဉ် အတော အတွင်း ဦးလှမောင်၏ဇနီး ဒေါ်အမိဇံဘီဘီ(ခ) ဒေါ်လေးခင်က တရားလို ပြုလုပ်၍ ဦးကျော်စိုးနှင့် ဦးလှမောင်တို့အပေါ် ရန်ကုန်တိုင်း တရားရုံး ၁၉၉၁ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅ (ပန်းဘဲတန်း) တွင် မမှန်မကန် ကြံစည်ပူးပေါင်း၍ လိမ်လည်ရယူထားသော ရန်ကုန်တိုင်းတရားရုံး ၁၉၉၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၁၉၀ တွင် ချမှတ်ထားသော စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ကြောင်း သို့မဟုတ် ယင်းဒီကရီမှာ ပျက်ပြယ်၍ အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေငြာသည့် ဒီကရီချမှတ်ပေးရန်နှင့် ၁၉၉၁ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၇ ကို ဆက်လက်ဆောင်ရွက်ခြင်းမှ ခေတ္တဆိုင်းငံ့ထားရန် လျှောက်ထားခဲ့ရာ ရန်ကုန်တိုင်းတရားရုံးက

လျှောက်ထားသည့်အတိုင်း ဇာရီမှုကို ဆိုင်းငံ့ထားရန် အမိန့်ချခဲ့သည်။ ယင်းအမိန့်ကို ဦးကျော်စိုးက မကျေနပ်၍ တရားရုံးချုပ် ၁၉၉၁ ခုနှစ် တရားမပြင်ဆင်မှုအမှတ်–၅၂၀ အရ ပြင်ဆင်မှု တင်သွင်းရာ ပလပ်ခြင်း ခံရပြန်၍ ဦးကျော်စိုးက တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ အထူး အယူခံဝင်ခွင့်ပြုရန် ၁၉၉၃ ခုနှစ်၊ တရားမအထွေထွေ လျှောက်ထားမှု အမှတ်–၁ ကို တင်သွင်းသည့်အခါ အောက်ပါပြဿနာကို စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် ခွင့်ပြုခဲ့သည်–

> "တရားလိုက မိမိ၏လင်ယောကျ်ားကို တရားစွဲသည်တွင် လင်ယောကျ်ားက ဝန်ခံဖြောင့်ဆိုသဖြင့် လင်ယောကျ်ားအပေါ် ဒီကရီချခဲ့သည်။ ထိုဒီကရီကို အတည်ပြုဆောင်ရွက်နေစဉ် မိမိ(တရားရှုံးယောကျ်ား၏ဇနီး) က တရားလိုနှင့် လင်ယောကျ်ား တို့အား လိမ်လည်ရယူထားသော ဒီကရီကို ပယ်ဖျက်ပေးရန် တရားစွဲဆိုပြီး ဇာရီမှုကို ဆိုင်းငံ့ပေးရန် လျှောက်ထားရာ မူလ အမှုစစ်ရုံးက ဆိုင်းငံ့မိန့် ထုတ်ပေးခဲ့သည်။ တရားရုံးချုပ်က လည်း အတည်ပြုခဲ့သည်။ အမှုသည်မဟုတ်သူဒေ နေဖြင့် တရားမ ကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၇ မှ ၁၀၃ ထိ ပြဋ္ဌာန်း ချက်များနှင့်အညီ ဆောင်ရွက်နိုင်ခွင့် ရှိနေပေသည်။ တရားမ ကျင့်ထုံးဥပဒေတွင် အခြားနည်းပြဋ္ဌာန်းချက်မရှိမှသာလျှင် ပုဒ်မ ၅၁ အရ အပ်နှင်းထားသည့် မူလဘူတအာဏာကို ကျင့်သုံးရန် ဖြစ်သည်။ သို့ဖြစ်၍ ဆိုင်းငံ့မိန့် ထုတ်ပေးခြင်းကို အတည်ပြု ခဲ့သော တရားရုံးချုပ်၏ အမိန့်သည် ဥပဒေနှင့် ညီမညီ စိစစ်ရန်"

အထက်ပါပြဿနာနှင့် စပ်လျဉ်း၍ အယူခံ တရားလို၏ တရား ရုံးချုပ် ရှေ့နေက ဇာရီမှုကို ဆိုင်းငံ့ပေးရန် ဒေါ်အမိဇာဘီက လျှောက် ထားရာတွင် တရားရုံးများက တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၁ အရ မူလဘူတအာဏာကို ကျင့်သုံး၍ ဆိုင်းငံ့မိန့်ပေးခဲ့ခြင်းသည် ဥပဒေနှင့် ဆန့်ကျင်ကြောင်း၊ ဇာရီမှုကို ဆိုင်းငံ့ပေးရန် သီးခြားပြဋ္ဌာန်းချက်များ ရှိ၍ ထိုပြဋ္ဌာန်းချက်နှင့်အညီသာ ဆောင်ရွက်ရန် ဖြစ်ပါကြောင်း၊ တရားမကျင့်ထုံးဥပဒေပုဒ်မ ၅၁ ကို အခြားပြဋ္ဌာန်းချက်မရှိမှသာ ကျင့်သုံးနိုင်ကြောင်း၊ ထို့ကြောင့် ဇာရီမှုအား ဆိုင်းငံ့ထားသည့်အမိန့်အား ပယ်ဖျက်သင့်ကြောင်း လျှောက်လဲသည်။

၁၉၉၄
ဦးကျော်စိုး
နှင့်
အက်စ်အလီ
ခန်း(ခ)
ဦးလှမောင်
ပါ-၂

အယူခံတရားပြိုင်အမှတ် (၁) အက်စ်အလီခန်းသည် ရုံးရှေ့သို့ မလာဘဲ ၎င်း၏ကိုယ်စား ဦးကြည်ဇ ဆိုသူလာသည်၊ သို့သော် အမှုအတွက် လျှောက်လဲချက် မပေးနိုင်ခဲ့ချေ။

အယူခံတရားပြိုင်အမှတ် (၂) ဒေါ်အမိဇံဘီဘီ၏ တရားရုံးချုပ်ရှေ့နေက ဇာရီမှုကို ဆိုင်းငံ့ခြင်းနှင့် စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေတွင် သီးခြားပြဋ္ဌာန်းချက်များ ရှိသည်ကိုသိကြောင်း၊ ဒီကရီကို အယူခံတရားလို ဦးကျော်စိုးနှင့် အယူခံတရားပြိုင်အမှတ် (၁) အက်စ်အလီခန်းတို့ ပူးပေါင်း၍ မတရား ရယူထားသဖြင့် ဇာရီမှု ဆိုင်းငံ့ရန် ပြဋ္ဌာန်းချက်များနှင့် အကျုံးမဝင်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ မိမိအမှုသည်က လျှောက်ထားခဲ့ရခြင်းဖြစ်ကြောင်း၊ ဥပဒေအရ မှားယွင်းမှုမရှိခြင်း၊ ကြားဖြတ်အမိန့်ကို လွယ်လွယ်နှင့် အထူးအယူခံဝင်ခွင့် မပြုသင့်ကြောင်း တို့ကြောင့် အယူခံမှုကို ပလပ်သင့်ကြောင်း အကျယ်တဝင့် ချေပလျှောက်လဲသည်။

ရန်ကုန်တိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့က ၁၉၉၁ ခုနှစ် တရားမ ဇာရီမှုအမှတ်-၁၇ ကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ မူလဘူတအာဏာကို သုံးစွဲ၍ ခေတ္တဆိုင်းငံ့ထားခဲ့ခြင်းဖြစ်သည်။ ယင်းကျင့်ထုံးဥပဒေပုဒ်မအရ မူလဘူတအာဏာကို တရားမကျင့်ထုံးဥပဒေတွင် အခြားနည်းပြဋ္ဌာန်းချက်မရှိမှသာ ကျင့်သုံးရန်ဖြစ်သည်။ ဇာရီမှုတစ်ခုကို ဆိုင်းငံ့ထားရန် ပြဋ္ဌာန်းချက်များရှိရာ ၎င်းတို့မှာ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁၊ နည်း ၂၆၊ နည်း ၂၉ နှင့် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၅ တို့ ဖြစ်ကြသည်။ ထိုပြဋ္ဌာန်းချက်များရှိပြီးဖြစ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ မူလဘူတအာဏာကို အလွယ်တကူ ကျင့်သုံးခွင့်မရှိချေ။ ဇာရီမှုကို ခေတ္တဆိုင်းငံ့ထားရန် လျှောက်ထားသူ ဒေါ်အမိဇံဘီဘီသည် မူလတရားမကြီးမှုတွင်လည်းကောင်း၊ ၁၉၉၁ ခုနှစ်၊ တရားမဇာရီမှု အမှတ်-၁၇ တွင်လည်းကောင်း အမှုသည်အဖြစ် ပါဝင်သူ မဟုတ်ခဲ့ပေ။ အမှုသည်မဟုတ်သူအနေဖြင့် ဇာရီအတည်ပြုခြင်း ခံရသည့် အခါ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၉၇ မှ ၁၀၃ အထိ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခွင့်ရှိနေသည်။ ဤအခြေအနေတွင် ရန်ကုန်တိုင်း တရားရုံးက တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၅၁ အရ မူလဘူတအာဏာကို သုံးစွဲ၍ ဇာရီမှုကို ဆိုင်းငံ့ခဲ့ခြင်းသည် အမှုတွဲတွင် ပေါ်ပေါက်သည့် သက်သေခံချက်များအရ မှန်ကန်သည်ဟု မဆိုနိုင်ပေ။ ရန်ကုန်တိုင်း

၁၉၉၄
ဦးကျော်စိုး နှင့် အက်စ်အလီ ခန်း(ခ) ဦးလှမောင် ပါ-၂

တရားရုံး၏ အမိန့်ကို အတည်ပြုခဲ့သော တရားရုံးချုပ်၏ အမိန့်သည်လည်း ဥပဒေနှင့် မညီချေ။ **ဒါဝတ်(ခေါ်)ဦးတင်မောင်ပါ-၂ နှင့် ဦးမြင့် (ခေါ်) အဘုခိုပါ-၂** အမှု[၁] ကို ကြည့်ပါ။

သို့ဖြစ်ရာ အထူးခုံရုံးက ထုတ်ခဲ့သည့်ပြဿနာကို တရားမကျင့်ထုံး ဥပဒေတွင် အခြားနည်းပြဋ္ဌာန်းချက်မရှိမှသာလျှင် ပုဒ်မ ၁၅၁ အရ အပ်နှင်းထားသည့် မူလဘူတအာဏာကို ကျင့်သုံးရန်ဖြစ်သည်။ သို့ဖြစ်၍ ဆိုင်းငံ့မိန့်ထုတ်ပေးခြင်းကို အတည်ပြုခဲ့သော တရားရုံးချုပ်၏ အမိန့်သည် ဥပဒေနှင့်မညီဟု ဖြေဆိုလိုက်သည်။

ထို့ကြောင့် ဤအထူးအယူခံမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ခွင့်ပြုပြီး၊ ရန်ကုန်တိုင်းတရားရုံး ၁၉၉၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၅(ပန်းဘဲတန်း)တွင် ဧာရီမှုအား ဆိုင်းငံ့ထားရန် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၅၁အရ မူလဘူတအာဏာကို သုံးစွဲ၍ ချခဲ့သည့် ၉-၈-၉၁ နေ့စွဲပါအမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုပေးခဲ့သည့် တရားရုံးချုပ် ၁၉၉၁ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ်-၅၂၀ တွင် ၁၃-၂-၉၂ နေ့စွဲ အမိန့်တို့ကို ပယ်ဖျက်လိုက်သည်။

ရှေ့နေခ ကျပ် ၁၀၀/- သတ်မှတ်သည်။

၁။ ၁၉၈၄ ခုနှစ်၊ မတစ စာမျက်နှာ ၁၆၀

တရားမအထွေထွေလျှောက်လွှာ(အထူးအယူခံ)

တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့်နှင့် ဦးတင်ထွတ်နိုင်တို့ ရှေ့တွင်

+၁၉၉၄
သြဂုတ်လ
၁၉ ရက်

ဒေါ်ကျင်အေး ပါ-၂
(၎င်းတို့၏ကိုယ်စားလှယ်စာရသူ ဒေါ်ခင်စန်းမြင့်)
နှင့်
ဒေါ်ဖြူ *

အဆိုအချေတွင် မပါသည့်အချက်-မည်သည့်အစု တရားရုံးက ဆုံးဖြတ်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ဤအမှုတွင် ဒေါ်ကျင်အေးတို့က ဒေါ်ဖြူအား အချင်းဖြစ်အိမ်မှ ဖယ်ရှား၍ လက်ရောက်ပေးအပ်စေရန် တောင်းဆိုထားခြင်းကြောင့် ဒေါ်ဖြူအနေဖြင့် မိမိသည် အချင်းဖြစ်အိမ်တွင် အိမ်ငှားတစ်ဦးအဖြစ် နေထိုင်သူဖြစ်၍ မိမိအား ဖယ်ရှားခွင့်မရှိကြောင်းကို အရေးပါသော ထုချေချက်အဖြစ် ချေလွှာတွင် မလွဲမသွေ ထုချေရန် လိုအပ်သည်။ သို့ရာတွင် ဒေါ်ဖြူက ထိုအချက်ကို တစ်စုံတစ်ရာ ဖော်ပြ၍ထုချေခဲ့ခြင်းမရှိချေ။ သို့သော် ဒေါ်ဖြူအိမ်ငှားတစ်ဦးဖြစ်ကြောင်း အမှုတွဲ၌ သက်သေခံချက်များ ရှိနေသည့်အပြင် တရားလို၏ ကိုယ်စားလှယ်ကိုယ်တိုင်က ဝန်ခံထွက်ဆိုထားချက်ဖြစ်သဖြင့် တရားရုံးချုပ်က ယင်းဝန်ခံထွက်ဆိုချက်နှင့် သက်သေခံချက်များကို အထောက်အထားပြု၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အမှုရုံးသော တရားလိုအတွက် နစ်နာမှုရှိမည် မဟုတ်ပေ။

အဆိုအချေတွင် မပါလင့်ကစား မည်သည့်အတွက် ဆုံးဖြတ်သင့်ကြောင်း တရားရုံးချုပ်၏ စီရင်ချက်တွင် သုံးသပ်ထားသည်။ ထိုသုံးသပ်ချက်များသည် ဥပဒေနှင့် မဆန့်ကျင်ကြောင်း တွေ့ရသည်။

---

* ၁၉၉၃ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ(အထူး)အမှတ် ၄၂၄

\+ ၁၉၉၂ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ် ၁၂၇ တွင် ချမှတ်သော (၂-၉-၉၃) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်၍ တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့် လျှောက်ထားမှု

၁၉၉၄
ဒေါ်ကျင်အေး
ပါ-၂
(ရှင်း၏
ကိုယ်စားလှယ်စာ
ရသူ
ဒေါ်ခင်စန်းမြင့်)
နှင့်
ဒေါ်ဖြူ

အယူခံတရားလိုများအတွက် - ဦးတင်ရွှေ၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးလှသိန်း၊ တရားရုံးချုပ်ရှေ့နေ

တောင်ငူမြို့နယ် တရားရုံး တရားမကြီးမှုအမှတ် ၃၅/၉၁ တွင် တရားလို ဦးစိန်ဝင်း၊ ဒေါ်ကျင်အေးနှင့် ဒေါ်မြင့်မြင့်လှိုင်တို့က ဒေါ်သန်းနှင့် ဒေါ်ဖြူတို့အပေါ် ပဋိညာဉ်အတိုင်း တရားဝင် အရောင်းအဝယ်စာချုပ် ချုပ်ဆို၍ အချင်းဖြစ်မြေကို လက်ရောက်ရလိုကြောင်း စွဲဆိုသည်။ မြို့နယ် တရားရုံးက ဦးစိန်ဝင်းတို့ စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်သည်။ ဒေါ်ဖြူက မကျေနပ်၍ ပဲခူးတိုင်း တရားရုံး (တောင်ငူခရိုင်) တရားမအယူခံမှု အမှတ် ၂၆/၉၂ တွင် အယူခံဝင်ရောက်သောအခါ တိုင်းတရားရုံးက ဒေါ်ဖြူနှင့် ပတ်သက်သမျှ မြို့နယ်တရားရုံး၏ ဒီကရီကို ပယ်ဖျက်လိုက်သည်။ ဦးစိန်ဝင်းသည် အမှုအတောအတွင်း ကွယ်လွန်သွားသဖြင့် ဒေါ်ကျင်အေးနှင့် ဒေါ်မြင့်မြင့်လှိုင်တို့က ပဲခူးတိုင်းတရားရုံး၏ ဒီကရီကို မကျေနပ်သောကြောင့် ၎င်းတို့၏ အခွင့်ရကိုယ်စားလှယ် ဒေါ်ခင်စန်းမြင့်မှ တစ်ဆင့် တရားရုံးချုပ်၊ တရားမဒုတိယ အယူခံမှုအမှတ် ၁၂၇/၉၂ တွင် အယူခံဝင်ရောက်သည်။ တရားရုံးချုပ်က တိုင်းတရားရုံး၏ ဒီကရီကို ဆက်လက်အတည်ပြုသောကြောင့် ဒေါ်ကျင်အေးတို့က တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို စုံညီခုံရုံးဖြင့် ပြန်လည်စစ်ဆေးစီရင်စေရန်အတွက် တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ ဤအထွေထွေလျှောက်လွှာကို တင်သွင်းခြင်း ဖြစ်သည်။

ဒေါ်ကျင်အေးတို့က တရားရုံးချုပ်၏ စီရင်ချက်တွင် အောက်ပါ အရေးယူလောက်သော ပြဿနာ ပေါ်ပေါက်သောကြောင့် အထူးအယူခံဝင်ခွင့် ပြုထိုက်ကြောင်း တင်ပြသည်-

> "လျှောက်ထားခံရသူများဘက်မှ တင်ပြခဲ့ခြင်း မရှိသော အဆိုလွှာ၊ ချေလွှာ၊ ငြင်းချက် စသည်များတွင် လုံးဝမပါရှိသော ထို့ပြင် လျှောက်ထားခံရသူဘက်မှ တရားရုံးချုပ်တွင် လျှောက်လဲချက် ပေးစဉ်က လုံးဝတင်ပြခဲ့ခြင်း မရှိသော အိမ်မှရှင် အိမ်ငှားဖြစ်သည်ဆိုသောအချက်ကို တရားရုံးချုပ်က ထည့်သွင်းသုံးသပ်အဆုံးအဖြတ်ပေးခြင်းဖြင့် စာစီဖက်၏ဟာကွက်ကို တရားရုံးချုပ်က ဖြည့်စွက်ပေးခြင်းသည် ဥပဒေနှင့် ညီညွတ်ခြင်း ရှိမရှိ"

၁၉၉၄
ဒေါ်ကျင်အေး
ပါ–၂
(ၿငိမ်းချမ်း
ကိုယ်စားလှယ်စာ
ရသူ
ဒေါ်ခင်စန်းမြင့်)
နှင့်
ဒေါ်ဖြူ

အချင်းဖြစ်အိမ်နှင့်မြေမှာ ဒေါ်သန်းပိုင်ဖြစ်ပြီး ထိုအိမ်တွင် ဒေါ်ဖြူ နေထိုင်လျက်ရှိသည်။ ဒေါ်သန်းက ထိုအိမ်နှင့်မြေကို ဦးစိန်ဝင်းနှင့် ဒေါ်ကျင်အေးတို့ သမီး မမြင့်မြင့်လှိုင်ကို ရောင်းချရန် ကတိရှိခဲ့သဖြင့် ဦးစိန်ဝင်း၊ ဒေါ်ကျင်အေးနှင့် မမြင့်မြင့်လှိုင်တို့က ပိုင်ရှင်ဒေါ်သန်းနှင့် လက်ရှိနေထိုင်သူ ဒေါ်ဖြူတို့အပေါ် ဗဒ္ဓိညာဉ်အတိုင်း အရောင်းအဝယ် စာချုပ်ချုပ်ဆို၍ အိမ်နှင့်မြေကို လက်ရောက်ရလိုကြောင်း စွဲဆိုခြင်း ဖြစ်သည်။ မြို့နယ်တရားရုံး၏ ဒီကရီကို ဒေါ်သန်းက အယူခံဝင်ရောက်ခြင်း မရှိပဲ ဒေါ်ဖြူတစ်ဦးတည်းကသာ အယူခံဝင်ရောက်ခဲ့သည်။ ဤအချက်များမှာ အမှုတွင် ထင်ရှားပြီးဖြစ်သည်။

ပထမအယူခံ ပဲခူးတိုင်းတရားရုံး (တောင်ငူခရိုင်) နှင့် ဒုတိယအယူခံတရားရုံးချုပ်တို့က ဒေါ်ဖြူသည် အချင်းဖြစ်အိမ်တွင် ဒေါ်သန်း၏ အိမ်ငှားအဖြစ် နေထိုင်လာခဲ့သောကြောင့် ဒေါ်မြင့်မြင့်လှိုင်က အဆိုပါ အိမ်နှင့် မြေကို ဝယ်ယူလိုက်ခြင်းဖြင့် ဒေါ်ဖြူ၏ အိမ်ရှင်ဖြစ်လာကြောင်း၊ သို့ဖြစ်၍ ဒေါ်ဖြူသည် အချင်းဖြစ်အိမ်တွင် အိမ်ငှားအဖြစ် နေထိုင်ခြင်း ဖြစ်သောကြောင့် ၎င်းအား ၁၉၆၈ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)ပါ ပြဋ္ဌာန်းချက်မှတစ်ပါး ဖယ်ရှားခွင့် မရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

ဘရားမကျင့်ထုံးဥပဒေအမိန့် ၆၊ နည်း ၂ အရ အမှုသည်တို့သည် မိမိတောင်းဆိုချက် သို့မဟုတ် ခုခံချေပချက်အတွက် အားကိုးအားထား ပြုသော အရေးပါသည့် အကြောင်းခြင်းရာများကို ဖော်ထုတ်၍ အဆို ပြုခြင်း သို့မဟုတ် ချေပခြင်း ပြုရမည်ဟု ပြဋ္ဌာန်းထားသည်။ ယင်းသို့ အဆိုပြုချေပသည့် အဆိုအချေအပေါ် အခြေပြု၍ တရားမမှုဇစ်မြစ်များကို စစ်ဆေးဆုံးဖြတ်ရသည်။ တရားရုံးသည် အဆိုအချေတွင် မပါဝင်သော အချက်၊ တစ်နည်းအားဖြင့် အဆိုအချေနှင့် ကွဲလွဲဆန့်ကျင်သည့် အမှု ဓာတ်လမ်းသစ်ကို ဖန်တီး၍ အမှုကို ဆုံးဖြတ်ခွင့်မရှိပေ။ ဤသည်မှာ တရားမမှုခင်းများ စစ်ဆေးဆုံးဖြတ်ခြင်းဆိုင်ရာ အခြေခံ ဥပဒေသတစ်ရပ် ဖြစ်သည်။ ဤဥပဒေသအောက် **ဦးကဗူးနှင့် ဦးစိန်မောင်ပါ–၂**[၁] အမှုတွင် တွေ့မြင်နိုင်သည်။

တရားမမှုများတွင် အဆိုအချေတွင် မပါဝင်သောအချက်၊ အဆို အချေနှင့် ကွဲလွဲသည့် အမှုဓာတ်လမ်းသစ်ကို ဖန်တီး၍ ဆုံးဖြတ်ပိုင်ခွင့်

(၁) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၄၆။

မရှိဆိုသည့် အခြေခံဥပဒေသမှာ တရားမျှတမှုအတွက် ကျင့်စဉ်ဖြစ်သည်။ အဆိုအချေတွင် မပါသောအချက်ကို အခြေခြုပ်၍ ဆုံးဖြတ်မည်ဆိုလျှင် ရှုံးသောအမှုသည်အတွက် အပြည့်အဝချေပခွင့်၊ ပြင်ဆင်ခွင့်မရဘဲ အငိုက် ဖမ်းခံရမည်ကို ကာကွယ်သည့် တရားသောကျင့်စဉ်သာ ဖြစ်သည်။

ဤအမှုတွင် ဒေါ်ကျင်အေးတို့က ဒေါ်ဖြူအား အချင်းဖြစ်အိမ်မှ ဖယ်ရှား၍ လက်ရောက်ပေးအပ်စေရန် တောင်းဆိုထားခြင်းကြောင့် ဒေါ်ဖြူ အနေဖြင့် မိမိသည် အချင်းဖြစ်အိမ်တွင် အိမ်ငှားတစ်ဦးအဖြစ် နေထိုင်သူ ဖြစ်၍ မိမိအား ဖယ်ရှားခွင့်မရှိကြောင်းကို အရေးပါသော ထုချေချက် အဖြစ် ချေလွှာတွင် မလွဲမသွေ ထုချေရန် လိုအပ်သည်။ သို့ရာတွင် ဒေါ်ဖြူက ထိုအချက်ကို တစ်စုံတစ်ရာ ဖော်ပြထုချေခဲ့ခြင်း မရှိချေ။ သို့သော် ဒေါ်ဖြူသည် အိမ်ငှားတစ်ဦးဖြစ်ကြောင်း အမှုတွဲ၌ သက်သေခံ ချက်များ ရှိနေသည့်အပြင် တရားလို၏ ကိုယ်စားလှယ်ကိုယ်တိုင်က ဝန်ခံထွက်ဆိုထားချက်ဖြစ်သဖြင့် တရားရုံးချုပ်က ယင်းဝန်ခံထွက်ဆိုချက် နှင့် သက်သေခံချက်များကို အထောက်အထားပြု၍ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် အမှုရှုံးသော တရားလိုအတွက် နစ်နာမှုရှိမည် မဟုတ်ပေ။

အဆိုအချေတွင် မပါလင့်ကစား မည်သည့်အတွက် ဆုံးဖြတ်သင့် ကြောင်း တရားရုံးချုပ်၏ စီရင်ချက်တွင် သုံးသပ်ထားသည်။ ထိုသုံးသပ် ချက်များသည် ဥပဒေနှင့် မဆန့်ကျင်ကြောင်း တွေ့ရသည်။ အဆိုအချေပါ စွပ်စွဲချက်၊ ခုခံချေပချက်များအပေါ် ငြင်းချက်များ ဖြစ်ပေါ်လာသည်။ ငြင်းချက်များအပေါ် ဆုံးဖြတ်ကြရသည်မှာ တရားမမှုများ စစ်ဆေးစီရင် ရာတွင် လိုက်နာရမည့် နည်းဥပဒေ ပြဋ္ဌာန်းချက်များ ဖြစ်သည်။ သို့သော် ငြင်းချက်များကို အဆုံးအဖြတ်ပြုပြီးနောက် တရားလိုအား သက်သာခွင့် ပေးထိုက်မထိုက် ဆုံးဖြတ်ရမည်မှာလည်း တရားရုံး၏တာဝန်ဖြစ်သည်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေနှင့် အကျုံးဝင်သော ဥပစာမှ အိမ်ငှားအား နှင်ထုတ်လျှင် ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များတွင် ဖော်ပြထားသော အခြေအနေများ ပေါ်ပေါက်မှ နှင်ထုတ်ခွင့်ရှိသည်။ ဒေါ်ဖြူသည် အိမ်ငှားဟုတ်မဟုတ် ငြင်းချက် မထွက်ပေါ်ခဲ့သော်လည်း အိမ်ငှားဖြစ်ကြောင်းထင်ရှားပေါ်ပေါက်နေသည် ဖြစ်ရာ ယင်းအား ဤအမှုအရ နှင်ထုတ်ခြင်းဖြင့် တရားလိုအားသက်သာ ခွင့် မပေးနိုင်သည်မှာ ဥပဒေအရ ပေါ်လွင်နေသည်။

၁၉၉၄ ခေါ်ကျင်းသေး ပါ။ ၂ (ရင်း၏ ကိုယ်စားလှယ်စာ ရသူ ခေါ်ခင်စန်းမြင့်) နှင့် ခေါ်ပြု။

ထိုအခြေအနေမျိုးတွင် တရားရုံးချုပ်က ခေါ်ပြုအား နှင်ဆုတ်သည့် ဒီကရီမျိုး ချမပေးခြင်းအား ဥပဒေအရ မှန်ကန်သည်။ တရားမကျင့်ထုံးဥပဒေပါ နည်းဥပဒေများနှင့်လည်း ဆန့်ကျင်သည် မဆိုနိုင်ပေ။

ထို့ကြောင့် ဤအထူးအယူခံဝင်ခွင့် လျှောက်လွှာကို စရိတ်နှင့်စာကို ပလပ်သည်။

ရှေ့နေခ ကျပ် ၃၀၀၀/– သတ်မှတ်သည်။

တရားမအထွေထွေအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့်ရှေ့တွင်

ဦးခင်မောင်ညို
(ကွယ်လွန်သူ ဒေါ်ဖာတမာဘီ၏
တရားဝင်ကိုယ်စားလှယ်)
နှင့်
ဒေါ်ချိုချို ပါ-၁၀*
(ကွယ်လွန်သူ ဒေါ်လှ၏ တရားဝင်ကိုယ်စားလှယ်များ)

+၁၉၉၄
နိုဝင်ဘာလ
၁၄ ရက်

တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ပါ ပြဋ္ဌာန်းချက်အရ "ပဏာမအချက်" ဆိုသည့် စကားရပ်၏ အဓိပ္ပာယ်။

ဆုံးဖြတ်ချက်။ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ ပါ "ပဏာမအချက်" ဆိုသည့် စကားရပ်တွင် အမှုကို စွဲဆိုခွင့်မရှိကြောင်း ထုချေချက်နှင့် စပ်လျဉ်း၍ ပဏာမငြင်းချက်နှင့် သက်ဆိုင်သော ဥပဒေအချက်အလက်ကိုသာ ဆိုလိုသည်မဟုတ်၊ အခြားအချက်များ သို့မဟုတ် ငြင်းချက်များကို အဆုံးအဖြတ်ပေးရန် မလိုတော့သည့် အကြောင်းခြင်းရာသို့မဟုတ် ဥပဒေအချက်အလက်များလည်း အကျုံးဝင်သည်၊ တစ်နည်းအားဖြင့် ထိုအချက်အလက် သို့မဟုတ် ငြင်းချက်များအပေါ် ဆုံးဖြတ်ချက်အရ အခြားအချက်အလက် သို့မဟုတ် ငြင်းချက်များကို အဆုံးအဖြတ်ပေးရန် မလိုတော့လျှင် ယင်းသို့ ဆုံးဖြတ်ခြင်းမှာ ပဏာမအချက်အရ ဆုံးဖြတ်ခြင်းဖြစ်သည်။ ဤအမှုတွင် မူလတရားရုံးက နို့တစ်စာ တရားမဝင်ကြောင်းနှင့် ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်းဆုံးဖြတ်ချက်မှာ အမှုတွဲရှိ အခြားအချက်အလက် သို့မဟုတ် ငြင်းချက်များကို အဆုံးအဖြတ်ပေးရန် မလိုတော့စေသည့်အလျောက် အဆိုပါဆုံးဖြတ်ချက်သည် ပဏာမအချက်အရ ဆုံးဖြတ်ချက်ဖြစ်သည်။

အယူခံတရားလိုအတွက် – ဒေါ်ခင်မေသန်း၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်များအတွက် – ဦးသောင်းညွန့်၊ တရားရုံးချုပ်ရှေ့နေ

---

* ၁၉၉၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၉၉

\+ ၁၉၉၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၈၇ တွင် ချမှတ်သော (၂၄-၉-၉၃) ရက်စွဲပါ ရန်ကုန်တိုင်း(တရားမ) တရားရုံး၏အမိန့်ကို အယူခံမှု

၁၉၉၄
ဦးခင်မောင်ညို
(ကွယ်လွန်သူ
ဒေါ်ဖာတမာဘီ
၏တရားဝင်
ကိုယ်စားလှယ်)
နှင့်
ဒေါ်ချိုချို
ပါ–၁၀
(ကွယ်လွန်သူ
ဒေါ်လှ၏
တရားဝင်
ကိုယ်စားလှယ်
များ)

ရန်ကုန်တိုင်းမြို့နယ်တရားရုံး(တရားမ)၊ ၁၉၉၂ ခုနှစ် တရားမကြီးမှု အမှတ် ၅၉ (မင်္ဂလာတောင်ညွန့်) တွင် တရားလို ဦးအေး(ခ)ဦးအိုစွပ်က တရားပြိုင် ဒေါ်ဖာတမာဘီ (ဇင်း၏အခွင့်ရကိုယ်စားလှယ် ဦးတင်ဝင်း) အပေါ် အငှားချထားသည့် ဥပစာမှ ဖယ်ရှားပေးရန် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)နှင့် ၁၂(၁)(ဂ) တို့အရ စွဲဆိုရာ မြို့နယ်တရားရုံးက နှစ်ဖက်ကို စစ်ဆေးကြားနာပြီး ဇြင်းချက်အမှတ်(၁)နှင့် (၄) ကို ဖြေဆို၍ ဦးအိုစွပ်၏အမှုကို ပလပ်လိုက်သည်။ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ကွယ်လွန်သူ ဦးအိစွပ်၏ တရားဝင် ကိုယ်စားလှယ် ဒေါ်လှက မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံး၊ တရားမအယူခံမှုအမှတ် ၈၇/၉၃ တွင် အယူခံဝင်ရောက်သောအခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ကျန်ငြင်းချက်အမှတ်(၂)(၃) နှင့် (၅) တို့ကို ဆက်လက်ဖြေဆိုဆုံးဖြတ်ရန် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားလိုက်သည်။ တိုင်းတရားရုံး၏အမိန့်ကို ဒေါ်ဖာတမာဘီက မကျေနပ်၍ တရားရုံးချုပ်တွင် ဤတရားမအထွေထွေ အယူခံကို တင်သွင်းခြင်းဖြစ်သည်။

ဦးအိစွပ်က အငှားချထားသည့် ဥပစာဖြစ်သော မင်္ဂလာတောင်ညွန့် မြို့နယ်၊ ၁၂၄ လမ်း၊ အမှတ် ၄၀ မြေညီထပ်ကို ဒေါ်ဖာတမာဘီအား တစ်လလျှင် ၃၅/– နှုန်းဖြင့် ငှားရမ်းခဲ့ရာ ဒေါ်ဖာတမာဘီသည် ၁၉၈၇ ခုနှစ် ဧန်နဝါရီလမှ ၁၉၉၀ ပြည့်နှစ် ဧပြီလ(၃၀) ရက်နေ့အထိ လပေါင်း(၄၀) တိတိအတွက် ငှားရမ်းခ စုစုပေါင်းကျပ် ၁၄၀၀/– ကို ပေးရန် ပျက်ကွက်ခြင်း၊ အိမ်ခန်း၏နောက်ဖေး မီးဖိုချောင်တံခါးကို ဖျက်ဆီးခြင်း၊ ရေပိုက်လိုင်းများမရှိခြင်း၊ နေအိမ်ခန်းများကို ဖျက်ဆီးခြင်း၊ အိမ်ရှေ့တံခါးကိုဖြုတ်၍ ရွှေ့ဘော်ထိုးခြင်း၊ အိမ်ရှင် ခွင့်ပြုချက်မရဘဲ တပ်ဆင်ခြင်း စသည်တို့ကို ပြုလုပ်ကြောင်း အဆိုပြုလျက် ဥပစာမှ ဖယ်ရှားပေးရန် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)နှင့် ၁၂(၁)(ဂ)တို့အရ စွဲဆိုခဲ့ခြင်းဖြစ်သည်။

အဆိုအချေအရ မြို့နယ်တရားရုံးက အောက်ပါငြင်းချက်များကို ထုတ်ပေးခဲ့သည်–

(၁) တရားလိုပေးပို့သော ၁၄–၅–၉၀ နေ့စွဲပါ နို့တစ်စာသည် တရားမဝင်သော နို့တစ်စာဖြစ်သည်မှာ မှန်ပါသလား၊

၁၉၉၄
ဦးခင်မောင်ညို (ကွယ်လွန်သူ ဒေါ်ဖာတမာတိ၏ တရားဝင် ကိုယ်စားလှယ်) နှင့် ဒေါ်ချိုချို ပါ-၁၀ (ကွယ်လွန်သူ ဒေါ်လှ၏ တရားဝင် ကိုယ်စားလှယ် များ)

(၂) တရားလိုသည် တရားပြိုင်အား ငှားရမ်းခများပေးရန် ပျက်ကွက်ခဲ့သည်ဆိုသည်မှာ မှန်သလား၊

(၃) တရားပြိုင်သည် ဥပစာ၏ မီးဖိုချောင်တံခါး၊ ပိုက်လိုင်း၊ အခင်းများ ဖျက်ဆီးခြင်းပြုခဲ့၍ ဥပစာ၏အခြေအနေ ဆိုးဝါးသည်ဆိုသည်မှာ မှန်သလား၊

(၄) အဆိုလွှာအပိုဒ် ၃ ပါ ဖော်ပြချက်များသည် ကာလစည်းကမ်းသတ် ကျော်လွန်နေသည်ဆိုသည်မှာ မှန်သလား၊

(၅) တရားလိုသည် မည်သည့်သက်သာခွင့် ရထိုက်ပါသနည်း။

မြို့နယ်တရားရုံးက နို့တစ်စာသည် လက်ခံရရှိပြီးဖြစ်သော ငှားရမ်းခများ ထည့်သွင်းတောင်းဆိုထားသဖြင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)နှင့် ညီညွတ်ခြင်း မရှိကြောင်း၊ တရားလိုသည် တရားစွဲဆိုခွင့်ကို ၁၉၇၈ ခု၊ ၁၉၇၉ ခုနှင့် ၁၉၈၁ ခုနှစ်များကပင် ရရှိခဲ့၍ ၎င်းစွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် (၆)နှစ် ကျော်လွန်ကြောင်းဖြင့် ငြင်းချက်အမှတ်(၁)နှင့်(၄)ကို ဖြေဆိုပြီး ဦးအိစွပ် စွဲဆိုသောအမှုကို ပလပ်ခဲ့သည်။

တိုင်းတရားရုံးက နို့တစ်စာသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေ ပုဒ်မ ၁၀၆ နှင့် ပုဒ်မ ၁၁၁(ဇ)နှင့် ညီညွတ်ကြောင်း၊ တရားလိုက နောက်ဆုံး နို့တစ်စာကို ၁၉၉၀ ပြည့်နှစ်တွင် ပေးပို့ခဲ့ခြင်းဖြစ်၍ စည်းကမ်းသတ်ကာလ ကျော်လွန်ခြင်းမရှိကြောင်း စသည်ဖြင့်ဆုံးဖြတ်သည်။

ဤအယူခံတွင် အယူခံအကြောင်းပြချက်အဖြစ် ဒေါ်ဖာတမာဘီက အဓိကတင်ပြရာတွင် မူလရုံးသည် အမှုကို အမှုတစ်ခုလုံး၏ အရည်အသွေးအရ ဆုံးဖြတ်လျှင်ဖြစ်စေ၊ သက်သေခံချက်အရပ်ရပ်အရ ငြင်းချက်အားလုံးကို ဖြေဆိုဆုံးဖြတ်လျှင်ဖြစ်စေ တိုင်းတရားရုံးက အမိန့် ၄၁၊ နည်း ၂၃ အရ အမှုကို ပြန်လည်စစ်ဆေးစေခြင်း မပြုနိုင်ကြောင်း၊ အမှု၏ တစ်စိတ်တစ်ဒေသကိုသာမက အမှုတစ်ခုလုံးကို ပဏာမအချက်အရ စီရင်ဆုံးဖြတ်မှသာလျှင် အယူခံရုံးက ဤနည်းဥပဒေအရ ပြန်လည်စစ်ဆေးရန်ဖြစ်ပါလျက် အမိန့် ၄၁၊ နည်း ၂၃အရ အခွင့်အာဏာကို သုံးစွဲခြင်းမှာ ဥပဒေအရ အထင်အရှားရှိသည်ကို လိုက်နာရန် ပျက်ကွက်ခြင်းဖြစ်ပါကြောင်း၊ အယူခံရုံးက တရားပြိုင်အိမ်ငှားအနေဖြင့် အိမ်ဥပစာကို မည်သည့်အချိန်ကစ၍ ပျက်စီးစေခဲ့သည်ဖြစ်စေ တရားလိုသည် ၎င်းတရားစွဲဆိုလိုသည့်အချိန်တွင် တရားစွဲဆိုနိုင်ကြောင်း ကောက်ယူကာ၊ အိမ်ငှားက

၁၉၉၄
ဦးခင်မောင်ညို (ကွယ်လွန်သူ ဒေါ်ဖာတမာဘီ၏ တရားဝင် ကိုယ်စားလှယ်) နှင့် ဒေါ်ချိုချို ပါ-၁၀ (ကွယ်လွန်သူ ဒေါ်လှ၏ တရားဝင် ကိုယ်စားလှယ် များ)

ဥပစာ ဖျက်ဆီးခြင်းကို ကျူးလွန်သည့်အချိန်မှစ၍ (၆)နှစ်အတွင်းမှာသာ လျှင် စွဲဆိုခွင့်ရှိသည်ဟု ဥပဒေက မဆိုဟု သုံးသပ်ဆုံးဖြတ်ခြင်းမှာ ကာလစည်းကမ်းသတ် အက်ဥပဒေပထမဇယားအမှတ်စဉ် ၁၂၀ နှင့် ဆန့်ကျင်သဖြင့် တရားစီရင်ရေးတိမ်းစောင်းသော မှားယွင်းမှုကို ဖြစ်ပေါ် စေခဲ့ပါကြောင်း၊ တရားလို၏ နို့တစ်စာသည် ဥပဒေနှင့်အညီ ရထိုက်သော ငှားရမ်းခများထက် ပိုမိုတောင်းခံသော နို့တစ်စာဖြစ်ခြင်းကြောင့် တရားမဝင်သော နို့တစ်စာဖြစ်သည်မှာ ထင်ရှားပါကြောင်း၊ မူလ တရားရုံး၏ အမိန့်သည် အကြောင်းခြင်းရာအရလည်းကောင်း၊ ဥပဒေအရလည်း ကောင်း မှားယွင်းချွတ်ချော်မှု တစ်စုံတစ်ရာ မရှိသဖြင့် ပထမအယူခံရုံး အနေဖြင့် အမိန့် ၄၁၊ နည်း ၂၃ အရ ကျင့်သုံးဆောင်ရွက်ခြင်းမှာ လွန်မင်းစွာ မှားယွင်းကြောင်း စသည်ဖြင့် တင်ပြသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ ပါ "ပဏာမအချက်" ဆိုသည့် စကားရပ်တွင် အမှုကို စွဲဆိုခွင့်မရှိကြောင်း ထုချေချက်နှင့် စပ်လျဉ်း၍ ပဏာမငြင်းချက်နှင့်ဆိုင်သော ဥပဒေအချက်အလက်ကိုသာ ဆိုလိုသည်မဟုတ်၊ အခြားအချက်များ သို့မဟုတ် ငြင်းချက်များကို အဆုံးအဖြတ်ပေးရန် မလိုတော့သည့် အကြောင်းခြင်းရာ သို့မဟုတ် ဥပဒေအချက်အလက်များလည်း အကျုံးဝင်သည်။ တစ်နည်းအားဖြင့် ထိုအချက်အလက် သို့မဟုတ် ငြင်းချက်များအပေါ် ဆုံးဖြတ်ချက်အရ အခြားအချက်အလက် သို့မဟုတ် ငြင်းချက်များကို အဆုံးအဖြတ်ပေးရန် မလိုတော့လျှင် ယင်းသို့ ဆုံးဖြတ်ခြင်းမှာ ပဏာမအချက်အရ ဆုံးဖြတ်ခြင်းဖြစ်သည်။ ဤအမှုတွင် မူလတရားရုံးက နို့တစ်စာ တရားမဝင်ကြောင်း နှင့် ကာလစည်းကမ်းသတ် ကျော်လွန်ကြောင်း ဆုံးဖြတ်ချက်မှာ အမှုတွဲရှိ အခြားအချက်အလက် သို့မဟုတ် ငြင်းချက်များကို အဆုံးအဖြတ်ပေးရန် မလိုတော့စေသည့်အလျောက် အဆိုပါ ဆုံးဖြတ်ချက်သည် ပဏာမအချက် အရ ဆုံးဖြတ်ချက်ဖြစ်သည်။ ပဏာမအချက်အရ ဆုံးဖြတ်ခဲ့သော အယူခံဝင်သည့် ဒီကရီကို အယူခံမှုတွင် ပယ်ဖျက်လိုက်လျှင် အယူခံရုံး အနေဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ အမှုကို ပြန်လည်စစ်ဆေးစေရန် အောက်ရုံးအား ညွှန်ကြားနိုင်သည်။

ဤအမှုတွင် ရန်ကုန်တိုင်း တရားရုံးက မူလတရားရုံး၏ ပဏာမ အချက်အရ ဆုံးဖြတ်ခဲ့သော ဒီကရီကို ပယ်ဖျက်လိုက်သဖြင့် တိုင်းတရားရုံး အနေဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ စီရင်ပိုင်ခွင့်

ဥပဒေ ၁၉၉၄ ဦးခင်မောင်ညို (ကွယ်လွန်သူ ဒေါ်ဖာတမာဘီ၏ တရားဝင် ကိုယ်စားလှယ်) နှင့် ဒေါ်ချိုချို ပါ-၁၀ (ကွယ်လွန်သူ ဒေါ်လှ၏ တရားဝင် ကိုယ်စားလှယ် များ)

ကို ကျင့်သုံးနိုင်ခွင့် ရှိပေသည်။ သို့ဖြစ်၍ တိုင်းတရားရုံးက ထိုသို့ကျင့်သုံးနိုင်ခွင့်မရှိကြောင်း အယူခံတရားလို ဒေါ်ဖာတမာဘီ၏ အကြောင်းပြချက်ကို လက်မခံနိုင်ပေ။

ဆက်လက်၍ စီစစ်ရန်မှာ တိုင်းတရားရုံးက မူလတရားရုံး၏ ဒီကရီကို ပယ်ဖျက်လိုက်ခြင်းမှာ မှန်မမှန်ဟူ၍ဖြစ်သည်။

မူလရုံးတရားလို ဦးအိစွပ်က ဤအမှုကို ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က) (ပထမပိုင်း) နှင့် ၁၂(၁)(ဂ) အရ စွဲဆိုခြင်းဖြစ်၍ ပုဒ်မ ၁၂(၁)(က) (ပထမပိုင်း)အရ ငှားရမ်းခအကြွေးများကို တောင်းဆိုရန် လိုအပ်သည့်အပြင် ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၆ အရ ငှားရမ်းခြင်းကို ရပ်စဲသော နို့တစ်စာကိုလည်း ပေးဖို့လိုသည်။ ယင်းကိစ္စနှစ်ရပ်ကို နို့တစ်စာတစ်စောင်တည်း၌ တစ်ပေါင်းတည်းဖြစ်စေ၊ သီးခြားနို့တစ်စာများကိုဖြစ်စေ ရေးသားပေးပို့နိုင်သည်။ ဤအမှုတွင် ဦးအိစွပ်က နို့တစ်စာတစ်စောင်တည်းတွင် တစ်ပေါင်းတည်း ပေးပို့ထားသည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က) အရ ပေးပို့သော နို့တစ်စာသည် ဝါရားဥပဒေနှင့်အညီ ရထိုက်သော ငှားရမ်းခများကို တောင်းဆိုသည့် နို့တစ်စာဖြစ်ဖို့လိုသည်။ နို့တစ်စာ (သက်သေခံ-၄) ကို လေ့လာကြည့်ရှုသည့်အခါ ဦးအိစွပ်က ၁၉၈၇ ခုနှစ် ဇန်နဝါရီလမှ ၁၉၉၀ ပြည့်နှစ် ဧပြီလ(၃၀)ရက်နေ့အထိ လပေါင်း (၄၀)အတွက် ငှားရမ်းခစုစုပေါင်း ကျပ် ၁၄၀၀/-ကို တောင်းခံထားကြောင်း တွေ့ရသည်။ အိမ်လခပြေစာဖြတ်ပိုင်း(သက်သေ ခံ-၁) အရ ၁၉၈၇ ခုနှစ် ဇူလိုင်လမှ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလအထိ(၁၈) လ အတွက် ငှားရမ်းခ ၆၃၀/-ကို ဦးအိစွပ်က ရရှိပြီးဖြစ်ကြောင်း ပေါ်ပေါက်သည်။ ဦးအိစွပ်က အမှန်မှာ ၁၉၈၅ ခုနှစ်မှ ၁၉၈၆ ခုနှစ် အထိသာ ငှားရမ်းခများ ရရှိခဲ့ကြောင်း၊ သို့ရာတွင် ၁၉၈၇ ခုနှစ်မှ ၁၉၈၈ ခုနှစ်တွင် ပြေစာတွင် မှားယွင်းရေးသွင်းကြောင်း တင်ပြသည်။ သို့သော် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိ၍ လက်မခံနိုင်ပေ။ သို့ဖြစ်၍ ဦးအိစွပ်အနေဖြင့် လက်ခံရရှိပြီးဖြစ်သော ငှားရမ်းခများကို ထည့်သွင်းတောင်းဆိုခြင်းကြောင့် အဆိုပါနို့တစ်စာသည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က) နှင့် ညီညွတ်ခြင်းမရှိချေ။ ထို့ကြောင့် မူလတရားရုံးက **ဒေါ်မြသန်းပါ-၅** နှင့်

၁၉၉၄
ဦးခင်မောင်ညို
(ကွယ်လွန်သူ
ဒေါ်ဖာတမာဘီ
၏တရားဝင်
ကိုယ်စားလှယ်)
နှင့်
ဒေါ်ချိုချို
ပါ-၁၀
(ကွယ်လွန်သူ
ဒေါ်လှ၏
တရားဝင်
ကိုယ်စားလှယ်
များ)

ဦးဘပို[၁] အမှုကို ရည်ညွှန်း၍ နို့တစ်စာ တရားမဝင်ကြောင်း ဆုံးဖြတ်ချက်မှာ မှားယွင်းမှုမရှိသောကြောင့် ဦးအိစွပ်သည် ယင်းဥပဒေပုဒ်မ ၁၂(၁)(က) (ပထမပိုင်း)အရ ဒီကရီရထိုက်ခွင့်မရှိပေ။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂(၁)(ဂ) အရ စွဲဆိုသောအမှုတွင် ယင်းဥပဒေပြဋ္ဌာန်းချက်ပါ တရားစွဲဆိုရန် အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ပြီးနောက် မည်သည့် ကာလအတွင်း ယင်းကိစ္စအတွက် အိမ်ငှားအား နှင်ထုတ်ရမည်ကို ကာလ စည်းကမ်းသတ် အက်ဥပဒေတွင် အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိသဖြင့် ယေဘုယျပြဋ္ဌာန်းချက်ဖြစ်သော ကာလစည်းကမ်းသတ် အက်ဥပဒေ ပထမ ဇယားအမှတ်စဉ် ၁၂ နှင့်သက်ဆိုင်သည်။ **ဦးကိုကိုလေးနှင့် ဦးအေးမင်း**[၂] အမှုကို ရည်ညွှန်းသည်။ ယင်းအမှတ်စဉ် ၁၂ ပါ ပြဋ္ဌာန်းချက်အရ ဦးအိစွပ်သည် တရားစွဲဆိုပိုင်ခွင့် ရရှိသည့်အခါကစ၍ (၆)နှစ်အတွင်း ဤအမှုကို စွဲဆိုရမည်ဖြစ်သည်။

ဦးအိစွပ်က ဒေါ်ဖာတမာဘီသည် ဥပစာ၏အခြေအနေကို ဆိုးရွားအောင်ပြုလုပ်ကြောင်း အဆိုလွှာအပိုဒ်(၃)တွင် အောက်ပါအတိုင်း အဆိုပြုထားသည်-

> "၃။ တရားပြိုင် နေထိုင်စဉ်အတွင်း အောက်ပါအချက်များကို ကျူးလွန်ပါသည်-
>
> (က) နောက်ဖေးမီးဖိုချောင်တံခါး ဖျက်ဆီးခြင်း၊
>
> (ခ) နောက်ဖေးမီးဖိုချောင်ပိုက်လိုင်းမရှိခြင်း၊
>
> (ဂ) နောက်ဖေးမီးဖိုချောင် အိမ်ထဲခန်း၊ အိမ်ရှေ့ခန်းအခင်းများ ပျက်စီးနေခြင်း၊
>
> (ဃ) အိမ်ရှေ့တံခါးမကိုဖြုတ်၍ ရွှေဘော်ထိုးပြီး အိမ်ရှင်၏ ခွင့်ပြုချက် ရယူခြင်းမရှိဘဲ တပ်ဆင်ထားခြင်း။"

ဦးအိစွပ်က ဒေါ်ဖာတမာဘီထံသို့ နောက်ဆုံးအကြိမ် ပေးပို့ခဲ့သော ၁၄-၅-၉၀ ရက်စွဲပါ နို့တစ်စာ (သက်သေခံ-၈) တွင် အဆိုပါအိမ်ငှား၏ ကျူးလွန်ဖောက်ဖျက်မှုများကို ဖော်ပြထားသည်။ ဦးအိစွပ်သည် ဤနို့တစ်စာ မပေးပို့မီ ၁၉၇၈ ခုနှစ် ဒီဇင်ဘာလ (၁၄)ရက်စွဲပါ သက်သေခံ(၉-၂) စာဖြင့် တစ်ကြိမ်၊ ၁၉၇၉ ခုနှစ်ဇွန်လ(၁)ရက်နေ့စွဲပါသက်သေခံ (၉-၁)

(၁) ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၆၈။
(၂) ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁။

၁၉၉၄
ဦးခင်မောင်ညို
(ကွယ်လွန်သူ
ဒေါ်ဖာတမာဘီ
၏တရား၀င်
ကိုယ်စားလှယ်)
နှင့်
ဒေါ်ချိုချို
ပါ-၁၀
(ကွယ်လွန်သူ
ဒေါ်လှ၏
တရား၀င်
ကိုယ်စားလှယ်
များ)

စာဖြင့်တစ်ကြိမ် ရပ်ကွက်ပြည်သူ့ကောင်စီဥက္ကဋ္ဌထံ လိပ်မူ၍ ဥပစာကို အိမ်ငှား ဒေါ်ဖာတမာဘီက ဖောက်ဖျက်ကျူးလွန်မှုများကို တင်ပြခဲ့ဖူးသည်။ ထိုစာများတွင် ဒေါ်ဖာတမာဘီက နောက်ဖေးတံခါးများကို ဖျက်ဆီးခြင်း၊ အိမ်နောက်ဖေးရှိ ရေတိုင်ကီနှင့် ဆက်သွယ်ထားသော ပိုက်များကိုဖြုတ်၍ ကိုယ်ကျိုးအတွက် အသုံးပြုခြင်းများကို ဖော်ပြတိုင်ကြားထားသည်။ ထို့အပြင် ၁၉၈၁ ခုနှစ် ဇွန်လ (၁၂)ရက်စွဲဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် လူမှုရေးကော်မတီထံသို့ အကူအညီတောင်းခံသည့်စာ (သက်သေခံ ၉-၃) တွင်လည်း အလားတူ ဖော်ပြထားသည်။ သို့ဖြစ်၍ ဦးအိစွပ်သည် ဒေါ်ဖာတမာဘီက ဥပစာကို ဆိုးရွားအောင် ပြုသည့် အကြောင်းများကို ၁၉၇၈ နှင့် ၁၉၈၁ ခုနှစ်ကာလများကပင် သိရှိကြောင်း ပေါ်ပေါက်သဖြင့် ၎င်းအနေဖြင့် ထိုအချိန်ကစ၍ ဒေါ်ဖာတမာဘီအပေါ် တရားစွဲဆိုခွင့် ရရှိခဲ့ပြီးဟု ဆိုရပေမည်။ ထိုကာလကစ၍ ရေတွက်သော် ၁၉၉၀ ပြည့်နှစ်တွင် စွဲဆိုသော ဦးအိစွပ်၏အမှုမှာ စည်းကမ်းသတ်ကာလ (၆) နှစ် ကျော်လွန်နေကြောင်း ထင်ရှားသည်။ ထို့ကြောင့် တိုင်းတရားရုံးက ကာလစည်းကမ်းသတ် ကျော်လွန်ခြင်းမရှိကြောင်း သုံးသပ်၍ အမှုကို ပြန်လည်စစ်ဆေးစေရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ ချမှတ်သောအမိန့်မှာ မှန်သည်ဟု မဆိုနိုင်ပေ။

ဖော်ပြပါ အကြောင်းများကြောင့် ဤအထွေထွေအယူခံကို ခွင့်ပြု၍ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ ၎င်းနောက် မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပြန်လည်အတည်ပြုလိုက်သည်။

ရှေ့နေခ ကျပ် ၂၀၀/- သတ်မှတ်သည်။

တရားမပြင်ဆင်မှု

တရားရုံးချုပ်တရားသူကြီး ဦးကျော်ဝင်းရွှေတွင်

ဒေါ်ခင်လှမြင့်
နှင့်
ဒေါ်ညွန့်အေးစိုး ပါ–၇

+၁၉၉၄
ဒီဇင်ဘာလ
၂၀ ရက်

သက်သေခံဥပဒေ–တရားရုံးသို့ တင်သွင်းသော ကျမ်းကျိန်လွှာ (ကတိသစ္စာပြုလွှာ)သည် သက်သေစံဝင်ခြင်း ရှိမရှိ၊ မည်သည့်အခါတွင် သက်သေအဖြစ် လက်ခံနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ကျမ်းကျိန်လွှာသည် သက်သေခံဥပဒေပုဒ်မ ၃ တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့် "သက်သေခံအထောက်အထား" ဆိုသော စကားရပ်တွင် အကျုံးမဝင်သဖြင့် ဥပဒေက အတိအလင်း ခွင့်ပြုထားသည့်ကိစ္စများမှအပ သက်သေခံ အထောက်အထားအဖြစ် လက်ခံနိုင်မည် မဟုတ်ချေ။

ထပ်မံဆုံးဖြတ်ချက်။ တရားမကျင့်ထုံးဥပဒေအမိန့် ၁၉ အရ လုံလောက်သည့် အကြောင်းရှိပါက တရားရုံးသည် မည်သည့်အခါမဆို လျော်ကန်သင့်မြတ်သော စည်းကမ်းချက်များ သတ်မှတ်၍ သီးခြားအကြောင်းခြင်းရာသို့မဟုတ် အကြောင်းခြင်းရာများကို ကျမ်းကျိန်လွှာဖြင့် သက်သေထင်ရှားပြရန်သော်လည်းကောင်း၊ သက်သေတစ်ဦး၏ ကျမ်းကျိန်လွှာကို အမှုကြားနာရာတွင် ဖတ်ကြားစေရန်သော်လည်းကောင်း အမိန့်ချမှတ်နိုင်သည်၊ တစ်နည်းဆိုသော် အကြောင်းခြင်းရာ တစ်ရပ်ရပ်တွင် ကျမ်းကျိန်လွှာဖြင့် သက်သေထင်ရှားပြစေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်၊ သို့ရာတွင် တရားရုံးက ထိုသို့အမိန့်မချလျှင် အကြောင်းခြင်းရာတစ်ရပ်ကို ကျမ်းကျိန်လွှာဖြင့် သက်သေထူခွင့်မရှိပေ။

သက်သေခံဥပဒေပုဒ်မ ၁ တွင်လည်း တရားရုံးသို့ တင်သွင်းသော ကတိသစ္စာပြုလွှာသည် သက်သေခံဥပဒေနှင့် သက်ဆိုင်ခြင်း မရှိကြောင်း

---

* ၁၉၉၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၅

\+ ၁၉၉၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၃၉ တွင် ချမှတ်သော (၂၅–၁၁–၉၃) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပြင်ဆင်မှု

ပြဋ္ဌာန်းထားသည်။

၁၉၉၄
ဒေါ်ခင်လှမြင့်
နှင့်
ဒေါ်ညွန့်အေးစိုး
ပါ-၇

လျှောက်ထားသူအတွက် – ဦးကျင်တိုး၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများ အတွက် – ၁ အတွက် ဦးမင်းအောင်၊ တရားရုံးချုပ်ရှေ့နေ၊ ၃ နှင့် ၅ အတွက် ဦးသန်းထွန်း၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၃၃၉/၉၂(တာမွေ) တွင် တရားလို ဒေါ်ညွန့်အေးစိုး (၎င်း၏ အခွင့်ရ ကိုယ်စားလှယ် ဦးသက်ဆွေ) က တရားပြိုင် ဒေါ်ခင်လှမြင့်ပါ ၇ ဦးတို့အပေါ် အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသည်။ ယင်းအမှုတွင် တရားလိုဘက်မှ ကျမ်းကျိန်လွှာမိတ္တူတစ်စောင်အား သက်သေခံအဖြစ် တင်သွင်းရာ စာရုံးက လက်ခံခွင့်ပြုခဲ့သည့်အမိန့်ကို တရားပြိုင် ဒေါ်ခင်လှမြင့်က မကျေနပ်၍ တရားရုံးချုပ်သို့ ဤပြင်ဆင်မှု တင်သွင်းလာခြင်းဖြစ်သည်။

လျှောက်ထားသူက ဤပြင်ဆင်မှုတွင် အောက်ပါအကြောင်းပြချက်များကို တင်ပြသည်–

(၁) မူလရုံးတရားလိုက ရန်ကုန်တိုင်း (တရားမ) ရုံးတော်သို့ ကျမ်းကျိန်လွှာကို သက်သေခံအဖြစ် တင်သွင်းစဉ်က ကျမ်းကျိန်လွှာမူရင်းကို မတင်ပြခဲ့ပေ၊ ထိုသို့ကျမ်းကျိန်လွှာမူရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းမရှိဘဲ ကျမ်းကျိန်လွှာမိတ္တူကို ရုံးတော်က လက်ခံခဲ့ခြင်းသည် များစွာ မှားယွင်းချွတ်ချော်နေပါကြောင်း။

(၂) ကျမ်းကျိန်လွှာနှင့် ပတ်သက်၍ သက်သေခံဥပဒေပုဒ်မ ၁ အရ တရားရုံးတော်သို့ သက်သေခံအဖြစ် တင်သွင်းအစစ်ဆေးခံခွင့် မရှိဟု အတိအလင်း ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း၊ ထိုသို့ ဥပဒေတွင် အတိအလင်း တားမြစ်ပြဋ္ဌာန်းထားချက် ရှိပါလျက် ရုံးတော်က သက်သေခံအဖြစ် လက်ခံခဲ့ခြင်းသည် ဥပဒေကို ဆန့်ကျင်လျက်ရှိပါသဖြင့် ချမှတ်ခဲ့သော အမိန့်သည် များစွာမှားယွင်းလျက် ရှိပါကြောင်း။

မူလရုံးက သက်သေခံအဖြစ် လက်ခံခဲ့သော ကျမ်းကျိန်လွှာမိတ္တူမှာ မူရင်းမဟုတ်သော်လည်း တရားရုံးက မှန်ကြောင်း သက်သေခံ

၁၉၉၄ ခေါ်ခင်လှမြင့်နှင့် ခေါ်ညွန့်အေးစိုး ပါ–၇

လက်မှတ် ရေးထိုးထားသောမိတ္တူဖြစ်၍ ယင်းကဲ့သို့သော မိတ္တူမျိုးကို တရားရုံးက သက်သေခံအဖြစ် လက်ခံနိုင်သည်။ သို့ရာတွင် ကျမ်းကျိန်လွှာသည် သက်သေခံဥပဒေပုဒ်မ ၃ တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့် "သက်သေခံ အထောက်အထား" ဆိုသော စကားရပ်တွင် အကျုံးမဝင်သဖြင့် ဥပဒေက အတိအလင်း ခွင့်ပြုထားသည့်ကိစ္စများမှအပ သက်သေခံအထောက်အထားအဖြစ် လက်ခံနိုင်မည်မဟုတ်ချေ။ **မသောင်းတင်နှင့် မောင်စိန်ရှင်အမှု**(၁) ကို ရည်ညွှန်းသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၁၉ အရ လုံလောက်သည့်အကြောင်းရှိပါက တရားရုံးသည် မည်သည့်အခါမဆို လျော်ကန်သင့်မြတ်သော စည်းကမ်းချက်များ သတ်မှတ်၍ သီးခြားအကြောင်းခြင်းရာ သို့မဟုတ် အကြောင်းခြင်းရာများကို ကျမ်းကျိန်လွှာဖြင့် သက်သေထင်ရှားပြရန် သော်လည်းကောင်း၊ သက်သေတစ်ဦး၏ ကျမ်းကျိန်လွှာကို အမှုကြားနာရာတွင် ဖတ်ကြားစေရန်သော်လည်းကောင်း အမိန့်ချမှတ်နိုင်သည်။ တစ်နည်းဆိုသော် အကြောင်းခြင်းရာ တစ်ရပ်ရပ်ကို ကျမ်းကျိန်လွှာဖြင့် သက်သေထင်ရှားပြစေရန် တရားရုံးက အမိန့်ချမှတ်နိုင်သည်။ သို့ရာတွင် တရားရုံးက ထိုသို့အမိန့်မချလျှင် အကြောင်းခြင်းရာ တစ်ရပ်ကို ကျမ်းကျိန်လွှာဖြင့် သက်သေထူခွင့်မရှိပေ။

သက်သေဥပဒေပုဒ်မ ၁ တွင်လည်း တရားရုံးသို့ တင်သွင်းသော ကတိသစ္စာပြုလွှာသည် သက်သေခံဥပဒေနှင့် သက်ဆိုင်ခြင်း မရှိကြောင်း ပြဋ္ဌာန်းထားသည်။

အထက်ပါ အကြောင်းများကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ ၂၅–၁၁–၉၃ ရက်နေ့တွင် တရားလိုဘက်မှ တင်သွင်းခဲ့သော ၁၀–၁၀–၉၀ ရက်နေ့စွဲပါ ခေါ်အေးမြင့်၏ ကတိသစ္စာပြုလွှာကို သက်သေခံအဖြစ် လက်ခံခဲ့သည့် တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သည်။

စရိတ်သတ်မှတ်ခြင်းမပြု။

---

(၁) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများစာ ၁၉။

တရားမဒုတိယအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးသန်းဗေရှေ့တွင်

ဦးစူလ်တန်
နှင့်
ဦးစိန်မောင် *

+၁၉၉၄
ဒီဇင်ဘာလ
၂၁ ရက်

၁၉၆၀ ပြည်နှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က) (ဒုတိယပိုင်း)နှင့် ၁၂(၁)(ဂ)အရ စွဲဆိုမှု၊ လျှောကားရှိ မူလ ရှိပြီး အုတ်ခုံပေါ်တွင် ထပ်ဆင့်၍ အုတ်ခုံပြုလုပ်ခြင်း၊ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၈(တ)အရ အိမ်ဌားတာဝန် ဖောက်ဖျက်ရာ ရောက်မရောက်။

ဆုံးဖြတ်ချက်။ လျှောကားတွင် အုတ်ခုံဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ အိမ်ရှင်အယူခံတရားပြိုင် (မူလရုံးတရားလို) ၏ ထွက်ဆိုချက်များအရ ဆိုလျှင် အယူခံတရားလိုက မူလအယူခံတရားပြိုင် ပြုလုပ်ထားသော အုတ်ခုံကိုပင် အကျော်အနှင်းကောင်းစေရန် ပြုပြင်ခဲ့သည်ဟု ဆိုရပေမည်၊ သို့ဖြစ်၍ ယင်းသို့အုတ်ခုံကို ပြင်ဆင်ခြင်းမှာ ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၈(တ)ပါ တည်ဆောက်ခြင်း (erect) မဟုတ်သောကြောင့် အိမ်ဌားတာဝန်ဝတ္တရားကို ဖောက်ဖျက်ရာ ရောက်သည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုအတွက် – ဦးခင်မောင်ဌေး၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးသိန်းမြင့်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း မြို့နယ်တရားရုံး (တရားမ) ၁၉၉၂ ခုနှစ် တရားမ ကြီးမှုအမှတ် ၁၈၉ တွင် တရားလို ဦးစိန်မောင်က တရားပြိုင် ဦးစူလ်တန်သည် အငှားချထားသည့် ဥပစာဖြစ်သော တာမွေမြို့နယ်၊ တာမွေကြီး(ခ) ရပ်ကွက်၊ ကျိုက္ကဆံလမ်း၊ အမှတ် ၃၉၃၉ အပေါ်ထပ်အား ၎င်း၏ မဆင်

---

* ၁၉၉၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၂၇

\+ ၁၉၉၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၅၅ တွင် ချမှတ်သော (၃၀–၁၂–၉၃) ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၁၉၉၄
ဦးစူလ်တန်
နှင့်
ဦးစိန်မောင်

မခြင်ပြုလုပ်မှုကြောင့် ဥပစာမှာ ပျက်စီးယိုယွင်းပြီး အခြေအနေ ဆိုးရွားသွားကြောင်း၊ အိမ်ရှေ့လေကားတွင် အုတ်ခုံတန်းအကာများကို အခိုင်အမာ ပြုလုပ်ကြောင်း၊ အိမ်ပေါ်မှ အညစ်အကြေးများ သွန်ချခြင်းကြောင့် ပတ်ဝန်းကျင် ကျန်းမာရေးကို ထိခိုက်စေခဲ့ကြောင်း စသည်ဖြင့် အဆိုပြုလျက် ဥပစာမှ ဖယ်ရှားပေးရန် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (က)နှင့် (ဂ) တို့အရ စွဲဆိုသည်။ မြို့နယ်တရားရုံးက နှစ်ဖက်ကို စစ်ဆေးကြားနာပြီး ပုဒ်မ ၁၂(၁)(က) (ဒုတိယပိုင်း)အရ ဒီကရီချမှတ်သည်။ ယင်းဒီကရီကို ဦးစူလ်တန်က မကျေနပ်၍ ရန်ကုန်စိုင်းတရားရုံး၊ ၁၉၉၃ ခုနှစ် တရားမအယူခံမှုအမှတ် ၁၅၅ တွင် အယူခံဝင်ရောက်သော်လည်း အောင်မြင်မှုမရသောကြောင့် တရားရုံးချုပ်တွင် ဤတရားမဒုတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

ဦးစူလ်တန်က အယူခံအကြောင်းပြချက်များအဖြစ် အောက်ပါတို့ကို အဓိက တင်ပြသည်–

(၁) မူလမြို့နယ်တရားရုံးက အိမ်ငှားတာဝန် ဖောက်ဖျက်မှုနှင့် စပ်လျဉ်း၍ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၈(တ)၏ ပြဋ္ဌာန်းချက်များနှင့် အမှုဖြစ်ရပ်ကို ဆက်စပ်သုံးသပ်ရာတွင် ဥပဒေနှင့် ညီညွတ်မှုမကန်မှု ရှိခြင်း၊ သက်သေထွက်ချက်များနှင့် ကွဲလွဲကောက်ယူခြင်း၊ သက်သေပြရန် တာဝန်ကို လွဲမှားစွာ ဆုံးဖြတ်ထားခြင်း၊ နှစ်ဖက်အမှုသည်များ တင်ပြခြင်းမရှိသည့် အချက်များအပေါ် အခြေခံဆုံးဖြတ်ထားခြင်း၊ အိမ်နီးချင်းအား စိတ်ဒုက္ခပေးသောအချက်များနှင့် ဆက်စပ်ပြီး လွဲမှားစွာ ဆုံးဖြတ်ထားခြင်းများ ပေါ်ပေါက်နေပါလျက် အယူခံ တိုင်းတရားရုံးက မူလတရားရုံး၏ ဒီကရီကို အတည်ပြုခြင်းမှာ မှားယွင်းပါကြောင်း၊

(၂) နို့တစ်စာကို (၁၅) ရက် ကြိုတင်ပေးပို့ခဲ့ခြင်းမရှိ၍လည်းကောင်း၊ နို့တစ်စာတွင် ငှားရမ်းခြင်းရပ်စဲသည့်နေ့ကို (၂) ရက် ဖော်ပြထားသဖြင့်လည်းကောင်း၊ နို့တစ်စာသည် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆ နှင့် ညီညွတ်ခြင်းမရှိကြောင်း၊ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ နို့တစ်စာကို

ငှားရမ်းခ ကြိုးကြပ်ရေးဝန်ထံ ပေးပို့ခဲ့ခြင်း မရှိ၍ ဥပဒေ ပြဋ္ဌာန်းချက်နှင့် မညီကြောင်း ပေါ်လွင်နေသဖြင့် တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ ဒီကရီကို အတည်ပြုခြင်းမှာ မှားယွင်းပါကြောင်း။

အယူခံတရားလိုရှေ့နေက အငှားချထားခြင်း မရှိသော မြေနေရာတွင် စည်ပင်သာယာ အလုပ်သမားများက သူ့သဘောနှင့်သူ အုတ်လမ်းခင်းခြင်းအား ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၈(တ) အရ အိမ်ငှားတာဝန် ဖောက်ဖျက်ရာ ရောက်ကြောင်း ဆုံးဖြတ်ခြင်းမှာ အဆိုလွှာတွင် မပါသည့်အချက်ကို ဆုံးဖြတ်ရာရောက်သည့်အပြင် ယင်းအချက်မှာ အိမ်ငှားတာဝန် ဖောက်ဖျက်ရာ မရောက်သဖြင့် ဥပဒေအရ မှားယွင်းပါကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၆ အရ အိမ်ငှားသည် ငှားရမ်းခြင်းရပ်စဲသည့် နို့တစ်စာကို အငှားချထားသောလမကုန်မီ (၁၅) ရက် ကြိုတင်၍ ရရှိရမည်ဖြစ်သော်လည်း ၁၆-၈-၉၁ ရက်စွဲပါ နို့တစ်စာကို ၂၀-၈-၉၁ ရက်စွဲဖြင့် ပေးပို့သဖြင့် လကုန်ရက်ဖြစ်သော ၃၁-၈-၉၁ ရက်နေ့မတိုင်မီ (၁၅)ရက် ကြိုတင်၍ရရှိခြင်း မရှိသောကြောင့် နို့တစ်စာသည် တရားမဝင်ပါကြောင်း စသည်ဖြင့် ဖလှယ်လဲတင်ပြသည်။

အယူခံတရားပြိုင်ရှေ့နေက အယူခံတရားလို (မူလရုံးတရားပြိုင်) သည် အိမ်ရှေ့လှေကားအတက်တွင် အုတ်ခုံတန်း အကာများ အခိုင်အမာ တည်ဆောက်သည်ဟု အယူခံတရားပြိုင် (မူလရုံးတရားလို)က အဆိုလွှာ၌ အဆိုပြုစွပ်စွဲထားသဖြင့် ထိုအချက်ပေါ် မူတည်၍ အယူခံတရားလိုသည် အိမ်ငှားတာဝန် ဖောက်ဖျက်ရာရောက်ကြောင်း အောက်ရုံးများ၏ ဆုံးဖြတ်ချက်သည် အဆိုအချေနှင့် ဆန့်ကျင်ကွဲလွဲဆုံးဖြတ်ရာ မရောက်ပါကြောင်း၊ နို့တစ်စာအရ အိမ်ငှားအား နို့တစ်စာပေးသည့်နေ့ကစ၍ ငှားရမ်းခြင်းကို ရပ်စဲစေကာမူ အိမ်ငှားအား လကုန်ရက်အထိ ဆက်လက်နေထိုင်ခွင့် ပြုထားသဖြင့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၁၀၆ နှင့် ညီပါကြောင်း၊ ယခုအခါ ဥပစာမှာ မူလပိုင်ရှင်(အယူခံတရားပြိုင်)၏ လက်ဝယ်သို့ ရောက်ရှိနေပြီး မူလအငှားချထားစဉ်က ပုံသဏ္ဌာန်နှင့် လုံးဝမတူတော့သဖြင့် အယူခံတရားလိုအား ဆက်လက်ငှားရမ်းနေထိုင်ခွင့်ပေးရန် မလွယ်ကူတော့ကြောင်း စသည်ဖြင့် ဖြေကြားလျှောက်လဲသည်။

အယူခံတရားလိုသည် အချင်းဖြစ်ဥပစာ၏ လှေကားအတက်အဆင်းတွင် အုတ်၊ သဲ၊ ကျောက်တို့ဖြင့် လှေကားခုံ ပြုလုပ်ထားသည်မှာ

၁၉၉၄
ဦးမှူလ်တန်
နှင့်
ဦးစိန်မောင်

အမှုတွင် အငြင်းမပွားပေ။ မူလမြို့နယ်တရားရုံးက အယူခံတရားလိုသည် ၁၉၆၀ ပြည့်နှစ် အိမ်ငှားတာဝန် ဖောက်ဖျက်ကြောင်း အောက်ပါအတိုင်း ကောက်ယူဆုံးဖြတ်သည်–

> "တရားပြိုင်သည် အချင်းဖြစ်အုတ်ခုံကို အိမ်ရှင်က သဘော မတူဘဲ မိမိအစီအစဉ်ဖြင့် ပြုလုပ်စေခြင်းဖြစ်ကြောင်း ပေါ် ပေါက်သည်။ ထိုသို့ ပြုလုပ်ခြင်းမှာ အဆင်းအုတက် အဆင်ပြေ စေရန် ကောင်းမွန်အောင် ပြုလုပ်ခြင်းဖြစ်သည့်တိုင် အိမ်ရှင်က တားမြစ်နေသည့်ကြားမှ ပြုလုပ်ခြင်းဖြစ်၍ အိမ်ရှင်၏ ပိုင်ရေး ပိုင်ခွင့်ကို ထိပါးနှောင့်ယှက်ရာ ရောက်သဖြင့် အိမ်ငှားတာဝန် ဖောက်ဖျက်သည်ဟု ဆိုရမည်ဖြစ်သည်။
>
> ပစ္စည်းလွဲပြောင်းခြင်းဥပဒေပုဒ်မ ၁၀၈(တ)အရ ပစ္စည်းတွင် အမြဲထာဝရ အဆောက်အအုံကို အငှားချထားသူက သဘော မတူဘဲ ငှားယူသူက မဆောက်လုပ်ရဟု တားမြစ်ပိတ်ပင်ထား သည်။ သစ်သားလေကား၏အောက်ခြေတွင် ခြေနင်းခုံကို ကွန်ကရစ်ဖြင့် အခိုင်အမာ တည်ဆောက်ခြင်းမှာ တည်မြဲသော အရာတစ်ခုကို ဖန်တီးရာရောက်သဖြင့် ပစ္စည်းလွဲပြောင်းခြင်း ဥပဒေပုဒ်မ ၁၀၈(တ)အရ အိမ်ငှားတာဝန် ချိုးဖောက်ရာရောက် ပေသည်။"

ပထမအယူခံတိုင်းတရားရုံးကလည်း မြို့နယ်တရားရုံးနှင့် တစ်ထပ်တည်း ကောက်ယူဆုံးဖြတ်သည်။ ပစ္စည်းလွဲပြောင်းခြင်းဥပဒေပုဒ်မ ၁၀၈(တ) တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

"he must not, without the lessor's consent, erect on the property any permanent structure, except for agricultural purposes;"

တည်ဆောက်သည် "erect" ဆိုသော စကားရပ်သည် မရှိသေးသော အရာကို တည်ဆောက်ခြင်းကို ရည်ညွှန်းသည်။ **ဒေါ်ကျင်သိနှင့် ဦးထွန်းရီအမှု**[၁] တွင် စုံညီခုံက "erect" ဆိုသောစကားရပ်ကို အထက်ပါ အတိုင်း အဓိပ္ပာယ်ကောက်ယူသည်။ လေကားတွင် အုတ်ခုံဆောက်လုပ် ခြင်းနှင့် စပ်လျဉ်း၍ အိမ်ရှင်အယူခံတရားပြိုင်(မူလရုံးတရားလို)က အောက်ပါ အတိုင်း ထွက်ဆိုသည်–

---

(၁) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ–၁၂။

"ကျနော်လုပ်ထားသည့် အုတ်ခုံပေါ်တွင် တရားပြိုင်တို့က ထပ်ဆင့်၍ အုတ်ခုံပြုလုပ်ထားပါသည်။ အကျော်အနင်းကောင်းအောင် တရားပြိုင်တို့က လုပ်ထားခြင်း ဖြစ်ပါသည်။"

ယင်းထွက်ဆိုချက်များအရဆိုလျှင် အယူခံတရားလိုက မူလ အယူခံတရားပြိုင် ပြုလုပ်ထားသော အုတ်ခုံကိုပင် အကျော်အနင်းကောင်းစေရန် ပြုပြင်ခဲ့သည်ဟု ဆိုရပေမည်။ သို့ဖြစ်၍ ယင်းသို့အုတ်ခုံကို ပြင်ဆင်ခြင်းမှာ ပစ္စည်းလွဲပြောင်းခြင်းဥပဒေပုဒ်မ ၁၀၈(တ) ပါ တည်ဆောက်ခြင်း (erect) မဟုတ်သောကြောင့် အိမ်ဌားတာဝန်ဝတ္တရားကို ဖောက်ဖျက်ရာရောက်သည်ဟု မဆိုနိုင်ပေ။ သို့ဖြစ်ရာ အယူခံတရားပြိုင်ရှေ့နေ၏ တင်ပြချက်ကို လက်မခံနိုင်ပေ။ သို့ဖြစ်၍ အောက်ရုံးနှစ်ရုံးစလုံးက အမှုတွင် ပေါ်ပေါက်သည့် အကြောင်းခြင်းရာများမှာ ဥပဒေကြောင်းအရ မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို အဆုံးအဖြတ်ပြုရာ၌ မှားယွင်းသည်ဟု ဆိုရမည်ဖြစ်၍ ဤဒုတိယအယူခံ၌ အောက်ရုံးများ၏ ဆုံးဖြတ်ချက်ကို ဖျက်ပြင်ဆင်ခွင့်ရှိသည်။ **ဦးသာဒင်ပါ-၄ နှင့် ဦးကျောက်ဒိုး ပါ-၅အမှု**(၂) ကို ရည်ညွှန်းသည်။

အထက်ပါ ဝေဖန်သုံးသပ်ချက်အရ နို့တစ်စာ တရားဝင်မဝင် ပြဿနာကို ဆက်လက်စိစစ်ဆုံးဖြတ်ရန် အကြောင်းမရှိတော့ပေ။

ဖော်ပြပါအကြောင်းများကြောင့် ဤအယူခံကို ခွင့်ပြု၍ မူလတရားရုံး၏ ဒီကရီနှင့် ယင်းဒီကရီကို အတည်ပြုသော ရန်ကုန်တိုင်း တရားရုံးတို့၏ ဒီကရီတို့ကို ပယ်ဖျက်လိုက်သည်။ ၎င်းနောက် အယူခံတရားပြိုင် (မူလရုံးတရားလို) စွဲဆိုသောအမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၂၀၀/- သတ်မှတ်သည်။

---

(၂) ၁၉၆၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၄၈။

တရားမပြင်ဆင်မှု

တရားရုံးချုပ်တရားသူကြီး ဦးတင်ထွတ်နိုင်ရှေ့တွင်

ဒေါ်စိန်ကြည်
နှင့်
ဦးသန်းစိန် *

+၁၉၉၄
အောက်တိုဘာ
လ ၃၁ ရက်

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂– ယင်းဥပဒေပြဋ္ဌာန်းချက်အရ မြွက်ဟကြေညာပေးစေလိုမှု သက်သက်စွဲဆိုနိုင်ရန် လိုအပ်ချက်များ– တရားလိုသည် တရားစွဲဆိုချိန်တွင် မိမိ၏အခွင့်အရေးနှင့် သက်ဆိုင်ခြင်းမရှိဘဲ တရားပြိုင်၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ မြွက်ဟကြေညာလိုမှု စွဲဆိုခွင့်မရှိခြင်း–တရားလိုအနေဖြင့် ၎င်းကွယ်လွန်သည့်အခါ သားသမီးများ၏ အမွေဆက်ခံပိုင်ခွင့်ကို ပိတ်ပင်နိုင်စေရန်အတွက် သေတမ်းစာသဘောသက်ရောက်သည့် တောင်းဆိုချက်နှင့် အစီအမံတို့ကို ပြုလုပ်ပိုင်ခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ မူလရုံးတရားလို ဦးသန်းစိန်က အဆိုလွှာတွင် စွဲဆိုထားသော အမှုမှာ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးစေလိုမှုသက်သက် စွဲဆိုခြင်းဖြစ်ကြောင်း တွေ့ရသည်၊ အဆိုပါ ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာချက်သက်သက် တောင်းဆိုနိုင်ရန် အောက်ပါအချက်များနှင့် ညီညွတ်ရန်လိုသည်–

(က) တရားလိုသည် အမှုစွဲဆိုချိန်တွင် တည်ရှိနေသော ၎င်း၏ တရားဝင်အခြေအနေ သို့မဟုတ် ပစ္စည်းနှင့် စပ်လျဉ်းသည့် အခွင့်အရေးနှင့် ပတ်သက်၍ စွဲဆိုခြင်း ဖြစ်ရမည်၊

(ခ) အဆိုပါ တရားလို၏ တရားဝင်အခြေအနေ သို့မဟုတ် ပစ္စည်းပိုင်ဆိုင်ခွင့်ကို တရားပြိုင်က ငြင်းကွယ်ရမည် သို့မဟုတ် ငြင်းကွယ်ရန် လိုလားနေသူ ဖြစ်ရမည်၊

---

* ၁၉၉၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၇၁

\+ ၁၉၉၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၂၉ တွင် ချမှတ်သော (၉–၄–၉၃) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို လျှောက်ထားမှု

(ဂ) တရားလိုအနေဖြင့် နောက်ဆက်တွဲ သက်သာခွင့်တောင်းဆို နိုင်သည့်အခြေအနေ မရှိစေရပေ။

ထပ်မံဆုံးဖြတ်ချက်။ ဦးသန်းစိန် စွဲဆိုသောအမှုမှာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်နှင့်လည်းကောင်း၊ ယင်းပြဋ္ဌာန်းချက်တွင် ဖော်ပြထားသော ဥပမာ(က)မှ (ဇ)အထိတို့နှင့်လည်းကောင်း အကျုံးဝင် ညီညွတ်သောအမှု မဟုတ်ကြောင်း တွေ့ရသည်၊ တရားလိုသည် တရားစွဲဆိုချိန်တွင် မိမိ၏အခွင့်အရေးနှင့် သက်ဆိုင်ခြင်းမရှိဘဲ တရားပြိုင်၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ မြွက်ဟကြေညာလိုမှု စွဲဆိုခွင့် မရှိချေ။

ထပ်မံဆုံးဖြတ်ချက်။ နစ်ဘက်အမှုသည်တို့မှာ မြန်မာဗုဒ္ဓဘာသာဝင် များဖြစ်ကြသည်မှာ အငြင်းမပွားချေ၊ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အမွေရှင် သေဆုံးသည်နှင့်တစ်ပြိုင်နက် ကျန်ရစ်သူ အမွေဆိုင်များသည် ဥပဒေအရ အပြီးအပိုင်အပ်နှင်းရရှိသော အခွင့်အရေး (Vested Right) အရ ၎င်းတို့၏ ကိုယ်ပိုင်အခွင့်အရေးအနေဖြင့် အမွေဆက်ခံပိုင်ခွင့် ရရှိမည်ဖြစ်သည်၊ သို့ဖြစ်ရာ တရားလို ဦးသန်းစိန်အနေဖြင့် ၎င်းကွယ်လွန်သည့်အခါ သားသမီးများ၏ အမွေဆက်ခံပိုင်ခွင့်ကို ပိတ်ပင်နိုင်စေရန်အတွက် သေတမ်းစာသဘော သက်ရောက်သည့် တောင်းဆိုချက်နှင့် အစီအမံတို့ကို ပြုလုပ်ပိုင်ခွင့်မရှိချေ။

လျှောက်ထားသူအတွက် – ဦးမင်းစိန်၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူအတွက်– ဦးအောင်သန်း၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး၏ တရားမကြီးမှုအမှတ် ၄၂၉/၉၂ တွင် ဦးသန်းစိန်က သမီးရင်းဖြစ်သူ ဒေါ်စိန်ကြည်အပေါ် ဒေါ်စိန်ကြည်သည် မိဘအမွေ ဆက်ခံခွင့်မရှိသော သမီးဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုကို စွဲဆိုသည်။

ယင်းအမှုတွင် တိုင်းတရားရုံးက အောက်ပါ ပဏာမငြင်းချက် ၂ ရပ်ကို ထုတ်နှုတ်ကြားနာပြီးနောက် တရားလို ဦးသန်းစိန်အား အသာပေး ဖြေဆိုဆုံးဖြတ်ခဲ့သည်–

(၁) အမိအဘ အသက်ရှင်နေစဉ်အတွင်း အမွေခံထိုက် မခံထိုက် ဟူသော ပြဿနာ မပေါ်ပေါက်သဖြင့် တရားလိုသည် ဤ

၁၉၉၄
ဒေါ်စိန်ကြည်
နှင့်
ဦးသန်းစိန်

အမှုစွဲဆိုပိုင်ခွင့် မရှိဆိုခြင်းမှာ မှန်သလား၊

(၂) တရားလို စွဲဆိုသောဤအမှုသည် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် ဆန့်ကျင်နေသဖြင့် မူလကတည်းက ပလပ်ရမည့် အမှု ဖြစ်သည်မှာ မှန်သလား။

တိုင်းတရားရုံးက ပဏာမငြင်းချက်နှစ်ရပ်နှင့် စပ်လျဉ်း၍ အဆိုလွှာတွင် ဦးသန်းစိန်က သားသမီးများအား အမွေခွဲဝေခြင်း မပြုရသေးကြောင်း အဆိုပြုပြီး ချေလွှာတွင် ဒေါ်စိန်ကြည်က နှုတ်ဖြင့် အမွေခွဲဝေခဲ့ကြပြီးဖြစ်သည်ဟု ချေပငြင်းဆိုထားခြင်းသည်ပင် အမွေခံထိုက် မခံထိုက် ပြဿနာ ပေါ်ပေါက်နေကြောင်း၊ တရားလို၏ အကျိုးစီးပွားကို ထိခိုက်လာသောကြောင့် ဦးသန်းစိန်က သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ကြောင်း၊ အဆိုလွှာတွင် စွဲဆိုထားသောအမှု၏ အမည်နာမအရပင်လျှင် အမွေဆက်ခံခြင်း ကိစ္စရပ် မပေါ်ပေါက်မီ စွဲဆိုရမည့် အမှုမျိုးဖြစ်သည်မှာ မြင်သာကြောင်း၊ ဦးသန်းစိန် အနေဖြင့် ဇနီး ဒေါ်သိန်းနှစ်(ဒေါ်စိန်ကြည်၏မိခင်) ကွယ်လွန်ပြီးဖြစ်၍ မိသားစု စီမံချက်ပြုလုပ်ပြီး သားသမီးများအား အမွေခွဲဝေပေးရန်အကြောင်း မပေါ်ပေါက်ဟု တထစ်ချမဆိုနိုင်ကြောင်း စသည်ဖြင့် ရောထွေး၍ သုံးသပ်ပြီး ပဏာမငြင်းချက်နှစ်ရပ်စလုံးကို တရားလိုဦးသန်းစိန်အား အသာပေးဖြေဆိုဆုံးဖြတ်ခဲ့သည်။

ဤပြင်ဆင်မှုတွင် အမွေဟူသည်မှာ အမွေရှင်ကွယ်လွန်ပြီး နောက်မှ ပေါ်ပေါက်လာမည့်ကိစ္စဖြစ်ကြောင်း၊ သွားနတ္ထသားသမီးများ အမွေဆက်ခံခွင့်ရှိမရှိ ပြဿနာမှာ အမွေရှင်မိဘ ကွယ်လွန်ပြီးမှ ကျန်ရစ်သူ အမွေဆိုင်အချင်းချင်း ပြောဆိုရမည့် ပြဿနာရပ်ဖြစ်ကြောင်း၊ အမွေရှင် မကွယ်လွန်မီ ခွဲဝေရန် အမွေပစ္စည်းမရှိသေးသဖြင့် တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်သေးကြောင်း၊ မိဘအသက်ထင်ရှားရှိစဉ် သားသမီးများအား အမွေပြတ်စေနိုင်သော အပြုအမူမှာ မိမိတို့သားသမီးအား ကိတ္တိမမွေးစားသားသမီးအဖြစ် သူတပါးအား ပေးအပ်ခြင်းတစ်မျိုးသာ ရှိနိုင်ကြောင်း၊ အသက်ထင်ရှားကျန်ရစ်သူ မိဘတစ်ဦးဦးက အမွေမပေးလိုသော သားသမီးအပေါ် အမွေမခံထိုက်ဟု စွဲဆိုခွင့်ပြုမည်ဆိုလျှင် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် ဆန့်ကျင်၍ သေတမ်းစာ ရေးခွင့်ကို သွယ်ဝိုက်ခွင့်ပြုရာရောက်နိုင်ကြောင်း၊ ယင်းသို့ခွင့်ပြုလျှင် အမွေရှင် ကွယ်လွန်သည့်အခါ အမွေဟူ၍ပင် ကျန်ရှိမည်မဟုတ်တော့ကြောင်း၊ ထို့ကြောင့် ပဏာမငြင်းချက်

များနှင့် စပ်လျဉ်း၍ မူလရုံးတရားလိုအား အသာပေး ဖြေဆိုထားသည့် တိုင်းတရားရုံး၏ ဖြေဆိုဆုံးဖြတ်ချက်မှာ မှားယွင်းကြောင်း လျှောက်လဲသည်။

လျှောက်ထားခံရသူ ဦးသန်းစိန်၏ အကျိုးဆောင်က အခြားအချက်များ အပါအဝင် အဓိကအားဖြင့် ဒေါ်စိန်ကြည်သည် ဖခင်ရင်းဖြစ်သူ ဦးသန်းစိန်အပေါ် သာမန်ဆိုးသွမ်းရုံမဟုတ်ဘဲ ထောင်တန်းကျစေရန် ပြစ်မှုကြောင်းများအရ တရားစွဲဆိုသည့်အထိ ရန်သူသဖွယ် ပြုမူခဲ့သူဖြစ်၍ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် စီရင်ထုံးများအရ ခွေးနှင့်တူသော သွားနုတ္တန္ဆသမီးဖြစ်ကြောင်း၊ ထို့ကြောင့် ဦးသန်းစိန်အနေဖြင့် ၎င်းမကွယ်လွန်မီ တရားဝင်အခြေအနေ သို့မဟုတ် ပစ္စည်းပေါ်တွင် ရပိုင်ခွင့်ရှိသော မိမိ၏အခွင့်အရေးနှင့် စပ်လျဉ်းပြီး ဒေါ်စိန်ကြည်အပေါ် မည်သို့သော သားသမီးဖြစ်ကြောင်းနှင့် မိဘအမွေ ဆက်ခံပိုင်ခွင့်ရှိသူ မဟုတ်ဆိုသည့် အချက် ထင်ရှားစေရန် သီးခြားသက်သာခွင့် အက်ဥပဒေအရ တရားစွဲဆိုခွင့်ရှိကြောင်း၊ ဦးသန်းစိန် အသက်ထင်ရှားရှိနေစဉ် ယင်းသို့ စွဲဆိုခွင့် မရှိဟု ဒေါ်စိန်ကြည်က ချေပခြင်း မရှိသောကြောင့် ၎င်းအနေဖြင့် သွားနုတ္တန္ဆသမီးမဟုတ်သည်ကို ချေပရန်လိုအပ်ကြောင်း၊ ဒေါ်စိန်ကြည်၏ အကြောင်းပြချက်များသည် ယခုအမှုနှင့် အကျုံးဝင်ခြင်း မရှိကြောင်း၊ ဤပြင်ဆင်မှုကို ပလပ်ရန်ဖြစ်ကြောင်း ချေပလျှောက်လဲသည်။

မူလရုံးတရားလို ဦးသန်းစိန်က အဆိုလွှာတွင် စွဲဆိုထားသော အမှုမှာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးစေလိုမှုသက်သက် စွဲဆိုခြင်းဖြစ်ကြောင်း တွေ့ရသည်။ အဆိုပါ ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာချက်သက်သက် တောင်းဆိုနိုင်ရန် အောက်ပါအချက်များနှင့် ညီညွတ်ရန်လိုသည်–

(က) တရားလိုသည် အမှုစွဲဆိုချိန်တွင် တည်ရှိနေသော ၎င်း၏ တရားဝင်အခြေအနေ သို့မဟုတ် ပစ္စည်းနှင့် စပ်လျဉ်းသည့် အခွင့်အရေးနှင့် ပတ်သက်၍ စွဲဆိုခြင်းဖြစ်ရမည်၊

(ခ) အဆိုပါ တရားလို၏ တရားဝင်အခြေအနေ သို့မဟုတ် ပစ္စည်းပိုင်ဆိုင်ခွင့်ကို တရားပြိုင်က ငြင်းကွယ်ရမည် သို့မဟုတ် ငြင်းကွယ်ရန် လိုလားနေသူဖြစ်ရမည်၊

(ဂ) တရားလိုအနေဖြင့် နောက်ဆက်တွဲ သက်သာခွင့် တောင်းဆိုနိုင်သည့် အခြေအနေ မရှိစေရပေ။

၁၉၉၄

ဒေါ်စိန်ကြည်နှင့် ဦးသန်းစိန်

ပထမအင်္ဂါရပ်နှင့် စပ်လျဉ်း၍ ဖခင်ဖြစ်သူ တရားလို ဦးသန်းစိန်အနေဖြင့် တရားစွဲဆိုချိန်တွင် ၎င်း၏ တရားဝင်အခြေအနေ သို့မဟုတ် ပစ္စည်းနှင့် စပ်ဆိုင်ရာ အခွင့်အရေးနှင့် စပ်လျဉ်း၍ မြွက်ဟကြေညာပေးရန် သမီးဖြစ်သူ တရားပြိုင် ဒေါ်စိန်ကြည်အပေါ် စွဲဆိုသောအမှု မဟုတ်ဘဲ သမီး ဒေါ်စိန်ကြည်အနေဖြင့် မိဘပိုင်ပစ္စည်းများတွင် အမွေဆက်ခံခွင့်ရှိသူ မဟုတ်ကြောင်း၊ မြွက်ဟကြေညာပေးရန် စွဲဆိုသောအမှု ဖြစ်ကြောင်း တွေ့ရသည်။ တစ်နည်းအားဖြင့် မိဘပိုင်ပစ္စည်းများတွင် ဒေါ်စိန်ကြည်၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ မြွက်ဟကြေညာပေးရန် စွဲဆိုသောအမှုဖြစ်သည်မှာ မြင်သာသည်။

သို့ဖြစ်ရာ ဦးသန်းစိန် စွဲဆိုသောအမှုမှာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်နှင့်လည်းကောင်း၊ ယင်းပြဋ္ဌာန်းချက်တွင် ဖော်ပြထားသော ဥပမာ(က) မှ (ဇ) အထိတို့နှင့်လည်းကောင်း အကျုံးဝင်ညီညွတ်သောအမှု မဟုတ်ကြောင်း တွေ့ရသည်။ တရားလိုသည် တရားစွဲဆိုချိန်တွင် မိမိ၏အခွင့်အရေးနှင့် သက်ဆိုင်ခြင်းမရှိဘဲ တရားပြိုင်၏ အခွင့်အရေးနှင့် စပ်လျဉ်း၍ မြွက်ဟကြေညာလိုမှု စွဲဆိုခွင့်မရှိချေ။ **ဒေါ်ကြင်ကြူး**နှင့် **မောင်ကြည်စိန်**အမှု[၁]၊ **ဟာဂျီမိုဟာမက်အီဆာ** နှင့် **ဦးသိန်းမောင်**အမှု[၂]၊ **ကိုလှမြင့်**နှင့် **မနုနုလွင်**အမှု[၃] တို့ကို ရည်ညွှန်းသည်။

မောင်အောင်သိန်း နှင့် **မောင်ဘမောင်နှင့် အခြားသူများ** အမှု[၄] တွင် တရားလိုက တည်ဆဲအခွင့်အရေးနှင့် သက်ဆိုင်ခြင်းမရှိဘဲ အမွေဆက်ခံနိုင်ခွင့်သက်သက်နှင့် စပ်လျဉ်း၍ မြွက်ဟကြေညာပေးရန် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ တရားမစွဲဆိုနိုင်ကြောင်း၊ မိဘများအသက်ထင်ရှားရှိစဉ် မိဘ၏ပစ္စည်းတွင် လက်ငင်းအားဖြင့် အကျိုးခံစားခွင့်မရှိဘဲ ၎င်းတို့သေဆုံးမှသာ အမွေဆိုင်တစ်ဦးအဖြစ်ဖြင့် အမွေဆက်ခံခွင့် ရရှိမည့် မြန်မာဗုဒ္ဓဘာသာတစ်ဦးက တရားပြိုင်သည် မိမိမိဘတို့၏ မွေးစားသားမဟုတ်ကြောင်း၊ မိမိ၏မိဘက တရားပြိုင်အား ပေးကမ်းသည့်စာချုပ် ပျက်ပြယ်သည်ဟု မြွက်ဟကြေညာပေးရန် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ တရားမစွဲဆိုနိုင်ကြောင်း စီရင်

---

(၁) ၁၉၈၄ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး (ဗဟိုတရားရုံး) ၂၃၆။

(၂) ဗဟိုတရားရုံး(မန္တလေးရုံးထိုင်)၏ ၁၉၇၉ခုနှစ်တရားမပထမအယူခံမှုအမှတ် ၇၀။

(၃) ၁၉၈၉ ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံး တရားရုံးချုပ်။

(၄) ၁၉၄၀ ပြည့်နှစ် ရန်ကုန် ၅၄၊

ဆုံးဖြတ်ထားသည်။

၁၉၉၄

ဒေါစိန်ကြည်
နှင့်
ဦးသန်းစိန်

မမင်းခင်နှင့် **မောင်ဖိုးသိန်း**အမှု[၁] တွင် မောင်လူသာ ကွယ်လွန်သည့်အခါ ကျန်ရစ်မည်ဖြစ်သည့် အမွေပုံပစ္စည်းတွင် မောင်လူသာ၏ မွေးစားသားသမီးများဖြစ်သူ တရားလိုတို့၏ မရေရာသော အခွင့်အရေးကို ဆုံးဖြတ်ကြေညာပေးသည့် မူလရုံး၏အမိန့်မှာ မှားယွင်းကြောင်း ဆုံးဖြတ်ထားသည်။

အဆိုလွှာအချေလွှာတို့တွင် မိခင် ဒေါသိန်းနှစ် ကွယ်လွန်ချိန်၌ တတိယသမီးဖြစ်သူ ဒေါစိန်ကြည်သည် သြရသအရာ ရရှိခဲ့သူဖြစ်ကြောင်း အဆိုပြုချေပချက် မတွေ့ရပေ။ ဖခင် ဦးသန်းစိန် နောက်အိမ်ထောင်ပြုသည်ဟုလည်း မတွေ့ရပေ။ ထို့ကြောင့် ကျန်ရစ်သူ မုဆိုးဖို ဖခင်ဦးသန်းစိန်သည် ကျန်ရစ်သည့် ပစ္စည်းအရပ်ရပ်ပေါ်တွင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တစ်ဦးတည်းပိုင်အဖြစ် အမွေဆက်ခံရရှိသူ ဖြစ်သည်။ **ဦးမြင့်** နှင့် **မအေမိ** အမှု[၂] နှင့် **မောင်အေး**နှင့် **မောင်အောင်သိန်း**အမှု [၃] တို့တွင် ကြည့်ပါ။

အထက်ဖော်ပြပါ စီစစ်တွေ့ရှိချက်များအပေါ် ခြုံငုံသုံးသပ်ခြင်းအားဖြင့် ဖခင်မုဆိုးဖို ဦးသန်းစိန် အသက်ထင်ရှားရှိနေစဉ်အတွင်း ကနိဋ္ဌသမီးဖြစ်သူ ဒေါစိန်ကြည်အနေဖြင့် အမွေခံထိုက် မခံထိုက်ဟူသော လက်ငင်း အခွင့်အရေး မပေါ်ပေါက်သောကြောင့်လည်းကောင်း၊ တရားလို ဦးသန်းစိန်သည် တရားပြိုင်၏ အခွင့်အရေး ရှိမရှိနှင့် စပ်လျဉ်း၍လည်းကောင်း တရားလိုသည် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးစေလိုမှု မစွဲဆိုနိုင်သည်မှာမှန်ကြောင်း မူလရုံး၏ ပဏာမငြင်းချက် အမှတ်စဉ်(၁) နှင့် စပ်လျဉ်း၍ ပြင်ဆင်ဖြေဆိုရန်သာ ရှိပေသည်။

နှစ်ဘက်အမှုသည်တို့မှာ မြန်မာဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်မှာ အငြင်းမပွားချေ။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေရှင် သေဆုံးသည်နှင့်တစ်ပြိုင်နက် ကျန်ရစ်သူ အမွေဆိုင်များသည် ဥပဒေအရ အပြီးအပိုင် အပ်နှင်းရရှိသော အခွင့်အရေး (Vested Right) အရ ၎င်းတို့၏ ကိုယ်ပိုင်အခွင့်အရေးအနေဖြင့် အမွေဆက်ခံပိုင်ခွင့် ရရှိမည်ဖြစ်သည်။ သို့ဖြစ်ရာ တရားလို ဦးသန်းစိန်အနေဖြင့် ၎င်းကွယ်လွန်သည့်အခါ သား

---

(၁) ၁၈၉၂-၉၆ အထက်မြန်မာနိုင်ငံစီရင်ထုံး၊ အတွဲ-၂၊ စာ-၆၂၃။
(၂) ၁၉၅၇ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်) ၉၆။
(၃) ၁၀၁၄-၁၆ အထက်မြန်မာနိုင်ငံစီရင်ထုံး-၃၇။

၁၉၉၄
ဒေါ်စိန်ကြည်
နှင့်
ဦးသန်းစိန်

သမီးများ၏ အမွေဆက်ခံပိုင်ခွင့်ကို ပိတ်ပင်နိုင်စေရန်အတွက် သေတမ်းစာသဘော သက်ရောက်သည့် တောင်းဆိုချက်နှင့် အစီအမံတို့ကို ပြုလုပ်ပိုင်ခွင့် မရှိချေ။ **မောင်မဲနှင့် စစ်ကင်ငါး** အမှု[၁] တွင် ကြည့်ပါ။

သို့ဖြစ်ရာ တရားလို စွဲဆိုသော ဤအမှုမှာ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် ဆန့်ကျင်နေသဖြင့် ပလပ်ရမည့်အမှုဖြစ်ကြောင်း မူလရုံး၏ ပဏာမငြင်းချက် (၂) နှင့် စပ်လျဉ်း၍ ပြင်ဆင်ဖြေဆိုရန်သာ ရှိသည်။

အထက်ဖော်ပြပါ စီစစ်တွေ့ရှိချက်များအရ ဤအမှုတွင် ဦးသန်းစိန်က ဒေါ်စိန်ကြည်အပေါ် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုရန် အကြောင်း ပေါ်ပေါက်ခြင်းမရှိဟု တွေ့ရှိရသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး ပဏာမငြင်းချက်(၂) ရပ်နှင့် စပ်လျဉ်း၍ ဖြေဆိုဆုံးဖြတ်သည့် ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်၍ မူလရုံးအဆိုလွှာကို တရားမကျင့်ထုံးဥပဒေအမိန့် ၇၊ နည်း ၁၁(က)အရ စရိတ်နှင့်တကွ ပယ်သည်။

ရှေ့နေခ ကျပ် ၁၀၀/- သတ်မှတ်သည်။

---

(၁) အက်(စ်) ဂျ ၄၂၉။

တရားမအထွေထွေ အယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးသန်းဖေ ရှေ့တွင်

ဦးစိန်အေး
နှင့်
ဦးလှသိန်း ပါ–၄ *

+၁၉၉၄
ဒီဇင်ဘာလ
၂၃ ရက်

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာဌာနများခြင်းခြင်းပြုရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ရရှိသော ဒီကရီကို အတည်ပြုရန် ဇာရီမူပယ်ခြင်း၊ ဇာရီမူတွင် တရားရှုံးအားနှင့်ထုတ်ရန် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၃၅ အရ အိမ်နှင့်ဝရမ်းထုတ်ပေးခြင်း၊ တရားရှုံးက ဌာနများခြင်းခြင်းပြုရေး ဝန်ရုံး၏ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနများခြင်းခြင်းပြုရေး အက်ဥပဒေပုဒ်မ ၂၁ (၄) အရ ဆက်လက်နေထိုင်ခွင့်ပြုကြောင်း လက်မှတ်တင်ပြခြင်း၊ တရားရှုံးအား နှင့်ထုတ်ရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်း ၃၅ အရ အိမ်နှင့်ဝရမ်း ထုတ်ပေးခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌာနများခြင်းခြင်းပြုရေး၊ အက်ဥပဒေပုဒ်မ ၁၅ တွင် ဒီကရီကို အတည်မပြုဘဲ ဆိုင်းငံ့ထားခြင်းနှင့် ဖျက်သိမ်းပေးရန် လျှောက်ထားခြင်းတို့နှင့် စပ်လျဉ်းသော ကိစ္စများကို ပြဋ္ဌာန်းထားသည်၊ ယင်းပုဒ်မပြဋ္ဌာန်းချက်တွင် ယင်းအက်ဥပဒေပုဒ်မ ၂၁ (၄) အရ အိမ်ငှားအဖြစ် ထားရှိကြောင်း လက်မှတ်ပြလျှင် ဇာရီမူကို ဆိုင်းငံ့ထားရမည်ဟု ပြဋ္ဌာန်းထားခြင်း မပါရှိပေ။

ဦးစိန်အေးသည် မူလမြို့နယ် တရားရုံးမှ စ၍ တရားရုံးချုပ်အထိ တရားရုံးအဆင့်ဆင့်တွင် ရှုံးနိမ့်ပြီးသူဖြစ်သည်။ ထို့ကြောင့် တရားရုံး၏ ဒီကရီအတိုင်း ဦးစိန်အေးအား အချင်းဖြစ် ဥပစာမှ နှင်ထုတ်ရန် ဝရမ်းထုတ်ပေးခြင်းမှာ မှန်ကန်သည်။

အယူခံတရားလိုအတွက် – ဦးသန်းအောင်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်များအတွက် – ဦးအောင်ခိုင်၊ တရားရုံးချုပ်ရှေ့နေ

---

* ၁၉၉၄ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၉၄

\+ ၁၉၉၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၃၄ တွင် ချမှတ်သော (၂၇–၆–၉၄) ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု

၁၉၉၄
ဦးစိန်အေး
နှင့်
ဦးလှသိန်း
ပါ–၄

ရန်ကုန်မြို့နယ် တရားရုံး (တရားမ) ၁၉၉၂ ခုနှစ် တရားမ ဇာရီမှု အမှတ် ၁၇၆ တွင် တရားနိုင် ဦလှသိန်းပါ–၄ ဦးတို့က တရားရှုံး ဦးစိန်အေးအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ရရှိထားသော ဒီကရီကို အကောင်အထည်ဖော်ပေးရန် လျှောက်ထားသည်။ ရန်ကုန်မြို့နယ် တရားရုံး(တရားမ) က တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၃၅ အရ အိမ်နှင်ဝရမ်း ထုတ်ဆင့်ခဲ့သည်။

တရားရှုံး ဦးစိန်အေးက ၎င်းအား ကျောက်တံတားမြို့နယ်မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံးအမှုအမှတ် ၄၁/၉၃ မှ ၁၅–၁၁–၉၃ ရက်စွဲပါ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁ (၄) အရ အချင်းဖြစ် အိမ်ခန်းတွင် အိမ်ငှားအဖြစ် ဆက်လက် နေထိုင် ခွင့်ပြုသည့် အမိန့်ကို တင်ပြပြီး အိမ်နှင်ဝရမ်း အတည်မပြုသင့်ကြောင်း လျှောက်ထားသည်။ မူလမြို့နယ် တရားရုံးက လျှောက်ထားချက်ကို လက်မခံဘဲ အိမ်နှင်ဝရမ်းအတိုင်း ဆက်လက် ဆောင်ရွက်ရန် အမိန့်ချမှတ်ပြီး ဝရမ်းအသစ် ထုတ်ပေးခဲ့သည်။ တရားရုံးဘီလစ်က ၂၃–၂–၉၄ ရက်တွင် ဝရမ်းအတည်ပြု ၍ တရားနိုင်အား အချင်းဖြစ် အိမ်ခန်းကို အပ်ပြီးကြောင်း အစီရင်ခံလျက် ဝရမ်းပြန်သွင်းခဲ့သည်။ ထိုသို့ ဝရမ်းအတည်ပြုခြင်းကို တရားရှုံး ဦးစိန်အေး က မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံး ၁၉၉၄ ခုနှစ် တရားမ အယူခံမှု အမှတ် ၃၄ တွင် အယူခံဝင်ရာ အယူခံပလပ်ခြင်းခံရသည်။ ထို့ကြောင့် ဦးစိန်အေး က ဤအထွေထွေအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အယူခံအကြောင်းပြချက်များတွင် အခြားအကြောင်းပြချက်များအပြင် အောက်ပါအကြောင်းပြချက်တို့ကိုအဓိကထား၍ အကြောင်းပြသည်–

(၁) ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ အိမ်ငှားနှင့် ပုဒ်မ ၂၁ အရ အိမ်းငှားတို့သည် ဥပဒေအရ မတူညီကြောင်း၊

(၂) နိုင်ငံတော်ကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁၂၅/၈၅ သည် ပုဒ်မ ၁၃(၁) အိမ်ငှားမှ ပုဒ်မ ၁၅ (၁) အရ လျှောက်ထားမှုနှင့်သာ အကျုံးဝင်ကြောင်း၊

(၃) ကြီးကြပ်ရေးဝန်ရုံး၏ ပုဒ်မ ၂၁ (၄)အရ ဦးစိန်အေးအား အိမ်ငှား အသစ်ချထားသော အမိန့်မှာ တရားဝင် တည်ရှိနေပါလျက် အိမ်နှင်ဝရမ်းအတည်ပြုခြင်းမှာ ဥပဒေနှင့် မညီညွတ်ကြောင်း။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနရမ်းခကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) အရ ဦးစိန်အေးအပေါ် တရားစွဲဆိုခဲ့ရာ မူလမြို့နယ် တရားရုံးက ၂၈-၈-၉၂ ရက်တွင်လည်းကောင်း၊ ပထမအယူခံရုံးက ၅-၁၁-၉၂ ရက်တွင် လည်းကောင်း၊ ဒုတိယအယူခံရုံးဖြစ်သော တရားရုံးချုပ် က ၂၂-၉-၉၃ ရက်တွင် လည်းကောင်း၊ ဦးစိန်အေးအား အချင်းဖြစ် ဥပစာမှ နှင်ထုတ်ပေးရန် ဒီကရီချမှတ်ခဲ့ပြီးဖြစ်သည်။ ယင်းဒီကရီအရ မူလမြို့နယ်တရားရုံးသည် ၁၉၉၂ ခုနှစ် တရားမဇာရီမှုအမှတ် ၁၇၆ ကို ဖွင့်လှစ်၍ ဒီကရီအတိုင်း တရားရှုံးအား နှင်ထုတ်ရန် ဝရမ်းထုတ်ပေး ခဲ့ခြင်းဖြစ်သည်။

တရားရှုံး ဦးစိန်အေးအား ၁၅-၁၁-၉၃ ရက်တွင် ဌာနရမ်းခ ကြိုးကြပ်ရေး ဝန်ရုံးမှ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌာနရမ်းခ ကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁ (၄) အရ ဆက်လက်နေထိုင်ခွင့်ပြုကြောင်း လက်မှတ်ထုတ်ပေးခဲ့ခြင်း ဖြစ်သည်။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနရမ်းခကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ တွင် ဒီကရီကို အတည်မပြုဘဲဆိုင်းငံ့ထားခြင်းနှင့် ဖျက်သိမ်းပေးရန် လျှောက်ထားခြင်းတို့နှင့် စပ်လျဉ်းသော ကိစ္စများကို ပြဋ္ဌာန်းထားသည်။ ယင်းပုဒ်မ ပြဋ္ဌာန်းချက်တွင် ယင်းအက်ဥပဒေပုဒ်မ ၂၁ (၄) အရ အိမ်ငှားအဖြစ်ထားရှိကြောင်း လက်မှတ်ပြလျှင် ဇာရီမှုကို ဆိုင်းငံ့ထားရမည်ဟု ပြဋ္ဌာန်းထားခြင်းမပါရှိပေ။

၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ဌာနရမ်းခကြိုးကြပ်ရေး အက်ဥပဒေပုဒ်မ ၂၁ (၄) ပြဋ္ဌာန်းချက်မှာ ဥပစာတွင် အိမ်ငှားထွက်ခွာသွားကြောင်း သို့မဟုတ် ထွက်ခွာသွားမည့်ဆဲဆဲဖြစ်ကြောင်း၊ သို့မဟုတ် အိမ်ငှားထွက်သွား ပြီးနောက် ကြိုးကြပ်ရေးဝန်၏ ခွင့်ပြုချက်မရဘဲ တစ်ဦးတစ်ယောက်သော သူသည် ၂၁-၁၀-၅၀ ရက်နောက်တွင် နေထိုင်ကြောင်း အကြောင်းကြား စာရသည့်အခါ သို့မဟုတ် သတင်းရရှိသည့်အခါ ကြိုးကြပ်ရေးဝန်သည် ဥပစာမှ အိမ်ငှားထွက်ခွာသွားသည့်အတွက် အငှားချထားရန်ဆင့်ဆိုနိုင် ကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

ဦးစိန်အေးသည် မူလမြို့နယ်တရားရုံးမှစ၍ တရားရုံးချုပ် အထိ တရားရုံးအဆင့်ဆင့်တွင် ရှုံးနိမ့်ပြီးသူဖြစ်သည်။ ထို့ကြောင့် တရားရုံး၏ ဒီကရီအတိုင်း ဦးစိန်အေးအား အချင်းဖြစ် ဥပစာမှနှင်ထုတ်ရန် ဝရမ်းထုတ်ပေး ခြင်းမှာ မှန်ကန်သည်။

၁၉၉၄
ဦးစိန်အေး
နှင့်
ဦးလှသိန်း
ပါ-၄

အထက်ပါအကြောင်းများကြောင့် မူလမြို့နယ်တရားရုံး၏ အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့် ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၂၀၀/-သတ်မှတ်သည်။

တရားမအထူးအယူခံမှု

တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးသန်းဇေ၊ ဦးတင်ဆုံးနှင့် ဦးတင်ထွတ်နိုင်တို့ ရှေ့တွင်

ဆရာချယ်
နှင့်
ဒေါ်တင်တင် ပါ–၈ *

+ ၁၉၉၄
အောက်တိုဘာ
လ ၂၁ ရက်

မဟာမေဒင်ဥပဒေ။ ဝါကပ်ဖ်ပြုလုပ်ခြင်း၊ တရားဝင်အထမြောက်သော ဝါကပ်ဖ်ဖြစ်ရန် လိုအပ်ချက်များ။

ဆုံးဖြတ်ချက်။ ဝါကပ်ဖ်ပြုလုပ်ခြင်းသည် မဟာမေဒင်ဥပဒေအရ ထာဝရ လွှဲဒါန်းသည့်သဘောဖြစ်သည်။ ဝါကပ်ဖ်ပြုလုပ်ပုံ ပြုလုပ်နည်းနှင့် စပ်လျဉ်း၍ မည်သည့်ပုံစံအရ ပြုလုပ်ရမည်ဟု တရားသေသတ်မှတ်ချက် မရှိချေ။ တရားဝင် အထမြောက်ရန် နှုတ်ဖြင့်ဖြစ်စေ၊ စာချုပ်စာတမ်းနှင့် ဖြစ်စေပြုလုပ်နိုင်သည်။ ဝါကပ်ဖ်ပြုလုပ်ကြောင်း ရည်ရွယ်ချက်ကို ရှင်းလင်း ပြတ်သားစွာ ထုတ်ဖော်ပြောဆိုလျှင် လုံလောက်သည်။ သို့ရာတွင် ဝါကပ်ဖ် စာချုပ်ချုပ်ဆိုပြုလုပ်ခဲ့ပါမူ ဝါကပ်ဖ်ပစ္စည်းသည် တန်ဖိုးငွေကျပ်တစ်ရာနှင့် အထက်တန်ဖိုးရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းပါရှိလျှင် ဝါကပ်ဖ် စာချုပ်ကို မှတ်ပုံတင် အက်ဥပဒေနှင့်အညီ မှတ်ပုံတင်ရန်လိုသည်။

ထပ်မံဆုံးဖြတ်ချက်။ ဝါကပ်ဖ်ကိုနှုတ်ဖြင့်ဖြစ်စေ၊ စာချုပ်ချုပ်ဆို၍ ဖြစ်စေ မည်သည့်နည်းဖြင့် အဆို ပြုလုပ်လွှဲဒါန်းခြင်း ပြုနိုင်သည် မှန်သော်လည်း တရားဝင်အထမြောက်သော ဝါကပ်ဖ်ဖြစ်ရန်အတွက် တည်တည်တည့်တည့်လက်ခံထားသည့်အချက်မှာ ဝါကပ်ဖ်ပြုလုပ်ကြောင်းကိုအများသိစေရန် သို့မဟုတ် အသိသက်သေများရှေ့တွင် အလှူရှင်က ဝါကပ်ဖ်ပြုလုပ်လွှဲဒါန်းကြောင်းကို မြွက်ဟ ကြေညာခြင်းပြုရန်လိုသည်။ ဝါကပ်ဖ်ကို

---

* ၁၉၉၃ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၄၁

\+ ၁၉၉၀ ပြည့်နှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၄၉၂ နှင့် ၅၈၈ တို့တွင် ချမှတ်သော (၄–၉–၉၁) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်မှု

၁၉၉၄
ဆရာချယ်
နှင့်
ဒေါတင်တင်
ပါ–၈

နှုတ်ဖြင့် ပြုလုပ်လျှင် အလှူရှင်သည် အများရှေ့၌ ဝါကပ်ဖ်ပြုလုပ်လှူဒါန်းကြောင်း နှုတ်ဖြင့် မြွက်ဟကြေညာရန်လိုအပ်သည်။ ဝါကပ်ဖ် စာချုပ်လုပ်ရန် လှူဒါန်းခြင်းပြုလုပ်ခဲ့လျှင်လည်း အများသိရှိစေမည့် မြွက်ဟလှူဒါန်းသည့် လုပ်ရပ်ဖြစ်ရလေအောင် အသိသက်သေများအား ဝါကပ်ဖ် စာချုပ်တွင် လက်မှတ်ရေးထိုးစေရန်လိုသည်။ အလှူရှင်အမည်ဖြင့် မိမိပစ္စည်းကို ဝါကပ်ဖ် ပြုလုပ်လှူဒါန်းကြောင်း အများသိရှိကြောင်း မြွက်ဟကြေညာမှု ပြုလုပ်ခဲ့ခြင်း ရှိ မရှိမှာ ဝါကပ်ဖ်တရားဝင်အထမြောက်မမြောက် စိစစ်ရာ၌ အဓိက အရေးကြီးသည့်အချက်ဖြစ်သည်။

အယူခံတရားလိုအတွက် – ဦးမောင်မောင်တင်၊ တရားရုံးချုပ် ရှေ့နေ

အယူခံတရားပြိုင်များအတွက် – (၁)နှင့် (၂) အတွက် ဦးသိန်းဟန်၊ တရားရုံးချုပ်ရှေ့နေ၊ (၃) မှ (၈) ထိတို့အတွက် ဦးကြည်စိန်၊ တရားရုံးချုပ်ရှေ့နေ ဦးဟန်ရီ၊ ညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး (ရုံးသဟာယ)

ဆရာချယ်က ရန်ကုန်တိုင်း တရားရုံး၊ ၁၉၈၂ ခုနှစ် တရားမကြီးမှု အမှတ် ၁၂၁ (ကမာရွတ်) တွင် ဒေါတင်တင်၊ ဒေါသန်းသန်းနှင့် ဦးလှိုင် (ခ) ဦးကိုကိုလေးတို့အပေါ် ကွယ်လွန်သူဟာဂျီမ ပျဉ်းမနား ဒေါပုပြုလုပ်လှူဒါန်းသွားခဲ့သော ၂၁–၈–၈၀ နေ့စွဲပါ ဝါကပ်ဖ်စာချုပ်သည် တရားဝင်အတည်ဖြစ်ကြောင်းနှင့် ဝါကပ်ဖ်စာချုပ်တွင် ခန့်ထားသော ဂေါပကလူကြီး (၇) ဦးတို့သည်လည်း တရားဝင် ဂေါပကလူကြီးများဖြစ်ကြောင်း မြွက်ဟကြေညာပေးရန် တရားစွဲဆိုခဲ့သည်။

ရန်ကုန်တိုင်း တရားရုံးက အချင်းဖြစ်ဝါကပ်ဖ်စာချုပ်သည် အတည်ဖြစ်ကြောင်း၊ ထိုဝါကပ်ဖ်စာချုပ်အရ ခန့်ထားခဲ့သည် ဂေါပကလူကြီး (၇) ဦးအနက် ဆရာချယ်တစ်ဦးသာ ဂေါပကလူကြီးဖြစ်ကြောင်း၊ ဝါကပ်ဖ် စာချုပ် နောက်ဆက်တွဲ(က) ပါ အဖိုးတန် စိန်ရွှေရတနာပစ္စည်းများသည်လည်း ဝါကပ်ဖ်ပစ္စည်းများဖြစ်ကြကြောင်းကို မြွက်ဟကြေညာသည့် ဒီကရီချမှတ်ပေးခဲ့သည်။ ထိုဒီကရီကိုမကျေနပ်၍ ဒေါတင်တင်နှင့် ဒေါသန်းသန်းတို့က ၁၉၉၀ ပြည့်နှစ် တရားမ ပထမအယူခံမှုအမှတ် ၅၅၈ကိုလည်းကောင်း၊ ဦးလှိုင်က ၁၉၉၀ ပြည့်နှစ် တရားမပထမအယူခံမှု အမှတ် ၄၉၂ ကို လည်းကောင်း တရားရုံးချုပ်တွင် အသီးသီး တင်သွင်းခဲ့ကြသည်။

ဆရာချယ်ကလည်း မူလတရားရုံးမှဂေါပကလူကြီးတစ်ဦးကိုသာ မြွက်ဟ

ကြေညာပေးခြင်းကို မကျေနပ်၍ (၇) ဦး စလုံးအား တရားဝင် ဂေါပက လူကြီးများဖြစ်ကြကြောင်း မြွက်ဟကြေညာပေးရန် တရားမကျင့်ထုံးအမိန့် ၄၁၊ နည်း ၂၂အရ တန်ပြန် ကန့်ကွက်လွှာတင်သွင်းခဲ့သည်။ ထိုအမှုများတွင် ပေါ်ပေါက်သည့် ဥပဒေဆိုင်ရာ ပြဿနာမှာ တူညီ၍ အမှုအားလုံးကို အထူးခုံရုံးက တစ်ပေါင်းတည်း အမိန့်ချခဲ့သည်မှာ ဒေါ်ပု ကွယ်လွန်သည်အထိ သက်သေခံ (၄) အရ ဝါကပ်ဖ်ပြုလုပ်လွှဒါန်းကြောင်း အများသိအောင် မြွက်ဟကြေညာခဲ့ခြင်း အလျဉ်းမရှိ၍ အချင်းဖြစ် သက်သေခံ(၄) ဝါကပ်ဖ် သည် မဟာမေဒင်ဥပဒေအရ ဝါကပ်ဖ်အထမြောက်သည်ဟု မဆိုနိုင်သဖြင့် ဥပဒေအရ အတည်မဖြစ်သောကြောင့် တရားမကျင့်ထုံး အမိန့် ၄၁၊ နည်း ၂၂ အရ ဆရာချယ်တင်သွင်းသော တန်ပြန်ကန့်ကွက်လွှာကို ဝေဖန်သုံးသပ်ရန်မလိုတော့ကြောင်း သုံးသပ်ကာ အယူခံမှု (၂) မှုစလုံး ခွင့်ပြု၍ မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်ပြီးနောက် ဆရာချယ် စွဲဆိုသော အမှုကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်ခဲ့ခြင်းဖြစ်သည်။

ဆရာချယ်က ၁၉၉၀ ပြည့်နှစ် တရားရုံးချုပ် တရားမ ပထမအယူခံမှု အမှတ် ၄၉၂ နှင့် ၅၅၈ တို့၏ ဆုံးဖြတ်ချက်များတွင် အရေးယူလောက်သည့် ပြဿနာများရှိနေ၍ တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူး အယူခံမှု လုပ်ထုံးလုပ်နည်းအပိုဒ် ၁၇ နှင့် အညီ စုံညီခုံရုံးဖြင့် ပြန်လည် စစ်ဆေးပေးရန် နိုင်ငံတော်တရားသူကြီးချုပ်ထံ လျှောက်ထားခဲ့၍ နိုင်ငံတော် တရားသူကြီးချုပ်က အောက်ပါပြဿနာကို စုံညီခုံရုံးဖြင့် ကြားနာ ဆုံးဖြတ်ရန်အတွက် ထိုလျှောက်ထားမှုကို လက်ခံခဲ့သည်-

"ကွယ်လွန်သူ ဟာဂျီမ ဒေါ်ပု ပြုလုပ်ခဲ့သည့် ဝါကပ်ဖ် စာချုပ်သည် တရားဝင်စာချုပ်ဟုတ်မဟုတ်၊ ဥပဒေအရ အထမြောက်ခြင်းရှိ မရှိ"

အထက်ပါ ပြဿနာနှင့် စပ်လျဉ်း၍ အယူခံတရားလို၏ တရားရုံးချုပ်ရှေ့နေက ကွယ်လွန်သူဟာဂျီမ ဒေါ်ပုသည် ၎င်းပိုင် အဖိုးတန် စိန်ရွှေရတနာပစ္စည်းများအား ကြိုက်နှစ်သက်သလို လွှဒါန်းနိုင်၍ တရားရုံးချုပ်ရှေ့နေ ဦးသန်းတင်နှင့် ဆွေးနွေးပြီးမှ ရည်ရွယ်ချက် (၃) ရပ်ပါရှိသော အပြီးအပိုင်လွှဒါန်းသည့် ၂၁-၈-၈၀ နေ့စွဲပါ သက်သေခံ (၄) ဝါကပ်ဖ်စာချုပ်ကို ပြုလုပ်လွှဒါန်းခဲ့ကြောင်း ယင်းစာချုပ်တွင် ပစ္စည်းများလွှဒါန်းခြင်းကို ဒေါ်ပုကိုယ်တိုင် မြွက်ဟကြေညာကြောင်းကိုလည်း ဖော်ပြထားကြောင်း၊ ယင်းဝါကပ်ဖ်စာချုပ်တွင် ဟာဂျီမ ဒေါ်ပု လက်မှတ်ရေးထိုးစဉ်က ဦးဆယ်မောင်ရှိ၍ မြွက်ဟကြေညာခြင်း နိုင်လုံကြောင်း၊ ဆရာချယ်၊

၁၉၉၄
ဆရာချယ်
နှင့်
ဒေါ်တင်တင်
ပါ-၈

ဦးသန်းတင်၊ ဦးဆယ်မောင် စသည်တို့၏ ထွက်ဆိုချက်များအရ ဒေါ်ပု ဝါကပ်ဖ်ပြုလုပ်ခဲ့ကြောင်းမှာ ထင်ရှားကြောင်း၊ ၎င်းပြင် သက်သေခံ (၄) ဝါကပ် စာချုပ်သည် အစွလာမ်တရားတော်အရ ဝါကပ်ဖ်မြောက်ကြောင်း ကို မော်လဝီအဖွဲ့ချုပ်၊ အိုလမာအဖွဲ့ချုပ်စသည်တို့၏ ဓမ္မသတ်ဖြေကြား ချက်များအရလည်း ထင်ရှားကြောင်း၊ ထို့ပြင် အစွလာမ်တရား ဥပဒေအရ နှုတ်အားဖြင့် တရားဝင်ဝါကပ်ဖ်ပြုလုပ်ခွင့်ရှိကြောင်း၊ စာချုပ်စာတမ်းပြုလုပ်မှ ဝါကပ်ဖ် ခိုင်မာသည်မဟုတ်ကြောင်း၊ **ဒေါ်အိမ်** နှင့် **ဒေါ်ချမ်းသာ** အမှု[၁] ကိုလည်းကောင်း၊ ဝါကပ်ဖ်ကို နှုတ်ပါးစပ်ဖြင့်ပင် ပြုလုပ်က ဥပဒေအရ ဝါကပ်ဖ်မြောက်ကြောင်း၊ **ဒေါ်မြယဉ်** နှင့် **ဦးမြင့်** အမှု[၂] ကိုလည်းကောင်း၊ ဝါကပ်ဖ်ပြုလုပ်လွှဲဒါန်းရာတွင် စာချုပ်ဖြင့်ဖြစ်စေ၊ နှုတ်ဖြင့်ဖြစ်စေ ဝါကပ်ဖ် ပြုနိုင်ကြောင်း **ဒေါ်အိမ်** နှင့် **ဒေါ်ချမ်းသာ** အမှု[၃]ကိုလည်းကောင်း၊ ထို့ပြင် ဝါကပ်ဖ်ပြုလုပ်ကြောင်း သက်သေရှေ့တွင် ပြုလုပ်ရမည်၊ သက် သေကလည်း ထိုပစ္စည်းဝါကပ်ဖ်ပြုလုပ်ကြောင်းသိရှိသဘောပေါက်ရမည်ကို **မအေးစင်နှင့် အခြားသူများ** နှင့် **မောင်စိန်နှင့် အခြားသူများ** အမှု[၄] ကို လည်းကောင်း အားထားကိုးကားလျှောက်လဲသည်။ ထို့ပြင် ဒေါ်ပုပြုလုပ်ခဲ့ သည့် ပစ္စည်းများမှာ ဂေါပကအကျိုးအတွက်မဟုတ်ဘဲ နိုင်ငံတော်အကျိုး အတွက် လွှဲဒါန်းခဲ့ခြင်းဖြစ်၍ ယင်းအချက်ကို ဦးစားပေးစဉ်းစားသင့်ကြောင်း၊ ဝါကပ်ဖ်ပြုလုပ်ခြင်းကို သက်သေများရှေ့ပြုလုပ်ရမည်ဆိုသော်လည်း အမှန်မှာ ယင်းအချက်သည် အဓိကမကျကြောင်း၊ သက်သေသည် ယုံကြည်ထိုက်သည့် သက်သေဖြစ်ရန်သာ အဓိကဖြစ်ပြီး သက်သေတစ်ဦးဖြင့်ပင် ခိုင်လုံကြောင်း၊ ဝါကပ်ဖ်စာချုပ်ပြုလုပ် လွှဲဒါန်းကြောင်းကို ဦးဆယ်မောင်၏ ရှေ့တွင် မြွက်ဟ ကြေညာ၍ လက်မှတ်ရေးထိုးခဲ့သဖြင့် ထိုအချိန်ကပင် ဝါကပ်ဖ် ထမြောက်ပြီးကြောင်း စသည်ဖြင့် အကျယ်တဝင့်လျှောက်လဲသည်။

ရုံးတော်သဟာယအဖြစ် လိုက်ပါဆောင်ရွက်သူ ဥပဒေအရာရှိက ဝါကပ်ဖ်ဆိုသည်မှာ အစွလာမ်ဘာသာသက်ဝင်ယုံကြည်သူ တစ်ဦးက အစွလာမ် တရားဥပဒေအရ အသိအမှတ်ပြုထားသည့် ဘာသာရေး၊ ကုသိုလ်ရေး၊ သို့မဟုတ် ပေးကမ်းစွန့်ကြဲရေးဆိုင်ရာ ရည်ရွယ်ချက်တစ်ရပ် အတွက် ပစ္စည်းတစ်စုံတစ်ရာကို အမြဲထာဝရ ပေးကမ်းလွှဲဒါန်းခြင်းဖြစ်

(၁) ၁၉၄၀ ပြည့်နှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ-၁၃၆။
(၂) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၈ (တရားရုံးချုပ်)
(၃) ၂ (ရန်ကုန်) ၊၄၉၅။

ကြောင်း၊ အမှုတွင် ကွယ်လွန်သူဟာဂျီမ ဒေါ်ပုသည် သက်သေခံ (၄) ဝါကပ်ဖ်စာချုပ်ကို ၂၁-၈-၈၀ နေ့တွင် လက်မှတ်ထိုး၍ စာချုပ်ပါ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို ရည်ရွယ်ချက် (၃) ရပ်အတွက် လွှဲဒါန်းခဲ့သည်ဟု အဆိုရှိကြောင်း၊ ဓမ္မသတ်ပညာရှင် အဘူယူစွပ်၏ အယူအဆနှင့် မြန်မာနိုင်ငံတရားလွှတ်တော်၊ တရားရုံးချုပ်တို့မှချမှတ်ခဲ့သော စီရင်ထုံးတို့အရ ဝါကပ်ဖ်မြောက်ရန်မှာဝါကပ်ဖ်ပြုလုပ်ရန် ရည်ရွယ်ချက်ကို နှုတ်ဖြင့် မြွက်ဟကြေညာရုံဖြင့်လုံလောက်ကြောင်း၊ ထိုသို့မြွက်ဟကြေညာခြင်းကိုမူ သက်သေများ၏ ရှေ့တွင်ပြုလုပ်ရမည့်အပြင် သက်သေများကလည်း ထိုသူသည် ထိုအချိန်က သူ၏ပစ္စည်းကို ဝါကပ်ဖ်အဖြစ် လွှဲဒါန်းကြေညာကြောင်း သို့မဟုတ် လွှဲဒါန်းပြီးဖြစ်သည်ကို ကြေညာကြောင်း သိရှိရန် လိုအပ်ကြောင်း ဝါကပ်ဖ်စာချုပ်ဖြင့် လွှဲဒါန်းလျှင် အများသိအောင် မြွက်ဟ ကြေညာရန်လိုအပ်၍ အသိသက်သေအဖြစ်လက်မှတ်ရေးထိုးရန် လိုမည်ဖြစ်ကြောင်း၊ အမှုတွဲရှိ သက်သေခံချက်များအရ သက်သေခံ (၄) ဝါကပ်ဖ်စာချုပ်တွင် ဟာဂျီမ ဒေါ်ပုတစ်ဦးတည်းကသာ စာချုပ်နောက်ဆက်တွဲ(က) ပါစိန်ရွှေရတနာများကို ဝါကပ်ဖ်ပြုခဲ့ကြောင်း လက်မှတ်ရေးထိုးထားခြင်း ထိုသို့ ဝါကပ်ဖ်ပြုလုပ်သည်ကို သိရှိကြောင်း သက်သေတစ်ဦးတစ်ယောက်ကမျှ လက်မှတ်ရေးထိုးထားခြင်းမရှိ၍ မြွက်ဟကြေညာခဲ့သည်ဟုဆိုရန် ခဲယဉ်းကြောင်း ယင်းဝါကပ်ဖ်စာချုပ်ကို ဒေါ်ပုကွယ်လွန်ပြီး (၂) ရက်ကြာမှ ဆရာချယ်အပါအဝင် လူကြီးများ၊ သမီးများနှင့် ဆွေမျိုးရင်းချာရှေ့တွင် ဦးဆယ်မောင်ကဖတ်ပြမှသာ သိရှိခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ရာ နောက်ဆက်တွဲ(က) ပါ ပစ္စည်းများကို ဝါကပ်ဖ်ပြုလုပ်လွှဲဒါန်းကြောင်းအများကြားသိစေခဲ့ခြင်းမရှိဟု သုံးသပ်ရကြောင်း သို့ဖြစ်၍ သက်သေခံ (၄) ဝါကပ်ဖ်ပြုလုပ်လွှဲဒါန်းကြောင်း စာချုပ်တွင် အသိသက်သေများအားလက်မှတ်ရေးထိုးထားမှုမရှိသည့်အပြင် ဒေါ်ပုကွယ်လွန်သည်အထိ ဝါကပ်ပြုလုပ်လွှဲဒါန်းကြောင်း အများသိအောင် မြွက်ဟကြေညာခြင်းအလျဉ်းမရှိ၍ သက်သေခံ (၄) ဝါကပ်ဖ်သည် မဟာမေဒင်ဥပဒေအရ ဝါကပ်ဖ် အထမြောက်သည်ဟု မဆိုနိုင်ကြောင်း တရားရုံးချုပ်၏ သုံးသပ်ချက်မှာ မှန်ကန်မှုရှိသည်ဟုယူဆကြောင်း သက်သေခံ(၄)ဝါကပ်ဖ် စာချုပ်သည် တရားဝင်စာချုပ်မဟုတ်၍ ဥပဒေအရ အထမြောက်မှု မရှိကြောင်း သုံးသပ်သင့်သည်ဟုယူဆကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင် အမှတ် (၁) ဒေါ်တင်တင်နှင့် အမှတ် (၂)

၁၉၉၄
ဆရာချယ်
နှင့်
ဒေါ်တင်တင်
ပါ-၈

ဒေါ်သန်းသန်းတို့၏ တရားရုံးချုပ်ရှေ့နေက သက်သေခံ(၄) ဝါကပ်ဖ်စာချုပ်မှာ ဟာဂျိမ ဒေါ်ပု ကွယ်လွန်ပြီးနောက်မှ ပေါ်ပေါက်လာသည့် စာချုပ်သာဖြစ်ကြောင်း၊ ယင်းဝါကပ်ဖ် စာချုပ်ရှိခဲ့ကြောင်းကို သမီးများ၊ ဆွေမျိုးများနှင့် မိတ်ဆွေသင်္ဂဟများ မည်သူမှ မသိရှိခဲ့ကြကြောင်း၊ ဦးဆယ်မောင်သည် ပင်လျှင် ထိုဝါကပ်ဖ်စာချုပ်ကို မသိခဲ့ကြောင်း ထိုဝါကပ်ဖ်စာချုပ်ကို ဒေါ်ပုက ဦးဆယ်မောင်အား မိန်းမကိုပင်အသိမပေးဘဲ သိမ်းထားရန်ပြော၍ ပေးအပ်ခဲ့သဖြင့် ဦးဆယ်မောင်က သိမ်းထားခဲ့ကြောင်း၊ ဒေါ်ပုက အချင်းဖြစ် ဝါကပ်ဖ်ကိစ္စကို အချိန်ကျသည့် တစ်နေ့တွင် ၎င်းကိုယ်တိုင် တိုင်းပြည်နှင့် အစိုးရကို အသိပေးကြညာမည်ဟု ပြောပြီးနောက် ဦးဆယ်မောင်အား သိမ်းဆည်းထားစေခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ပြောပြီးနောက် (၂) နှစ်နီးပါး ကြာသည့်တိုင် ဒေါ်ပုသေဆုံးချိန်ထိ မည်သို့မျှအသိပေးအကြောင်းကြားခြင်း မရှိကြောင်း၊ အဆိုပါ ဝါကပ်ဖ်စာချုပ်တွင် ဒေါ်ပုမှလွဲ၍ တစ်ဦးတစ်ယောက်ကမျှ လက်မှတ်ရေးထိုးထားခြင်းလည်းမရှိကြောင်း၊ဝါကပ်ဖ်ပြုလုပ်ကြောင်းကို သက်သေများရှေ့ ပြုလုပ်ရမည့်အပြင် သက်သေများကလည်း ထိုသူထိုအချိန်၌ မိမိပစ္စည်းကို ဝါကပ်ဖ်အဖြစ် လွှဲဒါန်းရန် ကြေညာကြောင်း သိရှိ သဘောပေါက်ရမည်ဖြစ်ကြောင်း၊ အများသိစေရန် မြွက်ဟလွှဲဒါန်းမှု မရှိ၍ ယင်းဝါကပ်ဖ်မှာ တရားမဝင်အတည်မဖြစ်ကြောင်း၊ အရေးယူလောက်သည့် ဥပဒေပြဿနာ မပေါ်ပေါက်၍ အထူးအယူခံကို ပလပ်သင့်ကြောင်း ချေပလျှောက်လဲသည်။

ကျန်အယူခံတရားပြိုင်များ၏ တရားရုံးချုပ်ရှေ့နေက သက်သေခံချက်များအရ ဟာဂျိမဒေါ်ပုသည် သက်သေခံ(၄) စာချုပ်ကို ရေးသားလက်မှတ်ထိုးပြီးနောက် ဦးဆယ်မောင်ထံ အပ်နှံထားခဲ့သော်လည်း လွှဲဒါန်းရည်ရွယ်သည့်အတိုင်း လုံးဝအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းမရှိသေးကြောင်း၊ ထိုစာချုပ်၏ ရည်ရွယ်ချက်မှာ ၎င်းကွယ်လွန်ချိန်တွင် ဆောင်ရွက်ပေးကြရန်မှာတမ်းစာ တစ်နည်း သေတမ်းစာသာဖြစ်ကြောင်း ပေါ်လွင်နေ၍ အယူခံမှုကို ပလပ်သင့်ကြောင်း ချေပလျှောက်လဲသည်။

ဆရာချယ်က ဟာဂျိမ ဒေါ်ပုသည် အဆိုလွှာ၏ နောက်ဆက်တွဲ(က) အဖြစ် တင်ပြခဲ့သော ဝါကပ်ဖ်စာချုပ်ကို ၂၁-၈-၈၀ နေ့စွဲဖြင့် လက်မှတ်ရေးထိုး၍ စာချုပ်ပါ အဖိုးတန်စိန်ရွှေရတနာပစ္စည်းများကို ဝါကပ်ဖ် ပြုလုပ်လွှဲဒါန်းခဲ့ကြောင်း ထိုပစ္စည်းများကို ထုခွဲပြီးတစ်ပုံကို မက်ကာမြို့ရှိ မင်းတုန်းမင်းတရားကြီး ဆောက်လုပ်လွှဲဒါန်းခဲ့သော ဒေါင်းဇရပ်ကြီးကို

နိုင်ငံတော်ကကြိုးကြပ်ပြုပြင်သည့် အလှူငွေထည့်ဝင်ရန်၊ နောက်တစ်ပုံကို မန္တလေးမြို့ ဆီးနှင့် ကျောက်ကပ် အထူးကုဆေးရုံဆောက်လုပ်ရာတွင် ထည့်ဝင်ရန်နှင့် နောက်ဆုံး ကျန်တစ်ပုံကို ဘဏ်တွင်အပ်နှံပြီး ရရှိသော အကျိုးအမြတ်ကို (၁၀) တန်းအောင်သည့် မရှိဆင်းရဲသော မူစလင်ကလေး များကို ထောက်ပံ့သွားရန် ဖော်ပြထားကြောင်း၊ အဆိုပါ ဝါကပ်ဖ် ပစ္စည်းများကို ဘဏ်တွင်အပ်နှံထိန်းသိမ်းထားပြီး ဝါကပ်ဖ်စာချုပ်ပြုလုပ်သည့် နေ့မှစ၍ ဟာဂျီမဒေါပု ကိုယ်တိုင် တစ်ဦးတည်း ဂေါပကအဖြစ်ဆောင်ရွက် လာရာတွင် ၁-၂-၈၂ နေ့၌ ဒေါပုကွယ်လွန်သွားကြောင်း၊ ဝါကပ်ဖ် စာချုပ်အရ ၎င်းအပါအဝင် ဂေါပကလူကြီး(၇) ဦးခန့်ထားခဲ့ရာ ဂေါပက လူကြီးများက ဝါကပ်ဖ်စာချုပ်တွင် ဖော်ပြထားသည့်အတိုင်း ဆက်လက် ဆောင်ရွက်နိုင်ရန် အမွေဆိုင်များနှင့် ညှိနှိုင်းသော်လည်း မပြေလည်ခဲ့ကြောင်း၊ ဒေါတင်တင်နှင့် ဒေါသန်းသန်းတို့က ဝါကပ်ဖ်စာချုပ်ပါ ပစ္စည်းများကို ထိန်းသိမ်းရန် အတွက် ရန်ကုန်တိုင်း တရားရုံး၊ ၁၉၈၂ ခုနှစ် တရားမ အထွေထွေမှုအမှတ် ၉၆ တွင် အမွေထိန်းစာ လျှောက်ထားခဲ့ကြောင်း၊ ဦးလှိုင်ကလည်း ကွယ်လွန်သူ အလှူရှင် ဒေါပုသည် ၎င်းပိုင် ပစ္စည်း၏ $\frac{3}{2}$ ကိုသာ လှူဒါန်းနိုင်သည်ဟု ပြန်ကြားခဲ့သောကြောင့် ဤအမှုကို စွဲဆိုရကြောင်း အဆိုပြုခဲ့သည်။

ဟာဂျီမ ဒေါပု၏ သမီးအရင်းများဖြစ်ကြသည့် ဒေါတင်တင်နှင့် ဒေါသန်းသန်းတို့က ဒေါပုပြုလုပ်ခဲ့သော ဝါကပ်ဖ်မှာ ဥပဒေနှင့် မညီခြင်း ကြောင့် အတည်မဖြစ်ကြောင်း၊ တရားမဝင်သော ဝါကပ်ဖ်စာချုပ်အရ ခန့်ထားခဲ့သော ဂေါပကလူကြီး (၇) ဦးမှာလည်း တရားမဝင်ကြောင်းစသည် ဖြင့် အဓိကထားချေပခဲ့သည်။

ဟာဂျီမ ဒေါပု၏ အစ်ကိုအရင်းဖြစ်သူ ဦးလှိုင်က ဝါကပ်ဖ်ဟု အဆိုရှိသော စာချုပ်မှာ ဝါကပ်ဖ်မဟုတ်ဘဲ သေတမ်းစာသာဖြစ်ကြောင်း ချေပခဲ့သည်။

အမှုတွင် သက်သေခံ (၄) ဝါကပ်ဖ်သည် တရားဥပဒေအရ တရားဝင် အံတည်ဖြစ်သည့် ဝါကပ်ဖ်ဟုတ် မဟုတ် စီစစ်ရန်ရှိသည်။ ၁၉၈၀ ပြည့်နှစ်တွင် ဟာဂျီမ ဒေါပုသည် ၎င်းအင်္ကလန်သို့ ဆေးကုမသွားမီ တရားရုံးချုပ်ရှေ့နေ ဦးသန်းတင် (လိုပြ) အား ဝါကပ်ဖ်စာချုပ်မူကြမ်း အရေးခိုင်းု၍ ဦးသန်းတင်ကရေးပေးသည်။ ၎င်းရေးသည့် မူကြမ်းဝါကပ်ဖ် စာချုပ်၌ ဂေါပကလူကြီးများ၏ အမည်စာရင်းနှင့် နောက်ဆက်တွဲ(က)

၁၉၉၄ ဆရာချယ် နှင့် ဒေါ်တင်တင် ပါ-၈

ပါ ပစ္စည်းစာရင်းများ မပါရှိခဲ့ကြောင်း ဦးသန်းတင်ထွက်ချက်အရ ပေါ်လွင်သည်။ သို့သော် အဆိုပါ ဂေါပကများနှင့် ပစ္စည်းစာရင်းတို့ကို ဦးဆယ်မောင် (လိုပြ) က ထပ်ဆင့်ဖြည့်စွက်ရေးပေးခဲ့ကြောင်း ဦးဆယ်မောင် ထွက်ချက်အရ တွေ့ရသည်။ ၁၉၈၀ ပြည့်နှစ် ဩဂုတ်လထဲတွင် ဗဟို တရားရုံးစာကြည့်အခန်းထဲ၌ ဟာဂျိမ ဒေါ်ပုသည် သက်သေခံ (ဂ) ဝါကပ်ဖိစာချုပ်နှင့် နောက်ဆက်တွဲ (က) ပစ္စည်းစာရင်းများတွင် လက်မှတ်ရေးထိုးပြီးနောက် ဦးဆယ်မောင်အား သိမ်းဆည်းထားရန် ပေးအပ်ထားခဲ့သည်။ ထိုသို့ သိမ်းဆည်းလာခဲ့ရာ ၁-၂-၈၂ နေ့တွင် ဟာဂျိမ ဒေါ်ပု ကွယ်လွန်ခဲ့သည်။ ၄-၂-၈၂ နေ့ ဒေါ်ပု နေအိမ်တွင် ဦးဆယ်မောင်က ၎င်းသိမ်းဆည်းထားခဲ့သည့်အဆိုပါ သက်သေခံ(ဂ)ဝါကပ်ဖိစာချုပ်ကို ဆွေမျိုး မိတ်သင်္ဂဟများ ရှေ့မှောက်တွင် ဖတ်ပြခဲ့သည်။ သက်သေခံနှင့် စပ်လျဉ်း၍ တရားလို၏ အဓိကသက်သေ ဦးဆယ်မောင်က ဟာဂျိမ ဒေါ်ပုသည် ၎င်း၏ အဖိုးတန် စိန်ရွှေ ရတနာပစ္စည်းများကို ဝါကပ်မ်ပြုလုပ်လွှဲဒါန်းပြီးကြောင်း လူအများအား ပြောသည်ဟု ထွက်ဆိုခဲ့သော်လည်း ရုံးမေးခွန်းတွင်-

> "x x x ဟာဂျိမ ဒေါ်ပုမကွယ်လွန်မီက ဝါကပ်ဖိနှင့် ပတ်သက်၍ ဆွေးနွေးဘူးခြင်းရှိသလားဆိုလျှင် သားသမီး ဆွေမျိုးများကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ဘူးခြင်းရှိပါသလားဆိုလျှင် ရှိပါသည်။ ယင်းတွင် သားသမီးများရှိသည်။ ယင်းတို့အား ထိုက်ထိုက်တန်တန် ပစ္စည်းများပေးကမ်းပြီးအတွက်ဖြစ်ပါသည်။ နောက်ထပ်ပေးရန်မလိုဘဲ ၎င်းထဲတွင် ကျန်ရှိသည့် ပစ္စည်းများကို ၎င်းကိုယ်တိုင် စားသုံးခြင်း မပြုဘဲ ဘုရားသခင်သို့ အလှူဒါနပြုရန် ရာထားထားကြောင်းဖြင့် ပြောပါသည်။"

ဟူ၍ ထွက်ဆိုခဲ့သည်။ ယင်းထွက်ချက်အရ ဟာဂျိမ_ဒေါ်ပုသည် ၎င်းပိုင် စိန်ရွှေ ရတနာပစ္စည်းများကို လှူဒါန်းရန် လျာထားထားသည့်အဆင့် တွင်သာရှိသေးသည်။ အထမြောက်စွာ အမှန်တကယ် ဝါကပ်ဖိပြုလုပ်လှူဒါန်းပြီးကြောင်း၊ မပေါ်ပေါက်ချေ။ တစ်ဖန် တရားလိုဘက်မှ အဓိက သက်သေတစ်ဦးဖြစ်သူ ဦးသန်းတင်ကလည်း-

> "x x x ယင်းဝါကပ်ဖိဆိုသော စာချုပ်မှာ သေတမ်းစာမျှသာဖြစ်သည်ဆိုလျှင် ကျနော်ငြင်းဆိုပါသည်။ ယင်းလှူဒါန်း စာချုပ်အပိုဒ် (၃) တွင် ၎င်း၏ ကိုယ်တိုင်လှူဒါန်းသွားနိုင်ရန် ဖော်ပြထား

ခဲ့ပါသည်။ ၎င်းကိုယ်တိုင် လျှဒါန်း မသွားနိုင်ခဲ့ခြင်းမှာ သခ်ါရ သဘောအရ မလျှဒါန်းနိုင်မီ ကွယ်လွန်သွားခြင်းကြောင့် ဖြစ်ပါသည်"

ဟူ၍သာ ထွက်ဆိုခဲ့သဖြင့် ဟာကျိမ ဒေါ်ပုသည် ၎င်း၏ အဖိုးတန် စိန်ရွှေရတနာပစ္စည်းများကို လျှဒါန်းရန် လျာထားသည့်အဆင့်တွင်သာရှိသေးကြောင်း ပေါ်လွင်သည်။ ဦးပွင့်ကောင်း (ပြိုင်ပြ)က-

"x x x ၄-၂-၈၂ နေ့တွင် ဗဟိုတရားရုံးညွှန်ကြားရေးမှူး ဦးဆယ်မောင်မှ ဝါကပ်ဖ်နှစ်စောင်နှင့် သစ္စာပြုလွှာစာတမ်းများကို ဖတ်ကြားသည်ကို သိပါသလားဆိုလျှင် ဝါကပ်ဖ်ရယ်လိုတော့ ကျွန်တော်မသိပါ။ ဒေါ်ပုမှာတမ်းဆိုပြီး ဖတ်ကြားသည်ကိုတော့ သိပါသည်။x x x ဦးဆယ်မောင်မှ ဒေါ်ပုမသေမီက ရေးသားပြီး သေမှဖွင့်ရမည်ဟု ပြောသည့်စာရွက်ကို ဖတ်ကြားနေသည်ကို ကျွန်တော်သိရပါသည်"

ဟုထွက်ဆိုသည်။ ဦးချစ်ကိုကို (ပြိုင်ပြ)က-

"x x x အခြားဆုံးဖြတ်ချက်ချရန်များ ဘာကျန်သေးသလဲမေးရာ ဦးဆယ်မောင်မှ ဒေါ်ပု အင်္ဂလန်သို့မသွားမီက မှာတမ်းလေး ပြုလုပ်ထားသည်ကိုရှိပါသည်။ ယင်းမှာတမ်းကို ဖတ်လည်း ဖတ်မကြည့်ရသေးပါဟု ပြောပါသည်"

ဟုထွက်ဆိုသည်။

အထက်ပါထွက်ချက်များအရ သက်သေခံ (၄) စာချုပ်ကို လျှို့ဝှက်သိမ်းဆည်းထားခဲ့ကြောင်းပေါ်လွင်သည်။ ဦးဆယ်မောင် ကိုယ်တိုင်ကလည်း ထိုအချက်ကို ဝန်ခံသည်။

ထို့ကြောင့် တရားလို ဆရာချယ်ကိုယ်တိုင်ပင်လျှင် ၎င်းအား ဂေါပကအဖြစ် ခန့်ထားခံရကြောင်းကို သက်သေခံ (၄)အား ဖတ်ပြသည့်အခါမှ သိရှိခဲ့သည်။ ဟာကျိမ ဒေါ်ပုသည် ၎င်းပိုင် အဖိုးတန် စိန်ရွှေလက်ဝတ်ရတနာများအား သက်သေခံ (၄) ဝါကပ်ဖ်စာချုပ်ကိုပြုလုပ်ခဲ့ကြောင်း မည်သူတစ်ဦးတစ်ယောက်ကမျှ မသိရှိခဲ့ကြချေ။ ထိုဝါကပ်ဖ်စာချုပ်နှင့် နောက်ဆက်တွဲ(က) ပစ္စည်းစာရင်းတို့တွင် ဟာကျိမ ဒေါ်ပုတစ်ဦးတည်းကသာ လက်မှတ်ရေးထိုးထားပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကမှ သိရှိကြောင်း သက်သေအဖြစ် လက်မှတ်ရေးထိုးထားခြင်း မရှိခဲ့ချေ။

၁၉၉၄
ဆရာချယ်
နှင့်
ဒေါ်တင်တင်
ပါ–၈

ဝါကပ်ဖ်ပြုလုပ်ခြင်းသည် မဟာမေဒင်ဥပဒေအရ ထာဝရ လှူဒါန်းသည့် သဘောဖြစ်သည်။ ဝါကပ်ဖ်ပြုလုပ်ပုံပြုလုပ်နည်းနှင့် စပ်လျဉ်း၍ မည်သည့်ပုံစံအရ ပြုလုပ်ရမယ်ဟု တရားသေ သတ်မှတ်ချက်မရှိချေ။ တရားဝင် အထမြောက်ရန် နှုတ်ဖြင့် ဖြစ်စေ၊ စာချုပ်စာတမ်းနှင့်ဖြစ်စေ ပြုလုပ်နိုင်သည်။ ဝါကပ်ဖ်ပြုလုပ်ကြောင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြတ်သားစွာ ထုတ်ဖော်ပြောဆိုလျှင် လုံလောက်သည်။ သို့ရာတွင် ဝါကပ်ဖ်စာချုပ် ချုပ်ဆိုပြုလုပ်ခဲ့ပါမူ ဝါကပ်ဖ်ပစ္စည်းသည် တန်ဖိုးငွေကျပ်တစ်ရာနှင့်အထက် တန်ဖိုးရှိသော မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းပါရှိလျှင် ဝါကပ်ဖ်စာချုပ်ကို မှတ်ပုံတင် အက်ဥပဒေနှင့်အညီ မှတ်ပုံတင်ရန်လိုသည်။

ဝါကပ်ဖ်ကို နှုတ်ဖြင့်ဖြစ်စေ၊ စာချုပ် ချုပ်ဆို၍ဖြစ်စေ မည်သည့်နည်းဖြင့် အဆိုပြုလုပ်လှူဒါန်းခြင်းပြုနိုင်သည်မှန်သော်လည်း တရားဝင်အထမြောက်သော ဝါကပ်ဖ်ဖြစ်ရန်အတွက် တညီတညွတ်တည်း လက်ခံထားသည့် အချက်မှာ ဝါကပ်ဖ်ပြုလုပ်ကြောင်းကို အများသိစေရန် သို့မဟုတ် အသိသက်သေများရှေ့တွင် အလှူရှင်က ဝါကပ်ဖ်ပြုလုပ်လှူဒါန်းကြောင်း မြွက်ဟကြေညာခြင်းပြုရန်လိုသည်။ ဝါကပ်ဖ်ကို နှုတ်ဖြင့် ပြုလုပ်လျှင် အလှူရှင်သည် အများရှေ့၌ ဝါကပ်ဖ်ပြုလုပ်လှူဒါန်းကြောင်း နှုတ်ဖြင့် မြွက်ဟကြေညာရန်လိုအပ်သည်။ ဝါကပ်ဖ်စာချုပ်လုပ်၍ လှူဒါန်းခြင်းပြုလုပ်ခဲ့လျှင်လည်း အများသိစေမည့် မြွက်ဟလှူဒါန်းသည့် လုပ်ရပ်ဖြစ်ရလေအောင် အသိသက်သေများအား ဝါကပ်ဖ်စာချုပ်တွင် လက်မှတ်ရေးထိုးစေရန်လိုသည်။ အလှူရှင်အမည်ဖြင့် မိမိပစ္စည်း ဝါကပ်ဖ်ပြုလုပ်လှူဒါန်းကြောင်း အများသိရှိကြောင်း မြွက်ဟကြေညာမှုပြုလုပ်ခဲ့ခြင်း ရှိ မရှိမှာ ဝါကပ်ဖ် တရားဝင် အထမြောက် မမြောက်စိစစ်ရာ၌ အဓိကအရေးကြီးသည့်အချက်ဖြစ်သည်။

မအေးစင်နှင့်အခြားသူများ နှင့် **မောင်စိန်နှင့် အခြားသူများ** တွင် အောက်ပါအတိုင်းဆုံးဖြတ်ခဲ့သည်–

"Held, also, that a verbal declaration of the inter to create a wacf was sufficient if made in the present of witnesses and that where the witnesses deposed-the owner declared either that he then dedicated his property or had already dedicated it, it was enough to divest him of his proprietary right therein."

ယင်းစီရင်ထုံးအရ သာမန်အားဖြင့် ဝါကပ်ဖ် အထမြောက်ရန်မှာ ဝါကပ်ဖ်ပြုလုပ်ရန် ကြံရွယ်ချက်ကို နှုတ်အားဖြင့် ဖော်ထုတ်ကြေညာရုံမျှဖြင့် လုံလောက်ကြောင်း၊ သို့ရာတွင် ထိုသို့ ကြေညာမြွက်ဟခြင်းကို သက်သေများ ရှေ့တွင် ပြုလုပ်မည့်အပြင် သက်သေများကလည်း ထိုသူသည် ထိုအချိန်က သူ၏ ပစ္စည်းကို ဝါကပ်ဖ်အဖြစ် လှူဒါန်းရန် ကြေညာသည် သို့မဟုတ် လှူဒါန်းသည်ကို သိရှိသဘောပေါက်ရမည်ဖြစ်ကြောင်းညွှန်ပြထားသည်။ ၎င်းအပြင် ဝါကပ်ဖ်အထမြောက်ခြင်းနှင့် ပတ်သက်၍ အစွဲလာမ် ဓမ္မသတ် ပညာရှင်ကြီးများအကြားတွင် အယူအဆများ မတူညီခဲ့ကြချေ။ သို့သော် အဘူယူစွပ်၏အယူအဆကို ကျမ်းပြုပုဂ္ဂိုလ်အားလုံးလိုလိုက လက်ခံခဲ့သည်။ အဘူယူစွပ်၏ အယူအဆမှာ ဝါကပ်ဖ်တည်ထောင်သူက ဝါကပ်ဖ်ပြုလုပ်ကြောင်းကို မြွက်ဟကြေညာလိုက်ရုံမျှဖြင့် ဝါကပ်ဖ် အထမြောက်သည်။ ထိုအယူအဆကို ယခင်တရားလွှတ်တော်အပါအဝင် တရားရုံးများက လက်ခံဆုံးဖြတ်ခဲ့ကြသည်။

သို့ဖြစ်ရာ ဟာဂျိမ ဒေါ်ပုသည် သက်သေခံ (c) ဝါကပ်ဖ် စာချုပ်ကို သူကိုယ်တိုင် လက်မှတ်ရေးထိုးခဲ့သော်လည်း နောက်ဆက်တွဲ(က) ပါ ပစ္စည်းများကို ဝါကပ်ဖ် ပြုလုပ်လှူဒါန်းကြောင်း အများသိစေရန် မဆောင်ရွက်ခဲ့ခြင်း၊ စာချုပ်တွင် သက်သေတစ်ဦးတစ်ယောက်မျှအသိပေး လက်မှတ်ရေးထိုးမထားခြင်း၊ လက်မှတ်ရေးထိုးသည့်နေ့တွင်ဖြစ်စေ၊ လက်မှတ်ရေးထိုးသည့်နေ့နှင့် မကွယ်လွန်မီ ကြားကာလတွင်ဖြစ်စေ သက်သေခံ (c) ၏ နောက်ဆက်တွဲ(က) ပါပစ္စည်းများကို ဝါကပ်ဖ်ပြုလုပ် လှူဒါန်းကြောင်း အများသိအောင် မြွက်ဟမကြေညာခဲ့ခြင်းတို့ကြောင့် သက်သေခံ (c) ဝါကပ်ဖ်သည် မဟာမေဒင်ဥပဒေအရ တရားဝင်အထ မြောက်သော ဝါကပ်ဖ်ဖြစ်သည်ဟု ကောက်ယူနိုင်မည် မဟုတ်ပေ။

သို့ဖြစ်၍ အထူးခုံရုံး၏ ဆုံးဖြတ်ချက်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမမြင်ပေ။ ထို့ကြောင့် ဤအထူးအယူခံမှုကို တရားရုံး အဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ၃၀၀/– (ကျပ်သုံးရာတိတိ) သတ်မှတ်သည်။

တရားမဒုတိယအယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးတင်ထွတ်နိုင် ရှေ့တွင်

+ ၁၉၉၄
အောက်တိုဘာ
လ ၅ ရက်

ဒေါ်တင်မြ
နှင့်
ဦးစံလင်း *

၁၉၆၀ ပြည်နှစ်၊ မြို့ပြဆိုင်ရာဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်း ပြဋ္ဌာန်းချက်–အိမ်ဌားများဘက်က အိမ်ရှင်အိမ်ဌား ပဋိညာဉ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခဲ့ရာ၌ တစ်ကြိမ်တစ်ခါပင်ဖြစ်စေကာမူ ပဋိညာဉ်အရ တင်ရှိသော အိမ်ဌားတာဝန်ကို ဖောက်ဖျက်ကျူးလွန်ရာရောက်ခြင်း– မြို့ပြဆိုင်ရာဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေသည် ရည်ရွယ်ချက်အားဖြင့် အိမ်ဌားများကို စောင့်ရှောက်ကာကွယ်ရန် ပြဋ္ဌာန်းထားသည် မှန်သော်လည်း အိမ်ရှင်အိမ်ဌားနှစ်ဦး နှစ်ဘက်စလုံးအား ဥပဒေနှင့်အညီ မျှတမှုရှိစေရန် တရားရုံးများက စီရင်ဆုံးဖြတ်ရန် တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ သက်ဆိုင်ရာ ပဋိညာဉ် အက်ဥပဒေနှင့် ၁၉၆၀ ပြည်နှစ် မြို့ပြဆိုင်ရာ ဌားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က) တို့တွင် မည်သို့သော အကြောင်းရပ်များ၌ တစ်ကြိမ်တစ်ခါ ဖျောက်ဖျက်ရုံ ဖောက်ဖျက်မှုမှာ ပဋိညာဉ်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ရာမရောက်ဟူသော ပြဋ္ဌာန်းချက်မတွေ့ရချေ။ ထို့ကြောင့် အိမ်ဌားများဘက်က အိမ်ရှင်၏ခွင့်ပြုချက်မတောင်းခံဘဲ ၁–၁၀–၈၉ ရက်နေ့၊ ညတွင် ပေါ်ခွဲထုရိုက်ခဲ့ခြင်းသည် တစ်ကြိမ်တစ်ခါပင်ဖြစ်စေကာမူ အင်္ဂါးပဋိညာဉ်အပိုဒ်(၅)တွင် အတိအလင်း တားမြစ်ထားသည့် စည်းကမ်းချက်အရ အိမ်ဌားတာဝန်ကို ဖောက်ဖျက်ကျူးလွန်မှုမြောက်သည်ဟု ဆိုနိုင်သည်၊ အဆိုပါ ဖျောက်ဖျက်ကျူးလွန်ချက်ကို အကြောင်းပြုပြီး အိမ်ရှင် ဒေါ်တင်မြသည် အိမ်ဌားဦးစံလင်းတို့ကို ဌားရမ်းထားသော ဥပစာမှ ၁၉၆၀ ပြည်နှစ် မြို့ပြဆိုင်ရာ

* ၁၉၉၄ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၃၆

\+ ၁၉၉၃ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၆၄ တွင် ချမှတ်သော (၈–၁၀–၉၃) ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီအယူခံမှု

ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းအရ နှင်ထုတ်ပိုင်ခွင့်ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေသည် ရည်ရွယ်ချက်အားဖြင့် အိမ်ငှားများကို စောင့်ရှောက်ကာကွယ်ရန် ပြဋ္ဌာန်းထားသည် မှန်သော်လည်း အိမ်ရှင်အိမ်ငှား နှစ်ဦးနှစ်ဘက်စလုံးအား ဥပဒေနှင့်အညီ တရားမျှတမှုရှိစေရန် တရားရုံးများက စီရင်ဆုံးဖြတ်ရန် တာဝန်ရှိမည်ဖြစ်သည်။ ဥပဒေနှင့်အညီ အိမ်ရှင်ကရသင့်ရထိုက်သော အခွင့်အရေးတို့ကိုလည်း ထည့်သွင်းစဉ်းစားရန်ဖြစ်သည်။

အယူခံတရားလိုအတွက် – ဦးအောင်ခိုင်၊ တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်အတွက် – ဦးရဲလွင်သိန်း၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်မြို့၊ မြို့နယ်တရားရုံး (တရားမ) ၏ တရားမကြီးမှုအမှတ် ၅၄/၉၂ တွင် ဒေါ်တင်မြက တရားပြိုင် ဦးစံလင်းအပေါ် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းနှင့် ပုဒ်မ ၁၂(၁) (ဂ) တို့အရ ငှားရမ်းထားသော ဥပစာမှ နှင်လိုမှု စွဲဆိုရာ တရားရုံးက အဆိုပါ ဥပဒေပုဒ်မ ၁၂(၁) (က) ဒုတိယပိုင်းအရ ဒီကရီချမှတ်ပေးခဲ့သည်။

ယင်းဒီကရီကို မကျေနပ်သဖြင့် ဦးစံလင်းက အယူခံအမှုအမှတ် ၆၄/၉၃ ကိုလည်းကောင်း၊ ဒေါ်တင်မြက တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၂ အရ ပြန်လှန်ကန့်ကွက်လွှာကိုလည်းကောင်း ရန်ကုန်တိုင်း တရားရုံး (တရားမ) တွင် တင်သွင်းခဲ့ကြသည်။ တိုင်းတရားရုံးက အယူခံမှုကို ခွင့်ပြုပြီး မူလရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ အဆိုလွှာကို ပလပ်ကာ ဒေါ်တင်မြ တင်သွင်းသည့် ပြန်လှန်ကန့်ကွက်လွှာတွင် ရုံးခွန်ထမ်းဆောင်ထားခြင်းမရှိသဖြင့် ၎င်းအား အရှုံးပေးထားသည့် မူလရုံး၏ ဆုံးဖြတ်ချက်များအပေါ် သုံးသပ်ဆုံးဖြတ်ပေးရန် အကြောင်းမရှိဟု အမိန့်ချမှတ်သည်။ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီမကျေနပ်သူ ဒေါ်တင်မြက ဤဒုတိယအယူခံမှုကို တရားရုံးချုပ်၌ တင်သွင်းသည်။

တိုင်းတရားရုံး၏ စီရင်ချက်တွင် အငြင်းပွားသည့် ပြဿနာမှာ ၁–၁၀–၈၉ ရက်နေ့ ညအချိန်က အချင်းဖြစ်ခြံအတွင်း၌ အိမ်ငှား ဦးစံလင်းတို့က ပေပါတစ်လုံးထုရိုက်ခဲ့သည့် ပြဿနာဖြစ်ကြောင်း၊ ရပ်ကွက် သမဝါယမ အသင်းဆိုင်မှ ဆီပေပါတစ်လုံးကို သက်သေခံ (၁၂) အရ အကူအညီတောင်းခံ၍ ပြုလုပ်ပေးရခြင်းဖြစ်သည်ဟု မူလတရားပြိုင်တို့

ကလည်း ဝန်ခံထွက်ဆိုထားကြောင်း၊ မူလရုံး၏ သုံးသပ်ချက်မှာ ရပ်ကွက်သမဝါယမအသင်း ဥက္ကဋ္ဌကိုယ်တိုင် လက်မှတ်ရေးထိုးထားသည့် သက်သေခံ (၁၂)အရ စာကိုမျက်ကွယ်ပြုသုံးသပ်ရာရောက်နေကြောင်း၊ယင်းသို့ အိမ်ငှားက ပေပါတစ်လုံးကို တစ်ကြိမ်တစ်ခါ ထုရိုက်မိခဲ့ခြင်းကို အကြောင်းပြုပြီး အိမ်ငှားက အငှားစာချုပ်ပါစည်းကမ်းချက်ကို ဖောက်ဖျက်သည်ဟု သုံးသပ်မည်ဆိုပါက မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေက ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ရင်းဖြစ်သော အိမ်ငှားများအဖို့ အခက်ကြုံဖွယ်ရာရှိကြောင်း၊ ထို့ကြောင့် မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး အဆိုလွှာကို ပလပ်ကြောင်း သုံးသပ်အမိန့်ချမှတ်သည်။

ဤဒုတိယ အယူခံတွင် အဓိကအားဖြင့် ဒေါ်တင်မြ၏ တန်ပြန်ကန့်ကွက်လွှာတွင် ရုံးခွန်တော် ထမ်းဆောင်ထားခြင်းမရှိ၍ တိုင်းတရားရုံး (ပထမ အယူခံရုံး) က လက်ခံစဉ်းစားခြင်း မပြုခဲ့သော်လည်း အယူခံလွှာတွင် ဦးစံလင်းက ရုံးခွန်တံဆိပ်ခေါင်း ဖဒို/-အစား ၅၃/-သာ ထမ်းဆောင်ခဲ့ခြင်းကို တိုင်းတရားရုံးက လက်ခံခဲ့ခြင်းမှာ တရားမျှတခြင်းမရှိကြောင်း တိုင်းတရားရုံးသည် သက်သေခံ (၁၂) ကို အလေးပေး လက်ခံပြီး အိမ်ငှားက တစ်ခါတစ်ရံ ပြုလုပ်မှုကို အပြစ်မရှိသကဲ့သို့ သုံးသပ်ဆုံးဖြတ်ခြင်းမှာ အိမ်ငှားက အငှား ပဋိညာဉ်ကို ချိုးဖောက်၍ အချင်းဖြစ်ဥပစာတွင် ပေပါများခွဲစိတ်ထုရိုက်ခြင်းများ ပြုလုပ်ခဲ့သည်ဟု တရားလိုပြသက်သေ ကိုကျော်အေး၊ ဒေါ်မြခင်နှင့် ဒေါ်သန်းရင်တို့၏ သက်သေခံချက်များကိုလည်းကောင်း၊ သက်သေခံ (၄) အရ အိမ်ငှား ဦးစံလင်းသည် ဦးစံဝင်း၏ဝန်ခံချက်ကိုလည်းကောင်း ကျော်လွန်ဆုံးဖြတ်ရာရောက်ကြောင်း၊ အိမ်ငှားများသည် အငှားပဋိညာဉ်ကို တစ်ခါတစ်ရံ ဖောက်ဖျက်ကျူးလွန်ခွင့်ရှိသည်ဟု တိုင်းတရားရုံးက ဥပဒေတစ်ရပ်ကို ထုံးသာမကပြုရာရောက်ကြောင်း၊ ထို့ကြောင့် ဥပဒေနှင့် ညီညွတ်တရားမျှတ မှန်ကန်ခြင်းမရှိသော တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်သင့်ကြောင်း အိမ်ရှင် ဒေါ်တင်မြ၏ အကျိုးဆောင်က လျှောက်လဲသည်။

ဦးစံလင်း၏ အကျိုးဆောင်က ဦးစံလင်းသည် သာကေတတွင် ပေပါထုခဲ့သည့် အလုပ်ရုံ သီးခြားထားရှိလုပ်ကိုင်လျက်ရှိကြောင်း၊ အချင်းဖြစ်ဥပစာတွင် ပေပါခွဲတစ်လုံးဖွင့်ဖောက်ခဲ့ခြင်းမှာ စီးပွားရေးအရ ထုခွဲခြင်းမဟုတ်ဘဲ ရပ်ကွက်သမဝါယမအသင်းမှ အကူအညီတောင်းခံချက်အရ ပြုလုပ်ပေးခဲ့ရခြင်းဖြစ်သည်မှာ ဦးဟာရှင်၏ ထွက်ချက်အရ ထင်ရှားကြောင်း၊

ယင်းသို့ တစ်ခါတစ်ရံပြုလုပ်ပေးခဲ့ရခြင်းမှာ အိမ်ရှင်အိမ်ငှား ပဋိညာဉ်ကို ဖောက်ဖျက်ကျူးလွန်သည်ဟု မဆိုင်နိုင်ကြောင်း၊ အိမ်ရှင်တို့က ဦးစံလင်းအား နှင်ထုတ်လို၍ အကြောင်းရှာတရားစွဲဆိုခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ဤအယူခံမှုကို ပလပ်သင့်ကြောင်း ချေပလျှောက်လဲသည်။

ဤအယူခံလွှာတွင် တင်ပြထားချက်များနှင့် တိုင်းတရားရုံး၏ စီရင်ချက်ပါ အချက်များအရ အဓိကအားဖြင့် အိမ်ငှား ဦးစံလင်းတို့က ပေပါခွံတစ်လုံးကို တစ်ကြိမ်တစ်ခါ ထုရိုက်ခြင်းသည် အငှား ပဋိညာဉ်အရှုတင်ရှိသော အိမ်ငှားတာဝန်ကိုလည်းကောင်း၊ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က) ခုတိယမိုင်း ပြဋ္ဌာန်းချက်ကို လည်းကောင်း ဖောက်ဖျက်ကျူးလွန်ခဲ့ရာ ရောက်နိုင် မရောက်နိုင် အငြင်းပွားချက်သာလျှင် ဖြစ်သည်။

မူလမှုတွင် တရားပြိုင် ဦးစံလင်း၏ ချေပလွှာနှင့် ၎င်း၏ ရုံးရှေ့ထွက်ဆိုချက်၊ အလုပ်သမား ကိုသိန်းမြင့်နှင့် ဦးစံဝင်း (အချင်းဖြစ် အငှားအိမ်တွင် လက်ရှိ နေထိုင်လျက်ရှိပြီး ဦးစံလင်း၏ ညီအရင်း ဖြစ်သူ) တို့က လက်မှတ်ရေးထိုးထားသော အငြင်းမပွားသည့် သက်သေခံ (၄) အရ ဝန်ခံချက် စာရွက်တို့အရ ၁-၁၀-၈၉ နေ့ညတွင် အိမ်ငှားတို့က ပေပါတစ်လုံးထုခဲ့သည်မှာ အငြင်းမပွားချေ။

အဆိုပါ ပေပါမှာ ၁-၁၀-၈၉ နေ့စွဲပါ သက်သေခံ (၁၂) အရ စာဖြင့် ဗိုလ်ချို (၂) ရပ်ကွက် သမဝါယမ အသင်း ဥက္ကဋ္ဌက အသင်းဆိုင်တွင် ဆီထည့်ရန်အတွက် ပေပါဖွင့်ရန် ကိရိယာမရှိ၍ ပေပါ (၁) လုံး ဖွင့်ပေးရန် အကူအညီတောင်းခံချက်အရ ဖွင့်ပေးခဲ့ရခြင်းဖြစ်သည်ဟု တရားပြိုင် ဦးစံလင်းက ချေပထွက်ဆိုပြီး အဆိုပါ စာရွက်နှင့် ယင်းစာရွက်တွင် ထိုစဉ်က အသင်းဥက္ကဋ္ဌအဖြစ် လက်မှတ်ရေးထိုးပေးခဲ့သူဖြစ်သည်ဆိုသော ဦးဟာရှင် (ပြိုင်ပြ-၇) တို့ကို သက်သေအထောက်အထားအဖြစ်တင်ပြသည်။

သို့ရာတွင် အချင်းဖြစ်သည့် ၁-၁၀-၈၉ နေ့၌ ဦးဟာရှင်သည် ရပ်ကွက် (ရ၀တ) အဖွဲ့ဝင်နှင့် သမဝါယမအသင်း ဥက္ကဋ္ဌအဖြစ် အမှန်တကယ် တာဝန်ထမ်းဆောင်ခဲ့သူဟုတ် မဟုတ်ခိုင်လုံထင်ရှားစေရန်အတွက် လိုအပ်သော သက်သေအထောက်အထား တင်ပြထားခြင်း မတွေ့ရပေ။ ဆီများ အများအပြားသိုလှောင်ရောင်းချလျက်ရှိသော သမဝါယမအသင်းဆိုင်အနေဖြင့် ဆီပေပါဖွင့်ရန် ကိရိယာမရှိဆိုသည့်အချက် ဖြစ်နိုင်ဖွယ်ရာရှိမရှိ စဉ်းစားဖွယ်ရာဖြစ်သည်။ မည်သို့ဖြစ်စေ ဦးစံလင်းတို့က ယင်းကိစ္စကို

၁၉၉၄
ဒေါတင်မြ
နှင့်
ဦးစံလင်း

မလွဲမရှောင်သာ ဆောင်ရွက်ပေးလိုသည့်တိုင်အောင် သက်သေခံ (ခ) အိမ်ရှင်အိမ်ငှား စာချုပ်တွင် ပေပါများခွဲစိတ်ထုရိုက်ခြင်း မပြုလုပ်ရန် စည်းကမ်းချက်ပါရှိနေသည့်အလျောက် တစ်ဝင်းတည်းနေအိမ်ရှင်အား အကြောင်းကြား ခွင့်ပြုချက်တောင်းခံပြီးမှ ဆောင်ရွက်ပေးသင့်သည်။ ဦးစံလင်းနှင့် အချင်းဖြစ်စဉ်က ဥပစာတွင် နေထိုင်လျက်ရှိသူ ဦးစံဝင်းတို့က အိမ်ရှင်အား အကြောင်းကြား၍ ခွင့်ပြုချက်တောင်းခံမှုရှိခဲ့သည်ဟု မူလမှုတွင် မတွေ့ရပေ။ ထို့ကြောင့် မူလမှုမှ အိမ်ငှားများသည် ပေပါခွဲများ ထုရိုက်ခြင်း မပြုလုပ်ရန် သက်သေခံ (ခ) ပဋိညာဉ်စည်းကမ်းချက်ကို အိမ်ရှင်၏ ခွင့်ပြုချက်မပါဘဲ ဖောက်ဖျက်ကျူးလွန်ခဲ့ကြောင်း ထင်ရှားသည်။

သက်ဆိုင်ရာ ပဋိညာဉ်အက်ဥပဒေနှင့် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က) တို့တွင် မည်သို့သော အကြောင်းရပ်များ၌ တစ်ကြိမ်တစ်ခါဖောက်ဖျက်ရံ ဖောက်ဖျက်မှုမှာ ပဋိညာဉ်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ရာ မရောက်ဟူသော ပြဋ္ဌာန်းချက် မတွေ့ရချေ။ ထို့ကြောင့် အိမ်ငှားများဘက်က အိမ်ရှင်၏ ခွင့်ပြုချက် မတောင်းခံဘဲ ၁-၁၀-၉၃ ရက်နေ့၊ ညတွင် ပေပါခွဲ ထုရိုက်ခဲ့ခြင်းသည် တစ်ကြိမ်တစ်ခါပင်ဖြစ်စေကာမူ အငှားပဋိညာဉ်အပိုဒ် (၅) တွင် အတိအလင်း တားမြစ်ထားသည့် စည်းကမ်းချက်အရ အိမ်ငှားတာဝန်ကို ဖောက်ဖျက်ကျူးလွန်မှု မြောက်သည်ဟု ဆိုနိုင်သည်။ အဆိုပါ ဖောက်ဖျက်ကျူးလွန်ချက်ကို အကြောင်းပြုပြီး အိမ်ရှင် ဒေါတင်မြသည် အိမ်ငှား ဦးစံလင်းတို့ကို ငှားရမ်းထားသော ဥပစာမှ ၁၉၆၀ ပြည့်နှစ် မြို့ပြ ဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (က) ဒုတိယပိုင်းအရ နှင်ထုတ်ပိုင်ခွင့်ရှိသည်၊

မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေသည် ရည်ရွယ်ချက်အား ဖြင့် အိမ်ငှားများကို စောင့်ရှောက်ကာကွယ်ရန် ပြဋ္ဌာန်းထားသည်မှန်သော်လည်း အိမ်ရှင်အိမ်ငှားနှစ်ဦးစလုံးအား ဥပဒေနှင့်အညီ တရားမျှတမှုရရှိစေရန် တရားရုံးများက စီရင်ဆုံးဖြတ်ရန် တာဝန်ရှိသည်ဖြစ်သည်။ ဥပဒေနှင့်အညီ အိမ်ရှင်က ရသင့်ရထိုက်သော အခွင့်အရေးတို့ကိုလည်း ထည့်သွင်းစဉ်းစားရန် ဖြစ်သည်။ **ဟာဂျီအဗ္ဗဒူ (လ်) ရကူး ချိတာနီ** နှင့် **ဒေါအုန်းတင်** အမှု[၁] နှင့် **ဒေါထွေး** နှင့် **အီဗရာဟင်ရမ်အင်ကုမ္ပဏီလီမိတက်** အမှု[၂] တို့ကို ရည်ညွှန်းသည်။

(၁) ၁၉၆၄ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး (တရားရုံးချုပ်) ၄၅၈။
(၂) ၁၉၅၈ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး (တရားလွှတ်တော်ချုပ်) ၁၂၀။

ဦးစံလင်းသည် အိမ်ရှင်အိမ်ငှား ပဋိညာဉ်ကို ချိုးဖောက်၍ ပေပါခွံ ထုခွဲရိုက်နှက်ခဲ့သည်သာမက အချင်းဖြစ် ဥပစာတွင် မူလက ဆောက်လုပ်ငှားရမ်းထားသော တာလပတ်မိုး အဆောက်အအုံကို ဖျက်သိမ်းဖယ်ရှားပြီး ခေါင်အုပ်ပါသော အဆောက်အအုံကို အိမ်ရှင်ခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ခဲ့ကြောင်း၊ ငှားရမ်းထားသော ဥပစာတွင် ညီဖြစ်သူ ဦးစံဝင်းအား နေထိုင်စေခဲ့ကြောင်း၊ ပေပါခွံများကို မိလ္လာကန်အဖုံးပေါ်အထိ စုပုံထားရှိမှုကြောင့် မိလ္လာကန်ပျက်စီးသွားခဲ့ကြောင်း စသည်ဖြင့်လည်း အငြင်းပွားချက်များရှိနေသောအမှုဖြစ်သည်။ ယင်းအချက်များသည်လည်း ပဋိညာဉ်အရမဟုတ်စေကာမူ ငှားရမ်းထားသော ဥပစာတွင် ဥပဒေအရ အိမ်ငှားက စောင့်ထိန်းလိုက်နာရန် တင်ရှိသော တာဝန်ချိုးဖောက်မှုများဖြစ်သည်ဟုဆိုနိုင်သော အချက်များဖြစ်သည်။

ထို့ကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။ ဒေါ်တင်မြ၏ အဆိုလွှာကို ပလပ်ခဲ့သော ရန်ကုန်တိုင်းတရားရုံး (တရားမ)၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက် ဥပဒေပုဒ်မ ၁၂ (၁) (က) ဒုတိယပိုင်းအရ ချမှတ်ပေးခဲ့သော ရန်ကုန်မြို့၊ မြို့နယ်တရားရုံး (တရားမ) ၏ စီရင်ချက်နှင့် ဒီကရီကို စရိတ်နှင့်တကွ ပြန်လည်အတည်ပြုသည်။

ရှေ့နေခကျပ် ၂၀၀/- သတ်မှတ်သည်။

တရားမပထမအယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးအောင်မြင့်နှင့် ဦးတင်ထွတ်နိုင်တို့ ရှေ့တွင်

+၁၉၉၄
ဇွန်လ ၃ရက်

ဦးတင်မြင့်
(အထွေထွေကိုယ်စားလှယ် စာရသူ ဒေါ်မော်မော်ထွန်း)
နှင့်
ဦးစမ်းယီ *

တရားလိုအဖြစ် အစစ်ခံခွင့်ကို စွန့်လွှတ်ပြီး သူ၏ကိုယ်စား အခြားသူ တစ်ဦးက တရားလို၏ ကိုယ်စား အစစ်ခံခွင့်၊ သက်သေထူခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၈ နည်း ၂(၁) ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် စတင်ဆောင်ရွက်ခွင့်ရှိသော အမှုသည်က ဦးစွာ မိမိ၏ အမှုအကြောင်းကို တင်ပြပြီး ဆက်လက်၍ မိမိအမှုအား ထောက်ခံသည့် သက်သေခံ အထောက်အထားများကို တင်ပြရမည်။ ဤအမှုတွင် တရားလိုဖြစ်သူ ဦးတင်မြင့်သည် မိမိ၏ အမှုအကြောင်း စင်ပြခွင့်ကို စွန့်လွှတ်ပြီးဖြစ်၍ မိမိအား ထောက်ခံသည့် သက်သေခံချက်များ တင်ပြခွင့်ကိုလည်း တစ်ပါတည်း စွန့်လွှတ်ခဲ့ပြီးဖြစ်သည်ဟု ဆိုရမည်။

အယူခံတရားလိုအတွက် – ဦးစိန်ထွန်းဝင်း၊ တရားရုံးချုပ် ရှေ့နေ

အယူခံတရားပြိုင်အတွက် – ဦးတင်ထွန်း၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံးတရားမကြီးမှု အမှတ် ၁၃၂ (ခ)/၉၀ (ကျောက်တံတား) တွင် ဦးတင်မြင့်နှင့် ဒေါ်မြင့်မြင့်စိန်(ခ) ဒေါ်မော်မော်ထွန်း တို့က ဦးစမ်းယီထံမှ နစ်နာကြေး ၃၀၀,၀၀၀/–ရလိုကြောင်း စွဲဆိုသည်။ ဒေါ်မော်မော်ထွန်းအား တရားရုံးက အမှုသည်အဖြစ်မှ ထုတ်ပယ်လိုက်သဖြင့် ဦးတင်မြင့် တစ်ဦးတည်းက အမှုကို ဆက်လက်ဆောင်ရွက်သည်။ တရားလိုအား စစ်ဆေးရန် ချိန်ဆိုသည့်နေ့ရက်တွင် ဒေါ်မော်မော်ထွန်းက တရားလို

---

* ၁၉၉၃ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၁၆၈

\+ ၁၉၉၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၁၃၂ တွင် ချမှတ်သော (၁၃-၅-၉၃) ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

ဦးတင်မြင့် ကိုယ်စားသူ့အား စစ်ဆေးပါရန် လျှောက်ထားရာ တိုင်းတရားရုံးက လက်မခံဘဲ ဦးတင်မြင့်စွဲဆိုသည့်အမှုကို ပလပ်လိုက်သည်။ ထို့ကြောင့် ဦးတင်မြင့်က အထွေထွေကိုယ်စားလှယ် ဒေါ်မော်မော်ထွန်းမှ တစ်ဆင့် တရားရုံးချုပ်၌ ဤတရားမ ပထမအယူခံကို တင်သွင်းခြင်း ဖြစ်သည်။

ဦးတင်မြင့်နှင့် ဒေါ်မော်မော်ထွန်းတို့က သူတို့သည် ဦးစမ်းယီထံမှ ၎င်းပိုင် မော်တော်ယာဉ်အမှတ် ၈/၉၇၈၇ တိုယိုတာကိုရိုလာကားကို ၃၀၀၀၀၀/-ဖြင့် ဝယ်ယူခဲ့ကြောင်း၊ ၅-၅-၈၉ ရက်နေ့တွင် ယင်း မော်တော်ယာဉ်ကို ပင်လယ်အကောက်ခွန်ဥပဒေအရ နိုင်ငံတော်က ပြည်သူဘဏ္ဍာအဖြစ် သိမ်းဆည်းခဲ့သဖြင့် မိမိတို့လည်း ဦးစမ်းယီထံမှ နစ်နာကြေး ၃၀၀၀၀၀/-ရထိုက်ကြောင်းဖြင့် အဆိုပြုစွဲဆိုသော အမှု ဖြစ်သည်။

တိုင်းတရားရုံးက တရားလို ဦးတင်မြင့်သည် ၎င်း၏ ထွက်ဆို အစစ်ခံခွင့်ကို စွန့်လွှတ်ပြီးဖြစ်၍ ၎င်း၏ ကိုယ်စားလှယ်စာရသူ ဒေါ်မော်မော်ထွန်း အနေဖြင့် တရားလိုအဖြစ်အစစ်ခံခွင့်မရှိကြောင်း၊ သို့ဖြစ်၍ ဦးတင်မြင့်စွဲဆိုသော အမှုမှာ ရပ်တည်နိုင်စွမ်းမရှိတော့ကြောင်း ကောက်ယူဆုံးဖြတ်သည်။

ဒေါ်မော်မော်ထွန်းက အယူခံအကြောင်းပြချက်အဖြစ် အဓိကတင်ပြသည်မှာ တရားလို ဦးတင်မြင့်သည် (၁) တရားလိုအဖြစ်ဖြင့် ဆောင်ရွက်စဉ်က အစစ်ခံခွင့်ကို စွန့်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြောင်းလဲခဲ့သော အခြေအနေများအရ တစ်ဦးတည်းသော တရားလိုအနေဖြင့် အမှုကိုဆောင်ရွက်ရာတွင် အစစ်ခံခွင့်ကို စွန့်လွှတ်ခြင်း မဟုတ်သဖြင့် မူလတရားရုံးက အမှုကို ပလပ်ခြင်းမှာ မှားယွင်းကြောင်း စသည်ဖြင့်တင်ပြသည်။

ဤအမှုကို ဦးတင်မြင့်နှင့် ဒေါ်မော်မော်ထွန်းတို့က တရားလိုပြုလုပ်စွဲဆိုခဲ့ခြင်းဖြစ်သော်လည်း ဒေါ်မော်မော်ထွန်းအား အမှုသည်အဖြစ်မှ ထုတ်ပယ်ပြီးဖြစ်ခြင်းနှင့် ဦးတင်မြင့်ကလည်း တရားလိုအဖြစ် အစစ်ခံခွင့်ကို စွန့်လွှတ်ခဲ့ပြီးဖြစ်သည်။ သို့ဖြစ်၍ အမှုတွင် အဓိက စီစစ်ရန်မှာ ဦးတင်မြင့် ကိုယ်စားသူ့ကိုယ်စားလှယ်စာရသူ ဒေါ်မော်မော်ထွန်းအား တရားလိုအဖြစ် အစစ်ခံခွင့် မပေးဘဲ ဦးတင်မြင့်၏အမှုကို ပလပ်လိုက်ခြင်းမှာ မှန်မမှန်ဟူ၍ဖြစ်သည်။

ဦးတင်မြင့်သည် တရားလိုအဖြစ် အစစ်ခံခွင့်ကို စွန့်လွှတ်ပြီးဖြစ်ရာ အခြားသူတစ်ဦးက ဦးတင်မြင့်ကိုယ်စား အစစ်ခံခွင့်ရှိဦးမည်ဆိုလျှင် ဦးတင်မြင့်အနေဖြင့် အစစ်ခံခွင့်ကို စွန့်လွှတ်ရာရောက်မည်မဟုတ်ပေ။ အကြောင်းမှာ ကိုယ်စားလှယ်၏ အစစ်ခံခြင်းသည် ဥပဒေသဘောအရ

၁၉၉၄
ဦးတင်မြင့် (အထွေထွေကိုယ်စားလှယ် စာရသူ ဒေါ်မော်မော်ထွန်း) နှင့် ဦးစမ်းယီ

ဦးတင်မြင့်ကိုယ်တိုင် အစစ်ခံခြင်းပင်ဖြစ်သောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ ဦးတင်မြင့်၏ ကိုယ်စား ဒေါ်မော်မော်ထွန်းသည် တရားလိုအဖြစ် အစစ်ခံခွင့် ရှိမည် မဟုတ်ပေ။

ဆက်လက်၍ စီစစ်ရန်မှာ ဒေါ်မော်မော်ထွန်းအနေဖြင့် အစစ်ခံခွင့်မရှိခြင်းကြောင့် ဦးတင်မြင့်၏ အမှုကို ပလပ်ခြင်းမှာ မှန်မမှန်ဖြစ်သည်။ တရားမမှုများ စစ်ဆေးကြားနာခြင်းကို တရားမကျင့်ထုံးဥပဒေအမိန့် ၁၈ တွင် ပြဋ္ဌာန်းထားရာ နည်း ၂(၁)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

"2(1). On the day fixed for the hearing of the suit or on any other day to which the hearing is adjourned, the party having the right to begin shall state his case and produce his evidence in support of the issues which he is bound to prove.

ယင်းဥပဒေပြဋ္ဌာန်းချက်အရ ဆိုလျှင် စတင်ဆောင်ရွက်ခွင့်ရှိသော အမှုသည်က ဦးစွာ မိမိ၏ အမှုအကြောင်းကို တင်ပြပြီး ဆက်လက်၍ မိမိအမှုအား ထောက်ခံသည့် သက်သေခံအထောက်အထားများကို တင်ပြရမည်။ ဤအမှုတွင် တရားလိုဖြစ်သူဦးတင်မြင့်သည် မိမိ၏ အမှုအကြောင်း တင်ပြခွင့်ကို စွန့်လွှတ်ပြီးဖြစ်၍ မိမိအား ထောက်ခံသည့် သက်သေခံချက်များ တင်ပြခွင့်ကိုလည်း တစ်ပါတည်း စွန့်လွှတ်ခဲ့ပြီး ဖြစ်သည်ဟုဆိုရမည်။

တရားမမှုခင်းများတွင် သက်သာခွင့် တောင်းဆိုသူသည် မည်သည့် အတွက် ဒီကရီရထိုက်ကြောင်း တင်ပြရန် တာဝန်ရှိသည်။ ယင်းသို့ တင်ပြနိုင်ခြင်းမရှိဘဲ ဒီကရီရရှိရန် အကြောင်းမရှိပေ။ ဦးတင်မြင့်သည် ဒီကရီရထိုက်ကြောင်း တစ်စုံတစ်ရာတင်ပြခြင်းမရှိသဖြင့်သူ၏ အမှုမှာ အောင်မြင်ရန် အကြောင်းမရှိသောကြောင့် တိုင်းတရား‌ရုံးက ဦးတင်မြင့်၏ အမှုကို ပလပ်ခဲ့ခြင်းမှာ မှားယွင်းမှုမရှိကြောင်း စီစစ်တွေ့ရှိရသည်။

အထက်ပါ အခြေအနေများအရ ဤအယူခံကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေခ ကျပ် ၁၀၀/-သတ်မှတ်သည်။

တရားမဒုတိယအယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးသန်းဖေ ရှေ့တွင်

ဒေါ်တင်ရွှေ
နှင့်
ဒေါ်ကြည်ဝင်း ပါ-၂ *

+၁၉၉၄
စက်တင်ဘာလ
၁၅ရက်

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟ ကြေညာချက် ဒီကရီရရန်စွဲဆိုသောအမှု-နတ်နန်း၏ နတ်ထိန်း အရိုက်အရာကို မြွက်ဟကြေညာချက်ရရန် စွဲဆိုခွင့်ရှိ မရှိ-နတ်နန်းထိန်း၏ အဓိပ္ပာယ်-ဆုံးဖြတ်ချက်။ သီးခြား သက်သာခွင့်အက် ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟ ကြေညာချက် ဒီကရီချမှတ်ပေးနိုင်ရန်အတွက် တရားလိုတွင် ဥပဒေနှင့်အညီရရှိထားသော တရားဝင်အခြေအနေတစ်ရပ်ရပ် သို့မဟုတ် ပစ္စည်းနှင့်စပ်လျဉ်း၍ ရထိုက်သော အခွင့်အရေးတစ်ရပ်ရပ် ရှိရန် အဓိက လိုအပ်သည်၊ ထို့ပြင် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟ ကြေညာချက်ဒီကရီသည် တရားရုံး၏ ဆင်ခြင်တုံတရားအရ ပေးသင့်မှ ပေးရသော သက်သာခွင့်မျိုးလည်းဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ အနောက်ကတော် နတ်နန်း၏ နန်းထိန်းဆို သည်မှာ နှစ်စဉ် ကျင်းပမြဲဖြစ်သည့် အမေရေယဉ်နတ်ပွဲတွင် အစဉ်အလာ အရ အပူဇော်ခံ တည်ဆောက်ခဲ့သည့် နန်းခွေ၏ ထိန်းသိမ်းသူအဖြစ် အဓိပ္ပာယ်ရသည်၊ နတ်နန်းထိန်းဆိုသည်မှာ ဥပဒေအရ လူတစ်ဦး တစ် ယောက်၏ အခွင့်အရေး ရပိုင်ခွင့်မဟုတ်သကဲ့သို့ ပစ္စည်းနှင့် ပတ်သက်သည့် အခွင့်အရေးရပိုင်ခွင့်လည်းမဟုတ်ချေ။

အယူခံတရားလိုအတွက် - တရားရုံးချုပ် ရှေ့နေ ဦးသန်းကျော် ကိုယ်စား တရားရုံးချုပ်ရှေ့နေ ဦးစန်းဝင်းက ရေးသားလျှောက်လဲ ချက်တင်သည်။

---

* ၁၉၉၃ ခုနှစ်၊ တရားမဒုတိယအယူခံမှု အမှတ် ၅၄

\+ ၁၉၉၂ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၅ တွင် ချမှတ်သော (၄-၂-၉၃) ရက်စွဲပါစစ်ကိုင်းတိုင်း (မုံရွာခရိုင်) တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု

၁၉၉၄
ဒေါ်တင်ရွှေ
နှင့်
ဒေါ်ကြည်ဝင်း
ပါ-၂

အယူခံတရားပြိုင်များအတွက် – ဦးခင်မောင်မြင့်ဆွေ၊ တရားရုံးချုပ် ရှေ့နေ

ယင်းမာပင်မြို့နယ် တရားရုံး၊ ၁၉၈၉ ခုနှစ် တရားမကြီးမှုအမှတ် ၉ တွင် ဒေါ်တင်ရွှေက ဒေါ်ကြည်ဝင်းနှင့် ဒေါ်စိန်ပွင့်တို့အပေါ် အနောက်ကတော်နတ်နန်း၏ နန်းထိန်းဖြစ်ကြောင်း မြွက်ဟကြေညာပေးရန်နှင့်ငင်းနန်းပေါ်သို့ တရားပြိုင်များ တက်ရောက်ဟန့်တားခြင်းမှ အမြဲတမ်းတားမြစ်ပေးစေလိုမှုစွဲဆိုရာ စရိတ်နှင့်တကွ ပလပ်ခြင်းခံရသည်။ ဒေါ်တင်ရွှေက မကျေနပ်သဖြင့် စစ်ကိုင်းတိုင်း တရားရုံး (မုံရွာခရိုင်) ၁၉၉၂ ခုနှစ် တရားမ အယူခံမှုအမှတ် ၁၅ တွင် အယူခံဝင်ရာ မအောင်မြင်၍ တရားမဒုတိယအယူခံမှုကို ဆက်လက်တင်သွင်းခြင်းဖြစ်သည်။

အမှုနှင့်သက်ဆိုင်သော အနောက်ကတော် နတ်နန်းဖြစ်ပေါ်လာပုံမှာ ယင်းမာပင် မြို့နယ်၊ ဧီးတော်အုပ်စု အနောက်ကတော်နတ်နန်းသည် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အမေရေယဉ်နတ်ပွဲတွင် ရိုးရာယဉ်ကျေးမှုအစဉ်အလာအရ အပူဇော်ခံ တည်ဆောက်ခဲ့သည့် နန်းခွဲတစ်ခုဖြစ်သည်။ ၎င်းနန်းကို ဒေါ်တင်ရွှေ၏ မိခင် ဒေါ်ကြာက စတင်တည်ခဲ့သည်ဟု ဒေါ်တင်ရွှေဘက်မှ အဆိုပြုသည်။ တရားပြိုင်ဘက်ကမူ ဒေါ်ကြာ မတိုင်မီ ဦးဘိုးရှင်းနှင့် ဒေါ်မြတို့ ပိုင်ခဲ့သည်ဟု ချေပသည်။ ဦးဘိုးရှင်းနှင့် ဒေါ်မြမှာ ဇနီးမောင်နှံဖြစ်သည်။ ဒေါ်မြ ကွယ်လွန်ပြီးနောက် ဦးဘိုးရှင်းသည် ဒေါ်ကြာနှင့် ထပ်မံ အိမ်ထောင်ပြုခဲ့သည်။ ၎င်းတို့သည် အချင်းဖြစ် နတ်နန်းကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြသည်ဟုဆိုသည်။ ဦးဘိုးရှင်းနှင့် ဒေါ်မြ ဇနီးမောင်နှံတို့မှာ တစ်ဦးတည်းသောသား ဦးဘခင်ကို မွေးဖွားခဲ့သည်။ ဦးဘခင်သည် ဒေါ်စိန်ပွင့် (မူလမူ ၂– တရားပြိုင်)နှင့် အိမ်ထောင်ကျပြီး သမီး မကြည်ဝင်း (မူလမူ ၁–တရားပြိုင်) ကို မွေးဖွားခဲ့သည်။ ဒေါ်မြ ကွယ်လွန်သောအခါ ဦးဘိုးရှင်းသည် ဒေါ်ကြာနှင့် ထပ်မံ အိမ်ထောင်ကျပြီး သမီး ဒေါ်တင်ရွှေ (မူလမူတရားလို) ကို မွေးဖွားခဲ့သည်။

မူလမြို့နယ် တရားရုံးက ဒေါ်တင်ရွှေ တစ်ဦးတည်းကို နန်းထိန်းဖြစ်ကြောင်း မြွက်ဟကြေညာပေးနိုင်မည်မဟုတ်ဟုဆိုကာ အမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။ ပထမအယူခံရုံးဖြစ်သည့် စစ်ကိုင်းတိုင်း တရားရုံး (မုံရွာခရိုင်) က ဒေါ်တင်ရွှေ၏ အယူခံမှုကို လက်ခံရေးအဆင့်မှာပင် အကျဉ်းနည်းပလပ် ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို ရှေ့နေ၏ ရေးသားလျှောက်လဲချက်တွင် အယူခံ

တရားလိုနှင့် အယူခံတရားပြိုင်တို့ ယခုကဲ့သို့ အငြင်းမပွားမီက အချင်းဖြစ် အနောက်ကတော်နတ်နန်း၏ နန်းထိန်းသည် အယူခံတရားလို၏ မိခင် ဒေါ်ကြာဖြစ်သည်မှာ အငြင်းမပွားကြောင်း၊ ထိုနတ်နန်းကို ဒေါ်ကြာ ဆောက်လုပ်တည်ထောင်ခဲ့သည်မှာလည်း လိုပြသက်သေ(၁) ကိုဆယ်၏ ထွက်ချက်အရ ထင်ရှားပေါ်လွင်ကြောင်း၊ အယူခံတရားပြိုင် (၁) ၏ ဖခင် ဦးဘခင်ရှိစဉ်ကပင် အချင်းဖြစ် နတ်နန်းကိစ္စအတွက် အရေးဆိုခဲ့ဖူး ရာ မြို့နယ်တရားရေး ကော်မိတီက အယူခံတရားပြိုင်အား နန်းထိန်းအဖြစ် သက်သေခံ (ခ) စာကို ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ယခု (ရ၀တ) လက်ထက် ၁၉၈၉ ခုနှစ် ရောက်မှ နန်းထိန်းအဖြစ်ခံစားခွင့်ကို ထက်၀က်စီ ခွင့်ပြုမိန့်ထုတ်ပေးခဲ့သဖြင့် အမှုစွဲဆိုခဲ့ရကြောင်း၊ ယင်းသို့ ခွင့်ပြုမိန့် ပေးခဲ့ခြင်းသည် မှားယွင်းနေကြောင်း၊ မူလရုံးက နန်းထိန်းအရာကို မြန်မာ့ဓလေ့ထုံးတမ်းအမွေဆက်ခံခွင့်အရ ကောက်ယူသုံးသပ် ဆုံးဖြတ် ခဲ့ခြင်းသည် မြင်သာသော မှားယွင်းမှုဖြစ်ကြောင်းနှင့် စာရွက်စာတမ်း သက်သေခံ တန်ဖိုးကို လျစ်လျူရှုပြီးကာလစည်းကမ်းသတ် အချိန်ကာလနှင့် (ရ၀တ) အမိန့်တို့ကို သုံးသပ်ရန်လိုအပ်နေကြောင်း၊ ပင်းအချက်များကို ဒုတိယ အယူခံရုံးက စိစစ်သင့်ကြောင်း **မောင်လှိုင်ပါ-၉** နှင့် **မောင်ချစ်စုပါ-၂**[၁]အမှု၊ **ဒေါ်ကျင်သီ** နှင့် **ဦးထွန်းရပါ-၂** အမှု[၂]တို့ကို ကိုးကား၍တင်ပြသည်။

အယူခံတရားပြိုင်တို့၏ ရှေ့နေက နန်းထိန်းအရိုက်အရာသည် လည်းကောင်း၊ နန်းထိန်းဆက်ခံခွင့်သည်လည်းကောင်း မြန်မာ့ဓလေ့ ထုံးထမ်းအမွေဆက်ခံခွင့်များအရ ကျင့်သုံးလက်ခံရမည်သာဖြစ်ကြောင်းမူရင်း နတ်စုခံဆေးတံအိုးနှင့် နတ်ပုံတော်တို့ကို အယူခံတရားပြိုင်များကသာ အမွေခံအဖြစ် လက်ရောက်ခံစားလျက်ရှိသဖြင့် အယူခံတရားလို မမွေးဖွားမီ ကပင် အချင်းဖြစ် နတ်နန်းအရိုက်အရာကို အယူခံတရားပြိုင်တို့ဝင်ရောက်ခံ စားလျက်ရှိသည်မှာ ထင်ရှားကြောင်း၊ အယူခံတရားလိုအား မြို့နယ်တရားရေး ကော်မိတီက နန်းထိန်းအဖြစ်ဆုံးဖြတ်ပြီး အမိန့်စာထုတ်ပေးခဲ့ခြင်းမဟုတ် သည့်အပြင် မိခင် ဒေါ်ကြာက အမွေစားအမွေခံအဖြစ်ပေးခဲ့သည်ဆိုခြင်းမှာ လည်း ဥပဒေအရ ခိုင်မာမှုမရှိကြောင်း၊ မြွက်ဟကြေညာပေးရန် သက်သာခွင့် သည် တရားရုံး၏ ဆင်ခြင်တုံတရားအရ ချပေးသင့်မှချပေးရသော

(၁) ရန်ကုန်၊ အတွဲ(၁)၊ စာ-၁၃၅။

(၂) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၂။

၁၉၉၄
ဒေါတင်ရွှေ
နှင့်
ဒေါကြည်ဝင်း
ပါ-၂

သက်သာခွင့်မျိုးဖြစ်ရာ အောက်ရုံး (၂) ရုံးက မချပေးသင့်ကြောင်းဆုံးဖြတ်ထားပြီးဖြစ်၍ ဒုတိယ အယူခံရုံးက ဝင်ရောက်စွက်ဖက်ရန်အကြောင်းမရှိကြောင်း လျှောက်လဲတင်ပြသည်။

ဒေါတင်ရွှေ စွဲဆိုသော မူလမှု အနောက်ကတော် နတ်နန်း၏ နန်းထိန်းဖြစ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် နန်းပေါသို့ ဒေါကြည်ဝင်းတို့ တက်ရောက်ဟန့်တားခြင်းမှ အမြဲတမ်းတားမြစ်ပေးစေလိုမှုဖြစ်သည်။ သီးခြား သက်သာခွင့်အက်ဥပဒေမှဒ်မ ၄၂ အရ မြွက်ဟ ကြေညာချက် ဒီကရီကို ချမှတ်ပေးနိုင်ရန်အတွက် တရားလိုတွင် ဥပဒေနှင့်အညီ ရရှိထားသော တရားဝင်အခြေအနေတစ်ရပ်ရပ်သို့မဟုတ် ပစ္စည်းနှင့်စပ်လျဉ်း၍ ရထိုက်သော အခွင့်အရေး တစ်ရပ်ရပ် ရှိရန် အဓိက လိုအပ်သည်။ ထို့ပြင် သီးခြား သက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ အရ မြွက်ဟကြေညာချက် ဒီကရီသည် တရားရုံး၏ ဆင်ခြင်တုံတရားအရ ပေးသင့်မှ ပေးရသော သက်သာခွင့်မျိုးလည်းဖြစ်သည်။

အနောက်ကတော် နတ်နန်း၏ နန်းထိန်းဆိုသည်မှာ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် အမေရေပဉ္စင်နတ်ပွဲတွင် အစဉ်အလာအရ အပူဇော်ခံ တည်ဆောက်ခဲ့သည့် နန်းခွဲ၏ထိန်းသိမ်းသူအဖြစ် အဓိပ္ပာယ်ရသည်။ နတ်နန်းထိန်းဆိုသည်မှာ ဥပဒေအရ လူတစ်ဦး တစ်ယောက်၏ အခွင့်အရေးရပိုင်ခွင့်မဟုတ် သက်သို့ ပစ္စည်းနှင့် ပတ်သက်သည့် အခွင့်အရေးရပိုင်ခွင့်လည်းမဟုတ်ချေ။ အယူခံအကြောင်းပြချက်တွင် "နန်းထိန်း အရိုက်အရာသည် ရွှေ့ပြောင်းနိုင်သောပစ္စည်း မရွှေ့မပြောင်းနိုင်သော ပစ္စည်းများတွင်မပါဝင်ပေ။ တစ်နှစ်တစ်ခါ ကျင်းပသည့် နတ်ပွဲတွင် နန်းထိန်းအဖြစ် ဆောင်ရွက်ခွင့် အခွင့်အရေးသာ ဖြစ်ပါသည်" ဟု ဖော်ပြထားချက် အရပင်လျှင် နန်းထိန်းအရိုက်အရာသည် လူတစ်ဦးတစ်ယောက်၏ ဥပဒေနှင့်အညီရရှိသော အခွင့်အရေးရပိုင်ခွင့်မဟုတ်ကြောင်း ထင်ရှားသည်။ အနောက်ကတော်နတ်နန်း၏ နန်းထိန်းအဖြစ် မြွက်ဟကြေညာပေးရန် သက်သာခွင့်မှာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးထိုက်သော သက်သာခွင့်မျိုးမဟုတ်သည့်အလျောက် မူလမြို့နယ်တရားရုံးက ဒေါတင်ရွှေ စွဲဆိုသောအမှုကို ပလပ်ခဲ့ခြင်းသည်လည်းကောင်း၊ ယင်းစီရင်ချက်နှင့် ဒီကရီကိုအယူခံသောအမှုတွင် ပထမအယူခံရုံးဖြစ်သည့် စစ်ကိုင်းတိုင်း တရားရုံး (မုံရွာခရိုင်)က အယူခံမှုကို

၁၉၉၄
ဒေါ်တင်ရွှေ
နှင့်
ဒေါ်ကြည်ဝင်း
ပါ-၂

အကျဉ်းနည်းဖြင့် ပလပ်ခဲ့ခြင်းသည်လည်းကောင်း မှားယွင်းခြင်းမရှိဟု ဆိုရမည်ဖြစ်သည်။

ထို့ကြောင့် မူလမြို့နယ် တရားရုံးနှင့် စစ်ကိုင်းတိုင်းတရားရုံး (မုံရွာခရိုင်) တို့၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြု၍ ဤအယူခံမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၃၀၀/-သတ်မှတ်သည်။

တရားမ — အထွေထွေမှု / အထွေထွေအယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးအောင်မြင့်နှင့် ဦးသန်းဖေတို့ ရှေ့တွင်

ဦးထွန်းမောင်
နှင့်
ဦးစံဝင်းပါ–၂ *

+၁၉၉၄ / အောက်တိုဘာ လ ၃၁ ရက်

အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၁၂၊ ကွယ်လွန်သူကျန်ရစ်သော ဥစ္စာပစ္စည်းများအတွက် အမွေဆက်ခံခွင့် လက်မှတ်မထုတ်ပေးနိုင်ဘဲ အမွေထိန်းလက်မှတ်သာထုတ်ပေးရခြင်း၊ အမွေဆက်ခံခွင့် လက်မှတ်လျှောက်ထားမှုတွင် တရားမကြီးမှုဖွင့်လှစ်ရန်မလိုခြင်း။

ဆုံးဖြတ်ချက်။ ယခုအမှုတွင် မူလရုံးတရားလိုတို့လျှောက်ထားစွဲဆိုတောင်းခံသည့်ကိစ္စမှာ ကွယ်လွန်သူဒေါ်နှင်းချို ကျန်ရစ်သော ရွှေထည်ပစ္စည်းများနှင့် နေအိမ်အဆောက်အအုံတို့အတွက်ဖြစ်ကြောင်း ပေါ်ပေါက်သည်၊ ထို့ကြောင့် ရှမ်းပြည်နယ် တရားရုံးက ထိုပစ္စည်းများအတွက် အမွေဆက်ခံခွင့် လက်မှတ်ထုတ်ပေးရန် စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးခဲ့ခြင်းသည် အမွေဆက်ခံရေး အက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ကြောင်း ထင်ရှားသည်။

ထပ်မံဆုံးဖြတ်ချက်။ ထို့ပြင် အမွေဆက်ခံခွင့် လက်မှတ်လျှောက်ထားသည့် ကိစ္စကို ရှမ်းပြည်နယ် တရားရုံးက တရားမကြီးမှုအဖြစ် ဖွင့်လှစ်စစ်ဆေးဆောင်ရွက်ခဲ့ခြင်းသည်လည်း ဥပဒေနှင့် ညီညွတ်ခြင်းမရှိပေ။

အယူခံတရားလိုအတွက် – ဦးလှကို၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် – မလာ

---

* ၁၉၉၁ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁
၁၉၉၁ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၆

\+ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၂ တွင် ချမှတ်သော
၁၉၉၀ ပြည့်နှစ်၊ တရားမဇာရီမှုအမှတ် ၉
(၂၃–၈–၉၀)
(၁၈–၁–၉၁) ရက်စွဲပါ ရှမ်းပြည်နယ် တရားရုံး၏ တရားစီရင်ရေးအမိန့်ကိုအယူခံမှု
ဥပဒေပုဒ်မ ၄(ဆ) အရ လျှောက်ထားမှု

ရှမ်းပြည်နယ် တရားရုံး ၁၉၈၉ ခုနှစ် တရားမကြီးမှု အမှတ် ၃၂ တွင် ဦးစံဝင်းနှင့် ဦးစံလှတို့က ကွယ်လွန်သူ ဒေါ်နှင်းချို ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေဆက်ခံခွင့် လက်မှတ်လျှောက်ထားသည်။ယင်း လျှောက်ထားချက်အပေါ် ဦးထွန်းမောင်ဆိုသူက ကန့်ကွက်ခဲ့သဖြင့် နှစ်ဖက် ကြားနားစစ်ဆေးပြီးနောက် ဦးစံဝင်းတို့လျှောက်ထားသည့်အတိုင်း ရှမ်းပြည်နယ် တရားရုံးက အမွေဆက်ခံခွင့် လက်မှတ်ကို ထုတ်ပေးကြောင်း စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးခဲ့သည်။

ရှမ်းပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ဦးထွန်းမောင်က မကျေနပ်သဖြင့် ၎င်းတို့၏ ရှေ့နေ ဦးလှကိုနှင့် ဒေါ်သန်းရွှေတို့မှ တစ်ဆင့် တရားစီရင်ရေး ဥပဒေပုဒ်မ ၄ (ဆ)အရ လျှောက်ထားရာ တရားသူကြီးချုပ်က ယင်းလျှောက်လွှာကို အထွေထွေမူဖွင့်လှစ်ဆောင်ရွက်ရန် အမိန့်ချမှတ်သဖြင့် တရားမ အထွေထွေမူအမှတ် ၁/၉၀ ကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

တစ်ဖန် ရှမ်းပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီအရ တရားစရိတ်ငွေ ၅၅၃၃/-၀၀ ရရှိရေးအတွက် အတည်ပြုဆောင်ရွက်ပေးရန် ဦးစံဝင်းတို့က အဆိုပါရုံး တရားမ ဇာရီမူအမှတ် ၉/၉၀ တွင် လျှောက်ထားရာ ရှမ်းပြည်နယ် တရားရုံးက ဦးစံဝင်းတို့ လျှောက်ထားသည့်အတိုင်း တရားစရိတ် ငွေ ၅၅၃၃/-၀၀ ကိုတရားရှုံး ဦးထွန်းမောင်က ပေးစေရန် ၁၈-၁-၉၁ နေ့တွင် အမိန့်ချမှတ်ခဲ့ပြန်သဖြင့် ယင်းအမိန့်အပေါ်တွင် ဦးထွန်းမောင်က တရားမအထွေထွေ အယူခံအမှတ် ၆/၉၁ ကို ထပ်မံတင်သွင်းခဲ့ခြင်းဖြစ်သည်။

ယင်းအမှုနှစ်မှုမှာ ဆက်စပ်သောအမှုများဖြစ်သဖြင့် ဤစီရင်ချက်သည် ထိုအမှုနှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

ကွယ်လွန်သူ ဒေါ်နှင်းချိုကျန်ရစ်သော ရွှေငွေနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများအတွက် ရှမ်းပြည်နယ် တရားရုံးက အမွေဆက်ခံခွင့် လက်မှတ် ထုတ်ပေးခဲ့ခြင်းမှာ ဥပဒေနှင့် ဆန့်ကျင်ကြောင်းနှင့် ယင်းစီရင်ချက်နှင့် ဒီကရီအရ တရားစရိတ်ငွေ ၅၅၃၃/-၀၀ ပေးစေရန် အမိန့်ချမှတ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း အဓိကအကြောင်းပြသည်။

မူလရှမ်းပြည်နယ် တရားရုံးက ကွယ်လွန်သူ ဒေါ်နှင်းချို ကျန်ရစ်သော ပစ္စည်းများအတွက် ဦးစံဝင်းနှင့် ဦးစံလှတို့အား အမွေဆက်ခံခွင့် လက်မှတ် ထုတ်ပေးရန် ဒီကရီချမှတ်ခြင်းသည် ဥပဒေနှင့် အကြောင်းခြင်းရာအရ

၁၉၉၄
ဦးထွန်းမောင်
နှင့်
ဦးစံဝင်းပါ-၂

မှန်ကန်မှုရှိ မရှိနှင့် ယင်း ဒီကရီအပေါ်အကြောင်းပြု၍ ဦးထွန်းမောင်အပေါ် တရားစရိတ်ငွေ ၅၅၃၃၃/၅၀၀ ပေးစေရန်အမိန့်ချမှတ်ခြင်းသည် ဥပဒေအရ မှန်ကန်မှု ရှိ မရှိကို စီစစ်ဆုံးဖြတ်ရန်ဖြစ်သည်။

အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၁၄ ကို ထောက်ထားလျှင် အမွေဆက်ခံခွင့် လက်မှတ်ကို ကွယ်လွန်သူ ရရန်ရှိသော ကြွေးမြီများနှင့် စပ်လျဉ်း၍ ထုတ်ပေးခြင်းဖြစ်သည်။

ကွယ်လွန်သူ ကျန်ရစ်သော ဥစ္စာပစ္စည်းများနှင့် စပ်လျဉ်းသည့် အမှုကိစ္စတွင်မူ အမွေဆက်ခံရေး အက်ဥပဒေပုဒ်မ ၂၁၂ အရ အမွေထိန်းစာသို့မဟုတ် ပုဒ်မ ၂၁၃ အရ သေတမ်းစာ အတည်ပြု လက်မှတ်ကိုသာ ထုတ်ပေးရသည်။

ယခုအမှုတွင် မူလရုံးတရားလိုတို့ လျှောက်ထားစွဲဆိုတောင်းခံသည့် ကိစ္စမှာ ကွယ်လွန်သူ ဒေါ်နှင်းချို ကျန်ရစ်သော ရွှေထည်ပစ္စည်းများနှင့် နေအိမ် အဆောက်အအုံတို့အတွက်ဖြစ်ကြောင်း ပေါ်ပေါက်သည်။ ထို့ကြောင့် ရှမ်းပြည်နယ် တရားရုံးက ထိုပစ္စည်းများအတွက် အမွေဆက်ခံခွင့် လက်မှတ်ထုတ်ပေးရန် စရိတ်နှင့် ဟကွ ဒီကရီချမှတ်ပေးခဲ့ခြင်းသည်အမွေဆက်ခံရေး ဥက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မညီညွတ်ကြောင်း ထင်ရှားသည်။

သက်သေခံချက်များအရ မူလရုံးတရားလိုတို့အား ကွယ်လွန်သူ ဒေါ်နှင်းချို ကျန်ရစ်သော ပစ္စည်းများနှင့် စပ်လျဉ်း၍ အမွေထိန်းစာထုတ်ပေးရန်မှာလည်း မူလလျှောက်လွှာတွင် တောင်းဆိုထားခြင်း မရှိသော သက်သာခွင့်ကို တရားရုံးက ချမှတ်ပေးခွင့်မရှိသဖြင့် ဤအမှုများတွင် အမွေထိန်းစာထုတ်ပေးရန် ပြောင်းလဲ အမိန့်ချမှတ်နိုင်မည် မဟုတ်ပေ။

ရှမ်းပြည်နယ် တရားရုံးက ကွယ်လွန်သူ ဒေါ်နှင်းချို ကျန်ရစ်သော ပစ္စည်းများအတွက် မူလရုံးတရားလိုတို့အား အမွေဆက်ခံခွင့် လက်မှတ် ထုတ်ပေးရန် စရိတ်နှင့်တကွ ဒီကရီချပေးခဲ့ခြင်းသည် ဥပဒေနှင့် မညီညွတ်သည့် အလျှောက် ယင်းဒီကရီအရ တရားစရိတ် ငွေ ၅၅၃၃၃/၅၀၀ကို အယူခံတရားလိုက အယူခံတရားပြိုင်အား ပေးစေရန် အမိန့်ချမှတ် အတည်ပြုခြင်းလည်း ဥပဒေနှင့် မညီဟုသာ ဆိုရန်ရှိသည်။

ထို့ပြင် အမွေဆက်ခံခွင့် လက်မှတ်လျှောက်ထားသည့် ကိစ္စကို ရှမ်းပြည်နယ် တရားရုံးက တရားမကြီးမှုအဖြစ် ဖွင့်လှစ်စစ်ဆေးဆောင်ရွက်ခဲ့ခြင်းသည်လည်း ဥပဒေနှင့် ညီညွတ်ခြင်းမရှိပေ။

၁၉၉၄
ဦးထွန်းဇောင်
နှင့်
ဦးစံဝင်းပါ–၂

ထို့ကြောင့် တရားမအထွေထွေမှုအမှတ် ၁/၉၁ (မန္တလေး)နှင့် တရားမအထွေထွေအယူခံမှုအမှတ် ၆/၉၁ (မန္တလေး) တို့ကို ခွင့်ပြု၍ ရှမ်းပြည်နယ် တရားရုံး၏ တရားမကြီးမှုအမှတ် ၃၂/၈၉ တွင် ဦးစံဝင်းတို့အား အမွေဆက်ခံခွင့် လက်မှတ်ထုတ်ပေးရန် မျှမှတ်ထားသည့် ဒီကရီနှင့် ရှမ်းပြည်နယ် တရားရုံး တရားမဇာရီမှုအမှတ် ၉/၉၀ တွင် ဦးစံဝင်းတို့ လျှောက်ထားသည့် အတိုင်း တရားစရိတ်ငွေ ၅၅၃၃၃/၅၀၊ ပေးစေရန် ချမှတ်ထားသော အမိန့်တို့ကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။

ရှေ့နေခကျပ် ၂၀၀/–စီ သတ်မှတ်သည်။

တရားမပထမအယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးတင်အုံးရှေ့တွင်

+ ၁၉၉၄
စက်တင်ဘာလ
၃၀ ရက်

ဦးထွန်းရင်ပါ–၂
နှင့်
မဝင်းရီပါ–၈*

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ မိသားစုစီမံမှုတွင် အမွေဆိုင် အစုံအလင် ပါဝင်ရမည်ဆိုသည့်အချက်၊ မည်ကဲ့သို့ကောက်ယူသင့်ခြင်း။

ဆုံးဖြတ်ချက်။ ။ အမွေပုံကို မိသားစုစီမံမှုအရ ညှိနှိုင်းခွဲဝေယူကြရာတွင် အမွေဆိုင်အချင်းချင်း သဘောတူညီညွတ်မှုက အဓိကဖြစ်သည်၊ အမွေဆိုင်တို့သည် တစ်ရပ်တစ်ကျေးစီတွင် သီးခြားနေထိုင်ကြရာဝယ် တစ်နေရာတည်းတွင် စုစည်းဆုံတွေ့ကြရန် လွယ်ကူမည်မဟုတ်ပေ၊ ထိုသို့ တညီတညွတ်တည်း စုစည်းဆုံတွေ့မှ သာ မိသားစုစီမံမှု အထမြောက်မည်ဆိုလျှင် အထမြောက်သည့်မိသားစု စီမံမှုတစ်ခုဖြစ်ရန် ခဲယဉ်းပေ လိမ့်မည်၊ သို့ဖြစ်၍ အမွေဆိုင်အစုံအလင် ပါဝင်ရမည်ဆိုရာတွင် ၎င်းတို့အား လုံး၏ ဆန္ဒသဘောထားများ ပါဝင်ရမည်ကို ဆိုလိုခြင်းဖြစ်သည်ဟု ကောက်ယူသင့်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ ဤအမှုတွင် အမွေကိစ္စညှိနှိုင်းခွဲဝေကြစဉ်က မပါဝင်ခဲ့သူ ဒေါ်မြကြည်ကိုယ်တိုင်က ထိုကဲ့သို့ မိဘများ စီစဉ်ခွဲဝေသည်ကို ကျေနပ်ကြောင်း အတိအလင်း ထွက်ဆိုချက်ရှိနေသည်။ သို့ဖြစ်ရာ ထိုသို့ အမွေပုံကို ညှိနှိုင်းခွဲဝေကြစဉ်က အကြောင်းကြောင်းကြောင့် ပါဝင်နိုင်ခြင်း မရှိသူကလည်း ထိုကဲ့သို့ ခွဲဝေမှုကို သဘောတူကျေနပ်သည်ဟုဆိုလျှင် အမွေဆိုင် မစုံလင်သည်ကို အကြောင်းပြု၍ မိသားစု စီမံမှုသည် ပျက်ပြယ်ရန် အကြောင်းမမြင်ပေ။

---

* ၁၉၉၂ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၅၅

\+ ၁၉၈၈ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၃၄ တွင် ချမှတ်သော (၃၀–၁၂–၉၁) ရက်စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု

၁၉၉၄
ဦးထွန်းရင်
ပါ-၂
နှင့်
မဝင်းရီပါ-၈

အယူခံတရားလိုများအတွက် – ဦးလွန်းမောင်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်များအတွက်– (၁) မှ (၄) အတွက် ဦးညွန့်ဝေ
တရားရုံးချုပ်ရှေ့နေ
(၅) မှ (၈) အတွက် ဦးစန်းလှိုင်
တရားရုံးချုပ်ရှေ့နေ

မန္တလေးတိုင်းတရားရုံး၊ ၁၉၈၈ ခုနှစ် တရားမကြီးမှုအမှတ် ၁၃၄ တွင် ဒေါ်ခင်ညိုက ဦးထွန်းရင်နှင့်ဒေါ်ဌေးတို့အပေါ် နေအိမ်ပိုင်ဆိုင်ကြောင်း ကြေညာပြဋ္ဌာန်းပေးပြီး လက်ရောက်ရလိုမှုနှင့် မြေလက်ရှိထား နေထိုင်ခွင့်ရလိုမှု စွဲဆိုရာ စွဲဆိုသည့်အတိုင်း ဒီကရီ ရရှိသည်။ ယင်းဒီကရီကို ဦးထွန်းရင်နှင့် ဒေါ်ဌေးတို့က မကျေနပ်၍ ဤတရားမ ပထမအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။ ဒေါ်ခင်ညိုသည် အမှုအတောအတွင်း ကွယ်လွန်သွားသဖြင့် ၎င်း၏သားသမီးများကို တရားဝင်ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းခဲ့သည်။

ဒေါ်ခင်ညို၏ အဆိုလွှာအရ ၎င်းသည် ဦးထွန်းရင်၊ ဒေါ်ဌေးတို့နှင့် မောင်နမအရင်း တော်စပ်ကြသည်။ မန္တလေးမြို့ အရှေ့မြောက်မြို့နယ် မဟာဇေယျာဘုံရပ်၊ အကွက်အမှတ် ၇၉၈ ကွင်းအမှတ် ၄၁၄/က ရှိ မြေဧရိယာ ၃၃ x ၁၀၀ ပေမြေနှင့် ယင်းမြေပေါ်ရှိ အိမ်ကို မိသားစုစီမံမှုအရ အမွေရရှိခဲ့ကြောင်း၊ ဒေါ်ဌေးသည် အချင်းဖြစ်မြေ၏ အရှေ့တောင်ထောင့်တွင် တဲထိုးနေကြောင်း၊ ဦးထွန်းရင်သည် အချင်းဖြစ်အိမ်၏ အောက်ထပ်တွင် နေထိုင်လျက်ရှိကြောင်း၊ ၎င်းတို့အား ဖယ်ရှားပေးရန် ပြောသော်လည်း ငြင်းဆန်နေသဖြင့် တရားစွဲဆိုရကြောင်း အဆိုပြုသည်။

ဦးထွန်းရင်နှင့် ဒေါ်ဌေးတို့ဘက်မှ ချေပရာတွင် မိသားစုစီမံမှု ပြုလုပ်ပြီး အချင်းဖြစ်ဥပစာကို ဒေါ်ခင်ညို အမွေရသည်ဆိုခြင်းမှာ မမှန်ကြောင်း၊ အမှုဖြစ်အကြောင်းခြင်းရာ မပေါ်ပေါက်ကြောင်း၊ အမှုစွဲဆိုသည့် ပုံစံမှားယွင်းကြောင်း၊ ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်း စသည်ဖြင့် ချေပသည်။

တိုင်းတရားရုံးက နှစ်ဖက်ကို စစ်ဆေးကြားနာပြီးနောက် ဒေါ်ခင်ညို စွဲဆိုသည့်အတိုင်း ဒီကရီ ချမှတ်ပေးခဲ့ခြင်းဖြစ်သည်။

ဤအယူခံတွင် အယူခံအကြောင်းပြချက်အဖြစ် မိသားစု စီမံမှု ပြုလုပ်သည်ဆိုရာ၌ အမွေဆိုင်အားလုံးမရှိကြောင်း ပေါ်လွင်ပါလျက်

လက်ခံဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း၊ သက်သေထွက်ဆိုချက်များ အရ အမွေခွဲဝေပေးခြင်း မပေါ်ပေါက်ဘဲ ပေးကမ်းခြင်းသာ ပေါ်ပေါက်နေကြောင်း၊ ပေးကမ်းရာတွင်လည်း ဥပဒေနှင့်အညီ ပေးကမ်းခြင်းမဟုတ်၍ အတည်မဖြစ်ကြောင်း၊ အမှုမှာ ကာလစည်းကမ်းသတ် ကျော်လွန်နေကြောင်း အဓိကလျှောက်လဲတင်ပြသည်။

ဒေါ်ခင်ညိုက အချင်းဖြစ်နေအိမ်မှာ မိသားစုစီမံမှုဖြင့် အမွေခွဲဝေရရှိခဲ့ခြင်းကြောင့် မိမိပိုင်ဆိုင်သော ပစ္စည်းဟု အဆိုပြုစွဲဆိုခြင်းဖြစ်သည်။ ဤအမှုတွင် အဓိကဆုံးဖြတ်ရန်အချက်မှာ အချင်းဖြစ်ပစ္စည်းကို ဒေါ်ခင်ညိုက မိသားစုစီမံမှုအရ အမွေခွဲဝေရရှိခြင်း ဟုတ်မဟုတ်ဟူ၍ဖြစ်သည်။

မူလရုံးအမှုတွဲကို လေ့လာကြည့်သည့်အခါ အချင်းဖြစ်အိမ်မှာ ကွယ်လွန်သူ ဦးဘဒင်နှင့်ဒေါ်တောတို့ပိုင်ဖြစ်ကြောင်း အငြင်းမပွားပေ။ ဦးဘဒင် ကွယ်လွန်ပြီးနောက် ဒေါ်တောက သားသမီးများကို အမွေခွဲရာ အချင်းဖြစ်အိမ်ကို ဒေါ်ခင်ညို ရရှိခဲ့ကြောင်း၊ သားသမီးများအားလုံးက ကျေနပ်ကြကြောင်း၊ ကန့်ကွက်သူမရှိကြောင်း စသည်ဖြင့် ဒေါ်ခင်ညို၏ ထွက်ဆိုချက်ကို ထိုသို့ စီမံခန့်ခွဲစဉ်က ကိုယ်တိုင်ပါဝင်ခဲ့သူ (၆၆) နှစ် အရွယ်ရှိ ထို၄င်းက ရပ်ကွက်ပြည်သူ့ကောင်စီဝင်ဖြစ်သူ ဦးချစ်စံ (လိုပြ-၁) က အသေးစိတ် ထောက်ခံထွက်ဆိုထားသည်။ ထို့အပြင် အမွေဆိုင်များဖြစ်ကြသော ဒေါ်မြသီ (လိုပြ-၃) နှင့် ဒေါ်မြကြည် (လိုပြ-၇) တို့ကလည်း အမွေခွဲပေးပြီးဖြစ်ကြောင်း၊ မိမိတို့လည်း ရရှိခဲ့ပြီးဖြစ်၍ ကျေနပ်ကြောင်း ထောက်ခံထွက်ဆိုထားကြသည်ကို တွေ့ရသည်။ (၁) တရားပြိုင်ဦးထွန်းရင် (အယူခံတရားလို) ကိုယ်တိုင်လည်း လယ်မြေကောအချို့ရထားပြီးဖြစ်သည်။ ထို့အပြင် အမွေဆိုင်တစ်ဦးဖြစ်သူ ဒေါ်ပုတ်ကြီးသည်လည်း လယ် ၅ ကေလောက်ရပြီးဖြစ်ကြောင်း၊ မမြကြည်နှင့် မမြသီတို့လည်း အနည်းငယ်စီရကြောင်း၊ (၂) တရားပြိုင် ဒေါ်ငွေး (အယူခံတရားလို-၂) ၏ ထွက်ချက်အရ ပေါ်ပေါက်သည်။ ဒေါ်ငွေးလည်း လယ်မြေများ ရထားကြောင်း၊ ဒေါ်ငွေး၏သမီး မခင်ဝင်းရွှေ (ပြိုင်ပြ-၃) ကိုလည်း မိခင်ဒေါ်တောက အချင်းဖြစ် မြေ၏ တောင်ဘက်ခြမ်းကို အမွေပေးခဲ့ကြောင်း ဦးထွန်းရင်၏ ထွက်ချက်အရ ပေါ်ပေါက်သည်။ မဟာဇေယျာဘုံရပ်ကွက်ပြည်သူ့ကောင်စီတွင် အချင်းဖြစ် အိမ်ကိစ္စနှင့် စပ်လျဉ်း၍ နှစ်ဖက်ညှိနှိုင်းကြစဉ် ဦးထွန်းရင်က အချင်းဖြစ်အိမ်မှာ အမွေဆိုင်အိမ်ဖြစ်ကြောင်း တင်ပြခဲ့ခြင်း မရှိဟုလည်း ဝန်ခံထားသည်။

မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မိဘတစ်ဦးဦးက သားသမီးများဖြစ်ကြသည့် အမွေစား အမွေခံများအား ၎င်းတို့ သဘောတူညီချက်ဖြင့် အမွေခွဲဝေရန် သဘောတူညီမှု ပဋိညာဉ်ပြုလုပ်ထားလျှင် အတင်းအကြပ်ပြုလုပ်ခြင်း၊ မတရား သြဇာညောင်းခြင်း၊ အရေးကြီးသည့်အချက်များကို ထိန်ချန်ထားခြင်း စသည့် မတရားမှုများမရှိလျှင် ထိုမိသားစုစီမံမှုသည် တရားဝင်အတည်ဖြစ်သည်။

ဒေါ်သဲရင် နှင့် ဦးထွန်းဉာဏ်ပါ-၁၇[၁] အမှုကို ရည်ညွှန်းသည်။

အယူခံတရားလိုတို့၏ ရှေ့နေက အမွေဆိုင်များ အစုံအလင် ပါဝင်ခြင်း မရှိသောကြောင့် မိသားစု၏ စီမံမှုမှာ အထမမြောက်ကြောင်း တင်ပြသည်။ မိသားစု စီမံမှုပြုလုပ်စဉ်က အမွေဆိုင်တစ်ဦးသာ ပျက်ကွက်ပြီး ၎င်းမှာ ဒေါ်မြကြည်ဖြစ်ကြောင်း ဦးချစ်စံ၏ထွက်ချက်အရ ပေါ်ပေါက်သည်။ ဒေါ်မြကြည်က သက်သေအဖြစ် အစစ်ခံရာတွင် ၎င်းလည်း အမွေအဖြစ် လယ်မြေ ၅ ဧကော ရရှိခဲ့ကြောင်း၊ ထိုသို့ခွဲဝေခြင်းနှင့်ပတ်သက်၍ ညီအစ်မ အချင်းချင်း စကားများခဲ့ခြင်းမရှိကြောင်း ထွက်ဆိုထားသည်။ အမွေပုံကို မိသားစုစီမံမှုအရ ညှိနှိုင်းခွဲဝေယူကြရာတွင် အမွေဆိုင်အချင်းချင်း သဘောတူညီညွတ်မှုက အဓိကဖြစ်သည်။ အမွေဆိုင်တို့သည် တစ်ရပ်တစ်ကျေးစီတွင် သီးခြားနေထိုင်ကြရာဝယ် တစ်နေရာတည်းတွင် စုစည်း ဆုံတွေ့ကြရန် လွယ်ကူမည်မဟုတ်ပေ။ ထိုသို့ တညီတညွတ်တည်း စုစည်းဆုံတွေ့မှသာ မိသားစုစီမံမှု အထမြောက်မည်ဆိုလျှင် အထမြောက်သည့်မိသားစု စီမံမှု တစ်ခုဖြစ်ရန် ခဲယဉ်းပေလိမ့်မည်။ သို့ဖြစ်၍ အမွေဆိုင် အစုံအလင် ပါဝင်ရမည်ဆိုရာတွင် ၎င်းတို့အားလုံး၏ ဆန္ဒသဘောထားများ ပါဝင်ရမည်ကို ဆိုလိုခြင်း ဖြစ်သည်ဟု ကောက်ယူသင့်သည်။ ဤအမှုတွင် အမွေကိစ္စ ညှိနှိုင်းခွဲဝေကြစဉ်က မပါဝင်ခဲ့သူ ဒေါ်မြကြည်ကိုယ်တိုင်က ထိုကဲ့သို့ မိဘများ စီစဉ်ခွဲဝေသည်ကို ကျေနပ်ကြောင်း အတိအလင်း ထွက်ဆိုချက် ရှိနေသည်။ သို့ဖြစ်ရာ ထိုသို့အမွေပုံကို ညှိနှိုင်းခွဲဝေကြစဉ်က အကြောင်းကြောင်းကြောင့် ပါဝင်နိုင်ခြင်း မရှိသူကလည်း ထိုကဲ့သို့ ခွဲဝေမှုကို သဘောတူ ကျေနပ်သည်ဟုဆိုလျှင် အမွေဆိုင်မစုံလင်သည်ကို အကြောင်းပြု၍ မိသားစုစီမံမှုလည်း ပျက်ပြယ်ရန်အကြောင်း မမြင်ပေ။

အယူခံတရားလိုတို့၏ ရှေ့နေက မိသားစုစီမံမှုပြုရာတွင် စာဖြင့် ရေးသားထားကြောင်း ပေါ်ပေါက်ကြောင်း၊ ယင်းစာချုပ်ကို မှတ်ပုံမတင်ခဲ့

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၅၉၁ (၅၉၅)။

၁၉၉၄
ဦးထွန်းရင်
ပါ-၂
နှင့်
မဝင်းရီပါ-၈

သဖြင့် မိသားစုစီမံမှုမှာ အထမမြောက်ကြောင်း လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေက မိသားစုစီမံမှုပြုလုပ်ရာတွင် အမွေဆိုင်အား လုံး တစ်ကြိမ်တည်းမျက်နှာစုံညီ ရှိရမည်ဟု ဥပဒေတွင်မရှိကြောင်း ထိုသို့စုံညီရန် မဖြစ်နိုင်၍ ဥပဒေက မပြဋ္ဌာန်းခြင်းဖြစ်ကြောင်း မိသားစုစီမံမှု အထမြောက်ကြောင်း ဖြေကြားလျှောက်လဲသည်။

မိသားစုစီမံမှုပြုလုပ်ရာတွင် ယင်းသို့စီမံပြုလုပ်ထားချက်ကို စာတမ်း ရေးသားပြီး ထိုစာတမ်းတွင် ကျပ် ၁၀၀/- ထက်ပိုသည့် မရွေ့မပြောင်း နိုင်သောပစ္စည်း ပါဝင်နေလျှင် မှတ်ပုံတင်ရန် လိုအပ်ကြောင်းမှာ အငြင်းပွား စရာမရှိပေ။ ဤအမှုတွင်မိသားစုစီမံမှုကို စာဖြင့် ရေးသားပြုလုပ်ကြောင်း သက်သေခံချက် အထင်အရှား မရှိပေ။ ဦးချစ်စံ၏ ထွက်ချက်အရ ဒေါ်ခင်ညို ရရှိသည့် မြေနှင့်အိမ်အတွက် ကတိစာချုပ် တစ်စောင် ရေးပေးရကြောင်းသာ ပေါ်ပေါက်သည်။ ယင်းပေါ်ပေါက်ချက်အရ မိသားစု စီမံမှုပြုလုပ်ကြပြီးနောက်မှ ဒေါ်ခင်ညိုအတွက် သီးခြားစာချုပ် ရေးပေးခြင်း လည်း ဖြစ်နိုင်သဖြင့် ထိုစာချုပ်သည် မိသားစုစီမံမှုမှတ်တမ်းဟု တထစ်ချ ဆိုနိုင်မည် မဟုတ်ချေ။ မည်သို့ပင်ဖြစ်စေ မိသားစုစီမံမှုသည် မှတ်ပုံမတင် ခြင်းကြောင့် ပျက်ပြယ်ကြောင်း ပြဆိုရန်မှာ သက်သေခံအက်ဥပဒေပုဒ်မ ၁၀၃ အရ ထိုအချက်ကို ထင်ရှားစေလိုသူ အယူခံတရားလို၏ အပေါ်၌ ကျရောက်သည်။ မိသားစုစီမံမှုနှင့် စပ်လျဉ်းသည့် စာတမ်းအမှတ်အသား တစ်စုံတစ်ရာကိုမျှ အယူခံတရားလိုတို့က တင်ပြနိုင်ခြင်း မရှိဘဲလျက် မိသားစုစီမံမှုသည် မှတ်ပုံမတင်ခြင်းကြောင့် ပျက်ပြယ်သည်ဟု မည်သည့် နည်းနှင့်မျှ ဆိုနိုင်မည်မဟုတ်ပေ။

အယူခံတရားလိုတို့၏ ရှေ့နေက ဦးထွန်းရင်သည် အချင်းဖြစ် မြေတွင် လွန်ခဲ့သော (၁၆) နှစ်ခန့်က အိမ်ဆောက်လုပ်ခဲ့ကြောင်း ပေါ်ပေါက်နေသဖြင့် ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအမှတ်စဉ် ၁၄၂ အရ အယူခံ တရားပြိုင်၏အမှုမှာ–စည်းကမ်းသတ်ကာလ (၁၂) နှစ် ကျော်လွန်နေကြောင်း အဓိကတင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေက မူလရုံး၏ဆုံးဖြတ်ချက်မှာ မှန်ကြောင်း တင်ပြသည်။

အချင်းဖြစ်မြေနှင့်အိမ်မှာ မိသားစုစီမံမှုအရ ဒေါ်ခင်ညို အမွေရပိုင်ဆိုင် စေကာမူ အမွေစားအမွေခံဖြစ်သူ ဒေါ်ခင်ညိုသည် အမွေရှင်မိခင်ဖြစ်သူ

၁၉၉၄
ဦးထွန်းရင်
ပါ-၂
နှင့်
မဝင်းရီပါ-၈

ဒေါ်တော မကွယ်လွန်မီ အမွေပုံပစ္စည်းရလိုကြောင်း စွဲဆိုခွင့်မရှိပေ။ **မိသစ်** နှင့် **မောင်တိုးအောင်**(၁) အမှုကို ရည်ညွှန်းသည်။

သို့ဖြစ်ရာ ဒေါ်ခင်ညိုအနေဖြင့် မိခင်ဒေါ်တော ကွယ်လွန်သည့် အခါမှသာ တရားစွဲဆိုခွင့်ရရှိမည်ဖြစ်သည်။ ဒေါ်တော**သည်**လွန်ခဲ့သော (၃) နှစ်ခန့်က ကွယ်လွန်ကြောင်း အငြင်းပွားချက် မရှိပေ။ ထိုကာလမှ စ၍ ရေတွက်သော် ဒေါ်ခင်ညို စွဲဆိုသောအမှုမှာ ကာလစည်းကမ်းသတ် အက်ဥပဒေပထမဇယား အမှတ်စဉ် ၁၄၂ အရသော်လည်းကောင်း၊ ၁၄၄ အရသော်လည်းကောင်း စည်းကမ်းသတ်ကာလ (၁၂) နှစ်ကျော်လွန်ရန် အကြောင်းမရှိပေ။

အထက်ပါအခြေအနေများအရ တိုင်းတရားရုံးက ဒေါ်ခင်ညို စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ပေးခဲ့ခြင်းမှာ မှားယွင်းမှု မရှိပေ။

ထို့ကြောင့် မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြု၍ ဤအယူခံကိုစရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၂၀၀/- သတ်မှတ်သည်။

---

(၁) Selected Judgments 197

တရားမဒုတိယအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးသန်းဖေရှေ့တွင်

+၁၉၉၄
ဧပြီလ ၇ ရက်

ဗုဒ္ဓဘာသာပဋိပတ္တိသာသနာပြု
အဖွဲ့ချုပ်
(၎င်း၏ကိုယ်စား ဥက္ကဋ္ဌဦးကျော်သိန်း)
နှင့်
ဒေါ်မေဒနီ*

ဝိနည်း ဓမ္မကံအဓိကရဏ်း မှုခင်းအဖြစ် အဆုံးအဖြတ်ခံယူရန်အလို့ငှာ သက်ဆိုင်ရာ သံဃာအဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြဖူးသည့်ပြဿနာ၊ မည်သည့်အခါ တရားမတရားရုံးများက လက်ခံစစ်ဆေးခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများကို သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးသည့် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းဆုံးဖြတ်ခြင်း မပြုသည့်အငြင်းပွားမှုသည် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းဟု ဆိုနိုင်မည်မဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းအဖြစ် သံဃဝိနိစ္ဆယရုံးက စစ်ဆေးဆုံးဖြတ်ခြင်း မပြုသောပြဿနာအား တရားမတရားရုံးက လက်ခံစစ်ဆေးကြားနာခြင်းကို အထက်တွင် ဖော်ပြခဲ့သည့် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၁၂ နှင့် လုပ်ထုံးလုပ်နည်းအပိုဒ် ၂၂ တို့က ပိတ်ပင်ရန်အကြောင်းမရှိနိုင်ပေ။

အယူခံတရားလိုများအတွက်– ဦးကြီးစိန်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးရဲမျိုးနိုင်၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း၊ မြို့နယ်တရားရုံး (တရားမ)၊ တရားမကြီးမှုအမှတ် ၂၂၈/၉၂ တွင် ဗုဒ္ဓသာသနာပဋိပတ္တိသာသနာပြုအဖွဲ့ချုပ်က ၎င်း၏

---

* ၁၉၉၃ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ် ၇၂

\+ ၁၉၉၂ ခုနှစ်တရားမအယူခံမှုအမှတ် ၇၈ တွင် ချမှတ်သော (၂၄-၂-၉၃) ရက်စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့်ဒီကရီကိုအယူခံမှု

ကိုယ်စားလှယ် ဦးကျော်သိန်းမှတစ်ဆင့် ဒေါ်မေဒနီအား ခွင့်ပြုချက်ဖြင့် အခမဲ့နေသူအဖြစ် အချင်းဖြစ်ဧရပ်မှ နှင်ထုတ်လိုမှုစွဲဆိုရာ ပလပ်ခြင်း ခံရသည်။ မြို့နယ်တရားရုံး၏ ဒီကရီကို သာသနာပြုအဖွဲ့ချုပ်က မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံး တရားမအယူခံမှုအမှတ် ၇၈/၉၂ တွင် အယူခံဝင်ရောက်သော်လည်း အောင်မြင်မှုမရခဲ့သဖြင့် တရားရုံးချုပ်တွင် ဤတရားမ ဒုတိအယူခံကို တင်သွင်းသည်။

စမ်းချောင်းမြို့နယ်၊ ဘာဝနာလမ်း၊ မုန့်တောင်ရပ်ကွက် အမှတ် ၂၄ ဟုခေါ်တွင်သော ခမမသာလာဧရပ်မှာ မူလက သီလရှင်ဒေါ်ခေမာပိုင် ဖြစ်သည်။ ဒေါ်ခေမာက တရားလို ဗုဒ္ဓသာသနာ ပဋိပတ္တိသာသနာပြုအဖွဲ့ချုပ်သို့ အဖွဲ့ချုပ်နာယကဆရာတော် ဦးဂန္ဓမာမှတစ်ဆင့် လှူဒါန်းသည်။ ဆရာတော်က ဧရပ်ကို ဒေါ်သိန်းခင်အား ပြုပြင်စေပြီး သာသနာပြုအဖွဲ့ချုပ်သို့ ပြန်လည်လှူဒါန်းသဖြင့် အဖွဲ့ချုပ်ပိုင်ပစ္စည်းဖြစ်သည်။ ယင်းဧရပ် အောက်ထပ်တွင် သီလရှင်ဒေါ်မေဒနီက သာသနာပြုအဖွဲ့ချုပ်၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ တရားအားထုတ်နေထိုင်ခွင့် တောင်းသဖြင့် အဖွဲ့ချုပ်က ခွင့်ပြုခဲ့သည်။ နောက်ပိုင်းတွင် ဒေါ်မေဒနီသည် သာသနာပြုအဖွဲ့ချုပ်၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ နေထိုင်ခြင်း မပြုသဖြင့် တရားလိုအဖွဲ့ချုပ်က ၎င်းအား ဧရပ်တွင် ဆက်လက်မထားလိုသောကြောင့် ဖယ်ရှားပေးရန် စွဲဆိုခြင်း ဖြစ်သည်။

တရားပြိုင် ဒေါ်မေဒနီက အခြားအကြောင်းများအပြင် အချင်းဖြစ် အဆောက်အအုံနှင့်ပတ်သက်၍ အငြင်းပွားမှုကို ၁၈-၉-၉၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော တတိယအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ) ၏ တတိယအကြိမ်အစည်းအဝေးက မိမိအား အသာပေးဆုံးဖြတ်ပြီးဖြစ်၍ ဤအမှုကို တရားရုံးက ဆုံးဖြတ်ခွင့် မရှိကြောင်း ထုချေသည်။

အဆိုအချေအရ မူလမြို့နယ်တရားရုံးက အောက်ပါပဏာမ ငြင်းချက်ကို ထုတ်နှုတ်ကြားနာသည်-

> "ချေလွှာအပိုဒ် (၉)၊ အပိုဒ် (၁၀) နှင့် အပိုဒ် (၁၂) တို့အရ တရားလိုသည် ဤအမှုကို စွဲဆိုရန်အကြောင်း မပေါ်ပေါက်ဆိုသည်မှာ မှန်သလား"

မြို့နယ်တရားရုံးနှင့် ပထမအယူခံတိုင်းတရားရုံးတို့က အချင်းဖြစ် ဧရပ်ကိစ္စနှင့်စပ်လျဉ်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တင်ပြ

၁၉၉၄ ဗုဒ္ဓဘာသာ ပဋိပတ္တိ သာသနာပြု အဖွဲ့ချုပ် (ထင်း၏ကိုယ်စား ဥက္ကဋ္ဌ ဦးကျော်သိန်း) နှင့် ဒေါ်မေဒနီ

လျှောက်ထားခဲ့ပြီးဖြစ်သောကြောင့် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်း ဖြစ်ကြောင်း၊ သို့ဖြစ်၍ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၁၂ နှင့် လုပ်ထုံးလုပ်နည်းအပိုဒ် ၂၂ ပါ ပြဋ္ဌာန်းချက်များအရ တရားမတရားရုံးက စီရင်ပိုင်ခွင့်မရှိကြောင်း ဆုံးဖြတ်သည်။

အယူခံတရားလို သာသနာပြုအဖွဲ့ချုပ်သည် ဤအမှုကို မစွဲဆိုမီ အချင်းဖြစ် ဧရပ်ပြဿနာကိစ္စကို သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်မှ ဖြေရှင်းနိုင်ရန် တင်ပြခဲ့ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ချုပ်မှ ၁၉၉၁ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့စွဲပါ စာအမှတ် ၃၀၂/(ဝ-မြေ) မကန/တ ၉၁ (စခ) (မူလရုံး အမှုတွဲစာ-၂၄) အရ ပြန်ကြားလာရာ အမှုနှင့်သက်ဆိုင်သရွေ့မှာ အောက်ပါအတိုင်းဖြစ်သည်။

" ၁။ အကြောင်းအရာပါ ဓမ္မသာလာဧရပ်ပိုင်ဆိုင်ခွင့် အငြင်းပွားမှုနှင့်ပတ်သက်၍ ဝိနည်းဓမ္မကံလုပ်ထုံးလုပ်နည်း အပိုဒ် ၂၄ (ခ) အရ ဆောင်ရွက်ရန်အတွက် မြို့နယ်သံဃနာယကအဖွဲ့က ရည်ညွှန်းချက်ပါစာဖြင့် လွှဲပြောင်းပေးပို့လာပါသည်။

၂။ ယင်းအငြင်းပွားမှုခင်းကို ၁၈-၉-၉၁ နေ့တွင် ကျင်းပသော တတိယကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ) ၏ တတိယအကြိမ်၊ နဝမအစည်းအဝေးက ဖော်ပြပါအတိုင်း ဆုံးဖြတ်ခဲ့ပါသည်-

ဆုံးဖြတ်ချက် - ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ ဘာဝနာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၈-ဘီ)၊ မြေကွက်အမှတ် (၂၁၅)၊ အိမ်အမှတ် (၂၄) ကို ဟံသာဝတီကမ္ဘဏ်းတိုက်၊ ဗုဒ္ဓသာသနာပဋိပတ္တိသာသနာပြု အဖွဲ့ပိုင်အဖြစ် အငြင်းပွားမှုကိစ္စနှင့်ပတ်သက်၍ အချင်းဖြစ်မြေသည် သာသနာ့မြေ မဟုတ်သည့်ပြင် ယင်းမြေပေါ်ရှိ အဆောက်အဦးကိုလှူဒါန်းသည် ဆိုရာ၌လည်း အခိုင်အမာ စာချုပ်စာတမ်း ပြုလုပ်လှူဒါန်းခြင်း မရှိခြင်း၊ လှူဒါန်းမှုသေတမ်းစာ၌ ရှေ့မျက်နှာစာတွင် လက်မှတ်ရေးထိုးခြင်း မရှိဘဲ နောက်ကျောစာရွက်လွတ်၌ မရေမရာ လက်မှတ်ထိုးထားသည်ကို တွေ့ရှိရခြင်းတို့ကြောင့် ပိုင်ဆိုင်ခွင့် အထောက်အထား မခိုင်လုံသဖြင့် စာဒနာလွှာကို ပလပ်ပယ်ချရန်၊

၃။ အထက်ပါ ဆုံးဖြတ်ချက်ကို ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရန် လျှောက်ထားညွှန်ကြား

အပ်ပါသည်။

အထက်ပါ သံဃမဟာနာယကအဖွဲ့ချုပ်၏ စာအရ မူလရုံးနှင့် ပထမ အယူခံတိုင်းတရားရုံးတို့က ဝိနည်းဓမ္မကံအဓိကရဏ်း ဖြေရှင်းဆုံးဖြတ်ရေး ဆိုင်ရာ ဥပဒေပုဒ်မ ၁၂ နှင့် လုပ်ထုံးလုပ်နည်း အပိုဒ် ၂၂ တို့ကို အထောက်အထားပြု၍ တရားလိုစွဲဆိုသည့်အမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

ဥပဒေပုဒ်မ ၁၂။ ဝိနည်းဓမ္မကံအဓိကရဏ်း မူခင်းများကို မည်သည့်တရားရုံးတွင်မျှ တရားမကြောင်း စွဲဆိုခွင့် မရှိစေရ။

လုပ်ထုံးအပိုဒ် ၂၂။ ဝိနည်းဓမ္မကံ အဓိကရဏ်း မူခင်းတစ်ခုခု ဖြစ်ပွားလျှင် ဤလုပ်ထုံးလုပ်နည်းအရ ဖွဲ့စည်းထားသော သံဃဝိနိစ္ဆယအဖွဲ့၏ စစ်ဆေးဆုံးဖြတ်ခြင်းကိုသာ ခံယူရမည်။ ဝိနည်းဓမ္မကံအဓိကရဏ်း မူခင်းကို အခြားမည်သည့်တရားရုံးတွင်မျှ တရားမကြောင်း စွဲဆိုခွင့် မရှိစေရ။

ယင်းဥပဒေနှင့်လုပ်ထုံးလုပ်နည်းပါ ပြဋ္ဌာန်းချက်များအရ ဝိနည်းဓမ္မကံအဓိကရဏ်းမူခင်းများကို ယင်းလုပ်ထုံးလုပ်နည်းအရ ဖွဲ့စည်းသည့် သံဃာ့ဝိနိစ္ဆယအဖွဲ့ကသာ ဆုံးဖြတ်ခွင့် ရှိပေသည်။ အခြားမည်သည့် တရားရုံးကမျှ လက်ခံစစ်ဆေးခွင့် မရှိပေ။သို့ဖြစ်၍ ဖော်ပြပါ သံဃမဟာနာယကအဖွဲ့က ပေးပို့သည့်စာအရ သံဃမဟာနာယကအဖွဲ့၏ ဆုံးဖြတ်ချက်သည် အချင်းဖြစ်ဇရပ်ပြဿနာကို ဝိနည်းဓမ္မကံအဓိကရဏ်းမူခင်းအဖြစ် လက်ခံစစ်ဆေးခဲ့ခြင်း ဟုတ်မဟုတ် စိစစ်ရမည်ဖြစ်သည်။

အယူခံတရားလိုရှေ့နေက ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းအပိုဒ် ၂ (ဆ) အရ သာသနာပစ္စည်းဟု သတ်မှတ်ထားသော သာသနာ့မြေနှင့် ပတ်သက်သည့် အငြင်းပွားမှုနှင့် သာသနာ့မြေပြင်ပရှိ မရွေ့မပြောင်းနိုင်သော ပစ္စည်းကို လွှဲဒါန်းရာ၌ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်ချုပ်ဆိုလွှဲဒါန်းသောပစ္စည်း အငြင်းပွားမှုများသည် ဝိနည်းဓမ္မကံ အဓိကရဏ်း မူခင်းများဖြစ်ကြောင်း၊ ယင်းအငြင်းပွားမှုမျိုးကို သံဃမဟာနာယက အဖွဲ့က ဖွဲ့စည်းပေးသည့် သံဃဝိနိစ္ဆယအဖွဲ့များကသာ စစ်ဆေး ဆုံးဖြတ်ခွင့်ရှိပြီး မည်သည့်တရားရုံးတွင်မျှ တရားမကြောင်းအရ စွဲဆိုခွင့်မရှိကြောင်း ဤအမှုတွင် အချင်းဖြစ်မြေမှာ သာသနာ့မြေမဟုတ်သည့်အပြင် မြေပေါ်ရှိ

၁၉၉၄
ဗုဒ္ဓဘာသာ
ပဋိပတ္တိ
သာသနာပြု
အဖွဲ့ချုပ်
(ဂုဏ်၏ကိုယ်စား
ဥက္ကဋ္ဌ
ဦးကျော်သိန်း)
နှင့်
ဒေါ်မေဒနီ

အဆောက်အအုံကိုလည်း တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လျှုဒါန်းထားကြောင်း မတွေ့ရသဖြင့် သံဃမဟာနာယကအဖွဲ့က သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းပေးခြင်းမရှိဘဲ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်ပင် ပလပ်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ယင်းသို့ ပလပ်ခဲ့ခြင်းမှာ ဝိနည်းဓမ္မကံမှုခင်းအဖြစ် စစ်ဆေးဆုံးဖြတ်ခြင်း မဟုတ်သောကြောင့် တရားမကြောင်းအရ စွဲဆိုခွင့်ကို ပိတ်ပင်ခြင်းမရှိကြောင်း အဓိကလျှောက်လဲသည်။

အယူခံတရားပြိုင်ရှေ့နေက ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်း ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၂ (ဇ) အရ "စောဒက" ဆိုသည်မှာ ဝိနည်းဓမ္မကံအဓိကရဏ်းနှင့် စပ်လျဉ်းသော တစ်ဖက် စုဒိတက၏ အပြစ်ကို ထင်ရှားဖော်ပြ အဆုံးအဖြတ်ယူလိုသော တရားလို ပုဂ္ဂိုလ်ကိုဆိုလိုသည်ဟုလည်းကောင်း၊ ယင်းဥပဒေပုဒ်မ ၂ (စ) အရ စုဒိတကဆိုသည်မှာ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းနှင့်စပ်လျဉ်း၍ အပြစ်ရှိသည်ဟု စွပ်စွဲခံရသော တရားပြိုင်ပုဂ္ဂိုလ်ကို ဆိုလိုသည်ဟုလည်းကောင်း ပြဋ္ဌာန်းထားပါကြောင်း၊ အယူခံတရားပြိုင်ဘက်မှ ချေလွှာနှင့်အတူ ပူးတွဲတင်ပြထားသည့် မြို့နယ်သံဃနာယကအဖွဲ့၏ ၂၅-၁၁-၉၁ ရက်စွဲပါ စာအမှတ် ၂၄/၉၁ အရ အယူခံတရားလိုကို "စုဒိတက" ဟုဖော်ပြထားသည်ကိုထောက်ရှုလျှင် အချင်းဖြစ်အမှုကို သံဃ မဟာနာယကအဖွဲ့က ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းအဖြစ် လက်ခံဆုံးဖြတ်ခဲ့သည်မှာ ထင်ရှားပါကြောင်း၊ ထို့အပြင် အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့မှာ သာသနာ့ဝန်ထမ်းများဖြစ်၍ အယူခံတရားလိုက အယူခံတရားပြိုင်အပေါ် ယခုကဲ့သို့ တရားမကြောင်းအရ "ခွင့်ပြုချက်နှင့် ထားသူအား နှင်ထုတ်လိုမှု" အဖြစ် စွဲဆိုခြင်းမှာ ဖြစ်ရိုးဖြစ်စဉ်အရသော်လည်းကောင်း၊ သာသနာ့အမြင်အရသော်လည်းကောင်း နည်းလမ်းမကျ၍ တရားမရုံးများမှ ယခုအမှုကို လက်ခံစစ်ဆေးရန် မသင့်ကြောင်း အဓိက ဖြေကြားလျှောက်လဲသည်။

ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၂ (က) နှင့် လုပ်ထုံးလုပ်နည်းများအပိုဒ် ၂ (က) တို့အရ ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများကို အောက်ပါအတိုင်း အဓိပ္ပာယ် ဖွင့်ဆိုထားသည်-

> "ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းဆိုသည်မှာ ဝိနည်းတရားတော်အားလျော်စွာ တရားသဖြင့် ဆောင်ရွက်အပ်သော မှုခင်းကိစ္စများကို ဆိုလိုသည်။"

ဝိနည်းဓမ္မက်အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာတွင် လုပ်ထုံးလုပ်နည်းများအရ ဝိနည်းဓမ္မက်အဓိကရဏ်းမှုခင်းများကို သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းပေးသည့် သံဃဝိနိစ္ဆယအဖွဲ့ဖြင့်သာ စစ်ဆေးဆုံးဖြတ်ရသည်။ သို့ဖြစ်ရာ ယင်းသို့ သံဃဝိနိစ္ဆယအဖွဲ့ဖြင့် ဖွဲ့စည်းဆုံးဖြတ်ခြင်း မပြုသည့် အငြင်းပွားမှုသည် ဝိနည်းဓမ္မက်အဓိကရဏ်းမှုခင်းဟု ဆိုနိုင်မည်မဟုတ်ပေ။

သံဃမဟာနာယကအဖွဲ့ချုပ်၏စာအရ အချင်းဖြစ်ဧရပ်ပြဿနာကို ဝိနည်းဓမ္မက်မှုခင်းအဖြစ် စစ်ဆေးနိုင်ရန် အလို့ငှာ သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းပေးနိုင်ရန်အတွက် မြို့နယ်သံဃနာယကအဖွဲ့က ဝိနည်းဓမ္မက်အဓိကရဏ်း မှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၂၄ (ခ) အရ သံဃာမဟာနာယကအဖွဲ့သို့ တင်ပြလျှောက်ထားခဲ့ကြောင်း တွေ့ရ သည်။ သို့ရာတွင် သံဃမဟာနာယကအဖွဲ့က အချင်းဖြစ်မြေသည် သာသနာမြေမဟုတ်သည့်အပြင် ယင်းမြေပေါ်ရှိ အဆောက်အအုံကို လှူဒါန်းခြင်းမှာလည်း ခိုင်မာမှု မရှိခြင်းတို့ကြောင့် အဆုံးအဖြတ်ပြုရန် တင်ပြသည့် စောဒနာလွှာကို ပယ်ချရန် ဆုံးဖြတ်ခြင်းဖြစ်သည်။

အဆိုပါ လုပ်ထုံးလုပ်နည်းအပိုဒ် ၆၀ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်–

> "သာသနာ့မြေအပ၌ရှိသော မရွေ့မပြောင်းနိုင်သည့်ပစ္စည်းဘဏ္ဍာများကို ရဟန်း/ သာမဏေ/ ဂိုဏ်း/သံဃာ/စေတီ/ကျောင်း/ကျောင်းတိုက်/နဝကမ္မ/ဗုဒ္ဓဘာသာသာသနာရေးဆိုင်ရာ အသင်းအဖွဲများအား လှူဒါန်းရာ၌ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်း ချုပ်ဆို၍ မှတ်ပုံတင်ခြင်း၊ ဦးပိုင်အမည်ပြောင်းခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရမည်။ ယင်းသို့ဆောင်ရွက်ထားသည့် သာသနာ့မြေအပရှိ မရွေ့မပြောင်းနိုင်သည့် ပစ္စည်းဘဏ္ဍာများကိုသာ ပိုင်ဆိုင်ခွင့် အငြင်းပွားလျှင် သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ခွင့်ရှိသည်။"

ဤအမှုတွင် အချင်းဖြစ်ဧရပ်သည် သာသနာ့မြေအပရှိပစ္စည်းဖြစ်ပြီး ပြဋ္ဌာန်းဥပဒေနှင့်အညီ စာချုပ်ချုပ်ဆိုလှူဒါန်းထားသည့်ပစ္စည်း မဟုတ်သောကြောင့် ဖော်ပြပါ လုပ်ထုံးလုပ်နည်း အပိုဒ် ၆၀ အရ သံဃဝိနိစ္ဆယအဖွဲ့က စစ်ဆေးဆုံးဖြတ်ခွင့်ရှိသော ပစ္စည်းမဟုတ်ပေ။ သို့ဖြစ်၍ သံဃမဟာနာယကအဖွဲ့က ဤအငြင်းပွားမှုကို ဆုံးဖြတ်ရန်အလို့ငှာ သံဃဝိနိစ္ဆယအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ခြင်းမရှိဘဲ လျှောက်လွှာအား ပယ်ရန် ဆုံးဖြတ်ခဲ့သည်ဟု

၁၉၉၄
ဗုဒ္ဓဘာသာ
ပဋိပတ္တိ
သာသနာပြု
အဖွဲ့ချုပ်
(ဒုတိယကိုယ်စား
ဥက္ကဋ္ဌ
ဦးကျော်သိန်း)
နှင့်
ဒေါ်မေဒနီ

ဆိုနိုင်သည်။ သံဃ ဝိနိစ္ဆယအဖွဲ့က စစ်ဆေးဆုံးဖြတ်ခြင်း မပြုသည့် အငြင်းပွားမှုသည် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းဟု မဆိုနိုင်သဖြင့် ဤအမှုသည် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းအဖြစ် စစ်ဆေးဆုံးဖြတ်ပြီးသော အမှုမဟုတ်ချေ။

မရွှေ့မပြောင်းနိုင်သော ပစ္စည်းနှင့်စပ်လျဉ်းသည့်အငြင်းပွားမှုတစ်ရပ်သည် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်း ဟုတ်မဟုတ်မှာ အငြင်းပွားသည့် ပစ္စည်းအပေါ်၌ အခြေတည်သည်။ အငြင်းပွားသူ ပုဂ္ဂိုလ်တို့အပေါ်၌ အခြေမတည်။ သို့ဖြစ်၍ အငြင်းပွားသည့်ပုဂ္ဂိုလ်တို့သည် သာသနာ့အနွယ်ဝင်များဖြစ်ကာမျှဖြင့် မရွှေ့မပြောင်းနိုင်သောပစ္စည်း ငြင်းပွားမှုတစ်ရပ်သည် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်း ဖြစ်သည်ဟု မဆိုနိုင်ပေ။ ထို့အပြင် မြို့နယ်သံဃမဟာနာယအဖွဲ့က လုပ်ထုံးလုပ်နည်းအရ သံဃမဟာနာယက အဖွဲ့သို့ တင်ပြသည့် ကိစ္စတိုင်း၌ တရားလိုတရားပြိုင်တို့ကို စောဒကနှင့် စုဒိတကဟူ၍ ခေါ်ဝေါ်သုံးစွဲရသည်ဖြစ်ရာ ထိုသို့ ခေါ်ဝေါ်သုံးစွဲလိုက်ကာမျှဖြင့် အဆိုပါ အငြင်းပွားမှုသည် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းအဖြစ်သို့ ရောက်ရှိသွားပြီဟု ဆိုနိုင်မည်မဟုတ်ချေ။ အထက်တွင် ဆိုခဲ့သည့်အတိုင်း သံဃဝိနိစ္ဆယအဖွဲ့ဖြင့် စစ်ဆေးဆုံးဖြတ်ခဲ့သည့် အငြင်းပွားမှုသာလျှင် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းဖြစ်သည်။ သို့ဖြစ်ရာ အယူခံတရားပြိုင်ရှေ့နေက အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့ အငြင်းပွားမှုကို ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းအဖြစ် သံဃမဟာနာယက အဖွဲ့က စစ်ဆေးဆုံးဖြတ်ပြီးကြောင်း တင်ပြချက်နှင့်အယူခံတရားလိုနှင့် အယူခံတရားပြိုင်တို့သည် သာသနာ့အနွယ်ဝင်များဖြစ်ကြသဖြင့် ဤအမှုကို တရားမတရားရုံးက စစ်ဆေးစီရင်ရန်မသင့်ကြောင်း တင်ပြချက်တို့ကို လက်မခံနိုင်ပေ။

သို့ဖြစ်၍ ယင်းသို့ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းအဖြစ် သံဃဝိနိစ္ဆယရုံးက စစ်ဆေးဆုံးဖြတ်ခြင်းမပြုသော ပြဿနာအား တရားမတရားရုံးက လက်ခံစစ်ဆေးကြားနာခြင်းကို အထက်တွင် ဖော်ပြခဲ့သည့် ဝိနည်းဓမ္မကံအဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေပုဒ်မ ၁၂ နှင့် လုပ်ထုံးလုပ်နည်းအပိုဒ် ၂၂ တို့က ပိတ်ပင်ရန်အကြောင်း မရှိနိုင်ပေ။ ထို့ကြောင့် ယင်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို အကြောင်းပြု၍ အယူခံတရားလို ဗုဒ္ဓသာသနာပဋိပတ္တိသာသနာပြုအဖွဲ့ချုပ်၏ အမှုကို ပလပ်ခဲ့သည့် မူလမြို့နယ်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့

သည့် ပထမအယူခံ တိုင်းတရားရုံးတို့၏ အမိန့်များသည် မှားယွင်းနေသဖြင့် ပယ်ဖျက်ရပေမည်။

အထက်ပါအကြောင်းများကြောင့် အယူခံကိုစရိတ်နှင့်တကွ ခွင့်ပြု၍ မူလမြို့နယ်တရားရုံးနှင့် ပထမအယူခံတိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။

မြို့နယ်တရားရုံးသည် အမှုကို မူလအမှုအမှတ်အတိုင်း ပြန်လည် ဖွင့်လှစ်၍ အမှုကိုဥပဒေနှင့်အညီ ဆက်လက် စစ်ဆေးစီရင်သွားရန် တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၃ အရ ညွှန်ကြားလိုက်သည်။

ဤအယူခံတွင် အယူခံတရားလို ထမ်းဆောင်ထားသော ရုံးခွန်တော်များကို ၎င်းအား ပြန်အမ်းရန်အတွက် လိုအပ်သည့် သက်သေခံ လက်မှတ်ကို ရုံးခွန်တော် အက်ဥပဒေပုဒ်မ ၁၃ အရ ထုတ်ပေးစေ။

ရှေ့နေခ ကျပ် ၂၀၀/- သတ်မှတ်သည်။

တရားစရိတ်ကို အမှုတွင် နောက်ဆုံးရှုံးနိမ့်သူက ကျခံစေရမည်။

တရားမပထမအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့်ရှေ့တွင်

+ ၁၉၉၄
ဇွန်လ ၆ ရက်

ဦးဘရှင်
နှင့်
ဦးမောင်စိန် *

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးရန် စွဲဆိုမှု ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၂၈ ပါ ပြဋ္ဌာန်းချက်ကို အကြောင်းပြု၍ မိမိပိုင်ပစ္စည်းဖြစ်ကြောင်း မြွက်ဟကြေညာပေးရန် စွဲဆိုခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂၈ သည် ဆန့်ကျင် လက်ရှိရထားသူ၏ ပိုင်ဆိုင်ခွင့် ရသွားပြီဟု ပြဋ္ဌာန်းထားခြင်း မဟုတ်။ တရားစွဲဆိုရမည့်သူ၌ ပစ္စည်းတွင် အခွင့်အရေးမရှိတော့ကြောင်း သာ ပြဋ္ဌာန်းခြင်းဖြစ်သည်။ ထို့ကြောင့်မူလရုံးက တရားလိုသည် ဆန့်ကျင် လက်ရှိထားခြင်းပြင့် ပိုင်ရှင်အဖြစ်သို့ မရောက်ဟုဆိုကာ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးမဝင်သဖြင့် စွဲဆိုသော အမှုကို ပလပ် ခြင်းမှာ မှားသည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုအတွက် – ဦးခင်မောင်ချို၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးလှမျိုး၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး (တရားမ)၊ ၁၉၉၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၆ (မင်္ဂလာဟောင်ညွန့်) တွင် ဦးဘရှင်က မင်္ဂလာတောင်ညွန့် မြို့နယ်၊ကန်တော်ကလေးရပ်ကွက်၊ $\frac{၁၁၅}{၁၁၆}$ ၊ ၁၁၆–အေ၊ ၁၁၆–ဘီ၊ မြေတိုင်းရပ်ကွက် အမှတ် ၁၂–ကေ၊ လူနေရပ်ကွက်အမှတ် အက်စ်–၁၊ မြေချိန်ဧရိယာ ၀.၈၄ ဧကရှိ မြေကွက်၏ ၁၂ ပေ x ၈၀ ပေ

---

* ၁၉၉၃ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၁၄၄

\+ ၁၉၉၃ ခုနှစ် တရားမကြီးမှုအမှတ် ၄၆ တွင် ချမှတ်သော (၁၇-၅-၉၃) ရက်စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

အကျယ်အဝန်းရှိသော မြေကွက်မှာ မိမိပိုင်ဖြစ်ကြောင်းမြွက်ဟကြေညာပေးရန် ဦးမောင်စိန်အပေါ် စွဲဆိုသည်။

အဆိုအချေအရ မူလတိုင်းတရားရုံးက အောက်ပါငြင်းချက်ကို ပဏာမငြင်းချက်အဖြစ် ထုတ်ပေးခဲ့သည်-

"တရားလိုသည် ဤအမှုကို ဤပုံစံအတိုင်း စွဲဆိုခွင့်မရှိဆိုတာ မှန်သလား"

ပဏာမငြင်းချက်နှင့်ပတ်သက်၍ တိုင်းတရားရုံးက နှစ်ဖက်ကို ကြားနာပြီးနောက် ဦးဘရှင်စွဲဆိုသော အမှုကို ပလပ်လိုက်သည်။ တိုင်း တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို ဦးဘရှင်က မကျေနပ်သဖြင့် တရားရုံးချုပ်တွင် ဤတရားမပထမအယူခံကို တင်သွင်းခြင်း ဖြစ်သည်။

ဤအယူခံ၌ ဦးဘရှင်က အဓိကတင်ပြသည်မှာ မိမိသည် အချင်းဖြစ် မြေတွင် အယူခံတရားပြိုင်အား ဆန့်ကျင်ပြီး ၁၂ နှစ်ကျော်လက်ရှိ နေထိုင်လာခြင်းဖြစ်ကြောင်း၊ ကာလစည်းကမ်းသတ်အက်ဥပဒေ ပထမ ဇယားအမှတ်စဉ် ၁၄၄ အရ အယူခံတရားပြိုင်သည် မိမိကို နှင်ထုတ်ခွင့် မရှိတော့ကြောင်း၊ အယူခံတရားပြိုင်၏ အချင်းဖြစ်မြေနှင့် စပ်လျဉ်းသည့် ပိုင်ဆိုင်ခွင့်မှာလည်း ယင်းအက်ဥပဒေပုဒ်မ ၂၈ အရ ချုပ်ငြိမ်းသွားပြီဖြစ်၍ ဥပဒေအရ မိမိသည် ယင်းပစ္စည်းတွင် ပိုင်ဆိုင်ခွင့် ရရှိလာကြောင်း၊ သို့ဖြစ်၍ မူလတရားရုံးက မိမိ၏အမှုကို ပလပ်ခြင်းမှာ မှားယွင်းကြောင်း အဓိကတင်ပြသည်။

ဤအမှုတွင် အဓိကဆုံးဖြတ်ရန်မှာ ကာလစည်းကမ်းသတ်အက်ဥပဒေ ပုဒ်မ ၂၈ အရ အယူခံတရားပြိုင်အနေဖြင့် အချင်းဖြစ်မြေ၏ ပိုင်ဆိုင်ခွင့်မှာ ကုန်ဆုံးပြတ်စဲသွားပြီဖြစ်၍ ယင်းပစ္စည်းကို လက်ရှိနေထိုင်သူ အယူခံတရား လိုက သူပိုင်ပစ္စည်းအဖြစ် ကြေညာပြဋ္ဌာန်းပေးရန် စွဲဆိုခွင့် ရှိ မရှိဟူ၍ ဖြစ်သည်။

ကာလစည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂၈ ပြဋ္ဌာန်းချက်မှာ ပစ္စည်း လက်ရောက်ရလိုမှုအတွက် တရားစွဲဆိုရန် သတ်မှတ်ထားသောကာလ စည်းကမ်းသတ်ကျော်လွန်လျှင် တရားစွဲဆိုမည့်သူအနေဖြင့် ထိုပစ္စည်းတွင် ရှိသော အခွင့်အရေးများ ကုန်ဆုံးပြတ်စဲသွားပြီဖြစ်ကြောင်း ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ယင်းပြဋ္ဌာန်းချက်ကြောင့်ပစ္စည်းလက်ရှိ ဖြစ်နေသူသည် ထိုပစ္စည်း ကို ပိုင်ဆိုင်သွားပြီဟု မှတ်ယူရန်မဟုတ်ပေ။ **ဒေါ်ငန်လွယ်ပါ-၈** နှင့်

၁၉၉၄
ဦးဘရှင်
နှင့်
ဦးမောင်စိန်

ဒေါ်တွဲလျန်ပါ–၃ အမှု [၁] တွင်လည်း ထိုသဘောအတိုင်း ထုံးပြုဆုံးဖြတ်ထားခြင်းဖြစ်သည်။

အယူခံတရားလို၏ အကျိုးဆောင်ကြီးက **ဦးစိန်တုတ်ပါ–၅** နှင့် **ဒေါ်သိန်းမြ အပြန်အလှန်** အမှု [၂] တွင် ဆန့်ကျင်လက်ရှိထားခြင်းနှင့် စပ်လျဉ်း၍ အရေးဆိုသူသည် အချင်းဖြစ်ပစ္စည်းကို အမှန်တကယ် လက်ရှိဖြစ်ရန် လိုသည်ဟု လမ်းညွှန်သုံးသပ်ထားရာ ဆန့်ကျင်လက်ရှိနေသူများ၏ ဥပဒေပါ အခွင့်အရေးကို ငြင်းဆိုလာသည့်ကိစ္စတွင် လက်ရှိနေသူများအနေဖြင့် တရားစွဲဆိုရန် အခွင့်အရေးရှိကြောင်း၊ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ အရ တရားဥပဒေနှင့်အညီ ရရှိသော အခွင့်အရေးကို တစ်စုံတစ်ယောက်က ငြင်းဆိုလာလျှင် ထိုအခွင့်အရေးရှိကြောင်း၊ ကြေညာပြဋ္ဌာန်းပေးနိုင်သည့်အလျောက် မူလတရားရုံးက အမှုစွဲဆိုပုံ မှားယွင်းသည်ဆိုကာ အမှုပလပ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း လျှောက်လဲသည်။ ထို့ပြင် **ဦးစိန်တုတ်ပါ–၅** နှင့် **ဒေါ်သိန်းမြ** အမှုစီရင်ထုံးတွင် ဆန့်ကျင်လက်ရှိထားသူအား အခွင့်အရေးပေးထားပါလျက် **ဒေါ်ငန်လွယ်ပါ –၈** နှင့် **ဒေါ်တွဲလျန်ပါ–၃** အမှုစီရင်ထုံးက ဆန့်ကျင်လက်ရှိထားသူ၏ အခွင့်အရေးကို ပိတ်ပင်ထားခြင်းမှာ စီရင်ထုံးနှစ်ခု ကွဲလွဲနေပါကြောင်းလည်း လျှောက်လဲသည်။

ဦးစိန်တုတ်ပါ–၅ နှင့် ဒေါ်သိန်းမြ အပြန်အလှန် အမှုတွင် တရားလိုသည် အချင်းဖြစ်ပစ္စည်းတွင် သုံးပုံနှစ်ပုံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ၍ ပစ္စည်းခွဲဝေပေးရန် စွဲဆိုခြင်းဖြစ်သည်။ တရားပြိုင်ဘက်က ထိုပစ္စည်းကို ဆန့်ကျင်လက်ရှိထားခဲ့သည့်အခွင့်အရေးဖြင့် ခုခံသည်။ သို့သော် တရားပြိုင်မှာ အချင်းဖြစ်ပစ္စည်းတွင် အိမ်ငှားများထားသဖြင့် "ဆန့်ကျင်လက်ရှိထားခြင်းနှင့်စပ်လျဉ်း၍ အရေးဆိုသူသည် အချင်းဖြစ်ပစ္စည်းကို အမှန်တကယ် လက်ရှိဖြစ်ရန် လိုပေသည်။ အငှါးချထားသူများ လက်ရှိဖြစ်ရုံမျှဖြင့် ဦးခင်မောင် (တရားပြိုင်) တို့ အမှန်လက်ရှိဖြစ်သည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့်မူလရုံးက ဦးခင်မောင်တို့သည် အချင်းဖြစ် ပစ္စည်းများကို ၁၂ နှစ်ကျော် လက်ရှိထားခဲ့သည်ဟု ကောက်ယူဆုံးဖြတ်ခြင်းမှာ မှားယွင်းပေသည်" ဟူ၍ ဆုံးဖြတ်ခြင်းဖြစ်သည်။ ယင်းအမှုတွင် ဆန့်ကျင်လက်ရှိ

(၁) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ–၉၂
(၂) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးများ၊ စာ–၁၀

၁၉၉၄
ဦးဘရှင်
နှင့်
ဦးမောင်စိန်

အခွင့်အရေး တောင်းဆိုသူသည် တရားပြိုင်ဖြစ်သည်။ ဤအမှုတွင် ဆန့်ကျင်လက်ရှိ အခွင့်အရေးတောင်းဆိုသူမှာ တရားလိုဖြစ်သည်။ **ဒေါ်ငန်လွယ်ပါ-၈** နှင့် **ဒေါ်တွဲလျန်ပါ-၃** အမှုတွင်လည်း ဆန့်ကျင်လက်ရှိ အခွင့်အရေး တောင်းဆိုသူမှာ တရားလိုများဖြစ်သည်။ ထို့ကြောင့် အယူခံတရားလို၏ အကျိုးဆောင်ကြီး လျှောက်လဲသကဲ့သို့ စီရင်ထုံးနှစ်ခု ကွဲလွဲနေသည် ဆိုသည်ကို လက်ခံရန် မဖြစ်နိုင်ပေ။

ဤအမှုတွင် အချင်းဖြစ်ပစ္စည်းအား လက်ရှိဖြစ်သူ ဦးဘရှင်သည်ကာလ စည်းကမ်းသတ်အက်ဥပဒေပုဒ်မ ၂၈ ပြဋ္ဌာန်းချက်ကို အကြောင်းပြု၍ ၎င်းပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာပေးရန် သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၄၂ အရ တရားလိုပြုလုပ်၍ တရားစွဲခြင်းဖြစ်သည်။ ကာလစည်းကမ်း သတ်အက်ဥပဒေပုဒ်မ ၂၈ သည် လက်ရှိရထားသူ၌ ပိုင်ဆိုင်ခွင့်ရသွားပြီဟု ပြဋ္ဌာန်းထားခြင်းမဟုတ်။ တရားစွဲဆိုရမည့်သူ၌ ပစ္စည်းတွင် အခွင့်အရေး မရှိတော့ကြောင်းသာ ပြဋ္ဌာန်းခြင်းဖြစ်သည်။ ထို့ကြောင့် မူလရုံးက တရားလိုသည် ဆန့်ကျင်လက်ရှိထားခြင်းဖြင့် ပိုင်ရှင်အဖြစ်သို့ မရောက်ဟု ဆိုကာ သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးမဝင်သဖြင့် စွဲဆိုသော အမှုကို ပလပ်ခြင်းမှာ မှားသည်ဟုမဆိုနိုင်ပေ။

ဤအယူခံကို စရိတ်နှင့်တကွ ပလပ်သည်။

ရှေ့နေခ ကျပ် ၁၀၀/- သတ်မှတ်သည်။

တရားမအထွေထွေလျှောက်လွှာ (အထူး)

တရားရုံးချုပ်တရားသူကြီး ဦးသန်းဖေနှင့် ဦးတင်အုံးတို့ရှေ့တွင်

+ ၁၉၉၄
ဒီဇင်ဘာလ
၃၀ ရက်

ဒေါက်တာမြင့်မြင့်သန်း
နှင့်
ဦးမောင်မောင် *

ပဋိညာဉ်အက်ဥပဒေ–"အဖိုးစားနား" ဟူသော စကားရပ်အဓိပ္ပာယ်။
သီးခြားသက်သာခွင့်ဥပဒေ–သီးခြားဆောင်ရွက်စေခွင့်ကို အမိန့်ချမှတ်ပေးရာတွင် တရားရုံးမှ ချင့်ချိန်၍ ဆုံးဖြတ်ခွင့်ရှိခြင်း

ဆုံးဖြတ်ချက်။ ။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂ (ဃ) တွင် အဓိပ္ပါယ်ဖွင့်ဆိုချက်များအရ အဘိုးစားနားဟူသည် ငွေကြေးသက်သက်ကို ရည်ညွှန်းခြင်းမဟုတ်ဘဲ ပဋိညာဉ်ပြုဘုန့်သဘောတူ အပေးအယူ ပြုလုပ်ကြသည့် ကတိကဝတ်များသာဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။ သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၂၂ အရ ပဋိညာဉ်တွင် ပါရှိသည့်အတိုင်း ဆောင်ရွက်ရာတွင် တရားပြိုင်အပေါ် နစ်နာစေရန် အကြောင်းရှိပြီး၊ ဆိုခဲ့သည့်အတိုင်း **မဆောင်ရွက်ခဲ့လျှင်** တရားလိုအပေါ် နစ်နာစေရန်အကြောင်းမရှိသည့် အမှုများနှင့်သာသက်ဆိုင်သည်၊ ယခုကိစ္စတွင် ပဋိညာဉ်အတိုင်း ဆောင်ရွက်ခြင်းအားဖြင့် တရားပြိုင်တွင် နစ်နာရန်အကြောင်း မရှိဘဲ ပဋိညာဉ်အတိုင်း မဆောင်ရွက်ခဲ့လျှင် တရားလိုအပေါ် နစ်နာစေရန်အကြောင်းရှိသည့်အတွက် မူလရုံးက တရားလို ဦးမောင်မောင်စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ခဲ့ခြင်းနှင့် ယင်းဒီကရီကို တရားရုံးချုပ်က အတည်ပြုထားခြင်းတို့မှာ ဥပဒေအရ မှားယွင်းသည်ဟု မဆိုနိုင်ချေ။

လျှောက်ထားသူအတွက် – ဦးဌေးလှိုင်၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူအတွက်– ဒေါ်လဲ့လဲ့ရီ၊ တရားရုံးချုပ်ရှေ့နေ

---

* ၁၉၉၄ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၂၃၃၊ ၂၃၄

\+ ၁၉၉၃ ခုနှစ်၊ တရားမပထမအယူခံမှု အမှတ် ၁၈၂ တွင် ချမှတ်သော (၂၁-၃-၉၄) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို တရားစီရင်ရေးဥပဒေပုဒ်မ ၆ အရ လျှောက်ထားမှု

ရန်ကုန်တိုင်းတရား၀ံးတရားမကြီးမှုအမှတ် ၇/၈၈ တွင် တရားလို ဦးမောင်မောင်က တရားပြိုင် ဒေါက်တာမြင့်မြင့်သန်းအပေါ် ပဋိညာဉ် အတိုင်း မြေနှင့် အဆောက်အဦးတို့ကို လွှဲပြောင်းပေးအပ်သော စာချုပ်ချုပ်ဆို မှတ်ပုံတင်ပေးစေလိုကြောင်းဖြင့် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂ အရ တရားစွဲဆိုသည်။

ဒေါက်တာမြင့်မြင့်သန်းကလည်း ရန်ကုန်တိုင်း တရား၀ံးတရားမကြီးမှု အမှတ် ၈၁/၈၈ တွင် တရားပြိုင် ဦးမောင်မောင်အပေါ် ယင်းမြေနှင့် အစိတ်အပိုင်းကို လက်ရောက်ရလိုမှု အပြန်အလှန် စွဲဆိုခဲ့သည်။

ရန်ကုန်တိုင်း တရား၀ံးက ဦးမောင်မောင် စွဲဆိုသော အမှုတွင် အနိုင် **ဒီကရီချမှတ်**ပေးပြီး ဒေါက်တာမြင့်မြင့်သန်း စွဲဆိုသော အမှုကို ပလပ်လိုက် သဖြင့် ဒေါက်တာမြင့်မြင့်သန်းက ဖော်ပြပါ နှစ်မှုစလုံးနှင့်စပ်လျဉ်း၍ တရား၀ံးချုပ်တရားမပထမအယူခံ မှုအမှတ် ၁၈၂/၉၃ နှင့် ၁၈၃/၉၃ တို့တွင် အယူခံဝင်ရောက်ရာ အယူခံမှုများကို တရား၀ံးချုပ်က ပလပ်ခဲ့သည်။ ထို့ကြောင့်တရား၀ံးချုပ်တရားမပထမအယူခံမှုအမှတ် ၁၈၂/၉၃ တွင် ချမှတ်သည့်စီရင်ချက်နှင့်ဒီကရီကို တရားမအထွေထွေလျှောက်လွှာအမှတ် ၂၃၃/၉၄ ဖြင့်လည်းကောင်း၊ တရားမပထမအယူခံမှုအမှတ် ၁၈၃/၉၃ တွင် ချမှတ်သော စီရင်ချက်နှင့်ဒီကရီကို တရားမအထွေထွေ လျှောက်လွှာ အမှတ် ၂၃၄/၉၄ ဖြင့်လည်းကောင်း အထူးအယူခံခွင့်ပြုရန် ဒေါက်တာ မြင့်မြင့်သန်းက လျှောက်ထားလာခြင်းဖြစ်သည်။

လျှောက်ထားမှုနှစ်မှုစလုံးသည် တရား၀ံးချုပ်က တစ်ပေါင်းတည်း ချမှတ်ခဲ့သော စီရင်ချက်နှင့်ဒီကရီအပေါ် မကျေနပ်၍ တင်သွင်းလာသော လျှောက်ထားမှုများဖြစ်ပြီး အမှုသည်များ တူညီကြသည့်အပြင် ဆုံးဖြတ် ရမည့် ပြဿနာမှာလည်း တူညီသဖြင့် ဤစီရင်ချက်သည် လျှောက်ထားမှု နှစ်မှုစလုံးနှင့် အကျုံးဝင် သက်ဆိုင်စေရမည်။

လျှောက်ထားသူ ဒေါက်တာမြင့်မြင့်သန်းက လျှောက်ထားမှုနှစ်မှုစလုံး တွင် အောက်ပါအကြောင်းပြချက်များကို တင်ပြထားသည်–

(၁) မူလရုံးနှင့်တရား၀ံးချုပ်တို့က သက်သေခံ (က) စာချုပ်နှင့် သက်သေခံ (ခ) ကျမ်းကျိန်လွှာတို့ကို အလေးအနက်ထားပြီး၊ ပဋိညာဉ် ပြုခဲ့ကြောင်း ဆုံးဖြတ်၍ ဦးမောင်မောင်အား ဒီကရီချမှတ် ပေးခဲ့ခြင်းသည်မှားယွင်းလျက်ရှိပါကြောင်း၊

(၂) သက်သေခံ (ခ) ကျမ်းကျိန်လွှာသည် သက်သေခံ ဥပဒေပုဒ်မ၁၅မှ

၅ပါ ပြဋ္ဌာန်းချက်များအရ သက်သေခံမဝင်ကြောင်း၊ သက်သေခံ (က) စာချုပ်သည် မူလကတည်းက နှောက်ယှက်မှု၊ ခြိမ်းခြောက်မှုတို့ဖြင့် အကြပ်ကိုင် ဆောင်ရွက်မှုများဖြင့် ပြုလုပ်ခဲ့သည့် စာချုပ်ဖြစ်၍ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၅၊ ၁၆ တို့နှင့် အကျုံးဝင်နေသဖြင့် ပုဒ်မ ၂၃ အရ ပျက်ပြယ်ပြီးဖြစ်နေပါကြောင်း၊

(၃) ဦးမောင်မောင်သည် မတရား သြဇာသုံး၍ နိုင်ထက်စီးနင်းနှင့် ခြိမ်းခြောက်ပြုလုပ်ခဲ့သည်မှာ ထင်ရှားပါကြောင်း၊ တဖန် ယင်း သက်သေခံ (က) စာချုပ်သည် အဖိုးစားနားမရှိ၍ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၅ အရ ပျက်ပြယ်နေပါလျက်နှင့် ဦးမောင်မောင်အား အနိုင်ဒီကရီချမှတ်ပေးခဲ့ခြင်းလည်း ဥပဒေအရ မှားယွင်းပါကြောင်း၊

(၄) သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၁၂ အရ စွဲဆိုသော ဦးမောင်မောင်၏ အမှုတွင် ဒီကရီချမှတ်ပေးခဲ့ခြင်းသည် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၂၂ နှင့် ဆန့်ကျင်လျက်ရှိပါကြောင်း၊

မူလအမှုများတွင် ရန်ကုန်တိုင်း၊ အလုံမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၂၃-စ) လူနေရပ်ကွက်အမှတ် (၅၉)၊ မြေကွက်အမှတ် (၁၉၁) မှ (၂၀၅) အလျား $\frac{\text{၁၃၀ ပေ}}{\text{၁၂၆ ပေ၊ ၄ လက်မ}}$ ၊အနံ $\frac{\text{၂၃၄ ပေ၊ ၈ လက်မ}}{\text{၂၆၁ ပေ}}$ အကျယ်အဝန်းရှိ ရန်ကုန်တိုင်း၊ အောက်ကြည့်မြင်တိုင် လမ်းမကြီး၊ အမှတ် ၄၁၅/၄၂၃ ဟု ခေါ်တွင်သည့် မြေကွက်နှင့် အဆောက်အအုံကို ဦးမောင်မောင်၏ ညီဖြစ်သူ ဦးသန်းဌေးက ဝယ်ယူပိုင်ဆိုင်ခဲ့သည်။ ယင်းမြေကွက်နှင့် အဆောက်အအုံကို ဒေါက်တာ မြင့်မြင့်သန်းက ကွယ်လွန်သူ ဦးသန်းဌေး၏ ဇနီး ဒေါ်မြင့်မြင့်ထံမှ ဝယ်ယူရာတွင် အရောင်းအဝယ်ဖြစ်မြောက်စေရန်အတွက် ဦးမောင်မောင်က အကျိုးဆောင်ပေးခဲ့သဖြင့် ဖော်ပြပါ မြေကွက်ကြီးအနက် ဦးမောင်မောင်လက်ရှိ နေထိုင်သော မြေအစိတ်အပိုင်းနှင့်တကွ ထိုမြေပေါ်ရှိ အဆောက်အအုံကို အဘိုးစားနားမရှိဘဲ အကျိုးဆောင်ပေးသည့်အတွက် ဒေါက်တာမြင့်မြင့်သန်းက ဦးမောင်မောင်သို့ စာချုပ်ချုပ်ဆို၍ လွှဲပြောင်းပေးရန် သဘောတူခဲ့ကြသည်။ ယင်းသဘောတူညီချက်အရ ရောင်းသူ ဒေါ်မြင့်မြင့်ရီနှင့် ဝယ်သူ ဒေါက်တာမြင့်မြင့်သန်းတို့သည် မှတ်ပုံတင် စာချုပ်အမှတ် ၅၁၁/၈၅ ကို ချုပ်ဆိုခဲ့ကြပြီးယင်းစာချုပ်ကိုမှတ်ပုံတင်ရုံးသို့တင်သွင်းသည့် ၂၅-၃-၈၂ ရက်နေ့တွင် ဖော်ပြပါ သဘောတူညီသည့်အတိုင်း ပစ္စည်းလွှဲပြောင်း

ပေးရန် ဦးမောင်မောင်နှင့် ဒေါက်တာမြင့်မြင့်သန်းတို့ သဘောတူစာချုပ် တစ်ရပ်ချုပ်ဆိုခဲ့ကြသည်။ ယင်းစာချုပ်ကို မူလရုံးတရားမကြီးမှုအမှတ် ၇/၈၈ တွင် သက်သေခံ (က) အဖြစ် တင်ပြထားသည်။ ထိုစာချုပ်တွင် ဦးဟုတ်ယုံနှင့် ဦးကြင်ရှိန်တို့ သက်သေအဖြစ် လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့ပြင် အဆိုပါ ၂၅-၃-၈၂ ရက်နေ့တွင်ပင် ယင်းသို့သဘောတူညီထားကြသည်မှာ မှန်ကန်ကြောင်းဖြင့် ပစ္စည်းလွှဲပြောင်းပေးရန် ကြေညာစာတမ်း ခေါင်းစဉ်ပါရှိသည့် ကျမ်းကျိန်လွှာ တစ်စောင်ကို ဒေါ်မြင့်မြင့်သန်းကပြုလုပ်၍ ဦးမောင်မောင်အား ပေးအပ်ခဲ့သည်။ ယင်း ကြေညာစာတမ်းကို သက်သေခံ (ခ)အဖြစ် မူလအမှုတွင် တင်ပြထားသည်။ ထိုစာတမ်းတွင်လည်း ဦးဟုတ်ယုံက သက်သေအဖြစ်ပါဝင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါ သက်သေ ဦးဟုတ်ယုံနှင့် ဦးကြင် ရှိန်တို့က ဖော်ပြပါ အခြေအနေများ မှန်ကန်ကြောင်း မူလအမှုတွင် ထောက်ခံထွက်ဆိုခဲ့ကြသည်။ ထို့ကြောင့်ပင် မူလရုံးနှင့် တရားရုံးချုပ်တို့က သက်သေခံ (က)စာချုပ်နှင့် သက်သေခံ(ခ) ကျမ်းကျိန်လွှာတို့ကို အလေးအနက်ထားရှိ၍ စဉ်းစားပြီး ဦးမောင်မောင်နှင့် ဒေါက်တာမြင့်မြင့်သန်းတို့ ပဋိညာဉ်ပြုလုပ်ခဲ့ကြခြင်းမှာ မှန်ကန်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဒေါက်တာမြင့်မြင့်သန်းက အချင်းဖြစ်ခြံမြေကို ဒေါ်မြင့်မြင့်ရီ ထံမှ ဝယ်ယူရန် စီစဉ်သည့်အခါ ဦးမောင်မောင်က အကျိုးဆောင်ပေးခြင်းလုံးဝမရှိဘဲ အနှောက်အယှက်အမြဲပေးခဲ့ကြောင်း၊ ဒေါ်မြင့်မြင့်ရီထံမှ ခြံမြေကို ဝယ်ယူရန် အလျား ၁၂၆ ပေ၊ ၄ လက်မ၊ အနံ ၆၀ ပေရှိသော ခြံမြေအစိတ်အပိုင်းကိုဂင်းအား လွှဲပြောင်းပေးရမည်ဖြစ်ကြောင်းနှင့် လွှဲပြောင်းမပေးပါက အရောင်းအဝယ် ကိစ္စပျက်အောင်ပြုလုပ်မည်ဖြစ်ပြီး မြေပေါ်မှ ဖယ်ရှားပေးမည်မဟုတ် စသည်ဖြင့် အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျဉ်းအကျပ်ဖြစ်အောင်ပြုလုပ်ခြင်းများကြောင့် ၂၅-၃-၈၂ ရက်စွဲပါ ပစ္စည်းလွှဲပြောင်းပေးရန် သဘောတူစာချုပ်နှင့် ပစ္စည်းလွှဲပြောင်းပေးရန် ကြေညာသည့် ကျမ်းကျိန်လွှာတို့ကို ပြုလုပ်ပေးခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါ စာချုပ်နှင့် ကျမ်းကျိန်လွှာများသည် ပဋိညာဉ်ဥပဒေ ပုဒ်မ ၁၉ အရ ပျက်ပြယ်လွတ်ရှိကြောင်း၊ ထို့ပြင် အဆိုပါ ပဋိညာဉ်စာချုပ်စာတမ်းများသည် အ ဓိုးစားနားမပါသည့် စာချုပ်စာတမ်းများဖြစ်၍ ပဋိညာဉ်ဥပဒေပုဒ်မ ၂၃ အရ ပျက်ပြယ်ကြောင်း မူလအမှုများတွင် တင်ပြခဲ့သည်။ သို့ရာတွင် စာချုပ်များပြုလုပ်စဉ်က ပါဝင်ခဲ့ကြသည့် သက်သေများနှင့် မြေကွက်ရောင်းချ

သူ ဒေါ်မြင့်မြင့်ရီတို့ ထွက်ဆိုချက်များအရ လည်းကောင်း၊ ကာယကံရှင် ဒေါက်တာမြင့်မြင့်သန်း၏ အခြေအနေ၊ အနေအထားများအရ လည်းကောင်း ဦးမောင်မောင်၏ အကျယ်ကိုင်မှုကြောင့် စာချုပ်တွင် လက်မှတ်ရေးထိုးခြင်း ဖြစ်ကြောင်းနှင့် စာချုပ်ပျက်ပြယ်နေကြောင်း ဒေါက်တာမြင့်မြင့်သန်း၏ တင်ပြချက်များကို မူလရုံးနှင့် ပထမအယူခံရုံးတို့က လက်မခံခဲ့ခြင်းဖြစ်သည်။

သက်သေခံ(က) စာချုပ်သည် အဖိုးစားနားမပါသဖြင့် ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၅ အရ ပျက်ပြယ်နေကြောင်း တင်ပြချက်နှင့် စပ်လျဉ်း၍ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂(ဃ)တွင် အဓိပ္ပာယ်ဖွင့်ဆိုချက်များအရ အဖိုးစားနားဟူသည် ငွေကြေး သက်သက်ကို ရည်ညွှန်းခြင်းမဟုတ်ဘဲ ပဋိညာဉ်ပြုသူနှင့် သဘောတူအပေးအယူပြုလုပ်ကြသည့် ကတိကဝတ်များသာဖြစ်ရာ ဦးမောင်မောင်အနေဖြင့် မြေအရောင်းအဝယ် ကိစ္စကို မြေရောင်းသူ ဒေါ်မြင့်မြင့်ရီနှင့် မြေဝယ်သူဒေါက်တာဒေါ်မြင့်မြင့်သန်းတို့အား ဆက်သွယ်ပေးခြင်း၊ အရောင်းအဝယ်ပြုလုပ်ကြရာတွင် အဖိုးအခတစ်စုံတစ်ရာမယူဘဲ အကျိုးဆောင်ပေးခဲ့ခြင်းများအတွက် အပြန်အလှန်အနေဖြင့် ဒေါ်မြင့်မြင့်ရီနှင့် ဒေါက်တာမြင့်မြင့်သန်းတို့က ဦးမောင်မောင်လက်ရှိနေထိုင်သောဥပစာကို ဦးမောင်မောင်အား လွှဲပြောင်းပေးအပ်ရန် သဘောတူခဲ့ကြောင်း အမှုတွင် ပေါ်ပေါက်ခဲ့သည်။ သို့ဖြစ်ရာ အဖိုးစားနားမပါသည့်အတွက် ၂၅-၃-၈၂ ရက်နေ့တွင် ပြုလုပ်သည့် ပစ္စည်းလွှဲပြောင်းပေးရန် သဘောတူသည့် စာချုပ်သည် ပျက်ပြယ်နေကြောင်း လျှောက်ထားသူ၏ တင်ပြချက်မှာ လက်ခံနိုင်ဘွယ်ရာမရှိချေ။

သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၁၂ အရ ဦးမောင်မောင်က စွဲဆိုသောအမှုတွင် ဒီကရီချမှတ်ပေးခဲ့ခြင်းသည် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၂၂ နှင့်ဆန့်ကျင်လျက်ရှိကြောင်း အကြောင်းပြချက်များလည်း ကျိုးကြောင်းဆီလျော်စွာ တင်ပြထားခြင်း မရှိပေ။ သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၂၂အရမှာ ပဋိညာဉ်တွင် ပါရှိသည့်အတိုင်း ဆောင်ရွက်ရာတွင် တရားပြိုင်အပေါ် နစ်နာစေရန်အကြောင်းရှိပြီး၊ ဆိုခဲ့သည့်အတိုင်း မဆောင်ရွက်ခဲ့လျှင် တရားလိုအပေါ်တွင် နစ်နာစေရန်အကြောင်းမရှိသည့်အမှုများနှင့် သာသက်ဆိုင်သည်။ ယခုကိစ္စတွင် ပဋိညာဉ်အတိုင်း ဆောင်ရွက်ခြင်းအားဖြင့် တရားပြိုင်တွင် နစ်နာရန်အကြောင်းမရှိဘဲ ပဋိညာဉ်အတိုင်းမဆောင်ရွက်ခဲ့လျှင် တရားလိုအပေါ် နစ်နာစေရန်အကြောင်းရှိသည့်အတွက် မူလရုံးက

တရားလို ဦးမောင်မောင်စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ခဲ့ခြင်းနှင့် ယင်း ဒီကရီကို တရားရုံးချုပ်က အတည်ပြုထားခြင်းတို့မှာ ဥပဒေအရ မှားယွင်း သည်ဟု မဆိုနိုင်ချေ။

သို့ဖြစ်ရာ ဖော်ပြပါ အမှုအကြောင်းအရာ အခြေအနေများနှင့်အမှုတွင် ပေါ်ပေါက်နေသော သက်သေခံ အထောက်အထားများအရ ဆုံးဖြတ်ခဲ့ သော တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီများတွင် စုံညီခုံရုံးဖြင့် ပြန်လည်ကြားနာစီရင်ရန် အရေးယူလောက်သည့် ပြဿနာပေါ်ပေါက်ခြင်း မရှိဟု ကျွန်ုပ်တို့ သဘောရရှိကြသည်။

ထို့ကြောင့် ဤအထွေထွေလျှောက်လွှာများကို စရိတ်နှင့်တကွ ပလပ်လိုက် သည်။

ရှေ့နေခတစ်မှုလျှင် ငွေကျပ် ၃၀၀/-စီ သတ်မှတ်သည်။

တရားမဒုတိယအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးတင်ထွတ်နိုင် ရှေ့တွင်

ဒေါ်လှမြင့်
(၄င်း၏ကိုယ်စားလှယ်ဦးအောင်တင်)
နှင့်
ဦးရီပါ-၂ *

+၁၉၉၄
နိုဝင်ဘာလ
၉ ရက်

ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆ အရ နို့တစ်စာ၊ အငှားချထားသည့် တစ်လအကုန်တွင်အချိန်စေ့ရောက်မည့် တစ်ဆယ့်ငါးရက်ကြို တင်၍ အကြောင်းကြားစာပေးပို့ခြင်း အဓိပ္ပာယ်၊ ဥပဒေကသတ်မှတ်ထားသော ကာလထက်ပိုသော နို့တစ်စာ တရားဝင်မဝင်။

ဆုံးဖြတ်ချက်။ ။ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆ တွင် အမှုနှင့် သက်ဆိုင်သရွေ့မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"A lease of immoveable property forany other purpose shall be deemed to be a lease from month to month terminable, on the part of either lessor or lessee, by fifteen day's notice expiring with the end of a month of tenancy."

ယင်းပြဋ္ဌာန်းချက်အရ အငှားချထားသည့် လတစ်လအကုန်တွင် အချိန်စေ့ရောက်မည့် တစ်ဆယ့်ငါးရက်အကြောင်းကြားစာပေးပို့ခြင်းဖြင့် ငှားရမ်းခြင်းရပ်စဲနိုင်သည်၊ ဥပဒေတွင် (၁၅) ရက်စေ့ရောက်သော ကာလမှာ နို့တစ်ပေးသည့်လကို ရည်ညွှန်းခြင်းမရှိပေ၊ အဓိကအားဖြင့် အိမ်ငှားသည် နို့တစ်စာကို အနည်းဆုံး (၁၅) ရက်ကြိုတင်ရရှိရမည်ဖြစ်ပြီး (၃၀) ရက်စေ့ရောက်သည့်နေ့မှာ ငှားရမ်းသည့်လအကုန်ရက်နှင့် ကိုက်ညီရပေမည်။

ထပ်မံဆုံးဖြတ်ချက်။ ဥပဒေတွင်သတ်မှတ်ထားသောကာလထက်လျော့နည်းပေ.ပို့သောနို့တစ်စာသည် တရားမဝင်သော်လည်း ဥပဒေက သတ်မှတ်ထားသည့် ကာလထက်ပိုသော နို့တစ်စာသည် တရားဝင်အတည် ဖြစ်သည်။

---

* ၁၉၉၃ ခုနှစ် တရားမ ဒုတိယအယူခံမှုအမှတ် ၁၅၈

\+ ၁၉၉၃ ခုနှစ် တရားမအယူခံမှုအမှတ် ၂၇ တွင် ချမှတ်သော (၂၈-၆-၉၃) ရက်စွဲပါ ပဲခူးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု

၁၉၉၄

ဒေါ်လှမြင့် (၎င်း၏ ကိုယ်စားလှယ် ဦးအောင်တင်) နှင့် ဦးရီပါ-၂

အယူခံတရားလိုအတွက် – ဦးအောင်မြင့်၊ တရားရုံးမျူပ်ရွှေ့နေ
အယူခံတရားပြိုင်များအတွက် – ဦးသန်းဌေးလွင်၊ တရား ရုံးချုပ် ရွှေ့နေ

တောင်ဂူမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၇/၉၂ တွင် တရားလို ဒေါ်လှမြင့်က တရားပြိုင် ဦးရီနှင့် ဒေါ်တင်ရီတို့အပေါ် တောင်ဂူမြို့၊ ဗိုလ်မှူး ဖိုးကွန်းလမ်း၊ အကွက်အမှတ် ၅ (ဂ)၊ အုပ်စုအမှတ် (၇)၊ ဦးပိုင်အမှတ် $\frac{က}{၉}$ မြေကွက်ပေါ်ရှိ အဂ္ဂါးချထားသည့် အဆောက် အအုံကို ဖျက်သိမ်း၍ အဆောက်အအုံသစ်ပြန်လည် ဆောက်လုပ်ရန်အတွက် ဥပစာမှ ဖယ်ရှားပေးရန် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာဌာနရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(ဇ)အရ စွဲဆိုသည်။ မြို့နယ်တရားရုံးက နှစ်ဖက်ကို စစ်ဆေးကြားနာပြီး တရားလိုနှင့် တရားပြိုင်တို့သည် အိမ်ရှင်အိမ်ငှား အဆက်အသွယ်မရှိကြောင်း၊ အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် အဆောက်အအုံ ဆောက်လုပ်ရန်အတွက် ဥပစာကို ရယူ လိုခြင်းမဟုတ်ကြောင်း ကောက်ယူဆုံးဖြတ်ပြီး ဒေါ်လှမြင့် စွဲဆိုသော အမှုကို ပလပ်လိုက်သည်။ မြို့နယ်တရားရုံး၏ ဒီကရီကို ဒေါ်လှမြင့်က မကျေနပ်၍ ပဲခူးတိုင်းတရားရုံး (တောင်ဂူခရိုင်) တရားမအယူခံမှုအမှတ် ၂၇/၉၃ (တောင်ဂူ)တွင် အယူခံဝင်ရောက်သောအခါ တိုင်းတရားရုံးက မူလရုံးက ထုတ်ပေးခဲ့သော ငြင်းချက်များအရ ဒေါ်လှမြင့်နှင့် ဦးရီတို့သည် အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုရှိကြောင်း၊ ဒေါ်လှမြင့် အနေဖြင့်လည်း အိမ် ကို ပြင်ဆင်ဆောက်လုပ်ရန်အတွက် သဘောရိုးဖြင့် ရယူလိုခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ဒေါ်လှမြင့်က ဦးရီတို့အား ပေးပို့ခဲ့သော နို့တစ်စာမှာ တရား မဝင်ကြောင်း ဆုံးဖြတ်ပြီး ဒေါ်လှမြင့်၏ အယူခံကို ပလပ်လိုက်သည်။ သို့ဖြစ်၍ ဒေါ်လှမြင့်က တရားရုံးချုပ်တွင် ဤတရားမ ဒုတိယအယူခံကို တင်သွင်းခြင်းဖြစ်သည်။

ဦးရီတို့ကလည်း မူလမြို့နယ် တရားရုံးက ၎င်းတို့အား အသာပေး ဆုံးဖြတ်ခဲ့သည့် အိမ်ရှင်အိမ်ငှား ဆက်သွယ်မှုမရှိကြောင်း ဆုံးဖြတ်ချက်နှင့် အချင်းဖြစ် အဆောက်အအုံကို ဒေါ်လှမြင့်က အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောနှင့် ရယူလိုခြင်း မဟုတ်ကြောင်း၊ ငြင်းချက် (၁) နှင့် (၂) တို့၏ ဆုံးဖြတ်ချက်များမှာ မှားယွင်းမှုမရှိသဖြင့် ဆက်လက်အတည် ပြုသင့်ကြောင်းဖြင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၂ အရ

၁၉၉၄
ဒေါ်လှမြင့် (၎င်း၏ ကိုယ်စားလှယ် ဦးအောင်တင်) နှင့် ဦးရီပါ-၂

တန်ပြန်ကန့်ကွက်လွှာတင်သည်။ ယင်း ကန့်ကွက်လွှာအပေါ် ဒေါ်လှမြင့်က ကန့်ကွက်လျှောက်ထားသည်။

အယူခံတရားလို ဒေါ်လှမြင့်၏ ရှေ့နေက ၁၈-၁၁-၉၁ ရက်စွဲပါ သက်သေခံ နံ့တစ်စာတွင် ငှားရမ်းခြင်းကို ၃၁-၁၂-၉၁ ရက်နေ့၌ ရပ်စဲထားရာ ယင်းသို့ဖော်ပြထားသောငှားရမ်းခြင်း ရပ်စဲသောနေ့သည် မှားယွင်းသည်ဟု တိုင်းတရားရုံး၏ ကောက်ယူဆုံးဖြတ်ခြင်းသည် မှားယွင်းပါကြောင်း၊ ထို့ပြင် ၁၈-၁၁-၉၁ နေ့တွင် ပေးသော နံ့တစ်စာသည် ၃၀-၁၁-၉၁နေ့ ကုန်ဆုံးချိန်အထိသာ သက်ဆိုင်သည်ဟု တိုင်း တရားရုံးက ကောက်ယူခြင်း သည်လည်း ဥပဒေနှင့်ဆန့်ကျင်ပါကြောင်း၊ အင်္ဂလိပ်ပြကွဒိန်လတစ်လ၏ ရက်စွဲဖြင့် ပေးပို့သည့် နံ့တစ်စာပေးသည့်လတွင်ပင် ငှားရမ်းခြင်းကို ရပ်စဲရမည်ဟူသော ဥပဒေပြဋ္ဌာန်းချက်မရှိပါကြောင်း၊နံ့တစ်စာတွင် ငှားရမ်းခြင်းကို ၃၁-၁၂-၉၁ နေ့တွင် ရပ်စဲကြောင်း အတိအလင်းဖော်ပြထားပါလျက် ၃၀-၁၁-၉၁ နေ့တွင် ရပ်စဲသည့် နံ့တစ်စာအဖြစ် အဓိပ္ပာယ်ကောက်ယူခြင်း မှာမှားယွင်းပါကြောင်း၊၁၈-၁၁-၉၁ နေ့စွဲပါ နံ့တစ်စာတွင် ငှားရမ်းခြင်းကို ၃၁-၁၂-၉၁ နေ့ ရပ်စဲကြောင်း ဖော်ပြထားရာ ငှားရမ်းခြင်းကို တစ်လ ကျော်ကြိုတင်၍ ရပ်စဲကြောင်း ထင်ရှားပါလျက် (၁၅) ရက် ကြိုတင် ပေးရာမရောက်ဟု ကောက်ယူခြင်းသည် နံ့တစ်စာပါ ရက်စွဲများနှင့် အတိအလင်း ဆန့်ကျင်ပါကြောင်း၊ "၁၅ရက် ကြိုတင်ခြင်းသည် လတစ်လ နှင့် တစ်လ ကူးယူရေတွက်ရသည့် (၁၅) ရက်မျိုး မဖြစ်စေရ" ဟု တိုင်း တရားရုံးက ကောက်ယူခြင်းသည် ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆ တွင်ဖြစ်စေ၊ အခြားပြဋ္ဌာန်းချက် တစ်ရပ်ရပ်တွင်ဖြစ်စေ ပါရှိသည့် ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ပါကြောင်း၊ အိမ်ငှားများထံပေးပို့သော နံ့တစ်စာ၌ ငှားရမ်းလ၏ နောက်ဆုံးရက် (၁၉၉၁ ခုနှစ် ဒီဇင်ဘာလ ၃၁ ရက်) တွင် ငှားရမ်းခြင်းကို အဆုံးသတ်ထားသည့်ပြင် အိမ်ငှားထံ (၁၅) ရက်ထက်ပို၍ပင် နံ့တစ်စာကိုပေးခဲ့သည်ဖြစ်ရာ ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဖြစ်ကြောင်း မြင်သာပါကြောင်း၊ ပစ္စည်း လွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆ တွင်(၁၅) ရက်ထက်ပို၍ နံ့တစ်စာ ပေးခြင်းကို ပိတ်ပင်ထားခြင်းမရှိပါကြောင်း စသည်ဖြင့် အဓိကလျှောက်လဲသည်။

အယူခံတရားပြိုင်ဦးရီတို့၏ရှေ့နေကအယူခံတရားလိုသည် အယူခံတရားပြိုင်တို့အား နံ့တစ်စာကို တစ်လနှင့် (၁၅) ရက်ကြိုတင်၍ ပေးပို့ထားသဖြင့်

ယင်းနို့တစ်စာသည် ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၀၆ ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်သောကြောင့် တရားမဝင်ပါကြောင်း၊ နို့တစ်စာ မှာ ငှားရမ်းသည့်လ၏ လကုန်ရက်တွင် အဆုံးသတ်သည့် နို့တစ်စာ မဟုတ်သည့်အပြင် နို့တစ်စာနှင့် စပ်လျဉ်း၍ အယူခံတရားလိုနှင့် အယူခံ တရားပြိုင်တို့အကြား သီးခြားပဋိညာဉ်လည်း မရှိသောကြောင့် တိုင်း တရားရုံးက နို့တစ်စာသည် တရားမဝင်ကြောင်း ဆုံးဖြတ်ချက်မှာ ဥပဒေနှင့်ညီပါကြောင်း၊ တိုင်းတရားရုံးက ငြင်းချက်အမှတ် (၁) နှင့် (၂) တို့ကို အယူခံတရားလိုအတွလ် အသာပေးဆုံးဖြတ်ခဲ့ခြင်းမှာလည်း အမှုတွဲရှိ သက်သေခံချက်များအရ မှားယွင်းပါကြောင်း စသည်ဖြင့် ဖြေကြား လျှောက်လဲသည်။

အိမ်ရှင် ဒေါ်လှမြင့်က အိမ်ငှား ဦးရီတို့ထံပေးသော ငှားရမ်းခြင်း ရပ်စဲသည့် နို့တစ်စာကို ၁၈-၁၁-၉၁ ရက်ဖြင့် ပေးပို့ထားပြီး ငှားရမ်းခြင်းကို ၃၁-၁၂-၉၁ ရက်နေ့ကုန်ဆုံးချိန်မှစ၍ ငှားရမ်းခြင်း ရပ်စဲကြောင်း ဖော်ပြထားသည်။ တိုင်းတရားရုံးက နို့တစ်စာ တရားမဝင်ကြောင်း အောက်ပါအတိုင်းသုံးသပ်ထားသည်-

> "နှစ်ဖက် တင်ပြချက်များအရ အင်္ဂလိပ်လဖြင့် လစဉ်ငှားရမ်းသော စနစ်ဖြစ်ကြောင်း၊ မူလကတည်းက ပဋိညာဉ်တစ်စုံတစ်ရာ မရှိကြောင်း၊ အိမ်ရှင်သစ် လက်ထက်တွင်လည်း ပဋိညာဉ်တစ်စုံတစ်ရာ မရှိကြောင်း တွေ့ရသည်။ သို့ဖြစ်ပါ၍ ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆ အရ ကြိုတင်နို့တစ်ပေးရန်ဖြစ်ပြီး နို့တစ်စာ ကုန်ဆုံးသောရက် နှင့် ငှားရမ်းမှုရပ်စဲသောနေ့မှာ ကိုက်ညီရန် လိုအပ်ပေသည်။ သီးခြား ပဋိညာဉ်မရှိသည့် အခြေအနေတွင် နို့တစ်စာသည် နို့တစ်ပေးသော ငှားရမ်းလနှင့်သာသက်ဆိုင်ပေသည်။ ဤအမှုတွင် ၁၈-၁၁-၉၁ နေ့စွဲပါ နို့တစ်စာဖြင့် ၃၁-၁၂-၉၁ နေ့ ကုန်ဆုံးချိန်မှစ၍ ငှားရမ်းခြင်း ရပ်စဲ ကြောင်းဖော်ပြထားရာ မှားယွင်းလျက်ရှိပေသည်။ ၁၈-၁၁-၉၁ နေ့တွင် ပေးသော နို့တစ်မှာ ၃၀-၁၁-၉၁ နေ့ကုန်ဆုံးချိန် အထိသာ သက်ဆိုင် သည်။ ၁၈-၁၁-၉၁ နေ့တွင် ပေးသော နို့တစ်စာမှာ ငှားရမ်းလကုန်ဆုံး သည့် ၃၀-၁၁-၉၁ နေ့တွင် မည်သည့်နည်းနှင့်မျှ (၁၅) ရက် ကြိုတင်ပေးရာမရောက်ပေ။ ၃၁-၁၂-၉၁ နေ့တွင် ငှားရမ်းခြင်း ရပ်စဲ လိုပါက ဒီဇင်ဘာလအတွင်း (၁၅) ရက် ကြိုတင်ရောက်ရှိစေရမည့် ရက် တစ်ရက်တွင် နို့တစ်ပေးအပ်ရန်လိုပေသည်။ (၁၅) ရက်ကြိုတင်ခြင်း

၁၉၉၄
ဒေါ်လှမြင့် (၎င်း၏ ကိုယ်စားလှယ် ဦးအောင်တင်) နှင့် ဦးရီပါ-၂

သည် တစ်လနှင့် တစ်လ ကူးယူရေတွက်ရသည့် (၁၅) ရက် မျိုးပင် မဖြစ်ရပေ။

ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၁၀၆ တွင် အမှုနှင့် သက်ဆိုင်သရွေ့မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်-

"a lease of immoveable property for any other purpose shall be deemed to be a lease from month to month terminable, on the part of either lessor or lessee, by fifteen day's notice expiring with the end of a month of the tenancy."

ယင်းပြဋ္ဌာန်းချက်အရ အငှားချထားသည်လတစ်လအကုန်တွင် အချိန်စေ့ရောက်မည့် တစ်ဆယ့်ငါးရက်အကြောင်းကြားစာပေးပို့ခြင်းဖြင့် ငှားရမ်းခြင်း ရပ်စဲနိုင်သည်။ ဥပဒေတွင် (၁၅) ရက်စေ့ရောက်သောလမှာ နို့တစ်ပေးသည့်လကို ရည်ညွှန်းခြင်း မရှိပေ။ အဓိကအားဖြင့် အိမ်ငှားသည် နို့တစ်စာကို အနည်းဆုံး (၁၅) ရက်ကြိုတင်ရရှိရမည်ဖြစ်ပြီး (၁၅) ရက်စေ့ရောက်သည့်နေ့မှာ ငှားရမ်းသည့် လကုန်ရက်နှင့် ကိုက်ညီရပေမည်။

အမှုတွင် နို့တစ်စာကို ၁၈-၁၀-၉၁ ရက်နေ့စွဲဖြင့် ပေးပို့ထားပြီး ငှားရမ်းခြင်းကို ၃၁-၁၂-၉၁ ရက်နေ့တွင် ကုန်ဆုံးထားသဖြင့် ငှားရမ်းသည့် လအကုန်ရက်နှင့် ကိုက်ညီနေသည်။ ပြောစရာရှိသည်မှာ နို့တစ်စာကို (၁၅) ရက် မကဘဲ (၁၅) ရက်ထက်ပို၍ (၁) လကျော်မျှ အိမ်ငှားထံ ကြိုတင်ပေးပို့ထားသည့်အချက်ဖြစ်သည်။ ဥပဒေတွင် သတ်မှတ်ထားသော ကာလထက် လျော့နည်းပေးပို့သော နို့တစ်စာသည် တရားမဝင်သော်လည်း ဥပဒေက သတ်မှတ်ထားသည့်ကာလထက် ပိုသောနို့တစ်စာသည် တရားဝင်အတည်ဖြစ်သည်။ သို့ဖြစ်၍ တိုင်းတရားရုံးက နို့တစ်စာတရားမဝင်ကြောင်း သုံးသပ်ဆုံးဖြတ်ချက်မှာ မှားယွင်းကြောင်း စီစစ်တွေ့ရှိရသည်။

ဆက်လက်၍ စီစစ်ရန်မှာ ဦးရီတို့က ဤအယူခံတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၂ အရ တန်ပြန်ကန့်ကွက်လွှာတင်သွင်းခွင့်ရှိမရှိဟူ၍ ဖြစ်သည်။

တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၂ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် တန်ပြန်ကန့်ကွက်လွှာကို အယူခံဝင်သည့်နည်းတူ တင်သွင်းရသည်။ သို့ဖြစ်၍ အယူခံတရားပြိုင်တစ်ဦးသည် ဒီကရီ၏ တစ်စိတ်တစ်ပိုင်းအပေါ် အယူခံဝင်ရန် အခွင့်အရေးရှိမှ သာ တန်ပြန်ကန့်ကွက်လွှာကို

တင်သွင်းခွင့်ရှိသည်။ ဒီကရီအပေါ် အယူခံဝင်ရန် လုံးဝအခွင့်အရေး မရှိပါမူတန်ပြန်ကန့်ကွက်လွှာကို တင်သွင်းခွင့်မရှိပေ။ ဤအမှုတွင် အောက်ရုံးနှစ်ရုံးစလုံးက ဦးရီတို့အား လုံးဝအနိုင်ပေးထားခြင်းကြောင့် အမှုဟွင် လုံးဝအနိုင်ရသူ ဦးရီတို့အနေဖြင့် ဒီကရီကို အယူခံခွင့်မရှိသောကြောင့် တန်ပြန်ကန့်ကွက်လွှာကိုလည်း တင်သွင်းခွင့်မရှိပေ။ ဦးရီတို့အနေဖြင့် မိမိတို့အပေါ် နစ်နာစေသည့် အောက်ရုံး၏ ဆုံးဖြတ်ချက်ရှိလျှင် ထို ဆုံးဖြတ်ချက်သည် မှားယွင်းကြောင်းသာ တင်ပြခွင့်ရှိသည်။ **အီးအာရ်ဘီဒင်** နှင့် **ဦးလှိုင်ဖေပါ-၄**[၁] အမှုကို ရည်ညွှန်းသည်။

အချင်းဖြစ် ဥပစာ၏ မူလပိုင်ရှင်မှာ ဒေါ်စိန်ရွှေဖြစ်သည်။ ဦးရီတို့သည် ယင်းအိမ်တွင် ဒေါ်စိန်ရွှေထံမှ ငှားရမ်းနေထိုင်သည့် အိမ်ငှားများဖြစ်ကြသည်။ ထိုအိမ်ကို ဒေါ်လှမြင့်က မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခြင်းကြောင့် သက်သေခံ (ဆ) ဦးပိုင်ရာဇဝင်မှတ်ပုံတင်တွင် ဒေါ်လှမြင့် အမည် ပေါက်လျက်ရှိပြီးဖြစ်သည်။ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၅ (၆) (က) နှင့် ပုဒ်မ ၁၀၉ ကိုယှဉ်တွဲဖတ်ရှုလျှင် အချင်းဖြစ် ဥပစာကို လွှဲပြောင်းရရှိသူ ဒေါ်လှမြင့်သည် ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၂(ဂ) အရ အိမ်ရှင်ဟူသော အဓိပ္ပာယ် ဖွင့်ဆိုချက်တွင် ကျရောက်သည်။ (ရဝတ) အတွင်းရေးမှူး ဦးမြသောင်း (လိုပြ-၃) ၏ ထွက်ချက်နှင့် သက်သေခံ (ဃ) အရ ဒေါ်တင်ရီက ဒေါ်လှမြင့်၏ ခင်ပွန်းသို့ အိမ်လခများ ပေးသွင်းကြောင်းလည်း ပေါ်ပေါက်သဖြင့် ဒေါ်လှမြင့်နှင့် ဒေါ်တင်ရီတို့သည် အိမ်ရှင်နှင့် အိမ်ငှားများဖြစ်ကြောင်း ထင်ရှားသည်။

အချင်းဖြစ် ဥပစာကို ပြန်လည်ဆောက်လုပ်ရန်အတွက် သက်ဆိုင်ရာ စည်ပင်သာယာရေး အဖွဲ့က သက်သေခံ (ဂ) အမိန့်စာဖြင့် ခွင့်ပြုပြီးဖြစ်သည်။ အိမ်သစ်ဆောက်လုပ်ရန်အတွက် သစ်များဝယ်ယူရန် သစ်ကုန်သည် ဦးသက်ထွေးနှင့်လည်း စာချုပ်ချုပ်ပြီးဖြစ်သည်။ (သက်သေခံ-စျ)။ ဒေါ်လှမြင့်သည် အိမ်သစ်ဆောက် လုပ်ရန်အတွက် ငွေကြေးမပြည့်စုံသူဟုလည်း ပေါ်ပေါက်ခြင်းမရှိသောကြောင့် ဒေါ်လှမြင့်သည် အချင်းဖြစ်နေအိမ် အဆောက်အအုံကို ပြန်လည်ဆောက်လုပ်ရန်အတွက် ရိုးဖြောင့်သော သဘောနှင့် ပြန်လည်ရယူလိုခြင်းဖြစ်သည်ဟု ဆိုရပေမည်။ သို့ဖြစ်၍ ငြင်းချက်အမှတ် (၁) နှင့် အမှတ် (၂) နှင့် စပ်လျဉ်း၍ တိုင်းတရားရုံး၏

(၁) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံတရား စီရင်ထုံး၊ ၈၈-၁၁၇။

၁၉၉၄
ဒေါ်လှမြင့် (၎င်း၏ကိုယ်စားလှယ် ဦးအောင်တင်) နှင့် ဦးရီပါ-၂

ဆုံးဖြတ်ချက်မှာ မှားယွင်းကြောင်း အယူခံတရားပြိုင်တို့၏ ရှေ့နေ၏ တင်ပြချက်ကို လက်မခံနိုင်ပေ။ သို့ရာတွင် နို့တစ်စာတရားမဝင်ကြောင်း ဆုံးဖြတ်၍ တိုင်းတရားရုံးက အယူခံ တရားလို၏ အမှုကို ပလပ်ခြင်းမှာ မှားယွင်းပေသည်။

ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို ခွင့်ပြု၍ ပဲခူးတိုင်း တရားရုံး (တောင်ငူခရိုင်) ၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်လိုက်သည်။ ၎င်းနောက် အယူခံတရားလိုဒေါ်လှမြင့် စွဲဆိုသည့်အတိုင်း ၁၉၆၀ ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (c) အရ စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးလိုက်သည်။

မြို့နယ်တရားရုံးသည် ဤဥပဒေအရ လိုအပ်သော ခံဝန်ချုပ်ကို ဥပဒေနှင့်အညီ ချုပ်ဆိုရန်ဖြစ်သည်။

အယူခံတရားပြိုင်၏ တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်း ၂၂ အရ တန်ပြန်ကန့်ကွက်လွှာကို ပလပ်လိုက်သည်။

ရှေ့နေခ ကျပ် ၂၀၀/-သတ်မှတ်သည်။

တရားမအထွေထွေလျှောက်လွှာ

တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့်ရှေ့တွင်

ဒေါ်လှမြင့်(ခ) ဒေါ်လှကြိုင်
(၎င်း၏ကိုယ်စားလှယ်စာရသူ မကြည်ကြည်အေး)
နှင့်
ဒေါ်ခင်စန်းမြင့် ပါ-၂*

+၁၉၉၄
စက်တင်ဘာလ
၂၁ ရက်

တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၄ (၁) နှင့် (၃)-တိုင်းတရားသူကြီးသည် ဒုတိယတိုင်းတရားသူကြီး သို့မဟုတ် လက်ထောက်တိုင်းတရားသူကြီး စစ်ဆေးလျက်ရှိသည့် မပြီးပြတ်သေးသော တရားမမှုများကို လွှဲပြောင်းပေးနိုင်သည့်အာဏာရှိခြင်း။

ဆုံးဖြတ်ချက်။ တရားရုံးချုပ်က တရားစီရင်ရေးဥပဒေပုဒ်မ ၉ အရ ပြည်နယ်၊ တိုင်းတရားရုံးများအား တည်ဆဲတရားဥပဒေတစ်ရပ်ရပ်ပါ ခရိုင်တရားမ တရားသူကြီး၏ အာဏာများကို အပ်နှင်းထားရာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၄(၁) အရ တိုင်းတရားရုံးသည်လည်း အမှုလွှဲပြောင်းပေးနိုင်သည့် စီရင်ပိုင်ခွင့်ကို ရရှိပေသည်။

ထပ်မံဆုံးဖြတ်ချက်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၄(၃)တွင် ဤပုဒ်မပါကိစ္စများအလို့ငှာ တွဲဖက်တရားသူကြီးရုံးများနှင့် လက်ထောက်တရားသူကြီးရုံးများသည် ခရိုင်တရားမရုံး၏ လက်အောက်ခံရုံးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရာ တိုင်းတရားသူကြီးသည် ဒုတိယတိုင်းတရားသူကြီး သို့မဟုတ် လက်ထောက်တိုင်းတရားသူကြီး စစ်ဆေးလျက်ရှိသည့် မပြီးပြတ်သေးသော တရားမမှုများကို လွှဲပြောင်းပေးနိုင်သည့် အာဏာရှိပေသည်။

လျှောက်ထားသူအတွက် - ကိုယ်တိုင်

လျှောက်ထားခံရသူများအတွက်- ဦးသန်းစိုး၊ တရားရုံးချုပ်ရှေ့နေ ပဲခူးတိုင်းတရားရုံး (ပဲခူးခရိုင်) လက်ထောက်တိုင်းတရားသူကြီး (၁) ဦးစိုးအောင် လက်ခံစစ်ဆေးလျက်ရှိသော တရားမကြီးမှုအမှတ်

---

* ၁၉၉၃ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ အမှတ် ၃၄

\+ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၄ အရ ရုံးပြောင်းစစ်ဆေးပေးရန် လျှောက်ထားမှု

၁၉၉၄ ဒေါ်လှမြင့်(ခ) ဒေါ်လှကြိုင် (၎င်း၏ ကိုယ်စားလှယ်စာရသူ မကြည်ကြည်အေး) နှင့် ဒေါ်ခင်စန်းမြင့် ပါ-၂

၆၀/၉၃၊ တရားမဏာရီမှုအမှတ် ၇/၉၃ နှင့် တရားမကြီးမှုအမှတ် ၄/၉၀ နှင့် သက်ဆိုင်သော ကော်မရှင်မှုအမှတ် ၁၅/၉၃ တို့ကို တရားစီရင်ရေး ဥပဒေပုဒ်မ ၁၁ နှင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၄ တို့အရ ရုံးပြောင်းစစ်ဆေးပေးရန် ဒေါ်လှမြင့် (ခ) ဒေါ်လှကြိုင်က ၎င်း၏ကိုယ်စားလှယ် မကြည်ကြည်အေးမှတစ်ဆင့် ဤအထွေထွေလျှောက်လွှာကို တင်သွင်းခြင်းဖြစ်သည်။

ပဲခူးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၆၀/၉၃ တွင် လျှောက်ထားသူ ဒေါ်လှမြင့်(ခ) ဒေါ်လှကြိုင်နှင့် ဒေါ်ကြည်ကြည်အေးတို့က လျှောက်ထားခံရသူ ဒေါ်ခင်စန်းမြင့်နှင့် ဒေါ်အေးအေးစန်းတို့အပေါ် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ အရ အထောက်အထားမရှိသော သက်သေခံချက်များကို စီရင်ချက်၌ ရေးသွင်း၍ တည်ဆဲတရားဥပဒေများကို ဆန့်ကျင်ဖောက်ဖျက်ကာ ချမှတ်ထားသော ဒီကရီဖြစ်ကြောင်း မြွက်ဟကြေညာချက် ရလိုမှု စွဲဆိုသည်။ ထိုအမှုကို ပဲခူးတိုင်းလက်ထောက်တိုင်းတရားသူကြီး (၁) ရုံးက လက်ခံစစ်ဆေးလျက်ရှိသည်။

လျှောက်ထားခံရသူ ဒေါ်ခင်စန်းမြင့်က လျှောက်ထားသူ ဒေါ်လှမြင့် (ခ) ဒေါ်လှကြိုင်တို့အပေါ် ပဲခူးတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၃/၉၀ တွင် ရရှိထားသည့် အနိုင်ဒီကရီကို အတည်ပြုပေးရန် ယင်းတရားရုံး၊ တရားမဏာရီမှုအမှတ် ၇/၉၃ အရ လျှောက်ထားသည်။ ယင်းတရားမဏာရီမှုကိုလည်း ပဲခူးတိုင်း လက်ထောက်တိုင်းတရားသူကြီး(၁)ရုံးက ဆောင်ရွက်လျက်ရှိသည်။

လျှောက်ထားခံရသူ ဒေါ်ခင်စန်းမြင့်တို့က လျှောက်ထားသူ ဒေါ်လှမြင့် (ခ) ဒေါ်လှကြိုင်အပေါ် ကွယ်လွန်သူ ဦးတင်အောင် ကျန်ရစ်ခဲ့သော အမွေပစ္စည်းများကို စီမံခန့်ခွဲပေးရန် ပဲခူးတိုင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၄/၉၀ အရ တရားစွဲဆိုသည်။ ယင်းအမှုကိုလည်း ပဲခူးတိုင်းလက်ထောက်တိုင်းတရားသူကြီး (၁) ရုံးက လက်ခံစစ်ဆေးလျက်ရှိသည်။

လျှောက်ထားသူ ဒေါ်လှမြင့် (ခ) ဒေါ်လှကြိုင်က အဆိုပါအမှုများကို ပဲခူးတိုင်း လက်ထောက်တိုင်းတရားသူကြီး (၁) ရုံးတွင် ဆက်လက်စစ်ဆေးပါက တရားမျှတမှု ရရှိနိုင်မည်ဟု မယူဆ၍ ရုံးပြောင်းစစ်ဆေးပေးရန် လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားသူ ဒေါ်လှမြင့် (ခ) ဒေါ်လှကြိုင်က ရုံးပြောင်းပေးစေလိုသည့် အမှု(၃)မှုအနက် ပဲခူးတိုင်းတရားရုံး၊ ဘရားမကြီးမှုအမှတ်

၆၀/၉၃ ကို ၃၀-၁၁-၉၃ နေ့က ပလပ်ခဲ့ပြီးဖြစ်ကြောင်း တွေ့ရှိရသည့် အတွက် ယင်းအမှုနှင့် စပ်လျဉ်း၍ ရုံးပြောင်းလျှောက်ထားခြင်းကို စဉ်းစားရန်မလိုတော့ပေ။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၄(၁) (ခ) တွင် တရားရုံးချုပ်သို့မဟုတ် ခရိုင်တရားမရုံးသည် အမှုသည်တစ်ဦးဦးက လျှောက်ထားသည့် အခါ မိမိလက်အောက်ခံ တရားရုံးတစ်ရုံးရုံးရှိ မပြီးပြတ်သေးသော တရားမမှုတစ်ခုခုကို ရုပ်သိမ်းပြီး စစ်ဆေးစီရင်ရန် စီရင်ပိုင်ခွင့်ရှိသော မိမိလက်အောက်ခံတရားရုံးတစ်ရုံးရုံးကို လွှဲပြောင်းပေးနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

အဆိုပါ ပြဋ္ဌာန်းချက်အရ တရားရုံးချုပ်သည် အမှုလွှဲပြောင်းပေးနိုင်သည့် စီရင်ပိုင်ခွင့် ရှိပေသည်။ တရားရုံးချုပ်က တရားစီရင်ရေးဥပဒေပုဒ်မ ၉ အရ ပြည်နယ်၊ တိုင်းတရားရုံးများအား တည်ဆဲတရားဥပဒေတစ်ရပ်ရပ်ပါ ခရိုင်တရားမ တရားသူကြီး၏ အာဏာများကို အပ်နှင်းထားရာ တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၄ (၁) အရ တိုင်းတရားရုံးသည်လည်း အမှုလွှဲပြောင်းပေးနိုင်သည့် စီရင်ပိုင်ခွင့်ကို ရရှိပေသည်။

လျှောက်ထားသူ ဒေါ်လှမြင့် (ခ) ဒေါ်လှကြိုင်၏ လျှောက်လွှာနှင့် ကျမ်းကျိန်လွှာတို့တွင် ရုံးထိုင်သည့် တရားသူကြီးသည် ၎င်းစွဲဆိုခဲ့သည့် တရားမကြီးမှုများကို ပလပ်ခဲ့သည့်အပြင် ၎င်းအပေါ် အမြင်မကြည်လင်သဖြင့် တရားမှုတစ်စွာ အမိန့်ချမှတ်မည်မဟုတ်ဟု ယုံကြည်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

လျှောက်ထားခံရသူတို့၏ ရှေ့နေက မူလတိုင်းတရားရုံး တရားသူကြီးသည် လျှောက်ထားသူများ၏ ဆောင်ရွက်ချက်များအပေါ် အမှန်အတိုင်း ရှုမြင်သုံးသပ်ခဲ့ခြင်းသာဖြစ်ပြီး လျှောက်ထားသူများအား နစ်နာစေရန် တမင်ဘက်လိုက်ဆောင်ရွက်ခြင်းဖြစ်ကြောင်း မပေါ်ပေါက်၍ ရုံးပြောင်းလျှောက်လွှာကို လက်ခံစဉ်းစားခြင်း မပြုသင့်ကြောင်း လျှောက်လဲတင်ပြသည်။

မောင်ရန့် မောင်လူကျော်[၁] အမှုတွင် ရုံးပြောင်းပေးသင့်မသင့် စိစစ်ရာ၌ ပေါ်ပေါက်လာသော ပတ်ဝန်းကျင်အခြေအနေများအရ၊ တရားမှုတ၍ ဘက်လိုက်မှုကင်းသော တရားစီရင်မှုမရနိုင်ဟု အမှုသည်၏စိတ်တွင် လျော်ကန်သော စိုးရိမ်ကြောင့်ကြမှု ပေါ်ပေါက်လာနိုင်ခြင်း ရှိမရှိ စိစစ်ရမည်ဖြစ်ကြောင်း ထုံးဖွဲ့ထားသည်။

(၁) ၁၉၄၁ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ-၅၁ (စုံညီ)

၁၉၉၄
ဒေါလှမြင့်(ခ)
ဒေါလှကြိုင်
(၎င်း၏
ကိုယ်စားလှယ်စာ
ရသူ
မကြည်ကြည်
အေး)
နှင့်
ဒေါခင်စန်းမြင့်
ပါ-၂

လျှောက်ထားသူ ဒေါလှမြင့် (ခ) ဒေါလှကြိုင်၏ တင်ပြချက်အရ ၎င်း၏စိတ်တွင် ပေါပေါက်သည့် စိုးရိမ်ကြောင့်ကျမှုသည် စိတ်ကူးယဉ် စိုးရိမ်ကြောင့်ကြမှုမဟုတ်ဘဲ လျော်ကန်သော စိုးရိမ်မှုဖြစ်ကြောင်း တွေ့ရှိရသည့်အတွက် ပဲခူးတိုင်းတရားရုံး၊ လက်ထောက်တိုင်းတရားသူကြီး (၁) ရုံးတွင် စစ်ဆေးလျက်ရှိသော အဆိုပါအမှုများကို ရုံးပြောင်းစစ်ဆေးပေးရန် လျော်ကန်သင့်မြတ်ကြောင်း တွေ့ရှိရသည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၂၄ (၃) တွင် ဤပုဒ်မပါကိစ္စများအလို့ငှာ တွဲဖက်တရားသူကြီးရုံးများနှင့် လက်ထောက်တရားသူကြီးရုံးများသည် ခရိုင်တရားမရုံး၏ လက်အောက်ခံရုံးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရာ တိုင်းတရားသူကြီးသည် ဒုတိယတိုင်းတရားသူကြီး သို့မဟုတ် လက်ထောက်တိုင်းတရားသူကြီး စစ်ဆေးလျက်ရှိသည့် မပြီးပြတ်သေးသော တရားမမှုများကို လွှဲပြောင်းပေးနိုင်သည့်အာဏာရှိပေသည်။

တိုင်းတရားသူကြီးသည် ယင်းကဲ့သို့ အမှုလွှဲပြောင်းပေးနိုင်သည့် အာဏာရှိကြောင်းကို မသိကြ၍ တရားရုံးချုပ်သို့သာ ရုံးပြောင်းလျှောက်ထားကြသည်ကို တွေ့ရှိရသည်။

ဒေါလှမြင့် (ခ) ဒေါလှကြိုင်သည်လည်း တရားရုံးချုပ်သို့ ရုံးပြောင်းလျှောက်ထားခဲ့သည်။ ဤလျှောက်လွှာအပေါ် နှစ်ဖက်ကြားနာပြီးဖြစ်၍ ရုံးပြောင်းလျှောက်လွှာကို တိုင်းတရားသူကြီးထံ လွှဲပြောင်းမပေးတော့ဘဲ ဤရုံးက ဆုံးဖြတ်ပေးခြင်းသည် ပိုမိုသင့်မြတ်မည်ဟု ယူဆသည်။

ထို့ကြောင့် ပဲခူးတိုင်း တရားရုံး၊ လက်ထောက်တိုင်းတရားသူကြီး (၁) ဦးစိုးအောင် စစ်ဆေးစီရင်လျက်ရှိသည့် ပဲခူးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၄/၉၀ နှင့် ယင်းတရားရုံး တရားမဇာရီမှုအမှတ် ၉/၉၃ အမှုများကို ဒုတိယတိုင်းတရားသူကြီးက စစ်ဆေးစီရင်ရန် လွှဲပြောင်းပေးလိုက်သည်။

စရိတ် မသတ်မှတ်။

တရားမအထွေထွေလျှောက်လွှာ

တရားရုံးချုပ်တရားသူကြီး ဦးအောင်မြင့်ရှေ့တွင်

ဦးပိစိမာလကာ
နှင့်
ကျိအက်စ်ရှားမား ပါ–၂*
(ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူသာသနာရေး ဗဟိုအဖွဲ့ချုပ်)

+၁၉၉၄
နိဝင်္ဘာလ
၁၅ ရက်

တရားရုံးများ မထေမဲ့မြင်ပြုခြင်း အက်ဥပဒေပုဒ်မ ၃ တရားရုံးအဆင့်ဆင့်က အချင်းဖြစ်မြေမှ ထွက်ခွာပေးရန် ဒီကရီချမှတ်ပြီးဖြစ်ခြင်း၊ အချင်းဖြစ်မြေကို ဘုရားပိုင်မြေဟုအဆိုပြု၍ တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ စာရေးသားပေးပို့ခြင်းမှာ တရားရုံးများကို မထေမဲ့မြင်ပြုလုပ်ရာရောက်ခြင်း။

ဆုံးဖြတ်ချက်။ တရားရုံးအဆင့်ဆင့်က အချင်းဖြစ်မြေမှ ထွက်ခွာပေးရန် စီရင်ချက်နှင့် ဒီကရီ ချမှတ်ခဲ့ကြပြီးဖြစ်သည်။ ကျိအက်စ်ရှားမားနှင့် ဦးဂိုပါလ်တို့က ကာလီဘာလီဘုရားပိုင်မြေဖြစ်သည်ဟု အဆိုပြုပြီး တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ စာပေးပို့ခဲ့သည်၊ တရားရုံးတွင် အမှုဆိုင်စဉ်ကလည်း ၎င်းတို့၏ အဆိုပြုချက်ကို တင်ပြခုခံခဲ့ပြီးဖြစ်သည်၊ တရားရုံးအဆင့်ဆင့်က လက်မခံခဲ့ကြချေ၊ သို့ဖြစ်၍ တရားရုံးအဆင့်ဆင့်၏ ဆုံးဖြတ်ချက်အတိုင်း အချင်းဖြစ်မြေမှ ဖယ်ပေးရန်သာ ရှိသည်။ ထိုသို့မဟုတ်ဘဲ ဘုရားပိုင်မြေဟု အဆိုပြုပြီး ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပုသိမ်မြို့သို့ အချင်းဖြစ်မြေကို ဝရမ်းထုတ်သိမ်းပိုက်ခြင်း မပြုလုပ်ရန်အတွက် စာရေးသားပေးပို့ခြင်းမှာ တရားရုံးများကို မထေမဲ့မြင်ပြုရာရောက်သည်။

လျှောက်ထားသူအတွက် – ဦးကျော်ငြိမ်း၊ တရားရုံးချုပ်ရှေ့နေ
လျှောက်ထားခံရသူများအတွက်–ဦးအက်စ်အင်နဒက်စ်ဂူပတာ၊ တရားရုံးချုပ်ရှေ့နေ

---

* ၁၉၉၃ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ အမှတ် ၃၇

\+ ၁၉၉၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၄၇ တွင် ချမှတ်သော (၂၅–၁–၉၃) ရက်စွဲပါ တရားရုံးများ မထေမဲ့မြင်ပြုခြင်း အက်ဥပဒေပုဒ်မ ၃ အရ အရေးယူပေးပါရန် လျှောက်ထားမှု

၁၉၉၄
ဦးပိစိမာလကာနှင့် ကျိုက်စ်ရှားမားပါ-၂

ဧရာဝတီတိုင်းတရားရုံး ၁၉၉၂ ခုနှစ် တရားမကြီးမှုအမှတ် ၁၆ တွင် ဦးပိစိမာလကာက ဦးဂိုလ်ပါလ်(ခ) ဦးမောင်တင်အပေါ် အခွင့်အမိန့်နှင့်ထားသူအား နှင်ထုတ်ပေးစေလိုမှု စွဲဆိုရာ စွဲဆိုသည့်အတိုင်း ဒီကရီ ရရှိသည်။ ယင်းဒီကရီကို ဦးဂိုလ်ပါလ်က မကျေနပ်၍ တရားရုံးချုပ် ၁၉၉၂ ခုနှစ် တရားမ ပထမအယူခံမှုအမှတ် ၄၇ တွင် အယူခံဝင်ရာ ပလပ်ခြင်း ခံရသည်။ ထို့ကြောင့် ဦးပိစိမာလကာက ဒီကရီအတိုင်း အတည်ပြုဆောင်ရွက်ပေးရန်အတွက် ဧရာဝတီတိုင်းတရားရုံး (ပုသိမ်ခရိုင်) ၁၉၉၃ ခုနှစ် တရားမဇာရီမှုအမှတ် ၁ ကို ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။ ယင်းဇာရီမှု ဖွင့်လှစ်ထားစဉ် အတောအတွင်း ကျိုက်စ်ရှားမားက ၈-၁၀-၉၃ ရက်စွဲပါ တိုင်ကြားစာဖြင့် ကာလီဘာလီဘုရားပိုင်မြေဖြစ်သော အချင်းဖြစ်မြေကို ဝရမ်းထုတ် သိမ်းပိုက်ခြင်း မပြုလုပ်ရန် အတွက် တားမြစ်ပေးရန် ဥက္ကဋ္ဌ၊ တိုင်းဒိုမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပုသိမ်မြို့သို့ စာပေးပို့ခဲ့သည်။ စာ၏မိတ္တူကို တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် အာဏာပိုင် အဖွဲ့အစည်း အသီးသီးသို့ ဖြန့်ဝေပေးပို့ခဲ့သည်ဟုလည်း ဆိုသည်။ ယင်းစာကို ရေးသားဖြန့်ဝေရာတွင် ကျိုက်စ်ရှားမားသည် ဦးဂိုလ်ပါလ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း ဖြစ်သောကြောင့် ၎င်းတို့နှစ်ဦးအား တရားရုံးများ မထေမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ ၃ အရ အရေးယူပေးပါရန် ဦးပိစိမာလကာ၏ ရှေ့နေက ဤအထွေထွေလျှောက်လွှာကို လျှောက်ထားခြင်းဖြစ်သည်။

အထွေထွေလျှောက်လွှာ အကြောင်းပြချက်များတွင် အခြားအကြောင်းပြချက်များအပြင် အောက်ပါအကြောင်းပြချက်တို့ကို အဓိကထား၍ အကြောင်းပြသည်-

(၁) အဆိုပါစာသည် တိုင်းတရားရုံးနှင့် တရားရုံးချုပ်တို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို အတိအလင်း ဆန့်ကျင်ဝေဖန်သုံးသပ်ရာ ရောက်ကြောင်း၊

(၂) ဧရာဝတီတိုင်းတရားရုံး (ပုသိမ်ခရိုင်) ၁၉၉၃ ခုနှစ် ဇာရီမှုအမှတ် ၁ တွင် အဆုံးအဖြတ်ပြုရမည့် ပြဿနာကို စွက်ဖက်ရာ ရောက်ကြောင်း။

အချင်းဖြစ်မြေကွက်တွင် ဦးဂိုလ်ပါလ်သည် အခွင့်အမိန့်နှင့် ထားသူဖြစ်၍ ၎င်းအား ဖယ်ရှားပေးရန် မူလတိုင်းတရားရုံးက ဒီကရီ ချမှတ်ခဲ့သည်။ ယင်းဒီကရီကို တရားရုံးချုပ်က အတည်ပြုခဲ့ပြီးလည်းဖြစ်သည်။

တရားရုံးချုပ်၏ စီရင်ချက်တွင် "အချင်းဖြစ်မြေကို အယူခံတရားပြိုင် (ဦးပိစိမာလကာ) ၏ ဖခင်က လွှဒါန်းထားပြီးဖြစ်သည်ဆိုသည့်အချက်လည်း အထောက်အထား သက်သေတင်ပြနိုင်ခြင်း မရှိပေ။ သို့ဖြစ်၍ အယူခံတရားလိုသည် အချင်းဖြစ်မြေကွက်၌ တရားပြိုင်၏ ခွင့်ပြုချက်ဖြင့် နေထိုင်ခြင်းဖြစ်သည်မှာ ပေါ်လွင်သည်" ဟု ဆုံးဖြတ်ပြီးဖြစ်သည်။ တရားရုံးချုပ်၏ ဆုံးဖြတ်ချက်အရ ဧရာဝတီတိုင်းတရားရုံး(ပုသိမ်ခရိုင်)တွင် ဦးပိစိမာလကာက ဒီကရီအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လျှောက်ထားဆဲဖြစ်သည်။

ဤအခြေအနေတွင် ၈-၁၀-၉၃ ရက်စွဲပါ စာကို ဧရာဝတီတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌထံ ပေးပို့ခဲ့ခြင်းဖြစ်သည်။ စာမိတ္တူကို တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် အာဏာပိုင်အဖွဲ့အစည်းများသို့လည်း ပေးပို့ခဲ့သည်။ ယင်းစာတွင် "ကာလီဘာလီ ဘုရားပိုင်မြေဖြစ်သော အချင်းဖြစ်မြေအား ဝရမ်းထုတ်သိမ်းပိုက်ခြင်းမျိုး မပြုလုပ်စေရန်အတွက် သက်ဆိုင်ရာ ပုသိမ်ခရိုင်တရားရုံးသို့ တားမြစ် မေတ္တာရပ်ခံပေးပါရန်" ဟု ဖော်ပြခဲ့သည်။

တရားရုံးအဆင့်ဆင့်က အချင်းဖြစ်မြေမှ ထွက်ခွာပေးရန် စီရင်ချက်နှင့် ဒီကရီ ချမှတ်ခဲ့ကြပြီး ဖြစ်သည်။ ကျိုက်စ်ရှားမားနှင့် ဦးကိုလ်ပါလ်တို့က ကာလီဘာလီ ဘုရားပိုင်မြေဖြစ်သည်ဟု အဆိုပြုပြီး တိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သို့ စာပေးပို့ခဲ့သည်။ တရားရုံးတွင် အမှုဆိုင်စဉ်ကလည်း ၎င်းတို့၏ အဆိုပြုချက်ကို တင်ပြခုခံခဲ့ပြီး ဖြစ်သည်။ တရားရုံးအဆင့်ဆင့်က လက်မခံခဲ့ကြချေ။ သို့ဖြစ်၍ တရားရုံးအဆင့်ဆင့်၏ ဆုံးဖြတ်ချက်အတိုင်း အချင်းဖြစ်မြေမှ ဖယ်ပေးရန်သာ ရှိသည်။ ထိုသို့မဟုတ်ဘဲ ဘုရားပိုင်မြေဟု အဆိုပြုပြီး ဥက္ကဋ္ဌ၊ ဧရာဝတီတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ ပုသိမ်မြို့သို့ အချင်းဖြစ်မြေကို ဝရမ်းထုတ် သိမ်းပိုက်ခြင်း မပြုလုပ်ရန်အတွက် စာရေးသားပေးပို့ခြင်းမှာ တရားရုံးများကို မထေမဲ့မြင် ပြုလုပ်ရာ ရောက်သည်။

သို့သော်လည်း လျှောက်ထားခံရသူတို့၏ ရှေ့နေက လျှောက်ထားခံရသူ အမှတ် ၂ (တရားရှုံး)သည် တရားရုံး၏ အမိန့် ဒီကရီအတိုင်း လိုက်နာလျက် အချင်းဖြစ် ဥပစာမှ ဖယ်ရှားပေးခဲ့ပြီး ဖြစ်ကြောင်း လျှောက်ထားသည်။ ထို့အပြင် လျှောက်ထားခံရသူ အမှတ် ၁ သည် ၎င်း၏ တာဝန်အရ ဟိန္နုဘုရားကျောင်းအတွက် ပူပန်မိ၍ ဟိန္နုဘာသာဝင်

၁၉၉၄
ဦးဝိစိမာလကာ နှင့် ကိုအက်စ်ရှားမား ပါ-၂

အချင်းချင်း မသင့်မတင့် ဆူပူမှု မဖြစ်အောင် ရည်ရွယ်၍ မေတ္တာရပ်ခံစာ ရေးသားမိခဲ့ခြင်း ဖြစ်ကြောင်း၊ တရားရုံးအား မထေမဲ့မြင် ပြုလုပ်ရန် ရည်ရွယ်ချက်မရှိကြောင်း၊ အကယ်၍ စေတနာရှေ့ထားကာ ကာလီမယ် တော်ဘုရားကျောင်း တည်တံ့ရေးအတွက် ရည်ရွယ်ပြီး ရေးမိခဲ့သည့် စာတွင် တရားရုံးအား မထေမဲ့မြင်ပြုရာ ရောက်သည့် စကားအသုံးအနှုန်း တစ်စုံတစ်ရာ ပါရှိသည်ဆိုပါက မတော်တဆ သဘောရိုးဖြင့် ရေးသား ဖော်ပြခဲ့ခြင်း ဖြစ်သည့်အတွက် ခွင့်လွှတ်သင့်ပါကြောင်းနှင့် နောင်တွင် အလားတူ အမှားမျိုး မဖြစ်ပွားရန် သတိကြီးစွာထား ဆောင်ရွက်မည် ဖြစ်ကြောင်း စသည်ဖြင့် ဝန်ချတောင်းပန်သည့် အကြောင်းကိုလည်း လျှောက်ထားသည်။

ဤကဲ့သို့ လျှောက်ထားခံရသူတို့က ခွင့်ချက်မရှိ ဝန်ချတောင်းပန်ခြင်းကို တရားရုံးများ မထေမဲ့မြင် ပြုလုပ်မှု အက်ဥပဒေပုဒ်မ ၃ ခွင့်ချက်အရ လက်ခံခွင့်ပြုပြီး လျှောက်ထားခံရသူတို့အပေါ် ပြစ်ဒဏ်စီရင်ခြင်းမှ လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

တရားမအထွေထွေအယူခံမှု

တရားရုံးချုပ်တရားသူကြီး ဦးသန်းဖေရှေ့တွင်

ဦးသာစိန်ပါ (၁၀)

နှင့်

ဒေါ်ဝိုင်း*

(၎င်း၏ ကိုယ်စားလှယ်ဦးသန်းမြင့်)

+၁၉၉၄
ဖေဖော်ဝါရီလ
၄ ရက်

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း ၁၇ (၄)–တရားရုံးက ပဋိညာဉ်အတိုင်း အရောင်းစာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်လျှင် သို့မဟုတ် ငြင်းဆန်လျှင် ဆောင်ရွက်ရမည့် နည်းလမ်း။

ဆုံးဖြတ်ချက်။ ဒီကရီအတည်ပြုပေးရန် လျှောက်လွှာ တစ်စောင်ကို လက်ခံပြီးဖြစ်လျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊နည်း၂၁နှင့်နည်း၂၂တို့အရ ဆောင်ရွက်ရန်အကြောင်းမရှိလျှင်နည်း၁၇(၄)အရ ဒီကရီ အတည်ပြုကြောင်း အမိန့်ချမှတ်ရမည်၊နည်း၂၁နှင့်နည်း ၂၂တို့အရ ဆောင်ရွက်ရန် လိုအပ်လျှင် ယင်းပြဋ္ဌာန်းချက်အရ လိုအပ်သည်များကို ဆောင်ရွက်ပြီးမှ ဒီကရီ အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ သင့်သည် ထင်မြင်သည့် အမိန့်ကို ချမှတ် ရသည်။ ထို့ကြောင့် အရောင်းပဋိညာဉ်အရ ဆက်လက်ဆောင်ရွက်ပေးရန် ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားမှုတွင် ယင်း ဒီကရီကို အတည်ပြုကြောင်းနှင့် မည်သို့မည်ပုံ အတည်ပြုမည်ဖြစ်ကြောင်း ဦးစွာ အမိန့်ချမှတ်ရန် လိုသည်၊ မည်သို့မည်ပုံ အတည်ပြုမည်ဆိုခြင်းသည် တရားရုံး၏ အနေအထားနှင့် တရားနိုင်၏ သဘောဆန္ဒအပေါ် မူတည်၍ သတ်မှတ်ဆောင်ရွက်ရသည်၊ တရားရုံးက ရောင်းဖိုးကျန်ငွေကို လက်ခံ ရယူရန်နှင့် ပဋိညာဉ်အတိုင်း အရောင်းစာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်လျှင် သို့မဟုတ် ငြင်းဆန်လျှင် တရားနိုင်က တရားရုံးအနေဖြင့် တရားရုံးကိုယ်စား ရောင်းဖိုးကျန်ငွေကို လက်ခံရယူ၍ အရောင်းစာချုပ် ချုပ်ဆိုပေးရေးအတွက် အမိန့် ၂၁၊ နည်း ၃၄ (၁) နှင့်အညီ စာချုပ် မူကြမ်းကို တရားရုံးသို့ တင်ပြနိုင်သည်၊

---

* ၁၉၉၃ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၉၁

\+ ၁၉၉၂ ခုနှစ် တရားမစီရင်မှုအမှတ် ၄၄ တွင် ချမှတ်သော ၁–၉–၉၃ နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏အမိန့်ကို အယူခံမှု

၁၉၉၄
ဦးသာစိန်
ပါ(၁၀)
နှင့်
ဒေါ်ဝိုင်း
(၎င်း၏
ကိုယ်စားလှယ်
ဦးသန်းမြင့်)

ယင်းတင်ပြချက်အပေါ် မူတည်၍ ရောင်းဖိုး ကျန်ငွေကို တရားရုံးသို့ ပေးသွင်းစေလျက် အမိန့် ၂၁၊ နည်း ၃၄ (၂) နှင့်အညီ စာချုပ်မူကြမ်းကို နို့တစ်စာနှင့်အတူ တရားရုံးထံ ပေးပို့၍ ကန့်ကွက်ရန်ရှိက ကန့်ကွက်နိုင်ရန် အကြောင်းကြားရသည်၊ တရားရုံး၏ ကန့်ကွက်ချက်ရှိလျှင် ယင်းကန့်ကွက်ချက်များကို လက်ခံ၍ အမိန့် ၂၁၊ နည်း ၃၄ (၃) အရ တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း စာချုပ်မူကြမ်းကို သဘောတူသော သို့မဟုတ် ပြုပြင်ပြောင်းလဲသော အမိန့်ကို ချမှတ်နိုင်သည်။ ယင်းစာချုပ်ကို အမိန့် ၂၁၊ နည်း ၃၄ (၄) အရ တရားရုံးက ခန့်အပ်သော ဝန်ထမ်းက တရားရုံးကိုယ်စား ချုပ်ဆိုပေးရန် ဖြစ်၍ ယင်းသို့ တရားရုံးကိုယ်စား တရားရုံးက ခန့်အပ်သော ဝန်ထမ်းက ချုပ်ဆိုပေးကြောင်း ပေါ်လွင်စေရန် နည်း ၃၄ (၅) ပါ ပုံစံအတိုင်း ရေးသားရန်လိုသည်။

အယူခံတရားလိုများအတွက်– ဦးသိန်းစိုးအောင်၊ တရားရုံးချုပ်ရှေ့နေ
အယူခံတရားပြိုင်အတွက် – ဦးစန်းထွန်း၊ တရားရုံးချုပ်ရှေ့နေ

ရန်ကုန်တိုင်း တရားရုံး ၁၉၈၅ ခုနှစ် တရားမကြီးမှုအမှတ် ၄၀ တွင် ဒေါ်ဝိုင်းက ဦးသာစိန်ပါ–၁၀ဦးတို့အပေါ် သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၁၂ အရ မြေနှင့်အိမ်ကို အရောင်းပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးရန် ဒီကရီ ရရှိခဲ့သည်၊ ယင်း ဒီကရီကို ဒေါ်ဝိုင်းက အဆိုပါရုံး တရားမဇာရီမှုအမှတ် ၄၄/၉၂ အရ အတည်ပြုဆောင်ရွက်ရာတွင် အရောင်းပဋိညာဉ်အရ တရားနိုင်က ပေးရန်ကျန်ရှိသော ငွေ ၂၀၀၀၀၀/–ကို ဒီကရီကျငွေ ၁၁၈၆၃/–၅၀၊ ခုနှိမ်ပြီး ပေးသွင်းခွင့်ပြုရန်နှင့် တရားရုံးများအား မှတ်ပုံတင်အရောင်းစာချုပ် ချုပ်ဆိုစေပါရန် စာချုပ်မူကြမ်း ရေးသားတင်သွင်း၍ လျှောက်ထားသည်။ ယင်း လျှောက်ထားချက်အပေါ် တရားရုံးများက ကန့်ကွက်ခဲ့သည့်အတွက် တိုင်းတရားရုံးက နှစ်ဖက် ကြားနာပြီးနောက် ရောင်းသူအမည် စာရင်းတွင် မမြင့်မြင့်ကြည် အမည်အား ဖြည့်စွက်ထည့်သွင်းရန် မှတ်ချက်ပြုလျက် တရားနိုင်တင်ပြသော အရောင်းစာချုပ် မူကြမ်းကို အတည်ပြုကြောင်း အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဦးသာစိန်ပါ–၁၀ ဦးတို့က မကျေနပ်၍ အယူခံကို တင်သွင်းခြင်းဖြစ်သည်။

အယူခံအကြောင်းပြချက်အဖြစ် တင်ပြရာတွင် တိုင်းတရားရုံးက

၁၉၉၄
ဦးသာစိန်
ပါ(၁၀)
နှင့်
ဒေါ်ဝိုင်း
(၎င်း၏
ကိုယ်စားလှယ်
ဦးသန်းမြင့်)

အတည်ပြုခဲ့သော စာချုပ်မူကြမ်းမှာ ဒီကရီနှင့် ကိုက်ညီခြင်း မရှိကြောင်း၊ ရောင်းချသည့် ပစ္စည်းစာရင်း ဖော်ပြချက်မှာ မူလပဋိညာဉ်နှင့် မကိုက်ညီကြောင်း အဓိကအကြောင်းပြသည်။ အယူခံတရားလို၏ ရှေ့နေက လျှောက်လဲရာတွင်လည်း ဆိုခဲ့သော အယူခံအကြောင်းပြချက်များကိုပင် အခြေခံ၍ ဒီကရီနှင့် မကိုက်ညီသည့် အချက်များကို တင်ပြသည်။

အယူခံတရားပြိုင်၏ ရှေ့နေက တိုင်းတရားရုံး၏ အမိန့်အရ အတည်ပြုခဲ့သော အရောင်းစာချုပ်မူကြမ်းမှာ မူလပဋိညာဉ်နှင့် ယင်း ပဋိညာဉ်အပေါ် အခြေပြုချမှတ်ခဲ့သည့် ဒီကရီပါအချက်များနှင့် ကိုက်ညီမှု ရှိကြောင်း၊ အယူခံတရားလိုဘက်က ကန့်ကွက်တင်ပြထားချက်များသည် စကားအသုံးအနှုန်းများအပေါ် ကိုးကား၍ ရေးကြီးခွင်ကျယ် ပြုလုပ်ပြီး တမင်နှောင့်နှေး ကြန့်ကြာအောင် ဖန်တီးနေခြင်းသာ ဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။

ဓာရီမှုတွင် တိုင်းတရားရုံးက အတည်ပြုခဲ့သော အရောင်းစာချုပ် မူကြမ်းအပေါ် အယူခံတရားလိုတို့က ကန့်ကွက်တင်ပြခဲ့သည့် အချက်များမှာ အောက်ပါတို့ဖြစ်သည်-

(က) စာချုပ်မူကြမ်းကို မည်သည့်နေ့ရက်က မည်သည့်သဘောတူ စာချုပ်အရ မည်သူများက ချုပ်ဆိုကြောင်း မူလပဋိညာဉ် စာချုပ်အတိုင်း ဖော်ပြရန်လိုအပ်ခြင်း။

(ခ) စာချုပ်မူကြမ်းကို ဒီကရီအပေါ် အခြေခံလျှင် ဒီကရီအတိုင်း ရေးရန်ဖြစ်၍ မူလသဘောတူစာချုပ်ကို အခြေခံလျှင် ယင်းသဘောတူစာချုပ်ပါအတိုင်း ရေးသားရန်လိုအပ်ခြင်း၊

(ဂ) ဒီကရီပါ စကားရပ်အရ မည်သည့်ပစ္စည်းကို မှတ်ပုံတင် အရောင်းစာချုပ် ချုပ်ဆိုပေးရန်၊ မည်သည့် ပစ္စည်းကို လက်ရောက်ပေးအပ်ရန်ဟု မပါရှိသဖြင့် ယင်းမပါရှိသည့် အတိုင်း စာချုပ်မူကြမ်းကို ရေးသားရန် လိုအပ်ခြင်း၊

(ဃ) ပစ္စည်းစာရင်းဖော်ပြရာ၌ မူလသဘောတူ စာချုပ်ပါ အချက်များအပြင် "ပိုင်ဆိုင်အကျိုး ခံစားခွင့်များအားလုံး" ဟု ပိုမို ဖော်ပြထားခြင်း။

မူလဒီကရီနှင့် စာချုပ်မူကြမ်းကို နိုင်းယှဉ်စိစစ်ကြည့်သည့်အခါ ဒီကရီပါ အချက်များကို အခြေခံ၍ အရောင်းစာချုပ်တစ်ခု၏ ရေးရိုးရေးစဉ်အရ ရေးသားထားခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။ တရားနိုင်ရရှိထား

၁၉၉၄
ဦးသာစိန်
ပါ(၁၀)
နှင့်
ဒေါ်ဝိုင်း
(၎င်း၏
ကိုယ်စားလှယ်
ဦးသန်းမြင့်)

သော ဒီကရီမှာ မူလပဋိညာဉ်အပေါ် အကြောင်းပြု၍ ယင်းပဋိညာဉ်စာချုပ်ကို ရည်ညွှန်းပြီး ဒီကရီတွင် ဖော်ပြထားခြင်းကြောင့် ချုပ်ဆိုရမည့် အရောင်းမှတ်ပုံတင်စာချုပ်ကိုလည်း မူလပဋိညာဉ်နှင့် ယင်းပဋိညာဉ်အပေါ် အခြေပြုချမှတ်သည့် ဒီကရီပါ အချက်အလက်များအပေါ် မူတည်၍ ရေးသားရမည် ဖြစ်သည်။ အတည်ပြုထားသော စာချုပ်မူကြမ်းသည် မူလပဋိညာဉ်နှင့် ယင်းပဋိညာဉ်အပေါ် အခြေပြုချမှတ်သည့် ဒီကရီပါ အနှစ်သာရများနှင့် ကွဲလွဲဆန့်ကျင်ခြင်း မရှိသဖြင့် လျှောက်ထားသူတို့ တင်ပြသည့် အထက်အပိုဒ်ခွဲ (က) မှ (ဃ) ပါ အချက်များမှာ မလိုအပ်ဘဲ စကားကပ်၍ တင်ပြနေခြင်းသာ ဖြစ်ကြောင်းပေါ်ပေါက်သည်။ သို့သော် တိုင်းတရားရုံးက တရားနိုင် တင်ပြသော စာချုပ်မူကြမ်းကို အတည်ပြုခြင်းနှင့် စပ်လျဉ်း၍ ချို့ယွင်းချက် တစ်ရပ်ရှိသည်။ ယင်းအချက်မှာ ချုပ်ဆိုရန်ရှိသော အရောင်းမှတ်ပုံတင် စာချုပ်ကို တရားရုံးများက ချုပ်ဆိုပေးရန် ဖြစ်သလား သို့မဟုတ် တရားရုံးများက ချုပ်ဆိုပေးရန် ငြင်းဆန်၍ တရားရုံးများကိုယ်စား တရားရုံးက ချုပ်ဆိုပေးရန် ဖြစ်သလားဆိုသည်ကို မကွဲပြားဘဲ စာချုပ်ကို အတည်ပြုထားသည့် အချက်ဖြစ်သည်။ ဒီကရီကို မည်ကဲ့သို့ အတည်ပြု ဆောင်ရွက်သွားမည်ကိုပင် ဂရီမူဌ အမိန့်ချမှတ်ထားခြင်း မတွေ့ရသဖြင့် မည်သူက အရောင်းစာချုပ်ကို ချုပ်ဆိုပေးရန် မသေချာသေးချေ။ ဤသို့ မရေရာမသေချာသေးဘဲ ရေးဆွဲတင်ပြသော အရောင်းစာချုပ်မူကြမ်းကို အတည်ပြုခဲ့ခြင်းသည် လုပ်ထုံးနည်းလမ်း မမှန်ကန်ပေ။

ဒီကရီ အတည်ပြုပေးရန် လျှောက်လွှာတစ်စောင်ကို လက်ခံပြီးဖြစ်လျှင် တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ နည်း ၂၁ နှင့် နည်း ၂၂တို့အရ ဆောင်ရွက်ရန် အကြောင်းမရှိလျှင် နည်း ၁၇ (၄) အရ ဒီကရီအတည်ပြုကြောင်း အမိန့်ချမှတ်ရသည်။ နည်း ၂၁ နှင့် နည်း ၂၂ တို့အရ ဆောင်ရွက်ရန် လိုအပ်လျှင် ယင်းပြဋ္ဌာန်းချက်အရ လိုအပ်သည်များကို ဆောင်ရွက်ပြီးမှ ဒီကရီအတည်ပြုခြင်းနှင့် စပ်လျဉ်း၍ သင့်သည်ထင်မြင်သည့် အမိန့်ကို ချမှတ်ရသည်။ ထို့ကြောင့် အရောင်းပဋိညာဉ်အရ ဆက်လက်ဆောင်ရွက်ပေးရန် ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားမှုတွင် ယင်းဒီကရီကို အတည်ပြုကြောင်းနှင့် မည်သို့မည်ပုံ အတည်ပြုမည်ဖြစ်ကြောင်း ဦးစွာ အမိန့်ချမှတ်ရန်လိုသည်။ မည်သို့မည်ပုံ အတည်ပြုမည်ဆိုခြင်းသည် တရားရုံး၏ အနေအထားနှင့် တရားနိုင်၏ သဘောဆန္ဒအပေါ် မူတည်၍ သတ်မှတ်ဆောင်ရွက်ရသည်။ တရားရုံးက ရောင်းဖိုးကျန်ငွေကို

လက်ခံရယူရန်နှင့် ပဋိညာဉ်အတိုင်း အရောင်းစာချုပ် ချုပ်ဆိုပေးရန် ပျက်ကွက်လျှင် သို့မဟုတ် ငြင်းဆန်လျှင် တရားနိုင်က တရားရုံးအနေဖြင့် တရားရှုံးကိုယ်စား ရောင်းဖိုးကျန်ငွေကို လက်ခံရယူ၍ အရောင်းစာချုပ် ချုပ်ဆိုပေးရေးအတွက် အမိန့် ၂၁ နည်း ၃၄ (၁) နှင့် အညီ စာချုပ်မူကြမ်းကို တရားရုံးသို့ တင်ပြနိုင်သည်။ ယင်းတင်ပြချက်အပေါ် မူတည်၍ ရောင်းဖိုးကျန်ငွေကို တရားရုံးသို့ ပေးသွင်းစေလျက် အမိန့် ၂၁ နည်း ၃၄ (၂) နှင့်အညီ စာချုပ်မူကြမ်းကို နို့တစ်စာနှင့်အတူ တရားရှုံးထံ ပေးပို့၍ ကန့်ကွက်ရန်ရှိက ကန့်ကွက်နိုင်ရန် အကြောင်းကြားရသည်။ တရားရှုံး၏ ကန့်ကွက်ချက်ရှိလျှင် ယင်းကန့်ကွက်ချက်များကို လက်ခံ၍ အမိန့် ၂၁ နည်း ၃၄ (၃) အရ တရားရုံးက သင့်သည် ထင်မြင်သည့်အတိုင်း စာချုပ်မူကြမ်းကို သဘောတူသော သို့မဟုတ် ပြုပြင်ပြောင်းလဲသော အမိန့်ကို ချမှတ်နိုင်သည်။ ယင်းစာချုပ်ကို အမိန့် ၂၁ နည်း ၃၄ (၄) အရ တရားရုံးက ခန့်အပ်သောဝန်ထမ်းက တရားရှုံးကိုယ်စား ချုပ်ဆိုပေးရန် ဖြစ်၍ ယင်းသို့ တရားရှုံးကိုယ်စား တရားရုံးက ခန့်အပ်သော ဝန်ထမ်းက ချုပ်ဆိုပေးကြောင်း ပေါ်လွင်စေရန် နည်း ၃၄ (၅) ပါ ပုံစံအတိုင်း ရေးသားရန် လိုသည်။ ယခုမူ တိုင်းတရားရုံးက တရားနိုင် တင်ပြသော အရောင်းစာချုပ်မူကြမ်းကို အတည်ပြုခဲ့ရာ၌ ဆိုခဲ့သော လုပ်ထုံးလုပ်နည်းများ နှင့် ညီညွတ်ခြင်း မရှိချေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ ရန်ကုန်တိုင်း တရားရုံး၏ ၁-၉-၉၃ နေ့စွဲပါ အမိန့်အရ အရောင်းစာချုပ် မူကြမ်းအား အတည်ပြုထားခြင်းကို ပယ်ဖျက်လိုက်သည်။ ထို့နောက် ဧာရီမှုကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ရန်ကုန်တိုင်းတရားရုံးအား ညွှန်ကြားလိုက်သည်။

အမှုကို အယူခံတရားလို တင်ပြသော အချက်ဖြင့် အနိုင်ရရှိခြင်း မဟုတ်သဖြင့် စရိတ်ခွင့်မပြု။

တရားမပထမအယူခံမှု

တရားရုံးချုပ် တရားသူကြီး ဦးသန်းဖေနှင့် ဦးအောင်မြင့်တို့ ရှေ့တွင်

+၁၉၉၄
မတ်လ ၅ရက်

ဦးအဘူ
ဒေါ်ကမာလ၏ ပါ ၄
နှင့်
ဒေါ်ကမာလ၏ ပါ ၄
ဦးအဘူ

သီးခြား သက်သာခွင့် အက်ဥပဒေအရ ပဋိညာဉ်အတိုင်း သီးခြား ဆောင်ရွက်ပေးစေလိုမှု၊ ပုဒ်မ ၂၇ (ခ) အရ မည်သည့်အခါ ပဋိညာဉ် အတိုင်း အတည်ပြုဆောင်ရွက်ခွင့်ရှိခြင်း၊ သက်သေပြရန်တာဝန်၊ လျော်ကြေး သတ်မှတ်ရာတွင် စဉ်းစားရမည့်အချက်။

ဆုံးဖြတ်ချက်။ အချင်းဖြစ်အိမ်ကို ဒေါ်ကမာလ၏က ဦးအဘူအား ရောင်းချရန် မူလပဋိညာဉ်ရှိကြောင်း ဦးကျင်တိတ်တို့ကသိလျက်နှင့် (with knowledge of a previous contract to sell) ဝယ်ယူခြင်းဖြစ်ပါမှ ဦးအဘူအနေနှင့် ဦးကျင်တိတ်တို့အပေါ် ဒေါ်ကမာလ၏နှင့် ပြုလုပ်ထားသည့် ပဋိညာဉ်အတိုင်း အတည်ပြုဆောင်ရွက်ခွင့်ရှိမည်။

ထပ်မံဆုံးဖြတ်ချက်(၁)။ ဒေါ်ခင်စွမ်၊ ဦးကျင်တိတ်တို့သည် မူလပဋိညာဉ်ရှိကြောင်း သိလျက်နှင့် အချင်းဖြစ် အိမ်ကို ဝယ်ယူခြင်းဖြစ်ကြောင်း ဦးအဘူ ကိုယ်တိုင်ကထွက်ဆိုထားခြင်း မရှိသည့်အပြင် ဒေါ်ခင်စွမ်၊ ဦးကျင်တိတ်တို့ကလည်း မူလ ပဋိညာဉ်ရှိသည်ကို မသိကြောင်း ငြင်းဆိုထားသဖြင့် ဒေါ်ခင်စွမ်၊ ဦးကျင်တိတ်တို့သည် အချင်းဖြစ်အိမ်နှင့် စပ်လျဉ်း၍ ဦးအဘူနှင့် ဒေါ်ကမာလ၏တို့ မူလက ပဋိညာဉ်ရှိသည်ကို သိလျက်နှင့် ဝယ်ယူခဲ့ခြင်းမဟုတ်ကြောင်း သက်သေပြရန် တာဝန်ကို ကျေပွန်သည်ဟု ကောက်ယူရန်ဖြစ်သည်။ သို့ဖြစ်၍အချင်းဖြစ်အိမ်နှင့် စပ်လျဉ်း၍ ဦးအဘူ

---

* ၁၉၉၂ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၁၀၇ နှင့် ၁၁၄

\+ ၁၉၈၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၄ တွင် ချမှတ်သော (၆-၂-၉၂) ရက်စွဲပါ မွန်ပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

သည် ဒေါ်ခင်စွမ်၊ ဦးကျင်တိတ်တို့အပေါ် ပဋိညာဉ်အတိုင်း အတည်ပြု ဆောင်ရွက်ခွင့် မရှိနိုင်ပေ။

၁၉၉၄ ဦးအဘူ ဒေါ်ကမာလ်ဇံ ပါ-၄ နှင့် ဒေါ်ကမာလ်ဇံ ပါ-၄ ဦးအဘူ

ထပ်မံဆုံးဖြတ်ချက်(၂)။ တရားလိုက လျှော်ကြေးမတောင်းဆိုစေကာမူ တရားရုံးကလျှော်ကြေးပေးစေသည့် အမိန့်ချမှတ်နိုင်သည်။လျှော်ကြေးငွေ မည်မျှသတ်မှတ်သင့်သည်ကို ချိန်ဆရာ၌ လျှော်ကြေးငွေရမည့် ဦးအဘူတွင် မည်မျှတာဝန်ကင်းသည်ကို သုံးသပ်ရပေမည်။ မြေဂရန်အပြိုင် လျှောက်၍ အရှုပ်အရှင်းရှိနေကြောင်း ဦးအဘူအနေဖြင့် ထိုက်သင့်သော သတိဖြင့် စုံစမ်းလျှင် သိရှိနိုင်သည်။ ထိုသို့စုံစမ်းရန် ပျက်ကွက်ပြီး ဝယ်ယူခဲ့သည်။ သို့မဟုတ် သိလျက်နှင့် ဝယ်ယူခြင်းဖြစ်နိုင်သည်။ ဦးအဘူတွင် တာဝန်ကင်းသည်ဟု မဆိုနိုင်ပေ။ စတီသဘော လျှော်ကြေးသာ ပေးသင့်သည်။

အယူခံတရားလိုများအတွက် – ဦးသန်းစိန်၊ တရားရုံးချုပ် ရှေ့နေ / ဦးအုန်းမောင်၊တရားရုံးချုပ်ရှေ့နေ

အယူခံတရားပြိုင်များအတွက် – ဦးအုန်းမောင်၊တရားရုံးချုပ်ရှေ့နေ / ဦးသန်းစိန်၊ တရားရုံးချုပ်ရှေ့နေ

မွန်ပြည်နယ်တရားရုံး၊ ၁၉၈၉ ခုနှစ် တရားမကြီးအမှုအမှတ် ၁၄ တွင် ဦးအဘူက (၁) ဒေါ်ကမာလ်ဇံ၊ (၂) ဦးတင်အောင်လွင် (ခ) ဦးမာမက်ကရင်၊ (၃) ဦးကျင်တိတ်နှင့် (၄) ဒေါ်ခင်စွမ်တို့ (၄) ဦးအပေါ် မော်လမြိုင်မြို့၊ ဈေးကြီးဖက်တန်းရပ်၊ အောက်လမ်းမကြီးရှိ အိမ်အမှတ် ၂၉ နှင့် အဆိုပါ အိမ်တည်ရှိရာမြေတို့ကို ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုပေးရန်နှင့် အိမ်နှင့်မြေကို လက်ရောက် ရလိုကြောင်းစွဲဆိုသည်။ မွန်ပြည်နယ်တရားရုံးက (၁) တရားပြိုင်နှင့်အရောင်းအဝယ်ပြုလုပ်ရန် ကျန်ရှိနေသည့်ကျပ် ၅၀၀၀/–ကို အမိန့်ချမှတ်သည့်နေ့မှရက်ပေါင်း (၆၀)အတွင်း ပေးပါက အချင်းဖြစ်နေအိမ်သက်သက်ကို (၁) တရားပြိုင်မှ တရားလိုအား အရောင်းအဝယ်ပြုလုပ်ပေးရန်နှင့် နေအိမ်ကို လက်ရောက် ပေးအပ်စေရန် စရိတ်နှင့်တကွ အမိန့်ချမှတ်ကြောင်း နှင့် တရားလိုက သတ်မှတ်ရက်အတွင်း ကျပ် ၅၀၀၀/–ကို မပေးသွင်းပါက တရားလို၏ အမှုတစ်ခုလုံးကို စရိတ်နှင့် တကွ ပလပ်ပြီးဖြစ်စေရမည်ဖြစ် ကြောင်း အမိန့်ချမှတ်သည်။

မွန်ပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မူလရုံးတရားလို ဦးအဘူနှင့် တရားပြိုင် ဒေါ်ကမာလ်ဇံပါ–၄ ဦးတို့က မကျေနပ်ကြသဖြင့်

၁၉၉၄
ဦးအဘူ
ဒေါ်ကမာလ၏
ပါ-၄
နှင့်
ဒေါ်ကမာလ၏
ပါ-၄
ဦးအဘူ

ဦးအဘူက တရားရုံးချုပ်၊ တရားမ ပထမအယူခံမှုအမှတ် ၁၀၇/၉၂ တွင် လည်းကောင်း၊ ဒေါ်ကမာလ၏ပါ -၄ ဦးတို့က တရားမ ပထမအယူခံမှုအမှတ် ၁၁၄/၉၂ တွင် လည်းကောင်း အယူခံအသီးသီးတင်သွင်းကြသည်။ မူလမှုတစ်မှုတည်းမှ ပေါ်ပေါက်သည့် အယူခံမှုများဖြစ်ကြပြီး ဆုံးဖြတ်ရန် အကြောင်းခြင်းရာနှင့် ဥပဒေပြဿနာချင်းလည်း တူညီကြသဖြင့် အယူခံ (၂) မှုစလုံးကို ဤစီရင်ချက်ဖြင့် တစ်ပေါင်းတည်း အမိန့်ချမှတ်မည်။

အဆိုလွှာတွင် ဦးအဘူက အချင်းဖြစ်အိမ်နှင့် မြေကို (၁) တရားပြိုင် ဒေါ်ကမာလ၏က ပိုင်ဆိုင်ပြီး ဒေါ်ကမာလ၏က မိမိအား တန်းဖိုးငွေကျပ် ၃၀၀၀၀၀/-ဖြင့် ရောင်းချရန် သဘောတူသဖြင့် ၈-၈-၈၆ ရက်စွဲပါ စရန်ငွေကျပ် ၁၅၀၀၀၀/-ပေးသည့် အရောင်းအဝယ် ကတိစာချုပ်ကို ပြုလုပ်ခဲ့ကြကြောင်း၊ ကျန်ငွေများကို အလီလီပေးချေခဲ့ရာ စုစုပေါင်းကျပ် ၂၉၅၀၀၀/-ကို ပေးချေပြီးဖြစ်၍ ကျပ် ၅၀၀၀/-သာ ပေးချေရန်ကျန်တော့ကြောင်း၊ မိမိနှင့် (၁) တရားပြိုင်တို့၏ အဆိုပါ အရောင်းအဝယ်ကိစ္စကို (၃) တရားပြိုင်သည် ဖက်တန်း ရပ်ကွက်ပြည်သူ့ကောင်စီမှတစ်ဆင့် ကန့်ကွက်ခဲ့ကြောင်း၊ ထို့နောက် (၁) နှင့် (၂) တရားပြိုင်တို့ ပူးပေါင်းပြီး အချင်းဖြစ်အိမ်နှင့် မြေကို (၃) နှင့် (၄) တရားပြိုင်တို့အား စာချုပ်အမှတ် ၄၆/၈၈ ဖြင့် ထပ်မံရောင်းချခဲ့ပါကြောင်း၊ ထို့ကြောင့် တရားပြိုင်များသည် မိမိနှင့် ပြုလုပ်ထားသည့် အရောင်းအဝယ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးရန် ငြင်းဆိုသဖြင့် တရားစွဲဆိုရကြောင်းအဆိုပြုသည်။

ချေလွှာတွင် (၁) တရားပြိုင် ဒေါ်ကမာလ၏ နှင့် (၂) တရားပြိုင် ဦးတင်အောင်လွင် တို့က (၁) တရားပြိုင်သည် အချင်းဖြစ် အိမ်ကိုသာ ပိုင်ပြီး မြေမှာ (၄) တရားပြိုင် ဒေါ်ခင်စွမ် ပိုင်ဖြစ်၍ (၁) တရားပြိုင်က မြေငှားရမ်းခ တစ်လ ၁၅ ကျပ်ဖြင့် အိမ်ဆောက်နေထိုင်ခြင်းဖြစ်ကြောင်းနှင့် တရားလို အဆိုပြုသည့် အိမ်မြေအရောင်းအဝယ် ကတိစာချုပ်နှင့် ငွေအပေးအယူ စာချုပ်များကို ချုပ်ဆိုခြင်း၊ လက်မှတ်ရေးထိုးခဲ့ခြင်း မရှိကြောင်းဖြင့် ခုခံချေပကြသည်။ (၃) (၄) တရားပြိုင် ဦးကျင်တိတ်နှင့် မိခင် ဒေါ်ခင်စွမ်တို့က မြေကို ဒေါ်ခင်စွမ်ပိုင်ပြီး (၁) တရားပြိုင် ဒေါ်ကမာလ၏သည် မြေငှားခ တစ်လ ၁၅ ကျပ်ဖြင့် အငှားနေထိုင်သည့် မြေငှားတစ်ဦးသာဖြစ်၍ ၎င်းမပိုင်သည့် မြေကို တရားလိုအား ရောင်းချခွင့်မရှိကြောင်းနှင့် (၁) (၂) တရားပြိုင်တို့နှင့် (၃) (၄) တရားပြိုင်တို့ ချုပ်ဆိုထားသည့် အချင်းဖြစ် အိမ်အရောင်းအဝယ် မှတ်ပုံတင် စာချုပ်အမှတ် ၄၆/၈၈ မှာ

တရားဝင် စာချုပ်ဖြစ်ကြောင်း တရားလိုနှင့် (၁) တရားပြိုင်တို့က မူလ အရောင်းအဝယ် ပဋိညာဉ်ရှိကြောင်းသိလျက် မိမိတို့က အဆိုပါ စာချုပ်ကို ချုပ်သည်ဆိုခြင်းကိုလည်း ငြင်းဆိုပါကြောင်း ခုခံချေပကြသည်။

တရားရုံးချုပ်က ၂၈-၉-၉၂ ရက်စွဲပါ အမိန့်ဖြင့် ဦးအဘူအဓိကအား ဖြင့် အခြေခံတရားစွဲဆိုသည့် အိမ်မြေအရောင်းအဝယ် ကတိစာချုပ် ချုပ်ဆိုသည့် ၈-၈-၈၆ နေ့၌ အချင်းဖြစ် "မြေ" ကို ဒေါခင်စွမ်ဂရန်ရရှိ ပိုင်ဆိုင်သလား သို့တည်းမဟုတ် ဒေါကမာလ်ဇံ ဂရန်ရရှိပိုင်ဆိုင်သလား၊ ထိုအချိန်တွင် မည်သူက မြေ၏ တရားဝင် ပိုင်ဆိုင်ခွင့်ရသူဖြစ်သည်ဆိုသော အချက်မှာ "မြေ" နှင့် စပ်လျဉ်း၍ အမှုကို အဆုံးအဖြတ်ပေးမည့် ပြဿနာဖြစ်ကြောင်း၊ ယင်းပြဿနာကို ဆုံးဖြတ်ရန် လုံလောက်သော အထောက်အထားမရှိသေးကြောင်း၊ ထို့ကြောင့် အချင်းဖြစ်မြေနှင့် စပ်လျဉ်း ပြီး သက်ဆိုင်ရာ မြေဂရန်ချပေးသည့် ဌာနမှ တာဝန်ရှိ ဝန်ထမ်းတစ်ဦး၏ သက်သေခံချက်ကိုလည်းကောင်း၊ ၁၉၈၆ ခုနှစ်မှစ၍ အချင်းဖြစ် မြေနှင့် စပ်လျဉ်းပြီး တရားဝင် စာရွက်စာတမ်းများကို တင်ပြစေခြင်းဖြင့်လည်း ကောင်း နောက်ထပ်သက်သေခံချက်များ တင်ပြရန် မူလရုံးအား တရားမ ကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်း ၂၇ အရ ညွှန်ကြားခဲ့သည်။

မွန်ပြည်နယ်တရားရုံးက သက်သေ ဦးရင်ထွန်း(လိုပြ-၆)၊ (၃)တရားပြိုင် ဦးကျင်တိတ်၊ ဦးဝင်းသန်း (ပြိုင်ပြ-၃)နှင့် ဦးစောမြင့်သောင်း(ပြိုင်ပြ-၄) တို့အား စစ်ဆေးပြီး အမှုတွဲအား ပြန်လည်တင်ပို့ခဲ့သည်။

မွန်ပြည်နယ် တရားရုံးက ဒေါကမာလ်ဇံသည် အချင်းဖြစ်အိမ်နှင့် မြေကို ဦးအဘူအား ကျပ် ၃၀၀၀၀၀/-ဖြင့် ရောင်းချရန် စရန်ငွေ ကျပ် ၁၅၀၀၀၀/-ကို လက်ခံရယူပြီး ၈-၈-၈၆ ရက်စွဲပါ သက်သေခံ "က" ကတိစာချုပ်ကို ချုပ်ဆိုခဲ့ခြင်းမှာ ထင်ရှားပေါ်ပေါက်ကြောင်း၊ သို့ရာတွင် အချင်းနှစ်အိမ်ကိုသာ ဒေါကမာလ်ဇံ ပိုင်ဆိုင်ပြီး မြေမှာ ဒေါခင်စွမ် ပိုင် ဖြစ်သောကြောင့် မြေနှင့်ပတ်သက်သည့် ပဋိညာဉ်မှာ တရားဝင်အတည် မဖြစ်ကြောင်း၊ အိမ်နှင့် ပတ်သက်သည့် ပဋိညာဉ်မှာမူ တရားဝင်သဖြင့် ဒေါကမာလ်ဇံ အနေဖြင့် ဒေါခင်စွမ်တို့အား ထပ်မံရောင်းချခွင့်မရှိကြောင်း ကောက်ယူဆုံးဖြတ်ခဲ့သည်။

ဦးအဘူ၏ အယူခံမှုတွင် ဦးအဘူက အယူခံအကြောင်းပြချက်အဖြစ် တင်ပြရာတွင် ပြည်နယ်တရားရုံးသည် သက်သေခံတင်ပြထားသော စာချုပ် စာတမ်းများကို ချုပ်ဆိုထားသည့် အရေးကြီးသည့် ရက်စွဲများကို နှိုင်းယှဉ်

၁၉၉၄
ဦးအဘူ
ဒေါ်ကမာလိဇံ
ပါ-၄
နှင့်
ဒေါ်ကမာလိဇံ
ပါ-၄
ဦးအဘူ

ဝေဖန် စဉ်းစားရန် လိုအပ်ခဲ့ကြောင်း၊ ပစ္စည်းလွဲပြောင်းရေး ဥပဒေပါ စဉ်းစားဆုံးဖြတ်ရန် အချက်တို့ကိုလည်း သုံးသပ်ခဲ့ခြင်းမရှိကြောင်း၊ ထို့အပြင် ဥပဒေကို သုံးသပ်ရာတွင် လည်းကောင်း၊ အကြောင်းခြင်းရာကို စဉ်းစားရာတွင်လည်းကောင်း အားနည်းချက်များ ပေါ်လွင်နေပါကြောင်း စသည်ဖြင့် တင်ပြသည်။

ဒေါ်ကမာလိဇံတို့၏ အယူခံမှုတွင် ဒေါ်ကမာလိဇံတို့က အယူခံအကြောင်းပြချက်အဖြစ် အဓိကတင်ပြရာတွင် အချင်းဖြစ်အိမ်နှင့် မြေနှင့် ပတ်သက်၍ ဦးအဘူနှင့် အရောင်းအဝယ် ကတိစာချုပ် ချုပ်ဆိုခြင်း၊ စရန်ငွေများ ရယူခဲ့ခြင်း၊ လက်မှတ်ရေးထိုးခဲ့ခြင်းမရှိကြောင်း (၁) နှင့် (၂) တရားပြိုင်တို့က ငြင်းဆိုခဲ့ပါလျက် နှစ်ဦးနှစ်ဖက်လွတ်လပ်သော အနှုအရ ချုပ်ဆိုခဲ့သည့် တရားဝင် ပဋိညာဉ်ကဲ့သို့ သုံးသပ်ခဲ့ခြင်းမှာ မှားယွင်းပါကြောင်း၊ (၁) (၂) တရားပြိုင်တို့နှင့် (၃) (၄) တရားပြိုင်တို့ ချုပ်ဆိုခဲ့သော အချင်းဖြစ်အိမ်နှင့် မြေအရောင်းအဝယ် စာချုပ်အမှတ် ၄၆/၈၈ (သက်သေခံ-၁၇) သည် ပစ္စည်းလွဲပြောင်းခြင်း ဥပဒေ ပုဒ်မ ၅၄ နှင့် အညီ ချုပ်ဆိုထားသည့် တရားဝင် အတည်ဖြစ်သော မှတ်ပုံတင်စာချုပ်ဖြစ်သည့် အလျောက် အဆိုပါ စာချုပ်ကို ပယ်ဖျက်သည့် ဒီကရီ တစ်စုံတစ်ရာ မရှိသေးသဖြင့် မူလရုံးက ဒီကရီချမှတ်ခြင်းမှာ မှားယွင်းပါကြောင်း၊ တရားလို အဆိုပြုသည့် သက်သေခံ "က" ကတိစာချုပ်အပိုဒ် ၅ အရ မိမိပေးဆောင်ထားသော ငွေကို ပြန်လည်ရယူ၍ နစ်နာကြေးငွေကို ထပ်မံတောင်းဆိုနိုင်သဖြင့် ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် ချုပ်ဆိုဆောင်ရွက်စေသည့် ဒီကရီချမှတ်ခြင်းမှာ မှားယွင်းပါကြောင်း စသည်ဖြင့် တင်ပြထားသည်။

မူလရုံးအမှုတွဲမှတ်တမ်းများအရ အချင်းဖြင့်အိမ်နှင့်မြေကို ဒေါ်ကမာလိဇံက ဦးအဘူအား ကျပ် ၃၀၀၀၀၀/-ဖြင့် ရောင်းချရန် ကတိပြုခဲ့ပြီး ရောင်းကြေး ငွေကျပ် ၂၉၅၀၀၀/-ကို ပေးချေပြီး ဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်သည်။ အချင်းဖြစ်အိမ်မှာ ဒေါ်ကမာလိဇံ ပိုင်ဆိုင်ကြောင်း အငြင်းမပွားပေ။ မြေမှာ မူလက ဒေါ်ခင်စွမ် ဂရန်အမည်ပေါက် ပိုင်ဆိုင်ပြီး ဒေါ်ကမာလိဇံက တစ်လ ၁၅/-ကျပ်ဖြင့် မြေငှားအဖြစ်ဖြင့် နေအိမ်ဆောက်လုပ်နေထိုင်ခြင်းဖြစ်သည်။ ဂရန်သက်တမ်း ကုန်ဆုံးသွားသောအခါ ဒေါ်ခင်စွမ်နှင့် ဒေါ်ကမာလိဇံတို့ ဂရန်အပြိုင်လျှောက်ကြရာ မြို့နယ်ပြည်သူ့ကောင်စီက ဒေါ်ခင်စွမ်အား နှစ် (၃၀) ဂရန်ထုတ်ပေးသည်။ ဒေါ်ကမာလိဇံက

မကျေနပ်၍ ပြည်နယ်ပြည်သူ့ကောင်စီသို့ လျှောက်ထားရာ ပြည်နယ်ပြည်သူ့ကောင်စီမှ ဒေါခင်စွမ်အား ဂရန်ထုတ်ပေးသည့်အမိန့်ကို ပယ်ဖျက်၍ ဒေါကမာလ်ံအား ဂရန်ထုတ်ပေးရန် ဆုံးဖြတ်သည်။ ဒေါခင်စွမ်က ပြည်နယ်ပြည်သူ့ကောင်စီ၏ အမိန့်ကို မကျေနပ်သဖြင့် နိုင်ငံတော်ကောင်စီသို့ ဆက်လက်လျှောက်ထားသည်။ ထို့နောက် ဂရန်အပြိုင်လျှောက်ထားခြင်းကိစ္စနှင့် စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် ကျအေးရပ်သိမ်းကြောင်း ဒေါကမာလ်ံနှင့် ဦးတင်အောင်လွင်တို့က တစ်ဖက်၊ ဒေါခင်စွမ်နှင့် ဦးကျင်တိတ်တို့က တစ်ဖက် ၄-၁၀-၈၈ ရက်နေ့စွပါ သက်သေခံ "၁၆" စာချုပ်ကို ချုပ်ဆိုခဲ့ကြသည်။ ထိုနောက် အချင်းဖြစ်အိမ်ကို ဒေါကမာလ်ံက ဦးကျင်တိတ်နှင့် ဒေါခင်စွမ်တို့အား သက်သေခံ "၁၇" မှတ်ပုံတင်စာချုပ်ဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။ အထက်ပါ အချက်များမှာ အမှုတွဲရှိ သက်သေခံချက်အရ ထင်ရှား ပေါ်ပေါက်သည့် အချက်များဖြစ်သည်။

တရားရုံးချုပ်၏ ညွှန်ကြားချက်အရ မူလပြည်နယ်တရားရုံးက အချင်းဖြစ်မြေပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ နောက်ထပ် သက်သေခံချက်များရယူခဲ့ရာတွင် မြို့နယ်မြေစာရင်းဦးစီးဌာနလက်ထောက်ဦးစီးမှူး ဦးဝင်းသန်း(ပြိုင်ပြ-၃)၏ ထွက်ချက်အရ အချင်းဖြစ် မြေမှာ ၁၉၆၆-၆၇ လောက်မှစ၍ ဒေါယုစွမ်(ခ) ဒေါခင်စွမ် ဂရန်အမည်ပေါက်ခဲ့ပြီး ၁၉၇၆ ခုနှစ်တွင် ဂရန်သက်တမ်း ကုန်ဆုံး၍ ၁၉၇၇-၇၈ တွင် ဂရန်အသစ်ထုတ်ပေးခဲ့ကြောင်း၊ ဂရန်သက်တမ်းမှာ ၂-၅-၂၀၀၆ ခုနှစ်အထိဖြစ်၍ ယနေ့အထိ ဒေါခင်စွမ် ဂရန်အမည်ပေါက် ပိုင်ဆိုင်သည့် မြေဖြစ်ကြောင်း၊ ဒေါကမာလ်ံ ဂရန်အမည်ပေါက် ပိုင်ဆိုင်ဘူးခြင်း မရှိကြောင်း ပေါ်လွင်သည်။

အထက်ပါ ပေါ်ပေါက်ချက်များအရ ဒေါကမာလ်ံက သူပိုင်သည့် အချင်းဖြစ်အိမ်ကို ဦးအဘူ သို့ရောင်းချသည့် ဖဋိညာဉ်မှာ အတည်ဖြစ်ကြောင်းနှင့် သူမပိုင်သည့်အချင်းဖြစ် မြေကို ရောင်းချသည့် ပဋိညာဉ်မှာမူအတည်မဖြစ်၊ တရားမဝင်ကြောင်း မွန်ပြည်နယ် တရားရုံးက ကောက်ယူဆုံးဖြတ်ချက်မှာ မှားသည်ဟု မဆိုနိုင်ကြောင်း စီစစ်တွေ့ရှိရသည်။ သို့ရာတွင် အမှုစွဲဆိုသည့် အချိန်တွင် အချင်းဖြစ်အိမ်ကို ဒေါကမာလ်ံက ဦးကျင်တိတ်နှင့် ဒေါခင်စွမ်တို့အား တရားဝင် မှတ်ပုံတင် စာချုပ်ဖြင့် ရောင်းချပြီးဖြစ်၍ သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၂၇(ခ)အရ ဦးအဘူက သူနှင့် ဒေါကမာလ်ံတို့ ပြုလုပ်ထားသည့် အရောင်းအဝယ်ပဋိညာဉ်ကို ဦးကျင်တိတ်တို့အပေါ် အတည်ပြုခွင့်ရှိမရှိ စီစစ်ရမည်။

၁၉၉၄
ဦးအဘူ
ဒေါကမာလ်ဇံ
ပါ-၄
နှင့်
ဒေါကမာလ်ဇံ
ပါ-၄
ဦးအဘူ

ကိုဖန်ငနှင့် ဒေါမွေး[၁]အမှုတွင် ကိုဖန်ငက အချင်းဖြစ်အိမ်ကို ဒေါမွေးထံမှ ဝယ်ယူထားသူ(၂) (၃) နှင့် (၄) တရားပြိုင်တို့အပေါ် ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှုစွဲဆိုရာ တရားရုံးချုပ်က အောက်ပါအတိုင်း ဆုံးဖြတ်သည်-

" That a person with knowledge of a previous contract to sell, purchases property, the purchase is voidable at the option of the prior promisee and the contract can be enforced specifically against the subsequent purchaser."

အထက်ပါ ဆုံးဖြတ်ချက်အရဆိုလျှင် အချင်းဖြစ်အိမ်ကို ဒေါကမာလ်ဇံက ဦးအဘူအား ရောင်းချရန် မူလပဋိညာဉ်ရှိကြောင်း ဦးကျင်တိတ်တို့က သိလျက်နှင့် (with knowledge of a previous contract to sell) ဝယ်ယူခြင်းဖြစ်ပါမှ ဦးအဘူ အနေနှင့် ဦးကျင်တိတ်တို့အပေါ် ဒေါကမာလ်ဇံနှင့် ပြုလုပ်ထားသည့် ပဋိညာဉ်အတိုင်း အတည်ပြု ဆောင်ရွက်ခွင့်ရှိမည်။ ဦးအဘူက ဦးကျင်တိတ်တို့သည် ယင်းသို့ မူလအရောင်းအဝယ် ပဋိညာဉ်ရှိကြောင်းသိလျက်နှင့် အချင်းဖြစ်အိမ်ကို ဝယ်ယူခြင်းဖြစ်ကြောင်း တစ်စုံတစ်ရာထွက်ဆိုထားခြင်းမရှိပေ။အချင်းဖြစ် မူလပဋိညာဉ်စာချုပ်ကို ရုံးရှေ့ရောက်မှ မြင်ဖူးကြောင်း ဦးကျင်တိတ်က ထွက်ဆိုထားသည်။

ဤအမှုဖြစ်စဉ်ကို ကြည့်လျှင် အောက်ပါအတိုင်းတွေ့မြင်ရသည်-

(၁) မူလက မြေနှင့် ပတ်သက်၍ အငြင်းပွားခဲ့ရာ အငြင်းပွားသူများမှာ ဒေါကမာလ်ဇံနှင့် ဒေါခင်စွမ်တို့ဖြစ်ကြသည်။

(၂) ဒေါခင်စွမ်သည် မြေဂရန်ပိုင်ရှင်ဖြစ်၍ ဒေါကမာလ်ဇံက မြေငှားခပေးပြီး အိမ်ဆောက်နေထိုင်လာခဲ့ရာ ဂရန်သက်တမ်း ကုန်ချိန်၌ ဂရန်အပြိုင်အဆိုင် လျှောက်ရင်း အငြင်းပွားခြင်းဖြစ်သည်။

(၃) ယင်းခြေအနေတွင် ၇-၁၁-၈၃ နေ့က မြို့နယ် ပြည်သူ့ကောင်စီက ဒေါခင်စွမ်အား ဂရန်ပေးသည်။ ဒေါကမာလ်ဇံက ပြည်နယ် ပြည်သူ့ကောင်စီသို့ အယူခံရာ ပြည်နယ်ပြည်သူ့ကောင်စီက ဒေါကမာလ်ဇံအား ဂရန်ပေးရန် ၃-၄-၈၆ နေ့ကဆုံးဖြတ်သည်။

(၄) ထိုသို့ ဒေါကမာလ်ဇံအပိုင်ရရှိသည့် ၃-၄-၈၆ နေ့နောက်ပိုင်း ၅ လခန့်အကြာဖြစ်သော ၈-၈-၈၆ နေ့တွင် အချင်းဖြစ်မြေနှင့်

(၁) ၁၉၅၁ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ ၄၅၇ (တရားလွှတ်တော်)

၁၉၉၄
ဦးအဘူ
ဒေါ်ကမာလ၏
ပါ-၄
နှင့်
ဒေါ်ကမာလ၏
ပါ-၄
ဦးအဘူ

အိမ်ကို ဒေါ်ကမာလ၏က ဦးအဘူသို့ ကျပ် ၃၀၀၀၀၀/-ဖြင့် ရောင်းသည်။ စရန်ငွေ ၁၅၀၀၀၀/-လက်ခံပြီး အိမ်အောက်ထပ်ကို လွှဲအပ်သည်ဆိုသည်။

(၅) ၂၆-၆-၈၈ နေ့တွင် ဦးအဘူထံမှ ဒေါ်ကမာလ၏က ငွေ ၁၀၀၀၀၀/-ထပ်မံယူပြီး အိမ်အပေါ်ထပ်ကိုပါလွှဲအပ်သည် ဆိုသည်။ မှတ်ပုံတင် စာချုပ်ပြုလုပ်သည့်အခါ ကျန်ငွေ ၅၀၀၀၀/-ပေးရန်ဖြစ်သည်။ သို့သော်ငွေကို အလီလီထပ်ယူရာ တရားစွဲသည့်အချိန်၌ ငွေ ၅၀၀၀/-သာရရန်ကျန်တော့သည်။

(၆) ၂၁-၄-၈၈ နေ့တွင် ဒေါ်ကမာလ၏တို့က ဒေါ်ခင်စွမ် ဦးကျင်တိတ်တို့သို့ မြေပြန်အပ်သည့် ကတိစာချုပ်နှင့် အိမ်ရောင်းသည့် ကတိစာချုပ်ချုပ်ဆိုသည်။ အိမ်အတွက် ၅၀၀၀၀/-နှင့် မြေပြန်အပ်၍ သဒ္ဒါကြေး ၅၀၀၀၀/-စုစုပေါင်းကျပ် ၁၀၀၀၀၀/-ဒေါ်ခင်စွမ်က ဒေါ်ကမာလ၏အားပေးရသည်။ ၄-၁၀-၈၈ နေ့တွင် ဒေါ်ကမာလ၏နှင့် ဒေါ်ခင်စွမ်တို့ ဂရမ်အပြိုင်လျှောက်ထားခြင်း၊ ကျေအေးစာချုပ်ချုပ်ဆိုကြပြီး ဒေါ်ခင်စွမ်အား မြို့နယ်ပြည်သူ့ကောင်စီက ဂရန်ပေးခြင်းကို သဘောတူကျေနပ်ကြကြောင်း စာချုပ်ကြသည်။

(၇) အချင်းဖြစ် မြေနှင့်အိမ်ကို ဒေါ်ခင်စွမ်တို့ လက်ရောက်ရရှိပြီးဖြစ်သည်။ ပထမဝယ်သူ ဦးအဘူနှင့်ဒေါ်ခင်စွမ်၊ ဦးကျင်တိတ်တို့ အချင်းများကြ၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၄၅ အရ အမိန့်ထုတ်ပြန်ပြီး ဒေါ်ခင်စွမ်၊ ဦးကျင်တိတ်တို့က လက်ရောက်ရထားခြင်းဖြစ်သည်။

အထက်ဖော်ပြပါဖြစ်စဉ်များကို ခြုံ၍ သုံးသပ်လျှင် အချင်းဖြစ် မြေအတွက် အငှားဂရန်ကို ဒေါ်ခင်စွမ်နှင့် ဒေါ်ကမာလ၏တို့အပြိုင်လျှောက်ကြရာ ပြည်နယ်ပြည်သူ့ကောင်စီက ဒေါ်ကမာလ၏အား ဂရန်ထုတ်ပေးရန် ဆုံးဖြတ်ချက်ရသည့်အချိန်တွင် ဒေါ်ကမာလ၏က ဦးအဘူထံသို့ အချင်းဖြစ် ကတိစာချုပ်ဖြင့် ရောင်းခြင်းဖြစ်သည်။ သို့သော် ဆုံးဖြတ်ရုံသာဆုံးဖြတ်ခြင်းဖြစ်ပြီး ဒေါ်ကမာလ၏အား ဂရန်စာချုပ်ထုတ်မပေးသေးချေ။ ဒေါ်ခင်စွမ်ကသာ ဂရန်စာချုပ်ရပြီးဖြစ်သည်။ ဤအခြေအနေတွင် ဦးအဘူက ဝယ်ခြင်းဖြစ်သည်။ စာချုပ်အရ ဦးအဘူက လက်ရောက်ရယူသည်ဆိုသော်လည်း ကိုယ်တိုင်ကိုယ်ကျ လက်ရောက်ရယူနေထိုင်ဟန်မရှိပါ။ ဦးအဘူသည်

၁၉၉၄
ဦးအဘူ
ဒေါ်ကမာလ်ဇံ
ပါ-၄
နှင့်
ဒေါ်ကမာလ်ဇံ
ပါ-၄
ဦးအဘူ

ကော့ကရိတ်မြို့မှဖြစ်သည်။ ဦးအဘူသာ ကိုယ်တိုင်ကိုယ်ကျ နေထိုင်ခြင်း ဖြစ်ပါမူဒေါ်ခင်စွမ်းသည် ၂၁-၄-၈၈ နေ့က ငွေ ၁၀၀၀၀၀/-ပေးပြီး အချင်းဖြစ် မြေနှင့် အိမ်ကို လွှဲပြောင်းရယူလိမ့်မည်မဟုတ်။ ထိုဖြစ်ရပ်များ ဖြစ်ပွားပြီး မကြာမီ အရေးအခင်းများ ပေါ်ပေါက်ပြီး ဦးအဘူကလည်း စာချုပ်အရ အတင်းတက်နေ၊ ဒေါ်ခင်စွမ်း၏ သား ဦးကျင်တိတ်တို့ကလည်း အတင်းတက်နေခြင်းဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၅ အရ အရေးယူခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် အချင်းဖြစ် အိမ်နှင့်မြေကို ဦးအဘူအား ဒေါ်ကမာလ်ဇံက ရောင်းချသည့် ကတိပဋိညာဉ်ရှိခဲ့ခြင်းကို ဒေါ်ခင်စွမ်း၊ဦးကျင်တိတ်တို့မသိဆိုသည်ကို လက်ခံရပေတော့မည်။

ထို့ပြင် ဒေါ်ခင်စွမ်း၊ ဦးကျင်တိတ်တို့သည် မူလပဋိညာဉ်ရှိကြောင်းသိလျက်နှင့် အချင်းဖြစ် အိမ်ကို ဝယ်ယူခြင်းဖြစ်ကြောင်း ဦးအဘူ ကိုယ်တိုင်က ထွက်ဆိုထားခြင်းမရှိသည့်အပြင် ဒေါ်ခင်စွမ်း၊ ဦးကျင်တိတ်တို့ကလည်း မူလပဋိညာဉ်ရှိသည်ကို မသိကြောင်း ငြင်းဆိုထားသဖြင့် ဒေါ်ခင်စွမ်း၊ ဦးကျင်တိတ်တို့သည် အချင်းဖြစ်အိမ်နှင့် စပ်လျဉ်း၍ ဦးအဘူနှင့် ဒေါ်ကမာလ်ဇံတို့ မူလက ပဋိညာဉ်ရှိသည်ကို သိလျက်နှင့် ဝယ်ယူခဲ့ခြင်း မဟုတ်ကြောင်း သက်သေပြရန် တာဝန်ကို ကျေပွန်သည်ဟု ကောက်ယူရန် ဖြစ်သည်။ သို့ဖြစ်၍ အချင်းဖြစ်အိမ်နှင့် စပ်လျဉ်း၍ ဦးအဘူသည် ဒေါ်ခင်စွမ်း၊ ဦးကျင်တိတ်တို့အပေါ် ပဋိညာဉ်အတိုင်း အတည်ပြုဆောင်ရွက်ခွင့်မရှိနိုင်ပေ။

ဒေါ်ကမာလ်ဇံသည် အချင်းဖြစ်အိမ်ကို ဦးအဘူအားရောင်းချရန် ပဋိညာဉ်ပြုခဲ့ခြင်းမှာ တရားဝင်အတည်ဖြစ်သော်လည်း ဆိုခဲ့ပြီးသော အခြေအနေများအရ ယင်းပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် ချုပ်ဆိုရမည့် အခြေအနေမျိုးမရှိတော့ပေ။ ဒေါ်ကမာလ်ဇံ အနေဖြင့် ပဋိညာဉ်ဖောက်ဖျက်ကြောင်းလည်း ထင်ရှားပေါ်ပေါက်နေသဖြင့် သီးခြား သက်သာခွင့် ဥပဒေ ပုဒ်မ ၂၂ အရ ဒေါ်ကမာလ်ဇံသည် ဦးအဘူထံမှ ယူထားသည့် စရန်ငွေကျပ် ၂၉၅၀၀၀/-အပြင် ပဋိညာဉ် ပျက်ကွက်သည့် အတွက် သင့်လျော်သည့် လျော်ကြေးပေးစေသည့် အမိန့်မျိုးချမှတ်ရန်သာ ရှိတော့သည်။ တရားလိုက လျော်ကြေးမတောင်းဆိုစေကာမူ တရားရုံးက လျော်ကြေးပေးစေသည့် အမိန့်ချမှတ်နိုင်သည်။ လျော်ကြေးငွေမည်မျှ သတ်မှတ်သင့်သည်ကို ချိန်ဆရာ၌ လျော်ကြေးငွေရမည့် ဦးအဘူတွင်

မည်မျှတာဝန်ကင်းသည်ကို သုံးသပ်ရပေမည်။ မြေဂရန်အပြိုင်လျှောက်၍ အရှုပ်အရှင်းရှိနေကြောင်း ဦးအဘူအနေဖြင့် ထိုက်သင့်သော သတိဖြင့် စုံစမ်းလျှင်သိရှိနိုင်သည်။ ထိုသို့ စုံစမ်းရန် ပျက်ကွက်ပြီး ဝယ်ယူခဲ့သည်။ သို့မဟုတ် သိလျက်နှင့် ဝယ်ယူခြင်းဖြစ်နိုင်သည်။ ဦးအဘူတွင် တာဝန်ကင်းသည်ဟု မဆိုနိုင်ပေ။ စတီသဘောလျော်ကြေးသာပေးသင့်သည်။

အချုပ်အားဖြင့်ဆိုရသော် ဒေါ်ကမာလ်ဇံသည် အချင်းဖြစ် မြေနှင့်အိမ်ကို ဦးအဘူအား ရောင်းချရန် ပဋိညာဉ်ပြုခဲ့ကြောင်း ထင်ရှားပေါ်ပေါက်သည်။ မြေသည် ဒေါ်ကမာလ်ဇံပိုင်မဟုတ်ဘဲ ဒေါ်ခင်စွမ်ပိုင်ဖြစ်၍ မြေနှင့် ပက်သက်၍ အဆိုပါ ပဋိညာဉ်မှာ တရားမဝင်သောကြောင့် မြေနှင့် ပတ်သက်၍ ပဋိညာဉ်ကို အတည်ပြုခွင့်မရှိချေ။ အိမ်မှာမူ ဒေါ်ကမာလ်ဇံ ပိုင်ဖြစ်၍ အိမ်နှင့် ပတ်သက်သည့် ပဋိညာဉ်မှာ တရားဝင် အတည်ဖြစ်သည်။ သို့သော် ယင်းအိမ်ကို ဒေါ်ကမာလ်ဇံက ဒေါ်ခင်စွမ်၊ ဦးကျင်တိတ်တို့အား တရားဝင် ရောင်းချထားပြီးဖြစ်သည့်အပြင် အထက်တွင်သုံးသပ်ခဲ့သည့် အခြေအနေများအရ သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၂၇ (ခ) နှင့်အညီ ဒေါ်ခင်စွမ်၊ ဦးကျင်တိတ်တို့အပေါ် ပဋိညာဉ်ကိုအတည်ပြု ဆောင်ရွက်ခွင့်မရှိပေ။ သို့ဖြစ်၍ အိမ်နှင့် ပတ်သက်၍ ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် ချမှတ်ထားသော မွန်ပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ရပေမည်။

ဦးအဘူ တင်သွင်းသော အယူခံကိုပလပ်သည်။ ဒေါ်ကမာလ်ဇံပါ-၄ ဦးတင်သွင်းသော အယူခံကို တစ်စိတ်တစ်ဒေသ ခွင့်ပြု၍ မွန်ပြည်နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်သည်။ မူလရုံးတရားလို ဦးအဘူသည်အချင်းဖြစ် မြေနှင့်အိမ်ကို ရောင်းရန် ဒေါ်ကမာလ်ဇံနှင့် ပြုလုပ်ထားသည့် ကတိ ပဋိညာဉ်အတိုင်း အတည်ပြုဆောင်ရွက်ရန် သက်သာခွင့်ကို မရထိုက်ကြောင်းနှင့် ပဋိညာဉ်အရ ဒေါ်ကမာလ်ဇံအား ပေးထားသော ငွေပေါင်းကျပ် ၂၉၅၀၀၀/-(ကျပ်နှစ်သိန်းကိုးသောင်းငါးထောင် တိတိ) နှင့် ပဋိညာဉ် ပျက်ကွက်သည့်အတွက် လျော်ကြေးငွေကျပ် ၅၀၀၀/- (ကျပ်ငါးထောင်တိတိ) ကို့ကိုသာ ဒေါ်ကမာလ်ဇံထံမှ ရထိုက်ကြောင်း အမိန့်ချမှတ်လိုက်သည်။

အမှုသည်များသည် မိမိတို့စရိတ် မိမိကျခံစေရန်ဖြစ်သည်။

တရားမအထူးအယူခံမှု

တရားရုံးချုပ် တရားသူကြီးချုပ် ဦးအောင်တိုး၊ တရားသူကြီးများ ဖြစ်ကြသော ဦးကျော်ဝင်း၊ ဦးအောင်မြင့်၊ ဦးသန်းဖေ၊ ဦးတင်အုံးနှင့် ဦးတင်ထွတ်နိုင်တို့ ရှေ့တွင်

+၁၉၉၄
ဇူလိုင်လ
၂၁ရက်

ဦးဥမားပသီး
နှင့်
ဦးဘီစနပ်ပါ–၂ *

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃–က။ မှတ်ပုံမတင်ထားသည့် အပေးစာချုပ်အရ လက်ရောက်ရယူနေထိုင်လာသူသည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃–က၏ အကာအကွယ်ကို ရခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃–က အကာအကွယ်ကိုရယူနိုင်ရန်အောက်ပါအချက်အလက်များပြည့်စုံဖို့လိုသည်–

(၁) အချင်းဖြစ် ပစ္စည်းကို ပိုင်ရှင်က တရားပြိုင်အား အဖိုးစားနားဖြင့် လွှဲပြောင်းပေးခြင်းဖြစ်ရမည်။

(၂) စာဖြင့် ရေးသားထားသော တရားဝင် ပဋိညာဉ်ဖြစ်ရမည်။

(၃) ပဋိညာဉ်စာချုပ်ကို ပိုင်ရှင်က လက်မှတ်ရေးထိုးရမည်။ သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရမည်။

(၄) ပဋိညာဉ်ကို တစ်စိတ်တစ်ဒေသဆောင်ရွက်သောအားဖြင့် တရားပြိုင်သည် ပစ္စည်းကို လက်ရှိရယူထားရမည်။

(၅) ကျန်ဆောင်ရွက်ရန်ရှိသမျှကို တရားပြိုင်ဘက်မှ ဆောင်ရွက်ပြီးဖြစ်စေရမည် သို့မဟုတ် ဆောင်ရွက်ရန်အသင့်ရှိစေရမည်။

မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို မေတ္တာဖြင့် ပေးကမ်းခြင်းသည် အဖိုးစားနားမပါရှိဘဲ လွှဲပြောင်းပေးခြင်းသာဖြစ်၍ မှတ်ပုံမတင်သည့် အပေးစာချုပ်အရ လက်ရောက်ရယူ နေထိုင်သောသူသည် ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေပုဒ်မ၅၃–က၏ အကာအကွယ်ကို ရခွင့်မရှိချေ။

---

* ၁၉၉၄ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၄၉

\+ ၁၉၉၂ ခုနှစ်၊တရားမဒုတိယအယူခံမှုအမှတ် ၁၂၀တွင် ချမှတ်သော (၃၁–၃–၉၃) ရက်စွဲပါ တရားရုံးချုပ်၏ စီရင်ချက်နှင့် ဒီကရီကို အထူးအယူခံဝင်မှု

အယူခံတရားလိုအတွက် – ဦးသန်းဌေးလွင်၊ တရားရုံးချုပ် ရှေ့နေ

အယူခံတရားပြိုင်များအတွက် – ဦးရဲနောင်၊ တရားရုံးချုပ်ရှေ့နေ

ကျောက်တံခါးမြို့နယ် တရားရုံး၊ ၁၉၉၀ ပြည့်နှစ် တရားမကြီးမှု အမှတ် ၁၆ တွင် ဘိစနပ်နှင့် ရမ်းလာလ်တို့က ဥမားပသီးအား နေထိုင်ခွင့်ပြုထားသည့် ၎င်းတို့ အမွေရသော ဥပစာကို လက်ရောက်ရလို ကြောင်း တရားစွဲဆိုခဲ့ရာ ပလပ်ခြင်းခံရ၍ မကျေနပ်သဖြင့် ပဲခူးတိုင်း တရားရုံး (ပဲခူးခရိုင်) တွင် ၁၉၉၂ ခုနှစ် တရားမအယူခံမှုအမှတ် ၇ အရ အယူခံဝင်သည့်အခါ အယူခံကိုခွင့်ပြုပြီး စွဲဆိုသည့်အတိုင်း အနိုင်ဒီကရီ ချပေးခဲ့သည်။ ယင်း ဒီကရီကို ဥမားပသီးက မကျေနပ်၍ တရားရုံးချုပ်တွင် ၁၉၉၂ ခုနှစ် တရားမ ဒုတိယအယူခံမှုအမှတ် ၁၂၁ အရ အယူခံဝင်ရောက်ရာ ပလပ်ခံရ၍ တရားစီရင်ရေး ဥပဒေပုဒ်မ ၆ အရ အထူးအယူခံဝင်ခွင့်ပြုရန် ၁၉၉၂ ခုနှစ် တရားမ အထွေထွေလျှောက်ထားမှု အမှတ် ၂၂၅ ကို တင်သွင်းသည့်အခါ အောက်ပါပြဿနာကို စုံညီခုံရုံးဖြင့် ကြားနာဆုံးဖြတ်ရန် အတွက် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်–

"(၁) သက်သေခံ (က) မြွက်ဟကြေညာစာချုပ်ကို အခြေပြု၍ မူလရုံးတရားလိုများက အချင်းဖြစ် ဥပစာကို လက်ရောက်ရလိုမှု စွဲဆိုရာတွင် တိုင်းတရားရုံးက တရားလို ပိုင်ကြောင်းဆုံးဖြတ်ချက်ကို တရားရုံးချုပ်က အတည်ပြုထားခြင်းမှာ ဟိန္ဒူ အမွေဆက်ခံခြင်း တရားဥပဒေအရလည်းကောင်း၊ ဥပဒေအရလည်းကောင်း မှန်ကန်ခြင်း ရှိမရှိ၊

(၂) အပေးစာချုပ်အရ လက်ရောက်ရယူနေထိုင်လာသူသည် အပေးစာချုပ်ကို မှတ်ပုံမတင်လင့်ကစား ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃–က၏ အကာအကွယ်ကို ရခွင့်ရှိကြောင်း ၁၉၉၂ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး၊ စာမျက်နှာ ၁၄၀ ပါ **ကိုဝင်းအေးပါ–၂** နှင့် **ဦးဆယ်ပါ–၂** အမှုစီရင်ထုံးကို တရားရုံးများက လိုက်နာဆုံးဖြတ်ရန် သင့်မသင့်။"

အထက်ပါပြဿနာများနှင့် စပ်လျဉ်း၍ အယူခံတရားလို၏ ရှေ့နေက ဟိန္ဒူတစ်ဦး ကွယ်လွန်လျှင် ၎င်း၏အမွေကို မယားက မဆက်ခံနိုင်ကြောင်း၊ သားများကသာ အမွေဆက်ခံရကြောင်း၊ ဒူဘယ်ရီတွင် ရမ်းနတ်၊ ဘိစနပ်နှင့် ရမ်းလာလ်ဆိုသည့် သား(၃)ဦးရှိကြောင်း၊ အချင်းဖြစ် ဥပစာကို ဒူဘယ်ရီ

၁၉၉၄
ဦးဥမားပသီး နှင့် ဦးဘီစနပ် ပါ–၂

ကပိုင်၍ ၎င်းကွယ်လွန်သည့်အခါ ၎င်း၏သားများက ပူးတွဲအမွေဆက်ခံကြမည်ဖြစ်ကြောင်း၊ အချင်းဖြစ် ပစ္စည်းသည် ညီအစ်ကို (၃) ဦး ပူးတွဲပိုင်ဆိုင်သည့် အမွေမခွဲရသေးသည့် အမွေဆိုင် ပစ္စည်းဖြစ်ရာ ရမ်းနတ်မပါဘဲ ဘီစနပ်နှင့်ရမ်းလာလ်တို့ နှစ်ဦးတည်းကသာ ယင်းပစ္စည်းကို လက်ရောက်ရလိုမှု စွဲဆိုခဲ့ခြင်းသည် အောင်မြင်ရန် အကြောင်းမရှိကြောင်း၊ ထို့ကြောင့် ပြဿနာ (၁) ကို အယူခံ တရားလိုအား အသာပေးဖြေဆိုသင့်ကြောင်း၊ ပေးကမ်းခြင်းသည် အဖိုးစားနားမပါသော လွှဲပြောင်းခြင်းဖြစ်သဖြင့် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃–က၏ အကာအကွယ်ကို ရခွင့်မရှိ၍ ၁၉၉၂ ခုနှစ် မြန်မာနိုင်ငံစီရင်ထုံး စာမျက်နှာ ၁၄၀ပါ **ကိုဝင်းအေးပါ–၂** နှင့် **ဦးဆယ်ပါ–၂** အမှုစီရင်ထုံးကို တရားရုံးများက လိုက်နာရန် မသင့်ကြောင်း လျှောက်လဲသည်။

အယူခံတရားပြိုင်များ၏ ရှေ့နေက ဟိန္နူဓလေ့ထုံးတမ်း ဥပဒေအရ အချင်းဖြစ် ဥပစာ၏ ပိုင်ရှင်ဖြစ်သူ ဒူဘယ်ရီ ကွယ်လွန်သည့်အခါ ၎င်း၏ အမွေသည် ၎င်း၏သား (၃) ဦးထံ သက်ဆင်းမည်ဖြစ်ကြောင်း၊ အချင်းဖြစ် ပစ္စည်းမှာ (၃) ဦး ပိုင်ဆိုင်သည့် အမွေဆိုင်ပစ္စည်းဖြစ်သော်လည်း ဘီစနပ်နှင့် ရမ်းလာလ်တို့ နှစ်ဦးက အချင်းဖြစ် ဥပစာတွင် ဆိုင်ရေးဆိုင်ခွင့် မရှိသူ ဥမားပသီးအပေါ် လက်ရောက်ရလိုမှုတရားစွဲဆိုခြင်းသည် မှားယွင်းမှုမရှိ၍ အယူခံကို ပလပ်သင့်ကြောင်း **ဒေါ်ငွေမဲ** နှင့် **ဦးသန်းမောင်** အမှု[၁] ကို ကိုးကားလျှောက်လဲသည်။

အဆိုလွှာအရ အချင်းဖြစ် ဥပစာမှာ ကျောက်တံခါးမြို့၊ စာတိုက်ရပ်၊ ရပ်ကွက်အမှတ် (၂)၊ မြေကွက်အမှတ် ၃၃၃ (က) ဝိုင်း၊ ဦးပိုင်အမှတ် က/၂၉၊ ဧရိယာ ၀.၁၅၉ ဧကရှိသော မြေနှင့်ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အိမ်ဖြစ်သည်။ ထိုဥပစာကို ဟိန္နူဘာသာကိုးကွယ်သူ ဒူဘယ်ရီက ပိုင်ဆိုင်သည်။ မူလရုံးတရားလို ဘီစနပ်နှင့် ရမ်းလာလ်တို့မှာ ဒူဘယ်ရီ၏ သားများဖြစ်ကြပြီး တရားပြိုင် ဥမားပသီးမှာ ဒူဘယ်ရီ၏ သားအကြီးဆုံး ရမ်းနတ်၏ သားဖြစ်သည်။ တရားလိုများနှင့် တရားပြိုင်တို့မှာ တူအရီးများဖြစ်ကြသည်။ ဒူဘယ်ရီသည် ၁၇–၄–၈၇ နေ့တွင် ကွယ်လွန်ခဲ့၍ အချင်းဖြစ် ဥပစာကို ဘီစနပ်နှင့် ရမ်းလာလ်တို့က အမွေဆက်ခံပိုင်ဆိုင်လာကြသဖြင့် ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေညာသည့် စာချုပ်အမှတ် ၂၁/၉၀ကို မှတ်ပုံတင်ချုပ်ဆိုခဲ့ကြသည်။ ဒူဘယ်ရီ မကွယ်လွန်မီက

(၁) ၁၉၅၄ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ–၂၃၅ (တရားလွှတ်တော်)

အချင်းဖြစ် အိမ်၏ ခေါင်းရင်းခန်းကို ဦးအောင်သန်းအား အငှားချထားခဲ့ပြီး ခြေရင်းခန်းတွင် ဥမ္မာပသီးအားနေထိုင်ခွင့်ပြုခဲ့သည်ဟု ဆိုသည်။ တရားပြိုင် ဥမ္မာပသီးက အိမ်ငှားကို နှင်ထုတ်ပြီးအချင်းဖြစ် ဥပစာတစ်ခုလုံးကို အပိုင်စီးရန် ကြိုးစားနေ၍ အိမ်ငှားအား နှောင့်ယှက်ခြင်း မပြုလုပ်ရန်အတွက် ယာယီတားဝရမ်းထုတ်ပေးရန်နှင့် တရားပြိုင်ဥမ္မာပသီးနှင့်တကွ ၎င်းမှ တစ်ဆင့်နေထိုင်သူများကို နှင်ထုတ်ပြီးအချင်းဖြစ် ဥပစာကို တရားလိုများအား လက်ရောက်ပေးအပ်ရန် တရားစွဲဆိုခဲ့သည်။

ဥမ္မာပသီးက အချင်းဖြစ် မြေကို အမွေမခွဲရသေးသော ဟိန္နူမိသားစု ကိုယ်စား ဒူဘယ်ရီ၏ အမည်ဖြင့် ဝယ်ယူခဲ့ပြီး ဒူဘယ်ရီနှင့် ဟာရီဟား တို့ညီအစ်ကိုနှစ်ဦးက အိမ်တစ်လုံးဆောက်လုပ်ခဲ့ကြကြောင်း၊ အမွေခွဲသည့် အခါ ၎င်းလက်ရှိ နေထိုင်သည့်အခန်းကို ဒူဘယ်ရီ ရရှိပြီး ၎င်းအား အပြီး အပိုင်လွှဲပြောင်းပေးခဲ့သဖြင့် ပြုပြင်မွမ်းမံကာ လက်ရှိနေထိုင်ခဲ့ကြောင်း၊ ခေါင်းရင်းဘက်အခန်းကို ဟာရီဟားကရရှိပြီး သင့်တော်သူအား ငှားရမ်းပေး ရန်ပြောသဖြင့် ဦးအောင်သန်းကိုစာချုပ်ချုပ်၍ငှားရမ်းခဲ့ကြောင်း၊ တရားလို များ ပိုင်ဆိုင်ခွင့်မရှိ၍ တရားစွဲဆိုရန်လုံးဝမပေါ်ပေါက်ခဲ့ကြောင်း၊ ၎င်း၏ဖခင် ဦးရမ်းနတ်သည် ဒူဘယ်ရီ၏ ဘားကြီးဖြစ်၍ ရမ်းနတ်မပါဘဲ တရားလို နှစ်ဦးကသာ အမွေဆက်ခံသည်ဆိုခြင်းမှာ မမှန်ကန်ကြောင်း၊ ပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ကို တရားလိုများက မမှန်မကန်ပြုလုပ်ခဲ့ကြ ခြင်းဖြစ်ကြောင်း၊ တရားလိုများ၏မိခင် ဒါနေစာရီသည် နိုင်ငံခြားသားတစ်ဦးဖြစ်၍ ၎င်းက တရားလိုတို့အား ချုပ်ဆိုပေးသည့် အပေးစာချုပ်သည် တရားမဝင်ကြောင်း၊ တရားလိုများအမှုစွဲဆိုပုံမှားယွင်းကြောင်း စသည်ဖြင့် ချေပခဲ့သည်။

အမှုတွင် နှစ်ဖက်အငြင်းမပွားသောအချက်မှာ အချင်းဖြစ် ဥပစာကို ဒူဘယ်ရီ ပိုင်ဆိုင်ခဲ့သည်ဆိုသော အချက်ဖြစ်သည်။ ဒူဘယ်ရီက ဥမ္မာပသီး အား မှတ်ပုံမတင်သည့်စာချုပ် (သက်သေခံအမှတ်-၆) ဖြင့် မြေပေါ်ရှိ အချင်းဖြစ် အိမ်ခန်းသက်သက်ကို လွှဲပြောင်းပေးခဲ့သည်။ တန်ဖိုးငွေ ကျပ် ၁၀၀/-အထက် ပစ္စည်းဖြစ်၍ ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းကို ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၁၂၃ နှင့်အညီ မှတ်ပုံတင်ရန် မလွှဲမသွေလိုအပ်သည်။ မှတ်ပုံမတင်သည့် စာချုပ်အရ ပစ္စည်းလွှဲပြောင်းပေးမှု မှာ အထမမြောက်ပေ။

ယင်းသက်သေခံ စာချုပ်ကို အကြောင်းပြုပြီး အချင်းဖြစ် ဥပစာကို ဥမ္မာပသီး အနေဖြင့် ပိုင်ဆိုင်ခွင့် တစ်စုံတစ်ရာမရနိုင်ချေ၊ သို့ဖြစ်ရာ

၁၉၉၄
ဦးဥမားပသီး
နှင့်
ဦးဘိစနပ်
ပါ–၂

အချင်းဖြစ်အိမ်မှာ ဒူဘယ်ရီ၏ ပစ္စည်းအဖြစ်သာတည်ရှိနေသည်။ ဒူဘယ်ရီ ကွယ်လွန်သည့်အတွက် ဟိန္နူဓလေ့ထုံးတမ်း ဥပဒေအရ အချင်းဖြစ် ဥပစာကို ၎င်း၏သားများဖြစ်ကြသော ရမ်းနတ်၊ ဘိစနပ်နှင့် ရမ်းလာလ်တို့က အမွေဆက်ခံပိုင်ဆိုင်လာကြသည်။ ဒူဘယ်ရီ၏ ဇနီး ဒါနေစာရီသည် အမွေဆက်ခံခွင့် မရှိပေ။ ၎င်းတွင် သား (၃) ဦးရှိသော်လည်း သားအကြီး ရမ်းနတ်အား အမွေခွဲပေးပြီးဖြစ်၍ တရားလိုနှစ်ဦးအား အချင်းဖြစ် ဥပစာကို လွှဲပြောင်းပေးကြောင်း သက်သေခံအမှတ် (၈) မှတ်ပုံမတင်သည့် စာချုပ်ကို ဒါနေစာရီက တရားလိုများဖြစ်ကြသော သားနှစ်ဦးကို ပြုလုပ်ပေးခဲ့သည်။ ထိုစာချုပ်မှာ တရားမဝင်ပေ။ တစ်ဖန် တရားလိုနှစ်ဦးက အချင်းဖြစ် ဥပစာကို ၎င်းတို့အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာချက် စာချုပ်အမှတ် ၂၁/၉၀ ကို မလိုအပ်ဘဲ ပြုလုပ်ခဲ့ကြသည်။ အဘယ်ကြောင့်ဆိုသော် ထိုစာချုပ်ရှိမှသာ ၎င်းတို့အမွေဆက်ခံရမည် မဟုတ်သောကြောင့်ဖြစ်သည်။ ထိုစာချုပ်ရှိသည် ဖြစ်စေ၊ မရှိသည်ဖြစ်စေ သို့မဟုတ် လုပ်သည်ဖြစ်စေ၊ မလုပ်သည်ဖြစ်စေ ၎င်းတို့ ညီအစ်ကိုနှစ်ဦးသည် အချင်းဖြစ် ဥပစာကို ဟိန္နူဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံကြမည် သာဖြစ်သည်။ သို့ရာတွင် ၎င်းတို့ နှစ်ဦးနှင့်အတူတရားပြိုင် ဥမားပသီး၏ ဖခင် ရမ်းနတ်သည်လည်း ပူးတွဲအမွေဆက်ခံသည်။ မိမိတို့နှင့်အတူ လက်တွဲတရားစွဲဆိုရန် ဆန္ဒမရှိသော ပူးတွဲပိုင်ဆိုင်သူများ မပါဘဲ လက်ရောက်ရလိုမှု စွဲဆိုနိုင်ကြောင်း **ဒေါ်ငွေမဲ** နှင့် **ဦးသန်းမောင်** အမှု[၁] တွင် စီရင်ထုံးရှိခဲ့သည်မှာ မှန်သည်။ ထိုအမှုတွင် ကျူးကျော်သူအား နှင်ထုတ်ခြင်းဖြစ်သည်။ ဤအမှုတွင် တရားပြိုင်မှာ ကျူးကျော်သူမဟုတ်သည့် အတွက် ဒေါ်ငွေမဲ စီရင်ထုံးသည် ဤအမှုအတွက် အဖြေမဟုတ်ပေ။ ပစ္စည်းကို လက်ရောက်ရလိုမှုစွဲဆိုရာ၌ လက်ရောက်ရလိုကြောင်း တောင်းဆိုသော ပစ္စည်းသည် တရားလိုပိုင်ပစ္စည်းဖြစ်ကြောင်း ထင်ရှားရန်လိုသည်။ အချင်းဖြစ် ဥပစာမှာ တရားလို ဘိစနပ်နှင့်ရမ်းလာလ်တို့နှစ်ဦးတည်းပိုင် ပစ္စည်းမဟုတ်ဘဲ တရားပြိုင်၏ ဖခင် ရမ်းနတ်ပါပူးတွဲ ပိုင်ဆိုင်သည့်အမွေဆိုင် ပစ္စည်းသာဖြစ်သည်။ ထိုပစ္စည်းကိုအမွေမခွဲဝေရသေး၍ မည်သူက မည်သည့် ပစ္စည်း အစိတ်အပိုင်းကိုရကြောင်း မပေါ်ပေါက်သေးချေ။ တစ်နည်းဆိုရလျှင် အချင်းဖြစ် ပစ္စည်းသည် တရားလိုနှစ်ဦးတည်းပိုင် ပစ္စည်းမဟုတ်၍ တရားလိုများ တောင်းဆိုသည့်အတိုင်း လက်ရောက်ပေးရန် မဖြစ်နိုင်ပေ။ သို့ဖြစ်ရာ တရားလိုများ စွဲဆိုသည့်အတိုင်း အချင်းဖြစ်ဥပစာကို လက်ရောက်

ပေးအပ်ရန် ပဲခူးတိုင်း တရားရုံးက ဒီကရီချပေးခဲ့ခြင်းအပေါ် တရားရုံးချုပ်က အတည်ပြုခဲ့ခြင်းမှာ ဟိန္နျုအမွေဆက်ခံခြင်း တရားဥပဒေအရ လည်းကောင်း၊ ဥပဒေအရလည်းကောင်း မှန်ကန်ခြင်းမရှိဟု ပြဿနာ (၁) ကို ဖြေဆိုလိုက်သည်။

ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃–က၏ အကာအကွယ်ကို ရယူနိုင်ရန် အောက်ပါအချက်အလက်များ ပြည့်စုံဖို့လိုသည်–

(၁) အချင်းဖြစ် ပစ္စည်းကို ပိုင်ရှင်က တရားပြိုင်အား အဖိုးစားနား ဖြင့် လွှဲပြောင်းပေးခြင်းဖြစ်ရမည်၊

(၂) စာဖြင့်ရေးသားထားသော တရားဝင် ပဋိညာဉ်ဖြစ်ရမည်၊

(၃) ပဋိညာဉ်စာချုပ်ကို ပိုင်ရှင်က လက်မှတ်ရေးထိုးရမည် သို့မဟုတ် ၎င်း၏ ကိုယ်စားလှယ်က လက်မှတ်ရေးထိုးရမည်၊

(၄) ပဋိညာဉ်ကို တစ်စိတ်တစ်ဒေသ ဆောင်ရွက်သော အားဖြင့် တရားပြိုင်သည် ပစ္စည်းကို လက်ရှိရယူထားရမည်၊

(၅) ကျန်ဆောင်ရွက်ရန်ရှိသမျှကို တရားပြိုင်ဘက်မှ ဆောင်ရွက်ပြီးဖြစ် စေရမည် သို့မဟုတ် ဆောင်ရွက်ရန် အသင့်ရှိစေရမည်။

မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို မေတ္တာဖြင့် ပေးကမ်းခြင်းသည် အဖိုးစားနားမပါရှိဘဲ လွှဲပြောင်းပေးခြင်းသာဖြစ်၍ မှတ်ပုံတင်သည့် အပေးစာချုပ်အရ လက်ရောက်ရယူနေထိုင်သောသူသည် ပစ္စည်းလွှဲပြောင်းရေးအက်ဥပဒေပုဒ်မ ၅၃–က၏ အကာအကွယ်ကို ရခွင့်မရှိချေ။ ၁၉၉၂ ခုနှစ် မြန်မာနိုင်ငံ စီရင်ထုံး၊ စာမျက်နှာ ၁၄၀ ပါ **ကိုဝင်းအေးပါ–၂ နှင့် ဦးဆယ်ပါ–၂** စီရင်ထုံးသည် မှားယွင်းနေ၍ ထိုစီရင်ထုံးကို တရားရုံးများက လိုက်နာဆုံးဖြတ်ရန် မသင့်ဟု ပြဿနာ (၂) ကို ဖြေဆိုလိုက်သည်။

ထို့ကြောင့် ဤအထူးအယူခံမှုကို ခွင့်ပြုပြီး ပဲခူးတိုင်း တရားရုံး (ပဲခူးခရိုင်) နှင့် တရားရုံးချုပ် ၁၉၉၂ ခုနှစ် တရားမ ဒုတိယအယူခံမှု အမှတ် ၁၂၁ တွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်ပြီးနောက် ဘီစနပ်နှင့် ရမ်းလာလ်တို့စွဲဆိုသည့်အမှုကို တရားရုံး အဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

စာမျက်နှာ	စာကြောင်းရေ	အမှား	အမှန်
စီရင်ထုံးပြုသော ပြစ်မှုများ ဒုတိယစာမျက်နှာ	၂	ကိုမှေး	ဦးမှေး
က	၅	သက်သေခံဥပဒေ	သက်သေခံအက်ဥပဒေ
က	၆	ပြည်သူ့ဝိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေ	ပြည်သူ့ဝိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ
ခ	၃	အရိုးမကျိုးလျှင်	အရိုးကျိုးလျှင်
ခ	၁၀	(၁၀)နှစ်	(၁၈)နှစ်
ဆ	၁၃	မပြုလုပ်မိဖြစ်စေ	မပြုလုပ်မိဖြစ်စေ
	၁၉	မရှိချေ	မရှိချေ။
ဇ	၂၄	အိကာအကွယ်ကို မပေးသင့်	အကာအကွယ်ကို ပေးသင့် မပေးသင့်
ဏ	၂၇	မောင်မြဟန် ပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်	မောင်မြဟန် ပါ-၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အမှု(၂)
ဒ	၁	မောင်စိန်ထွန်း ပါ-၁ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု	မောင်စိန်ထွန်း ပါ-၁ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမှု (၃)
ဒ	၁၄	မောင်တင်အောင် ပါ-၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံအမှု	မောင်တင်အောင် ပါ-၃နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမှု(၄)
ဒ	၂၂	ပြည်သူ့ဝိုင်ပစ္စည်း ကာကွယ်ရေးဥပဒေ	ပြည်သူ့ဝိုင်ပစ္စည်း ကာကွယ်ရေးအက်ဥပဒေ
ဓ	၆	စစ်ဆေးဆုံးဖြတ်ကိစ္စ	စစ်ဆေးဆုံးဖြတ်သည့် ကိစ္စ
ဓ	၇	ပြည်သူ့ဝိုင်ပစ္စည်း ကာကွယ် စောင့်ရှောက်ရေးဥပဒေ	ပြည်သူ့ဝိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ
ဓ	၃၁	ပြည်သူ့ဝိုင်ပစ္စည်း ကာကွယ် စောင့်ရှောက်ရေးဥပဒေ	ပြည် သူ့ဝိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ

စာမျက်နှာ	စာကြောင်း	အမှား	အမှန်
၁	၃	အရိုးမကျိုးလျှင်	အရိုးကျိုးစေ့လျှင်
၂၄၅	–	မောင်စိုး	ကိုစိုး
၃	၁၁	ကိုမောင်စိုး	ကိုစိုး
၄	၄	ကိုမောင်စိုး	ကိုစိုး
၇	၁၄	လအဲရွာ	အောက်လအဲရွာ
၉	၆	လအဲရွာ	အောက်လအဲရွာ
၁၂	၁၇	ဤပြဌာန်းဆင်မှုကို	ဤအယူခံမှုကို
၃၀	၁၆	တို့ကြောင့်	ထို့ကြောင့်
၅၅	၁၉	ကျွင်/ထုံး	ကျင့်ထုံး
၆၆	၇	အောင်လင်း	အောင်သန်းလင်း
၇၃	၅	၂၀ ခန့်	အဓိက ၂၀ ခန့်
၉၀	၆	ဆေးဝါးများနည်းဥပဒေ	ဆေးဝါးများဆိုင်ရာ နည်းဥပဒေ
၉၉	၃	ဆေးဝါးများနည်းဥပဒေ ပုဒ်မ ၄၃(က)	ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၄၃(က)
၁၀၁	၃၁	ဆေးဝါးများနည်းဥမဒေ ပုဒ်မ ၄၃(က)	ဆေးဝါးများဆိုင်ရာ နည်းဥပဒေ ၄၃(က)
၁၀၅	၂၆	တရားသူကြီးနှစ်ဦး ထိုင်ခုံအဖွဲ့	တရားသူကြီးနှစ်ဦးထိုင် ခုံအဖွဲ့
။	၂၇	ဒေါ်နီလာဘာရာဒွါဂျာ၏	ဒေါ်နီလာဘာရာဒွါဂျာက
၁၀၇	၂၈	ဓလေ့ထုံးတမ်းစံ	ဓလေ့ထုံးတမ်း
၁၀၀	၂၀	SONI'S	SOHONI'S
၁၀၉	၁	ih herent	inherent
၁၃၃	၃၁	ကာမဘ	ကာမ
၁၆၉	၃	ကိုမွေး	ဦးမွေး
။	၀	ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေ	ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ

စာမျက်နှာ	စာကြောင်းအရေ	အမှား	အမှန်
၁၅၀	၆၊ ၁၃၊ ၂၄	ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေးအက်ဥပဒေ	ပြည်သူပိုင်ဖစ္စည်း ကာကွယ်ခရေး အက်ဥဖဒေ
၁၅၀ မှ ၁၅၄	နှံဘေးအမှု ခေါင်းစဉ်	ကိုမြေး	ဦးမြေး
၁၅၄	၁၊ ၁၂၊ ၁၉	ပြည်သူပိုင်ပစ္စည်း ကာကွယ်စောင့်ရှောက်ရေး	ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေး အက်ဥပဒေ
၁၅၉	၁၀	အနှောင်းဖြစ်၍	ခြင်းဖြစ်၍
၁၅၉	၁၄	ရယူသည်	ရယူသူသည်
၁၆၃	၉	ဘောက်(၄)ပုံစံ	ထောက်(၄)ပုံစံ
၁၇၉	၁၆	မတရားညှင်းဆဲ	မတရားညှဉ်းဆဲ
၁၈၁	၃၁	၄၁၉	၄၈၉
၁၈၇	၁	ခိုင်နွားး	ခိုင်းနွားး
။	၇	တရားခံချုပ်	တရားရုံးချုပ်
၁၉၈	၁၅	ဘခင်	ဖခင်
။	၁၆	တနှည်းနှံည်း	တစ်နည်းနှည်း
။	၂၀	ဘခင်	ဖခင်
၂၀၂	၂၂	ဘခင်	ဖခင်

တရားမအမှားပြင်ဆင်ချက်

စာမျက်နှာ	စာကြောင်းရေ	အမှား	အမှန်
၂	၀	ဦးကိုဝိဝမ်း	ဦးတိုဝိဝမ်း
၃	၂၄	(၆)လအတွင်း	(၉)လအတွင်း
၅	၁၅	re-erection of	re-erection or
၇	၂	တရုပ်တန်းစေးတွင်ရှိ၍	တရုတ်တန်းစေးရှိ၍
၇	၂၉	ဟေမာမလ	ဟေမာစလ
၉	၁၇	ကျင့်သုံရန်ဖြစ်သည်	ကျင့်သုံးရန်ဖြစ်သည်။
၉	၂၃	ဒေါ်အမိဇံဘိဘိ	ဒေါ်အမိဇံဘီဘီ
၁၀	၁၂	တရားရုံး	တရားရုံး
၁၁	၂၄	ဒေါ်အမိဇံဘိဘိ	ဒေါ်အမီဇံဘီဘီ
၁၂	၅	ဇာရီမှုကို ဆိုင်းငှဲ့ခြင်း	ဇာရီမှုဆိုင်းငံ့ခြင်း
၁၃	၃	ဒါ၀တ်(ခေါ်) ဦးတင်မောင် ပါ-၂ နှင့် ဦးမြင့်(ခေါ်) အဘုခို ပါ-၂ အမှု(*)	ဒါ၀တ်(ခေါ်) ဦးတင်မောင် ပါ-၂ နှင့် ဦးမြင့်(ခေါ်) အဘူခိုင် ပါ-၂ အမှု(*)
၁၀	၁၇	ညီညွတ်မှုနှကန်မှုရှိခြင်း	ညီညွတ်မှုနှကန်မှုမရှိခြင်း
၁၇	၉	သွာနုတ္တာန္	သွာနုတ္တာ
၁၇	၁၆	သွာနုတ္တာန္	သွာနုတ္တာ
၁၅	၂၀	မည်သည်ဟုနည်းဖြင့်အဆို	မည်သည်ဟုနည်းဖြင့်မဆို
၁၆	၂	စာချုပ်လုပ်ရန်	စာချုပ်လုပ်၍
၁၆	၁၄	တရားရုံးချုပ်ရှေ့နေ	တရားရုံးချုပ်ရှေ့နေ၊
၁၆	၂၄	ခန့်ထားခဲ့သည်	ခန့်ထားခဲ့သည့်
၁၇	၁၁	နှစ်မှုစလုံးခွင့်ပြု၍	နှစ်မှုစလုံးကို ခွင့်ပြု၍
၁၀	၃	၀ါကပ်စာချုပ်	၀ါကပ်ဖိစာချုပ်
၁၀	၇	ခိုင်မာသည်မဟုတ်ကြောင်း	ခိုင်မာဆည်မဟုတ်ကြောင်းကို
၁၀	၉	၀ါကပ်ဖိမြောက်ကြောင်း	၀ါကပ်ဖိမြောက်ကြောင်းကို
၁၀	၁၁	ပြုနိုင်ကြောင်း	ပြုလုပ်နိုင်ကြောင်း
၁၉	၈၅/၁၆	လက်မှတ်ရေးထိုးထားခြင်း	လက်မှတ်ရေးထိုးထားပြီး

စာမျက်နှာ	စာကြောင်း ရေ	အမှား	အမှန်
၄၉	၂၅	ဝါကစ်ပြုလုပ်	ဝါကပ်ဖြစ်ပြုလုပ်
၅၀	၁၈	အထူးအယူခံကို	ဤအထူးအယူခံမှုကို
၅၁	၁	ပြုပြင်သည့်အလှူငွေ ထည့်ဝင်ရန်	ပြုပြင်သည့်အခါ အလှူငွေ ထည့်ဝင်ရန်
၅၁	၃၀	ရေးပေးသည်	ရေးပေးခဲ့သည်
၅၂	၁	ဦးသန်းတင်ထွက်ချက်	ဦးသန်းဘင်၏ထွက်ချက်
၅၂	၃	ဦးဆယ်မောင်ထွက်ချက်	ဦးဆယ်မောင်၏ထွက်ချက်
၅၂	၅	တရားရုံးစာကြည့်အခန်း	တရားရုံးစာကြည့်တိုက် အခန်း
၅၂	၉	၄-၂-၀၂ နေ့	၄-၂-၀၂ နေ့၌
၅၂	၁၁	သက်သေခံနှင့် စပ်လျဉ်း၍	သက်သေခံ(၄)နှင့် စပ်လျဉ်း၍
၅၂	၁၉	သားသမီးများရှိသည်။	သားသမီးများရှိပါသည်။
၅၂	၂၃	ရာထားထားကြောင်း	လျာထားထားကြောင်း
၅၃	၁၇	ပြုလုပ်ထားသည်ကို ရှိပါသည်။	ပြုလုပ်ထားသည်ကို သိရှိပါသည်။
၅၃	၂၂/၂၃	× × × × ဝန်ခံသည်။ ထို့ကြောင့် တရားလိုဆရာချယ် × ×	ဝန်ခံသည်။ ထို့ကြောင့် တရားလိုဆရာချယ်
၅၄	၃	ပြုလုပ်ရမယ်	ပြုလုပ်ရမည်။
၅၄	၁၁	ဖြင့် အဆိုပြုလုပ်	ဖြင့်မဆိုပြုလုပ်
၅၄	၁၈	အများသိစေမည့်	အများသိရှိစေမည့်
၅၄	၂၄	ဧမောင်စိန်နှင့် အခြား သူများတွင်	ဧမောင်စိန်နှင့် အခြား သူများအမှု(၇)တွင်
၅၄	၂၆	inter to	intention to
၅၄	၂၇	wacf	wakf
၅၄	၂၇	present of	presence of
၅၄	၂၀	deposed-the owner	deposed that the owner

စာမျက်နှာ	စာကြောင်း	အမှား	အမှန်
၅၆	၁၇	ဖျော်ဘက်ဖျက်	ဖောက်ဖျက်
〃	၂၃	〃	〃
၆၀	၄	မူလမှ	မူလမှမှာ
၇၂	၃	စီစစ်	စိစစ်
၉၂	၁၀	အဘိုးစားနား	အဖိုးစားနား
၉၄	၂၅	အဘိုးစားနား	အဖိုးစားနား
၁၀၅	၁၇	တွဲဖက်တရားသူကြီး	တွဲဖက်တိုင်းတရားသူကြီး
၁၀၅	၁၇	လက်ထောက်တရားသူကြီး	လက်ထောက်တိုင်းတရားသူကြီး
၁၀၈	၈	တွဲဖက်တရားသူကြီး	တွဲဖက်တိုင်းတရားသူကြီး
၁၀၈	၈	လက်ထောက်ဘရားသူကြီး	လက်ထောက်တိုင်းတရားသူကြီး
၁၂၁	၂၄	အချင်းနှစ်အိမ်	အချင်းဖြစ်အိမ်
၁၂၂	၁၀	အန္ဒအရ	ဆန္ဒအရ
၁၂၂	၂၅	ရောင်းကြွေးငွေ	ရောင်းကြွေးငွေ
၁၃၀	၂၁	၃၃၃(က)ဝိုင်း	၃၃၃(က)ဝိုင်
၁၃၂	၂၇	အမွေမခွဲဝေရသေးချိ	အမွေမခွဲရသေးချိ